
www.burmeseclassic.com



# မောင်ပြည့်ကြွယ်

COLIN FORBES

The Palermo Ambush

# ခြေရာပျောက်စစ်ဆင်ရေး

www.burmeseclassic.com

www.burmeseclassic.com

## ဒို့အာဇာနည်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်


- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com



- တစ် -

၁၉၄၃ ခုနှစ်၊ ဇူလိုင်လ၊ ၅ ရက်၊ တနင်္လာနေ့

"သည်စစ်ဆင်ရေး အစီအစဉ်ကြီးတစ်ခုလုံး တစ်စက်မှ သောက်သုံးမကျဘူး။ ခင်ဗျားအသက်ရှင်လျက်သား ပြန်ရောက်လာရင် သိပ်ကံကောင်းလို့ပဲ ဖြစ်ရမယ်"

ညအမှောင်ထဲထုတွင် မိုးတိုးဝါးတားသာ မြင်နိုင်သော ရန်သူ့ကမ်းခြေကို ရေယာဉ်ပျံပေါ်မှ စမြင်လိုက်ရသည့် အချိန်တွင် ဗိုလ်မှူးလောဆန်သည် မေဂျာဂျိမ်းပီထရီ၏ သတိပေးသံကို နားထဲတွင် ပြန်ကြားယောင်လာမိသည်။ ရေယာဉ်ပျံ အောက်ဘက်ရှိ ရေပေါ်ဘော နှစ်ခုသည် မြေထဲပင်လယ်ရေပြင်နှင့် ရှပ်တိုက် ထိတွေ့မိကြသဖြင့် ရေမှုန်ရေမွှားများသည် ဘေးတစ်ဖက်တစ်ချက်ဆီသို့ လွင့်စဉ်ပျံတက်လာကြသည်။

ရေယာဉ်ပျံသည် ပင်လယ်ကမ်းခြေနှင့် အပြိုင် ရှပ်တိုက် ပြေးသွားရင်း တဖြည်းဖြည်း အရှိန်လျော့လာသည်။ ရေယာဉ်ပျံ ရပ်တန့်သွားသည်နှင့် တစ်ပြိုင်နက် ဗိုလ်မှူးလောဆန်က လှေငယ်သုံးစင်းကို ရေထဲသို့ ချလိုက်သည်။ လှေကလေးများသည် ဖွမ်းခနဲ မြည်သံများနှင့်အတူ လှိုင်းလုံးကြီးများပေါ်တွင်

www.burmeseclassic.com



နှိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။ သို့သော် ချည်ထားသည့် ကြိုးကို မဖြုတ်သေးသဖြင့် ရေယာဉ်ပျံဘေးနားမှာပင် ရှိနေကြသည်။

ရေယာဉ်ပျံ စက်မသတ်မီပင် ဗိုလ်မှူးလောဆန်နှင့် ပါလာသူ ရှစ်ယောက်သည် ဗိုလ်မှူးလောဆန်ဘေးမှ ရှေ့နောက်တန်းစီရင်း လှိုင်းစီးနေသော လှေကလေးများပေါ်သို့ ဆင်းနေကြသည်။ ထိုအချိန်တွင် တိမ်ဖုံးနေခဲ့သော လမင်းကြီးသည် တိမ်တိုက်များနောက်ကွယ်မှ ထွက်ပေါ်လာသည်။ လရောင်သည် လှေပေါ်သို့ ဆင်းနေသူများကို ထင်းထင်းကြီး မြင်နေစေရသည်။ မေဂျာလောဆန်က လကို တိမ်ဖုံးနေပါစေဟု ကျိတ်ဆုတောင်းလိုက်မိရှာ၏။

သူက ရန်သူ့ကမ်းခြေကို လှမ်းမျှော်ကြည့်ရင်း စတင်းဂန်းကို ပခုံး၌ လွယ်လိုက်သည်။ ထို့နောက် သူ့လူများကို နောက်တစ်ကြိမ်ထပ်၍ ရေကြည့်မိပြန်သည်။ ဤတွင် မေဂျာပီထရီ ပြောလိုက်သော စကားတစ်ခွန်းကို ပြန်ကြားယောင်လာပြန်၏။

"သည်လောက်တောင် ညံ့ဖျင်းတဲ့ စစ်ဆင်ရေး အစီအစဉ်ကို 'ဒေါ်နေး' က သဘောမတူသင့်ဘူး၊ ဒီလို လုပ်ငန်းမျိုးအတွက် မင်း အပါအဝင် လူကိုးယောက်ဆိုတာ သိပ်ကို များလွန်းတယ်၊ ကိုယ့်အချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ခလုတ်တိုက် လဲကုန်ကြလိမ့်မယ်"

တစ်ယောက်သော ပုဂ္ဂိုလ်သည် ရှေ့သို့ ကမန်းကတန်း ထိုးထွက်လာရာ ရှေ့လူနှင့် ခလုတ်တိုက်မိပြီး ပင်လယ်ထဲသို့ ယိုင်လဲ လိမ့်ကျသွားသဖြင့် မေဂျာလောဆန်က ကမန်းကတန်း ဆွဲပြီး ကယ်လိုက်ရသည်။ ယခုအချိန်တွင် မေဂျာပီထရီတစ်ယောက် တူးနစ်မြို့မှနေ၍ သူတို့သတင်းကို စိုးရိမ်တကြီး နားထောင်နေလိမ့်မည်ဟု မေဂျာလောဆန်က တွေးလိုက်မိသည်။

ဝင်ရိုးတန်းနိုင်ငံများက သိမ်းပိုက်ထားသော စစ်စလီကျွန်းကမ်းခြေဆီသို့ ညဆယ်နာရီတွင် တောင်သူလယ်သမားများသဏ္ဌာန် ရုပ်ဖျက်ထားသော စစ်သားကိုးယောက်သည် ရေယာဉ်ပျံဆီမှ လှေငယ်သုံးစင်းဖြင့် စတင်ကူးခတ်လာကြသည်။ လေငယ်သုံးစင်းသည် ကမ်းခြေဆီသို့ ထိန်ထိန်သာနေသော လရောင်အောက်တွင် လှော်ခတ်နေကြရသည်။ ဗိုလ်ဒေးဗစ်ဂီလ်ဘီ မောင်းနှင်သော စက်သတ်ထားသည့် ရေယာဉ်ပျံသည် ရေပြင်ပေါ်တွင် တလူးလူးတလွန့်လွန့်နှင့် ကျန်ရစ်ခဲ့သည်။ သူ့ခမျာ မူလအစီအစဉ်အရ ဗိုလ်မှူးလောဆန်တို့လူစု ကမ်းခြေသို့ မရောက်မီ (ရေယာဉ်ပျံကို စက်မနှိုးဘဲ) ငြိမ်ငြိမ်သက်သက် နေရပေဦးမည်။



ရှေ့ဆုံး လှေပေါ်တွင် ပါလာသော မေဂျာလောဆန်သည် လူသူကင်းမဲ့နေသော ကမ်းခြေနှင့် နောက်ဘက် ခပ်လှမ်းလှမ်းရှိ မီးရထားလမ်း တာရိုးတို့ကို လှမ်းကြည့်ပြီး သူ့နောက်ဘက်တွင် ကျန်ရစ်ခဲ့သော ရေယာဉ်ပျံကို ပြန်ကြည့်မိသည်။ မေဂျာပီထရီက-

"သည်လို ကိစ္စမျိုးအတွက်ဆိုရင် ရေယာဉ်ပျံဟာ သိပ်အသံမြည်လွန်းတယ်"

ဟု ဝေဖန်ကန့်ကွက်ခဲ့သည်။ သို့သော် ဗိုလ်မှူးချုပ်ဒေါ်နေးနှင့် ကမ်းခြေတက် အစီအစဉ်ကို ရေးဆွဲသူများက သူ့ကန့်ကွက်ချက်ကို ပယ်ချခဲ့သည်။

သည်တစ်ချက်တော့ မေဂျာပီထရီ မှားသွားပုံရသည်။ ပီထရီက-

"ရေယာဉ်ပျံပေါ်က လှေတွေကို ရေထဲချပေးဖို့ ရေယာဉ်ပျံဟာ ကမ်းခြေနဲ့ နီးနီးနားနားအထိ ပျံသွားရလိမ့်မယ်။ စစ်စလီကျွန်းပေါ်မှာရှိတဲ့ မက်ဆီနာမြို့ ကမ်းခြေတစ်ဝိုက်မှာ စစ်သားတွေ တင်းကျမ်းပြည့်နေတာ၊ ဒီတော့ ရေယာဉ်ပျံ လာတာနဲ့ ကြားကြမှာပဲ"

ဟု အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်။ သို့သော် မေဂျာပီထရီကလည်း ခေသူတော့ မဟုတ်။ ရန်သူ့နယ်မြေထဲသို့ ဆယ်ကြိမ်တိတိ တိတ်တဆိတ်ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နိုင်ခဲ့သော သမ္မာရင့် တိုက်ခိုက်ရေးသမားတစ်ယောက် ဖြစ်သည်။ သည်လိုကိစ္စမျိုးတွင် ပီထရီ ပြောတာ မှားခဲလှသည်။ တစ်ခါ ပီထရီက ဗိုလ်မှူးချုပ်ဒေါ်နေးသည် အလွန်ခေါင်းမာသည်ဟု ဝေဖန်ဖူးသည်။ ယခု ဒေါ်နေးတစ်ယောက် လန်ဒန်မှ အာဖရိကစစ်ဌာနချုပ် ရုံးစိုက်ရာ တူးနစ်မြို့သို့ ပြောင်းရွှေ့ရောက်ရှိလာသည်မှာလည်း ရက်သတ္တ ခြောက်ပတ်သာ ရှိသေးသည်။

ကမ်းခြေနှင့် နီးလာသောအခါ အစစအရာရာသည် ပြကတေ့ ငြိမ်သက်နေသည်။ လှေငယ်ကလေးများကို ရေလှိုင်းငယ်ကလေးများက လာရောက်ရိုက်ခတ်မိသည့် နောက်ဘက်သို့ လှည့်ကြည့်မိပြန်၏။ နောက်ဆုံး လှေပေါ်တွင် ကြိုးမဲ့ကြေးနန်းစက်ကို မနိုင့်တနိုင် ထမ်းပိုးထားရသော တပ်ကြပ် ကာပင်တာကို မြင်လိုက်ရသည်။ တစ်ချိန်တည်းမှာပင် မေဂျာပီထရီ၏ ကန့်ကွက်ချက်ကို ကြားယောင်မိပြန်သည်။

"ဒီမှာ သူငယ်ချင်း… မင်း အဲဒီကြိုးမဲ့ကြေးနန်းစက်ကြီးကို ထားခဲ့လျှင် ကောင်းမယ် ထင်တယ်၊ အရေးကြုံလို့ ပြေးရလွှားရတော့မယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီစက်ကြီးကြောင့် ဒုက္ခတွေ့နိုင်တယ်၊ လိုအပ်မယ်ဆိုရင် မက်ဆီနာက မြေအောက်သူလျှို ဂမ်ဘာရီရဲ့ အသံလွှင့်စက်ကို သုံးနိုင်သားပဲ''

သို့သော် ဗိုလ်မှူးချုပ် ဒေါ်နေးက တကယ်ခေါင်းမာသည်။ ရေယာဉ်ပျံကို သုံးရမည်။ ကြိုးမဲ့ကြေးနန်းစက်နှင့် အခြားလက်နက်ပစ္စည်း မျိုးစုံကိုပါ ယူသွားရမည်ဟု အတင်းအကျပ် အမိန့်ပေးခဲ့သည်။

ချက်ချင်းလိုလိုပင် သူတို့လူစု ကမ်းခြေသို့ ရောက်ရှိလာသည်။ တစ်မိနစ်အတွင်း သဲသောင်ပြင်ပေါ်သို့ ခြေချမိတော့မည်။ ထို့နောက် ကမ်းခြေတစ်လျှောက် ဖောက်လုပ်ထားသော ကတ္တရာစေးလမ်းမကြီးကို ကျော်၍ ကျွန်း အရှေ့ဖျားရှိ မက်ဆီနာမြို့နှင့် ကျွန်းအနောက်ဘက် ထိပ်နားရှိ ပလာမိုမြို့တို့ကို ဆက်သွယ်ထားသော မီးရထားလမ်း တာရိုးခြေရင်းတွင် ကျည်ကွယ်မျက်ကွယ်အဖြစ် ပုန်းခိုနိုင်တော့မည်။ မေဂျာလောဆန်က လက်နှင့် အချက်ပြလိုက်ရာ ကျန်လှေငယ်နှစ်စင်းသည် ဘေးတစ်ဖက်တစ်ချက်ဆီသို့ ဖြန့်ထွက်ပြီး ကမ်းခြေဆီ လှော်ခတ်သွားကြသည်။

မေဂျာလောဆန်က နောက်ဘက်ရှိ တပ်ကြပ်ကြီးကို လေသံကလေးဖြင့် အမိန့်ပေးလိုက်သည်။

''ဟေ့… ဘရစ်၊ ငါ ကမ်းခြေကို ရောက်တာနဲ့ တစ်ပြိုင်နက် အဲဒီတာရိုးဆီကို အရင်ဆုံး ရောက်ချင်တယ်၊ ခပ်မြန်မြန် လှော်ကြစမ်းကွာ၊ အေး… မင်းနဲ့ ဟိုကောင် နှစ်ကောင်လည်း ငါနဲ့အတူတူ ပါလာရမယ်နော်''

''စိတ်ချပါ ဗိုလ်မှူး''

ဒါကလည်း သူ စိတ်ကူးထားသည့် အသေးစိတ် အချက်ကလေးတစ်ချက် ဖြစ်သည်။ သူနှင့်သူ့လူစု မီးရထားတာရိုးဆီသို့ ဦးစွာရောက်နှင့်ထားပါမှ ရန်သူက တိုက်ခိုက်လာခဲ့သော် ကျန်လူများရှေ့သို့ ဆက်တက်လာနိုင်အောင် ကာပစ်ပစ်ပေးနိုင်မည် ဖြစ်သည်။ ဤတွင် ရေယာဉ်ပျံစက်နှိုးသံက တိတ်ဆိတ်သော ညအချိန်တွင် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ သူက ရှေ့တူရူ၌ ရှိသော ရှုခင်းတွင် လှုပ်ရှားမှု တစ်စုံတစ်ရာ ရှိမရှိ အကဲခတ်လိုက်၏။

မြင့်မားဝေသီသော တောင်ကြီးက သူတို့အပေါ်တွင် မိုးနေသည်။ သူ့ရှေ့တူရူတွင် လူနေအိမ်ခြေ တစ်လုံးတစ်လေမျှ မရှိ။ ပြီးတော့ ကမ်းခြေကလည်း သေးသေးငယ်ငယ်ကလေး။ အလုံးအရင်းနှင့် ကမ်းခြေတက်တိုက်ပွဲဆင်နွှဲနိုင်သည့် နေရာမျိုး မဟုတ်။ သည်တော့ မြေမြုပ်မိုင်းဗုံး ထောင်ထားရန်အကြောင်းမရှိ။



မေဂျာလောဆန်သည် လှေပေါ်မှ ခုန်ဆင်းလိုက်ရာ ကျန်လူများကလည်း ခုန်ဆင်းကြမည်။ လှေပေါ်မှ နောက်ဆုံး ခုန်ဆင်းသော ပုဂ္ဂိုလ်ကမူ လှေကို ကမ်းစပ်ပေါ် ရောက်အောင် ဆွဲတင်ပေးရန် ခဏတော့ နောက်ချန်၍ နေရစ်ခဲ့ရသေးသည်။ မေဂျာလောဆန်သည် ကိုယ်ကို ရှေ့သို့ ကိုင်း၍ ကတ္တရာစေးလမ်းပေါ် ရောက်အောင် သဲပြင်ပေါ် ဖြတ်ပြေးသည်။ ထို့နောက် မီးရထားတာရိုးကို အပြေးအလွှား ပြေးတက်ပြီး တာရိုးပေါ်တွင် ဝမ်းလျားမှောက်ချလိုက်ရင်း သူ့ရှေ့ရှိ တောင်ခြေကို အကဲခတ်လိုက်သည်။ ဆင်ခြေလျှောတောင်စောင်းတစ်ခုလုံးတွင် ကျောက်တုံး ကျောက်ခဲကြီးများ၊ ပက်ကြားအက်ကြီးများ နေရာအနှံ့ ရှိနေကြသဖြင့် ထိုနေရာတစ်ဝိုက်တွင် မရေမတွက်နိုင်အောင် ရန်သူစစ်သားများ ပုန်းခိုနေသည် ဆိုပါကလည်း ဖြစ်နိုင်စရာ ရှိသည်။

ထိုအချိန်တွင် ဂျာမန်လေတပ်မှ 'မက်ဆာရှမစ်' တိုက်လေယာဉ်တစ်စင်း ရုတ်တရက် ပေါ်လာပြီး ရေပေါ်မှ စတင်ပျံသန်းရန် ဟန်ပြင်နေသော ရေယာဉ်ပျံရှိရာဆီသို့ စိုက်ဆင်းပျံသန်းသွားသည်။ ဤတွင် မေဂျာလောဆန်တစ်ယောက် ဆဲရေးတိုင်းထွာလိုက်မိသည်။ နောက်ဆုံးကျတော့ ပီထရီ ပြောတာမှန်လေပြီ။ ရေယာဉ်ပျံရှိရာမှ ကမ်းခြေပေါ် ရောက်သည်အထိ မေဂျာလောဆန်တို့လူစု ဆယ့်ငါးမိနစ်ကြာအောင် လှေနှင့်လာခဲ့ရသည်။ ထိုဆယ့်ငါးမိနစ်အတွင်း ရန်သူ့ဘက်က နီးစပ်ရာ လေယာဉ်ပျံကွင်းတစ်ကွင်းဆီသို့ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပို့လိုက်သော် တိုက်လေယာဉ်တစ်စင်း အချိန်မီ ရောက်ရှိလာနိုင်သည် မဟုတ်ပါလား။

ကျန်လူများ မီးရထားတာရိုးပေါ် ထပ်ရောက်လာကြသည်။ ဤတွင် မေဂျာလောဆန်က လက်နှင့်အချက်ပြလိုက်ရာ တပ်သား သုံးယောက်သည် ကမ်းစပ်တွင် ထားခဲ့သော လှေများကို ကုန်းပေါ်ခပ်လှမ်းလှမ်းသို့ ဆွဲတင်ပြီး ဝှက်ထားရန် ပြန်ပြေးကြပြန်သည်။ တကယ်ကတော့ ခုအချိန်ကျမှ လှေသုံးစင်းကို ဝှက်ဖို့ ကြံစည်ခြင်းမှာ အလဟဿ အပင်ပန်းခံခြင်းမျိုး ဖြစ်နိုင်သည်။

တစ်ဖန် မက်ဆာရှမစ် တိုက်လေယာဉ်သည် (သတင်းရ၍ ရောက်လာခြင်းမျိုး မဟုတ်ဘဲ) ထုံးစံအတိုင်း ကင်းလှည့်ထွက်လာရာမှ ရေပေါ်တွင် ရန်သူရေယာဉ်ပျံတစ်စင်းကို မြင်လိုက်ရသောကြောင့် အနီးကပ်သွားကြည့်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ပြီးတော့လည်း မက်ဆာရှမစ် တိုက်လေယာဉ်မှူးသည် ရေယာဉ်ပျံကိုသာ အာရုံစိုက်ပြီး ကမ်းစပ်မှ လှေများကို ကုန်းပေါ်သို့ ဆွဲတင်နေသူများအား မမြင်မတွေ့ဘဲ မျက်စိလျှမ်းသွားနိုင်သည်။ လှေနှင့်လူများကို

www.burmeseclassic.com

www.burmeseclassic.com



မမြင်ခဲ့သော ကမ်းပေါ်သို့ ခိုးတက်သည့် ကိစ္စကိုလည်း သိချင်မှ သိမည်။ တပ်ကြပ်ကြီး ဘရစ်က လောဆန်ကို သတိပေးလိုက်သည်။

"ကျွန်တော်တို့ ခပ်မြန်မြန် ရှေ့တိုးမှ ကောင်းမယ်ထင်တယ် ဗိုလ်မှူး"

ရေယာဉ်ပျံစက်သံမှာ ပို၍ ကျယ်လောင်လာသော်လည်း ရေပြင်ပေါ်မှ အရှိန်ယူ၍ ပျံတက်နိုင်စွမ်း မရှိသေးချေ။ မက်ဆာရှမစ် တိုက်လေယာဉ်ကလည်း ဒေါသတကြီးနှင့် အောက်ဘက်သို့ စိုက်ဆင်းလာနေဆဲပင်။ အင်ဂျင်စက်သံက တဖြည်းဖြည်း ပိုကျယ်လောင်လာသည်။ မေဂျာလောဆန်သည် သူ့နောက်ဘက်တွင် ဖြစ်ပျက်နေသည့် ကိစ္စကို ဂရုမစိုက်နိုင်ဘဲ ကျောက်တုံးကျောက်ခဲကြီးများ ရှိနေရာ တောင်စောင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ သူတို့ရှိနေရာ မီးရထား တာရိုးနှင့် တောင်ခြေမှာ ကိုက်လေးရာခန့် ကွာဝေးပြီး ကြားထဲတွင် ပုန်းခိုစရာ ကျည်ကွယ်မျက်ကွယ် လုံးဝမရှိသော လွင်တီးခေါင် ကွင်းပြင်ကြီးတစ်ခု ဖြစ်နေသည်။ အကယ်၍သာ ကျောက်တုံးကျောက်ခဲများ နောက်ဘက်၌ ရန်သူစစ်သားများ ရှိနေပါက သူတို့လူစု ထိုကွင်းပြင်ကိုသာ ဖြတ်ခဲ့သော် အတုံးအရုံး မပြန်လမ်းသို့ မြန်းရပေတော့မည်။

ကြေးနန်းစက်ရိုက်သမားအဖြစ် တာဝန်ယူမည့် တပ်ကြပ်ကာပင်တာသည် ဘယ်ညာဖြန့်၍ နေရာယူထားသူများ၏ ဘယ်ဘက်အစွန်ဆုံး၊ မီးရထားတာရိုး၏ နောက်ဘက်ခြေရင်းတွင် နေရာယူထားသည်။ သူသည် ထိုလူစု၏ နောက်ပိုင်းမှသာ လိုက်ပါလာရမည်ဖြစ်ပြီး လောလောဆယ်တွင် သူ့နောက်ဘက်မှ အကာအကွယ် လုံးဝကင်းမဲ့သလို ဖြစ်နေသည်။ ကာပင်တာသည် နောက်ဘက်သို့ လှည့်ကြည့်လိုက်မိ၏။

ရေယာဉ်ပျံသည် ရေပြင်နှင့် ရှပ်တိုက်မောင်းနှင်ရင်း စတင်ပျံသန်းရန် အရှိန်ယူနေသည်။ (ကောင်းကင်မှ) မြားတစ်စင်းကဲ့သို့ စိုက်ဆင်းလာသော (မက်ဆာရှမစ်) တိုက်လေယာဉ်သည် အနေအထား အနည်းငယ် ပြောင်းလိုက်ပြီးနောက် စတင်ပျံသန်းရန် အရှိန်ယူနေသော ရေယာဉ်ပျံဆီသို့ စတင်ပစ်ခတ်လိုက်သည်။ ရေယာဉ်ပျံ၏ ကိုယ်ထည်ဆီမှ မီးတောက်မီးလျှံများ ဖျတ်ခနဲ ပေါ်ထွက်လာပြီးနောက် မီးခိုးလုံးတစ်ခု ထွက်ပေါ်လာသည်။

ရေယာဉ်ပျံသည် ရေပြင်ပေါ်မှ စတင်ကြွတက်လိုက်စဉ် လေယာဉ်မှူး ကိုလ်ဘီသည် ရေယာဉ်ပျံကို ထိန်းမနိုင် သိမ်းမရ မနိုင်မနင်း ဖြစ်လာသည်။ ထိုအချိန်တွင် မက်ဆာရှမစ် တိုက်လေယာဉ်သည် အောက်ဘက်သို့ စိုက်ဆင်းလာနေရာမှ အထက်ဘက်သို့ ဦးမော့ပြီး ဇတ်ခနဲ ပျံတက်သွားသည်။ ရေယာဉ်ပျံ



သည် ဒယီးဒယိုင် ဖြစ်လာပြီးနောက် ဘေးသို့ စောင်းသွားပြီး ညာဘက်တောင်ပံစွန်းသည် ရေပြင်နှင့် တိုက်မိတော့သည်။ ထို့နောက် ရေယာဉ်ပျံသည် တစ်ပတ်လည် ထွက်သွားပြီး ပက်လက်လန်သွားသော ရေယာဉ်ပျံကိုယ်ထည်သည် ပင်လယ်ရေပြင်နှင့် ပြင်းထန်စွာ တိုက်မိလေ၏။ ဤတွင် ဝုန်းခနဲ ပေါက်ကွဲသံကြီးနှင့်အတူ မီးခိုးလုံးကြီးတစ်ခု မည်းခနဲ ပေါ်ထွက်လာပြီးနောက် ခဏအကြာတွင် ပင်လယ်ရေပြင်သည် ပြန်လည် ငြိမ်သက်သွားတော့သည်။

မေဂျာလောဆန်သည် ထိုအဖြစ်အပျက်ကို လှည့်မကြည့်သော်လည်း ကြားလိုက်ရသည်။ 'ရေယာဉ်ပျံဆိုတာ သိပ်အသံမြည်တယ်' ဆိုသော မေဂျာဝီထရီ၏ ဟောကိန်းကိုပါ ကြားယောင်လာမိသည်။ မေဂျာလောဆန်သည် ထိုကိစ္စကို ခေါင်းထဲမှ မောင်းထုတ်ပစ်လိုက်ပြီး သူ့လူများကို ရှေ့သို့တက်ရန် လက်ပြပြီး အမိန့်ပေးလိုက်သည်။

ဤတွင် လက်နက်မျိုးစုံကို ရှေ့တူရူသို့ ချိန်ထားသော လူရှစ်ယောက်သည် တောင်ခြေရင်းဆီသို့ ရင်ပေါင်တန်းချီတက်သွားကြသည်။ ခြောက်ယောက်၏ ကုတ်အင်္ကျီအိတ်များထဲတွင် ကျည်ဆန်အပိုများနှင့် လက်ပစ်ဗုံးများ နင့်နေအောင် ထည့်ထားကြသည်။ ကျန်နှစ်ယောက်ကမူ ကျည်ဆန်အပိုများနှင့် လက်ပစ်ဗုံးများအပြင် ဖောက်ခွဲရေးအတွက် ယမ်းဘီလူး ပေါင်သုံးဆယ်စီကိုပါ သယ်ပိုးလာကြရသည်။

ကာပင်တာကမူ ကျောပိုးအိတ်မှ ပခုံးကြိုးများကို အနည်းငယ် နေရာပြင်ရင်း သူ့နေရာမှာပင် ဆက်စောင့်နေသည်။ သူ့အတွက် မေဂျာလောဆန်က သီးခြား လက်မြှောက်ပြမည့် အချိန်ကို ငံ့လင့်စောင့်စားနေခြင်း ဖြစ်သည်။ သို့သော် တောင်ခြေရှိ ကျောက်တုံးကြီးများနှင့် ပက်ကြားအက်ကြီးများထဲမှ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသော ရိုင်ဖယ်သေနတ်သံများနှင့် စက်သေနတ်သံများကိုသာ ကြားလိုက်ရသည်။

မေဂျာလောဆန်၏ အဖွဲ့က ရှေ့ဘက်သို့ မမြင်မကမ်းနှင့် အရမ်းကာရော ပြန်ပစ်ကြသည်။ တချို့လည်း တာရိုးနောက်ဘက်၌ အကာအကွယ်ယူရန် ပြန်လှည့်ပြေးကြသည်။ သို့သော် ရန်သူတိုက်စစ်မှူးက သူတို့ကို လက်တစ်ကမ်း အလိုသို့ ရောက်သည်အထိ စောင့်ဆိုင်းပြီးမှ စတင်ပစ်ခတ်ခြင်းဖြစ်ရာ ကမ်းခြေတက် စစ်သားများသည် ထိုနေရာမှာပင် အတုံးအရုံး လဲကျကုန်ကြသည်။

ရန်သူဘက်မှ စပစ်သည်နှင့်တစ်ပြိုင်နက် လောဆန်ကို ကျည်ဆန် ထိမှန်သွားသည်။ လောဆန်သည် တစ်ချက်နှစ်ချက် ပြန်ပစ်ရင်း မြေပြင်ပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားသည်။ လဲကျသွားသော လောဆန်က ပြန်ထရန် ကြိုးစားသည်။ သို့သော် သူ ပြန်မထနိုင်တော့ချေ။ ကျည်ဆန်များက သူ့ကိုယ်လုံးကြီးကို အစုလိုက် အပြုံလိုက် ထပ်မံကြပြန်သည်။ တစ်မိနစ်အတွင်းမှာပင် စစ်မြေပြင်၌ လုံးဝ ငြိမ်သက်သွားသည်။ ထိုအချိန်ကျမှ ရန်သူစစ်သားများသည် ပုန်းခိုနေရာမှ ရှေ့ဘက်သို့ မရဲတရဲ ထွက်လာကြသည်။

ထိုအချိန်ပိုင်း အတွင်းမှာပင် ကာပင်တာသည် ကျောပိုးအိတ်ထဲမှ အသံလွှင့်စက်ကို ထုတ်ယူပြီး ကောင်းကင်ကြိုးတိုင်ကို ဆွဲဆန့်ထုတ်လိုက်သည်။ ကာပင်တာသည် အရပ်သားဘဝတွင် အငှားယာဉ်မောင်းတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့သူဖြစ်ပြီး သူလုပ်ရမည့် တာဝန်ကို ကျွမ်းကျင်စွာ ထမ်းဆောင်တတ်သူ ဖြစ်သည်။ သူသည် သူ့ရှေ့တွင် ဖြစ်ပျက်နေသည့် လူသတ်ကွင်းကို တာရိုးပေါ်မှကျော်၍ နောက်ထပ်လှမ်းမကြည့်တော့ဘဲ အရေးအကြီးဆုံး၊ သတင်းကို ချက်ချင်းသတင်းပို့တော့သည်။

“ရေယာဉ်ပျံကြောင့် ရန်သူက ကြိုသိ၊ စစ်ဆင်ရေး အဖွဲ့တစ်ဖွဲ့လုံး သုတ်သင်ရှင်းလင်းခံရ…”

သူ့သတင်းပို့ချက် မပြီးဆုံးမီ ရိုင်ဖယ်သေနတ်ဒင်တစ်ခုက သူ့နောက်စေ့ကို အရှိန်အဟုန်ပြင်းထန်စွာ လာရောက်ရိုက်နှက်သည်။

နောက်ထပ် နှစ်နာရီကြာသောအခါ အဆိုပါ သတင်းပို့ချက်သည် မေဂျာပီထရီထံ ရောက်ရှိသွားသည်။

❑ ❑ ❑

- နှစ် -

ဇူလိုင်လ၊ ၇ ရက်၊ ဗုဒ္ဓဟူးနေ့

တပ်မတော် ယူနီဖောင်းဝတ် ပုဂ္ဂိုလ်နှစ်ဦးသည် ကြီးမားသော လေးထောင့်ရှက်ထည်တဲကြီးဆီသို့ မှောင်ကြီးမည်းမည်းထဲတွင် ခပ်သုတ်သုတ် လျှောက်လာကြသည်။ ထိုရှက်ထည်တဲကြီး၏ လေးဖက်လေးတန် ကိုက်နှစ်ဆယ်ခန့်အကွာ ပတ်ပတ်လည်တွင် လက်နက်ကိုင် အစောင့်စစ်သားများ စောင့်ကြပ်နေကြသည်။ ညဆယ်နာရီတွင် ကျင်းပရန် ဆင့်ခေါ်လိုက်သော အရေးပေါ် အစည်းအဝေး၌ ပြောကြဆိုကြသည့် အချက်အလက်များကို အစောင့်စစ်သားများ မကြားအောင် ရှက်ထည်တဲနှင့် ကိုက်နှစ်ဆယ်အကွာမှသာ စောင့်ကြပ်နေစေခြင်း ဖြစ်သည်။

စစ်မှုထမ်းကောင်းဘွဲ့တံဆိပ်ရ မေဂျာဂျိမ်းပီထရီသည် ရှေ့မှ ခပ်သုတ်သုတ် လျှောက်သွားပြီး ရှက်ထည်တဲ၏ အပေါက်ဝမှ ဖျင်စကို ၄င်း၏ အထက်အရာရှိ ဖြစ်သူ ဗိုလ်မှူးကြီး အာသာပါရစ်ချ် ဝင်နိုင်အောင် ဆွဲဖွင့်ပေးလိုက်သည်။

ဗိုလ်မှူးကြီးပါရစ်ချ်သည် ကောင်းကင်သို့တစ်ချက် မော့ကြည့်လိုက်ပြီးနောက် တဲထဲသို့ ဝင်သွားသည်။ တဲအတွင်းဘက်တွင် စားပွဲရှည်ကြီးတစ်လုံး၏ ပတ်ပတ်လည်၌ ကုလားထိုင်များ စီချထားသည်။ စားပွဲပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



တင်ထားသော မြေပုံပေါ်၌ သဲမှုန့်များ အထပ်ထပ် တင်နေသည်။ ဗိုလ်မှူးကြီးသည် ကာကီစစ် ယူနီဖောင်းပေါ်မှ ဖုန်မှုန့်များကို ပုတ်ခါချရင်း ဘေးဘီကို အကဲခတ်လိုက်သည်။ တဲထဲ၌ လူတစ်ယောက်မျှ မရှိသေးချေ။ မေဂျာပီထရီ တဲထဲသို့ ဝင်လာသောအခါ ဗိုလ်မှူးကြီးက စပြောသည်။

"ကိုယ့်လူ… မင်း… ဒီအစည်းအဝေးမှာတော့ ရေငုံနှုတ်ပိတ် လုပ်နေမှ ဖြစ်လိမ့်မယ်"

"ခုလို အချိန်မျိုးမှာ ဒီလိုနှုတ်ပိတ်ခံရတာ ဘယ်တရားပါ့မလဲ"

မေဂျာပီထရီက ဗိုလ်မှူးကြီးကို စေ့စေ့ကြည့်ရင်း ပြန်ဖြေလိုက်သည်။ ဗိုလ်မှူးကြီးသည် အသက်လေးဆယ်ကျော်ရုံသာ ရှိသေးသော်လည်း တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေလေပြီ။ မှန်သည်။ လောဆန်၏ ကမ်းခြေတက် တိုက်ပွဲမှာ သွေးချောင်းစီးခဲ့ရသည်။ သည်တော့ သည်ကိစ္စနှင့် ပတ်သက်၍ ပီထရီကို စကားမပြောရန် အတင်းအကျပ် အမိန့်ပေး၍ မသင့်တော်။ ထို့ကြောင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"မင်း မနက်ဖြန် မနက်ကျရင် အလ်ဂျီးယားစ်ကို ခွင့်နဲ့သွားရတော့မယ် ဆိုတာကို သတိရစမ်းပါ"

"ဒါဆိုရင် အနည်းဆုံး ဒေါ်နေးနဲ့တော့ ခပ်ဝေးဝေး နေရတာပေါ့၊ ဒါပေမဲ့ ဟိုစစ်ဆင်ရေးကိစ္စက အရည်မရ အဖတ်မရနဲ့ ကမ်းခြေ ရောက်ရောက်ချင်း လူကိုးယောက် သေခဲ့ရတာ"

"အဲဒါကြောင့် မင်းပါးစပ်ကို ပိတ်ထားပါလို့ ပြောတာပေါ့ကွ"

ဗိုလ်မှူးကြီး ပါရစ်ချ်သည် ဗိုလ်မှူးချုပ်ဒေါ်နေး ထိုင်မည့် နေရာနှင့် အဝေးဆုံး စားပွဲတစ်ဖက်စွန်းဆီသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်သည်။ သူက သူ့ဘေးနားမှ ကုလားထိုင်ကို လက်နှင့် ပုတ်ပြရင်း ပြောလိုက်သည်။

"ကဲ… မင်းက ဒီမှာ လာထိုင်"

ဒီအစည်းအဝေးတွင် ဒေါ်နေးနှင့် ပီထရီကို မဖြစ်မနေ ခပ်ဝေးဝေး ခွဲ ထားမည့်ပုံ ပေါ်သည်။

ဂျိမ်းပီထရီသည် စစ်မဖြစ်မီက သတ္တုတွင်း အင်ဂျင်နီယာအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ယခု ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောကြောင့်သာ တပ်မတော်တွင် ဝင်ရောက်အမှုထမ်းခြင်း ဖြစ်သည်။ အသက် ၂၉ နှစ်သာ ရှိသေးသည်။ သူသည် ဗိုလ်မှူးကြီး ပါရစ်ချ်နှင့် တွဲဖက်ခံရသည့်



အချိန်မှစ၍ ရန်သူ့နယ်မြေထဲသို့ နောက်ပိုင်းမှ ဝင်၍ ဆယ်ကြိမ်တိတိ ထိုးဖောက်တိုက်ခိုက်နိုင်ခဲ့သူ ဖြစ်သည်။ ရန်သူ့နယ်မြေ နောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်ရသည့် စစ်ဆင်ရေးလုပ်ငန်းတွင် အကျအဆုံး နှုန်းထား များပြားလှသဖြင့် အချို့အရာရှိများသည် တစ်လ နှစ်လထက် ပို၍ သက်ဆိုးမရှည်ကြချေ။ ပီထရီကမူ နှစ်နှစ်ကျော် ကာလအထိ တောင့်ခံထားနိုင်ခဲ့သည်။ ရန်သူ့နယ်မြေထဲတွင် အသက်ရှည်အောင် မည်သို့မည်ပုံ နေရထိုင်ရမည်ကို ကောင်းကောင်း သိသူတစ်ဦး ဖြစ်သည်။

မကြာသေးမီကလည်း ပီထရီသည် စစ်စလီကျွန်းပေါ်တွင် မြေအောက်တော်လှန်ရေးသမားများနှင့်အတူ နှစ်လကြာအောင် နေပြီးမှ ပြန်လာခဲ့သူ ဖြစ်သည်။ ထိုစဉ်က ပီထရီသည် မဟာမိတ်တပ်ပေါင်းစုနှင့် မြေအောက်တော်လှန်ရေးသမားများအကြားတွင် ဆက်သွယ်ရေးတာဝန်ကို သွားရောက်ထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ဘာပဲပြောပြော ဒီအစည်းအဝေးတွင် ပီထရီတစ်ယောက် စကား မပြောအောင် ဟန့်တားရေးမှာ အခက်အခဲဆုံး ကိစ္စတစ်ရပ် ဖြစ်ပေလိမ့်မည်။

ပီထရီ၏ ဥပဓိရုပ်ကလည်း ထူးခြားသည်။ အခန်းထဲသို့ ဝင်လာသည်နှင့်တစ်ပြိုင်နက် သတိမထားမိဘဲ မနေနိုင်အောင် ထူးခြားသည်။ မုတ်ဆိတ်ကျင်စွယ်များကို ပြောင်နေအောင် ရိတ်ထားလေ့ ရှိသည်။ ဆံပင်နက်သည်။ အာဖရိကတိုက်မှ နေရောင်ခြည်ဒဏ်ကြောင့် သူ့အသားအရေမှာ သပြေသီးမှည့်ရောင် ပေါက်နေသည်။ လေးထောင့်စပ်စပ် မေးရိုး၊ တင်းတင်းရင်းရင်း စေ့ထားသော နှုတ်ခမ်း၊ နှာရောင် ကောက်ကောက်၊ အရာရာကို မြင်တတ်သော ကျီးကန်း မျက်လုံးပိုင်ရှင်လည်း ဖြစ်သည်။ သူ့နှုတ်ခမ်းကတော့ မည်သူ့ကိုမျှ ထီမထင်သလိုလို။ ဗိုလ်မှူးကြီးပါရစ်ချ်က ဆက်ပြောပြန်သည်။

"ဒီမှာ ကိုယ့်လူ၊ မင်းကို နောက်မှပြောတော့မလို့၊ ဒါပေမဲ့ ခုပဲ ပြောပါ တော့မယ်၊ မင်းကို ရာထူးထပ်တိုးပေးဖို့ ငါထောက်ခံထားတယ်၊ မင်း အဲလ်ဂျီး ယားစ်က ပြန်လာရင် ဒုဗိုလ်မှူးကြီး ဖြစ်ရောပေါ့ကွာ"

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူးကြီး"

သို့သော် ပီထရီ၏ လေသံက ဟက်ဟက်ပက်ပက် ဝမ်းသာလှသည် မပေါ်။ ထိုအခိုက်တွင် ရွက်ထည်တဲထဲသို့ ဝင်လာသော အမေရိကန် ကြည်းတပ်မှ ဗိုလ်ကြီး အက်ဒဝပ်ဂွန်ဆန်က ပီထရီ၏ ကျောကုန်းကို ပုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား ခုအချိန်လောက်ဆိုရင် အလ်ကျီးယားစ်က ကချေသည် ကလေးတွေရဲ့ ဗိုက်သားကလေးတွေကို သွားငမ်းနေပြီလို့ ထင်ထားတာ''

''မနက်ဖြန်မနက် ခြောက်နာရီတိတိကျမှ သွားမှာကွ၊ ဒီအစည်းအဝေး ကတော့ နှုတ်ဆက်ပွဲ ဆိုပါစို့ကွာ''

''ကောင်းပါ့ဗျာ၊ ဒါပေမဲ့ ကချေသည်ကလေးတွေ နောက်ကိုချည်း စွတ်လိုက်မနေနဲ့နော''

မေဂျာပီထရီထက် အသက် နှစ်နှစ် ငယ်သော ဗိုလ်ကြီးဂျွန်ဆန်က ပြောပြောဆိုဆိုနှင့် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရာ ဗိုလ်မှူးကြီးပါရစ်ချ် တစ်ယောက် သူ့အလိုလို ပြုံးလိုက်မိသည်။ ဗိုလ်မှူးချုပ်ဒေါ်နေးသည် ဆေးလိပ် သောက်သူ မဟုတ်။ သူ့ထက် ရာထူးငယ်သူများ ဆေးလိပ်သောက်သည်ကို လည်း လုံးဝ သည်းခံတတ်သူ မဟုတ်ချေ။

ထိုအချိန်တွင် အခန်းထဲသို့ တပ်မတော် အရာရှိများ ထပ်မံရောက်ရှိလာကြသည်။ တချို့က စားပွဲပေါ်ရှိ မြေပုံကို မြင်သည်နှင့် တစ်ပြိုင်နက်-

''မြတ်စွာဘုရား... စစ်စလီဆိုရင်တော့ လောဆန်လို အဖွဲ့တစ်ဖွဲ့ ထပ်လွှတ်လိမ့်မယ် ထင်တယ်၊ ဒါဆိုလျှင် ဆေးမှူးဆီက ထောက်ခံစာတစ်စောင် မြန်မြန်ပြေးယူမှပဲ''

ပီထရီနှင့် ဂျွန်ဆန်စကားပြောနေစဉ် ဗိုလ်မှူးကြီးပါရစ်ချ်က ဂျွန်ဆန် ကို စေ့စေ့စပ်စပ် အကဲခတ်နေသည်။

ဂျွန်ဆန်သည် ပီထရီလိုပင် အီတာလျံစကားကို မှတ်နေအောင် ပြော တတ်သည်။ ဆံပင် နက်သည်။ သူ့ကို အမှတ်တမဲ့ ကြည့်လျှင် ခပ်ပေါ့ပေါ့ လူစားမျိုးဟု ထင်ရသော်လည်း အထင်သေး၍ မရကြောင်း လက်တွေ့သိရှိထား ရပြီး ဖြစ်သည်။ ဂျွန်ဆန်သည် မကြာသေးမီက ပီထရီနှင့်အတူ စစ်စလီကျွန်း ပေါ်တွင် လက်တွဲပြီး ဆောင်ရွက်ခဲ့သူ မဟုတ်ပါလား။ ဂျွန်ဆန်သည် စစ်မဖြစ်မီ က အမေရိကန်နှင့် မက်ဆီကိုနယ်စပ်တွင် 'နယ်ခြားစောင့်ရဲ' အဖြစ် အမှုထမ်း ခဲ့သူလည်း ဖြစ်သည်။ မကြာမီ ပီထရီလို ပထမတန်း တိုက်ခိုက်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူနိုင်တော့မည့် ပုဂ္ဂိုလ်လည်း ဖြစ်သည်။

ကျွက်စီကျွက်စီနှင့် ပြောဆိုနေကြသည့် အသံများ ရုတ်တရက် ငြိမ်ကျ သွားသည်။ ဒါဆိုလျှင် တစ်ခုပဲ ဖြစ်နိုင်သည်။ ဗိုလ်မှူးချုပ် ဖရက်ဒရစ် ဒေါ်နေး ရောက်လာ၍ ဖြစ်ရမည်။ ဤတွင် လောဆန်၏ ကမ်းခြေတက်တိုက်ပွဲ အစီအစဉ်ကို ရေးဆွဲခဲ့သူများအနက် တစ်ဦးဖြစ်သူ ဗိုလ်ကြီးစတုန်းဟာမ် တဲထဲသို့



ဝင်လာပြီး စားပွဲထိပ်နားရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ သူက ပီထရီကို တစ်စက္ကန့် နှစ်စက္ကန့်ခန့် လှမ်းကြည့်လိုက်ပြီးနောက် ပီထရီက ပြန်ကြည့်နေသည်ကို တွေ့ရသဖြင့် ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။

သူ့နောက်တွင် ဗိုလ်ကြီးဂျွန်ဆန်၏ အထက်အရာရှိဖြစ်သူ ဗိုလ်မှူးကြီး လင်မြူရယ်ဘင်ဆန် ဝင်ရောက်လာသည်။ ဤအစည်းအဝေးမှာ အင်္ဂလိပ်၊ အမေရိကန် တပ်များ၏ ပူးတွဲဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီး ဗိုလ်မှူးကြီးလင်မြူ ရယ်ဘင်ဆန်သည် ဤအစည်းအဝေးတွင် ဗိုလ်မှူးချုပ်ဒေါ်နေးနှင့် အဆင့်တူ ပြောရေးဆိုခွင့် ရှိသူလည်း ဖြစ်သည်။

ရွက်ထည်တဲထဲတွင် အတော်ကလေး အိုက်စပ်စပ် ဖြစ်လာသည်။ တချို့က လက်ကိုင်ပဝါကို ထုတ်၍ နဖူးကို သုတ်နေစဉ် ရွက်ထည်တဲထဲသို့ ခပ်ပုပု၊ ဝဖိုင့်ဖိုင့် အရာရှိတစ်ဦး ဝင်လာပြီး လက်ထဲတွင် ကိုင်လာသော တုတ် ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။ သည်ယနေ့ ဗိုလ်မှူးချုပ်ဒေါ်နေး တစ်ယောက် စိတ်လက်မကြည်မသာ ဖြစ်နေသည်မှာ သေချာသည်။

''ကဲ...ကဲ... ထိုင်ကြ ရဲဘော်တို့၊ တို့ ဒီယနေ့ ညတော့ အဆောင် အယောင် အခမ်းအနားတွေအတွက် အချိန်သိပ်မပေးနိုင်ဘူး''

ပြန်ထိုင်မိကြသောအခါ ဒေါ်နေးက ဆက်ပြောသည်။

''အလျှင်တစ်ပတ် အစည်းအဝေးကို မတက်လိုက်ရတဲ့ လူတွေ အတွက် နည်းနည်းထပ်ရှင်းပြမယ်။ အခု ကျုပ်တို့ ရင်ဆိုင်နေရတာက အင်မတန် အရေးကြီးတဲ့ အနေအထားမျိုးမှာ ရှိတယ်။ ရှင်းရှင်းပြောရရင် အီတာလျံနဲ့ ဂျာမန်စစ်တပ်တွေကို အာဖရိကတိုက်က မောင်းထုတ်လိုက်ပြီး ဥရောပတိုက်ကို စတိုက်တော့မယ့် အနေအထားပဲ၊ အဲဒီအချိန်မှာ လောဆန်ရဲ့ ကမ်းခြေတက် တိုက်ပွဲကတော့ ခွက်ခွက်လန်အောင် မှားသွားတယ်။

''ဒါပေမဲ့ မင်းတို့ မေ့မသွားအောင် ထပ်သတိပေးချင်တာကတော့ စစ်တိုက်တဲ့အခါ အရှုံးရှိသလို အနိုင်လည်း ရှိတယ်။ အဲဒီလို ရှုံးတာနိုင်တာတွေ ဟာ သိပ်မဆန်းဘူး၊ ဖြစ်တတ်တဲ့ သဘာဝပဲလို့ သိကြရတယ်။ ဒါပေမဲ့ ဒီတစ်ခါ တို့မှားသွားတာကို ပြန်ပြင်နိုင်အောင် ချက်ချင်း ပြန်လုပ်ရမယ်၊ လွန်ခဲ့တဲ့ တစ်လနှစ်လလောက်ကဆိုရင် ရန်သူ့ဘက်မှာ အီတလီကမ်းခြေနဲ့ စစ်စလီကျွန်း ကြားထဲမှာ မီးရထားကြီးတွေကိုတောင် ဟိုဘက်က ဒီဘက် အထိ သယ်ပို့ပေးနိုင်တဲ့ ကူးတို့သင်္ဘောကြီးတွေ ခြောက်စင်းတောင် ရှိခဲ့တယ်၊ အဲဒီကူးတို့သင်္ဘောကြီးတွေဟာ လက်နက်ပစ္စည်းအများကြီးနဲ့ စစ်သား

www.burmeseclassic.com

www.burmeseclassic.com



အများကြီးကို စစ်စလီကျွန်းပေါ်အရောက် သယ်ပို့ပေးနိုင်မယ့် အနေအထားမှာရှိတယ်၊ အဲ··· ကူးတို့သင်္ဘော ငါးစင်းကိုတော့ တို့ လေကြောင်းတပ်တွေက ဗုံးကြဲပြီး နှစ်မြုပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်ကစပြီး မက်ဆီနာရေလက်ကြားကို ရန်သူက စစ်အင်အား အကြီးအကျယ် တိုးချဲ့ ဖြည့်တင်းထားခဲ့တယ်။ တိတိကျကျ ပြောရလျှင် အဲဒီရေလက်ကြားတစ်ဝိုက်မှာ လေယာဉ်ပစ်အမြောက်အလက် ခုနစ်ရာ တပ်ဆင်ထားတယ်။

"ဒီတော့ တို့ဘက်က လေကြောင်းစစ်ဆင်ရေး ပါရဂူတွေရဲ့ အယူအဆကတော့ အဲဒီလောက် လေယာဉ်ပစ် အမြောက်တွေ များပြားလှတဲ့နေရာကို လေကြောင်းက ဝင်တိုက်ဖို့ မလွယ်ဘူးတဲ့၊ ဒါ့ကြောင့် ခြောက်စင်းမြောက် ကူးတို့သင်္ဘောကြီး ကာရစ်ဒီဟာ ခုအချိန်ထိ ရှိနေသေးတာပေါ့။ ကာရစ်ဒီဟာ အင်မတန် များပြားလှတဲ့ စစ်လက်နက်ပစ္စည်းတွေနဲ့ စစ်သားတွေကို စစ်စလီ ကျွန်းအရောက် အမြန်ဆုံး သယ်ပို့ပေးနိုင်မယ့် အနေအထားမှာရှိနေတယ်၊ လောဆန်တို့အဖွဲ့က ကာရစ်ဒီကို မြှုပ်ပစ်ဖို့ သွားကြတာပဲ၊ ဒါပေမဲ့ သူတို့ပဲ သေကုန်တယ်၊ အဲဒီကူးတို့သင်္ဘောကြီးသာ ရေပေါ်မှာ ရှိနေသေးရင် တို့ဘက်က စစ်ရှုံးသွားနိုင်တယ်၊ ပြီးတော့လည်း အဲဒီသင်္ဘောကြီးကို မြှုပ်ပစ်ဖို့ ၄၈ နာရီပဲ အချိန်ရှိတော့တယ်"

ဂျွန်ဆန်က ခပ်တည်တည် ဝင်ပြောသည်။

"အခုတင်ပြချက်ဟာ နည်းနည်းလောက် ပုံကြီးချဲ့ရာ ရောက်မနေပေဘူးလား ခင်ဗျာ"

ဒေါ်နေးက ဂျွန်ဆန်ကို ဒေါသတကြီးနှင့် လှမ်းကြည့်လိုက်သည်။ သို့သော် ဗိုလ်မှူးကြီး လင်မြူရယ်ဘင်ဆန်က စကား လှမ်းပြောလိုက်သဖြင့် ၎င်း၏နားထောင်လိုက်ရပြန်သည်။ သူက ဗိုလ်မှူးကြီးဘင်ဆန်ကို ခေါင်းညိတ်ပြလိုက်ပြီးနောက် ဗိုလ်ကြီးဂျွန်ဆန်ဆီသို့ လှမ်းကြည့်ပြန်သည်။

"အဲဒီသင်္ဘောကြီးကို ဖောက်ခွဲပစ်ဖို့ နောက်တစ်ဖွဲ့ လွှတ်တဲ့အခါ မင်းက ခေါင်းဆောင်အဖြစ် လုပ်ချင်လုပ်ရလိမ့်မယ်၊ ဒါ့ကြောင့် အခြေအနေမှန်ကိုတော့ မင်း သိထားမှ ဖြစ်မယ်၊ တို့ဘက်ကတော့ အဲဒီကူးတို့သင်္ဘောကြီး မြုပ်သွားအောင် အမျိုးစုံ ကြိုးစားခဲ့ပြီးပြီ၊ ဗုံးကြဲလေယာဉ်ကြီးတွေ၊ တော်ပီဒို မော်တော်ဘုတ်တွေနဲ့လည်း စမ်းခဲ့ပြီးပြီ။ ဒီကနေ့ ညနေပိုင်းကဆိုရင် လေယာဉ်ပျံပေါ်က တော်ပီဒိုတွေနဲ့ ပစ်ပြီး မြုပ်ဖို့ကြိုးစားခဲ့သေးတယ်၊ ဒါပေမဲ့ လောဆန်ရဲ့



အစီအစဉ်လို မအောင်မြင်ခဲ့ဘူး။ အဲဒီကိစ္စမှာ လေယာဉ်အုပ်စုခေါင်းဆောင် ဝပ်ဆန်ကိုတောင် ဘုရား ခေါ်သွားတယ်"

မေဂျာပီထရီက ဝင်မေးသည်။

"ဝပ်ဆန် သေပြီလို့ ဆိုလိုတာလား ဆရာ"

"သူ့လေယာဉ်ပျံဟာ လေထဲမှာ ပေါက်ကွဲပျက်စီးသွားတယ်လို့ ဆိုတာပဲ၊ ရေတပ်မတော်ကလည်း အဲဒီရေလက်ကြားဟာ သိပ်ကျဉ်းလွန်းပြီး အမြောက်တွေ၊ တိုက်သင်္ဘောငယ်ကလေးတွေ များလွန်းလို့ ဝင်တိုက်ဖို့ မလွယ်ဘူးတဲ့၊ လေတပ်မတော်ကလည်း အောက်ဘက်က ခံပစ်တဲ့ အမြောက်တွေ များလွန်းလို့ ဆိပ်ကမ်းမှာ ဆိုက်ထားတဲ့ ကာရစ်ဒီကို ထိအောင် ဗုံးကြဲဖို့ မလွယ်ဘူးတဲ့၊ ဒီတော့ ဘယ်သူမှ မလုပ်နိုင်တဲ့ အလုပ်ကို ကြည်းတပ်က ဝင်လုပ်ဖို့ပဲ ကျန်တော့တယ်"

ဗိုလ်မှူးချုပ် ဒေါ်နေးက စားပွဲကို လက်သီးဆုပ်နှင့် ထုလိုက်သည်။

"ဒီတော့ ဖောက်ခွဲရေးအဖွဲ့တစ်ဖွဲ့ ထပ်လွှတ်ရမယ်၊ ဒီတစ်ကြိမ်ကျရင် အောင်မြင်မှ ဖြစ်မယ်၊ အဲဒီအဖွဲ့ဟာ မက်ဆီနာမြို့ကို ရောက်ရုံသာမက နာဇီတွေ စောင့်ကြပ်နေတဲ့ ဆိပ်ကမ်းနယ်မြေထဲကို ထိုးဖောက်ဝင်ရောက်နိုင်ရမယ်၊ ပြီးတော့ ကူးတို့သင်္ဘောကြီးပေါ် ရအောင်တက်၊ သင်္ဘောဝမ်းထဲမှာ ယမ်းဘီလူးတွေ ရအောင်ကပ်ပြီး ရေထဲကို စုန်းစုန်းမြုပ်သွားအောင် မြှုပ်ပစ်ရလိမ့်မယ်"

ဗိုလ်မှူးကြီး ပါရစ်ချ်က ဖြတ်မေးသည်။

"ဗိုလ်ချုပ်က အချိန်လေးဆယ့်ရှစ်နာရီပဲ ရတော့မယ်လို့ ဆိုတယ်၊ နောက်ဆုံးအချိန်အဖြစ် သတ်မှတ်ထားတဲ့ အချိန်ကို သိပါရစေ"

"ဇူလိုင်လ ၉ ရက်၊ သောကြာနေ့ည သန်းခေါင်ပဲ"

ဤတွင် စားပွဲတစ်ဝိုက်မှ ပွစိပွစိ အသံများ ပေါ်လာပြန်သဖြင့် ဒေါ်နေးက ခပ်တည်တည် လှော်ကြည့်လိုက်ရာ အားလုံး ပြန်ငြိမ်သွားပြန်သည်။ ဗိုလ်မှူးကြီးပါရစ်ချ်က ကိုယ်ကို ရှေ့သို့ ကိုင်း၍ ခပ်ဆတ်ဆတ်လေသံဖြင့် ပြောလိုက်သည်။

"ဒါဆိုရင် ဖောက်ခွဲရေးအဖွဲ့ဟာ အလုပ်လုပ်ချိန် နှစ်ဆယ့်လေးနာရီလောက်ပဲ ရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဖွဲ့အတွက် အစီအစဉ်တွေလုပ်ဖို့ တစ်နေ့နဲ့တစ်ညလောက်တော့ အနည်းဆုံး အချိန်ယူဖို့ လိုမှာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စဟာ အင်မတန် အရေးကြီးတဲ့ အခြေအနေမျိုးပါလို့ ပြောခဲ့သားပဲ"

"မက်ဆီနာမြို့ထဲမှာရှိတဲ့ အီတာလျံ သူလျှို ဂမ်ဘာရီဆီကကော ဘာ သတင်းများ ရပါသေးသလဲ"

ပါရစ်ချိ၏ အမေးကို ဒေါ်နေးက ခပ်တည်တည် ပြန်ဖြေသည်။

" 'ကာရစ်ဒီ' မမြုပ်သေးဘူးဆိုတာလောက်ပဲ သတင်းရတယ်၊ ကဲ… ဒီကိစ္စမှာ ငါက ပုံကြီးချဲ့ပြောကာ မဟုတ်တဲ့အကြောင်း ဗိုလ်ကြီးဂျွန်ဆန် နားလည်သွားအောင် မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်ရဲ့ အကဲဖြတ် သုံးသပ်ချက်ကို ရှင်းပြမယ်၊ တကယ်လို့ ခုအချိန်မှာ တို့ဘက်က စစ်စလီကျွန်းပေါ်ကို တက်တိုက်ခဲ့ရင် ကျွန်းပေါ်မှာရှိတဲ့ လက်ရှိ ရန်သူ့တပ်တွေကို နိုင်အောင် တိုက်နိုင်လိမ့်မယ်တဲ့၊ အေး… ငါက လက်ရှိဆိုတဲ့ စကားကို တမင်ပြောတာနော၊ ဒါပေမဲ့ ထောက်လှမ်းရေးသတင်းတွေအရဆိုလျှင် အမှတ် ၂၉ ပန်ဇာ တပ်မဟာကို နေပဲလ်ဒေသတစ်ဝိုက်အထိ ရွှေ့ထားပြီးပြီတဲ့၊ မက်ဆီနာ ရေလက်ကြားဆီကို အချိန်မရွေး ရွှေ့လာနိုင်တယ်တဲ့၊ ဒီတော့ တို့ကျွန်းပေါ်ကို တက်တိုက်တုန်း အမှတ် ၂၉ ပန်ဇာတပ်မဟာကို ကာရစ်ဒီနဲ့ ကျွန်းပေါ်အရောက် ပို့ပေးလိုက်ရင် တို့ဘက်က အခြေအနေ ဆိုးဝါးသွားနိုင်တယ်"

ဤတွင် နှိပ်ကွပ်၍ မရသော ဂျွန်ဆန်က ထပ်မေးပြန်သည်။

"ဒါလောက်ကလေးနဲ့ ကျွန်တော်တို့ ဒီစစ်ပွဲကြီးမှာ တကယ်ရှုံးသွားနိုင်ပါ့မလား"

ဗိုလ်မှူးကြီးဘင်ဆန်က ဝင်ဟန့်သည်။

"ဟော့… အက်ဒဝပ်၊ ဗိုလ်ချုပ်က ဘယ်လိုဘယ်ပုံ ဖြစ်လာနိုင်တယ်ဆိုတာကို ရှင်းပြနေတုန်းပဲ ရှိသေးတယ်ကွ"

ဒေါ်နေးက ဆက်ပြောသည်။

"တကယ်လို့ တို့ဘက်က ဥရောပကို ဝင်သိမ်းဖို့ ကြံတဲ့ ပထမ အစီအစဉ် ပျက်သွားရင် ဂျာမနီက မြေထဲပင်လယ်ဒေသမှာ ရှိတဲ့ စစ်တပ် အများစုကို ပြန်ရုပ်သိမ်းပြီး ရုရှစစ်မြေပြင်ကို ပို့လိမ့်မယ်၊ အဲဒီလို ဖြစ်လာလျှင် ရုရှစစ်တပ်တွေ ရှုံးတော့မှာ သေချာတယ်၊ ဒါတွေအားလုံးဟာ ကူးတို့သင်္ဘော ကြီးတစ်စင်း ကြောင့် ဖြစ်ရမှာ၊ တကယ်တော့ ကာရစ်ဒီကူးတို့သင်္ဘောဟာ ဂျာမန်စစ်တပ်တွေကို ကျွန်းပေါ် အချိန်မီပို့ပေးပြီး တို့ကို စစ်ရှုံးအောင် လုပ်နိုင်မယ့် သင်္ဘောကြီးပဲ"



ဗိုလ်မှူးကြီး လင်မြူရယ်ဘင်ဆန်က ဝင်ထောက်ခံသည်။

"ဟုတ်တယ်၊ အဲဒီအယူအဆကို ငါကလည်း ထောက်ခံတယ်၊ ဟော့… အက်ဒဝပ်၊ ဗိုလ်ချုပ်က တမင်ချဲ့ကားပြီး ပြောနေတာ မဟုတ်ဘူးကွ"

ဗိုလ်ကြီးဂျွန်ဆန်ကလည်း ခပ်တည်တည်ပင်။

"ပိုသေချာအောင် မေးကြည့်တာပါ ဗိုလ်ချုပ်၊ ခုအတိုင်းဆိုရင် အဲဒီ သင်္ဘောကြီးကို မြှုပ်ပစ်ချင်တယ် ဆိုပါတော့"

ဒေါ်နေးက ထပ်ပြောပြန်သည်။

"ဟုတ်တယ်၊ သောကြာနေ့ ညသန်းခေါင် မတိုင်မီပဲ"

ပီထရီက 'ဒါဆိုရင် စစ်စလီကျွန်းကို ဇူလိုင် ၁၀ ရက်၊ စနေနေ့ မနက်ပိုင်းမှာ ဝင်တိုက်မယ်နဲ့ တူတယ်' ဟု စိတ်ထဲက တွေးလိုက်သည်။

ဘင်ဆန်က မှတ်ချက်ချသည်။

"မေးချင်တာ တစ်ခုကတော့ ဒီတစ်ကြိမ်မှာ ဘယ်နည်းဘယ်ပုံ လုပ်ကြ မလဲ ဆိုတာပဲ"

"ဗိုလ်ကြီး စတုန်းဟမ်က အစီအစဉ်တစ်ခု ဆွဲပြီး တင်ပြထားတယ်၊ အဲဒီ အစီအစဉ်ကို ကျုပ်ကိုယ်တိုင် သဘောတူ အတည်ပြုပြီးပြီ"

ဗိုလ်မှူးချုပ် ဒေါ်နေး၏ စကားကြောင့် စားပွဲတွင် ဝိုင်းထိုင်နေသူများ၏ မျက်နှာထားများမှာ မသိမသာ ပိုတင်းသွားကြသည်။ ဗိုလ်မှူးကြီးပါရစ်ချိကလည်း ပီထရီကို ကမန်းကတန်း လှမ်းကြည့်လိုက်သည်။

ပီထရီသည် ဗိုလ်ကြီး စတုန်းဟမ် ရှင်းပြနေစဉ် လက်နှစ်ဖက်ကို ပိုက်၍ ဗိုလ်မှူးချုပ်ဒေါ်နေးကို စိုက်ကြည့်ရင်း နားထောင်နေသည်။

"မက်ဆီနာမြို့နားကို ကပ်ပြီး လေထီးနှင့် ချပေးရလိမ့်မယ်၊ ရန်သူ အင်အား နည်းတဲ့နေရာကို ရွေးပြီး ချပေးဖို့ အချိန် သိပ်မရှိတော့ဘူး၊ အဲဒီလူတွေ ရန်သူနှင့်တွေ့ရင် အတင်းတရကြမ်း ပစ်ခတ်ပြီး ထွက်ဖောက်သွားနိုင်အောင် လက်နက်အပြည့်အစုံ တပ်ဆင်ပေးလိုက်မယ်၊ ပြီးတော့လည်း အကျအဆုံး ရှိနိုင်တယ်လို့ ကြိုမှန်းတဲ့အတွက် အဲဒီအဖွဲ့မှာ ဝိုင်ယာလက် စက်သမား အပါအဝင် အနည်းဆုံး လူကိုးယောက် ပါရမယ်"

မြတ်စွာဘုရား… ပီထရီသည် ကြားဖြတ်ပြီး ဝင်မပြောမိအောင် သူ့ကိုယ်သူ မနည်းထိန်းလိုက်ရရှာသည်။ ယခုအစီအစဉ်မှာ မေဂျာလောဆန် တို့၏ အစီအစဉ်ထက် အများကြီး ပိုဆိုးသည်။ ရန်သူနှင့် ဖြောင့်ရင်ဆိုင်ရမည် ဖြစ်သဖြင့် မအောင်မြင်မည်မှာ အလွန်သေချာသည်။ ဗိုလ်မှူးကြီးပါရစ်ချိက

www.burmeseclassic.com

www.burmeseclassic.com



လည်း ပီထရီ၏အတွေးကို သိနေဟန်ဖြင့် ပီထရီ၏ လက်မောင်းကို လက်ဖြင့် အသာအယာ ပုတ်ပြီး ဝင်မပြောရန် ဟန့်လိုက်သည်။

ဗိုလ်ကြီးစတုန်းဟာမ်က ဆက်ပြောပြန်သည်။

"စစ်စလီကျွန်းရဲ့ မြောက်ပိုင်းကမ်းခြေတစ်လျှောက်မှာ အမ်အေအက်စ် အီတလီ ကမ်းခြေစောင့် သင်္ဘောတွေ ရှုပ်ယှက်ခတ်နေတယ်၊ ဒီတော့ ကမ်းခြေဘက်က ခိုးတက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ လေထီးနဲ့ ချပေးဖို့လိုကို လိုအပ်တယ်"

'ဟုတ်တာပေါ့၊ လေထီးမပါဘဲ ချပေးလျှင် ပိုတောင်ကောင်းဦးမယ်၊ ဒါမှ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် သိပ်မပစ်လိုက်ရဘဲ သက်သက်သာသာ အသက်ထွက်ကြရမှာ' ဟု ပီထရီက နာနာကြည်းကြည်း တွေးလိုက်သည်။

အစည်းအဝေး ကျင်းပရာ စားပွဲကြီး ပတ်ပတ်လည်၌ ထိုင်နေသူ တပ်မတော် အရာရှိပေါင်း နှစ်ဆယ်တိတိ ရှိသည်။ ထိုလူနှစ်ဆယ်အနက် ဆယ်ဦးမှာ ရုံးထိုင်အရာရှိများသာ ဖြစ်ပြီး (လက်တွေ့ တိုက်ပွဲဝင်ကြရသည့်) ကျန်ဆယ်ဦးကတော့ စားပွဲ၏ ထိပ်တစ်ဖက်စွန်းတွင် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ထိုင်နေသော ပီထရီကို မကြာမကြာ ဆိုသလို လှမ်းလှမ်းကြည့်နေကြသည်။ တကယ်ကလည်း ယခု တင်ပြနေသည့် အစီအစဉ်မှာ အင်မတန် ရှုးသွပ်သော သေတွင်းထဲသို့ သေချာပေါက် ခုန်ဆင်းရသော ပေါချာချာ စိတ်ကူးစိတ်သန်း တစ်ခုသာ ဖြစ်ကြောင်း ပီထရီက သူတို့အားလုံး ကိုယ်စား ဗိုလ်မှူးချုပ်ဒေါ်နေးကို ပြောပေးရန် လိုလားနေကြကြောင်း ဗိုလ်မှူးကြီး ပါရစ်ချ်က တထစ်ချ သိလိုက်သည်။

စတုန်းဟာမ်၏ စကားအဆုံးတွင် ဒေါ်နေးက အားလုံးကို ဝတ်ကျေတမ်းကျေ ပြောလိုက်သည်။

"ကဲ… ဝေဖန်ဖို့ ရှိသေးသလား၊ ပြောစရာရှိရင် ခပ်တိုတို ပြောကြနော်၊ ပြောစရာ မရှိကြဘူး မဟုတ်လား၊ ဒါဆိုရင် တိုက်ခိုက်ရေးအဖွဲ့အတွက် လူရွေးဖို့ပဲ ရှိတော့တာပေါ့"

ဗိုလ်မှူးချုပ် ဒေါ်နေးသည် သူ့ရှေ့စားပွဲပေါ်ရှိ စာရွက်ကို တစ်ချိန်လုံး ငုံ့ကြည့်ပြီး ပြောနေခြင်း ဖြစ်သော်လည်း ကိစ္စတစ်ခုကြောင့် သူ့ခေါင်းကို မော်မကြည့်ဘဲ မနေနိုင်အောင် ဖြစ်လာရသည်။ မေဂျာပီထရီသည် ဗိုလ်မှူးကြီး ပါရစ်ချ်အား တောင်းပန်ဟန်ဖြင့် ပြုံးပြလိုက်ပြီး ထိုင်နေရာမှ ဖြည်းညင်းစွာ



မတ်တတ်ရပ်လိုက်ရာ အားလုံးက ပီထရီကို ဝိုင်းကြည့်နေကြသောကြောင့် ဖြစ်သည်။ ပီထရီက ခပ်တိုးတိုး ခွင့်ပန်လိုက်သည်။

"ကျွန်တော့်ကို စကားနည်းနည်း ပြောခွင့်ပေးပါ ဗိုလ်ချုပ်"

ဒေါ်နေးက ပြန်ဖြေသည်။

"အချိန် သိပ်မရှိတော့ဘူးကွ၊ မင်း ပြောစရာရှိရင် ခပ်တိုတိုပြော"

"ကျွန်တော့် အယူအဆကို တင်ပြရမယ်ဆိုရင် ဒီအစီအစဉ်ဟာ နောက်တစ်ကြိမ် ကိုးရိုးကားရား ထပ်ဖြစ်ဖို့ သေချာသလောက်ပဲ"

"မင်းစကားက ဘယ်လိုလဲကွ"

"လောဆန်ရဲ့ ကမ်းခြေတက် အစီအစဉ် ကိုးရိုးကားရား ဖြစ်သွားတယ်လို့ ဗိုလ်ချုပ်ပဲ ပြောခဲ့တယ် မဟုတ်လား"

ဒေါ်နေးက ပီထရီ၏ ဝေ့လည်လည် အဖြေကို သိပ်မကျေနပ်ချေ။

"မင်းက 'နောက်တစ်ကြိမ်' လို့ ပြောတာပါကွ"

"မှန်ပါတယ် ခင်ဗျာ၊ အဲဒါကတော့ စတုန်းဟာမ်ရဲ့ အစီအစဉ်သစ်ကို ပြောတာပါ၊ မက်ဆီနာမြို့နားအထိ ကပ်ပြီး လေထီးသမားတွေကို ချပေးမယ်ဆိုရင် မီးပုံထဲ ခုန်ဆင်းခိုင်းတာနဲ့ အတူတူပါပဲ၊ (စစ်စလီ) ကျွန်းတစ်ခုလုံးမှာ အဲဒီနေရာဟာ စစ်တပ်အများဆုံး ချထားတယ်ဆိုတော့"

"ဒီတော့ စွန့်ရမှာပေါ့ကွ၊ တို့လုပ်ရမယ့် အချိန်ကလည်း ၄၈ နာရီပဲ ရှိတယ် မဟုတ်လား"

"မှန်ပါတယ် ဗိုလ်ချုပ်၊ အဲဒါကြောင့် ပိုပြီး အမှားအယွင်းအဖြစ်မခံနိုင်တာပေါ့ ခင်ဗျာ၊ အခု လွှတ်တဲ့အဖွဲ့ဟာ ခိုင်းလိုက်တဲ့ အလုပ်ကို မဖြစ်ဖြစ်အောင် လုပ်နိုင်မှ ဖြစ်တော့မှာ၊ ခုတစ်ကြိမ် ကိုးရိုးကားရား ဖြစ်သွားရင် နောက်တစ်ဖွဲ့ ထပ်လွှတ်ဖို့ အချိန် မရှိတော့ဘူး၊ ပြီးတော့လည်း လေယာဉ်ပျံပေါ်က ချပေးမယ်ဆိုတဲ့ စိတ်ကူးဟာ လုံးဝ မဖြစ်နိုင်ဘူး၊ ကိုးရိုးကားရား ဖြစ်ဖို့ သေချာတယ်"

ဒေါ်နေးက ခပ်ထန်ထန် မေးလိုက်သည်။

"ဘာဖြစ်လို့လဲကွ"

"ဗိုလ်ချုပ် အမိန့်ရှိခဲ့တဲ့အတိုင်း အချိန် သိပ်နည်းနေလို့ပါပဲ၊ ပထမ အချက်ကတော့ လသာနေတဲ့ ညအချိန်မှာမှ လေယာဉ်ပေါ်က ချပေးရမှာ၊ ဒါဆိုရင် အောက်ကနေ လှမ်းမြင်ဖို့ သေချာသွားပြီ၊ အဲ… အဓိက လိုအပ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ တိုက်ခိုက်ရေးတပ်ဖွဲ့ စစ်စလီကျွန်းပေါ် ရောက်လာတယ်ဆိုတာ ရန်သူဘက်က လုံးဝ မရိပ်မိဖို့ပဲ၊ ဒုတိယအချက်ကတော့ လေထီးနဲ့ ချပေးရင် လူစုကွဲသွားတတ်တယ်၊ လူပြန်စုနေရမယ် ဆိုလျှင် အဖိုးတန်တဲ့ အချိန်တွေ အလဟဿ ဖြစ်ကုန်လိမ့်မယ်၊ စစ်စလီကျွန်းပေါ်မှာ လူစု ကွဲသွားလျှင်တော့ တစ်ယောက်နှင့် တစ်ယောက် ရှာမတွေ့ကြတော့မှာ သိပ်သေချာသွားပြီ၊ ဒီတော့ လေထီးနဲ့ဆင်းရမယ့် အစီအစဉ်ဟာ မဖြစ်နိုင်တော့ဘူး''

''နောက်ထပ် ကန့်ကွက်စရာ ရှိသေးသလား''

ဗိုလ်မှူးချုပ် ဒေါ်နေး၏ လေသံတွင် ငေါ်သံ၊ ထေ့သံ အပြည့်အဝ ပါနေသည်။

''အများကြီး ရှိပါသေးတယ် ဗိုလ်ချုပ်၊ အမှန်အတိုင်း ပြောရမယ် ဆိုလျှင် စတုန်းဟမ်ရဲ့ အစီအစဉ်မှာ ကြိုက်စရာ တစ်ကွက်မှ ရှာမတွေ့ပါဘူး၊ သူ့က အနည်းဆုံး လူကိုးယောက် လွှတ်ဖို့ တင်ပြထားတယ်။ ဒီလူတွေဟာ တောသူတောင်သားတွေလို ရုပ်ဖျက်ထားသည့်တိုင်အောင် ဒီလောက်တောင် များတဲ့ လူစုကို သတိပြုမိကြမှာပဲ၊ အဲ··· အရေးကြုံလာပြီ ဆိုလျှင်တော့ ကိုယ့်အချင်းချင်း မှားယွင်းပြီး ပစ်မိခတ်မိမှာကိုတောင် စိုးရိမ်ရသေးတယ်၊ နောက်တစ်ချက်ကလည်း အီတလီစကားကို ရေရေလည်လည် ပြောတတ်တဲ့လူ၊ ဒီလောက် များများကို အလွယ်တကူ စုဆောင်းဖို့ လွယ်မှာ မဟုတ်ဘူး''

''တို့ဘက်က အကျအဆုံး ရှိနိုင်တယ် ဆိုတာကို ထည့်တွက်ထားရမှာပေါ့ကွ''

''အဲ···အကျအဆုံး ရှိပြီဆိုတာနဲ့တစ်ပြိုင်နက် ရန်သူက သိသွားပြီ၊ မြင်သွားပြီ၊ ဒါဆိုရင် ဒီကိစ္စ မအောင်မြင်ဖို့ သိပ်သေချာသွားတာပေါ့ ခင်ဗျာ''

''နေပါဦး···သူတို့ပြောတဲ့ ဘာသာစကားကို ပြောတတ်ဖို့ ဘာဖြစ်လို့ လိုအပ်ရမှာလဲ''

''ဒါကတော့ အဲဒီလို ပြောတတ်ပါမှ အရပ်သားတွေလို ရဲရဲတင်းတင်း သွားလာလှုပ်ရှားနိုင်မှာပေါ့၊ ဒါမှပဲ သွက်သွက်လက်လက် သွားလာလုပ်ကိုင်နိုင်မယ်၊ ဒါကလည်း အချိန်သိပ်နည်းနေပြီလို့ ဆိုတဲ့အတွက်ကြောင့်ပါ''

ဗိုလ်မှူးချုပ် ဒေါ်နေးက ကိုယ်ကို ရှေ့သို့ ကိုင်း၍ မေးလိုက်သည်။

''ဒါဖြင့်လျှင် လူဘယ်နှယောက် သွားသင့်တယ်လို့ မင်းက အဆိုပြုချင်သလဲ မေဂျာပီထရီ''



ရွက်ထည်တဲထဲရှိ အရာရှိအားလုံး ပြုံကတော့ ငြိမ်သက်သွားကြသည်။ ဤစကားစစ်ထိုးပွဲတွင် အပြန်အလှန် ပြောဆိုနေသည့် စကားလုံးများကို လက်လွှတ်မခံလိုသောကြောင့် အစွမ်းကုန် နားစွင့်နေကြခြင်း ဖြစ်သည်။

''ကျွန်တော်သာဆိုရင် ဒီက လူနှစ်ယောက်ပဲ လွှတ်ချင်တယ်···''

''ဘာကွ၊ နှစ်ယောက်တည်း ဟုတ်လား''

ဒေါ်နေးတစ်ယောက် ပေါက်ကွဲလေပြီ။

ပီထရီကလည်း ခေါင်းမာသည်။

''နှစ်ယောက်ထက် မပိုသင့်ဘူး··· ဗိုလ်ချုပ်၊ နောက်တစ်ချက်ကလည်း ဗိုလ်ကြီးစတုန်းဟမ် ပြောတဲ့ ယူသွားရမယ်ဆိုတဲ့ လက်နက်ပစ္စည်းစာရင်းဟာ သိပ်များလွန်းနေတယ်၊ အခု လွှတ်တဲ့အဖွဲ့ဟာ ရန်သူနှင့်ဖြင်ဆိုင်ရမယ့် အဖွဲ့ မဟုတ်ဘူး၊ နောက်ပိုင်းက တိတ်တဆိတ် နိုးဝင်ပြီး လူမသိအောင် အလုပ်လုပ်ရမယ့် ဖောက်ခွဲရေးအဖွဲ့ပါ၊ သည်လူတွေဟာ ရန်သူတွေကြားထဲကို တိတ်တိတ်ကလေး နိုးဝင်နိုင်ရမယ်၊ သူတို့ ရောက်နေတယ်ဆိုတာကို ဂျာမန်တွေက အနံ့မခံနိုင်ခင် ကာရစ်ဒီပေါ် နိုးတက်ပြီး···''

ထိုအခိုက်တွင် ဒေါ်နေးသည် ကုလားထိုင်ပေါ်မှ ကိုယ်ကို ပတ်ချာလည် လှည့်လိုက်ပြီး တဲထဲသို့ ဝင်လာသူတစ်ဦးကို ကြည့်လိုက်သဖြင့် ပီထရီ ပြောနေသည့် စကားမှာလည်း တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားရတော့သည်။ ဗိုလ်မှူးချုပ် ဒေါ်နေးသည် ကပျာကယာ ထိုင်ရာမှ ခုန်ထလိုက်ပြီး ဝင်လာသူကို အလေးပြုလိုက်သည်။ တစ်စက္ကန့်အတွင်း တဲထဲရှိ လူအားလုံး မတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။

တဲထဲသို့ ဝင်လာသူမှာ အရပ်ပုပု၊ ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်၊ နှာခေါင်းရှည်ရှည်နှင့် ခါးနှစ်ချောင်း ကြက်ခြေခတ်ထားသော ဒုဗိုလ်ချုပ်ကြီးအဆင့် အဆောင်အယောင် တံဆိပ်ကို တပ်ဆင်ထားပြီး တင့်ကားတပ်မှ ဦးထုပ်ပျော့ကလေးကို ဆောင်းထားသူ ဖြစ်သည်။ သူက-

''ဒေါ်နေး··· ဒီအစည်းအဝေးမှာ ငါ ဆက်ဆွေးနွေးမယ်'' ဟု ပြောရင်း စားပွဲထိပ်ရှိ ကုလားထိုင်ဆီသို့ ဆက်လျှောက်သွားသည်။

''ကဲ··· လူကြီးမင်းများ ထိုင်နိုင်ကြပါပြီ၊ ဒီကိစ္စကို ဒီမှာ အပြတ် ဆွေးနွေးမှ ဖြစ်တော့မယ်၊ ဟော့···ဒေါ်နေး၊ မင်းတို့ အစည်းအဝေးက ဘယ် အခြေအထိ ရောက်နေပြီလဲကွ''

ဒုဗိုလ်ချုပ်ကြီး ဆာဘားနတ်စထရစ်လင်းက အစည်းအဝေးကို ဆက်

www.burmeseclassic.com

www.burmeseclassic.com



လက် ဦးဆောင်နေလေပြီ။ ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းသည် ဗိုလ်မှူးချုပ် ဒေါ်နေးက တင်ပြအစီရင်ခံနေစဉ် စားပွဲ၏ တစ်ဖက်ထိပ်စွန်းဆီသို့ မမိုတ်မသုန် လှမ်းကြည့်နေသည်။

ထို့နောက် စိတ်မရှည်တော့ဟန်နှင့် ဗိုလ်ကြီးစတုန်းဟမ်ထံ လက်ကမ်း လိုက်ရာ စတုန်းဟမ်က တိုက်ခိုက်ရေးအဖွဲ့ အစီအစဉ် ရေးထားသော စာရွက် ကို ပေးလိုက်ရလေတော့သည်။ ဒေါ်နေးက ဆက်လက်တင်ပြနေစဉ် ဒုဗိုလ်ချုပ် ကြီး စထရစ်လင်းက နှာခေါင်းရှုံ့ရင်း ထိုစာရွက်ကို ဖတ်နေသည်။ ထို့နောက် စားပွဲထိပ် တစ်ဖက်စွန်းဆီသို့ ဒုတိယအကြိမ် လှမ်းကြည့်ပြန်၏။ ဗိုလ်မှူးကြီး ပါရစ်ချ်သည် ကုလားထိုင်ပေါ်တွင် နေမထိထိုင်မသာ ဖြစ်နေရှာသည်။ မေဂျာပီထရီအား ဤအစည်းအဝေးသို့ တက်ရန် အဘယ့်ကြောင့် ဖိတ်ကြား ခဲ့သည်ကို သူ ယခု ရိပ်မိသွားလေပြီ။ အစည်းအဝေးသို့ တက်ရမည့် ပုဂ္ဂိုလ် များ၏ စာရင်းတွင် ပီထရီ၏ အမည်ကို ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းကိုယ်တိုင် ဖြည့်စွက်ပေးလိုက်ခြင်းသာ ဖြစ်ရမည်။

ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းသည် ထိုစာရွက်ကို လုံးချေ၍ စားပွဲပေါ် သို့ ပစ်ချလိုက်ပြီးနောက် ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်သည်။

"ဒီလို အစုတ်ပလုတ်တွေဟာ အမှိုက်ခြင်းနဲ့ပဲ တန်တယ်၊ နောက် တစ်ခါကျရင် အမှိုက်ခြင်း ယူခဲ့ဖို့ မမေ့နဲ့ကြားလား၊ ဗိုလ်ကြီးစတုန်းဟမ် မင်း အစီအစဉ်ကတော့ သူခိုးကို ဓားရိုးကမ်းတဲ့ အစီအစဉ်ပဲ"

စတုန်းဟမ်က အထိတ်တလန့်နှင့် ပြန်ဖြေသည်။

"ကောင်းပါပြီ ဗိုလ်ချုပ်ကြီး"

"မင်း... မနက်ဖြန်မနက် ရှစ်နာရီကျလျှင် ငါ့တဲကို လာပြီး သတင်း ပို့ ကြားလား ဒေါ်နေး၊ မင်းလည်း လာခဲ့ရလိမ့်မယ်၊ ကဲ... မေဂျာပီထရီ၊ ကာရစ်ဒီကို မင်းဘယ်လို မြုပ်ပစ်မလဲ"

❑

ပီထရီက စစ်စလီကျွန်းပေါ်သို့ တက်ရမည့် နည်းလမ်းကို တင်ပြရာ ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းက သဘောတူ လက်ခံလိုက်သည်။ ပီထရီ ရှင်းပြ နေစဉ် ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းသည် ပီထရီ ရှိရာသို့ လျှောက်လာပြီး အနားတွင် မတ်တတ်ရပ်ရင်း လက်နှစ်ဖက်ကို နောက်ပစ်၍ စေ့စေ့စပ်စပ် နားထောင်နေသည်။



"အဲဒီအဖွဲ့မှာ လူဘယ်နှယောက် ပါသင့်တယ်လို့ မင်း ထင်သလဲ"

ပီထရီက ချက်ချင်းမဖြေ။ သူ ပထမ ဖြေစဉ်က ဗိုလ်မှူးချုပ်ဒေါ်နေး အကြီးအကျယ် ဒေါပွသွားသည်ကို သတိရသောကြောင့် တုံ့ဆိုင်းဆိုင်း ဖြစ်သွား သည်။

ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းက ထပ်ပြောသည်။

"ပြောစမ်းပါကွ၊ ငါ စစ်စလီကျွန်းပေါ် ရောက်လျှင် တစ်ဖက်က ရန်သူကို အလဲထိုးပစ်မှာပါ၊ ဒါပေမဲ့ မင်း ကူညီမှ ဖြစ်မှာနော၊ ငါ အဲဒီကျွန်း ပေါ်ရောက်လျှင် အဲဒီကူးတို့သင်္ဘောကြီး ပင်လယ်ရေပြင်အောက်ကို ရောက်နှင့် နေဖို့ လိုတယ်"

ပီထရီက ခပ်အေးအေး ပြန်ဖြေသည်။

"သုံးယောက်ဆိုရင် လုံလောက်ပါပြီ၊ ဒါ့ထက်များလျှင် အလုပ်မဖြစ် မှာ စိုးရိမ်ရတယ်"

"မင်းက အဲဒီလောက်ဆိုရင် လုံလောက်ပြီလို့ ထင်သလား"

"သိပ်ကို သေချာပါတယ် ဗိုလ်ချုပ်ကြီး၊ တစ်ယောက်ကတော့ တိုက်ခိုက်ရေးခေါင်းဆောင်၊ သူက အီတာလျံစကားကို မှတ်နေအောင် ပြော တတ်ရမယ်၊ ဒုတိယလူကတော့ ဖောက်ခွဲရေးပါရဂူ၊ အဲဒီလူဟာ စစ်စလီကျွန်း ပေါ်ကို ရောက်နှင့်နေပြီ၊ ကျွန်တော် စစ်စလီကျွန်းပေါ်မှာ ရှိနေခဲ့တုန်းက ကျွန်တော်နဲ့ တွဲဖက်ပြီး ဝိုင်ယာလက်စက်သမားအဖြစ် ဆောင်ရွက်ခဲ့တဲ့ တပ်ကြပ်ကြီး လင်းဖီးလ်ဒင်းကို ဆိုလိုတာပါ၊ အဲ... သူက ဖောက်ခွဲရေးပစ္စည်း တွေအကြောင်း ကောင်းကောင်းကြီး နားလည်တယ်၊ ပြီးတော့လည်း အီတာလျံ စကားကို မှတ်နေအောင် ပြောနိုင်တယ်၊ တတိယလူကတော့ တိုက်ခိုက်ရေး ဒုခေါင်းဆောင်အဖြစ် ဆောင်ရွက်ရမယ်၊ သူကလည်း အီတာလျံစကားကို ကောင်းကောင်း ပြောတတ်ရမယ်၊ ပြီးတော့လည်း ခေါင်းဆောင်နဲ့ ဒုခေါင်းဆောင် နှစ်ဦးအနက် တစ်ဦးဦးက ဖောက်ခွဲရေးပစ္စည်းတွေအကြောင်း နားလည်ထားဖို့ လိုတယ်၊ ဒါမှ လင်းဖီးလ်ဒင်း တစ်စုံတစ်ခု ဖြစ်သွားခဲ့ရင် သူ့နေရာမှာ အစားဝင်ပြီး တာဝန်ယူနိုင်ဖို့ပါပဲ"

"ယူသွားရမယ့် ပစ္စည်းပစ္စယတွေကကောကွာ"

"အလွယ်တကူ ဖွက်ပြီး ယူသွားနိုင်မယ့် သေနတ် တစ်ယောက် တစ်လက်စီ၊ ဓားမြှောင် တစ်ယောက် တစ်ချောင်းစီနှင့် ယမ်းဘီလူး ပေါင် ခြောက်ဆယ်၊ ဒါလောက်ပါပဲ၊ ဒီအဖွဲ့ဟာ ယုန်တွေလို ပြေးနိုင်လွှားနိုင်ရမယ်၊

www.burmeseclassic.com



ချက်ချင်း ပုန်းနိုင်ရမယ်၊ ပြီးတော့လည်း လူပ်ရှားသွားလာတဲ့ နေရာမှာ အဟန့်အတား ဖြစ်စေမယ့် အဖိုးမတန်တဲ့ သံထည်ပစ္စည်း အဟောင်းအမြင်းတွေ ပါမသွားသင့်ဘူး''

''ဝိုင်ယာလက်စက်ကို ဆိုလိုတာလား''

''သွေးထွက်အောင် မှန်ပါတယ် ဗိုလ်ချုပ်ကြီး၊ ဘာပဲပြောပြော မက်ဆီနာမြို့မှာရှိတဲ့ အီတလီလူမျိုးသူလျှို အင်ဂျလိုဂမ်ဘာရီဆီမှာ အသံလွှင့်စက် ရှိသွားပဲ၊ သတင်းပို့ဖို့ လိုတဲ့အခါကျလျှင် အဲဒီစက်ကို သုံးနိုင်မှာပါ''

''အဲဒီအဖွဲ့က ဘယ်နေရာကနေပြီး ကျွန်းပေါ်ကို တက်မှာလဲ''

''ပလာမိုမြို့''

ပီထရီက ပြောပြောဆိုဆိုနှင့် ထိုမြို့ကို လက်ညှိုးဖြင့် ထောက်ပြလိုက်ရာ တဲထဲတွင် ရှိနေသူအားလုံး တအံ့တသြ ဖြစ်သွားကြသည်။ ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းသည်ပင်လျှင် ပထမဆုံးအကြိမ် မျက်မှောင်ကုတ်လိုက်သည်။

''အဲဒီမြို့ဟာ မက်ဆီနာမြို့ရဲ့ အနောက်ဘက် မိုင်တစ်ရာကျော်ကျော် ဝေးပါကလား''

''မှန်ပါတယ်၊ အဲဒီနေရာက ဝင်လာလိမ့်မယ်လို့ ရန်သူ့ဘက်က လုံးဝ တွေးမိမှာ မဟုတ်ဘူး၊ ဒါကတော့ သည်အစီအစဉ်ရဲ့ အခြေခံ အချက်တစ်ချက်ပါ၊ ခပ်ရှင်းရှင်း ပြောရမယ်ဆိုလျှင် သည်အစီအစဉ်မှာ အဓိကကျတဲ့ အချက်နှစ်ချက် ရှိပါတယ်၊ ပထမအချက်ကတော့ ရန်သူ့ဘက်က ဘယ်လိုနည်းနဲ့မှ မျှော်လင့်မထားတဲ့ နေရာတစ်နေရာရာက သူတို့ မသိအောင်၊ မမြင်အောင် တက်ဖို့ပါ၊ မက်ဆီနာတစ်ဝိုက်မှာ ဆိုလျှင် ဂျာမန်နှင့် အီတာလျံ စစ်တပ်တွေ အများကြီး ရှိနေတယ်၊ တစ်ခါ မေဂျာလောဆန်တို့ ခိုးတက်တဲ့ အစီအစဉ်ကြောင့် သတိပေးသလို ဖြစ်သွားပြီး ပိုစောင့်ကြမှာ သေချာတယ်၊ သည်တော့ မက်ဆီနာတစ်ဝိုက်ကနေ ကုန်းပေါ်တက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ နောက်တစ်ချက်ကတော့ ပလာမိုမြို့မှာ ကျွန်တော့် အဆက်အသွယ်တွေ အများကြီး ရှိနေတယ်၊ ဒါ့ကြောင့် အဲဒီကနေ တက်နိုင်လျှင် အကောင်းဆုံးပဲ၊ ပိုအရေးကြီးတဲ့ အချက်ကတော့ အဲဒီနေရာက အရှေ့ဘက်မှာ ရှိတဲ့ မက်ဆီနာကို သွားဖို့ ခရီးသွားစရာ ယာဉ်တစ်ခုခု စီစဉ်လို့ ရနိုင်တယ်''

''ပလာမိုကနေပြီး မက်ဆီနာအထိ ကမ်းခြေတစ်လျှောက် မြှောင်ပြီး ဖောက်ထားတဲ့ လမ်းမကြီးအတိုင်း သွားမှာလား''



''မဟုတ်ဘူး ခင်ဗျ၊ အဲဒီလမ်းက သွားလျှင် အန္တရာယ် ရှိနိုင်တယ်၊ အဲဒီလမ်းဘေးမှာရှိတဲ့ စီဖလူးမြို့မှာ ဂျာမန်တပ်တွေ တပ်စွဲထားတယ်လို့ သတင်းရထားတယ်၊ သည်တော့ အဲဒီအဖွဲ့ဟာ ကုန်းတွင်းပိုင်းမှာရှိတဲ့ ဟော့သည်လမ်းအတိုင်း သွားရလိမ့်မယ်၊ သည်ဘက်မှာ ရန်သူရဲ့ တပ်တွေ အသွားအလာ သိပ်မရှိတော့ ခရီးသွားရတာ ပိုလွယ်လိမ့်မယ်၊ နောက်တစ်ချက်ကလည်း အင်ဂျလို ဂမ်ဘာရီက လမ်းတစ်ဝက်လောက်မှာရှိတဲ့ စကိုပါနာမြို့အထိ ဆင်းလာပြီး သူတို့ကို ဆီးကြိုနိုင်စရာ ရှိတယ်၊ သည်အစီအစဉ်မှာ ကာရစ်ဒီရဲ့ ကူးတို့ အချိန်ဇယားကို သိတဲ့ အင်ဂျလိုဂမ်ဘာရီဟာ အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ရလိမ့်မယ်''

''မင်းပြောတာ အဓိပ္ပာယ်ရှိတယ်''

စထရစ်လင်းက မြေပုံကို ငုံ့လေ့လာနေစဉ် ဗိုလ်မှူးကြီးပါရစ်ချ်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ညဆယ်နာရီခွဲ ရှိနေလေပြီ။ ဒုဗိုလ်ချုပ်ကြီးသည် ထုံးစံအားဖြင့် ည ၉ နာရီခွဲတွင် မှန်မှန်အိပ်ရာဝင်လေ့ရှိပြီး နံနက် ၆ နာရီခွဲတွင် အိပ်ရာမှ ထတတ်သူ ဖြစ်သည်။ အဆိုပါ အလေ့အကျင့်ကို ဖျက်လိုက်ခြင်းမှာ ဤစစ်ဆင်ရေးသည် အထူးအရေးပါကြောင်း ထင်ရှားသည်။

ဒုဗိုလ်ချုပ်ကြီးစထရစ်လင်းက ပီထရီကို ထပ်မေးပြန်၏။

''မင်းက ပလာမိုမြို့မှာ စီးစရာယာဉ် တစ်စီးစီး ရနိုင်လိမ့်မယ်လို့ ပြောသွားတယ်၊ အဲဒီကိစ္စကို ဘယ်လို စီစဉ်မှာလဲ''

''ပလာမိုမြို့ကနေ ကျွန်းပေါ် တက်ရတဲ့ ကိစ္စမှာ အဲဒီကိစ္စကလည်း အဓိကအရေးပါတဲ့ အချက်တစ်ချက်ပါပဲ၊ အခု စစ်ဆင်ရေးမှာ ပြင်ပအကူအညီကို ယူဖို့ လိုပါတယ်၊ ကျွန်တော်တို့ မာဖီးယား (လူဆိုးဂိုဏ်း) ကို အသုံးချရပါလိမ့်မယ်''

❑

ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းက မေးစေ့ကို လက်နှင့် ပွတ်လိုက်သည်။ ပီထရီ့စကားကြောင့် အံ့အားသင့်သွားသော်လည်း လူမသိအောင် ထိန်းထားနိုင်သည်။

''သူတို့ကို အသုံးချလို့ ဖြစ်ပါ့မလားကွ''

''မဟာမိတ်တပ်ပေါင်းစု စစ်ဆင်ရေးဌာနချုပ်ကတော့ သူတို့ကိုပဲ တာဝန်ပေးပြီး ကျွန်းပေါ်က ရန်သူ့အခြေအနေ လှုပ်ရှားမှု သတင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းနိုင်းထားတာ ကြာပြီပဲ၊ ကျွန်တော်ကိုယ်တိုင် ကျွန်းပေါ်မှာ ရက်သတ္တ ရှစ်ပတ်ကြာအောင် နေခဲ့ပြီး သူတို့ လုပ်ရမယ့် အလုပ်တွေ အစီအစဉ်ကျအောင် သင်ပေးခဲ့ရသေးတယ်၊ အမေရိကန်တွေကလည်း မာဖီးယားအုပ်စုနဲ့ ဆက်သွယ်ဖို့ သူတို့ဘက်က ကိုယ်စားလှယ်တွေကိုတောင် သတ်သတ်လွှတ်ခဲ့သေးတယ်၊ သည်ကိစ္စမှာ ကူညီနိုင်ဖို့အတွက် အမေရိကန် အကျဉ်းထောင်တွေထဲက မာဖီးယားဂိုဏ်း လူဆိုးခေါင်းဆောင်ကြီးတွေကိုတောင် ပြန်လွှတ်ပေးခဲ့တယ်၊ သည်ကိစ္စကို မူအားဖြင့် သဘောမကျလှပေမဲ့ သည်ကျွန်းပေါ်မှာတော့ သူတို့ကိုပဲ အားကိုးစရာ ရှိတော့တယ်''

ဗိုလ်မှူးကြီးဘင်ဆန်က ဝင်ပြောပြန်ရာ ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းက ဘင်ဆန်ကို လှည့်ကြည့်သည်။

''ကျွန်တော်တို့ဆီက လူတွေ ကျွန်းပေါ်ကို လွှတ်လိုက်တယ်လို့ ပီထရီ ပြောတာ မှန်တယ် ဗိုလ်ချုပ်ကြီး၊ နောက်တစ်ချက်ကလည်း နောက်ပိုင်းကျလျှင် မဟာမိတ်တပ်ပေါင်းစု စစ်အစိုးရအဖွဲ့ထဲမှာ သူတို့ကို ထည့်သုံးဖို့တောင် စီစဉ်ထားပါတယ်၊ မာဖီးယားအဖွဲ့ကသာ စစ်စလီကျွန်းသားတွေကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်မှာဆိုတော့ နောက်ပိုင်းကျလျှင် သူတို့ကတစ်ဆင့် အုပ်ချုပ်ဖို့ လိုပါတယ်''

ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းတစ်ယောက် စိတ်ရှည်ပုံ မပေါ်တော့။

''ကျုပ် သည်ကိစ္စတွေအားလုံးကို သိပြီးသားပါ၊ ကဲ…မေဂျာပီထရီ၊ ပလာမိုမှာ ဘယ်လိုနည်းနဲ့ ယာဉ်တစ်စီးစီး ရနိုင်မလဲလို့ ငါ မေးထားတယ်လေ''

''ဟင်းသီးဟင်းရွက် တင်တဲ့ကား၊ ဒါမှမဟုတ် တခြားကားတစ်စီးစီးကို မာဖီးယားအုပ်စုက ရှာပေးပါလိမ့်မယ်။ ဒါဆိုလျှင် ပလာမိုက မက်ဆီနာကို ချောချောမောမော မြန်မြန်ဆန်ဆန် ရောက်အောင် သွားနိုင်ကြလိမ့်မယ်၊ နောက်တစ်ခါ ပလာမိုမြို့က စတက်ချင်တဲ့ အရေးအကြီးဆုံး အချက်တစ်ချက်ကတော့ တိုက်ခိုက်ရေးအဖွဲ့မှာ စိတ်ချရတဲ့ စစ်စလီကျွန်းသား တစ်ယောက်ယောက် လမ်းပြမယ့်လူအနေနဲ့ မပါလျှင် လမ်းပျောက်နေမှာ သေချာတယ်''

စထရစ်လင်းက ထပ်မေးသည်။

''စိတ်ချရတဲ့ စစ်စလီကျွန်းသားဆိုတာ ရှိလို့လား၊ သည်ကောင်တွေဟာ လူဆိုးလူရမ်းတွေပဲ၊ ဒါမှမဟုတ် ပလာမိုမှာ ရာနှုန်းပြည့် မဟုတ်လျှင်တောင် တစ်ဝက်လောက်နီးနီး စိတ်ချရတဲ့ လူကို မင်း တွေ့ထားလို့လား''



''ရှိတယ် ခင်ဗျ၊ အဲဒီလမ်းပြအလုပ်ကို လုပ်နိုင်မယ့်လူ၊ ပြီးတော့လည်း ဖောက်ခွဲရေးအဖွဲ့ မက်ဆီနာကို အချိန်မီရောက်အောင် သတ္တိရှိရှိနဲ့ လိုက်ပို့ပေးနိုင်မယ့်လူ တစ်ယောက်ပဲ ရှိတယ်၊ ဗီတိုဆဲလ်ဗားကို ပြောတာပါ''

''ဘာကွ အဲဒီကောင်လား၊ ဒီကောင်ဟာ မြေထဲပင်လယ်တစ်ဝိုက်မှာ အကြီးဆုံး လူမိုက်ပဲ''

ပီထရီက ခပ်အေးအေး ပြန်ဖြေသည်။

''ဒါကတော့ ဗိုလ်ချုပ်ကြီးက သူ့ကို တမင်သက်သက် အထင်သေးနေလို့ပါ၊ တကယ်ကတော့ အဲဒီလူဟာ အီကွေတာရဲ့ မြောက်ဘက်ခြမ်းတစ်ခုလုံးမှာ အကြီးဆုံး လူဆိုးကြီး ခင်ဗျ၊ ဒါပေမဲ့ သူက မာဖီးယားဂိုဏ်းခေါင်းဆောင်ဖြစ်တဲ့အပြင် စစ်စလီကျွန်းတစ်ခုလုံးမှာ ရှိတဲ့ သဘော်ာဆိပ်တွေက လူဆိုးလူမိုက် မှန်သမျှကိုပါ သူက ချုပ်ကိုင်ထားတယ် ခင်ဗျ''

''မင်းက သဘော်ာဆိပ်ထဲ ဝင်ဖို့ ကိစ္စကိုတောင် စဉ်းစားထားသလား''

''မှန်ပါတယ် ခင်ဗျာ၊ ဗီတိုဆဲလ်ဗားဟာ သူ့တပည့်လူဆိုးတွေရဲ့ အကူအညီနှင့် ဖောက်ခွဲရေးအဖွဲ့ကို သဘော်ာဆိပ်ထဲ ရောက်အောင် ခိုးသွင်းပေးနိုင်ပါလိမ့်မယ်''

''နေပါဦး၊ ဗီတိုဆဲလ်ဗားက ဒီကိစ္စတွေ အားလုံးကို တို့အတွက် လိုက်လုပ်ပေးလိမ့်မယ်လို့ မင်းက ထင်သလား''

''သူ လိုချင်တာကိုသာ ပေးမယ်ဆိုရင် လုပ်ပေးမှာ သေချာပါတယ်၊ သူ့ကို အဲဒီနည်းနဲ့ပဲ သိမ်းသွင်းရမှာပါ''

''သူ လိုချင်တာက ဘာလဲ''

''ဒီကျွန်းကို ကျွန်တော်တို့ဘက်က သိမ်းပိုက်ပြီး ပြန်လည် ဖွဲ့စည်းပေးမယ့် စစ်အုပ်ချုပ်ရေးအဖွဲ့မှာ သူ သိပ်ပါချင်နေတယ်၊ သူက ပလာမိုခရိုင်ဝန် ဖြစ်ချင်တယ်၊ ဒါပေမဲ့ ပလာမိုမြို့ဝန်ရာထူးလောက် ရမယ်ဆိုရင်လည်း ကျေနပ်မှာပါပဲ''

''ဒါကတော့ နိုင်ငံရေးသမားတွေ စဉ်းစားရမယ့် ကိစ္စပါ၊ ဒါပေမဲ့ မင်းသာဆိုလျှင် သူ့ကို အဲဒီလို ရာထူးမျိုးအတွက် ထောက်ခံမှာလား''

ပီထရီက စိတ်ရှုပ်ဟန်ဖြင့် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြရင်း ပြန်ဖြေသည်။

www.burmeseclassic.com



"ကျွန်တော့်မှာသာ အာဏာရှိမယ်ဆိုလျှင် သူ့ကို လမ်းပေါ်က တံမြက်စည်းလှဲအဖြစ်တောင် မခန့်ဘူး၊ အဲလေ··· မာဖီးယားဂိုဏ်းနဲ့ ဆက်သွယ်ပြီး လုပ်ကိုင်နေတာကိုက သိပ်မှားတယ်၊ ကြာရင် သူတို့နဲ့ မပေါင်းတာကမှ ခပ်ကောင်းကောင်းလို့ သိလာကြမှာ။ ဒါပေမဲ့ သည်ကိစ္စကြီး အောင်မြင်စေချင်တယ် ဆိုလျှင်တော့ ဗီတိုဆဲလ်ဗားကို သုံးမှ ဖြစ်မယ်"

စထရစ်လင်းက မကျေမချမ်းနှင့် ပြန်ပြောသည်။

"အဲလေ···အဲဒါက နိုင်ငံရေးကိစ္စပဲ၊ ငါ့အလုပ်ကတော့ စစ်နိုင်ဖို့ အဓိကပါ၊ အဲဒီအဖွဲ့ဟာ မနက်ဖြန်ခါညှ ဒီက စထွက်ရမယ်၊ ငါကတော့ သူ့ကို မြို့တော်ဝန် ဖြစ်ရစေ့မယ်လို့ အာမခံလိုက်မယ်လေ၊ ဒါပေမဲ့ နောင်ခါလာ နောင်ခါရေးပဲပေါ့၊ ကဲ··· အခု ပြောစရာတစ်ချက်ကတော့ ဘယ်သူသွားမလဲ ဆိုတာပဲ ကျန်တယ်၊ နေဦး၊ မင်း ပြောသလိုဆိုရင် ဖောက်ခွဲရေးခေါင်းဆောင်ဟာ တစ်- အီတာလျံ စကားကို မှတ်နေအောင် ပြောတတ်ရမယ်၊ နှစ်- စစ်စလီကျွန်းရဲ့ အနေအထားကို သိထားရမယ်၊ သုံး- ဖောက်ခွဲရေးပစ္စည်းတွေ အကြောင်း ကောင်းကောင်း နားလည်ရမယ်၊ ဒါပေမဲ့ မင်းက စတုတ္ထအချက် အနေနဲ့ ထည့်မပြောခဲ့တာ ကျန်သေးတယ်၊ အဲဒါကတော့ လူမိုက်အဓိပတိ ဗီတိုဆဲလ်ဗားကို လုပ်ချင်လာအောင် စည်းရုံးနိုင်ဖို့လည်း လိုတယ်ဆိုတာပဲ၊ သည်တော့ အဲဒီအရည်အချင်း အားလုံးဟာ မင်းနဲ့လာပြီး ကိုက်ညီမနေပေဘူးလား"

"မှန်ပါတယ် ခင်ဗျာ"

"ကဲ··· မေဂျာပီထရီ၊ မင်း အဲဒီအရည်အချင်းတွေကို ပြောပြတုန်းက မင်းရဲ့ အရည်အချင်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် တမင်ပြောခဲ့တာများလားကွာ"

"ဖြစ်နိုင်ပါတယ် ခင်ဗျာ"

ဗိုလ်မှူးကြီး ပါရစ်ချ်က ကိုယ်ကို ရှေ့သို့ ကိုင်း၍ ဝင်ပြောသည်။

"ဗိုလ်မှူးပီထရီကို မနက်ဖြန်ခါ မနက်ကစပြီး ခွင့်ရက်ရှည်ပေးဖို့ စီစဉ်ထားပါတယ်၊ သူ ခွင့်မယူရတာလည်း ကြာပါပြီ"

ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းက ဗိုလ်မှူးပီထရီကို စူးစူးစိုက်စိုက် ပြန်ကြည့်ရင်း···

"ဒီလိုကိုး···ဒါဆိုရင် သူ့အနေနဲ့ ခွင့်ပဲ ယူမလား၊ ဒါမှမဟုတ် တိုက်ခိုက်ရေးအဖွဲ့ကို ဦးဆောင်ပြီး ကာရစ်ဒီကို သွားမြုပ်နိုင်အောင် ကျွန်းမှာရေး အခြေအနေ ကောင်းရဲ့လားဆိုတာကို ခပ်မြန်မြန် ဆုံးဖြတ်ဖို့ လိုလာလိမ့်မယ်"



ပီထရီက ခပ်အေးအေး ပြန်ဖြေသည်။

"ကျွန်တော် လုပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ် ဗိုလ်ချုပ်ကြီး၊ တိုက်ခိုက်ရေး ဒုခေါင်းဆောင်အဖြစ် ဗိုလ်ကြီးဂျွန်ဆန်ကို ခေါ်သွားပါ့မယ်"

ဒုဗိုလ်ချုပ်ကြီး စထရစ်လင်းက လက်ဝါးနှစ်ဖက်ကို တင်ပါးပေါ် တင်ရင်း မေဂျာပီထရီကို ခပ်တည်တည် ပြန်ကြည့်လိုက်သည်။

"ထင်ရုံနဲ့တင် မရဘူးကွ၊ စစ်စလီကို ဝင်တိုက်မယ့် ငါ့အစီအစဉ် အောင်မြင်ဖို့ ကိစ္စမှာ အဲဒီသင်္ဘောကြီးကို မြုပ်ပစ်နိုင်ဖို့က အဓိကပဲ"

"ကိုယ့်အစီအစဉ်နှင့် ကိုယ့်သဘောအတိုင်း လုပ်ခွင့်ရမယ်ဆိုရင် ဒီလုပ်ငန်းဖြစ်အောင် ကျွန်တော် လုပ်နိုင်ပါတယ်"

"သဘောတူတယ် ဟေ့··· ငါလည်း ပြန်အိပ်တော့မယ်"

သူက ပြန်ရန် ချာခနဲ လှည့်လိုက်သော်လည်း ပီထရီက စကား ထပ်ပြောပြန်သဖြင့် ပြန်လှည့်ပြီး နားထောင်ရပြန်သည်။

"နောက်ဆုံးရတဲ့ သတင်းအရ အမှတ် ၂၉ ပန်ဇာဒီဗီဇိတပ် ဘယ်မှာ ရှိတယ်ဆိုတာကို သိပါရစေ"

"ဟုတ်တယ်လေ၊ ဒါ မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ၊ မနေ့ကအထိ တော့ နေပဲလ်ဒေသတစ်ဝိုက် နေသေးတယ်၊ ဒါပေမဲ့ ၂၄ နာရီလုံးလုံး တိမ်သိပ်ထူနေလို့ လေယာဉ်ပျံနဲ့ ဓာတ်ပုံရိုက်လို့ မရဘူးကွ၊ တို့ကတော့ အဲဒီမှာပဲ ရှိသေးတယ်လို့ ယူဆတယ်"

ဒုဗိုလ်ချုပ်ကြီး တဲထဲက ပြန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် တဲထဲတွင် တစ်ယောက်တစ်ပေါက် စကားပြောသံများ ပေါ်လာသည်။ ပီထရီက တော့ စားပွဲပတ်ပတ်လည်တွင် ရှိနေသူများကို မကြည့်မိအောင် တမင်သတိထား ပြီး မျက်နှာလွှဲနေလိုက်သည်။ မကြည့်သည့်တိုင်အောင် သူတို့ မျက်ခွက်တွေ ဘယ်လိုဘယ်ပုံ ရှိမည်ဆိုတာကို သူ အတပ်သိသည်။ အချို့ကတော့ သည်ကိစ္စ တို့နှင့် လွတ်သွားပြီဆိုသော အသိကြောင့် ဝမ်းသာသွားသူများလည်း ရှိပေလိမ့်မည်။

❑

(အီတလီနိုင်ငံ) နေပဲလ်မြို့ရှိ ဥရောပတောင်ပိုင်း ဂျာမန်စစ်ဌာနချုပ် အဆောက်အအုံ၏ ဆင်ဝင်ပေါ်တွင် မျက်နှာဝိုင်းဝိုင်း၊ ခပ်ဝဝပုဂ္ဂိုလ်တစ်ယောက် သည် သူ့နောက်ဘက်အခန်းထဲရှိ တယ်လီဖုန်းမှ ခေါင်းလောင်းမြည်သံမည့် အချိန်ကို ထိုင်နားစွင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရိုးတန်းနိုင်ငံအုပ်စုမှ ခေါင်းဆောင်များအနက် ကြည်းတပ်သေနာပတိ (ဖီးလ်မာရှယ်) အဲလဘတ်ကက်ဆယ်ရင်းသည် စစ်ဆင်ရေးတွင် အတော်ဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။ တစ်နည်းဆိုရသော် ဂျာမနီနိုင်ငံအရှေ့ပိုင်းရှိ ဗဟိုစစ်ဆင်ရေးဌာနချုပ်မှ တရားသေဆန်ဆန် ညွှန်ကြားချက်များကို ဂရုမစိုက်ဘဲ လွတ်လွတ်လပ်လပ် ဆောင်ရွက်လေ့ ရှိသောကြောင့်လည်း ဖြစ်နိုင်သည်။ ယခုလည်း သူ ရရှိထားသော ရန်သူ့သတင်းများပေါ် အခြေခံ၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်တော့မည့်ဆဲဆဲပင်တည်း။ အာဖရိကတိုက်မြောက်ပိုင်းရှိ သင်္ဘောဆိပ်များတွင် စစ်သားများကို တင်ဆောင်ပို့ပေးမည့် စစ်သင်္ဘောများနှင့် ကုန်သင်္ဘောကြီးများ ကြောက်စရာ ကောင်းလောက်အောင်ပင် ရှုပ်ယှက်ခတ်နေသည်ဟု သတင်း ဖြစ်နေသည်။ တစ်ဖန် မဟာမိတ်တပ်ပေါင်းစုမှ ကမ်းခြေတက် စစ်သား အမြောက်အမြားသည် အီဂျစ်နိုင်ငံ၊ အဲလက်ဇန်းဒရီးယားဆိပ်ကမ်းမှ ခရီးထွက်ခွာသွားကြောင်း သိရပြန်သည်။ ထို့ပြင်မကသေး အလွန်ကြီးမားလှသော သင်္ဘောအုပ်စုကြီးတစ်စုသည် အမေရိကန်မှ ဂျီဘရော်တာ ရေလက်ကြားသို့ တိုက်ရိုက် ထွက်ခွာလာနေကြောင်း ကောလာဟလ သတင်းများ ဖြစ်ပေါ်နေသည်။ ယခုအချိန်သည် သူ့အဖို့ ဆုံးဖြတ်ချက်တစ်ခုခုကို ချ၍ လုပ်ဆောင်ရတော့မည့် အချိန်ပင် ဖြစ်သည်။

အချိန်ကား ညဆယ်နာရီ။ သူ့မှောင်ကြီးမည်းမည်းထဲတွင် ထိုင်နေသည်။ လမင်းကြီးသည် မည်းမှောင်သော တိမ်တိုက်ကြီးများ နောက်ဘက်တွင် ပျောက်ကွယ်နေသည်။ သည်ပုံစံအတိုင်း အတော်ကြာကြာ တိမ်ထူထပ်နေပါစေဟု သူက ဆုတောင်းလိုက်သည်။ ထိုအချိန်တွင် တယ်လီဖုန်းက မြည်လာသည်။ ကက်ဆယ်ရင်းသည် ထိုင်ရာမှ ကပျာကယာ ထလိုက်ပြီးနောက် အခန်းထဲသို့ ကမန်းကတန်း ဝင်သွားပြီး စကားပြောခွက်ကို ကောက်ကိုင်ရင်း မေးလိုက်သည်။

"ကလော့စ် မဟုတ်လား၊ အခြေအနေ ဘယ့်နှယ်လဲ"

"အဆင်သင့်ပါပဲ ခင်ဗျာ"

အမှတ် ၂၉ ပန်ဇာတင့်ကား ဒီဗီဇံတပ် စစ်ရေးခေါင်းဆောင် ဗိုလ်ချုပ်ကြီး ကလော့စ်ရိုင်းဟတ်သည် ပြောစရာရှိသည့် စကားကို လိုသည်ထက် ပိုမပြောတတ်သူ ဖြစ်သည်။ သူရှိနေရာ ရွက်ထည်တဲ အပေါက်ဝမှ အပြင်သို့ လှမ်းကြည့်မည်ဆိုပါက မတ်ခ်ဖိုးအမျိုးအစား တင့်ကားတစ်စီးဘေးတွင် တိုက်ပွဲဝင် ဝတ်စုံပြည့်ဝတ်ဆင်ထားသော တင့်ကားအဖွဲ့သားများ အသင့်ရှိနေကြသည်ကို မြင်နိုင်ပေသည်။



"ကလော့စ်၊ မင်း တောင်ဘက်ကို ချက်ချင်း စချီတက်ရလိမ့်မယ်၊ တံတားတွေ ကျိုးနေတဲ့အတွက် မင်းတစ်ကွေ့တစ်ပတ်ကြီး သွားရလိမ့်မယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ အမြန်ဆုံး ချီတက်စေချင်တယ်၊ သတ်မှတ်နေရာ 'ခ' ကို မင်း ဦးတည်ပြီး သွားရလိမ့်မယ်"

"ရန်သူဘက်က ကမ်းပေါ် တက်လာကြပြီလား"

"ခုအထိ တက်မလာသေးဘူး၊ ဒါပေမဲ့ ဒီငတိတွေ လာတော့လာနေကြပြီ၊ မကြာခင် ရောက်လာလိမ့်မယ်၊ ဒီငတိတွေ ဘယ်နေရာက စဝင်မယ်ဆိုတာ ငါ အပ်ချမတ်ချ သိတယ်၊ ငါ သိနေအောင်လည်း ကြိုးစားနေမှာပါ၊ မင်းလူတွေ ကြောက်ကြောက်လန့်လန့်များ ဖြစ်နေကြသလား"

"ပုံမှန်ပါပဲ ခင်ဗျာ၊ ကျွန်တော့်ကို ပြောချင်တာ ဒါအကုန်ပဲ မဟုတ်လား ခင်ဗျာ"

"အေး…ခုအထိတော့ ဒါပဲ၊ မင်္ဂလာပါ ကလော့စ်"

ကက်ဆယ်ရင်းက စကားပြောခွက်ကို ပြန်မချမီ တစ်ဖက်က စကားပြောခွက်ကို ပြန်ချသွားသည်။ ဂက်စတာပိုရဲ့ အဖွဲ့က တယ်လီဖုန်းတွေကို ကြားကဖြတ်ပြီး နားထောင်နေလို့များလား၊ မတတ်နိုင်ဘူးလေ၊ ဘာပဲပြောပြော ကလော့စ်ရိုင်းဟတ်ကတော့ အမြန်ဆုံး ချီတက်သွားတော့မှာ သေချာသည်။ သည်တစ်ချက်ကတော့ ကက်ဆယ်ရင်း တွေးတာ သိပ်မှန်သည်။ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချလိုက်ပြီးနောက် စက္ကန့်ခြောက်ဆယ်အတွင်း ဗိုလ်ချုပ်ကြီး ကလော့စ်ရိုင်းဟတ်က စတင်ချီတက်ဖို့ အမိန့်ပေးလိုက်သည်။ မိနစ်သုံးဆယ်အတွင်း အမှတ် ၂၉ ပန်ဇာတင့်ကား ဒီဗီဇံတပ်မှ တင့်ကားအုပ်စုသည် မက်ဆီနာမြို့၏ အရှေ့ဘက် ကမ်းခြေတွင် ရှိသော ကာလာဘရီယာမြို့ဆီသို့ ဦးတည်၍ ချီတက်သွားကြလေပြီ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## - သုံး -

ဇူလိုင်လ ၈ ရက်၊ ကြာသပတေးနေ့၊ ည သန်းခေါင်ယံ မတိုင်မီ

လေဖိနှိပ်အားပြ ကိရိယာမှ ပြဒါးသည် အောက်ဘက်သို့ တစ်ရှိန်ထိုး ကျဆင်းနေသည်။ ပင်လယ်ပြင်တွင် တောင်ကြီးများလောက် ကြီးမားသော လှိုင်းလုံးကြီးများ သောင်းကျန်းနေလေရာ အမ်အေအက်စ် အီတလီ ကမ်းခြေစောင့် မော်တော်ဘုတ်ကလေးသည် လှိုင်းလုံးကြီးများ၏ ထိပ်ဆီသို့ ရောက်ရှိသွားလိုက်၊ လှိုင်းခွက်ထဲသို့ ပြန်ကျသွားလိုက်နှင့် ကပြောင်းကပြန် ဖြစ်နေသည်။ မော်တော်ဘုတ်ကလေး၏ ဘေးပတ်ပတ်လည်တွင် ရှိနေသော ရေတံတိုင်းကြီးများက မော်တော်ဘုတ်ကလေးကို ပင်လယ်ရေပြင်အောက်သို့ နှစ်မြှုပ်ပစ်တော့မည့်အလား ခြိမ်းခြောက်နေကြသည်။

မော်တော်ဘုတ်ကလေး လှိုင်းခွက်ထဲသို့ ကျဆင်းသွားသောအခါ ဘေးပတ်ပတ်လည်တွင် ရှိနေသော ရေတံတိုင်းကြီးများကြောင့် လေတိုက်သံမှာ အနည်းငယ် ငြိမ်သွားသလိုလို ရှိသော်လည်း လှိုင်းလုံးကြီး၏ ထိပ်သို့ ပြန်ရောက်လာသောအခါ လေတိုက်သံမှာ နားကွဲလုမတတ် ဆူညံလာပြန်သည်။ မော်တော်ဘုတ်ကလေးပေါ်တွင် ပါရှိသူများမှာ တစ်ကိုယ်လုံး နစ်နေအောင် ရွှဲရွှဲစိုကြသည် သာမက ဘယ်ယိုင် ညာယိမ်းနှင့် ဇတ်ခနဲ၊ ဇတ်ခနဲ ဦးတည်ချက် ပြောင်းသွား



တတ်သော မော်တော်ဘုတ်၏ အနေအထားကြောင့် ဝုန်းခနဲ ဒိုင်းခနဲ လဲပြိုနေသဖြင့် ဒဏ်ရာမျိုးစုံ ရရှိထားကြသည်။ တည်ငြိမ်မှု လုံးဝမရှိသော မော်တော်ဘုတ်ကလေးပေါ်တွင် တည်တည်ငြိမ်ငြိမ် ရပ်တည်နိုင်အောင် အားသွန်ခွန်စိုက် ဆွဲကိုင်ထားကြရသဖြင့် အကြောအခြင်များ တောင့်တင်းနေကြသည်။ ပင်လယ်ပြင်၌ အခြေအနေ မည်သို့ပင် ရှိစေ၊ အမ်အေအက်စ် အီတလီ ကမ်းခြေစောင့် မော်တော်ဘုတ်ကလေးသည် စစ်စလီကျွန်း၏ မြောက်ဘက် ကမ်းခြေဆီသို့ ဦးတည်၍ ခပ်မှန်မှန် မောင်းနှင်နေဆဲပင်တည်း။

ပီထရိုက ပဲ့ကိုင်ဘီးကို ထိန်းနေသူ ရေတပ်မတော် ဗိုလ်မှူးဗော့စတာ ကြားနိုင်လောက်အောင် အသံကုန်ဟစ်၍ ပြောလိုက်သည်။

"ဒီလေက နည်းနည်းတော့ ပြင်းထန်တယ်ဗျို့"

"ဘာရိုမီတာကို ကြည့်ပါလား၊ ပိုပိုပြီး ဆိုးနေတယ်"

ဗော့စတာကလည်း ပြန်အော်ပြောလိုက်သည်။ ဤတွင် ပဲ့စင်အိမ်ကလေးအတွင်း၌ ရှိနေသူ အမေရိကန်ဗိုလ်ကြီး ဂျွန်ဆန်က မှတ်ချက်ချပြန်၏။

"ဒါနဲ့တောင် လေထီးနဲ့ ဆင်းပါလားလို့ ပြောတဲ့လူက ပြောသေးတယ်ဗျာ"

ဂျွန်ဆန်သည် လျှို့မြောင် ချောက်ကမ်းပါးများနှင့် ပြည့်နှက်နေသော စစ်စလီကျွန်းပေါ်သို့ လေထီးနှင့် ဆင်းရမည့်ကိစ္စကို လုံးဝသဘောတူသူမဟုတ်။ သို့သော် လက်ရှိ ပင်လယ်ပြင်၏ အနေအထားအရ လေထီးနှင့် ဆင်းရတာကမှ ကောင်းတောင်းတောင်းဟု ပြောရမလိုလို။ ပီထရိုက ပြန်မပြောတော့ပါ။ သို့ရာတွင် လှိုင်းလုံးကြီးတစ်ခုနှင့် ရင်ဆိုင်တိုးလိုက်ရသောအခါ သူသည် ပြတင်းပေါက် မှန်နောက်၌ ရှိနေသည့်တိုင်အောင် အရှိန်နှင့် ပြေးဝင်လာသော ရေလုံးကြီးနှင့် လွတ်အောင် ခေါင်းကို ငုံ့ပြီး ရှောင်ပေးမိမလိုလို ယောင်တောင်တောင် ဖြစ်သွားရသေးသည်။ ဗော့စတာကလည်း ပဲ့ကိုင်ဘီးကို အနည်းငယ် လှည့်ရင်း နောက်ထပ်တွေ့ရသော လှိုင်းလုံးကြီး တစ်လုံးနှင့် ထိပ်တိုက်တိုးရန် ဟန်ပြင်လိုက်သည်။

ဤမော်တာဘုတ်မှာ တူနီးရှားနိုင်ငံတိုက်ပွဲတွင် မဟာမိတ်တပ်များက ရန်သူဘက်မှ သိမ်းပိုက်ရယူထားလိုက်သော မော်တော်ဘုတ်တစ်စင်း ဖြစ်သည်။ သင်္ဘောပေါ်တွင် ပါလာသူများ၏ အဝတ်အစားများကိုလည်း ကြည့်ပါဦး။ ဗြိတိသျှ ရေတပ်မတော်မှ ဗိုလ်မှူးဗော့စတာနှင့် ရေတပ်သားအားလုံးသည် အီတာလျံရေတပ်မှ စစ်ဝတ်စုံများကို အကျအန ဝတ်ဆင်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီထရီနှင့် ဂျွန်ဆန်တို့ကမူ အစုတ်အပြဲ အဖာအထေးများ တင်းကျမ်းပါသော စုတ်စုတ်ပြတ်ပြတ် အဝတ်အစားများကို ဝတ်ဆင်ထားကြပြီး မုတ်ဆိတ်ကျင်စွယ်များကို တစ်နေ့တာမျှ မရိတ်ဘဲ ထားလိုက်သောကြောင့် စစ်စလီကျွန်းသား၊ တောသူတောင်သားများဂိုက် ဖမ်းနေကြသည်။ သူတို့နှစ်ယောက်သည် ကုန်းပတ်ပေါ်သို့ မကြာခဏဆိုသလို တက်မကြည့်ပါက အခြားရေတပ်သားများလို ရေရွဲရွဲစိုနေရန် အကြောင်းမရှိပေ။

ဤခရီးတွင် အမ်အေအက်စ် အီတာလျံကမ်းခြေစောင့် မော်တော်ဘုတ်ကို သုံးစွဲရန် ပီထရီက တမင်ကလာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ အမ်အေအက်စ် မော်တော်ဘုတ်သည် စစ်စလီကျွန်း၏ မြောက်ပိုင်း ကမ်းခြေတစ်လျှောက်တွင် ကင်းလှည့်နေသော အီတာလျံ မော်တော်ဘုတ်နှင့် တစ်မျိုးတစ်စားတည်း ဖြစ်သည်။ ဗိုလ်မှူးဗော့စတာ ဘေးနားတွင် ရပ်နေသူ ပီထရီက 'ဘုရားသိကြားမလို့ တကယ့်အမ်အေအက်စ် မော်တော်ဘုတ် တစ်စင်းစင်းနှင့် မတွေ့ပါရစေနဲ့' ဟု ကျိတ်ဆုတောင်းနေရှာသည်။ အီတာလျံရေတပ်မှ အမ်အေအက်စ် မော်တော်ဘုတ် တစ်စင်းစင်းကသာ ပီထရီတို့ စီးလာသော မော်တော်ဘုတ်ကို တွေ့သွားခဲ့သော် လျှို့ဝှက်အချက်ပေးသင်္ကေတနှင့် စတင် ဆက်သွယ်လာတော့မည်မှာ သေချာသည်။ ဤတွင် သူတို့ဘက်က လျှို့ဝှက်အချက်ပေး အဖြေစကားနှင့် ပြန်ဖြေရလိမ့်မည်။ ထိုအချက်ပေးစကားကိုလည်း ပလာမိုရှိ ရေတပ်၊ တပ်ရင်းမှူးက နှစ်ဆယ့်လေးနာရီကြာတိုင်း အသစ်ပြောင်းလွဲပစ်လေ့ရှိရာ အကယ်၍များ သူတို့ကို မြင်တွေ့သွားခဲ့သော်…

"ဟော တာလပတ်စကြီး ပြုတ်ကျလာပြီဗျို့"

ဂျွန်ဆန်၏ အော်သံကြောင့် သူတို့နှစ်ယောက် ပွဲစင်အိမ်ကလေးထဲသို့ ပြေးဝင်လာခဲ့ကြသည်။ သို့သော် ပွဲစင်အိမ်တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး (ပင်လယ်ရေ လွှမ်းခံရသောကြောင့်) ချောနေသော ကုန်းပတ်ပေါ်သို့ ကမန်းကတန်း ပြေးထွက်သွားသော ဂျွန်ဆန်ကို ပီထရီက အချိန်မီ ဟန့်တားနိုင်ခြင်း မရှိခဲ့ချေ။ ပွဲစင်အိမ်၏နောက်ဘက် ကုန်းပတ်ပေါ်တွင် စစ်စလီကျွန်းသားများ သုံးလေ့သုံးထရှိသော ငါးဖမ်းလှေငယ်တစ်စင်း တင်ထားပြီး ထိုလှေကလေးကို လူမမြင်အောင် တာလပတ်စနှင့် ဖုံးထားသည်။ တစ်ဖန် ထိုတာလပတ်စ လန့်ထွက်မသွားအောင် တာလပတ်စ၏ ထောင့်လေးထောင့်မှ ကြိုးလေးချောင်းကို ကုန်းပတ်ပေါ်ရှိ သံကွင်းများတွင် ချည်နှောင်ထားသည်။ ယခု အရှိန်အဟုန်



ပြင်းစွာဖြင့် ရိုက်ခတ်နေသော ရေလုံးကြီးများ၏ ဒဏ်ကြောင့် ထောင့်တစ်ထောင့်မှ ကြိုးတစ်စ ပြုတ်ထွက်သွားခြင်း ဖြစ်သည်။

ဂျွန်ဆန်သည် ပွဲစင်အိမ်ကို ကျောနှင့်ကပ်ရင်း တာလပတ်မှ ကြိုးစကို တအားကုန်ဆွဲ၍ ကုန်းပတ်ပေါ်၌ရှိသော သံကွင်းတစ်ကွင်းတွင် ချည်နှောင်လိုက်သည်။ သူ ကြိုးချည်ပြီးသည့်အချိန်တွင် မော်တော်ဘုတ်သည် လှိုင်းလုံးကြီး၏ ထိပ်ဖျားမှ လှိုင်းခွက်ထဲသို့ (ကောင်းကင်မှ ပစ်ချလိုက်သော) ကျောက်ခဲတစ်လုံးပမာ ဝုန်းခနဲ ပြန်ကျလာပြီးနောက် လှိုင်းလုံးကြီးထိပ်သို့ ပြန်မြင့်တက်စပြုနေချိန် ဖြစ်သည်။ ဤတွင် ဂျွန်ဆန်သည် ဘေးသို့ ရုတ်တရက် ယိုင်လဲကျသွားရာ ကုန်းပတ်ပေါ်ရှိ သံကွင်းတစ်ကွင်းကို အချိန်မီ လှမ်းဆွဲနိုင်သောကြောင့်သာ မော်တော်ဘုတ်ပေါ်မှ လိမ့်မကျခြင်း ဖြစ်သည်။ တစ်ဖန် သံကွင်းကို တအားကုန် ဆွဲထားသော သူ့လက်ဖျံကို ပီထရီက လက်နှင့် တအား ထပ်ဆုပ်ကိုင်ရင်း သူ့ကို ကူဆွဲပေးထားကြောင်း သိလိုက်သည်။ ထိုအချိန်တွင် မော်တော်ဘုတ်သည် အလွန်အမင်း ဦးမော့နေခိုက်ဖြစ်ရာ ပီထရီနှင့် ဂျွန်ဆန် နှစ်ယောက်စလုံး ကုန်းပတ်ပေါ်မှ လျှောသွားပြီး ရေထဲသို့ လိမ့်မကျစေရန် ဘုရားတ,နေရချိန် ဖြစ်သည်။

အလွန်ကြီးမားသော လှိုင်းလုံးကြီးကို မော်တော်ဘုတ်ဦးပိုင်းနှင့် ထိပ်တိုက် ဝင်တိုးသော ဗော့စတာတစ်ယောက် သည်တစ်ကြိမ်တွင် အတွက်အချက် လွဲမှားသွားလေပြီလား။ သံပြားခင်းထားသော ကုန်းပတ်ပေါ်တွင် နှစ်ယောက်စလုံး ကားရားကြီး ဖြစ်နေပြီး မော်တော်ဦးပိုင်းက ပို၍ပို၍ ထောင်လာရာ သည်တစ်ကြိမ်တွင် မော်တော်ဘုတ်သည် နောက်ဘက်သို့ ပြောင်းပြန်လန်ကျပြီး မှောက်တော့မည်ဟု ဂျွန်ဆန်က တထစ်ချ ယူဆလိုက်သည်။

ဂျွန်ဆန်သည် အပေါ်သို့ မော့ကြည့်လိုက်ရာ သူ့ပတ်ပတ်လည်တွင် ကတော့သဏ္ဍာန် ဝဲလည်နေသော ရေတံတိုင်းကြီးနှင့် သူ့ကို ငုံ့ကြည့်နေသော ပီထရီ၏ မျက်နှာကို မြင်လိုက်ရသည်။ ထိုအခိုက်မှာပင် ကုန်းပတ်ပေါ်ရှိ သံကွင်းကို ဆုပ်ကိုင်ထားသော ဂျွန်ဆန်၏ လက်သည် သံကွင်းကို ကိုင်ထားရာမှ ပြုတ်ထွက်သွားတော့သည်။ ထို့ကြောင့် ထိုအချိန်တွင် ပီထရီ၏ လက်မောင်းအား တစ်ခုတည်းကသာ သူ့ကို ရေထဲ ကျမသွားအောင် ထိန်းထားခြင်း ဖြစ်သည်။ ထိုအချိန်သည် သူတို့နှစ်ယောက်စလုံးအတွက် ကြောက်မက်ဖွယ် အကောင်းဆုံး အချိန် ဖြစ်သည်။ ပီထရီ၏ ဘယ်ဘက်လက်သည် ကျောဘက်တွင် ကိုးရိုးကားရား လိမ်ဖယ်ဖယ် ဖြစ်နေပြီး မော်တော်ဘုတ်ဘေးဘက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သံတန်းကို တအားကုန် ဆုပ်ကိုင်ထားရရှာသည်။ ထိုအချိန်တွင် သူတို့နှစ်ယောက်သည် မော်တော်ဘုတ် တစ်စင်းလုံး၌ သံလက်ရန်းတန်းကိုသာ အားကိုးအားထား အမှီသဟဲ ပြုနေရသလို ဖြစ်နေပြီး သူတို့နှစ်ဦးစလုံး၏ အာရုံကြောများမှာ ထုံကျဉ်လာကြသည်။

ထို့နောက် မော်တော်ဘုတ်ကလေးသည် လှိုင်းလုံးကြီး၏ ထိပ်ပိုင်းဆီသို့ ပြန်အရောက်တွင် ပဲ့ပိုင်းက အပေါ်သို့ ပြန်ထောင်လာပြန်ရာ ပီထရီက ဌှန်ဆန်ကို ကပျာကယာ ဆွဲယူပြီး ပဲ့စင်အိမ်ထဲသို့ ကမန်းကတန်း ဆွဲသွင်းလိုက်ရလေ၏။ ပဲ့စင်အိမ်ထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဌှန်ဆန်သည် ခေါက်ခနဲ ခွေကျသွားသည်။ သူ့ခမျာ တော်တော်နှင့် စကားမပြောနိုင်ရှာပေ။

ပြီးမှ -

"တံငါလှေကလေး ပြုတ်ကျကျန်ခဲ့မှာ စိုးရိမ်လို့"

သို့သော် သူစကားဆက်ပြောချိန် မရတော့ချေ။ ပီထရီက ဌှန်ဆန်ကို ပဲ့စင်အိမ်၏ ထောင့်ဘက်တွင် ခပ်မတ်မတ် ထိုင်နိုင်းလိုက်ပြီး သူ့အင်္ကျီအိတ်ထဲမှ အပေါစား အီတာလျံဘရန်ဒီပုလင်းကို အဖုံးဖွင့်၍ ပေးလိုက်သောကြောင့် ဖြစ်သည်။

တစ်ကျိုက် နှစ်ကျိုက် သောက်ပြီးသောအခါ ပုလင်းကို ပြန်ကမ်းပေးရင်း ဌှန်ဆန်က မှတ်ချက်ချသည်။

"တော်တော် ညံ့တဲ့ အရက်ပဲ၊ ပြင်သစ်ဘရန်ဒီနဲ့တော့ ကွာပါ့ဗျာ"

ပီထရီက ဘရန်ဒီကို မော့သောက်လိုက်သည်။ ပြီးမှ ဌှန်ဆန်ကို ချီးမွမ်းသည်။

"မင်း ဒီအရက်မျိုးရအောင် ရှာယူလာတာ သိပ်မှန်တယ်"

အကယ်၍များ သူတို့နှစ်ဦး စစ်စလီကျွန်းပေါ်အရောက်တွင် အရှာအဖွေ အမေးအမြန်း ခံကြရမည်ဆိုပါက မဟာမိတ်တပ်ပေါင်းစုမှ စစ်သားများ ဖြစ်သည်ဟု မစွပ်စွဲနိုင်အောင် သဘာဝကျကျ ဖန်တီးလာကြသည်။

သူတို့ ယူလာသည့် ဘရန်ဒီမှာ စစ်စလီကျွန်းပေါ်တွင်ငါ့အချိန်မရွေး ဝယ်ရနိုင်သော အပေါစား အီတာလျံဘရန်ဒီ။ ပြီးတော့ သူတို့ သယ်လာသည့် တခြားပစ္စည်းများထဲတွင် သေနတ်၊ ယမ်းဘီလူး စသော သံသယဖြစ်စရာကောင်းသည့် စစ်သုံးပစ္စည်းများလည်း ပါလာကြသည်။ သို့သော် သူတို့ ယူလာသည့် သေနတ်များမှာ အီတလီလုပ် သေနတ်များ၊ ဂျာမန်လုပ် သေနတ်များ ဖြစ်သည်သာမက သူတို့ သယ်လာသည့် ယမ်းဘီလူး ပေါင်ခြောက်ဆယ်နှင့်



ချိန်ကိုက်ဖောက်ခွဲကိရိယာ လေးခုမှာလည်း ဂျာမန်စစ်တပ်ကသာ သုံးလေ့သုံးထရှိသော ပစ္စည်းများသာ ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ထိုပစ္စည်းများကို ဂျာမန် စစ်တပ်တစ်တပ်တပ်မှ အလွယ်တကူနှင့် အလစ်သုတ်၍ ရသောကြောင့် အလစ်သုတ်လာသည့် ငတိုများ ဖြစ်သည်ဟုသာ ထင်ကြရဖို့ ရှိသည်။

တဖြည်းဖြည်းနှင့် လေမုန်တိုင်းအရှိန် လျော့လာသည်။ လှိုင်းလုံးကြီးများမှာလည်း တဖြည်းဖြည်း သေးလာသည်။ တစ်ဖန် တိမ်မည်းညိုများ၏ နောက်ကွယ်တွင် ပုန်းခိုနေသော လမင်းကြီးကလည်း ပြန်လည်ထွက်ပေါ်စပြုလာသည်။ ပင်လယ်ရေပြင်၏ မငြိမ်မသက်မှုကို လရောင်ကြောင့် ထင်ထင်ရှားရှား ပိုမြင်လာကြရသဖြင့် ပို၍ပင် ကြောက်စရာကောင်းနေပြန်သေးသည်။ သို့သော် ဘာရိုမီတာရှိ ပြဒါးတိုင်သည် အပေါ်သို့ ပြန်မြင့်တက်နေလေပြီ။ လေဖိနှိပ်အား ပြန်မြင့်စပြုလာလေပြီ။

စစ်စလီကျွန်းကို ပီထရီက အရင်စမြင်သည်။

"ကြည့်ရတာကတော့ တိမ်တိုက်မည်းကြီး တစ်ခုလိုပဲ၊ ဒါပေမဲ့ အဲဒါ..."

ဇော့စတာက ပီထရီ၏ အယူအဆကို ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ အဲဒါ စစ်စလီကျွန်းပဲ၊ နောက်တစ်နာရီအတွင်း ခင်ဗျားတို့နဲ့ ချိန်းထားတဲ့ မိတ်ဆွေတွေဆီကို အချိန်မီ ရောက်သွားမှာပါ၊ ဒါပေမဲ့ ဒီလောက်တောင် ရာသီဥတုဆိုးတဲ့ ညမျိုးမှာ အပြင်ထွက်မှ ထွက်လာကြပါ့မလား"

ဌှန်ဆန်က ဝင်ပြောသည်။

"မိုးလေဝသ သတင်းအရကတော့ ဒီလေမုန်တိုင်းဟာ စစ်စလီကျွန်းဘေးနားက ဖြတ်သွားလိမ့်မယ်လို့ ဆိုတာပဲ"

ပီထရီသည် ကုန်းပတ်ပေါ်၌ ရပ်ရင်း အနီးအနားတွင် ရန်သူသင်္ဘောရှိမရှိကို အကဲခတ်နေသည်။ ရာသီဥတုမှာ ပိုကောင်းလာတော့မလိုလိုနှင့် ရုတ်တရက် ပြန်ဆိုးရွားလာပြန်သည်။ ဤတွင် ပဲ့စင်အိမ်ထဲသို့ ပြန်ဝင်သွားသော ဌှန်ဆန်က ပီထရီကို လှမ်းအော်ပြောလိုက်သည်။

"ခင်ဗျားပြောတဲ့ တံငါလှေတွေ ဒီလို ရာသီဥတုမှာ ပင်လယ်ထဲကို ထွက်လာကြမှာ မဟုတ်ဘူး"

"ကမ်းခြေနဲ့ နီးလာရင် ဒီလောက် အခြေအနေ ဆိုးချင်မှ ဆိုးမှာ"

www.burmeseclassic.com

www.burmeseclassic.com



ပီထရီသည် ဂျွန်ဆန်ကို ပြန်အော်ပြောရင်း ပင်လယ်ပြင်ကို အာရုံစိုက်ပြီး ကြည့်မြဲကြည့်နေသည်။ သူ့လိုပင် ခပ်လှမ်းလှမ်းသို့ လှမ်းကြည့်နေသော ဖော့စတာသည် ပွဲစင်အိမ်ဆီသို့ ပြန်အလှည့်လိုက်တွင် ပီထရီက သူ့လက်မောင်းကို ဆုပ်ကိုင်ရင်း အနောက်စူးစူးသို့ လက်ညှိုးထိုးပြပြီး မေးလိုက်သည်။

"ဟိုဥစ္စာက ဘာကြီးလဲ"

ဖော့စတာက ခပ်သွက်သွက် ပြန်ဖြေသည်။

"ဘာမှလည်း မမြင်ရပါလား"

"ခဏစောင့်ပြီး၊ ကျုပ် လက်ညှိုးထိုးပြတာနဲ့ တစ်ပြိုင်နက် လှမ်းကြည့်လိုက်နော်၊ ကျုပ်မြင့်လိုက်တာကတော့ မည်းတည်းတည်း အရိပ်တစ်ခုပဲ၊ ဟော လှိုင်းခွက်ထဲ ရောက်သွားပြီ၊ ဟောပြန်ပေါ်လာပြီ ဟောဟိုမှာ တွေ့လား"

"အမ်အေအက်စ် မော်တော်ဘုတ်ပါလား"

ဖော့စတာသည် တံခါးပေါက်ဝတွင် ရပ်၍ လည်ပင်းတွင် လွယ်ထားသော ညကြည့်မှန်ပြောင်းဖြင့် အတန်ကြာအောင် ချိန်ကြည့်လိုက်သည်။ ပြီးမှ-

"ဟုတ်တယ်၊ အဲဒါ အမ်အေအက်စ် မော်တော်ဘုတ်တစ်စင်းပဲ၊ ဒီဘက်ကို ဦးတည်ပြီး လာနေတယ်၊ မြင်သွားပြီနဲ့ တူတယ်ဗျို့၊ ကဲ… ခင်ဗျား တို့က ဟိုပစ္စည်းတွေနဲ့အတူ ခဏပုန်းနေကြဦးဗျာ"

ဖော့စတာသည် ပွဲစင်ခန်းထဲသို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း အမိန့်ထုတ်သည်။

"အမ်အေအက်စ်တစ်စင်း တို့ညာဘက် ဦးပိုင်းဆီ ဦးတည်ပြီး လာနေတယ်၊ အမြောက်တွေကို အသင့်ပြင်၊ အရှိန်ကိုတော့ မလျှော့နဲ့၊ ခုပုံစံအတိုင်း ဆက်မောင်း"

ချက်ချင်းလိုလိုပင် ထုံးစံအတိုင်း ကင်းလှည့်နေသော မော်တော်ဘုတ် တစ်စင်း၏ ပုံစံမျိုး ဖြစ်လာသည်။ အီတာလျံ ရေတပ်မတော် ယူနီဖောင်းများကို ဝတ်ဆင်ထားသူများသည် ပြောင်းဝအကျယ် ဆယ့်သုံးဒသမ နှစ် မီလီမီတာ ရှိသော စက်သေနတ်ကြီး၏ နောက်ဘက်တွင် အသင့်နေရာယူလိုက်ကြသည်။ ရန်သူ့ဘက်မှ အမ်အေအက်စ် မော်တော်ဘုတ် နီးလာသည်နှင့်အမျှ သူတို့ အားလုံး တထိတ်ထိတ် တလန့်လန့် ပိုဖြစ်လာကြသည်။ ဖော့စတာသည် အချက်ပေး မီးအိမ်ကို တံခါးပေါက်၌ အသာချရင်း စောင့်နေသည်။

ပီထရီသည် အချက်ပေး မီးအိမ်ကို စိုးရိမ်တကြီး လှမ်းကြည့်နေမိသည်။ ဒီလို မဖြစ်ပါစေနှင့်ဟု တွေးပူခဲ့ရသည့်ကိစ္စ တကယ်ဖြစ်လာပါပြီကော။



ဒီလို အခြေအနေမျိုးနှင့် ကြုံခဲ့ရသော် မမှားအောင် ကြိုးစားပါသော်လည်း တစ်ကွက်ကွက်တွင် မှားယွင်းချွတ်ချော်သွားနိုင်သည်။ ဒီဘက် သင်္ဘောပေါ်ရှိ စက်သေနတ်များသာမက ဆယ့်ခုနစ်ဒသမ ခုနစ်လက်မရှိသော တော်ပီဒိုများပါ ပစ်ခတ်ရန် အသင့်အနေအထားတွင် ရှိနေလေပြီ။

သို့သော် ဤအခြေအနေတွင် ရုတ်ရုတ်သဲသဲ မဖြစ်ချင်သေး။ မသင်္ကာ စရာတစ်ခုခု ဖြစ်လာခဲ့သော် ရန်သူ၏ မော်တော်ဘုတ်မှ ဝိုင်ယာလက် စက် သမားက ပလာမိုရှိ ရေတပ်ဌာနချုပ်သို့ ပြန်အကြောင်းကြားလိုက်မည်ကို စိုးရိမ်ရသည်။ အကယ်၍ ရန်သူ့မော်တော်ဘုတ်ကို ပီထရီတို့ဘက်က စက္ကန့်ပိုင်း အတွင်း နှစ်မြှုပ်ပစ်လိုက်နိုင်သည့်တိုင်အောင် တိုက်ပွဲဖြစ်ပွားသံကို ပလာမိုမြို့က ကြား သွားနိုင်သည်။ ထို့ကြောင့် ဝိုင်ယာလက်နှင့် သတင်းပြန်မပို့နိုင်သည့်တိုင် အောင် သတင်းပို့လိုက်သလို ဖြစ်သွားတော့မည်မှာ မလွဲချေ။

ဤတွင် သူတို့၏ လျှို့ဝှက်ချက်ကြီး ဘူးပေါ်သလို ပေါ်သွားလိမ့်မည်။ လျှို့ဝှက်စစ်ဆင်ရေး ကိစ္စကြီးတစ်ခုလုံး ပျက်စီးသွားလိမ့်မည်။ ထိုကဲ့သို့ ဖြစ်လာ ခဲ့သော် ပီထရီနှင့် ဂျွန်ဆန်ကို ပထမအစီအစဉ်အတိုင်း ပလာမိုမြို့ပြင်ရှိ ချိန်းရပ် သို့ ပို့ပေးနိုင်တော့မည် မဟုတ်ချေ။

သို့သော် ရေယာဉ်မှူး ဗိုလ်မှူးဖော့စတာကမူ တစ်ဖက်က လျှို့ဝှက် စကားဝှက်နှင့် အချက်ပြ ဆက်သွယ်လာမည့် အချိန်ကို စိုးရိမ်ပူပန်မှု အလျှဉ်း မရှိသလို ပုံစံနှင့် ခပ်အေးအေး စောင့်ဆိုင်းနေသည်။

ဂျွန်ဆန်သည် ပီထရီနှင့်အတူ ကြမ်းပြင်ပေါ်သို့ ခပ်ကုပ်ကုပ် ထိုင်ချ လိုက်ရင်းက ပီထရီကို မေးလိုက်သည်။

"ချောချောမောမောမှ ဖြစ်ပါ့မလား"

"ဗိုလ်ဆဲလ်ဗားဆီက ရထားတဲ့ အဖြေစကားဝှက်သာ မမှားဘူးဆိုရင် ချောချောမောမော ဖြစ်ကောင်းပါရဲ့၊ ဆဲလ်ဗားရဲ့ လူက ရေတပ်ဌာနချုပ်မှာ တော်တော်ကလေး ပေါက်ပေါက်ရောက်ရောက် ရှိတယ်လို့ ဆိုတာပဲ၊ ဒါပေမဲ့ အီတလီရေတပ်ကလည်း အချက်ပေးစကားဝှက်ကို နှစ်ဆယ့်လေးနာရီ ကြာ လျှင် တစ်ခါ ပြောင်းပစ်တတ်တယ်လို့ ဆိုတာပဲလေ"

ဂျွန်ဆန်က ထပ်မေးသည်။

"ပြောင်းပစ်တတ်တယ်ဆိုတော့ ဒီစကားဝှက်ဟာ သိပ်မသေချာဘူး ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တစ်ဖက်မှ ချဉ်းကပ်လာနေသော အမ်အေအက်စ် မော်တော်ကို စောင့်ကြည့် အကဲခတ်နေသည့် ဗော့စတာက ဝင်ဖြေသည်။

"အရေးပေါ် အချိန် မဟုတ်ခဲ့ရင်တော့ စကားဝှက်ကို နှစ်ဆယ့်လေးနာရီကြာမှ တစ်ခါပြောင်းပစ်လေ့ ရှိတယ်၊ ဒါပေမဲ့ အရေးပေါ်အချိန်မျိုးကျလျှင်တော့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ စကားဝှက်ကို ချက်ချင်း ချက်ချင်း ဆိုသလို ပြောင်းပြောင်းပစ်တတ်တယ်၊ ကျုပ်တို့ ရေတပ်ကလည်း ဒီစနစ်ကို သုံးတာပါပဲ"

ပီထရီက ဝင်ပြောပြန်၏။

"ဒါပေမဲ့ မဟာမိတ်တပ်ပေါင်းစုဘက်က ကမ်းခြေတက်စစ်သားတွေ လှုပ်လှုပ်ရွရွ ဖြစ်နေတယ်ဆိုတဲ့ သတင်းကြောင့် ခုအချိန်ပိုင်းကို အရေးပေါ်အခြေအနေလို့ သူတို့က သတ်မှတ်မယ်ဆိုလျှင်လည်း ဖြစ်နိုင်တာပဲ မဟုတ်လား"

ပွဲစင်အိမ်၏ အတွင်းဘက်နံရံကို ကျောနှင့် ကပ်မှီရင်း ကြမ်းပေါ်တွင် ကုပ်ကုပ်ကလေး ထိုင်နေကြရသည့် ပီထရီနှင့် ဂျွန်ဆန်တို့က ဗော့စတာထက်ပိုပြီး စိတ်လှုပ်ရှားနေမည်မှာ သေချာသည်။ သူတို့အနေနှင့် အခြေအနေကို သိလိုပါက ဗော့စတာ၏ မျက်နှာကို လှမ်းအကဲခတ်ရုံမျှသာရှိသည်။ သို့သော် ဗော့စတာ၏ မျက်နှာအမူအရာသည် ပြောင်းလဲမှု သိပ်မရှိလှချေ။

ဗော့စတာသည် အမ်အေအက်စ် ကင်းလှည့်မော်တော်အစစ် သူတို့မော်တော်နှင့် နှစ်ဖာလုံခန့် အကွာအဝေးသို့ ရောက်လာသောအခါ ကိုယ်ကိုဇတ်ခနဲ မတ်ပစ်လိုက်ပြီး ပဲ့ကိုင်သည့် ရဲဘော်အား ယခုပုံစံအတိုင်း လမ်းကြောင်း မပြောင်းဘဲ ခပ်မှန်မှန် မောင်းရန် အမိန့်ပေးလိုက်သည်။ ထိုအခိုက်တွင် အမ်အေအက်စ် မော်တော်က အချက်ပြမီးဖြင့် လှမ်းဆက်သွယ်နေပြီ ဖြစ်သဖြင့် ဗော့စတာက သူ့မီးခွက်ဖြင့် အချက်ပြ၍ ပြန်မဖြေမီ ဂရုတစိုက် လှမ်းကြည့်နေသည်။

တစ်ဖက်က မီးဖြင့် အချက်ပြ၍ ဆက်သွယ်နေပြီ ဖြစ်ကြောင်း ဗော့စတာ ပြောပြသဖြင့် သိလိုက်ရသောအခါ ပီထရီနှင့် ဂျွန်ဆန် နှစ်ယောက်စလုံး အတော်ကလေး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ တစ်ဖက်က ပြနေသော စကားဝှက် သင်္ကေတသည် သူတို့ သိထားသော စကားဝှက် သင်္ကေတ ဟုတ်မဟုတ် သူတို့ နှစ်ဦးက မသိနိုင်ချေ။ သို့သော် ဗော့စတာ၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်ကလေးများ ပေါ်ပေါက်လာသည်ကို တွေ့ရ



သဖြင့် တစ်ဖက်က ဆက်သွယ်နေသည့် သင်္ကေတမှာ သူတို့ သိထားသော စကားဝှက် သင်္ကေတနှင့် ကွဲလွဲနေပြီ ဖြစ်ကြောင်း ပီထရီက သတိထားလိုက်မိသည်။ ဒါဆိုရင် ဗီတိုဆဲလ်ဗားက လှမ်းအကြောင်းကြားလိုက်သည့် နောက်ပိုင်းတွင် အချက်ပေး ဆက်သွယ်သည့် စကားဝှက် သင်္ကေတကို ရေတပ်ဌာနချုပ်က ပြောင်းပစ်လိုက်ဟန်တူသည်။ ဒါဆိုရင် ဘယ်လို ပြန်ဖြေရမည်ကို ဗိုလ်မှူးဗော့စတာ သိနိုင်မည် မဟုတ်။ ပီထရီက ဂျွန်ဆန်ကို လှမ်းအကဲခတ်လိုက်ရာ ဂျွန်ဆန်ကိုယ်တိုင်လည်း သူ့လိုပင် စိုးရိမ်တကြီး ဖြစ်နေကြောင်း သတိထားလိုက်မိသည်။ ထို့နောက် ဗိုလ်မှူးဗော့စတာက အချက်ပြမီးခွက်ဖြင့် ပြန်အဖြေပေးသည်။ အဖြေပေးပြီး သွားသောအခါ ဂျွန်ဆန်က ခပ်တိုးတိုး လှမ်းမေးသည်။

"ဘယ်လိုလဲ၊ အိုကေရဲ့လား"

"အိုကေလိမ့်မယ်လို့ ထင်ရတာပဲ၊ ဒါပေမဲ့ သူတို့က ဒီဘက်က ပြန်ဖြေရမယ့် စကားဝှက် တစ်ပိုင်းတည်းကိုသာ ပြောင်းထားတယ်ဆိုရင် မကြာခင် ဒီကို ကျည်ဆန်တွေ ရောက်လာဖို့ပဲ ရှိတော့တယ်"

ဗော့စတာက ပြန်အချက်ပြလိုက်ပြီးနောက် ရင်တမမဖြင့် စောင့်နေရသည့် အချိန်ပိုင်းမှာ အဆိုးရွားဆုံးအချိန် ဖြစ်သည်။ ဤတွင် ဗော့စတာက အရေးမကြီးသလို ပြောလိုက်သည်။

"ကိစ္စမရှိတော့ပါဘူး၊ ဟိုမော်တော် ဆက်မောင်းသွားပြီ"

ထို့နောက် သူ့လေသံ ချက်ချင်း ပြောင်းသွားသည်။

"ကဲ…ပလာမိုဆီကို အမြန်မောင်းပေတော့ဟေ့"

❑

တူးနစ်မြို့မှ မိုးလေဝသ အရာရှိ၏ ခန့်မှန်းချက်မှာ အတော်ကလေး မှန်သည်။ ကမ်းခြေနှင့် နီးလာသည်နှင့်တစ်ပြိုင်နက် ပင်လယ်ရေမျက်နှာပြင်မှာ ပိုငြိမ်သက်လာသည်။ လရောင်ကလည်း ထိန်ထိန်သာနေသည်။ ဂျွန်ဆန်နှင့် ပီထရီသည် ကုန်းပတ်ပေါ်တွင် သံလက်ရန်းတန်းကိုပင် မကိုင်ဘဲ ရပ်နေနိုင်ကြသည်။

ပီထရီက ကမ်းခြေဆီသို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ဟော့… ဟိုဟာ ပယ်လီဂရီနိုတောင်ကြီးလေ၊ မင်းလည်း အရင်ကတည်းက ရောက်ဖူးထားတဲ့လူဆိုတော့ မှတ်မိတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပြီဗျို့၊ ပလာမိုက အဲဒီတောင်ခြေရဲ့ အရှေ့ဘက်မှာ ကပ်နေတယ်လေ၊ ဟ···နေစမ်းပါဦး၊ ဟိုမှာ တလက်လက်နှင့် မြင်နေရတဲ့ မီးရောင်တွေက ဘာတွေလဲ"

"ပလာမို ဆိပ်ကမ်းအပြင်ဘက်နားမှာ တွေ့ရလိမ့်မယ်လို့ ဗီတိုဆဲလ်ဗား ကြိုပြောထားတဲ့ တံငါလှေကလေးတွေလေ၊ တံငါလှေကလေးတွေဟာ ညဘက်မှာ ငါးထွက်ဖမ်းရင် မီးအိမ်ကို လှေထိပ်မှာ ချိတ်ဆွဲထားတတ်ကြတယ်၊ အဲဒီမီးရောင်ကြောင့် ပိုက်ကွန်ထဲကို ငါးတွေ ခုန်ခုန်ဝင်လာကြတာပေါ့၊ ဘုရားသိကြားမလို့ ဒီလှူစုထဲမှာ 'ဂူဒို' တစ်ယောက် ပါပါစေလို့ ဆုတောင်းရတော့မှာပဲ"

ဟော့စတာက အင်ဂျင်စက်အရှိန်ကို တဖြည်းဖြည်း လျှော့ချလိုက်သည်။ ရန်သူ့ကမ်းခြေသို့ ခိုးတက်သော မည်သည့် တိုက်ခိုက်ရေးအဖွဲ့ပင်ဖြစ်စေ ကမ်းခြေနှင့် တစ်မိုင်ခန့် အကွာအဝေးအထိ ရောက်လာချိန်မှာ အန္တရာယ် အများဆုံးအချိန် ဖြစ်သည်။ အရပ်ဝတ်အရပ်စား ဝတ်ဆင်ထားသော သူတို့နှစ်ယောက်၏ ပုံပန်းသဏ္ဍာန်ကို မော်တော်နားသို့ ရောက်လာသော တံငါလှေများက မီးရောင်ဖြင့် မမြင်မတွေ့စေလိုသောကြောင့် ကုန်းပတ်ပေါ်တွင် ဝပ်နေကြရသည်။ မော်တော် အနီးအနားတစ်ဝိုက်တွင် ရှိနေသော တံငါလှေများမှ မှိတ်တုတ်မှိတ်တုတ် မီးရောင်များကို မြင်နေရသည်မှာ ပျော်စရာပွဲတော်တစ်မျိုးနှင့် ခပ်ဆင်ဆင် တူသလိုလို။

ဂျွန်ဆန်သည် နဖူးပေါ်မှ စီးကျလာသော ချွေးသီးချွေးပေါက်များ မျက်စိထဲသို့ ဝင်မကုန်မီ ကုတ်အင်္ကျီလက်ဖြင့် နဖူးကို သုတ်ရင်း ခပ်တိုးတိုး ညည်းလိုက်သည်။

"ခုအချိန်အထိတော့ အခြေအနေ သိပ်မဆိုးသေးဘူး"

ကုန်းပတ်ပေါ်တွင် အတော်ကလေး အေးသော်လည်း သူတို့နှစ်ယောက်စလုံး၏ နဖူးတွင် ချွေးစို့နေသည်။

ပီထရီက ဂျွန်ဆန်ကို စကားပြန်မပြောဘဲ အမ်အေအက်စ် ကင်းလှည့်မော်တော်တစ်စင်းနှင့် နောက်ထပ် တွေ့ရလေမလားဆိုသော စိုးရိမ်စိတ်နှင့် ပတ်ဝန်းကျင်ကို လှမ်းအကဲခတ်နေသည်။ အမ်အေအက်စ် မော်တော်တစ်စင်းနှင့် ဒုတိယအကြိမ် ရင်ဆိုင်တိုးခဲ့သော် ပထမတစ်ကြိမ်ထက် ပိုပြီး ခက်ခဲနိုင်ဖွယ် ရှိသည်။ ဤနေရာတွင် လှိုင်းလေ မပြင်းထန်သဖြင့် ရန်သူ့မော်တော်က သူတို့၏ မော်တော်ကို စေ့စေ့စပ်စပ် ပိုအကဲခတ်နိုင်လိမ့်မည်။ ထို့ကြောင့်



ပထမအကြိမ်ကလို ညာဖို့လွယ်မည် မဟုတ်တော့။ ပြီးတော့ ယခုလို တံငါလှေများအကြားသို့ ဝင်ရောပြီး ကိုယ်ယောင်ဖျောက်ရမည့် အချိန်မှာ သူ အကြောက်ဆုံးအချိန် ဖြစ်သည်။

ဟော့စတာက မော်တော်အရှိန်ကို အနှေးဆုံးအဆင့်အထိ လျှော့ချပစ်လိုက်သည်။ ယခုအချိန်အထိ သူတို့ မော်တော်ကို စိတ်ဝင်စားမှုရှိသည့် တံငါလှေ တစ်စင်းတလေကိုမျှ ရှာမတွေ့သေးချေ။ ပီထရီသည် မီးအိမ်ကို လေးကြိမ်တိတိ ဖွင့်ချည်ပိတ်ချည် လုပ်ပြမည့် ဂူဒို၏ တံငါလှေကို လိုက်လံရှာဖွေနေသည်။ သို့သော် ယခုအချိန်အထိ မည်သည့် မီးခွက်ကမျှ မှိတ်ချည်ဖွင့်ချည် မလုပ်ကြသေးချေ။ ဟော့စတာက အီတာလျံဘာသာဖြင့် ပီထရီကို လှမ်းပြောလိုက်သည်။

"ဧည့်ခံကြိုဆိုမယ့်အဖွဲ့ကို အရိပ်အယောင်တောင် မမြင်ရသေးပါလား"

ပီထရီက အေးအေးဆေးဆေး ပြန်ဖြေသည်။

"ဘယ်ကိစ္စမဆို ကြိုတွေးထားတဲ့အတိုင်း တိတိကျကျ ဖြစ်မလာတတ်ဘူးဗျ"

ပီထရီက ဂျွန်ဆန်ကို သူ့နောက် လိုက်ခဲ့ရန် လက်ဟန်ခြေဟန်ပြရင်း မော်တော်နောက်ဘက်ဆီသို့ ရွှေ့သွားသည်။

"ကဲ··· မော်တော်ပေါ်က ဆင်းဖို့ အဆင်သင့်ဖြစ်အောင် မော်တော်ဘယ်ဘက်ကို ရွှေ့ကြစို့"

ပီထရီနှင့် ဂျွန်ဆန်သည် တံငါလှေကလေးကို အုပ်ဆိုင်းထားသော တာလပတ်စမှ ကြိုးများကို ကပျာကယာ ဖြုတ်လိုက်ကြသည်။ တဒုန်းဒုန်းမြည်နေသော မော်တော်စက်သံကြားထဲမှ ပိုက်ကွန်ကို တံငါလှေထဲသို့ ပြန်ဆွဲတင်ရင်း သီချင်းတအေးအေး သီဆိုနေသံများကို ကြားနေရသည်။ သူတို့ သိရသလောက်မှာ တံငါသည် အားလုံးသည် ဗီတိုဆဲလ်ဗား၏ မာဖီးယားဂိုဏ်းဝင်များပင် ဖြစ်သည်။ ဗီတိုဆဲလ်ဗား၏ မာဖီးယားလူဆိုးဂိုဏ်းကို အီတလီရဲအဖွဲ့က ဖြိုခွင်းရန် ကြိုးပမ်းခဲ့သော်လည်း မာဖီးယားလူဆိုးဂိုဏ်းက စစ်စလီကမ်းလွန် ပင်လယ်ရေပြင်၌ ငါးဖမ်းနိုင်ခွင့်ကို တိတ်တဆိတ် လက်ဝါးကြီးအုပ်ထားဆဲပင်တည်း။

တာလပတ်စကို ဖယ်ပြီးသောအခါ ကြိုးနှင့် အသင့်ဆိုင်းထားသော တံငါလှေကလေးကို ရေတပ်မတော်သားများ၏ အကူအညီနှင့် ရေပေါ်သို့ လျှော့ချလိုက်သည်။ ထိုအလုပ်ကို တကယ်လုပ်ကြသည့်အခါ မော်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



စက်ရပ်မထားဘဲ ခပ်နှေးနှေး ခုတ်မောင်းနေချိန် ဖြစ်သဖြင့် အတော်ကလေး ခဲရာခဲဆစ် လုပ်ကြရသည်။ တံငါလှေကလေးသည် ပင်လယ်ရေပြင်ပေါ်သို့ ချောချောမောမော ရောက်ရှိသွားသော်လည်း တံငါလှေအား ချည်ထားသော ကြိုးတစ်ချောင်းကိုမူ မဖြုတ်သေးဘဲ ချန်ထားဆဲပင်။ ဤတွင် ဗော့စတာက မော်တော်ကို တံငါလှေအုပ်စုနှင့် ပိုနီးကပ်သွားအောင် ကွေ့၍ မောင်းလိုက်သည်။

ထို့နောက် ဗော့စတာသည် ယမ်းဘီလူးများ ထည့်ထားသည့် ကျောပိုးအိတ်ကို လွယ်နေသော ဂျွန်ဆန်နှင့် ပီထရီထံ နှုတ်ဆက်ရန် လျှောက်လာပြီး ပီထရီ၏ ကျောပြင်ကို လက်နှင့်ပုတ်လိုက်သည်။

"ကဲ... ကိုယ့်လူ၊ အကြံအစည် မှန်သမျှ အောင်မြင်ပါစေကွာ၊ ဂူဒိုဆီက အချက်ပြတာကိုတော့ ခုအထိ မတွေ့ရသေးဘူး၊ ဒါပေမဲ့ ဒီကိစ္စလောက်ကိုတော့ မင်းတို့ ကျော်လွှားနိုင်မှာပါ"

ပီထရီက တည်တည်ငြိမ်ငြိမ် ပြန်ဖြေလိုက်သည်။

"ဒီကိစ္စလောက်တော့ ကိုယ့်ဘာသာကိုယ် ကြိုးစားရတော့မှာပေါ့ကွာ၊ ခုလို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

ပီထရီသည် တလူးလူးတလွန့်လွန့်နှင့် မငြိမ်မသက် ဖြစ်နေသော လှေကလေးပေါ်သို့ ဆင်းလိုက်သည်။ လှေငယ်ကလေးပေါ်သို့ ရောက်နှင့်နေသော ဂျွန်ဆန်က ယမ်းဘီလူးများပါသော ကျောပိုးအိတ်ကို ကြမ်းပေါ်သို့ချရင်း တံငါလှေမှ အင်ဂျင်စက်ကို ကလိနေသည်။ တစ်မိနစ် မပြည့်မီ တံငါလှေ၏ အင်ဂျင်စက် နိုးလာသည်။ ဤတွင် ဗော့စတာက ရေတပ်သားတစ်ယောက်အား လက်ဗွေ့ယမ်းပြလိုက်ရာ ပွဲစင်အိမ်၏ နောက်ဘက်တွင် ဝပ်နေသူ ရေတပ်သားက တံငါလှေအား ချည်ထားသော ကြိုးကို လွှတ်ပေးလိုက်သည်။ ပီထရီက ထိုကြိုးစကို တံငါလှေပေါ်သို့ ကပျာကယာ ဆွဲတင်လိုက်၏။ ထိုအချိန်မှာ သူတို့အတွက် အရေးအကြီးဆုံး အချိန်ပင်တည်း။ ဂျွန်ဆန်က တံငါလှေ၏ လက်ကိုင်ဘီးကို ထိန်းကိုင်ရင်း လှေကို ခပ်ဖြည်းဖြည်း မောင်းနေသည်။ သူတို့နှစ်ယောက်စလုံးသည် သူတို့ လှေကလေးကို တံတိုင်းကြီးပမာ ကွယ်ထားသော အမ်အေအက်စ်မော်တော် ရှေ့ဘက်သို့ မောင်းနှင်ထွက်ခွာသွားသည်ကို ကြည့်နေကြသည်။ ချက်ချင်းလိုလိုပင် သူတို့၏ တံငါလှေကလေးသည် တံငါလှေ အုပ်စုထဲသို့ ရောက်ရှိသွားလေပြီတည်း။



သူတို့လှေနှင့် အနီးဆုံး တံငါလှေတစ်စင်းမှာ ပေသုံးဆယ်ခန့် အကွာအဝေးတွင် ရှိသည်။ အမ်အေအက်စ် မော်တော်သည် တံငါလှေနှစ်စင်းအကြားမှ မောင်းနှင် ထွက်ခွာသွားသည်ဟု ထင်ကြလေအောင် ဗော့စတာက တမင်စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ဗော့စတာ၏ မော်တော်သည် စက်ရှိန်မြှင့်၍ မောင်းနှင်ထွက်ခွာသွားရာ မော်တော်နောက်ပိုင်းမှ ရေပန်းများသည် လရောင်အောက်တွင် ငွေရောင် တောက်နေကြသည်။ ပီထရီတို့ လှေသည် ရန်သူကမ်းခြေနှင့် မိုင်ဝက်ခန့် အကွာအဝေးသို့ ရောက်နေကြလေပြီ။ သူတို့ နှစ်ယောက်သည် ကိုယ့်ကြမ္မာကို ကိုယ့်ဘာသာ ဖန်တီးကြရပေတော့မည်။

ပီထရီက ဂျွန်ဆန်ကို အီတာလျံဘာသာဖြင့် ခပ်တိုးတိုး ပြောလိုက်သည်။

"ဟော့... အက်ဒဝပ်၊ ခပ်ဖြည်းဖြည်း မောင်းကွာ၊ ဂူဒိုနဲ့ အဆက်အသွယ် မရခင် တံငါလှေတွေနဲ့ သိပ်မရောချင်သေးဘူးကွ"

"ဂူဒို ဒီမှာ ရှိခဲ့ရင်ပေါ့လေ"

"သူ ဒီမှာ ရှိကိုရှိမှာပါ"

ပီထရီသည် ငါးဖမ်းသည့် အလုပ်တွင် စိတ်ဝင်စားနေပုံရသော အနီးဆုံး တံငါလှေပေါ်မှ တံငါသည်တစ်စုကို စိုက်ကြည့်နေသည်။ တကယ်တော့ ဒီလူစုသည် နှစ်လို ခင်မင်ဖွယ်ကောင်းသော သူများ မဟုတ်ကြ။ ထမင်းတစ်လုတ်စာအတွက် လူတစ်ယောက် အသက်ကို ရက်ရက်စက်စက် သတ်ကြဖြတ်ကြမည့် စရိုက်ကြမ်းသော လူရမ်းကားများ ဖြစ်သည်။ အဲ 'ဂူဒို' တစ်ယောက် အဖမ်းများ ခံနေရလေသလား။ နောက်ဘက်က အသံတစ်သံကြားရသောကြောင့် ပီထရီက ကပျာကယာ လှည့်ကြည့်လိုက်သည်။ သူလှည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဂျွန်ဆန့်တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"ဘာဖြစ်လို့လဲ"

"ကင်းလှည့်မော်တော်နဲ့ တွေ့ပြန်ပြီ ထင်တယ်"

ဗော့စတာ၏ မော်တော်က စက်ရှိန်ကို ရုတ်တရက် မြှင့်တင်၍ ကပျာကယာ မောင်းနှင်သွားသောကြောင့် အခြေအနေကို အကဲခတ်လိုက်မိခြင်း ဖြစ်သည်။ ဗော့စတာ၏ မော်တော်သည် စက်ရှိန်ကို အစွမ်းကုန် မြှင့်တင်၍ ပလာမိုနှင့် ဝေးရာအရပ်ဆီသို့ ရုတ်တရက် ထွက်ပြေးသွားသည်မှာ တခြားအကြောင်းတော့ မဟုတ်နိုင်။ သိပ်ကို ရှင်းပါသည်။ အခြား အမ်အေအက်စ် အီတာလျံ ကမ်းခြေစောင့် ကင်းလှည့် မော်တော်တစ်စင်းသည် အရှေ့စူးစူးဆီမှ

www.burmeseclassic.com

www.burmeseclassic.com



တံငါလှေများ ရှိရာဆီသို့ အရှိန်ပြင်းစွာဖြင့် ဦးတည်မောင်းနှင်လာနေသည်။ ပီထရီသည် နံဘေးပတ်ဝန်းကျင်ရှိ တံငါလှေများဆီသို့ မီးရောင်ဖြင့် အချက်ပြ၍ ဆက်သွယ်လာမှု ရှိ မရှိကို ကမန်းကတန်း လှမ်းအကဲခတ်လိုက်သည်။ ဤ တံငါလှေ အုပ်စုထဲတွင် ဂူဒို ရှိနေသည့်တိုင်အောင် သူတို့ကို လာဆက်သွယ်ရန် အချိန်နှောင်းခဲ့လေပြီ။ တံငါလှေတစ်စင်းသည် သူတို့ လှေဆီသို့ ဦးတည်၍ လာနေကြောင်း မြင်လိုက်ရသော ပီထရီက လက်ဖျောက်တီး၍ ပြောလိုက်သည်။

"ဟေ့…အက်ဒဝပ်၊ ရှနဲလ်ဖာ သေနတ်ကို လှမ်းပေးထားစမ်း"

ဂျွန်ဆန်သည် လက်တစ်ဖက်နှင့် ပဲ့ကိုင်ဘီးကို ထိန်းရင်း ကျန်လက်တစ်ဖက်နှင့် အိတ်ထဲမှ သေနတ်ကို နှိုက်ယူ၍ ပီထရီထံ လှမ်းပေးလိုက်သည်။ ထိုအချိန်တွင် အမ်အေအက်စ် မော်တော်သည် သူတို့လှေဆီသို့ ဦးတည်၍ အပြင်း မောင်းနှင်လာလေပြီ။

❏

ဂျာမန်လုပ် ရှနဲလ်ဖာ မော်ဇာပစ္စတိုသည် ပြောင်းဝအကျယ် ခုနစ်ဒသမ ခြောက်သုံး မီလီမီတာရှိပြီး အတွဲလိုက် အတောင့်လိုက် ပစ်နိုင်သော ပစ္စတိုသေနတ်အနေနှင့်သော်လည်းကောင်း၊ အတွဲလိုက် ပစ်နိုင်သည့် စက်သေနတ် အငယ်အစားအနေနှင့်သော်လည်းကောင်း၊ နှစ်မျိုးစလုံး အသုံးချ၍ရသည့် သေနတ်အမျိုးအစား ဖြစ်သည်။

ထိုသေနတ်တွင် ကျည်ဆန်နှစ်ဆယ် ဆံ့သော ကျည်ကပ် ပါရှိပြီး ရိုးရိုး ပစ္စတိုသေနတ်အနေဖြင့် အသုံးပြုလိုပါက ထိုသေနတ်ကို သစ်သားတွင် ထွင်းထားသော သေနတ်အိတ်တွင် ထည့်၍ ယူဆောင်သွားရသည်။ သေနတ်အိတ်ကို သစ်သားဖြင့် ပြုလုပ်ထားရသည်မှာလည်း အကြောင်းရှိသည်။ ထိုသေနတ်ကို အဝေးသို့ ပစ်ခတ်နိုင်သော စက်သေနတ် အငယ်စားအနေဖြင့် အသုံးချလိုသည့်အခါ သစ်သားဖြင့် လုပ်ထားသော သေနတ်အိတ်ကို သေနတ်လက်ကိုင်တွင် ကလစ်နှင့် ညှပ်၍ ဆက်လိုက်ရသည်။ ထိုအခါ သစ်သားသေနတ်အိတ်သည် ပခုံးတွင် ထောက်၍ ပစ်ခတ်နိုင်သော သေနတ်ဒင် ဖြစ်လာရလေတော့သည်။ ဤသေနတ်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုတတ်သူတစ်ဦးသည် အခြေအနေပေးပါက ကင်းလှည့်မော်တော်ပေါ်တွင် ပါလာသူအားလုံးကို ဓိဝိနိဖြုတ်နိုင်လောက်ပေသည်။



အမ်အေအက်စ် မော်တော်စက်သံက တဖြည်းဖြည်းပို၍ ကျယ်လောင်လာသည်။ ထိုအခိုက်တွင် တံငါလှေ နှစ်စင်းသည် သူတို့လှေကလေးဆီသို့ အလိုက်သင့် မျှောပြီး ချဉ်းကပ်လာနေကြောင်း တွေ့လိုက်ရသည်။ ပီထရီက အချက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ဂျွန်ဆန်က ပဲ့ကိုင်ဘီးကို ဆွဲလှည့်ပြီး သူတို့ လှေကို အဆိုပါ လှေနှစ်စင်းအကြားသို့ ရောက်အောင် မောင်းသွင်းလိုက်သည်။ ထိုအခိုက်တွင် မာကျောပုံရသော ပစ္စည်းတစ်ခုက လှေဘောင်ကို ဝုန်းခနဲ လာထိသံ ကြားလိုက်ရသည်။

ပီထရီသည် ကုတ်အင်္ကျီအောက်မှ သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ရင်း သူတို့လှေဘောင်တွင် လာချိတ်နေသော သံချိတ်ကြီးကို တစ်လှည့်၊ ထိုသံချိတ်မှ ကြိုးကို လှမ်းဆွဲထားသော (သူတို့လှေနှင့် လေးငါးပေခန့်သာ ဝေးသည့် လှေပေါ်မှ) လူကို တစ်လှည့် လှမ်းကြည့်လိုက်သည်။ အီတာလျံဘာသာဖြင့် လှမ်းပြောလိုက်သော စစ်စလီကျွန်းသားကြီး၏ လေသံမှာ အရေးတကြီး ဖြစ်နေပုံပေါ်လွင်သည်။

"ဒီည ငါးတော်တော်များများ ဖမ်းလို့ရရဲ့လား"

ပီထရီက သူဖြေရမည့် စကားဝှက်ကို အစအဆုံး ပြန်ပြောလိုက်သည်။

"ဇူလိုင်လမှာ ငါး အရနည်းတယ်၊ ရန်သူရဲ့ ရေငုပ်သင်္ဘောတွေက သိပ်နှောင့်ယှက်တာကိုး"

"ကျုပ် 'ဂူဒို' ပါ၊ ဟို ကင်းလှည့်မော်တော် နီးလာရင် ခင်ဗျား ဘာမှ မပြောနဲ့နော်"

ပီထရီက မမြင်လိုက်သော်လည်း ဂူဒိုက တစ်နည်းနည်းနှင့် အချက်ပြလိုက်ပုံရသည်။ အဘယ့်ကြောင့်ဆိုသော် ချက်ချင်းလိုလိုပင် သူတို့၏ နံဘေးပတ်ဝန်းကျင်၌ အခြားတံငါလှေများ စုပြုံဝိုင်းအုံရောက်ရှိလာပြီး ရှုပ်ယှက်ခတ်သွားသောကြောင့် ဖြစ်သည်။ ဂူဒို၏ လှေပေါ်ရှိ လူနှစ်ယောက်က ပိုက်ကွန်တစ်ခုကို သူတို့ လှေပေါ်သို့ ပစ်တင်ပေးလိုက်ရာ စက်သတ်ထားပြီး ဖြစ်သော ဂျွန်ဆန်က ပိုက်ကို ခပ်တည်တည် ဖမ်းဆွဲလိုက်သည်။ ပီထရီကလည်း ငါးဖမ်းပိုက်ကွန် သူတို့ လှေထဲသို့ ရောက်လာအောင် ကူပြီး ဆွဲတင်ပေးသည်။

အမ်အေအက်စ် မော်တော်သည် ရှုပ်ထွေးနေသော တံငါသည်များကို မရမက တိမ်းရှောင်ရင်း သူတို့လှေအုပ်စုထဲသို့ ဇွတ်ထိုးပြီး ဝင်လာသည်။ ထို့နောက် ပီထရီ၏ တံငါလှေ ဘေးနားသို့ ရောက်လာသောအခါ မာလိန်မှူး

www.burmeseclassic.com

www.burmeseclassic.com



သည် အသံချဲ့စက် အော်လံတစ်ခုကို ကိုင်ရင်း ကုန်းပတ်ပေါ်သို့ ထွက်လာသည်။ ပီထရီက ကုတ်အင်္ကျီအိတ်ထဲသို့ လက်နှိုက်ထားလိုက်သည်။ ဆားနားတွင် ရှိသော တံငါလှေများက ယခုလို ကျူးကျော်ဝင်ရောက်လာသည့် ကင်းလှည့်မော်တော်ကို မကြားတကြား ပိုင်းဆဲနေကြသည်။ အခြေအနေကတော့ သိပ်ကောင်းပုံမရချေ။ အမ်အေအက်စ် မော်တော်ပေါ်ရှိ စက်သေနတ် နောက်ဘက်တွင် ရေတပ်မတော်သားများ အသင့်ရှိနေပြီး ကုန်းပတ်ပေါ်၌ ရှိနေသူ ရေတပ်မတော်သားများ၏ လက်ထဲတွင်လည်း ရိုင်ဖယ်များ ရှိနေသည်ကို တွေ့နေရသည်။ ဘာဖြစ်လို့ မာလိန်မှူးက ခုလို သံသယဝင်ရပါလိမ့်။ အိတာလျံမာလိန်မှူးက အော်လံကို မြှောက်ကိုင်လိုက်ရင်း သူတို့ကို လှမ်းပြောတော့သည်။

"ခင်ဗျားတို့ထဲက်တွေ ဒီကနေ့ည ဒီနားတစ်ဝိုက်မှာ ဗြိတိသျှ တော်ပီဒိုသင်္ဘောတစ်စင်းစင်းကို တွေ့လိုက်မိကြသလား"

ဂူဒိုက ပြန်အော်ပြောသည်။

"တခြား အမ်အေအက်စ် တစ်စင်းကလွဲလျှင် ဘာမှမတွေ့ဘူး၊ ခုလည်း ခင်ဗျားကြောင့် ကျုပ်တို့ ပိုက်တွေ စုတ်ကုန်ပြီ"

"ခင်ဗျားတို့တစ်တွေ အပြင်ဘက်ကို သိပ်နယ်ကျွံနေတယ်၊ ခုအချိန်မှာ ပလာမို ကမ်းခြေနဲ့ သိပ်ဝေးတဲ့နေရာမှာ ငါးဖမ်းခွင့်ပြုတာ မဟုတ်ဘူး"

"ကျုပ်တို့က ငါးရှိတဲ့နေရာကို လိုက်ဖမ်းတာပဲဗျ၊ ခင်ဗျားတို့လည်း ဟင်းကောင်းကောင်းနဲ့ ထမင်းစားချင်တာပဲ မဟုတ်လား"

ဂူဒိုကလည်း စိတ်တိုတိုနှင့် ခံပြောသည်။

"ကောင်းပြီ၊ ခင်ဗျားတို့ လုပ်ပုံကိုင်ပုံကို ဆိပ်ကမ်းရုံးမှာ သတင်းပို့လိုက်မယ်"

အမ်အေအက်စ် မော်တော်သည် လှေအုပ်စုနှင့် လွတ်အောင် နောက်ပြန် ဆုတ်လိုက်ပြီးနောက် အနောက်စူးစူးဆီသို့ ဆက်မောင်းသွားသည့်အခါကျမှ ပီထရီတစ်ယောက် နေသာထိုင်သာ ရှိလာသည်။ ဒါဖြင့်လျှင် ဂူဒိုသည် တရားဝင်ခွင့်ပြုထားသော နေရာထက် ကျော်၍ သူတို့ကို တမင်ကာလာ လာကြိုခြင်း ဖြစ်ရမည်။ ဘာပဲပြောပြော ဇီတိုဆဲလ်ဗားက ယခုလို လိုလိုလားလား အကူအညီပေးသည့်အတွက် ကျေးဇူးတင်ရပေမည်။

ဂူဒို၏ တံငါလှေမှ အင်ဂျင်စက် ပြန်နှိုးသံ ကြားရသောကြောင့် ပီထရီက လှည့်ကြည့်လိုက်ရာ ပလာမိုဆိပ်ကမ်းဆီသို့ သွားရန် လက်ပြနေသည်ကို တွေ့လိုက်ရသည်။ မှန်သည်။ သူတို့အားလုံး ပလာမိုဆိပ်ကမ်းသို့ ချက်ချင်း



သွားပြီး ဒုတိယအဆင့် အခက်အခဲတစ်ခုကို ကျော်ဖြတ်နိုင်အောင် ကြိုးပမ်းရပေဦးမည်။ ထိုအဆင့်မှာ အစောင့်အကြပ် ထူထပ်စွာ ချထားသော ပလာမိုဆိပ်ကမ်းထဲသို့ ဝင်နိုင်ရန်ပင်တည်း။ ဂျွန်ဆန်သည် အင်ဂျင်စက်ကို နှိုး၍ ဂူဒို၏ လှေနောက်မှ ကပ်လိုက်သွားသည်။

ဘာ့ကြောင့်မှန်း မသိရသော်လည်း ဗော့စတာနှင့် ပထမတစ်ကြိမ် ရင်ဆိုင်တိုးခဲ့သော အမ်အေအက်စ် မော်တော်သည် ကမ်းခြေဆီသို့ ပြန်လည်မောင်းနှင်မသွားဘဲ လှေအုပ်စုနှင့် မနီးမဝေးက ကမ်းခြေရှိရာ တောင်ဘက်အရပ်ဆီသို့ စတင်မောင်းနှင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျန်လှေများသည် နောက်ဘက်က တစ်ပြုံတစ်ထွေးကြီး လိုက်လာကြသည်။ ဤကိစ္စမှာ စနစ်တကျ ကြိုတင်ဇာတ်တိုက်ထားသော အစီအစဉ်တစ်ခု ဖြစ်ပြီး ဉာဏ်နီဉာဏ်နက်များလှသော ဇီတိုဆဲလ်ဗား၏ စိတ်ကူးစိတ်သန်းတစ်ခုသာ ဖြစ်ရမည်ဟု ပီထရီက တထစ်ချ ယူဆလိုက်သည်။

ယခုအချိန်တွင် ပင်လယ်ရေပြင်သည် ကန်ရေပြင်ပမာ ငြိမ်သက်နေလေပြီ။ တံငါလှေများပေါ်မှ တံငါသည်များကလည်း တေးသီချင်းများကို ချွဲချွဲပျစ်ပျစ် သံပြိုင်သီဆိုနေကြသည်။ မကြာသေးမီက လှိုင်းလုံးကြီးများအကြားတွင် လေမုန်တိုင်းဒဏ်ကြောင့် သူတို့နှစ်ယောက် သေလုနီးပါး ဖြစ်ခဲ့ရသည်မှာ ဟုတ်မှ ဟုတ်ပါလေစဟု ဂျွန်ဆန်က တွေးနေမိသည်။ ပီထရီသည် လှေဦးပိုင်း၌ ထိုင်နေလေရာ ပင်လယ်ထဲသို့ ထိုးထွက်နေသော ရေကာတာနှင့် တဖြည်းဖြည်း ပိုနီးလာလေလေ သဲအိတ်များပေါ်တွင် မေးတင်၍ ပင်လယ်ပြင်ဘက်ဆီသို့ ချိန်ထားသော စက်သေနတ်ကြီးများ၊ သံခမောက်ဆောင်းထားသော အမြောက်တပ်သားများ၏ အရိပ်မည်းကြီးများနှင့် ရိုင်ဖယ်သေနတ်ကို ထမ်း၍ လမ်းလျှောက်ရင်း ကင်းစောင့်နေသော ကင်းသမားတို့ကိုပင် သဲသဲကွဲကွဲ မြင်လာရလေပြီ။

ဂူဒို၏ လှေက အရှိန်ကို လျှော့ချလိုက်သည့်နည်းတူ ဂျွန်ဆန်ကလည်း စက်ရှိန်ကို လျှော့ချလိုက်သည်။ ထို့ကြောင့် သူတို့ လှေများသည် ရေကာတာတံတိုင်းကြီးအောက်မှ ကပ်လျက် သင်္ဘောဆိပ်ဆီသို့ ရေစီးကြောင်းအတိုင်း တရွေ့ရွေ့ မျောပါနေကြသည်။ ပီထရီသည် ရှေ့ဘက်ရှိ လှေပေါ်တွင် မတ်တတ်ရပ်နေသူ ဂူဒိုကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ ပြဿနာပေါ်သည်နှင့်တစ်ပြိုင်နက် ဂူဒို၏ လှုပ်ရှားမှုကို ကြည့်၍ အသင့်ပြင်ဆင်နိုင်ရန် ဖြစ်သည်။ ထို့နောက် ပီထရီသည် လှေဦးမှ ပဲ့ပိုင်းဆီသို့ လျှောက်လာပြီး ဂျွန်ဆန်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ရပ်နေသည်။ ပလာမိုဆိပ်ကမ်းသို့ ဝင်နိုင်ရန်မှာ ရေကာတာ တံတိုင်းကြီးကို ကျော်လွန်သွားသည်အထိခုတ်မောင်းသွားရန် လိုအပ်ပြီး ရေကာတာ အဆုံးရှိ ဝင်ပေါက်မှ ဆိပ်ကမ်းထဲသို့ ဝင်ရမည် ဖြစ်သည်။ ထိုအဝင်ဝ အရှေ့ဘက်နား တွင် ပင်လယ်ထဲ၌ စိုက်ထူထားသော အုတ်တိုင်တစ်တိုင် ရှိသေးသည်။

တံငါလှေများသည် ရေကာတာ တံတိုင်းကြီးနှင့်ယှဉ်၍ ဖြည်းညင်းစွာ မောင်းနှင်နေကြရာ တဒုတ်ဒုတ် မြည်နေသော အင်ဂျင်စက်သံများ၊ လက် တစ်ကမ်းအလိုတွင် ရှိနေသော အုတ်တံတိုင်းအား လှိုင်းဂယက်ကလေးများက သွားရောက်ပုတ်ခတ်မိသည့် အသံများကိုသာ ကြားနေရသည်။ ယခုအချိန်တွင် တံငါသည်များသည် သီချင်း မဆိုကြတော့ချေ။

သူတို့ရှေ့တည့်တည့်မှ ကျလိ ကျလိနှင့် မြည်သံကြားရသောကြောင့် ဂျွန်ဆန်တစ်ကိုယ်လုံး တောင့်တင်းတင်းကြီး ဖြစ်သွားသည်။ အမှန်မှာ တံငါလှေ အုပ်စု ဆိပ်ကမ်းထဲသို့ ဝင်နိုင်ရန်အတွက် ဆိပ်ကမ်းအဝင်ဝတွင် ကန့်လန့် တားထားသော သံဝါးလုံးတန်းကို ဆွဲဖွင့်ပေးလိုက်သဖြင့် မြည်လာသောအသံ ဖြစ်သည်။

အပြင်ရေကာတာ၏ အဆုံးသို့ ရောက်သောအခါ ပီထရီက အပေါ်သို့ မော့ကြည့်လိုက်သဖြင့် ကောင်းကင်ဆီသို့ ချိန်ထားသော လေယာဉ်ပစ် အမြောက်ကြီး၏ ပြောင်းရှည်ကြီးကို မြင်လိုက်ရသည်။ ပီထရီ၏ လှေ ရေ ကာတာ တံတိုင်းအဆုံးကို လွန်သည်နှင့် တစ်ပြိုင်နက် ဆိပ်ကမ်းအတွင်းပိုင်းကို လှမ်းမြင်လိုက်ရသည်။ သံဝါးလုံးတန်းကို ဆွဲဖွင့်ပေးသော သင်္ဘောခေါင်းတိုင်ဆီမှ မီးခိုးမည်းမည်းများသည် ကောင်းကင်ယံဆီသို့ လွင့်တက်နေသည်။ ဂျွန်ဆန်ကမူ ဆိပ်ကမ်းထဲသို့ ဝင်ရသည်မှာ လွယ်လှချေလားဟု တွေးနေမိ သည်။ သို့သော် အသက်ရဲရဲ မရှူရဲသေးချေ။ ထိုအခိုက်မှာပင် ဆိပ်ကမ်း အဝင်ဝကို နေ့လယ် နေ့ခင်းပမာ လင်းထိန်သွားအောင် ထိုးလိုက်သော မီးမောင်းကြီးမှ အလင်းရောင် တန်းကြီးတစ်ခု ရုတ်တရက် ပေါ်ထွက်လာ သည်။ ပီထရီသည် သေနတ်ခင်ကို ပို၍ ဆုပ်ကိုင်လိုက်ရင်း အသံမထွက်အောင် ကျိန်ဆဲလိုက်မိသည်။

ထိုမီးမောင်းကြီးသည် ဆိပ်ကမ်းအဝင်ဝရှိ အုတ်တိုင်ပေါ်၌ ရှိနေပြီး အဝင်ဝသို့ ရောက်လာသော လှေ၊ သင်္ဘောများကို မီးမောင်းကြီးဖြင့် မလွတ် တမ်း ဖမ်းထိုးပြီး စစ်ဆေးနိုင်စွမ်းရှိသည်။ မီးနှင့် ထိုးကြည့်ရုံသာမက အပြင် သို့ ထွက်ခွင့်ပြုလိုက်သော တံငါလှေ အရေအတွက်အတိုင်း ပြန်စစ်ပြီး ဝင်ခွင့်ပြု



မည်မှာ သေချာသည်။ ဒါပေမဲ့ ပြန်အဝင်တွင် လှေတစ်စင်း ပိုနေပြီ မဟုတ်ပါ လား။ပြီးတော့လည်း လှေထဲမှာ ပါသူများကိုပင် မှတ်မိနိုင်စွမ်း ရှိလိမ့်မည်ဟု တွေးလိုက်မိသည်။

ဂူဒို၏ လှေရှေ့ဘက်ရှိ လှေတစ်စင်းသည် ရှေ့သို့ မတိုးတော့ဘဲ ရပ်တန့်နေသလောက်နီးပါး ဖြစ်သွားတော့ရာ ပီထရီသည် ထိုအချိန်ကျမှ ဂူဒိုတို့၏ အကြံအစည်ကို ရိပ်မိတော့သည်။ ထိပ်ဆုံးမှ လှေသည် ဂူဒိုနှင့် ပီထရီတို့၏ လှေများနှင့် ကျန်လှေများကို တမင်စောင့်ဆိုင်းနေခြင်း ဖြစ်ပြီး သူတို့ တစ်အုပ်စုလုံး တစ်ပြုံတစ်ထွေးကြီး အထဲသို့ ဝင်ကြရန် ဖြစ်သည်။ ပီထရီက နောက်ဘက်သို့ လှည့်ကြည့်လိုက်ရာ အခြားလှေများသည် သူတို့ လှေနှင့် ထိလုနီးပါး ဖြစ်နေသည်ကို မြင်လိုက်ရသည်။ ဂျွန်ဆန်ကလည်း ဂူဒိုတို့၏ အကြံအစည်ကို ရိပ်မိသည်။ ဂျွန်ဆန်က ခပ်တိုးတိုး မေးလိုက်သည်။

"အရှိန်နည်းနည်း မြှင့်လိုက်ရမလား"

"မလုပ်နဲ့၊ ခုပုံစံအတိုင်း ဆက်မောင်း"

ဂျွန်ဆန်သည် ပဲ့ကိုင်ဘီးကို အနည်းငယ်လှည့်ရင်း ရှေ့ဘက်ရှိ ဂူဒို ၏ လှေနှင့် ဘေးချင်းယှဉ်သွားအောင် ကြိုးစားလိုက်စဉ် ပီထရီက ခပ်တိုးတိုး ထပ်ပြောသည်။

"ဟော…ဟိုမီးမောင်းကြီး နောက်ဘက်မှာ စက်သေနတ် တစ်လက် ရှိတယ်၊ တကယ်လို့များ သူတို့က စပစ်ခဲ့လျှင် မင်းက လှေကို ဘယ်ဘက် ဆွဲလှည့်ပစ်လိုက်၊ ငါက မီးမောင်းကြီးကို ပစ်ခွဲမယ်"

သူတို့က ရှေ့ဘက်ဆီသို့ တရွေ့ရွေ့ သွားနေကြစဉ် တံငါလှေ နှစ်စင်း သည် သူတို့လှေများကို နောက်ဘက်က ပန်းတက်သွားပြီး မီးမောင်းကြီးများ၏ အလင်းရောင်အောက်သို့ ရောက်ရှိသွားကြသည်။ လှေပေါ်တွင် ရှိနေသူများ သည် မီးမောင်းကြီး၏ အလင်းရောင်အောက်တွင် ထင်ထင်ရှားရှား မြင်နေရ ကြောင်း ပီထရီက သတိပြုလိုက်မိ၏။ ထိုလှေနှစ်စင်းသည် မီးရောင်ကို ကျော်ဖြတ်သွားပြီးနောက် ချက်ချင်းလိုလိုပင် တစ်စင်းနှင့်တစ်စင်း ပြင်းပြင်း ထန်ထန် တိုက်မိသံ ပေါ်လာသည်။ ဒါကလည်း ဗိုတိုဆဲလ်ဗား၏ စီစဉ်ချက်သာ ဖြစ်ရမည်။ ဤတွင် စစ်စလီဘာသာဖြင့် ဆဲရေးတိုင်းထွာသံများ ထွက်ပေါ်လာ ပြီးနောက် တစ်ဖက်နှင့်တစ်ဖက် ထိုးကြိတ်ကြသည့် အသံများကို ကြားကြရ သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးမောင်းကြီး၏ နောက်တွင် ရှိနေသူများသည် ဆူဆူညံညံ ဖြစ်ပေါ်နေရာဆီသို့ မီးမောင်းကို ချက်ချင်းပြောင်း၍ ထိုးကြည့်လိုက်ကြသည်။ ဤကဲ့သို့ မီးမောင်းကြီးက လှေတိုက်မှု ဖြစ်ပွားသည့်နေရာဆီသို့ ထိုးကြည့်နေစဉ် ပီထရီနှင့် ဂူဒိုတို့၏ လှေများသည် အခြားလှေများနှင့်အတူ အုတ်တိုင်ခြေရင်းကို ကျော်လွန်၍ အတွင်းပိုင်းသို့ ဝင်သွားကြလေပြီ။ တခြားဘက်သို့ အာရုံရောက်သွားမိသောကြောင့် တံငါလှေအုပ်စုမှ လှေတချို့ အထဲသို့ ဝင်သွားပြီ ဖြစ်ကြောင်း သိလိုက်ရသောအခါ မီးမောင်းထိုးသူများက လှေအုပ်စုရှိရာသို့ ကမန်းကတန်း ပြန်ထိုးကြည့်ကြပြန်သည်။ မီးမောင်းကြီးမှ အလင်းရောင်သည် ပီထရီတို့၏ လှေကို တစ်စက္ကန့် နှစ်စက္ကန့်ခန့်သာ ထိုးလိုက်ပြီးနောက် နောက်ဘက်ရှိ လှေပေါ်သို့ ရောက်ရှိသွားသည်။

ဤတွင် ပီထရီက စဉ်းစားမိပြန်သည်။ ဤတံငါလှေ အုပ်စုထဲမှ တံငါလှေတစ်စင်းသည် ဤလှေအုပ်စုတွင် ပြန်ပါမလာဘဲ စစ်စလီကျွန်း၏ ကမ်းခြေတစ်နေရာရာသို့ သွားပြီး ဆိုက်ကပ်ရတော့မည်မှာ သေချာသည်။ သို့မှသာ လှေအဝင်နှင့်အထွက် စာရင်းကိုက်ညီမှု ရှိပေလိမ့်မည်။ ဗီတိုဆဲလ်ဗား ဆိုသော ပုဂ္ဂိုလ်သည် ဤလိုကိစ္စမျိုးတွင် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ရှိမည့်သူ မဟုတ်ချေ။

လူသူကင်းရှင်းလျက်ရှိသော ဆိပ်ခံတံတားတစ်ခုဆီသို့ ဂူဒို၏ လှေနှင့်အတူ ဆိုက်ကပ်မိကြသောအခါ ပီထရီက ဂျွန်ဆန်ကို ပြောလိုက်သည်။

"ကဲ…တို့တော့ ရောက်လာပြီ ဟေ့"

ဒုတ်ခနဲ ဆောင့်မိသံတစ်ချက်ကို ကြားလိုက်ရသောကြောင့် ဂူဒို၏ လှေသည်လည်း ဆိပ်ခံတံတားတွင် ဆိုက်ကပ်မိပြီဖြစ်ကြောင်း သိလိုက်ရသည်။ စစ်စလီကျွန်းပေါ်သို့ သူတို့ ရောက်ရှိလာကြလေပြီ။ သို့သော် သူတို့ ရောက်လာကြောင်း ရန်သူ့ဘက်က တစ်စွန်းတစ်စမျှ သံသယဝင်စရာ အကြောင်းလည်း မရှိသေးချေ။ ၎င်းအပြင် တစ်နာရီအတွင်း မြေလျှိုးနေရသော မာဖီးယားလူဆိုးဂိုဏ်း၏ လျှို့ဝှက်ဗဟိုစခန်းဆီသို့ ရောက်ရှိသွားတော့မည်မှာ သေချာသည်။

ပီထရီသည် ထိုအချိန်ကျမှ ဗီတိုဆဲလ်ဗားနှင့် လက်ကုန် ဉာဏ်ရည်ပြိုင်ပွဲ ဆင်နွှဲရတော့မည် ဖြစ်ကြောင်း စိတ်မသက်မသာဖြင့် တွေးလိုက်မိသည်။

❑ ❑ ❑

- လေး -

ဇူလိုင်လ၊ ၉ ရက်၊ သောကြာနေ့ မိုးမသောက်မီ

ပီထရီနှင့် ဂျွန်ဆန်တို့နှစ်ဦး စစ်စလီကျွန်းမြေပေါ်တွင် ခြေချနိုင်ပြီးနောက် ငါးမိနစ်အတွင်း ကျွန်းပေါ်သို့ သူတို့ ရောက်ရှိလာကြောင်း ဒွန်ဗီတိုဆဲလ်ဗားထံ သတင်းရောက်ရှိသွားသည်။ ဆဲလ်ဗား၏ တပည့်ဖြစ်သူသည် ပလာမို ဆိပ်ကမ်းကို အပေါ်က စီး၍ မြင်နိုင်သော အိမ်ကြီးတစ်အိမ်ဆီမှ တယ်လီဖုန်းဖြင့် သတင်းပို့လိုက်ခြင်း ဖြစ်သည်။ သတင်းပို့ပုံကလည်း တို၍ ပြတ်သားသည်။

"ဂျူးစေ့တွေကို ပို့ပြီးပါပြီ"

"ကျေးဇူးတင်တယ် နီကိုလို၊ မင်း အဲဒီမှာပဲ ဆက်စောင့်နေပေါ့ကွာ"

ဗီတိုဆဲလ်ဗားက စကားပြောခွက်ကို ပြန်ချလိုက်သည်။ သူပြန်ညွှန်ကြားလိုက်သည့်အတိုင်း နီကိုလိုသည် ထိုနေရာမှ ချက်ချင်း ထွက်ခွာသွားတော့မည်မှာ သေချာသည်။ အီတလီ ရဲအဖွဲ့သည် မြေလျှိုးနေသော မာဖီးယားလူဆိုးဂိုဏ်းကို ဖော်ထုတ်အရေးယူနိုင်ရန်အတွက် ပလာမိုမြို့တွင် ရှိသော တယ်လီဖုန်းအားလုံး၏ တစ်ဝက်ကျော်ကျော်ကို ကြားမှဖြတ်၍ ခိုးနားထောင်နေသည်ဖြစ်ရာ ဤလျှို့ဝှက်လုပ်ငန်းနှင့် ဆက်စပ်နေသူ အားလုံးကို ရဲက မဖမ်းမိစေဖို့ အထူးလိုအပ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗီတိုဆဲလ်ဗားသည် ဆေးပြင်းလိပ်တစ်လိပ်ကို လက်ဝါးနှင့် ဖုံးအုပ်ပြီး မီးညှိလိုက်သည်။ ယခု သူမတ်တတ်ရပ်နေသည့်နေရာမှာ စစ်စလီကျွန်းတွင် အချမ်းသာဆုံး သူဌေးများအနက် တစ်ဦးဖြစ်သော ဂွန်ဇာဂို့စ်မိသားစု၏ နေအိမ်ဖြစ်သည်။ ယခု ထိုမိသားစုသည် လွန်ခဲ့သော သုံးရက်ခန့်က အီတလီပြည်မကြီးပေါ်သို့ ထွက်ပြေးပြောင်းရွှေ့သွားကြသဖြင့် ဗီတိုဆဲလ်ဗားက ၎င်း၏ ယာယီဌာနချုပ်အဖြစ် ခေတ္တလာရောက် ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

သို့သော် ထိုအခန်းကျယ်ကြီးထဲတွင် ဗီတိုဆဲလ်ဗား တစ်ဦးတည်းသာ ရှိနေသည် မဟုတ်ချေ။ ပြတင်းပေါက်တိုင်း၏ နောက်ဘက်တွင် ငုံ့လျှိုးပုန်းအောင်းရင်း ပန်းခြံထဲသို့ ချောင်းကြည့်နေကြသည့် လုပ်သေနတ်ကိုင် မာဖီးယားဂိုဏ်းသားများလည်း ရှိနေကြသည်။ သူတို့ ကိုင်ဆောင်ထားသည့် လုပ်သေနတ်များမှာ စစ်စလီကျွန်းပေါ်တွင် အလွယ်တကူ ရရှိနိုင်ပြီး ကြောက်စရာအကောင်းဆုံး လုပ်သေနတ် ဖြစ်သည်။ ထိုသေနတ်ကို 'လူပါရာ' ဟု ခေါ်သည်။ လူပါရာ ဆိုသော စကားလုံးတွင် အဓိပ္ပာယ် သုံးမျိုးပါသည်။ ခဲသီးပါသော ကျည်ဆန်ကို 'လူပါရာ' ဟု ခေါ်သလို ထိုလုပ်သေနတ် အမျိုးအစားကိုလည်း လူပါရာဟု ခေါ်ကြသည်။ ထိုသေနတ်နှင့် အပစ်ခံရသဖြင့် ခဲဆိပ်တက်သည့် ရောဂါကိုလည်း လူပါရာဟုပင် ခေါ်သည်။ ခဲဆိပ်သင့်သော ရောဂါမှာ ကုရာနတ္ထိ ဆေးမရှိဟူ၍လည်း ဆိုကြသည်။ ပြတင်းပေါက် နောက်နားတွင် အစောင့်လူဆိုးများက မလှုပ်မယှက် စောင့်နေကြစဉ် ဗီတိုဆဲလ်ဗားက အတွေးရေလျဉ်ကြောတွင် မျောနေသည်။ သည်ကိစ္စသည် သူ့ဘဝတစ်လျှောက်လုံးတွင် အထူးအရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်နိုင်သည်။ သူ တစ်ချိန်လုံး စောင့်ဆိုင်းနေခဲ့ရသော ဘဝတဆစ်ချိုးလည်း ဖြစ်နိုင်သည်။ ယခု ပီထရီတစ်ယောက် ပြန်လာလေပြီ။

ဆီညော် ဗီတိုဆဲလ်ဗားသည် စစ်မှုထမ်းကောင်း ဘွဲ့တံဆိပ် ရရှိထားသူ မေဂျာပီထရီ၏ စစ်မြေပြင် အတွေ့အကြုံများအကြောင်း ကောင်းကောင်းကြီး သိထားသူတစ်ဦး ဖြစ်သည်။ ပီထရီသည် မကြာသေးမီက စစ်စလီကျွန်းပေါ်သို့ ရက်သတ္တ ရှစ်ပတ်ကြာ လာရောက်၍ မဟာမိတ်တပ်ပေါင်းစု ဌာနချုပ်နှင့် မာဖီးယား လူဆိုးဂိုဏ်းအကြားတွင် ဆက်သွယ်ရေးအရာရှိအဖြစ် လောလောလတ်လတ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သို့သော် ပီထရီသည် ထိုကိစ္စကလွဲ၍ ကျန်ကိစ္စအားလုံးတွင် ရန်သူ့နယ်မြေအတွင်းရှိ အထူးအရေးပါ အရာရောက်သည့် စစ်ဘက်ဆိုင်ရာ အချက်အချာ ပစ္စည်းများကို ဖောက်ခွဲ



ဖျက်ဆီးပစ်ရန် စေလွှတ်ခြင်း ခံရလေ့ရှိကြောင်း၊ ထို့ကြောင့် ယခုတစ်ကြိမ်သူ လာရောက်ခြင်းမှာ ယခင်တစ်ပတ်က လာရောက်ခဲ့သည့် ရည်ရွယ်ချက်နှင့် လုံးဝမတူနိုင်ကြောင်း သူ ရိပ်မိသည်။ ထိုကဲ့သို့ ခန့်မှန်းနိုင်ခြင်းမှာ ဓာတ်ဆီအပြည့် ထည့်ထားသော မော်တော်ကားတစ်စီးကို အသင့်စီစဉ်ထားရန် ဝိုင်ယာလက်ဖြင့် ကြိုတင်မေတ္တာရပ်ခံချက်ကြောင့် ဖြစ်သည်။

ထိုမေတ္တာရပ်ခံချက်အရ ပလာမိုမြို့မှ ခရီးရှည်ထွက်ဖို့ ဖြစ်ကြောင်း သေချာသည်။ ဤတွင် သွားလိုသည့် ဒေသမှာ နှစ်နေရာသာ ရှိကြောင်း ခန့်မှန်းတွက်ဆ၍ ရလာသည်။ 'ဆိုင်ရာကြူစ်မြို့' တွင် ရှိနေသော အမြောက်ကြီးများဆီသို့ သွားရန်နှင့် သို့မဟုတ်ပါက မက်ဆီနာမြို့တွင်ရှိသော ကူးတို့သင်္ဘောကြီးကာရစ်ဒီဆီသို့ သွားရန်ဖြစ်ကြောင်း သူ တွေးမိသည်။

ဗီတိုဆဲလ်ဗား၏ မာဖီးယားဂိုဏ်းဝင်များသည် စစ်စလီကျွန်းပေါ်၌ အနှံ့အပြား ရှိနေကြသည် ဖြစ်ရာ တစ်စင်းတည်းသာ ကျန်နေသည့် ကူးတို့သင်္ဘောကြီးကို သက်စွန့်ဆံဖျား နည်းမျိုးစုံဖြင့် နှစ်မြှုပ်ပစ်ရန် ကြိုးစားခဲ့သည့်အကြောင်း သူ ကောင်းကောင်းကြီး သိနေသည်။ မှန်သည်။ ပီထရီတစ်ယောက်ဦးတည်၍ သွားမည့်မြို့မှာ ဆိုင်ရာကြူစ် သို့မဟုတ် မက်ဆီနာသာ ဖြစ်နိုင်သည်။ တစ်ဖန် မဟာမိတ်တပ်ပေါင်းစုဌာနချုပ်မှ ပေးပို့လိုက်သော ကြေးနန်းသတင်းတွင် ပီထရီတို့ ရောက်ရှိလာသည့်အခါ သူနှင့် တွေ့လိုကြောင်း အထူးတလည် တောင်းဆိုထားချက်လည်း ရှိသည်။ ဤအခြေအနေမှာ သူ့အဖို့ အမြတ်ထုတ်ရန် အကောင်းဆုံး အခြေအနေပင် ဖြစ်ကြောင်း သူ သိလိုက်သည်။

ဗီတိုဆဲလ်ဗားသည် ကျောင်းပညာကို ကောင်းကောင်းမွန်မွန် သင်ကြားခွင့် မရခဲ့သော်လည်း အနာဂတ်ကာလကို ကြိုတင်၍ ခန့်မှန်းတတ်သူ လူတစ်ဦးဖြစ်သည်။ ဤစစ်ပွဲကြီးတွင် မဟာမိတ်တပ်ပေါင်းစုဘက်ကသာ အနိုင်ရရှိမည်ဖြစ်ကြောင်း သူသိသည်။ မဟာမိတ်တပ်ပေါင်းစုကသာ စစ်နိုင်ခဲ့သော် သူ့အတွက် မဟာအခွင့်အရေးကြီးတစ်ရပ်ပင် ဖြစ်ကြောင်း သူ သိသည်။ မာဖီးယားလူဆိုးဂိုဏ်းကြီး၏ အာဏာစက်သည် ပိုမိုကျယ်ပြန့်လာပေဦးမည်။ ဗီတိုဆဲလ်ဗားတစ်ယောက် ပိုတန်ခိုးထွားလာမည်။ ရာဇဝတ်မှုများကို ကမ္ဘာနှင့်ချီ၍ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နိုင်လာမည်။ သို့သော် ဗီတိုဆဲလ်ဗားသည် ဘယ်ကိစ္စကိုမျှ ရာဇဝတ်မှုအဖြစ် သူက မမြင်ချေ။ သူ့အတွက်ကမူ စီးပွားဖြစ်ထွန်းမည့် အလုပ်တစ်ခုသာ ဖြစ်သည်။ သို့သော် သူ့ရည်မှန်းချက် ပြည့်ဝအောင် သူ့ကိုလုံးဝမယုံသော မဟာမိတ်တပ်ပေါင်းစုက အကူအညီပေးလိမ့်မည် ဆိုတာက

www.burmeseclassic.com



တော့ဖြင့် အလွန်ရယ်စရာ ကောင်းသည့် အချက်ပင်တည်း။ သူက ဆေးပြင်းလိပ်ကို တစ်ချက်ဖွာရင်း ပြုံးလိုက်မိသည်။ မကြာမီ ပီထရီနှင့် တွေ့ရန် မြေတိုက်ခန်းထဲသို့ ဆင်းရပေတော့မည်။

သူက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ည တစ်ဆယ့်တစ်နာရီ ထိုးပြီး မိနစ်အနည်းငယ် စွန်းလေပြီ။ ပီထရီသည် သူ့ထံသို့ ညသန်းခေါင်လောက် ကျမှ ရောက်ရှိလာနိုင်မည်။ ဗီတိုဆဲလ်ဗားသည် ဆေးပြင်းလိပ်တိုကို ပြန်ကောက်ပြီး အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။ သူသည်အခန်းထဲတွင် ရှိနေခဲ့ကြောင်း သဲလွန်စ တစ်ခုမျှ မကျန်ရစ်ခဲ့ဖို့ အရေးကြီးသည်။ ဗီတိုဆဲလ်ဗားသည် မာဖီးယားဂိုဏ်းဝင်တစ်ယောက်ကို လေသံခပ်မာမာဖြင့် အမိန့်ပေးခဲ့ပြီးနောက် ပီထရီနှင့်တွေ့ရန် မြေတိုက်ခန်းထဲသို့ ဆင်းသွားသည်။

ပလာမိုတစ်မြို့လုံးကို ချုပ်ကိုင်ထားနိုင်စွမ်းရှိသော ဒုစရိုက်ဘုရင်ကြီးသည် စစ်ပြီးခေတ် ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် စတင်ကြံစည်နေလေပြီ။

❑

"သူ သည်အထဲမှာ ရှိရဲ့လား၊ ရှိတယ်ဆိုတာ သေကောသေချာရဲ့လား"

ပီထရီသည် ဂူဒို၏ လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ဂူဒိုကို မှောင်ရိပ်ကျနေသော တံခါးရွက်တစ်ခုရှေ့သို့ ဒရွတ်တိုက်နီးပါး ဆွဲသွားစဉ် ဂျွန်ဆန်က သူတို့နှစ်ယောက်ရှေ့မှ အသင့်နေရာယူလိုက်သည်။

သူတို့လူစုသည် လမ်းမြှောင် လမ်းကြားကလေးများထဲမှ မှောင်ရိပ်ခိုရင်း ဆိပ်ကမ်းနယ်မြေမှ အလ်ဘာဂီရီးယားရပ်ကွက်အထိ ပုန်းလျှိုးကွယ်လျှိုး လာခဲ့ကြရသည်။ လမ်းတွင် ကင်းလှည့်လာသော ရဲများနှင့် နှစ်ကြိမ်တိုင်တိုင် ရင်ဆိုင်တိုးမိတော့မလိုလို ဖြစ်ခဲ့ရသည်။ သူတို့ လာနေစဉ် အဆက်မပြတ် မောင်းနှင်နေသော စစ်ကားကြီးများ၏ အသံကို ခပ်သဲ့သဲ့ ကြားနေရသည်။ သူတို့ လူစုသည် ယခုအချိန်တွင် အလ်ဘာဂီရီးယားရပ်ကွက် အစွန်သို့ ရောက်ရှိနေကြလေပြီ။

ပီထရီက အိမ်ကြီးကို အမှတ်တမဲ့ လှမ်းကြည့်လိုက်ရာ အိမ်ရှေ့ ကျောက်လှေကားကြီး၏ အပေါ်ဘက်ထိပ်တွင် ရှိနေသော ကျောက်ရုပ်တုကြီးများ၏ အရိပ်မည်းမည်းကြီးများကို ကင်းစောင့်နေသူများဟု ထင်သွားသောကြောင့် ခပ်ထန်ထန် ပြောလိုက်သည်။



"ဟော့… ဂူဒို၊ ဆဲလ်ဗား အထဲမှာ ဘယ်နည်းနဲ့မှ မရှိနိုင်ဘူး"

ဆဲလ်ဗား၏ နာမည်ကို ထုတ်ပြောလိုက်သဖြင့် ဂူဒိုတစ်ယောက် ထိတ်လန့်သွားပုံရသည်။

"သူ ဒီမှာ ရှိပါတယ် ခင်ဗျာ၊ သေချာပါတယ်၊ ကျုပ်တို့ ဒီမှာနေလို့ မဖြစ်ဘူး၊ ခပ်မြန်မြန် သွားရအောင်… လာပါဗျာ"

ဂူဒိုသည် စိတ်မရှည်နိုင်ဟန်ဖြင့် အိမ်ကြီး၏ ဘေးမှ အိမ်နောက်ဘက်သို့ ရောက်သည်အထိ လမ်းပြပြီး ခေါ်သွားသည်။ ထိုနေရာတစ်ဝိုက်တွင် ပိန်းပိတ်အောင် မှောင်နေပြီဖြစ်ရာ ဂူဒိုသည် အင်္ကျီအိတ်ကို လက်ဖြင့် စမ်းရင်း နောက်က လိုက်လာသူများ မျက်ခြည်မပြတ်အောင် ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ ထိုအိမ်ကြီး၏ နံရံတစ်ခုဆီသို့ ရောက်သောအခါ သစ်သားတံခါးငယ်တစ်ခုထဲသို့ သော့ကို သွင်း၍ တံခါးကို အထဲဘက်သို့ တွန်းဖွင့်လိုက်သည်။

ထိုအချိန်တွင် အထဲမှ လက်နှိပ်ဓာတ်မီးရောင်တစ်ခု ထွက်ပေါ်လာပြီး ကြောက်စရာကောင်းလှသော ပြောင်းတို သေနတ်ပြောင်းတစ်ခုက ဂူဒို၏ လည်ပင်းဆီသို့ ချိန်ထားကြောင်း ပီထရီက မြင်လိုက်သည်။ ထို့နောက် စစ်စလီဘာသာစကားဖြင့် အပြန်အလှန် ပြောကြဆိုကြပြီး သူတို့ကို ရှည်လျားသော စင်္ကြံလမ်းကလေးတစ်ခုထဲသို့ ခေါ်သွင်းလိုက်သည်။ ပြောင်းတိုသေနတ်ကို ကိုင်ထားသော လူဆိုးက ဂူဒို၏ လက်ထဲမှ သော့ကို လှမ်းယူလိုက်ပြီး ကျန်လူဆိုးတစ်ယောက်ထံတွင် ရှိနေသော လက်နှိပ်ဓာတ်မီး မီးရောင်ဖြင့် တံခါးကို သော့ပြန်ခတ်လိုက်သည်။ ထို့နောက် သူတို့ကို စင်္ကြံလမ်းအတိုင်း ခေါ်သွားပြီး လှေကားရှိရာသို့ ရောက်သောအခါ အောက်ဘက်သို့ ဆင်းသွားရလေတော့သည်။

❑

"မေဂျာပီထရီ…ခင်ဗျား နောက်တစ်ကြိမ် ပြန်လာတာကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်"

ပီထရီက လက်ဆွဲနှုတ်ဆက်ပြီးနောက် ကပျာကယာ မေးလိုက်သည်။

"အပြင်ဘက်မှာ ခြေချင်းလိမ်နေအောင် ရှုပ်နေပါလား ခင်ညော်ဆဲလ်ဗားရ၊ ဘာတွေများ ဖြစ်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့လူစုသည် ပလာမိုမြို့ မြေမျက်နှာပြင်၏ အောက်ဘက် ပေ သုံးဆယ်အနက်တွင်ရှိသော ဝိုင်အရက် ထားသိုရာ မြေတိုက်ခန်းထဲတွင် ရောက် ရှိနေကြသည်။ ပီထရီ နှာခေါင်းထဲသို့ စူးရှပြင်းထန်သော အချဉ်ပေါက်နေသည့် ဝိုင်အရက်နံ့က ထိုးဖောက်ဝင်ရောက်လာသည်။

ဆဲလ်ဗားက သတိပေးစကား ပြောလိုက်သည်။

"ခင်ဗျားက အန္တရာယ် သိပ်များတဲ့ အချိန်ကျမှ လာတာကိုး၊ ဗိုလ်ချုပ်ကြီး ဘာဂိုနီက ညတိုက်ပွဲ လေ့ကျင့်ခန်းယူမယ်ဆိုပြီး နေ့ဝင်မီးငြိမ်း အမိန့်ထုတ်ထားတယ်။ ဒါကတော့ သက်သက်မဲ့ အကြောင်းပြတာဗျာ၊ အဲဒါကို အကြောင်းပြုပြီး စစ်တပ်က တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက် တစ်အိမ် တက် ဆင်း မွှေလှန်ပြီး ရှာကြလိမ့်မယ်၊ ညကြီးသန်းခေါင်မှာ လူတွေကို အိပ်ရာက အတင်းနှိုးကြလိမ့်မယ်၊ သူတို့က ကျုပ်တို့ကို ခုအချိန်အထိ လိုက်ရှာနေတုန်း ပဲဗျ"

"ဘယ်ရပ်ကွက်ကို ရှာမှာလဲ"

"ကျုပ် ရထားတဲ့ သတင်းအရကတော့ ဆန်ပီထရိုရပ်ကွက်လို့ ပြောတာပဲ"

"အလ်ဘာဂီရီးယားကော မပါဘူးလား"

"မပါဘူး၊ အဲလေ··· နောက်ပိုင်းကျမှ လုံခြုံရေးကိစ္စကို အကြောင်း ပြုပြီး ရပ်ကွက် ပြောင်းသွားရင်တော့လည်း မပြောတတ်ပေဘူး"

ဆဲလ်ဗားက ပီထရီကို ခပ်ပြုံးပြုံး ကြည့်နေသည်။ ပီထရီကမူ ဆဲလ်ဗားသည် မဟာမိတ်တပ်များနှင့် အပေါင်းအသင်းလုပ်မိသည့်အတွက် အဘယ်မျှလောက် ဘေးအန္တရာယ်များကြောင်း သူ့ကို မသိမသာ ပြောပြနေ သည်ဟု ထင်လိုက်သည်။

ဆဲလ်ဗားက ဆက်ပြောပြန်၏။

"ခင်ဗျားတို့ဖို့ မကြာခင် ဝိုင် ရောက်လာပါလိမ့်မယ်၊ ဒီနေရာမှာ ဝိုင်မရှားဘူး ဆိုတာကိုတော့ ခန့်မှန်းနိုင်ပါလိမ့်မယ်"

ပီထရီက ဂျွန်ဆန်ကို ဆဲလ်ဗားနှင့် မိတ်ဆက်ပေးပြီးနောက် သူတို့ နှစ်ယောက် ဆက်စကားပြောနေကြစဉ် ဂျွန်ဆန်က စားပွဲတွင် ဝင်ထိုင်လိုက် သည်။ ဂျွန်ဆန် စစ်စလီကျွန်းပေါ်သို့ ပထမအကြိမ် ရောက်ခဲ့စဉ်က ဗီတိုဆဲလ် ဗားနှင့် မတွေ့ခဲ့ရချေ။ ဗီတိုဆဲလ်ဗားကလည်း မဟာမိတ် တပ်ပေါင်းစု တပ်သား များနှင့် တွေ့ခဲ့ဆုံခဲ့လှသည်။ သို့သော် ဂျွန်ဆန်က ဗီတိုဆဲလ်ဗားထက် မြေတိုက်



ခန်း၏ ထောင့်တစ်ထောင့်တွင် မှောင်ရိပ်ခို၍ ထိုင်နေသော လူဆိုးငါးယောက်ကို ပိုစိတ်ဝင်စားနေမိသည်။ သည်လူဆိုးများသည် ဗီတိုဆဲလ်ဗား၏ ကိုယ်ရံတော် များ ဖြစ်ဟန်တူပြီး အဓိပတိ လူဆိုးလူမိုက်များ ဖြစ်ပုံရသည်။ သူ မက်ဆီကို နယ်စပ်တွင် တာဝန်ထမ်းဆောင်စဉ်က ဆိုးပေ့မိုက်ပေ့ ဆိုသော လူဆိုးများနှင့် တွေ့ခဲ့ရဖူးသည်။ ယခု သူ မြင်နေရသော လူဆိုးများကမူ ထိုလူဆိုးများထက် အဆပေါင်းများစွာ သာသည်ဟု သူက မှတ်ချက်ချလိုက်မိသည်။

ဆဲလ်ဗားက အရက်ခွက်ကို မြှောက်ရင်း ဆုတောင်းပတ္တနာပြုလိုက် သည်။

"ကျန်းမာပါစေ၊ ခင်ဗျားတို့ရဲ့ လုပ်ငန်းကြီး အောင်မြင်ပါစေလို့ ဆန္ဒပြုပါတယ် ဗိုလ်ကြီးဂျွန်ဆန်"

"ခင်ဗျားလည်း ကျန်းမာပါစေ"

ဂျွန်ဆန်သည် သူ့အတွက် ငှဲ့ပေးထားသော ဝိုင်အရက်ကို သတိထား ပြီး ခပ်ဖြည်းဖြည်း မျှဉ်းသောက်နေသည်။ ဆဲလ်ဗားသည် စားပွဲထိပ်၌ ဝင်ထိုင် လိုက်ရာ ထိုအချိန်ကျမှ ဂျွန်ဆန်သည် သူ့ကို ထင်ထင်ရှားရှား မြင်ခွင့်ရတော့ သည်။ ဗီတိုဆဲလ်ဗားသည် အသက်ငါးဆယ်ကျော်လေပြီ။ မေးရိုးကားပြီး အလွန်ထူသော မျက်မှန်ကြီးများကို တပ်ဆင်ထားသောကြောင့် သူ့မျက်လုံးများ ကို အကဲခတ်ရန် ခက်လှသည်။ ဆဲလ်ဗားသည် ပခုံးကျယ်ပြီး ကိုယ်လုံး ကိုယ်ပေါက် တောင့်တင်းသန်စွမ်းသူ ဖြစ်သည်။ သူ မတ်တတ်ရပ်လိုက်သော အခါ ပီထရီထက် ခြောက်လက်မခန့်သာ အရပ်ပုသည်။

ဂျွန်ဆန်သည် နဖူးမှ ချွေးများကို လက်ဖျံနှင့် သုတ်လိုက်ရင်း အန္တရာယ် ထူပြောလှသည့် လက်ရှိအခြေအနေကို နိုင်နိုင်နင်းနင်း ထိန်းထားနိုင် ပုံရသည့် ဗီတိုဆဲလ်ဗား၏ အမူအရာကို သဘောကျနေသည်။ သို့သော် မျက်မှန် ထူကြီး၏ နောက်ဘက်ရှိ မျက်လုံးအစုံက သူ (ဂျွန်ဆန်) ၏ အားနည်းချက် များကို လိုက်ရှာဖွေနေကြောင်း တွေးမိပြီး ဖျံသွားသည်။

ပီထရီက အရက်ဖန်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီး စားပွဲ၏ နံဘေး ပတ်ဝန်းကျင်ကို နိမိတ်ပြသည့်အနေဖြင့် လှမ်းကြည့်ရင်း ပြောလိုက် သည်။

"ကျုပ် အချိန် သိပ်မဖြုန်းချင်ဘူးဗျာ၊ စကားပြောချင်ပြီ"

ဆဲလ်ဗားက စစ်စလီဘာသာစကားဖြင့် ခပ်သွက်သွက် ပြောလိုက်ရာ ထိုလူများသည် ထိုင်ရာမှထပြီး ဆဲလ်ဗား၏ ကျောဘက်ရှိ လှေကားမှ အပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com



တက်သွားကြသည်။ ဆဲလ်ဗားသည် အပေါ်မှ တံခါးပိတ်သံကို ကြားရသည့်အထိ စောင့်နေပြီးနောက် ပီထရီကို ပြောလိုက်သည်။

"သည်တစ်ခေါက် ခင်ဗျား စစ်စလီကို ချက်ချင်း ပြန်လာတာဟာ တော်တော်အရေးကြီးတဲ့ ကိစ္စကြောင့် ဖြစ်ရမယ်"

"ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား ပို့လိုက်တဲ့ ကြေးနန်းသတင်းမှာ မော်တော်ကားတစ်စီး တောင်းဆိုထားလို့ပေါ့"

ပီထရီသည် ဆဲလ်ဗား၏ အမေးစကားကို မဖြေဘဲ သူက ပြန်မေးလိုက်သည်။

"ကျုပ်တို့အတွက် ကားအဆင်သင့် ရှိရဲ့လား"

"ကားအဆင်သင့် မရှိဘူး၊ စီစဉ်ပေမယ့် စီစဉ်တဲ့အတိုင်း ဖြစ်မလာဘဲ ကားအချိန်မီ မရနိုင်ဘူး ဖြစ်သွားတယ်"

"မြတ်စွာဘုရား…ကျုပ်တို့ ကြိုညှိနှိုင်းထားတဲ့ အစီအစဉ်အတိုင်းဆိုရင် ခင်ဗျားက ဓာတ်ဆီအပြည့် ထည့်ထားတဲ့ ကားတစ်စီးကို အဆင်သင့် စီစဉ်ထားဖို့ မဟုတ်လား"

ဆဲလ်ဗားသည် ဆေးပြင်းလိပ်ကို ပါးစောင်တွင် ခဲရင်း ကုလားထိုင်ကို အကျအန ထိုင်မိပြီး ပြန်ပြောလိုက်သည်။

"ကြိုညှိထားတဲ့ အစီအစဉ် ဟုတ်လား၊ ဘာအစီအစဉ်လဲ၊ ခုအထိ ဘာအစီအစဉ်မှ မရှိသေးဘူး၊ ခင်ဗျား ပို့လိုက်တဲ့ ကြေးနန်းစာထဲမှာ ကားတစ်စီး စီစဉ်ထားပေးပါလို့ ပါတယ်၊ ကျုပ်က အဲဒီကြေးနန်းကို လက်ခံရရှိကြောင်း အကြောင်းပြန်လိုက်တယ်။ ပြီးတော့ ဘာတဲ့၊ အဲ…ဓာတ်ဆီလည်း အပြည့် ထည့်ပေးရဦးမယ် ဟုတ်လား၊ နေပါဦး၊ ဒီမှာ ဓာတ်ဆီကို ရာရှင်စနစ်နဲ့ ခွင့်ပြုသလောက်သာ ဝယ်လို့ရတယ် ဆိုတာ ခင်ဗျားတို့ရဲ့ စစ်ဌာနချုပ်က သတင်း မကြားကြလို့လား"

ဆဲလ်ဗား၏ ဝေါတော့တော့ လျောင်တောင်တော့်လေသံကို ဂျွန်ဆန်က သိပ်မကြိုက်လှချေ။ သို့သော် ပီထရီကတော့ ဆဲလ်ဗား၏ လေသံကို လုံးဝသတိမထားမိသလို ရှိနေသည်။ ပီထရီက ခပ်တည်တည် ပြန်ပြောလိုက်သည်။

"ဒါဖြင့်ရင် မှောင်ခိုဈေးက ဝယ်ထည့်ပေါ့ဗျ၊ ပလာမိုက မှောင်ခိုဈေးကွက်ကို ဘယ်သူက ချုပ်ကိုင်ထားတယ်ဆိုတာ ကျုပ် သိတယ်"



ပီထရီ၏ လေသံမှာ အတော်ကလေး ထန်သည်ဟု ထင်လိုက်သောကြောင့် ဂျွန်ဆန်က ကပျာကယာ ဝင်ပြောသည်။

"ကျုပ်တို့ ပလာမိုက ချက်ချင်းခရီးထွက်ဖို့ အရေးတကြီး လိုအပ်နေလို့ပါ"

ဆဲလ်ဗားသည် ဂျွန်ဆန်ကို ခုမှ သတိထားမိတော့သည့် ပုံစံမျိုးနှင့် လှည့်ကြည့်ပြီး ဖြေလိုက်သည်။

"ဒီမှာ ဗိုလ်ကြီးဂျွန်ဆန်… လွန်ခဲ့တဲ့ ငါးနာရီလောက်အထိ တိုင်ကီထဲမှာ ဓာတ်ဆီအပြည့်နှင့် ကားတစ်စီးကို ဂိုဒေါင်တစ်ခုထဲမှာ ခင်ဗျားတို့အတွက် ဖွက်ထားခဲ့တယ်၊ ဒါပေမဲ့ ရဲအဖွဲ့က အဲဒီကားကို ရှာတွေ့ပြီး သိမ်းသွားပြီဗျ"

ပီထရီကတော့ ဆဲလ်ဗားကို ယုံကြည်မှု အပြည့်အဝရှိသော ပုံစံနှင့် ထပ်ပြောသည်။

"ဒီတော့ ကျုပ်တို့အတွက် နောက်ထပ် ကားတစ်စီး ရှာထားတယ် ဆိုပါတော့"

ဆဲလ်ဗားက ပြန်ဖြေသည်။

"ကျုပ်တို့ ဒီမှာ ဘယ်လိုပုံစံမျိုးနဲ့ လှုပ်ရှားနေရတယ် ဆိုတာကို သိရဲ့သားနဲ့ ခင်ဗျားက တော်တော်ကလေး အထင်ကြီးထားတာကိုး၊ အခု ကျုပ်တို့တစ်တွေဟာ ခင်ဗျားတို့နဲ့ ပူးပေါင်းဆောင်ရွက်မိတဲ့အတွက် အသက်ကို ဖက်နဲ့ထုပ်ထားရတယ် ဆိုတာ မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်က သိဖို့ကောင်းတယ်၊ ခုဆိုလျှင် စစ်အာဏာပိုင်တွေက ကျုပ်တို့ကို မရမက လိုက်ရှာဖွေနေကြတယ်၊ ကျုပ်တို့ရဲ့ မိသားစုတွေပါ အသက်အန္တရာယ် စိုးရိမ်နေကြရတယ် ဆိုတာ…"

ဤတွင် ပီထရီက ကပျာကယာ ဝင်မေးသည်။

"ဆီညော်ရာ (ဒေါ်) ဆဲလ်ဗားတစ်ယောက်ကော နေထိုင်ကောင်းရဲ့လားဗျာ"

"သူ အခု ပလာမိုမှာ မရှိဘူး၊ ကျုပ်သားနဲ့အတူ ကာတားနီးယားကို ပို့ထားလိုက်တယ်"

ပီထရီက တွေးလိုက်သည်။ ဒါဆိုလျှင် သည်ကိစ္စမှာ သူကိုယ်တိုင် ဝင်ဆောင်ရွက်ပေးရလိမ့်မည် ဆိုတာကို ကြိုရိပ်မိသောကြောင့် နောက်ကြောင်းအေးအောင် ဇနီးနှင့်သားကို အဝေးသို့ တမင်ကြိုပို့ထားတာလည်း ဖြစ်နိုင်သည်။ သို့သော် ဆဲလ်ဗား ဆက်ပြောလိုက်သော စကားက ပို၍ အားတက်စရာကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်ဗျားတို့ သုံးဖို့ ကျုပ်စီးနေတဲ့ ကားကို ပေးလိုက်မှာပါ"

"အခုလား"

"ပြင်ပြီးတာနဲ့ ချက်ချင်း ရမယ်လေ၊ အခု ကျုပ်လူတွေက အဆင်သင့် ဖြစ်အောင် ညလုံးပေါက် ပြင်နေကြတယ်"

ပီထရီက ခပ်ထန်ထန် မေးလိုက်သည်။

"တစ်ညလုံး ဟုတ်လား...အဲဒီ ကားက ဘယ်အချိန်ကျမှ ပြင်ပြီးမှာလဲ၊ ကျုပ်တို့က နောက်တစ်နာရီအတွင်း သည်မြို့က ခွာချင်တယ်"

"မဖြစ်နိုင်ဘူး၊ မနက်လင်းအားကြီး အချိန်အထိ အဆင်သင့် ဖြစ်ဦးမှာ မဟုတ်ဘူး၊ ခုအချိန်ကတော့ ပလာမိုမြို့ထဲမှာ ကားမောင်းလို့ မဖြစ်ဘူး၊ အန္တရာယ် သိပ်များတယ်၊ အဲဒီကားက မြို့ပြင်လမ်းဆုံတစ်နေရာက စောင့်နေမှာ..."

"အရုဏ်တက်မှဆိုလျှင် သိပ်နောက်ကျသွားလိမ့်မယ်"

"ဒါလောက်တော့ ခင်ဗျား သည်းခံရလိမ့်မယ် မေဂျာပီထရီ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ထက် စောပြီး ကားက အဆင်သင့် ဖြစ်မှာ မဟုတ်ဘူး၊ ဘာလဲ...ခင်ဗျား သွားရမယ့် နေရာက တော်တော်ဝေးလို့လား"

"ခင်ဗျားက ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ"

ဆဲလ်ဗားက လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်ရင်း..

"ဒါကတော့ မာတ်ဆီတိုင်ကီ အပြည့်ထည့်ထားပါလို့ ဆိုလို့ပါ။ ပြီးတော့လည်း စိတ်မကောင်းစရာ သတင်းတစ်ခုကို ပြောရဦးမယ်၊ ခင်ဗျားတို့ရဲ့ ဝိုင်ယာလက် စက်သမား တပ်ကြပ်ကြီး ဖီးလ်ဒင်းတစ်ယောက်တော့ ဒီကနေ့ မနက်စောစောပိုင်းက ဝှက်ထားတဲ့ ဝိုင်ယာလက်စက်ဆီကို အသွား ရဲနဲ့ ပက်ပင်းတိုးပြီး သေသွားရှာပြီ၊ ဒါပေမဲ့ သူ့ကိုယ်ပေါ်မှာ သင်္ကာမကင်း ဖြစ်စရာ ဘာစာရွက်စာတမ်းမှ ပါမသွားပါဘူး"

ဖွျန်ဆန်တစ်ယောက် အထိတ်တလန့် ဖြစ်သွားသည်ကို ဆဲလ်ဗားက သတိထားလိုက်မိပြီး အမိပ္ပာယ်ကို နားလည်သွားသည်။ ပီထရီက စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း အခြေအနေကို သုံးသပ်လိုက်သည်။ ယခု ကြားလိုက်ရသည့် သတင်းကတော့ သိပ်မကောင်းလှချေ။ ဖီးလ်ဒင်းတစ်ယောက် သေသွားပြီဟု သိရသဖြင့် ကူးတို့သင်္ဘောကြီး၏ ဝမ်းဗိုက်ထဲ၌ ယမ်းဘီလူးများကို သူကိုယ်တိုင် သွားထားရတော့မည် ဖြစ်ကြောင်း တွေးလိုက်မိသည်။ ပြီးတော့လည်း သူတို့အဖွဲ့တွင် လူတစ်ယောက် လျော့သွားလေပြီ။ တစ်ဖန်



မူလက မှန်းထားသည့်အတိုင်း ပလာမိုမြို့မှ ညသန်းခေါင်ယံတွင် စမထွက်နိုင်ဘဲ လင်းအားကြီး အရုဏ်တက်ချိန်ကျမှ စထွက်ရမည်ဟု ဆိုသော် ပလာမိုမှ မက်ဆီနာသို့ အရောက်သွားရန်၊ မက်ဆီနာရောက်သော် အစောင့်အကြပ် ထူထပ်လှသော မက်ဆီနာဆိပ်ကမ်းထဲသို့ ဝင်ရောက်ရန်၊ ပြီးတော့ ကာရစ်ဒီပေါ်သို့ တက်ရောက်ရန် စသည်တို့အတွက် စုစုပေါင်း အချိန်ဆယ့်ကိုးနာရီခန့်သာ ရနိုင်တော့မည် မဟုတ်ပါလား။ သည်အတိုင်းသာဆိုလျှင် သူတို့နှင့်အတူ ဗီတိုဆဲလ်ဗားကိုယ်တိုင် ပါလာမှ ဖြစ်တော့မည်။ သည်တော့ ဗီတိုဆဲလ်ဗားကို သွယ်သွယ်ဝိုက်ဝိုက် ပြောမနေတော့ဘဲ တဲ့တိုးကြီး ပြောချရန် ဆုံးဖြတ်လိုက်သည်။

"ဆီညော် ဆဲလ်ဗား... အခု ကျုပ်တို့ သိပ်အရေးကြီးတဲ့ နေရာတစ်ခုကို ဖောက်ခွဲပစ်ဖို့အတွက် မက်ဆီနာကို သွားဖို့ရှိတယ်။ သွားတဲ့အခါမှာလည်း ကုန်းတွင်းလမ်းအတိုင်း စကိုပါနာမြို့ကတစ်ဆင့် ဖြတ်သွားမယ်၊ သည်တော့ အဲဒီခရီးမှာ ခင်ဗျားကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့စေချင်တယ်။ ဒါမှမဟုတ် အနည်းဆုံး လမ်းပြတစ်ယောက်အနေနဲ့ လိုက်ခဲ့စေချင်တယ်။

ဆဲလ်ဗားတစ်ယောက် အထိတ်တလန့် ဖြစ်သွားပုံရသည်။

"မဖြစ်နိုင်ဘူး၊ မက်ဆီနာက (စစ်စလီ) ကျွန်းရဲ့ တစ်ဖက်စွန်းမှာ ရှိနေတာ၊ ပြီးတော့ ကုန်းတွင်းလမ်းက သွားဖို့ သိပ်မလွယ်ဘူး၊ ကျုပ်အစား တစ်ယောက်ယောက်ကို လမ်းပြအဖြစ် ထည့်ပေးဖို့ဆိုတာကမှ ရေးတေးတေး ရှိသေးတယ်"

ပီထရီက အရက်ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချရင်း ပြောလိုက်သည်။

"မရဘူးလေ၊ တပည့်တစ်ယောက်ယောက်ကို ထည့်လိုက်ဖို့ဆိုတာ လုံးဝသဘောမတူဘူး၊ ခင်ဗျားကိုယ်တိုင် လိုက်ခဲ့ရမယ်၊ ဒီကျွန်းမှာ ဒီလုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မယ့် လူဟာ ခင်ဗျားတစ်ယောက်တည်းပဲ ရှိတယ်လို့ ကျုပ် ထင်တယ် ဒါပဲ"

ဆဲလ်ဗားကလည်း ထပ်ငြင်းသည်။

"မဖြစ်ပါဘူးဗျာ၊ ခင်ဗျားတို့ရဲ့ မဟာမိတ်တပ်ပေါင်းစုတပ်တွေ ဒီကျွန်းပေါ် တက်တိုက်တဲ့အခါ အဆင်သင့် ကူညီနိုင်အောင် လူစုပေးဖို့ ကျုပ် ဒီမှာ ရှိနေမှ ဖြစ်မယ်"

ပီထရီက လေပြည်ထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားအဖွဲ့က တောင့်ပြီးသားပါ၊ ခင်ဗျား ခုလို ကူညီတဲ့အတွက် မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်က ခင်ဗျားကို သိပ်ကျေးဇူးတင်နေတယ်၊ ဒါပေမဲ့ ခုလောလောဆယ်မှာတော့ ကျုပ်တို့ကို မက်ဆီနာ ရောက်အောင် လိုက်ပို့ဖို့ ဌာနချုပ်က သိပ်လိုလိုလားလား ရှိနေတယ်။ ကျုပ်တို့လူစု မက်ဆီနာ ဆိပ်ကမ်းထဲကို နက်ဖြန်ခါည သန်းခေါင်မတိုင်မီ ရောက်မှ ဖြစ်မယ်"

ဆဲလ်ဗားကလည်း အကြီးအကျယ် မကျေနပ်သည့် အသံဖြင့် ခွန်းတုံ့ပြန်သည်။

"အဲဒီနေရာဟာ ဒီကျွန်းပေါ်မှာ အစောင့်အကြပ် အထူထပ်ဆုံးဗျ။ ပြီးတော့လည်း ဂျာမန်စစ်သားတွေ ထုနဲ့ ထည်နဲ့ ရှိနေကြတယ်။ သူတို့ကို တစ်ပတ်ရိုက်ဖို့ မလွယ်ဘူး၊ ပြီးတော့ ခင်ဗျားတို့ကို သင်္ဘောဆိပ်ထဲ ဝင်နိုင်အောင် သွင်းပေးဖို့ သိပ်မလွယ်ဘူး"

ပီထရီက ဖြတ်မေးသည်။

"သင်္ဘောဆိပ်ဧရိယာမှာ ရှိတဲ့ မာဖီးယားအဖွဲ့တွေကို ကြိုးကိုင်အုပ်ချုပ်နေတဲ့ လူအတွက်တောင် သိပ်မလွယ်ဘူးလို့ ဆိုချင်တာလား"

"ဒါကတော့ ကျုပ်ကို အသက်အန္တရာယ်ဖြစ်အောင်…"

"ရန်သူ စစ်တပ်တွေရဲ့ လှုပ်ရှားမှု သတင်းတွေကို စုစည်းပြီး ပို့ပေးနေတယ်ဆိုကတည်းက အန္တရာယ် ရှိနေပြီးသားပါဗျာ"

"ဒါပေမဲ့ ခုလောက်အထိ အန္တရာယ်မများဘူး၊ ဒီကနေ့ မက်ဆီနာကို အတွင်းလမ်းက သွားမယ်ဆိုရင် ကီလိုမီတာ တစ်ရာ ကျော်တယ်ဗျ၊ ခြေတစ်လှမ်း လှမ်းတိုင်း အန္တရာယ်ရှိတယ်"

"ဒါပေမဲ့ ခင်ဗျား ကျုပ်တို့နဲ့ အတူတူ လိုက်လာမယ် မဟုတ်လား"

"မလိုက်ဘူး၊ တကယ်လို့ မဟာမိတ် တပ်ပေါင်းစုတွေ စစ်နိုင်လာတဲ့အခါ ကျုပ်ကို ပလာမိုခရိုင်မှာ ခရိုင်ဝန် ဖြစ်ရပါစေ့မယ်ဆိုလျှင်တောင်မှ မလိုက်နိုင်ဘူး"

ဒါပဲပေါ့။ သူ လိုချင်သည့် ဖဲကို ခပ်ရှင်းရှင်း ချပြလိုက်လေပြီ။ သို့သော် ဗီတိုဆဲလ်ဗားက ဖန်ခွက်ထဲသို့ အရက် ထပ်ဖြည့်ပေးနေစဉ် သူက တမင်စကားမပြောဘဲ ငြိမ်နေသည်။ မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်အနေဖြင့် ဗီတိုဆဲလ်ဗား၏ တောင်းဆိုချက်ကို လုံးဝလိုက်လျောမည် မဟုတ်။ သို့သော် သူ့အနေနှင့် ခရိုင်ဝန်အစား ပလာမိုမြို့တော်ဝန်လောက်နှင့် ကျေနပ်အောင် စည်းရုံးသိမ်းသွင်းဖို့ လိုသည်။ ဤတွင် ပီထရီက ခပ်ရှမ်းရှမ်း ပြောချလိုက်သည်။



"ခင်ဗျားက ခရိုင်ဝန် ဖြစ်ချင်တယ်ဆိုတာကို ဌာနချုပ်က လုံးဝ လက်ခံမှာ မဟုတ်ဘူး၊ ခရိုင်ဝန်ဖြစ်ဖို့ ကိစ္စကို မေ့သာထားလိုက်တော့ဗျာ"

"ဒါဆိုရင် ခင်ဗျားတို့ရဲ့ စစ်ဆင်ရေးကြီးလည်း ရေစုန်မျှောပြီပေါ့"

ပီထရီက ဒေါသထွက်သွားသော လေသံနှင့် ဖြေလိုက်သည်။

"ဒီမှာ ကိုယ့်လူ ဓာတ်ဆီအပြည့် ထည့်ထားတဲ့ ကားတစ်စီးသာ ပေးလိုက်စမ်းပါဗျာ၊ အဲဒီနေရာကို ခင်ဗျား မပါဘဲ မရောက် ရောက်အောင် သွားပြလိုက်မယ်"

"ခင်ဗျားတို့ လမ်းမှ မသိတာ ညသန်းခေါင်မတိုင်မီ ရောက်ကို မရောက်နိုင်ဘူး"

ပီထရီကလည်း ပြတ်သားသည်။

"ခင်ဗျားက အဲဒီလို လက်ပေါက်ကပ်နိုင်တယ်ဆိုတာကို ကြိုတွေးမိလို့ မြေပုံ ယူလာခဲ့တယ်ဗျ သိလား"

ဗီတိုဆဲလ်ဗားက ရယ်ချလိုက်သည်။

"မြေပုံပါတယ် ဟုတ်လား၊ ကိုယ့်ဘာသာကိုယ် စမ်းကြည့်ချင်တယ် ဆိုလျှင်လည်း စမ်းကြည့်လေ၊ ခင်ဗျား နှစ်နာရီအတွင်း လမ်းစ ရှာမတွေ့ဘဲ တဝဲလည်လည် ဖြစ်နေမှာ သေချာတယ်"

ဆဲလ်ဗား စကားပြောနေစဉ် ပီထရီက ကုလားထိုင်ကို နောက်ဘက်သို့ တွန်းပစ်ရင်း မတ်တတ်ရပ်လိုက်သောကြောင့် ဆဲလ်ဗား၏ စကားမှာ တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

"ကျုပ် ဌာနချုပ်ကို ရောက်လျှင် ခင်ဗျားက ကျုပ်တို့ကို ကူညီဖို့ ငြင်းဆန်တယ်လို့ အစီရင်ခံလိုက်ရမှာလား"

"ဒါကတော့ ဌာနချုပ်ကို ပြန်ရောက်ခဲ့လျှင်… လို့ ပြောသင့်တာပေါ့"

ပီထရီက ထပ်ပြောသည်။

"ခင်ဗျားက ကျုပ်တို့ကို လုံးဝ မကူညီဘူးလို့ အစီရင်ခံလိုက်ရမှာလား"

"ကျုပ်က ဓာတ်ဆီအပြည့် ထည့်ထားတဲ့ ကားတစ်စီး စီစဉ်ရက်သားနဲ့ ကျုပ်က မကူညီဘူးလို့ ပြောလျှင် ဘယ်တရားမလဲ"

"ဒီလမ်းခရီးမှာ ခင်ဗျားကိုတိုင် လိုက်လာမှ ဖြစ်မယ်ဆိုတာ ခင်ဗျား ပြောတဲ့ စကားထဲမှာကို ပါတယ်၊ ကျုပ်တို့နဲ့ အတူတူ ခင်ဗျား ပါလာမှလည်း

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်မယ်၊ ကျုပ်အနေနဲ့ ပြောရမယ်ဆိုလျှင်တော့ စစ်စလီမှာ မဟာမိတ်တပ်ပေါင်းစုရဲ့ စစ်အုပ်ချုပ်ရေး စတဲ့အခါ ခင်ဗျားအတွက် ရာထူးတစ်နေရာ ရဖို့ဆိုတဲ့ ကိစ္စဟာ လုံးဝမျှော်လင့်ချက် ကင်းမဲ့သွားပြီ… ဒါပဲ''

ဂျွန်ဆန်သည်လည်း မက်ဆီကို နယ်စပ်တွင် မာဖီးယားလူဆိုးဂိုဏ်းနှင့် ထိတွေ့ဆက်ဆံဖူးသူ ဖြစ်သည်။ သူ့ အတွေ့အကြုံအရ မာဖီးယားလူဆိုးဂိုဏ်းသည် သူတို့နှင့် ဆက်ဆံသည့်အခါ လေးလေးစားစား ဆက်ဆံဝါမှ လက်ခံတတ်သည်။ ယခု ပီထရီကမူ ဤစေ့စပ်ဆွေးနွေးပွဲတွင် တစ်ဖက်လူအား နှစ်မြှားပင် မတန်သလို ဂရုမစိုက်သလို ဂရုတစိုက် မရှိသဖြင့် မြေအောက်ခန်းထဲမှ အသက်နှင့် ခန္ဓာကိုယ် တစ်တွဲတည်း ပြန်ထွက်လာနိုင်ပါ့မလားဟု တွေးပူနေမိသည်။

ဆဲလ်ဗားကမူ လုံးဝ ဒေါသထွက်ဟန် မပြဘဲ ဆေးပြင်းလိပ်ကြီးပေါ်မှ ကျော်၍ ပီထရီကို စေ့စေ့စပ်စပ် ကြည့်နေသည်။ ပြီးမှ…

''အေးလေ…ဂျာမန်တွေက ခင်ဗျားတို့ ကမ်းပေါ်မှာ ခြေမချနိုင်လောက်အောင် ပြန်မောင်းထုတ်နိုင်တာမျိုးလည်း ဖြစ်လာနိုင်တယ်၊ အဲဒီလို ဖြစ်လာရင် ကျုပ်ကော ဘာဖြစ်သွားမလဲ''

''ပြေးပေါက်မရှိအောင် ဖြစ်သွားမှာပေါ့၊ အခု ရဲတပ်ဖွဲ့က ခင်ဗျားကို အပြင်းအထန် ပိုက်စိပ်တိုက်ပြီး လိုက်ရှာနေတယ်၊ သည်တော့ ကျုပ်တို့ဘက်က သာ ရှုံးသွားရင် ခင်ဗျား သေပြီသာမှတ်၊ အဲ… ကျုပ်တို့ဘက်က နိုင်သွားလျှင်တော့ ခင်ဗျားက ကောင်းကင်ကိုတောင် ဒူးနဲ့ခုန်တိုက်နိုင်စွမ်း ရှိလာလိမ့်မယ်၊ ကျုပ် သဘောထားကို ပြောရမယ်ဆိုလျှင်တော့ ခင်ဗျားအနေနဲ့ စဉ်းစားစရာ တခြားနည်း မရှိတော့ဘူး၊ ဒါပေမဲ့ ဒါကတော့ ခင်ဗျားဘာသာ ဆုံးဖြတ်ရမယ့် ကိစ္စပါ''

''အပြောလေးကတော့ ပြေကလေး ဝမ်းကျလောက်ပါရဲ့၊ ဒါပေမဲ့ ခင်ဗျားပြောတဲ့ စကားထဲမှာ ကျုပ်အတွက် အကျိုးခံစားခွင့်ဆိုလို့ မည်မည်ရရ တစ်ခုမှ မပါပါလား''

''ကျုပ် ဘာမှ မပြောရသေးပါလား''

''ဘာ… ဘာမှ မပြောဘူး ဟုတ်လား၊ ကဲ… ကျုပ်မေးမယ်ဗျာ၊ ခင်ဗျားတို့ဘက်က ကျုပ်အတွက် တစ်ခုခု ဆောင်ရွက်ပေးမယ်ဆိုတဲ့ ကတိမျိုး ပေးစရာ ရှိရဲ့လား''

''ရှိတယ်''



''တကယ်လို့ သိပ်စိတ်ချရတဲ့ ကျုပ်တပည့်တစ်ယောက်ကို ထည့်ပေးလိုက်မယ်ဆိုလျှင်…''

''မရဘူး၊ ဒါဆိုရင် အည်ကိစ္စကြီးတစ်ခုလုံးကို မေ့ပစ်လိုက်ပေတော့၊ ကျုပ်တို့ဘာသာ ကျုပ်တို့ပဲ သွားတော့မယ်''

ဗီတိုဆဲလ်ဗားက ခပ်တိုးတိုး ပြန်ဖြေသည်။

''ခင်ဗျား ဒါ ကျုပ်ကို သက်သက် အကျပ်ကိုင်နေတာပဲ၊ ကျုပ်တို့က သိပ်အရေးကြီးတဲ့ တပ်လှုပ်ရှားမှု သတင်းတွေကို ပို့ပေးထားရတာဗျ''

''တခြား အထောက်တော်တွေကလည်း သိပ်အရေးကြီးတဲ့ သတင်းတွေကို ပို့ပေးနေကြတာပါပဲ''

''ကျုပ်ကတော့ ကျုပ်ကိုယ်ကျုပ် အထောက်တော်အဆင့်ထက် ပိုမြင့်တယ်လို့ ထင်ထားတာ''

''ဒါကတော့ ကျုပ်တို့ ခိုင်းတာကို ဘယ်လောက်ထိအောင် လိုက်လုပ်ပေးတယ် ဆိုတာပေါ်မှာ မူတည်လိမ့်မယ်''

''မေဂျာပီထရီ၊ ခင်ဗျားဟာ တော်တော် အပြောရအဆိုရကျပ်တဲ့ လူပဲ၊ ခင်ဗျားကို ဘာ့ကြောင့် သည်လွှတ်လိုက်တယ်ဆိုတာ ကျုပ် နားလည်ပြီ''

''ဟုတ်တာပေါ့၊ ခင်ဗျားနဲ့ အပေးအယူ လုပ်ရမှာမို့လို့ ကျုပ်ကို တမင်လွှတ်လိုက်တာလေ''

ပီထရီက ပြုံးပြုံးကြီး ပြန်ဖြေလိုက်ရာ ဆဲလ်ဗားကလည်း အနည်းငယ် ပြန်ပြုံးလိုက်သည်။

''ဒါပေမဲ့ ခင်ဗျားဘက်က ဘာလုပ်ပေးမယ်ဆိုတာကို ခုထက်ထိ မသိရသေးဘူး''

''မဟာမိတ်တပ်ပေါင်းစုက စစ်စလီအနောက်ပိုင်းကို တက်သိမ်းပြီးတာနဲ့ တစ်ပြိုင်နက် ခင်ဗျားကို ပလာမိုမြို့တော်ဝန် ခန့်ပေးမယ်''

''ဒါ မဖြစ်စလောက်ပဲ''

ပီထရီတစ်ယောက် ပေါက်ကွဲလေပြီ။

''ဒီမှာ ဆဲလ်ဗား… ဒါ ကျုပ်တို့ဘက်က အများဆုံး လိုက်လျောထားတယ်ဆိုတာ ခင်ဗျား သိဖို့ကောင်းတယ်၊ ဒါဆိုလျှင် ခင်ဗျား ဒီမြို့မှာ အာဏာအရှိဆုံးပုဂ္ဂိုလ် ဖြစ်သွားပြီ၊ ခင်ဗျားက ပလာမိုတစ်မြို့လုံးကို ချုပ်ကိုင် ထားနိုင်ပြီလေ''

''ကျုပ် အခုလည်း ပလာမိုကို ထိန်းချုပ်ထားနိုင်ပြီပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ခင်ဗျား မော်တော်ကားကို မြို့ပြင်မှာ မထားဘဲ ကျုပ်တို့ကို အခု မြို့ထဲက ကားနဲ့ လိုက်မောင်းပို့ပေးပါလား"

ဗီတိုဆဲလ်ဗားက ပီထရီကို ခပ်မာမာ ပြန်ကြည့်နေရာ ပီထရီက ပြုံးပြလိုက်သည်။ သူ့အနေနှင့် ဗီတိုဆဲလ်ဗားကို သည်ထက် ပိုစိတ်တိုအောင် မလုပ်သင့်ကြောင်း သိသည်။ ထို့ကြောင့် နည်းသစ်တစ်မျိုးနှင့် ချဉ်းကပ်ပြန်သည်။

"ဒီမှာ ဗီတို၊ ခင်ဗျားက အမြင့်ကို မှန်းတယ်၊ အခု ခင်ဗျား လိုချင်တာ ရပြီ မဟုတ်လား၊ ဒါပေမဲ့ ကျုပ်သာဆိုလျှင် ခင်ဗျားရဲ့ အကူအညီကို ဘယ်လောက်ပဲ လိုချင်လိုချင် သည်လိုတော့ ဘယ်တော့မှ လိုက်လျောမှာ မဟုတ်ဘူး"

ဗီတိုက ဟာသကလေး နှောပြီး ပြန်ဖြေသည်။

"ဩ… ခင်ဗျားက ပစ္စည်းရှင်ထက် ပိုပြီး နှမြောတတ်တဲ့ လူကိုး၊ ခင်ဗျားပေးတဲ့ ကတိက ကျုပ်အတွက်တော့ မဖြစ်စလောက်ပါ၊ ဒါပေမဲ့ မဟာမိတ်တပ်ပေါင်းစုကို မစွမ်းရင်းက ရှိနေတော့ လိုက်လျောရတော့မှာပေါ့လေ"

"ဒါပေမဲ့ ခင်ဗျားကိုယ်တိုင် မက်ဆီနာကို လိုက်ပို့မှ ဖြစ်မှာနော်"

"ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင် လိုက်လာမှာပါ၊ ဒါပေမဲ့ လမ်းဆုံကို အချိန်မီ ရောက်အောင် မိုးမလင်းမီ နှစ်နာရီစောပြီး သည်က ထွက်ရလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျားတို့ အရင်ဆုံး အစား စားမှ ဖြစ်မယ်၊ ကျုပ်တို့ဆီမှာတော့ ကြက်ဥ၊ ပေါင်မုန့်နှင့် ဝိုင်ပဲ ရှိတယ်၊ ဒါပေမဲ့ ဗိုက်တော့ ပြည့်မှာပါ"

သူတို့အတွက် စားစရာ သောက်စရာများကို တစ်ဖက်ခန်းမှ အမျိုးသမီးကြီးများက ယူလာသည်။ ဤတွင် ပီထရီက ဝဝလင်လင် အားရပါးရ စားနေသော်လည်း ဂျွန်ဆန်ကမူ ဟက်ဟက်ပက်ပက် မစားနိုင်ဘဲ ရှိနေရှာသည်။ သူတို့အားလုံး ဝဝလင်လင် စားမပြီးသေးမီ ဆဲလ်ဗား၏ တူတော်မောင်ဖြစ်သူ ကာလို့စ်က အခန်းထဲသို့ ကမန်းကတန်း ပြေးဝင်လာပြီး အရေးတကြီး သတိလာပေးသည်။

❑

ဝဝဖိုင်ဖိုင့် ကာလို့စ်သည် အခန်းထဲသို့ ကမန်းကတန်း ပြေးဝင်လာသည်။ သူ့နောက်မှ ပီထရီတို့ကို ဤအခန်းထဲ ရောက်အောင် လိုက်ပို့သူ လူဆိုးများ ကပ်ပါလာသည်။ ပီထရီကတော့ ကာလို့စ်ကို မြင်မြင်ချင်း ကြည့်မရ



ချေ။ ကာလို့စ်က ကမန်းကတန်း ပြောချလိုက်ရာ ဆဲလ်ဗားက မျက်မှောင်ကုတ်ရင်း နားထောင်နေသည်။

"ဦးလေး… ဒီဘက်ကို ပြည်သူ့ရဲတွေ ရာနဲ့ထောင်နဲ့ချီပြီး လာနေကြပြီ။ သူတို့နဲ့အတူ တင့်ကားတွေ၊ သံချပ်ကာကားတွေ ပါလာတယ်၊ အလ်ဘာကီးရီးယား ရပ်ကွက်ကို ဝိုင်းထားကြတယ်၊ သည်လူတွေက နေရာအနှံ့ လိုက်ရှာနေကြတာ"

ဆဲလ်ဗားက ခပ်အေးအေး ပြန်မေးသည်။

"ဘယ်အချိန်လောက်က စရှာနေတာလဲ"

"တစ်နာရီလောက်တော့ ကြာသွားပြီ"

"ဒါနဲ့တောင် မင်း သည်ကို လာပြောတာ သိပ်နောက်ကျပါလား"

ဘာကြောင့်မှန်း မသိရသော်လည်း ဆဲလ်ဗားသည် သူ့တူ ကာလို့စ်ကို ယုံကြည်စိတ်ချမှု မရှိဟု ပီထရီက ထင်လိုက်သည်။ ကာလို့စ်က အရေးတကြီး လာပြောနေသည့်တိုင်အောင် ဗီတိုဆဲလ်ဗားကတော့ စိတ်ပူပုံ မရချေ။ ကာလို့စ် ပြောသည့် စကားကို ယုံချင်မှ ယုံပေမည်။

ဆဲလ်ဗား၏ တူက ကမန်းကတန်း ဆက်ပြောသည်။

"သိပ်မလွယ်ဘူးဗျ၊ ကျုပ်ကိုတောင် သူတို့က ဖမ်းမိတော့မလို့၊ ရဲတွေကလည်း များလိုက်တာဗျာ၊ ခြေချင်းကို လိမ်နေတာပဲ၊ သူတို့က အလ်ဘာကီးရီးယားကို ဝိုင်းထားတာဗျ၊ ဘယ်သူမှ လွတ်အောင် ထွက်ပြေးနိုင်မှာ မဟုတ်ဘူး"

"ဒါဆိုလျှင် ထွက်ပြေးစရာ မလိုပါဘူး၊ သူတို့တစ်တွေ တို့ခေါင်းပေါ်က ကျော်သွားတဲ့အထိ သည်က ထိုင်စောင့်နေရုံပေါ့"

သို့သော် ဆဲလ်ဗား၏ အဖြေကို ကာလို့စ်က လက်ခံပုံ မပေါ်။ ကာလို့စ်သည် လူစိမ်းနှစ်ယောက်ကို ကျိုးကန်းတောင်းမှောက် ကြည့်ရင်း ဆက်ပြောသည်။

"ပြည်သူ့ရဲတွေက နေရာအနှံ့ လိုက်ရှာနေတာဗျ၊ သည်ဘက်ကို နောက်နာရီဝက်လောက် ကြာလျှင် ရောက်လာကြလိမ့်မယ်ဗျ"

ဆဲလ်ဗားက ခပ်အေးအေး ပြန်ဖြေသည်။

"မင်းကို ကြည့်ရတာ နည်းနည်းတော့ ထူးဆန်းတယ်၊ မင်းဟာ သည်လို ကြောက်တတ် လန့်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး၊ နေပါဦး ကာလို့စ်ရဲ့၊ မင်းက ဘာကို ကြောက်လန့်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုများ ကြောက်စရာရှိလို့လဲ ဦးလေးရဲ့"

"အဲဒါကြောင့် မင်းကို ငါက မေးနေတာပေါ့ကွ"

"ဦးလေး တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်လို့ပါဗျာ၊ ခင်ဗျားသာ သည်မှာ ဆက်နေလျှင် သူတို့က ခင်ဗျားကို ရှာတွေ့သွားမှာ သေချာတယ်"

"ဩ… ဒါကြောင့် ငါ့ကို ကာကွယ်ဖို့ မင်းအပေါင်းအသင်းတွေကို ခေါ်လာခဲ့တာပေါ့ ဟုတ်လား"

ဤတွင် ပီထရီသည် စကြိုလမ်းထဲမှ တလှုပ်လှုပ်တရွရွဖြင့် ပေါ်လာသော လူဆိုးများနှင့် ဆဲလ်ဗား၏ ပေါင်ပေါ်တွင် မည်သည့်အချိန်က ရောက်နေမှန်း မသိရသော ခြောက်လုံးပူးကြီး တစ်လက်တို့ကို တစ်ပြိုင်နက်တည်း သတိထားလိုက်မိသည်။ စကြိုလမ်းထဲတွင်လည်း **သေနတ်**ကိုင်လူဆိုးများ ထပ်ပေါ်ထွက်လာသည်ကို မြင်လိုက်ရသည်။

အခြေအနေကတော့ သူ ထင်ထားတာ**ထက် ပိုဆိုး**နေလေပြီ။ ပီထရီက ပါးစပ်ကို လက်ဖဝါးဖြင့် အုပ်ရင်း ဇွန်ဆန်ကို **ခပ်တိုးတိုး** ပြောလိုက်သည်။

"အက်ဒဝပ်…တစ်ခုခု ဖြစ်လာရင် **စားပွဲအောက်**ကနေ ပစ်သာ ပစ်ပေတော့"

ဆဲလ်ဗား၏ တူတော်မောင် ကာလိုစ်က ကက်ဦးထုပ်ကို နဖူးပေါ်သို့ ဆွဲချလိုက်သည်။

"ကျုပ် ဒီကို ရောက်လာအောင် သည်လူတွေက လိုက်ပို့ကြတာပါ"

"မင်းက ငါ့အတွက် သည်လောက်တောင် စိုးရိမ်ကြောင့်ကြ ဖြစ်တာကို ကျေးဇူးတင်ပါတယ်၊ ကဲ…ကာလိုစ်၊ မင်းတို့နဲ့ အတူတူ နေမှာလား"

ဆဲလ်ဗား၏ လေသံက ပျော့ပျောင်း ချိုသာသည်။

"အိမ်မှာ ကျွန်တော့်မိန်းမ တစ်ယောက်တည်း ရှိနေတယ်ဗျ၊ အိမ်ကို ပြန်မှ ဖြစ်မယ်"

"ဟုတ်တာပေါ့၊ အဲလေ… မင်း… ဒီကို အခုလို လာသတိပေးတဲ့ အတွက် သိပ်ကျေးဇူးတင်တယ်ကွာ"

ဗီတိုဆဲလ်ဗားသည် သေနတ်ကို ကုလားထိုင်ပေါ်သို့ လူမသိအောင် တင်လိုက်ရင်း ထိုင်ရာကထ၍ ကာလိုစ်ကို လက်ဆွဲ နှုတ်ဆက်သည်။ ဆဲလ်ဗားက သူ ဤနေရာတွင် ဆက်နေဦးမည် ဖြစ်ကြောင်း ပြောရာ ကာလိုစ်က လူစိမ်းများကို တစ်ချက် ကပျာကယာ ကြည့်လိုက်ပြီးနောက် ဆဲလ်ဗားက ဝိုင်တစ်ခွက် သောက်ရန် ပြောသည်ကိုပင် လက်မခံဘဲ သူ့လူများနှင့်အတူ



ကပျာကယာ ပြန်ထွက်သွားသည်။ ဤအချိန်ရောက်မှ စကြိုလမ်းထဲသို့ သေနတ်နှင့် မသိမသာ ချိန်ရွယ်ထားသော ဗီတိုဆဲလ်ဗား၏ တပည့်များသည် ပြုံးနိုင် ရယ်နိုင် ဖြစ်လာကြသည်။

ပီထရီက ကပျာကယာ မေးလိုက်သည်။

"နေပါဦး…ခင်ဗျား တူကကော မာဖီးယားအဖွဲ့ဝင် တစ်ဦးပဲလား"

ဆဲလ်ဗားက ဝိုင်အရက်တစ်ခွက်ကို မော့သောက်ရင်း ပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ်ဗျ၊ ကဲ ကျုပ်တို့ ခုချက်ချင်း ခရီးစထွက်ကြရအောင်၊ အခုလို စစ်တပ်က ပိုက်စိပ်တိုက် ရှာနေတယ်ဆိုတော့ သတိထားမှ ဖြစ်မယ် ဗျို့"

ဆဲလ်ဗားသည် တစ်ဝက်တစ်ပျက်သာ စားရသေးသော ဇွန်ဆန်၏ ပန်းကန်ကို လှမ်းကြည့်ရင်း ထပ်မေးပြန်သည်။

"ကဲ…ခင်ဗျားကော အဆင်သင့် ဖြစ်ပြီလား"

ဇွန်ဆန်က ပြန်ဖြေသည်။

"ကျုပ် ဒီည စားလို့ သောက်လို့ သိပ်မမြိန်ဘူး၊ ကဲ… ကျုပ်လည်း အဆင်သင့် ဖြစ်ပါပြီ"

ခြောက်လုံးပူးကို ကုတ်အင်္ကျီ အိတ်ထဲသို့ ခပ်တည်တည် ထည့်လိုက်သော ဆဲလ်ဗားကို ကြည့်ရင်း ပီထရီက မေးလိုက်သည်။

"ကျုပ်တို့ မြေတိုက်ခန်းတွေထဲက ဖြတ်ထွက်ရမှာလား"

"ဘယ်ဖြစ်မလဲ၊ ရဲတွေနဲ့ တိုးမှာပေါ့၊ ဒါပေမဲ့ စိတ်မပူပါနဲ့ဗျာ၊ ကျုပ်တို့က အိမ်ခေါင်မိုးတွေပေါ်က မြို့ပြင်ကို အရောက်ထွက်မှာပါ၊ ကျုပ်တို့အားလုံး မြို့ပြင်ကို အရဏ်မတက်မီ ရောက်သွားမှာပါဗျ"

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# - ငါး -

## သောကြာနေ့ နံနက် ၅ နာရီမှ ၉ နာရီခွဲအထိ

မြေကြီးလမ်း သာသာမျှသာ ရှိသော ထိုလမ်းဆုံတွင် မြင်းလှည်းဘီးများကြောင့် လှည်းလမ်းကြောင်း နက်နက်ကြီးများ ဖြစ်နေသည်။ ထိုလမ်းဆုံ၏ နံဘေး တစ်ဖက်တစ်ချက်တွင် ကျောက်သားနံရံကြီးများ ရှိနေပြီး လမ်းတစ်လမ်းသည် ချိုင့်ဝှမ်းထဲမှ တောင်ကုန်းကလေးပေါ်သို့ စောက်စောက်မတ်မတ်ကြီး တက်သွားသည်။

ပီထရီသည် လမ်းဘေးတွင် မြင်မကောင်းလောက်အောင် တရွဲ့တစောင်း ဖြစ်ပြီး ပျက်စီးယိုယွင်းနေသော လမ်းညွှန်ဆိုင်းဘုတ်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အရှေ့တောင်ဆီသို့ ဆိုလျှင် ပီထရာ လီးယားနှင့် စကိုပါနာသို့၊ ဒါကတော့ သူတို့ ဦးတည်ပြီး သွားရမည့် အရပ်။ အနောက် မြောက်ဆီသို့ဆိုလျှင် ပလာမိုမြို့သို့။ ဒါက သူတို့လာခဲ့သော အရပ်။ အရှေ့မြောက်ဆီသို့ဆိုလျှင် စီဖလူး၊ ဒါကတော့ လောဆန်တို့ ကမ်းခြေပေါ် တက်ခဲ့သည့်နေရာ၏ အနောက်စူးစူးတွင် ရှိသောနေရာ။

နေပါဦး၊ ဗီတိုဆဲလ်ဗား၏ ကားက ဘယ်ရောက်နေသလဲ။ ဘာများ ဖြစ်နေသလဲ။ ပီထရီက လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်ပြီး နားစွင့်လိုက်စဉ်



ဗီတိုဆဲလ်ဗားက သူ့နောက်နားသို့ ရောက်ရှိလာသည်။ ဤနေရာတွင် ငှက်သံပင် မကြားရလောက်အောင် တိတ်ဆိတ်လွန်းလှသည်။ စစ်စလီကျွန်း၏ ကုန်းတွင်းပိုင်းမှာ (သစ်ပင် ဝါးပင် လုံးဝ မရှိသော) လွင်တီးခေါင်မျှသာ ဖြစ်သဖြင့် ဤအရပ်၌ ငှက်သတ္တဝါများပင် နေထိုင်လေ့ မရှိချေ။ အလွန်အကျွံ တိတ်ဆိတ်လွန်းလှသည်။

ဥချွန်ဆန်က ဝင်သောသည်။

"ကားသမားတွေ သပိတ်မှောက်နေကြတယ်နဲ့ တူတယ်"

ခြောက်လုံးပူးကို ကိုင်ထားသော ဆဲလ်ဗားသည် ရောင်နီသန်းချိန်တွင် ဖြစ်ပေါ်လာသော မလင်းတလင်း အလင်းရောင်ဖြင့် ပတ်ဝန်းကျင်ကို စူးစူးစိုက်စိုက် ကြည့်ရင်း မကျေမချမ်း ရေရွတ်လိုက်သည်။

"ဒီနေရာတစ်ဝိုက်မှာ ရှိကိုရှိရမယ်"

ဆဲလ်ဗားသည် စိတ်ပူနေသော်လည်း လူမသိအောင် ဖုံးဖိထားနိုင်သည်ဟု ပီထရီက တွေးလိုက်သည်။ တကယ်ကတော့ ထိုကားသည် သူတို့ အလွယ်တကူ ရှာတွေ့နိုင်မည့် နေရာတွင်သာ ရှိဖို့ ကောင်းသည်။ သူတို့၏ ခေါင်းပေါ်တည့်တည့် ပေသုံးဆယ်ခန့် မြင့်သော လမ်းဘေးရှိ ကျောက်သားနံရံတွင် ဟင်းလင်းပေါက် အပေါက်ကြီးတစ်ခု ရှိသည်။ သူတို့ လူစု ဤလမ်းဆုံသို့ လာစဉ်က ထိုအပေါက်ကြီးဘေးက ဖြတ်လာခဲ့ကြသေးသည်။ ဤနေရာ တစ်ဝိုက်တွင် ကားတစ်စီးစီးကို လူမမြင်အောင် ဝှက်ထားနိုင်မည့်နေရာမှာ ထိုနေရာသာ ရှိသည်။ ထို့ကြောင့် ပီထရီက ထိုနေရာသို့ နောက်တစ်ခေါက် သွားကြည့်မည်ဟု သူတို့လူစုကို အသိပေးလိုက်သည်။

ဆဲလ်ဗားသည့် ပီထရီနောက်မှ ကပ်လိုက်လာသည်။ ပီထရီက မော်ဇာပစ္စတိုကို ကိုင်ရင်း ထိုအပေါက်ဝဆီသို့ အသံမကြားအောင် တိုးသွားပြီး အပေါက်ထဲသို့ ကွေ့ဝင်လိုက်ရာ အဆိုပါ ကျောက်သားတံတိုင်း၏ နောက်ဘက် ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ကားငယ်တစ်စီး၏ ပုံပန်းသဏ္ဍာန်ကို မှောင်ထဲတွင် မသဲမကွဲ မြင်လိုက်ရသည်။ ဖီယက်ကား တစ်စီးပေတည်း။ သူ အကဲခတ်ရသလောက် ထိုကားထဲတွင် လူတစ်ယောက်မျှ မရှိချေ။

ဆဲလ်ဗားက ပီထရီကို ခပ်တိုးတိုး ပြောလိုက်သည်။

"သတိထားနော်၊ ကျုပ်တပည့်တစ်ယောက် ကားထဲမှာ စောင့်နေပါ့မယ်"

"တစ်ယောက်မှ မရှိပါဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ပိုပြီး သတိထားရလိမ့်မယ်နော"

ထိုအပေါက်ဝ၏ နောက်ဘက် ကိုက်နှစ်ဆယ်ခန့် အကွာတွင် ချောက်ကမ်းပါးကြီးတစ်ခု ရှိနေကြောင်း ပီထရီက သတိထားလိုက်မိသည်။ သည်နေရာတစ်ဝိုက်တွင် လူရှိပုံ မပေါ်။ သို့သော် ကားကို ငါးစာပြု၍ သူတို့လူစုကို အငိုက်ဖမ်းရန် စောင့်နေသူများ ရှိနိုင်သည်။ ယခုလို မလင်းတလင်း၊ မမှောင့်တမှောင် အချိန်တွင် ချောင်းမြောင်းနေသူများကို ရှာတွေ့ဖို့ကလည်း သိပ်မလွယ်။ ပီထရီက ဆဲလ်ဗားကို ငြိမ်ငြိမ်ကလေးနေရန် လက်ပြပြီး ထပ်နားစွင့်လိုက်သည်။ (ဘာမျှ မကြားရသော်လည်း) မသင်္ကာစရာ တစ်ခုခုတော့ ရှိနေပြီဟု သူ့စိတ်ထဲက အလိုလို သိလိုက်သည်။ သူက ဆဲလ်ဗားကို-

"သည်နေရာကပဲစောင့်" ဟု ပြောလိုက်ပြီး ကျောက်သားတံတိုင်း၏ နောက်ဘက် နံရံဘေးမှ ကပ်၍ ပုန်းလျှိုးကွယ်လျှိုးနှင့် အသံမထွက်အောင် သတိထားရင်း ရှေ့တိုးသွားသည်။

ဖိယက်ကားနားသို့ ရောက်သောအခါ ကျောက်သားတံတိုင်းနှင့် ကားကိုယ်ထည်အကြားသို့ ဝင်ရင်း ကားထဲသို့ ချောင်းကြည့်သည်။ ဘယ်သူမျှ မရှိချေ။ အပြင်ပန်းအနေဖြင့် ကြည့်လျှင် သူတို့ စီးစရာ ကားအဆင့်သင့် ရှိနေပြီ ဖြစ်သဖြင့် ကားထဲဝင်၊ စက်နှိုး၊ ကားကို နောက်ပြန်ဆုတ်၊ လမ်းပေါ် မောင်းတက်ပြီး စကိုပါနာမြို့သို့ မောင်းနှင်သွားကြရုံသာ ရှိတော့သည်။ ငှက်ပျောသီး အခွံနွှာစားသလို လွယ်လွန်းလှချေသည်တကား။ မသင်္ကာစရာ ကောင်းလောက်အောင် သိပ်ကို လွယ်ကူလွန်းလှသည်။

ပီထရီက သူ့လာလမ်းအတိုင်း နောက်ဆုတ်ပြီး ပြန်သွားသည်။ တံတိုင်းဆီသို့ ရောက်သောအခါ ဆဲလ်ဗားသည် ခြောက်လုံးပူးကို အသင့်အနေအထားတွင် ကိုင်ရင်း တံတိုင်းနောက်၌ ဝပ်ပြီး စောင့်နေသည်ကို တွေ့ရသည်။

"ခင်ဗျားကားက မီးခိုးရောင် ဖိယက်ကားကလေး မဟုတ်လား၊ အဲဒီလိုဆိုရင် ကားကတော့ ဟုတ်တယ်၊ ဒါပေမဲ့ စောင့်နေမယ်ဆိုတဲ့ လူကတော့ မရှိဘူး၊ ဒီလူ ကြာကြာမစောင့်ရဲလို့ ကြောက်လန့်ပြီး ထွက်ပြေးသွားတာများလားဗျာ"

"ပိုင်ထရိုကတော့ စောင့်နေမယ့် အကောင်ပါ၊ အခုကိစ္စက နည်းနည်းတော့ ဆန်းနေတယ်"

ပီထရီသည် ဆဲလ်ဗားနှင့်အတူ ကား၏ ပတ်ဝန်းကျင်တွင် တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား ကမန်းကတန်း လိုက်ရှာကြသည်။ သို့သော် ထူးထူးခြားခြား ဘာမျှ မတွေ့ရ။ သူတို့နှစ်ဦးသည် ရှာရင်း ဖွေရင်းကပင် ချောက်ကမ်းပါးနားသို့ ရောက်လာကြသည်။ ထိုချောက်ကမ်းပါးမှာ တစ်ဖက်နှင့်တစ်ဖက် ပေသုံးဆယ်ခန့် ကျယ်ဝန်းပြီး သူတို့ ထင်ထားသည်ထက် ပိုနက်ရှိုင်းနေသည်။ တစ်နေရာတွင် ချောက်ကမ်းပါးသည် မတ်စောက်စောက်ကြီး ဖြစ်နေပြီး ရေမရှိတော့သော အောက်ခြေအထိ ပေသုံးဆယ်ခန့် နက်သည်ကို တွေ့ရသည်။ ပီထရီသည် ချောက်ကမ်းပါးထိပ်တစ်လျှောက်တွင် ကပ်၍ လမ်းလျှောက်ရင်း ချောက်ထဲသို့ ငုံ့ငုံ့ကြည့်နေသည်။ မိုးသောက်ရောင်ခြည် ထွက်လာပြီ ဖြစ်သဖြင့် ချောက်ထဲသို့ လင်းရောင်ခြည်တချို့ ဝင်ရောက်လာစပြုရာ ပီထရီသည် အောက်ဘက်သို့ တစ်ချက်ငုံ့ကြည့်ပြီးနောက် ဆဲလ်ဗား၏ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်း ပြောလိုက်သည်။



"ဟိုအောက်ခြေက မည်းတဲတဲ အရိပ်ကို မြင်ရတယ် မဟုတ်လား၊ အဲဒါ လူတစ်ယောက်ရဲ့ အရိပ် ဖြစ်နိုင်တယ်"

ဆဲလ်ဗားက သတိပေးသည်။

"ကျုပ်တို့ သည်နေရာက ခပ်မြန်မြန်ခွာမှ ဖြစ်မယ်၊ ခုတလော ဒီလမ်းပေါ်မှာ ပလာမိုက စီဖလူးကို သွားတဲ့ စစ်ကားတွေ အတော်ကလေး များနေတယ်"

"ခင်ဗျား နောက်ဆုံး ပို့လိုက်သည့် သတင်းထဲမှာပါသားပဲ၊ ဒါပေမဲ့ ကျုပ်က ဒီပြဿနာကို ခေါင်းထဲမှာ သည်အတိုင်း မထားချင်ဘူး၊ ဒီချောက်ထဲကို ဟိုရှေ့နားသွားပြီး ဆင်းရင် ရလိမ့်မယ် ထင်တယ်"

သူတို့နှစ်ယောက် ချောက်ထဲသို့ ခက်ခက်ခဲခဲ ဆင်းခဲ့ကြသည်။ ဗိုတိုဆဲလ်ဗားသည် သူ့ကိုယ်လုံးကိုယ်ထည်ကြီးနှင့် မလိုက်အောင် လျင်မြန်ဖျတ်လတ်သည်ကို တွေ့ရပြန်သည်။ မကြာသေးမီကလည်း သူတို့ လူစု ပလာမိုရှိ အိမ်ခေါင်မိုး တစ်ခုပေါ်မှ နောက်တစ်ခုပေါ်သို့ ခုန်ကူးပြီး မြို့ပြင် ထွက်ခဲ့စဉ်ကလည်း ဗိုတိုဆဲလ်ဗားက ဖျတ်ဖျတ်လတ်လတ်ဖြင့် ဦးဆောင်မှု ပြုလာခဲ့သေးသည် မဟုတ်ပါလား။ ယခုလည်း သူတို့နှစ်ယောက်စလုံး ချောက်ကမ်းပါး၏ အောက်ခြေသို့ ပြိုင်တူ ရောက်ရှိလာသည်။

အောက်ခြေသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထောင်ချောက် အဆင်ခံရမည်ကို တွေးပူနေသော ပီထရီက မော်ဇာပစ္စတိုကို အလျင်ဆွဲထုတ်ပြီးမှ ရှေ့ဆက် လျှောက်သွားသည်။ ကျောက်တုံးကြီး တစ်တုံးပေါ်တွင်ကား တောင်သူလယ်သမားတစ်ဦးအသွင် ဝတ်ဆင်ထားသူ လူတစ်ယောက် ပက်လက်လန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လဲကျနေသည်။ သေရှာလေပြီ။ တကယ်ကတော့လည်း အံ့သြစရာတော့ မဟုတ်။ ဤမျှလောက် အမြင့်မှ အောက်တည့်တည့်ရှိ ကျောက်တုံးကြီး တစ်တုံးပေါ်သို့ လိမ့်ကျသူ တစ်ယောက်အဖို့ အသက်ရှင်နိုင်ဖွယ်ရာ အကြောင်း မရှိချေ။

ထိုအလောင်းကို ဗီတိုဆဲလ်ဗား စေ့စေ့စပ်စပ် လေ့လာနိုင်အောင် ပီထရီက ဘေးဖယ်ပေးသည်။ ဆဲလ်ဗားသည် နီးနီးကပ်ကပ် ငုံ့ကြည့်လိုက်ပြီး နောက် ပီထရီကို ပြန်ပြောလိုက်သည်။

"ဟုတ်တယ်၊ သည်ကောင် ဗိုင်ထရိုပဲ၊ သည်ကားကို သည်နေရာ အရောက် လာပို့တဲ့လူ၊ ဒါပေမဲ့ သည်ကောင်က သည်ဒေသကို နှံ့နှံ့စပ်စပ် သိပါတယ်၊ သူ အခုလို လိမ့်ကျစရာ အကြောင်းမရှိဘူး"

သို့သော် ပီထရီက ထိုအလောင်းကြီးကို မှောက်လျက် အနေအထား ရောက်သည်အထိ ဆွဲလှန်ပစ်လိုက်ရာ ထိုအလောင်း၏ ကျောဘက်လက်ပြင် အောက်သို့ စူးဝင်နေသော ဓားမြှောင်ရိုးတစ်ချောင်းကို တွေ့ရတော့သည်။

ပီထရီက ခပ်တိုးတိုး ပြောလိုက်သည်။

"သူ ဒါ့ကြောင့် လိမ့်ကျတာပေါ့၊ ဒါမှမဟုတ် ဓားထိုးခံရပြီးမှ တွန်းချခံရတာ ဖြစ်မယ်၊ နေပါဦး… ခင်ဗျား တူတော်မောင် ကာလို့စ်က တော်တော်လေး ဓားဝါသနာ ပါသလား"

ဆဲလ်ဗားက ဇက်ခနဲ ပြန်ကြည့်သည်။

"ကာလို့စ်…ဟုတ်လား၊ နေပါဦး၊ ခင်ဗျားက သူလို့ ဘာဖြစ်လို့ ထင်ရတာလဲ"

"ကျုပ် သည်မှာ ရက်သတ္တရှစ်ပတ်တောင် နေခဲ့ဖူးတာပဲ၊ စစ်စလီ ကျွန်းသားတွေရဲ့ အမူအကျင့်ကို နည်းနည်းပါးပါးတော့ နားလည်ပါတယ်၊ ဒါနဲ့… ကာတားနီးယားကို ပို့ထားတဲ့ ခင်ဗျားသားက ဘယ်အရွယ်လောက် ရှိပြီလဲ"

"တစ်ဆယ့်ခုနစ်နှစ်၊ ဒါပေမဲ့ သည်ကိစ္စမှာတော့ ဘယ်လိုမှ သက်ဆိုင် တယ်လို့ မထင်ဘူး"

"ဆိုင်တယ်လို့ ကျုပ်က ထင်တယ်၊ အဲဒီလို ခင်ဗျားကလည်း ထင်တယ်၊ အခု ကာလို့စ် ကြည့်ရတာ နှစ်ဆယ့်လေးနှစ်လောက်တော့ ရှိရောပေါ့၊ ပြီးတော့ သူ့တပည့်လက်သားတွေနဲ့ မြေတိုက်ခန်းထဲကို ဝင်လာတာ ကျုပ် တွေ့ခဲ့ရတယ်၊ ကျုပ်အထင် ပြောရလျှင် သူက ခင်ဗျားတစ်ယောက်



တည်းကို တွေ့ရမယ် ထင်ပြီး လာတာ၊ အဲဒီလိုသာ တွေ့သွားလျှင် ခင်ဗျား ကွဲပြီ။ ဒါပေမဲ့ ခင်ဗျားဆီမှာ အစောင့်အကြပ် လုံလုံလောက်လောက် ရှိနေတာ တွေ့သွားတော့ ခင်ဗျား လန့်ဖျပ်ပြီး အပြင်ထွက်အောင် ထပ်ခြောက်ပြန်တယ်၊ ခင်ဗျားသာ အပြင်ထွက်ခဲ့လျှင် ရဲတွေနဲ့ ပက်ပင်းတိုးမိပြီး အဖမ်းခံရအောင်လေ၊ အခု ကာလို့စ်က သူဟာ ခင်ဗျားရဲ့ အရိုက်အရာကို ဆက်ခံနိုင်အောင် ရင့်ကျက် နေပြီလို့ ထင်တယ်၊ ဒါ့ကြောင့် ခင်ဗျားကို အပြတ်ရှင်းဖို့ ကြိုးစားနေတာပဲ၊ ဒါပေမဲ့ ခင်ဗျားအကြောင်း ကောင်းကောင်းသိထားတဲ့ ကျုပ်ကတော့ သူ့ကို သနားလိုက်မိပါရဲ့၊ နေပါဦး၊ ခင်ဗျားက သူ့ကို အကွက်ဆင်ပြီး အပျောက်ရှင်း နိုင်ပါလျက်နှင့် ဘာဖြစ်လို့ မွေးထားတာလဲဗျ"

ဗီတိုဆဲလ်ဗားက မတ်တတ်ရပ်လိုက်သည်။

"ဒီကိစ္စကို နောက်မှ ပြောတော့မယ်ဗျာ၊ အခုတော့ ဒီနေရာက ခပ်မြန်မြန် လစ်မှ ဖြစ်တော့မယ်"

သူတို့နှစ်ဦး ချောက်ကမ်းပါးထိပ်သို့ ခက်ခက်ခဲခဲ ပြန်တက်ခဲ့ကြ သည်။ ချောက်ကမ်းပါးထိပ်သို့ ရောက်သောအခါ မိုးစင်စင်လင်းလေပြီ။ ကျောက်သား တံတိုင်းအနားသို့ ရောက်သောအခါ ပီထရီက ဂျွန်ဆန်ကို ရှင်းပြရာ ဂျွန်ဆန်က အသံမထွက်အောင် လေချွန်လိုက်သည်။ ဂျွန်ဆန်သည် ယမ်းဘီလူးများ ထည့်ထားသော ကျောပိုးအိတ်ကို ပြန်လွယ်ရင်း ကားဆီသို့ သွားနေသော ပီထရီ နောက်မှ ကပ်လိုက်သွားသည်။ ဆဲလ်ဗားကတော့ ကျောက်သားနံရံအပေါက်ဝတွင် လူသွားလူလာကို အကဲခတ်ရန် စောင့်နေခဲ့ သည်။ ဂျွန်ဆန်က မှတ်ချက်ချသည်။

"တစ်ယောက်ယောက်က ကားသမားကို သတ်သွားပေမဲ့ ကျုပ်တို့ အဆင်သင့် ဆက်မောင်းသွားနိုင်အောင် ကားကို သည်အတိုင်း ထားခဲ့တယ်၊ ဒါပေမဲ့ အဲဒီကားကိုပါ ချောက်ထဲ တွန်းချခဲ့လျှင် ဖြစ်နိုင်လျက်သားနဲ့…ဆိုတာ ကို တွေးမိပြန်လျှင်တော့ ခုကိစ္စဟာ သဘာဝမကျဘူးလို့ ထင်စရာ ရှိတယ်"

"အေး…ဟုတ်တယ်၊ ငါလည်း အဲဒီလို တွေးမိတယ်၊ သည်တော့ ငါသာဆိုလျှင် သည်ကားကို ချက်ချင်း စက်မနှိုးရဲဘူး"

ဂျွန်ဆန်က ယမ်းဘီလူးများ ထည့်ထားသော ကျောပိုးအိတ်ကို ကား နောက်ထိုင်ခုံပေါ်သို့ သွားတင်လိုက်သည်။ ထိုအချိန်တွင် ပီထရီက မော်တော် ကားကို ဗုံးနှင့် ထောင်ချောက်ဆင်ထားခြင်း ရှိမရှိ သိရအောင် စက်ခေါင်းဖုံး တွင် ဝိုင်ယာကြိုးနှင့် တိတ်တိတ်ခိုး ဆက်ထားသည့်ပုံစံမျိုး ရှိမရှိ စစ်ဆေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖုံးတွင် ဘာမှ ရှာမရသောအခါ မြေကြီးပေါ်တွင် ပက်လက်လှန်လိုက်ပြီး ဖိယက်ကား၏ ကိုယ်ထည် အောက်သို့ တိုးဝင်လိုက်သည်။ ထို့နောက် ကားကိုယ်ထည်အောက်ပိုင်းကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးပြီး ရှာဖွေသည်။ တကယ်ကတော့ သည်ခရီးစဉ်တွင် အချိန် လေးနာရီလုံးလုံး နောက်ကျနေပြီဖြစ်သဖြင့် ကားကို စစ်ဆေး၍ အချိန်ဖြုန်းရန် မသင့်။ သို့သော် ဤကဲ့သို့သော စေ့စပ်သေချာမှုမျိုးကြောင့် ပီထရီသည် လွန်ခဲ့သည့် သုံးနှစ်အတွင်းက အန္တရာယ်မဖြစ်ဘဲ မသေမပျောက် ယနေ့အထိ အသက်ရှင်နေရခြင်း ဖြစ်ရာ ထိုအလေ့အကျင့်ကို ဖျောက်ဖျက်ပစ်မည့်ပုံ မပေါ်ချေ။ ကားအောက်မှ ပြန်ထွက်လာသော ပီထရီက ဂျွန်ဆွန်ကို ခေါင်းခါပြလိုက်ပြီး ဘောနက် (စက်ခေါင်းအဖုံး) တွင် တပ်ဆင်ထားသော လက်ကိုင်ကို ဖြည်းညင်းစွာ လှည့်နေသည်။

ဗုံးနှင့် ထောင်ချောက် ဆင်ထားခြင်း ရှိမရှိ စစ်ဆေးရသည့် အလုပ်မှာလည်း သွေးပျက်စရာ ကောင်းလှသည့်အလုပ် ဖြစ်သည်။ ထောင်ချောက်ဆင်သည့် ကိုယ်တော်မြတ်ကလေး ဆင်သွားသည့် 'အကွက်' ကို ရှာမတွေ့ခင် တစ်ကိုယ်လုံး အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားအောင် လုပ်များထားလေမလားဟု တွေးပူရသည်မှာ အမောပင်။ စက်ခေါင်းအဖုံးကို မ,ဖွင့်လိုက်ပြီးနောက် ပီထရီသည် မရယ်ချင်ပါဘဲနှင့် အားရပါးရ ရယ်လိုက်မိသည်။ သည်ငတိတွေက ရှေးဟောင်းပဝေသဏီက အသုံးပြုခဲ့သည့် လက်ဟောင်းနည်းရိုးကြီးကို သုံးစွဲသွားကြ၍ ဖြစ်သည်။ သူတို့က ယမ်းဘီလူးတစ်ချောင်းကို စက်နှိုးသည့် ဝိုင်ယာကြိုးနှင့် ဆက်ထားခဲ့ခြင်းပင်။ သို့သော် ဗုံးဆင်ထား မထား မစစ်ဆေးဘဲ ကားသော့ကို တန်းဖွင့်ပြီး စက်နှိုးလိုက်မည် ဆိုပါက ကားထဲတွင် ရှိနေသူအားလုံး တမလွန်ဘဝသို့ ရောက်ကုန်ကြမှာ သေချာသည်။

''ဟော့…အက်ဒဝပ်၊ ယာဉ်မောင်း ထိုင်ခုံအောက်မှာ ရှိတဲ့ ကိရိယာတန်ဆာပလာအိတ်ထဲက ပလာယာတစ်ချောင်း ယူပေးစမ်းကွာ။ ပြီးတော့ ဆဲလ်ဗားကို သည်ခေါ်ခဲ့၊ သည်ငတိ ဘာတွေ ပြောမလဲဆိုတာ နားထောင်ရအောင်''

ပီထရီသည် ကားအင်ဂျင်နှင့် ဆက်ထားသည့် ဝိုင်ယာကြိုးကို စိတ်ရှည်လက်ရှည်နှင့် ဖြုတ်ယူလိုက်သည်။ ထို့နောက် ယမ်းဘီလူးကို ကားနှင့် ခပ်ဝေးဝေး မြေကျင်းကလေး တစ်ခုထဲတွင် ထည့်ထားလိုက်သည်။ ဆဲလ်ဗား ရောက်လာသောအခါ သူက ယမ်းဘီလူးကို လက်ညှိုးထိုးပြရင်း…



''တူတော်မောင် ကာလိုစ်က ပို့လိုက်တဲ့ မွေးနေ့လက်ဆောင်လား၊ ဒါမှမဟုတ် ခင်ဗျား ခြောက်ပေကျင်းထဲ ရောက်သည်အထိ စောင့်မကြည့်နိုင်တဲ့ လူတစ်ယောက်ဆီကများလား၊ သည်ကားက ခင်ဗျားကား မဟုတ်လား၊ စက်နှိုးလိုက်တာနဲ့ ဗုံးပေါက်သလို ထပေါက်အောင် လုပ်ထားတာ''

ဆဲလ်ဗားက ခပ်အေးအေး ရှင်းပြသည်။

''ကာလိုစ်ဟာ ရဲတွေဆီမှာ သတင်းပေးနေတယ်ဆိုတာ ကျုပ် သိပြီးသားပါ၊ ဒါပေမဲ့ ကျုပ် သိတယ်ဆိုတာ သူ မသိဘူး၊ အခုလို သူ့ကို တမင်မွေးထားတာကလည်း အကြောင်းရှိတယ်၊ ရန်သူ့ဘက်ကို တမင်ကလာ သိချင်တဲ့ သတင်းမျိုးရှိလျှင် သူ့ဆီကတစ်ဆင့် အချိန်မရွေး အသိပေးလို့ ရတယ် မဟုတ်လား''

ပီထရီက ဖိယက်ကားရှိရာသို့ ခပ်မြန်မြန် ပြန်သွားသဖြင့် သူ့စကားပြတ်သွားသည်။ သည်ငတိကြီးကတော့ ထုံးစံအတိုင်း ဖြီးဖြန်းနေပြန်လေပြီ။ မာဖီးယားဂိုဏ်းအတွင်းမှ ပြဿနာတစ်ရပ်ရပ်ကို အပြင်လူများ မသိစေလိုသည်မှာ သူတို့၏ အစဉ်အလာပင်။ ရေငုံနှုတ်ပိတ် နေလေ့ရှိသည်မှာ သူတို့၏ သံမဏိ ကျင့်ဝတ်၊ အချင်းချင်း မည်မျှလောက် ရန်ငြိုးရန်ဆက် ရှိနေစေကာမူ အပြင်လူ မသိအောင် ဖုံးလေ့ဖိလေ့ ရှိကြသည်။

ပီထရီက ယာဉ်မောင်းသူ ထိုင်ခုံတွင် ဝင်ထိုင်လိုက်ရာ ဆဲလ်ဗားသည် သူ့ဘေးနားက ထိုင်ခုံတွင် အေးအေးလူလူ ဝင်ထိုင်လိုက်သည်။ သည်ငတိကြီးက သတ္တိတော့ အကောင်းသား။ သို့သော် အရေးထဲ အကြောင်းထဲကျလျှင် သူ့တပည့်လက်သား ဘယ်နှယောက်အထိ စုစည်းပေးနိုင်မှာလဲဟု ပီထရီက တွေးလိုက်မိသည်။ ပီထရီသည် ကားကို နံရံရှိ အပေါက်ဆီသို့ နောက်ဆုတ်၍ မောင်းလိုက်သည်။ ထို့နောက် နောက်ဘက်ထိုင်ခုံပေါ်သို့ ဂျွန်ဆန်တက်နိုင်အောင် ကားကို ခဏရပ်ပေးလိုက်၏။ ထို့နောက် အောက်ဘက်ရှိ လမ်းဆုံဆီသို့ ကားကို မောင်းနှင်သွားသည်။

တောင်တန်းများ၏ နောက်ဘက်တွင် ကွယ်နေသော နေမင်းကြီး တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ နံနက်ခင်း၏ မြူနှင်းထုသည် တစ်စနှင့်တစ်စ ပါးလာသည်။ ပီထရီသည် လမ်းဆုံသို့ ရောက်သော် ဂီယာပြောင်းလိုက်ပြီးနောက် လမ်းဘေးတစ်ဖက်တစ်ချက်တွင် တံတိုင်းကြီးများ ကာရံထားသော မတ်စောက်စောက် လမ်းပေါ်သို့ မောင်းတက်လိုက်၏။ ထိုလမ်းမှာ စကိုပါနာသို့ သွားရာလမ်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ပိုင်း ထိုင်ခုံပေါ်တွင် ထိုင်နေသူ ဂျွန်ဆန်သည် ခြောက်လုံးပူးကို ပေါင်ပေါ်တင်ရင်း သူ့ဘယ်ဘက်ဘေးရှိ မှန်ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးမောကြည့်ကာ လိုက်ပါလာသည်။ မော်တော်ကားသည် မတ်စောက်သော လမ်းကို ခက်ခက်ခဲခဲ တက်ရင်း ပြိုကျနေသောကြောင့် အပေါက်ကြီးဖြစ်နေသော လမ်းဘေးတံတိုင်းတစ်နေရာကို ကျော်ဖြတ်ရပြန်သည်။ ထိုအပေါက်မှ အဝေးသို့ လှမ်းမျှော်ကြည့်ခဲ့သော် စစ်စလီကျွန်း၏ ကုန်းပိုင်းရှုမျှော်ခင်းကို မြင်ရလိမ့်မည်ဟု ဂျွန်ဆန်က ထင်လိုက်သည်။

ထိုအပေါက်ဝဘေးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဂျွန်ဆန်က ခေါင်းကို ချာခနဲ လှည့်၍ လမ်းဆုံရှိရာဆီသို့ ပြန်ငုံ့ကြည့်လိုက်ရာ စီဖလူးသို့သွားရာ လမ်းဘက်ဆီမှ မြင်းစီးထားသော တောသားကြီးတစ်ယောက် သူတို့ဆီသို့ မော့ကြည့်နေသည်ကို မြင်လိုက်ရသဖြင့် သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူက ခဏကလေးသာ မြင်လိုက်ရခြင်း ဖြစ်သော်လည်း မြင်းစီးထားသော ထိုတောသားကြီး မြင်းကို ပြန်လှည့်၍ ခပ်သွက်သွက် စီးထွက်သွားသည်ကို မြင်လိုက်ရသည်။

ဂျွန်ဆန်က အော်ပြောလိုက်သည်။

"ကျုပ်တို့ကို မြင်သွားပြီဗျို့၊ ဟိုလမ်းဆုံမှာ မြင်းနဲ့ တောသားတစ်ယောက် ကျုပ်တို့ကို စောင့်ကြည့်နေပြီး စီဖလူးဘက် ကမန်းကတန်း ပြန်စီးသွားတာ တွေ့လိုက်ရတယ်"

ပီထရီက မှတ်ချက်ချသည်။

"ဒါဆို ဟန်ကျတာပေါ့ဗျာ၊ ကျုပ်တို့ ဘယ်ဘက်သွားတယ်ဆိုတာ သူတို့ သိသွားကြပြီ၊ သည်တော့ ခင်ဗျားလည်း အသက်ရှည်ရှည် နေချင်သေးတယ်ဆိုလျှင် အမှန်အတိုင်း ပြောပြမှ ဖြစ်လိမ့်မယ်"

ဗီတိုဆဲလ်ဗားက ခပ်အေးအေး ပြန်ဖြေသည်။

"ဟုတ်တယ်၊ ကျုပ်တို့ကလည်း အဆင်သင့်ပြင်ထားဖို့ လိုမယ်၊ ကာလို့စ်က သူ့အပေါင်းအသင်း ရောင်းရင်းတွေနဲ့ ကျုပ်တို့ကို ချုံခိုတိုက်ပွဲဆင်နွှဲဖို့ ကြိုးစားလိမ့်မယ်"

ဆဲလ်ဗားသည် ခြောက်လုံးပူးကို ကုတ်အင်္ကျီအိတ်ထဲက ထုတ်ယူပြီး ပေါင်ပေါ်တွင် တင်လိုက်သည်။

"သူက ကျုပ်ကို အပြတ်ရှင်းချင်တယ်ဆိုတာ အမှန်ပဲ၊ ဒါပေမဲ့ ခင်ဗျားတို့က ကျုပ်နဲ့အတူတူ ရှိနေတော့ ခင်ဗျားတို့ကိုပါ အပြတ်ရှင်းမှ ဖြစ်



တော့မလို ဖြစ်နေပြီ၊ သည်အတိုင်းသာ ဆိုလျှင်တော့ ကျုပ် ပလာမိုကို ပြန်ရောက်ပြီးလျှင် အိမ်ထဲက ပြဿနာကို အလျှင်ဆုံး ရှင်းရမယ့်ပုံပဲ"

ပီထရီက ကမန်းကတန်း ဝင်မေးသည်။

"သူ့အပေါင်းအသင်းက ဘယ်လောက်များသလဲ"

ဆဲလ်ဗား၏ အဖြေက သိပ်မရေရာ။

"ခပ်နည်းနည်းပါပဲ၊ ကဲ…ကျုပ်ကို ဆေးပြင်းလိပ် သောက်ခွင့်ပြုပါဗျာ"

သူတို့ မော်တော်ကားသည် တောင်ကုန်းထိပ်ပေါ်သို့ ရောက်လာသည်အထိ တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြချေ။ ပီထရီကတော့ စစ်စလီကိုအတွင်းလမ်းက ဖြတ်မည်ဟု ပြောလိုက်စဉ်က ဗီတိုဆဲလ်ဗား ပြန်ပြောသည့်စကားများကို ပြန်ကြားယောင်မိလာသည်။

"ကီလိုမီတာ တစ်ရာကျော်တယ်ဗျ၊ ခြေတစ်လှမ်း လှမ်းတိုင်း အန္တရာယ်ရှိတယ်"

❑

နေအတော် မြင့်လာလေပြီ။ တောင်ထိပ်မှ ပြန်ဆင်းသောအခါ လမ်းနှစ်ခွရှိသည့် နေရာသို့ ရောက်လာပြန်သည်။ ဘယ်ဘက်ကို သွားသော် စကိုပါနာ၊ ညာဘက်ကို လိုက်သော် တောင်ဘက်ကမ်းခြေပေါ်ရှိ 'စီယာကား' မြို့ဆီသို့။ ပီထရီက ကားကို ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။ ဤတွင် တဖြည်းဖြည်း မြင့်တက်စ ပြုလာသော နေရောင်ခြည်က ပီထရီ၏ မျက်လုံးကို ခဏတာ အဖျားခတ်သွားသည်။

ပီထရီသည် ကရိကျွန်းတွင် တာဝန်ကျစဉ်ကတည်းကပင် သူ တွေ့ဖူးသမျှ ရန်သူများထဲတွင် နေမင်းကြီးသည် ကြောက်စရာ အကောင်းဆုံး ရန်သူဖြစ်ကြောင်း သူ သိခဲ့သည်။ တစ်နေ့တာ အစပျိုးခဲ့လေပြီ။ တစ်နေ့တာ အစပြုလာသည့်နောက် တဖြည်းဖြည်း မြင့်တက်လာသည့် နေမင်းကြီးက တစ်ဆယ့်ငါးနာရီလုံးလုံး နေရောင်ခြည်ဖြင့် ရေမြေတောတောင်များကို ခြောက်သယောင်းသွားအောင်၊ ရေမှုန်ရေမွှားကလေးများပင် မကျန်ရလေအောင်၊ ခြောက်သွေ့နေသော မြေပြင်ကို ပတ်ကြားအက်လာအောင် မညှာမတာ ရက်ရက်စက်စက်နှိပ်စက်ပေတော့မည်။

ပီထရီက ထပ်မေးပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာ ဆဲလ်ဗား၊ ကျုပ်တို့လူစု တိုက်ကင်းထွက်လာတဲ့ ရဲအဖွဲ့နှင့် တွေ့လျှင် ကျုပ်တို့ကို သူတို့က မှတ်မိနိုင်စရာများ ရှိသလား"

"နာရီဂက်လောက် မောင်းပြီးပြီ ဆိုလျှင်တော့ သိမှာ မဟုတ်တော့ဘူး၊ ကျုပ်တို့ကလည်း တပ်နယ်မြေအသစ်တစ်ခုထဲကို ရောက်နေရောပေါ့"

"တကယ်လို့ ရဲနဲ့သာ ပက်ပင်းတိုးမယ်ဆိုလျှင် ပြောစရာဆိုစရာရှိတာကို ခင်ဗျားကပဲ ဒိုင်ခံရှင်းပေတော့၊ နေပါဦး၊ ခင်ဗျားက ကျုပ်တို့နဲ့ ပတ်သက်ပြီး ဘယ်လိုလုပ် ရှင်းပြမှာတုံး"

ဆဲလ်ဗားက် ဆေးပြင်းလိပ်ကြီးကို လက်ဖြင့် ဝှေ့ယမ်းပြလိုက်သည်။

"လွယ်ပါတယ်ဗျာ၊ ကျုပ်က ခင်ဗျားတို့ကို စကိုပါနာမှာရှိတဲ့ ကျုပ်အစ်ကို အိမ်မှာ အလုပ်လုပ်ဖို့ ခေါ်သွားတာလို့ ပြောမယ်လေ၊ ဒါနဲ့ ခင်ဗျားတို့မှာ ဘာစာရွက်စာတမ်းတွေ ပါလာကြသလဲ"

"ကျုပ်တို့က စစ်စလီကျွန်းသားတွေရဲ့ စကားကို မပြောတတ်ဘူး၊ ဒါကြောင့် အီတလီနိုင်ငံ၊ တာရန်တို အရပ်က လူတွေလို့ ထောက်ခံစာထဲမှာ ပါတယ်၊ အဲဒီထောက်ခံစာတွေ၊ မှတ်ပုံတင်တွေကို ဘယ်သူကပဲစစ်စစ် အစစ်လို့ လက်ခံမှာပါ၊ မပူပါနဲ့၊ ပြီးတော့လည်း ကျုပ်တို့က ဟိုဟိုသည်သည် လျှောက်သွားနေတဲ့ ပန်းရန်ဆရာတွေ၊ ဒါကြောင့် ကိရိယာတန်ဆာပလာတွေကို ကျောပိုးအိတ်နဲ့ သယ်လာတာပေါ့"

"ပုံစံကတော့ ပန်းရန်ဆရာနဲ့ တူပါ့ဗျာ၊ ဒါပေမဲ့ အဲဒီအိတ်တွေကို ဖွင့်မရှာပါစေနဲ့လို့သာ ဆုတောင်းရတော့မှာပဲ၊ သည်မှာလည်း ပန်းရန်ဆရာတွေ သိပ်လိုနေတယ်ဗျို့"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် တမင်ပန်းရန်ဆရာ ယောင်ဆောင်လာတာ၊ ခင်ဗျားတို့ လမ်းကလည်း တဖြည်းဖြည်းနှင့် ပိုဆိုးလာပါလား"

ဆဲလ်ဗားက ဖြေလိုက်သည်။

"ဒါ ဘာဟုတ်သေးလို့လဲ၊ ရှေ့ကျရင် ဒါ့ထက် ပိုဆိုးလာလိမ့်မယ်၊ ခင်ဗျားတို့ ကျုပ်တို့ ရင်ဆိုင်ရဦးမယ့် ခရီးဟာ တစ်မျှော်တစ်ခေါ်ကြီး ရှိသေးတယ်ဆိုတာ ကြိုပြီး နားလည်ထားကြဖို့ လိုလိမ့်မယ်"

သူတို့လူစုသည် ကျယ်ပြန့်သော လွင်တီးခေါင် ကုန်းမြေမြင့်ပေါ်တွင် မောင်းနှင်လျက် ရှိသည်။ ပြင်ပမှ အပူဓာတ်သည် မော်တော်ကားထဲသို့ပင် စီးဝင်ပျံ့နှံ့လာသည်။ ရာသီဥတု အနေအထားကို သိသော ဆဲလ်ဗားကသာ



ဂျာကင်အင်္ကျီကို ချွတ်ပစ်ရန် လိုမည်ဖြစ်ကြောင်း ကြိုသိနှင့်သည်။ မကြာမီ ပီထရီနှင့် ဂျွန်ဆန်တို့လည်း ရှပ်အင်္ကျီနှင့်သာ နေနိုင်ကြတော့သည်။ နေမြင့်လာလေလေ၊ ကားထဲတွင် ပိုပြီး မွန်းကျပ်လာလေလေ။

တကယ်ကတော့ ယခု အပူရှိန်မှာ မြောက်အာဖရိကတွင် သူ ကြုံခဲ့ရသော အပူရှိန်လောက် မများလှသေး။ သို့သော် လေထုထဲတွင် ရေခိုးရေငွေ့များပြားနေသဖြင့် ရေငတ်ပြီး နှုတ်ခမ်း ခြောက်လာသည့်အတွက် ပီထရီက နှုတ်ခမ်းကို လျှာဖြင့် လျက်လိုက်မိသည်။ ဆဲလ်ဗားကလည်း ပီထရီတစ်ယောက် အနေရ အထိုင်ရ ခက်နေပုံကို သတိထားမိသည်။

သူတို့ စီးလာသော ကားသည် ယခုအချိန်တွင် ကုန်းမြေမြင့်၏ အလယ်ဗဟိုလောက်သို့ ရောက်ရှိနေလေပြီ။ သူတို့ ရှေ့တွင်ကား ကျောက်တုံးကျောက်ခဲကြီးများနှင့် ပြွမ်းသော ရေလုံးဝ ရှိပုံမရသည့် ဖုန်းဆိုးမြေကို တွေ့ကြရသည်။ ကားလမ်းသည် ကြီးမားလှသော ကျောက်တုံးကြီးများနှင့် လွှတ်အောင် ဖောက်ထားသဖြင့် မြွေလိမ်မြွေကောက်လို ဖြစ်နေသည်။ ပီထရီသည် ကားကို လှည်းလမ်းကြောင်းထဲ နစ်မနေစေရန် ကားလက်ကိုင်ကို ဂရုတစိုက် ထိန်းရင်း မောင်းနှင်နေရရှာသည်။

သို့သော် သူတို့ကို ထာဝရ ဒုက္ခပေးနေသည့်ကိစ္စမှာ အလုံးအရင်းနှင့် ကြွတက်လာသော ဖုန်လုံးကြီးများပင်တည်း။ လမ်းပေါ်တွင် ရှိနေသော ဖုန်ထုမှာ များပြားလှသဖြင့် ကားကို ဖြည်းညင်းစွာ မောင်းနေရသည်။ တစ်ဖန် ကားရှေ့ဘက်ရှိ ဘီးနှစ်ဘီးကြောင့် ကြွတက်လာသော ဖုန်လုံးကြီးများက ကားလေကာမှန်ပေါ်တွင် အထပ်လိုက် အလွှာလိုက် လာတင်နေလေရာ ရှေ့ဘက်သို့ ရှုတ်တရက် မမြင်ရဘဲ ရှိနေလေသည်။

သူတို့နှင့် မိုင်ဝက်ခန့် ဝေးသောနေရာတွင် မြင်းစီးလာသူ လူတစ်စုကြောင့် ဖုန်မှုန့်လုံးကြီးများ အပေါ်သို့ ကြွတက်နေသည်ကို ကားပေါ်မှ လှမ်းမြင်နေရသည်။ ထိုလူစုကလည်း သူတို့ ဦးတည်ပြီး သွားနေသော အရှေ့ဘက်ဆီသို့ပင် ဦးတည်နေကြသည်။ ဗီတိုဆဲလ်ဗားက သေနတ်ဒင်ကို လက်ဖြင့် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်စဉ် ပီထရီက လှမ်းမေးလိုက်သည်။

"ဟော့… အက်ဒဝပ်၊ မင်း မြင်တယ် မဟုတ်လား"

ဂျွန်ဆန်က ပြန်ဖြေသည်။

"ညာဘက်မှာလည်း တစ်အုပ်စု ရှိနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုင်ဝက်ခန့် ဝေးသော တောင်ဘက်အရပ်ဆီတွင်လည်း အခြားမြင်းစီးသမားအုပ်စုတစ်စုနှင့် အရှေ့ဘက်ဆီသို့ ရင်ပေါင်တန်းပြီး မောင်းနှင်နေသော မြင်းစီးသမားတစ်စုကို တွေ့ရပြန်သည်။ အဆိုပါ မြင်းစီးသမား အုပ်စုနှစ်စု၏ အရှိန်အဟုန်မှာ ပီထရီတစ်ယောက် ကားကို အစွမ်းကုန် မောင်းနိုင်သည့် အရှိန်နှုန်းထက် ပိုမြန်နေသည်။ အဓိပ္ပာယ်က ရှင်းသလို လန့်စရာ ထိတ်စရာလည်း ကောင်းလှသည်။ ယခု တွေ့နေရသည့် မြင်းစီးသမားများမှာ ကာလို့စ်၏ အပေါင်းအသင်းများ ဖြစ်ကြောင်း ယုံမှားဖွယ် မရှိသလို ဖိယက်ကားကလေးကို တိုက်ခိုက်ရန် ကားထွက် အလျင်ရောက်အောင် ကြိုသွားနေကြသည်မှာ သေချာသည်။ သူတို့ ဘယ်နေရာက ဆီးကြို တိုက်ခိုက်မည်ဆိုတာကိုလည်း ကြိုခန့်မှန်း၍ ရနိုင်သည်။ သူတို့ကို ကုန်းမြေမြင့်၏ အဆုံးတွင် တိုက်ခိုက်ဖွယ် ရှိသည်။

သူတို့၏ ရှေ့ဘက် မိုင်ဝက်ခန့် အကွာအဝေးတွင် ကုန်းမြေမျက်နှာပြင်သည် အပေါ်ဘက်သို့ မြင့်တက်သွားပြီး ထိုနေရာတစ်ဝိုက်ရှိ ကျောက်တုံးကျောက်ခဲကြီးများ၊ ငေါထွက်နေသော ကျောက်စွယ်ကြီးများ၊ ပက်ကြားအက်ကြီးများ စသည်တို့ကို လှမ်းမြင်နေရသည်။ ထိုနေရာတစ်ဝိုက်တွင် ထောင်ချောက်ဆင်ပြီး သူတို့ကို ဝင်တိုက်မှာ သေချာသည်။

"ကဲ… အက်ဒဝပ်ရေ၊ ရေပုလင်း ထုတ်ကွာ၊ တို့ တစ်ယောက်တစ်ငုံစီ သောက်ကြရအောင်၊ ကဲ… ဆဲလ်ဗား၊ သည်မြင်းသည်တော်တွေဟာ ကာလို့စ်ရဲ့ အပေါင်းအသင်းတွေဘဲ ထင်ပါရဲ့နော်"

ဆဲလ်ဗားက မျက်မှန်ထူကြီးကို ဖြုတ်လိုက်ပြီး လက်ကိုင်ပဝါဖြင့် သုတ်ရင်း ဖြေလိုက်၏။

"ဟုတ်လိမ့်မယ် ထင်တယ်၊ သည်ပြဿနာလေးလောက်ကိုတော့ ခင်ဗျား ဖြေရှင်းနိုင်လိမ့်မယ် ထင်ပါရဲ့"

ကားနောက်ပိုင်းရှိ ဂျွန်ဆန်ကလည်း မကျေမနပ်ဖြင့် ဝင်ပြောသည်။

"ခင်ဗျား ခုနက ပြောတုန်းကတော့ ခပ်နည်းနည်းပါတဲ့၊ အခု ကျုပ် ရေကြည့်တော့ လူနှစ်ဆယ်လောက်တောင် ရှိတယ်"

ဆဲလ်ဗားက မျက်မှန်ကို ပြန်တပ်ရင်း ဆက်ပြောပြန်သည်။

"မေဂျာပီထရီ၊ ခင်ဗျားဆီမှာ ဂျာမန်လုပ် စက်သေနတ်ကလေး တစ်လက် ပါလာတယ် မဟုတ်လား၊ သူတို့ဆီမှာကတော့ ခြောက်လုံးပြူး၊ ပြောင်းတိုသေနတ်နှင့် ဓားမြှောင်လောက်ပဲ ပါလာမှာ"

ပီထရီက ဆဲလ်ဗားကို ပြန်ကြည့်လိုက်သည်။



"ဘာလဲ၊ လူခုနစ်ယောက်နဲ့ တစ်ယောက် ဖြစ်နေတာတောင် စိုးရိမ်စရာ မရှိဘူးလို့ ဆိုလိုတာလား၊ နေပါဦး၊ ရှေ့နားမှာ ကျုပ်တို့ကို စောင့်ကြိုပြီး တွယ်ဖို့ကောင်းတဲ့နေရာ ရှိလို့လား"

"ရှိတယ်၊ အဲဟို ရှေ့နားက ကျောက်စွယ်ကြီးတွေနား ရောက်လျှင် လမ်းက အပေါ်ကို မော့တက်သွားပြီး ဟိုဘက်ကျတော့ ချောင်းကောကလေး တစ်ခုထဲကို ပြန်နိမ့်ဆင်းသွားပြန်တယ်၊ ကျုပ်သာ သူတို့နေရာမှာ ရှိခဲ့လျှင် ချောင်းကောကလေးရဲ့ အဆုံးမှာ ထောင်ချောက်ဆင်ပြီး တွယ်မှာပဲ"

"အဲဒီ ချောင်းကောကလေးက ဘယ်လောက်ရှည်လို့လဲ"

"တစ်မိုင်လောက်တော့ ရှည်မယ်ထင်တယ်"

"အဲဒီလမ်းအစား တခြားက ကွေ့သွားစရာလမ်း ရှိသလား"

"မရှိဘူး"

ကောင်းလေစွ၊ ကောင်းလေစွ။ ပီထရီသည် ဂျာမန်နှင့် အီတာလျံစစ်တပ်တို့ကို တစ်ပတ်ရိုက်ရန် လာခဲ့ခြင်း ဖြစ်သည်။ သို့သော် သူတကယ်ရင်ဆိုင်နေရတာက မာဖီးယားဂိုဏ်းချုပ်ကို တော်လှန်နေသော လူဆိုးတစ်စု။ နောက်တစ်ချက်ကလည်း လမ်းခရီးတွင် သူတို့အတွက် အကူအညီရအောင် ဆဲလ်ဗားကို ခေါ်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် သူတို့က ဆဲလ်ဗားကို ပြန်အကူအညီပေးရမည့် အခြေအနေတွင် ရှိနေပြန်သည်။

ဂျွန်ဆန် လှမ်းပေးသည့် ရေပုလင်းကို ပီထရီက ယူပြီး တစ်ငုံသောက်လိုက်သည်။ ထို့နောက် ဆဲလ်ဗားထံ လက်ဆင့်ကမ်းလိုက်၏။ ရေကလည်း အရသာ မရှိလှ။ ပီထရီသည် ဖုန်တထောင်းထောင်းကြားတွင် ဆက်မောင်းလာရာ ဆယ့်ငါးမိနစ်ခန့် ကြာသောအခါ လမ်းသည် ဘဖြည်းဖြည်း မတ်စောက်လာသည်နှင့်အမျှ မြင့်မားသော ကျောက်တောင်စွန်းကြီးက သူတို့ ခေါင်းပေါ်တွင် မိုးနေသည်။ ဖုန်မှုန့်များသည် ဖွင့်ထားသော ကားပြတင်းပေါက်များထဲမှ ကားထဲသို့ လိမ့်ဝင်လာလေရာ ပါးစပ်ထဲသို့ပင် ဝင်ကုန်တော့သည်။ ဂျွန်ဆန်က သွားကို တင်းတင်းစေ့ရင်း ခေါင်းပေါ်ရှိ ကျောက်တောင်စွန်း၌ ဦးထုပ်ကြီးတစ်လုံးကို ဆောင်းထားသော ဝဖိုင့်ဖိုင့် လူတစ်ယောက် မြင်းကြီးတစ်စီးကို စီးရင်း မလှုပ်မယှက် ရပ်နေကြောင်း မြင်လိုက်ရသည်။

"ဂျိမ်း၊ အပေါ်မှာ လူတစ်ယောက်ရှိတယ် တွေ့လား"

ဆဲလ်ဗားက ခပ်တိုးတိုး ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ ကာလိုစ်လေ၊ ကဲ...ကာလိုစ်ရေ၊ စောင့်ရတာ ကြာလို့ စိတ်မတိုနဲ့ပေါ့ကွာ၊ တို့တစ်တွေ လာပြီဟေ့”

❑

သူတို့ကားကလေး ချောင်းကောကလေးထဲသို့ ဆင်းသွားသောအခါ ချောင်းကောကလေး၏ တစ်ဖက်တစ်ချက်တွင် ရှိသော ကျောက်သားနံရံကြီးများမှာ ယခင်ကထက် ပို၍ ပို၍ မြင့်မားလာသလို ထင်ရသည်။ နေရောင်ခြည် ပင်လျှင် ကားပေါ်သို့ ရောက်ရှိမလာတော့ချေ။ ဖိယက်ကားကလေးက ချောင်းကောကလေးထဲတွင် ကျောက်တုံးကျောက်ခဲကြီးများကို လွတ်အောင် ရှောင်၍ မောင်းနေရစဉ် ဖိယက်ကားကလေး၏ အပေါ်ဘက် ပေတစ်ရာကျော်ခန့် မြင့်သော ကျောက်တောင်စွန်း နှစ်ဖက်စလုံးတွင် ရိုင်ဖယ်နှင့် ပြောင်းတိုသေနတ်ကိုင် မြင်းစီးလူဆိုးများသည် ‘ကား၏ အရှိန်နှုန်း’ ကို တူ၍ ခပ်ဖြည်းဖြည်း အမီ လိုက်စီးနေကြသည်။

မြက်ဦးထုပ်ကြီးများကို ဆောင်းပြီး သေနတ်ကြီးများကို တကားကားလုပ်နေသော အဓိပတိ လူဆိုးလူမိုက်ကြီးများသည် ကား၏ အရှိန်နှုန်းအတိုင်း မြင်းကို တမင်ခပ်ဖြည်းဖြည်း စီးရင်း အမီလိုက်နေကြပုံမှာ သွေးပျက်ဖွယ်ရာပင်။ မြောက်ဘက် ကမ်းပါးစွန်းတွင် ရှစ်ယောက်၊ သည်ဘက်ကမ်းပါးစွန်းတွင် ဆယ့်နှစ်ယောက်ကျော်ကျော်။

ပီထရီက ပြောပြန်သည်။

“ကာလိုစ်မှာ တော်တော် အပေါင်းအသင်း ပေါသားပဲ”

ဆဲလ်ဗားက မခံချင်စိတ်နှင့် ပြန်ဖြေသည်။

“ဒါ သူ့မှာရှိသမျှ လူအကုန်ပဲ၊ ကျုပ်တပည့်တွေကတော့ မက်ဆီကိုသဘော်ဆိပ်မှာတောင် ဒါ့ထက်မက များတယ်”

“ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ အဲဒီလူတွေရဲ့ အကူအညီကို မကြာခင် လိုလာမှာ”

ပွန်ဆန်က ကြောက်ကြောက်လန့်လန့် ဖြစ်နေသော ပုံစံဖြင့် ငေါ့တော့တော့ ပြောလိုက်သည်။

“မကြာခင်ဆိုတဲ့ စကားကို ကြားရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ နေပါဦး၊ သည်ငတိတွေက အသုဘချလာသလို ဘာဖြစ်လို့ တန်းစီပြီး ဖြည်းဖြည်းလေး သွားနေတာလဲ”



“ဒါကတော့ ကျုပ်ကို အဆုံးစီရင်ဖို့ ကြိုတင်စီစဉ်ထားပြီးသားဆိုတာ သိအောင်ပြတဲ့ နည်းလေ၊ သူက ကျုပ်ကို အလေးပြုနေတာဗျ၊ ဒါပေမဲ့ သူသာ ကျုပ်နဲ့ လက်တစ်ကမ်းအကွာ ရောက်လာလျှင် ကျုပ်ကလည်း ပြန်အလေးပြုရတာပေါ့လေ”

ဆဲလ်ဗားက ပေါင်ပေါ်မှ ခြောက်လုံးပြူးကို ကောက်ယူပြီး ဆုပ်ကိုင်လိုက်သည်။

သူတို့က ကားကို ချောင်းကောကလေးအတိုင်း ဆက်မောင်းသွားသည်။ ချောင်းကောကလေးမှာ ကိုက်နှစ်ရာထက် ပိုမကျယ်ချေ။ ချောင်းကောကလေးသည် တစ်ဖက်သို့ ကွေ့သွားလိုက်၊ နောက်တစ်ဖက်သို့ ပြန်ကွေ့သွားလိုက်နှင့် တွန့်လိမ်ကောက်ကွေးနေသလို မြင်းစီးသမားများကလည်း အစောင့်အရှောက်အဖြစ် လိုက်လာသည့် ပုံစံမျိုးနှင့် ဘေးတစ်ဖက်တစ်ချက်မှ ခပ်မှန်မှန် လိုက်လာနေသည်။

မြေပုံညွှန်းအတိုင်းသာ မှန်ကန်မှု ရှိမည်ဆိုပါက ထိုချောင်းကော၏ ချောင်းကျဉ်းနေရာတွင် တောင်ထိပ်စွန်း ကျောက်ကမ်းပါးများသည် အောက်ဘက်သို့ နိမ့်ကျလျှောဆင်းလာသဖြင့် နှစ်ဖက်စလုံးမှ ညှပ်၍ တိုက်ခိုက်နိုင်သည့် အနေအထားတွင် ရှိသည်။ ထိုနေရာကျမှ သူတို့ကို အပြတ်တွယ်ကြမည်မှာ သေချာသည်။

ယခုအချိန်တွင်မူ သူတို့ကားကလေးသည် ကျောက်တုံး ကျောက်ခဲများအကြား၌ ခပ်ဖြည်းဖြည်းကလေးသာ မောင်းနှင်နိုင်သည်။ သို့သော် ပီထရီကမူ ရှေ့လေကာမှန်မှ ကောင်းကင်ပြာပြာကလေးအား မြင်ရမည့် အချိန်ကို ဂရုတစိုက် စောင့်ကြည့်နေသည်။ ကောင်းကင်ပြာကလေးကို မြင်ရသည်နှင့် တစ်ပြိုင်နက် ချောက်ကမ်းပါးလမ်း၏ ထွက်ပေါက်နှင့် နီးလာပြီဟု သိနိုင်မည် မဟုတ်ပါလား။

ပီထရီက မိုင်ခွက်ကို ကြည့်လိုက်သည်။ သူတို့ သည်ချောင်းကောကလေးထဲသို့ ရောက်လာခဲ့သည်မှာ ၆ ဖာလုံနီးပါး ရှိပြီ ဖြစ်သဖြင့် ထွက်ပေါက်နားရောက်ရန် နီးကပ်လာလေပြီ။ ပီထရီသည် လက်ကိုင်ဘီးကို ထိန်းရင်း ချောက်ကမ်းပါးစွန်းမှ လူများကို မော့အကဲခတ်လိုက်၏။ မြောက်ဘက်ကမ်းပါးစွန်းကရော၊ သည်ဘက် ကမ်းပါးစွန်းပေါ်ကပါ လူတချို့ လျော့နေသည်။ အဲဒီ လျော့နေသည့် လူတွေကို ရှေ့ဘက်သို့ ကြိုသွားပြီး စောင့်နေတာမျိုး ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့… အက်ဒဝပ်၊ ခဏကြာလျှင် ကားကို ထိုးရပ်ပြီး ငါ ကားပေါ်က ဆင်းမယ်၊ မင်းက ကားကို ဆက်မောင်း၊ ငါကတော့ တို့ကို ရှေ့ဘက်က ဘယ်လို ဆီးကြိုပြီး တွယ်ဖို့ အစီအစဉ် ရှိတယ်ဆိုတာ သိရအောင် ခြေကျင် လျှောက်သွားမယ်၊ တို့ အငိုက်မိမခံရခင် ဘာအစီအစဉ် ရှိတယ်ဆိုတာကို ကြိုသိမှ ဖြစ်မယ်"

"ခင်ဗျားကို မြင်သွားမှာပေါ့"

ပီထရီက ကားကို ထိုးရပ်လိုက်သော်လည်း အင်ဂျင်စက်ကို မသတ်ဘဲ ထားသည်။

"မြင်ချင်မှလည်း မြင်မှာပေါ့ကွာ၊ ကဲ… အက်ဒဝပ်၊ ကိုယ့်ကို မော်ဇာပစ္စတိုပေးလိုက်၊ မင်းအတွက် ဂလီဆင်တီ ခြောက်လုံးပြူး ထားခဲ့မယ်၊ မြင်းစီးတဲ့ လူတချို့ ပျောက်နေတယ်၊ ကျန်နေသေးတဲ့လူတွေပါ ပျောက်ကုန်အောင် လုပ်မှ ဖြစ်မယ်၊ ငါ ကားပေါ်က ဆင်းသွားပြီးလျှင် မင်းက ကားကို ခပ်မှန်မှန် မောင်းခဲ့စေချင်တယ်၊ ကဲ… ရယ်ဒီ"

ပီထရီသည် ကားထဲမှ ထွက်လိုက်ပြီးနောက် မော်ဇာပစ္စတိုကို ချောက်ကမ်းပါးထိပ်ဆီသို့ မော့ချိန်လိုက်ရာ ကြောက်လန့်တကြား အော်သံတစ်ချက် ပေါ်ထွက်လာပြီး မြင်းသမားတစ်ယောက် မြင်ကွင်းထဲမှ ပျောက်သွားသည်။ ၎င်းနောက် ပီထရီက တောင်ဘက်ချောက်ကမ်းပါးစွန်းဆီသို့ မော့ကြည့်ပြန်ရာ ထိုကမ်းပါးစွန်းတွင်လည်း လူမရှိတော့သည်ကို တွေ့ရသည်။

ထို့ကြောင့် ယာဉ်မောင်းသူ နေရာသို့ ဗျွန်ဆန် ရောက်လာသည်နှင့် တစ်ပြိုင်နက် ပီထရီက မြောက်ဘက်ချောက်ကမ်းပါး၏ အောက်ခြေရင်းဆီသို့ ပြေးကပ်လိုက်ပြီး အောက်ခြေတစ်လျှောက် ကမ်းပါးခြေရင်းကို ကပ်၍ ဆက်ပြေးသွားသည်။ ဗျွန်ဆန်က ဖိယက်ကားကလေးကို ချောင်းကောကလေး၏ အလယ်တွင် ခပ်မှန်မှန် ခပ်နှေးနှေး မောင်းနှင်နေသည်။ ခပ်မှန်မှန် ပေါ်ထွက်နေသော ကားစက်သံကြောင့် ကားထဲတွင် သူတို့အားလုံး ရှိနေသည်ဟု လူဆိုးများက ထင်အောင် ဖန်တီးလိုက်ခြင်း ဖြစ်သည်။ ပီထရီကဲ့ ကျောက်ကမ်းပါး နံရံနှင့် ယှဉ်ရင်း ခပ်မြန်မြန် ပြေးရန် ကြိုးစားသည်။ သို့သော် အောက်ခြေတွင် ကျောက်တုံးကျောက်ခဲများ ဗရပွ ရှိနေသလို ကျောက်နံရံကလည်း အဖုအထစ် အချွန်အတက်တွေ ဘေးထွက်နေသဖြင့် ခပ်မြန်မြန်ပြေးဖို့ မလွယ်လှ။

မြတ်စွာဘုရား… အက်ဒဝပ်သည် ဖုန်လုံးများကြောင့် သူ ခပ်ဝေးဝေးမှာ ကျန်ရစ်ခဲ့သည်ကို မသိဘဲ ဆက်မောင်းသွားနေသည်။ ပီထရီတစ်ယောက်



ကျောက်တုံးကြီးတစ်လုံးနှင့် နပန်းလုံးနေစဉ် ဂီယာပြောင်းသံ ကြားလိုက်ရပြီး ဖိယက်ကားကလေးသည် နောက်ပြန် ဆုတ်မောင်းလာသည်ကို တွေ့လိုက်ရ၏။ ဗျွန်ဆန် အကြံအဖန် သိပ်မဆိုးလှပါ။ ဗျွန်ဆန်က ဂီယာထပ်ပြောင်းပြီး ရှေ့ဘက်သို့ ပြန်မောင်းသောအခါ ပီထရီသည် ကားရှေ့အတော် ခပ်လှမ်းလှမ်းသို့ ရောက်ရှိနေလေပြီ။

ယခုအချိန်တွင် ပီထရီသည် ချောင်းကျဉ်းနေရာသို့ မရောက်မီ ချောင်းကွေ့ကိုပင် လှမ်းမြင်နေရပြီး နံဘေးတစ်ဖက်တစ်ချက်ကို ကျောက်သားနံရံများ နိမ့်ဆင်းလာသည်ကို တွေ့ရသည်။ ထိုချောင်းကလေးသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာရာ ချောင်းကျဉ်းကလေးရှိရာသို့ ရောက်သောအခါ ကိုက် တစ်ရာခန့်သာ ကျယ်ဝန်းတော့သည်။ ထိုနေရာသို့ မော်တော်ကား ရောက်လာ ရန် ကိုက်လေးရာခန့် လိုသေးသည်။ ခဏအကြာတွင် စူးစူးရှရှ နံလွှမ်းလှသော ညှော်နံ့နှင့်အတူ ချောင်းပေါက်ဝရှိရာသို့ လွင့်မျောလာသော မီးခိုးများကို မြင်လိုက်ရသည်။

သူချောင်းအပေါက်ဝသို့ ရောက်သောအခါ ချောက်ကမ်းပါးပေါ်မှ လိမ့်ကျလာပုံရသော ကျောက်တုံးကြီးတစ်လုံးသည် အပေါက်ဝ၏ တစ်ဝက် လောက်ကို ပိတ်ဆို့ထားသလို ဖြစ်နေသည်။ ထို့ကြောင့် ထိုချောင်းကလေးမှာ ပုလင်းအပေါက်ဝလို ကျဉ်းနေပြီး ထိုကျဉ်းမြောင်းသော နေရာတည့်တည့်မှ ကားလမ်းကို ဖောက်လုပ်ထားကြောင်း တွေ့လိုက်ရသည်။ ပီထရီသည် အဆိုပါ ကျောက်တုံးကြီးပေါ်သို့ အပြေးတက်လိုက်ပြီး အပေါ်စီးယူ၍ ချောင်းအပေါက်ဝ၏ အပြင်ဘက် မီးခိုးလုံးများရှိရာဆီသို့ ငုံ့ကြည့်လိုက်သည်။

ချောင်းအပေါက်ဝ၏ နောက်ဘက်တွင် မီးခိုးလုံးများ ထူထပ်သိပ်သည်းစွာ ကျရောက်နေသောကြောင့် သဲသဲကွဲကွဲ မမြင်နိုင်တော့ချေ။ သို့သော် အပေါ်စီးမှနေ၍ မိုးကြည့်နေရခြင်း ဖြစ်သောကြောင့် မီးခိုးလုံးကြီးများ၏ ဟိုမှာ ဘက်တွင် ကားလမ်းသည် တစ်ဖြောင့်တစ်တန်းတည်း ရှိနေသည်ကို မြင်လိုက်ရသည်။ ထိုလမ်းကျဉ်းနေရာမှ ကိုက်တစ်ရာခန့် အလွန် လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် အလွန်ကြီးမားသော ကျောက်တုံး ကျောက်ခဲကြီးများ၏ နောက်ဘက် ခပ်လှမ်းလှမ်း တစ်နေရာတွင် မြင်းများကို တစ်စုတစ်ဝေးတည်း စုစည်းထားရှိသည်ကို လည်းကောင်း၊ မာဖီးယား လူဆိုးများက ထို ကျောက်တုံး ကျောက်ခဲကြီးများ၏ နောက်ဘက်တွင် အသင့်နေရာယူထားကြ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို လည်းကောင်း တွေ့လိုက်ရသည်။ ထို့နောက် မီးခိုးလုံးများသည် ပိုများလာပြီး အစစအရာရာကို ဖုံးလွှမ်းသွားတော့သည်။

တော်တော်ကောင်းသည့် စိတ်ကူးစိတ်သန်း တစ်ခုပင်။ မီးခိုးလုံးများနှင့် ရင်ဆိုင်လိုက်ရသည့်အခါ ကားကို ရပ်တန့်ပြီး အပြင်မှာ ဘာဖြစ်နေသလဲဆိုတာကို သိအောင် ကားထဲက ထွက်ကြည့်ရလိမ့်မည်။ ထိုသို့ ထွက်လာသောအခါ မာဖီးယားလူဆိုးများက တစ်ယောက်စီ တစ်ယောက်စီကို ကြက်ကလေး၊ ငှက်ကလေးများသဖွယ် စိမ်ပြေနပြေ ရွေးပြီး ပစ်ချရုံသာ ရှိတော့သည်။ သို့သော် ယခု သူတို့ ဘယ်လို ကြံစည်ထားသည်ဆိုတာကို ကြိုသိလိုက်ရပြီဖြစ်သဖြင့် သူတို့ကို ထိုစိတ်ကူးနှင့်ပင် ပြန်တွယ်ရပေတော့မည်။

ကျောက်တုံးကြီးပေါ်မှ ခုန်ချလိုက်သော ပီထရီက ဖိယက်ကားကို လမ်းကျဉ်းအဝ မရောက်မီကလေးတွင် လှမ်းတားလိုက်သည်။ ဂျွန်ဆန်က ကားကို ထိုးရပ်ပြီး ပြတင်းပေါက်မှ ခေါင်းပြူ၍ လှမ်းမေးသည်။

"ဟေ့... ကျိမ်း၊ ဘာတွေ ဖြစ်နေတာလဲ"

"မင်း... နောက်ခုံကို သွားထိုင်၊ ငါ ဆက်မောင်းမယ်၊ တို့ သည်အခက်အခဲထဲက ဘယ်လို အလွတ်ရုန်းထွက်ရမယ်ဆိုတာ ငါ စဉ်းစားမိပြီ"

ပီထရီသည် ဂျွန်ဆန် ဖယ်ပေးလိုက်သော ယာဉ်မောင်းသူ ထိုင်ခုံတွင် ကမန်းကတန်း ဝင်ထိုင်ရင်း ပါးစပ်ကလည်း တတွတ်တွတ် ရှင်းပြနေသည်။ သူက မော်ဇာပစ္စတိုကို ဂျွန်ဆန်ထံ လှမ်းပေးရင်း...

"သည်ငတိတွေက လမ်းပေါ်မှာ မီးခိုးတွေ အူထွက်နေအောင် မီးရှို့ပြီး တို့ကို ထောင်ချောက်ဆင်ထားတယ်၊ သည်နည်းနဲ့ တို့ကို တားလို့ရမယ်လို့ ထင်ထားတာ၊ ဘာရမလဲ၊ တို့က ကားကို မနားဘဲ ဆက်မောင်းမယ်၊ ဒါပေမဲ့ မီးခိုးမမွန်အောင်တော့ ကြိုတင်ကာကွယ်နိုင်မှ ဖြစ်မယ်၊ အက်ဒဝပ်၊ ဟို 'ချီယန်တီ' ဝိုင်အရက်ပုလင်း ငါ့ကို ပေးစမ်း"

ဝိုင်အရက်ပုလင်း သူ့ဆီ ရောက်လာသောအခါ လက်ကိုင်ပဝါပေါ်တွင် ရွှဲရွှဲစိုသွားအောင် ဆွတ်လိုက်ပြီး ထိုလက်ကိုင်ပဝါကို နှာခေါင်းပေါ် ဖြတ်အုပ်၍ စည်းနှောင်လိုက်သည်။

"ခင်ဗျားတို့ နှစ်ယောက်လည်း ကျုပ်လို လုပ်ကြ၊ အပြင်ကို သေနတ်နဲ့ ပစ်နိုင်အောင် ကားမှန်တံခါးတွေကို ဖွင့်ထားရမှာဆိုတော့ သည်လို မလုပ်လျှင် မီးခိုးမွှန်ပြီး ဒုက္ခတွေ ဖြစ်ကုန်လိမ့်မယ်၊ ကဲ... ဆဲလ်ဗား၊ ခင်ဗျားကကော ပစ်ဖို့ ခတ်ဖို့ အဆင်သင့် ဖြစ်ပြီလား"



ဆဲလ်ဗားသည် ကြမ်းပြင်ပေါ်၌ ချထားသော ကုတ်အင်္ကျီထဲမှ ကျည်ဆန်ပိုများကို ထုတ်ယူပြီးနောက် ပေါင်ပေါ်၌တင်ရင်း ခပ်တိုးတိုး ပြန်မေးသည်။

"သူတို့က လမ်းရဲ့ ဘယ်ဘက်မှာ ရှိသလဲ"

"လမ်းရဲ့ နှစ်ဖက်စလုံးမှာ ရှိနေတာဗျ၊ ခင်ဗျားက ညာဘက်ကိုကြည့်၊ အက်ဒဝပ်၊ မင်းကတော့ မော်ဇာနဲ့ ဘယ်ဘက်ကို ကြည့်"

ဂျွန်ဆန်သည် အိတ်ထဲမှ ကျည်ကတ်အပိုများကို ဆွဲထုတ်ရင်း-

"ဟောဒီ ကျည်ကတ်တွေနဲ့ဆိုလျှင် ဘယ်ရော၊ ညာရော တာဝန်ယူမယ်ဗျို့"

၎င်းနောက် ဝိုင်ပုလင်းကို ဆဲလ်ဗားထံ လှမ်းပေးရင်း ပီထရီကို ထပ်မေးပြန်သည်။

"လမ်းပေါ်မှာ အန္တရာယ်ဖြစ်နိုင်စရာတွေ ရှိသေးသလား"

"အန္တရာယ် ဖြစ်စရာတွေကတော့ အမျိုးစုံပဲ ကိုယ့်လူ၊ ကျောက်ခဲကြီးတွေက အိမ်တစ်လုံးစာလောက်ကို ကြီးတယ်၊ ဒါပေမဲ့ လမ်းက တစ်ဖြောင့်တည်း ဆိုတော့ လွတ်အောင် မောင်းနိုင်လိမ့်မယ် ထင်ပါရဲ့"

"မီးခိုးထဲက ဖြတ်မောင်းရမှာလား"

"ဟုတ်တယ်၊ အဲဒါကြောင့် နည်းနည်းပိုခက်တယ်၊ ကဲ အဆင်သင့် ဖြစ်ရင် စကြစို့"

ဖိယက်ကားကလေးသည် ချောင်း၏ အကျဉ်းမြောင်းဆုံး နေရာတွင် မည်ကဲ့သို့ ရှေ့ဆက်မောင်းရမည်ကို မသိသည့်အလား ခပ်ဖြည်းဖြည်း မောင်းလာသည်။ မီးခိုးလုံးကြီးများသည် ချောင်းကျဉ်းကလေးအတွင်း၌ အပြည့်အဝ ရှိနေသည်။ ကိုက်တစ်ရာ... ခုနစ်ဆယ့်ငါးကိုက်...ပီထရီသည် လီဗာတံပေါ်သို့ ခြေထောက်ကို တအားဖိနင်းချလိုက်သည်။ ဤတွင် ကားကလေးသည် အရှိန်ရလာပြီး ရှေ့ဘက်သို့ တစ်ဟုန်ထိုး ခုန်ထွက်သွားသည်။ ပီထရီ၏ ဦးနှောက်ထဲတွင် ကျောက်တုံးကြီးများ၏ အလယ်မှ သူလွတ်အောင် မောင်းနှင်ရမည့် လမ်းကိုမြင်အောင် စိတ်ကူးနှင့် ကြည့်ရင်း လီဗာကို တအားနင်း၍ မီးခိုးထဲသို့ ဖွတ်ဝင်လိုက်တော့သည်။

တစ်ဖက်ကလည်း ချက်ချင်းလိုလို ထိုးစစ်ဆင်နွှဲလိုက်သည်။ မျက်နှာပေါ်တွင် အဝတ်တစ်စ စည်းနှောင်ထားသော စစ်စလီကျွန်းသားတစ်ယောက် ဗီတိုဆဲလ်ဗား၏ ပြတင်းပေါက်ဝဘေးတွင် ပြောင်းတိုသေနတ်ကို ပြောက်ချိန်ရင်း ဘွားခနဲ ပေါ်လာသည်။ ဆဲလ်ဗားက ခြောက်လုံးပြူးနှင့် သုံးလေးချက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်တိုက် ပစ်လိုက်ရာ ထိုလူဆိုး နောက်ပြန်လဲကျသွားသည်။ ထို့နောက် မည်းခနဲ ထပ်ပေါ်လာသော လူရိပ်တစ်ခုဆီသို့ အရမ်းစွတ်ပစ်ပြန်သည်။ ကျည်ဆန်ကုန်သွားသောအခါ ကမန်းကတန်း ကျည်ဆန် ထပ်ဖြည့်လိုက်ပြီးနောက် မီးခိုးမှိုင်းများကြောင့် မည်းနေသော တတိယမြောက်လူဆိုး၏ မျက်နှာကို ပစ်ထည့်လိုက်ပြန်သည်။

ပီထရီက ကားလက်ကိုင်ဘီးကို ဂရုတစိုက် ထိန်းကိုင်ရင်း ကားကို ဆက်မောင်းနေခိုက် ဂျွန်ဆန်ကလည်း သူ့ဘက် ပြတင်းပေါက်မှနေ၍ ကျည်တစ်ကတ် ကုန်သည်အထိ ပစ်ထည့်လိုက်သည်။ ယခုအချိန်တွင် နွားချေးခြောက်များနှင့် ပျားဖယောင်းများကို ရောနှော၍ မီးရှို့ရာမှ ဖြစ်ပေါ်လာသော မီးခိုးလုံးများသည် ဖိယက်ကားထဲသို့ အလုံးအရင်းနှင့် ဝင်ရောက်နေလေပြီ။ ပီထရီသည် ကားလက်ကိုင်ဘီးကို လက်နှစ်ဖက်ဖြင့် မြဲမြဲမြံမြံ ဆုပ်ကိုင်ရင်း ကားခေါင်းသည် ရှေ့တည့်တည့်သို့သာ ဦးတည်နေပါစေဟုသာ ဆုတောင်းနေမိသည်။ လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်တုံးကြီးများ အစီအရီရှိနေသော ကျောက်ခဲ ရိုပ်သာလမ်းကလည်း ရှည်လွန်းလှသည်။ ကားခေါင်းသည် တစ်ဖက်ဖက်သို့ နည်းနည်းကလေး တိမ်းစောင်းသွားရုံနှင့် ကျောက်တုံးကြီးတစ်တုံးကို ကားခေါင်းနှင့် ဝင်တိုက်မိမည်မှာ သေချာလှသည်။ ထို့ကြောင့် ပီထရီသည် စက္ကန့်မလပ် မျက်တောင်မခတ်ရဲဘဲ ရှေ့တည့်တည့်သို့ စိုက်ကြည့်နေရသည့် သူ့ဒုက္ခမှာလည်း မသေးလှပေ။ ဒီအထဲတွင် အတွဲလိုက် ပစ်ခတ်လိုက်သော မော်ဇာပစ္စတိုမှ သေနတ်သံများနှင့် တစ်ချက်ချင်း ဆက်တိုက်ပစ်နေသော ဆဲလ်ဗား၏ သေနတ်သံ၊ ဆူညံနေသော ကားအင်ဂျင်စက်သံများနှင့် အပြင်ဘက်ရှိ လူဆိုးများ၏ အော်သံဟစ်သံများကလည်း အာရုံထွေပြားစရာကောင်းလှသည်။

ဆဲလ်ဗားသည် မီးခိုးလုံးများကြားမှ ဘွားခနဲ ပေါ်လာသူများကို သေနတ်ဖြင့် ကပျာကယာ လှမ်းပစ်လိုက်၊ ကျည်ဆန် ကုန်သွားလျှင်သေနတ်ထဲသို့ ကျည်ဆန်ကပျာကယာ ထပ်ထည့်လိုက်၊ ထပ်ပစ်လိုက်နှင့် လက်မလည်အောင် အလုပ်ရှုပ်နေသည်။ တစ်ဖန် သည်ကားကို မရပ်ရပ်အောင် အတင်းအဓမ္မ ကြိုးပမ်းနေကြသော မာဖီးယားလူဆိုးများ၏ အော်သံ ဟစ်သံများ၊ ပြောင်းတိုသေနတ်နှင့် အရမ်းစွတ်ပစ်နေသံများကြောင့် ဦးနှောက်ပျက်စရာကောင်းလှသည်။



ပြောင်းတိုသေနတ်နှင့် ဗလာချီ စွတ်ပစ်သော်လည်း အချက်တိုင်းလွဲကုန်ကြသည် မဟုတ်။ ဖိယက်ကားနောက်ခုံပေါ်တွင် ဝပ်၍ ဟိုဘက်လှမ်းပစ်လိုက်၊ သည်ဘက်လှမ်းပစ်လိုက်လုပ်နေသော ဂျွန်ဆန့်နောက်ဘက်ရှိ နောက်ပိုင်းလေကာမှန်ကို သေနတ်မှန်သွားသောကြောင့် ဂျွန်ဆန့်တစ်ကိုယ်လုံး မှန်စများဖုံးနေသည်။ ထို့အတူ ဖိယက်ကား ခေါင်မိုးမှာလည်း ကျည်ဆန်ရာ ဗရပွနှင့်ပင်။

ခုအချိန်အထိ ပီထရီ၏ စွန့်စွန့်စားစား ရှေ့ကွက်မှာ အလွန်မှန်သည်ဟု ဆိုနိုင်သည်။ ချောင်းကျဉ်းကလေးအလွန်မှ စောင့်နေသူ လူဆိုးများ ရုတ်တရက် အငိုက်မိခံလိုက်ကြရသည်။ အစကတော့ သူတို့ကို အလွယ်ကလေးနှင့် ဆီးဖမ်းနိုင်လိမ့်မည်ဟု မျှော်လင့်ထားသော်လည်း ယခုအရှိန်အဟုန်ပြင်းစွာ မောင်းနှင်လာနေသော ကားကို တွေ့နေရသည်သာမက ကားထဲမှ ကျည်ဆန်များ ဒလဟော တိုးထွက်လာနေပြီး ကားနားသို့ ကပ်လာသူတိုင်းကို တမလွန်သို့ ပို့ပေးနေကြောင်း တွေ့ကြရတော့သည်။

တစ်ချိန်တွင် အပြင်ဘက်သို့ ပစ္စတိုဖြင့် စွတ်ပစ်နေသော ဂျွန်ဆန်နှင့် တစ်ပေခန့်အကွာသို့ ခပ်ဝဝ လူဆိုးတစ်ယောက်၏ မျက်နှာကြီး ရိပ်ခနဲ ရောက်လာသည်။ ထိုလူဆိုးက ရိုင်ဖယ်ကို အမြောက်လိုက်တွင် ဂျွန်ဆန်က ဦးအောင် ပစ်ထည့်လိုက်ရာ ထိုလူဆိုးသည် သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် ပြန်ဆုပ်ကိုင်ရင်း နောက်ပြန် လဲကျသွားတော့သည်။

ထိုကဲ့သို့ ဦးနှောက်ခြောက်စရာ ကောင်းလှသည့် အထဲတွင် ပီထရီက မော်တော်ကားဟွန်းကို အဆက်မပြတ် တီးနေပြန်သည်။ သူ့စိတ်ကူးမှာ မြင်းများကို တစ်စုတစ်စဝေးတည်း ထားရှိသည့် နေရာနားသို့ အရောက်တွင် မြင်းတွေ လန့်ပြီး ထွက်ပြေးကုန်အောင် ပီထရီက တမင်ကလာ ကားဟွန်းသံ ပေးလိုက်ခြင်း ဖြစ်သည်။

ကားထဲတွင် မီးခိုးလုံးများကြောင့် မခံမရပ်နိုင်အောင် အသက်ရှူကျပ်လာသည်။ ကြာလေလေ ဆိုးလေလေပင်။ သည်အတိုင်းဆက်သွားပါက ဒုက္ခဖြစ်ကြတော့မည်သာ။ ဤတွင် ပီထရီ၏ ဘယ်ဘက်၌ ကျောက်တုံးကြီးတစ်တုံးကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် ကားအရှိန်ကို အနည်းငယ် လျှော့ပြီး ကားခေါင်းကို နည်းနည်း ပြန်တည့်ပေးရပြန်သည်။

ဤတွင် အပြင်ဘက်မှ လူဆိုးတစ်ယောက်သည် ပထမဦးဆုံးအကြိမ်အဖြစ် ကားရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ခြောက်လုံးပြူး

www.burmeseclassic.com

www.burmeseclassic.com



သေနတ်တစ်လက် ကိုင်ထားသော အရပ်ရှည်ရှည် ထိုလူဆိုးသည် ဆဲလ်ဗားဘက်မှ ကားခြေနင်းခုံပေါ်သို့ နင်း၍ ကားပေါ်သို့ ရောက်လာသည်။ ကာလို့စ်ပင်တည်း။

ဆဲလ်ဗားက တမင်ကလာပင် သူ့မျက်နှာကို သေနတ်နှင့် နှစ်ချက်ပစ်လိုက်သည်။ ထို့နောက် ပီထရီက ဟွန်းကို အဆက်မပြတ် နှိပ်ရင်း လီဗာကို ဆောင့်နင်းလိုက်ရာ ကာလို့စ်တစ်ယောက် ကားပေါ်မှ ပြန်လိမ့်ကျသွားသည်။ ဗီတိုဆဲလ်ဗားကတော့ ဆွေမျိုးရေး ပြဿနာကလေးတစ်ခုကို အပြတ် ဖြေရှင်းလိုက်လေပြီ။

တစ်ဖန် မီးခိုးလုံးများအကြားမှ လူတစ်ယောက် ဘွားခနဲ ပေါ်လာပြန်ရာ ကားရှေ့ရှိ ရွံ့ကာနှင့် ဝုန်းခနဲ ဝင်တိုက်မိတော့သည်။ ပီထရီကတော့ 'ဘယ်အချိန်ရောက်မှ တို့တစ်တွေ မီးခိုးလုံးတွေကြားထဲမှ လွတ်ပါ့မလဲ' ဟု တွေးလိုက်မိသည်။ ကားနောက်ပိုင်းရှိ ဂျွန်ဆန်ကလည်း မီးခိုးများကြားထဲက ယိုင်တိယိုင်ထိုးနှင့် ထွက်ပေါ်လာသူများထံ ကျည်တစ်ကတ် ကုန်သည်အထိ အတွဲလိုက် ပစ်ထည့်လိုက်သည်။ ခပ်လှမ်းလှမ်းတွင် စီးမည့်သူ ကင်းမဲ့နေသော မြင်းများသည် အရပ်ရှစ်မျက်နှာသို့ ဦးတည်ချက်မရှိဘဲ လန့်ဖျပ်ထွက်ပြေးကုန်ကြောင်း တွေ့ရသည်။ သူတို့လူစု ချုံခိုအတိုက်ခံရသည့် အန္တရာယ်မှ ကင်းလွတ်ခဲ့လေပြီ။

ပီထရီသည် မျက်နှာပေါ်တွင် စည်းထားသော မျက်နှာဖုံးကို ဆွဲချွတ်လိုက်ပြီးနောက် ပြတင်းပေါက်မှ အပြင်ဘက်သို့ လွှတ်ပစ်ရင်း လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

နံနက် ကိုးနာရီခွဲ။

မက်ဆီနာသို့ အရောက်သွားရန် ဆယ့်ငါးနာရီခန့်သာ အချိန်ရှိတော့သည်။ သို့သော် ခရီးတစ်ဝက် မကျိုးသေးချေ။

□

အီတလီနိုင်ငံ၊ ကာလာဘရီးယားနယ်၏ မြောက်ပိုင်းတွင်လည်း နံနက် ကိုးနာရီခွဲ ရှိနေလေပြီ။ မြစ်ကမ်းနဖူးတွင်ရှိနေသော ဗိုလ်ချုပ်ကြီး ရိုင်းဟာတ်က အရေးပေါ် တံတားတစ်ခု တည်ဆောက်နေကြသည်ကို လှမ်းကြည့်ရင်း တယ်လီဖုန်း စကားပြောခွက်ကို ဆုပ်ကိုင်ထားသည်။ 'တော်တော် စိတ်ရှုပ်စရာကောင်းတဲ့ အလုပ်တစ်ခုပဲ၊ ဒါပေမဲ့ မကြာခင် ခရီးဆက်နိုင်မှာပါလေ' ဟု တွေးရင်း



သူက နောက်ဘက်သို့ ပြန်လှည့်ကြည့်မိသည်။ လမ်းမကြီးပေါ်တွင် တန်းစီပြီး ရပ်ထားသော တင့်ကားများ၊ ခေတ္တခဏ နားနေရစဉ် စားသောက်နေကြသော တင့်ကားတပ်မှ စစ်သားများ။

တယ်လီဖုန်းထဲမှ ကြည်းတပ် သေနာပတိ ကက်ဆယ်ရင်း အသံပေါ်ထွက်လာသဖြင့် သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

"ဘာဖြစ်လို့လဲကွ"

ဖီးမာရှယ်၏ လေသံက မာသည်။ ဆတ်သည်။

"တံတားတစ်ခု ကျိုးသွားတယ်၊ မဟာမိတ် သူလျှိုတွေက ချိန်ကိုက်ဗုံးနဲ့ ခွဲခဲ့တယ် ထင်တာပဲ၊ ရှေ့ဆုံးတင့်ကား တံတားပေါ် မရောက်ခင် ငါးမိနစ်အလိုမှာ ထပေါက်လို့ ကျကောင်းသွားတယ်"

"ဘယ်လောက်လောက် နောက်ကျသွားမလဲ"

"ဒီမြစ်ကို ကျော်နိုင်ဖို့ နှစ်နာရီလောက် ထပ်ကြာလိမ့်မယ်"

"ငါကတော့ ဒီကနေ့ည ကိုးနာရီတိတိမှာ ရေလက်ကြားနားကို အမှတ် ၂၉ ပန်ဇာတပ်မဟာ ရောက်သွားစေချင်တယ်"

"မတန်တဆ ခိုင်းသလို ဖြစ်နေပါတယ် ဗိုလ်ချုပ်"

"ဒီကနေ့ည ကိုးနာရီတိတိပဲဟေ့၊ တစ်မိနစ်ကလေး နောက်ကျတာကိုတောင် မလိုချင်ဘူး"

ကြည်းတပ် သေနာပတိ ကက်ဆယ်ရင်းက တယ်လီဖုန်း စကားပြောခွက်ကို ပြန်ချသွားသည်။

ဗိုလ်ချုပ်ကြီး ရိုင်းဟာတ်ကလည်း ညကိုးနာရီတိတိတွင် ထိုနေရာသို့ အရောက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# - ခြောက် -

သောကြာနေ့ နံနက် ၉ နာရီခွဲမှ နေ့လယ် ၁၂ နာရီခွဲ

နှစ်နာရီကြာသောအခါ နေကလည်း ပိုမြင့်လာသလို ကားထဲတွင် ရှိနေသူများမှာလည်း အရှင်လတ်လတ် မီးဖုတ်ခံရသလို ဖြစ်လာကြသည်။ ကားကလေးသည် ထိုအချိန်တွင် မြင့်မားသော တောင်ကမ်းပါးစွန်းတစ်ခု ဘေးတွင် ကပ်မြှောင်၍ မောင်းနှင်နေရခြင်းဖြစ်ရာ ပတ်ဝန်းကျင်ကို ကားပေါ်မှ စီး၍ အတိုင်းသား မြင်နေရသည်။ သူတို့အားလုံးသည် အရုပ်ဆိုး အကျည်းတန်လှသော ပတ်ဝန်းကျင် ရှုမျှော်ခင်းကြောင့် စကားမပြောမိဘဲ ငြိမ်နေမိကြသည်။

ဤနေရာတစ်ဝိုက်တွင် တောင်ခါးပြတ်များ၊ ချောက်ကမ်းပါးကြီးများ၊ ကျင်းများ၊ ချိုင့်ကြီးများ စသည်တို့သာ ရှိနေရာ သတ္တုတွင်း အင်ဂျင်နီယာအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သော ပီထရီပင်လျှင် ဤပတ်ဝန်းကျင်လောက် ကြမ်းတမ်းခက်ထရော်သော နေရာဒေသမျိုးကို ယခင်က မတွေ့ဖူးခဲ့သေးချေ။ အကယ်၍သာ စစ်တပ်ကြီးတစ်တပ်လုံး ဤနေရာတစ်ဝိုက်တွင် ပုန်းအောင်းနေမည်ဆိုပါက ရှာတွေ့နိုင်လိမ့်မည် မထင်။

ပီထရီသည် ကားလက်ကိုင်ဘီးကို လက်တစ်ဖက်ဖြင့် ထိန်းရင်း ကျန်လက်တစ်ဖက်ဖြင့် တဝီဝီ အော်မြည်ရင်း လိုက်အနှောင့်အယှက်ပေးနေ



သော ယင်ကောင်တစ်ကောင်ကို စိတ်ခပ်တိုတိုဖြင့် ပုတ်ထုတ်နေသည်။ မကြာမီ ပုပ်သိုးနေသော မြည်းသေကောင်အနီးသို့ ရောက်လာရာ ထိုမြည်းသေကောင်ပုပ်မှ ယင်မမဲရိုင်းများသည် ကားထဲသို့ ဝေါခနဲ ဝင်လာကြသဖြင့် သူတို့အားလုံး ယင်ကောင်များကို မောင်းနေရတော့သည်။

ဆဲလ်ဗားက မေးလိုက်၏။

"ကျုပ်တို့ နှုတ်ခမ်းကို ရေဆွတ်ချိန်တန်ပြီ ထင်တယ်"

"နေဦးလေ၊ တစ်နာရီလောက်ကပဲ တစ်ခါ ရေသောက်ခဲ့ကြသေးတယ် မဟုတ်လား"

ပီထရီက ဖြေလိုက်ခြင်း ဖြစ်သည်။ ဤတွင် ဝှန်ဆန်ကပါ အသံခြောက်ကပ်ကပ်ဖြင့် မေးပြန်၏။

"အခု ကျုပ်တို့ လာခဲ့တာ၊ တော်တော် ခရီးပေါက်ပြီလား"

ပီထရီက မိုင်ခွက်ကို လှမ်းကြည့်ပြီး စိတ်ထဲက တွက်ချက်နေစဉ် ဆဲလ်ဗားက အရင်ဝင်ဖြေလိုက်သည်။

"အခု ကျုပ်တို့ ပလာမိုကနေပြီး ကီလိုမီတာ ရှစ်ဆယ်ဝေးတဲ့နေရာကို ရောက်နေပြီ၊ ခင်ဗျားတို့ကို ထပ်သတိပေးချင်တာကတော့ ဒီကနေ့ စကိုပါနာကို မရောက်ခင် လမ်းက ပိုပြီး ဆိုးဝါးလာလိမ့်မယ် ဆိုတာပဲ"

ပီထရီကလည်း ထပ်ဖြေသည်။

"ဟုတ်တယ် အက်ဒဝပ်၊ တို့လာခဲ့တာ ကီလိုမီတာ ရှစ်ဆယ်ရှိသွားပြီ၊ ခဏကြာလျှင် ခဏနားပြီး ရေလေးဘာလေး သောက်ကြမယ်"

ယခုလို စကားတစ်ခွန်း နှစ်ခွန်း ပြောဆိုလိုက်ရသောကြောင့် ဂမ်ဘာရီနှင့် တွေ့ရန် ချိန်းထားသော စကိုပါနာသို့ ရောက်ရန် အတော်ကလေး ဝေးသေးကြောင်း၊ တစ်ဖန် မက်ဆီနာသို့ ရောက်ရန်မှာလည်း ကီလိုမီတာ နှစ်ရာကျော် လိုသေးကြောင်း သူ သတိရလာသည်။ ပြောမည်သာ ပြောရသည်။ ဂမ်ဘာရီကို သူအရင်က တစ်ခါမျှ မတွေ့ဖူးသေးချေ။ ပြီးတော့လည်း သူတို့လူစု မက်ဆီနာသို့ အရောက်သွားရန် ဆယ့်သုံးနာရီသာ အချိန်ရှိတော့သည်။ တစ်ဖန် ယခုခရီးတွင် ကားကို ခပ်ဖြည်းဖြည်းသာ မောင်းနှင်နေရသဖြင့် အချိန်ကုန်လာသည်နှင့်အမျှ ပိုပိုပြီး နောက်ကျလာမည်မှာ သေချာလှသည်။ သူတို့ ပလာမိုကို စခွာကတည်းက နောက်ကျခဲ့ခြင်း ဖြစ်သည်။ သူတို့အတွက် စီစဉ်ထားသော ပထမ မော်တော်ကားကို အီတလီ စစ်တပ်က မတော်တဆ

www.burmeseclassic.com

www.burmeseclassic.com



ရှာတွေ့သွားချိန်မှစ၍ အစီအစဉ်အားလုံး ကသောင်းကနင်း ဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ပီထရီက ဆက်တွေးလိုက်သည်။ စကိုပါနာကို လွန်သည်နှင့်တစ်ပြိုင်နက် ပုပ်သွားသော အချိန်တွေကို ပြန်ထေမိအောင် မြောက်ရူးရူးသို့ တက်သွားပြီး ပလာမိုနှင့် မက်ဆီနာကို တိုက်ရိုက်ဆက်သွယ်ထားသော (ပင်လယ်ကမ်းခြေနှင့် ယှဉ်ဖောက်လုပ်ထားသည့်) အဝေးပြေး လမ်းမကြီးအတိုင်း အရဲစွန့်၍ သွားတော့မည်။ သို့တိုင်အောင် ဂမ်ဘာရီနှင့် ဆုံရန် ချိန်းထားသော စုရပ်သို့ ရောက်အောင် နောက်ထပ် ဘယ်နှနာရီ သွားရဦးမည် မသိ။

ဆဲလ်ဗားတစ်ယောက် စိတ်မရှည်တော့ဟန်ဖြင့် တလှုပ်လှုပ်တရွရွ ဖြစ်လာသည်။

"မက်ဆီနာကို ညသန်းခေါင်မတိုင်မီ ရောက်ချင်တယ်ဆိုလျှင်တော့ ခပ်သွက်သွက် မောင်းမှ ဖြစ်မယ်"

ဂျွန်ဆန်က ဒေါနှင့်မောနှင့် ပြန်ပြောလိုက်သည်။

"ဗျာ… ဒီလောက်တောင် ပူနေတဲ့ ရာသီနှင့် အခုလို လမ်းမျိုးမှာလား"

ဆဲလ်ဗားသည် ဂျွန်ဆန်ကို လိပ်ခွံကိုင်း မျက်မှန်ထူထူကြီး နောက်မှ ခပ်တည်တည် ပြန်ကြည့်နေသည်။ ပြီးမှ ပီထရီဘက်သို့ လှည့်ပြီး ရှင်းပြသည်။ သူတို့ တောင်နှာမောင်းပေါ်က သည်လမ်းအတိုင်း အတော်ကြာကြာ ဆက်မောင်းသွားလျှင် တောင်ဘက်သို့ ခွဲထွက်သွားသော လမ်းဆုံတစ်ခုကို တွေ့ရလိမ့်မည်။ ထိုတောင်ဘက်အရပ်သို့ ခွဲထွက်သွားသော လမ်းသည် တောင်ခါးပြတ်ကို ကွေ့ဝိုက်ပြီး ပီထရာလီးယားနှင့် စကိုပါနာမြို့ဆီသို့ သွားသောလမ်းဟု ထင်ရသည်။ သို့သော် ထိုလမ်းဆုံတွင် မြောက်ဘက်သို့ ဦးတည်နေသော မြေကြီးလမ်းတစ်ခု ရှိသေးသည်။ ထိုလမ်းအတိုင်း လိုက်သွားလျှင် 'ပူစီယို' ဟု ခေါ်သော ရွာငယ်ကလေးတစ်ရွာသို့ ရောက်ရှိမည်ဖြစ်ပြီး ထိုရွာမှတစ်ဆင့် စကိုပါနာသို့ တိုက်ရိုက် ဖောက်လုပ်ထားသော လမ်းမကြီးအတိုင်း ဆက်သွားနိုင်ကြောင်း ရှင်းပြသည်။

"ပိုတိုက်ရိုက်ကျတဲ့ အဲဒီလမ်းအတိုင်း လိုက်နိုင်မယ်ဆိုလျှင် ခရီးတော်တော်ကျုံ့သွားမှာဗျ"

ပီထရီသည် သူ့အိတ်ထဲမှ တွန့်ကြေနေသော မြေပုံကို လက်တစ်ဖက်ဖြင့် ဆွဲထုတ်လိုက်သည်။ ထိုမြေပုံမှာ ပိုးစပေါ်တွင် ပုံနှိပ်ထားသော မြေပုံဖြစ်သည်။ သူက မြေပုံကို ပေါင်ပေါ်တွင် ဖြန့်တင်လိုက်သည်။ ဆဲလ်ဗား



ပေးသည့် အကြံဉာဏ်မှာ သိပ်မဆိုးလှချေ။ ပင်လယ်ကမ်းခြေဆီမှ တောင်ဘက်သို့ ဆင်းလာသော လမ်းမကြီးတစ်ခုသည် ပူစီယိုရွာနားမှ ဖြတ်၍ ပီထရာလီးယားသို့ မရောက်တော့ဘဲ စကိုပါနာသို့ တိုက်ရိုက်ဆက်သွယ်ထားကြောင်း တွေ့ရသည်။

ပီထရီက မေးလိုက်သည်။

"ဒီလမ်းဆုံက ခွဲထွက်သွားတဲ့ မြေကြီးလမ်းပေါ်မှာ ခင်ဗျား ဖီယက်ကားနဲ့ မောင်းလို့ ရနိုင်ပါ့မလားဗျ"

ဂျွန်ဆန်သည် မြေပုံကို ပီထရီ့ ပခုံးပေါ်မှ ကျော်ကြည့်လိုက်ပြီး ကြက်သီးတဖြန်းဖြန်း ထသွားသည်။ သူတို့ ယခု မောင်းနှင်နေရသော ဒုတိယတန်းစားလမ်းကို မျဉ်းဆက်တစ်ကြောင်းနှင့် ဆွဲပြထားသည်။ သို့သော် ပူစီယိုရွာနှင့် ဆက်သွယ်ထားသော လမ်းကိုမူ မျဉ်းပြတ်များဖြင့် ပြထားသည်။ တချို့နေရာတွင်မူ မျဉ်းပြတ်များမှာ တစ်ခုနှင့်တစ်ခု တော်တော်လေး ဝေးသည်။ ထိုမျဉ်းပြတ်များကို စစ်စလီကျွန်းတွင် မည်သည့် အဓိပ္ပာယ်နှင့် သုံးစွဲကြောင်း သူ တွေးပင် မတွေးရဲပါချေ။

ဆဲလ်ဗားက ဝန်ခံလိုက်သည်။

"ကျုပ် အဲဒီလမ်းကို 'လား' နဲ့ပဲ သွားဖူးတယ်၊ ဒါပေမဲ့ ခင်ဗျားလို ကားမောင်းကျင်လည်တဲ့လူ ဆိုရင်တော့ ဖြစ်မှာပါ"

ပီထရီက ခပ်တည်တည် ပြန်ဖြေသည်။

"ကျုပ်တို့ ဟိုရောက်မှပဲ ဆုံးဖြတ်ကြတာပေါ့ဗျာ"

သူတို့ လူစုသည် အထူးဆိုးရွားလှသော အပူရှိန်ဒဏ်ကို ခံစားရင်း တောင်နှာမောင်းအတိုင်း ဆက်တိုက်အကြာကြီး မောင်းနှင်နေရသည်။ သူတို့နားထဲတွင်လည်း အိပ်ငိုက်စရာ ကောင်းလှသော ကားအင်ဂျင်စက်သံ၊ စိတ်ကို စရာကောင်းလှသော ယင်ကောင်များ၏ တဝီဝီ အော်သံ၊ စိတ်တိုတိုနှင့် ယင်ကောင်များကို လိုက်ရိုက်ရာမှ ပေါ်ပေါက်လာသော တဖျပ်ဖျပ်ရိုက်မိသံ၊ တစ်နေရာထဲတွင် တစ်ပုံစံတည်း ထိုင်နေရာမှ ညောင်းညာ၍ ကိုယ်ကို နေရာပြင်ရွေ့လိုက်သည့်အခါ ကြွပ်နေအောင် ပူနေပြီဖြစ်သော သားရေထိုင်ခုံများမှ ပေါ်လာသည့် တကျွီကျွီမြည်သံတို့ကိုသာ ကြားနေရသည်။

တောင်နှာမောင်းကို လွန်သော် လေထုထဲတွင် ရေခိုးရေငွေ့ပိုများလာသည်။ အပူရှိန် များလာသောကြောင့် အကျည်းတန် အရုပ်ဆိုးလှသော ဖော်ဝန်းကျင် ရှုမျှော်ခင်းသည်ပင် မျက်စိထဲ၌ တရိပ်ရိပ်တလှပ်လှပ် ဖြစ်လာသည်။

www.burmeseclassic.com



သူတို့လူစုသည် ကားကို မရပ်မနား ဆက်တိုက် မောင်းလာကြသည်။ ထိုအတူ စားချင်စိတ် မရှိလှသော်လည်း အရသာမရှိသော ဝက်အူချောင်းကို ဒိန်ခဲ၊ စပျစ်သီးခြောက် စသည်တို့နှင့် ရောစားနေကြသည်။ သူတို့က ချိယန်တီ ဝိုင်အရက်နှင့် မျှောချရန် ကြိုးစားနေကြသည်။ ချိယန်တီကို ဖွတ်မှိတ်ပြီး သောက်နေရခြင်းမှာလည်း သူတို့ ယူလာသောဘရန်ဒီပုလင်းမှာ ချောင်းကျဉ်း ကလေးထဲတွင် ချုံခိုတိုက်ခိုက်ခြင်း ခံရစဉ်က သေနတ်ကျည်ဆန်မှန်ပြီး ကွဲသွား ခဲ့သောကြောင့်ပင်။

အစာစားပြီးကြသောအခါ ပီထရီက တစ်ဦးလျှင် ရေနှစ်ကျိုက်စီ သောက်ခွင့်ပြုသည်။ သို့သော် ဆဲလ်ဗားက ရေတစ်ကျိုက်သာ သောက်သဖြင့် အံ့သြသွားသော ပီထရီက ထပ်သောက်ရန် တိုက်တွန်းလိုက်သောအခါ ဆဲလ်ဗား က ပြန်ရှင်းပြသည်။

"ကျုပ်အတွက် တော်ပါပြီ၊ ကျုပ်က သည်လို ရာသီဥတုမျိုးနဲ့ သပ္ပာယ မှုတဲ့လူ၊ ပြီးတော့ နောက်ပိုင်းကျလျှင် သောက်ရေ သိပ်လိုချင်လိုလာလိမ့်မယ်"

သိပ်မကြာသေးခင်က ဆဲလ်ဗားကပင် ရေသောက်ခွင့် စတောင်းခဲ့ သည်ကို အမှတ်ရလာသော ပီထရီက တအံ့တသြ ပြန်ကြည့်လိုက်မိသည်။ တကယ်ကတော့ သူ ရေသောက်ခွင့်တောင်းသည်မှာ ရေဆာ၍မဟုတ်၊ ပီထရီ နှင့် ဂျွန်ဆန်တို့ ရေဆာနေကြကြောင်း ရိပ်မိသောကြောင့် ဖြစ်သည်။ ဒါကလည်း ဗီတိုဆဲလ်ဗားသည် တခြားပုဂ္ဂိုလ်များကို အကြင်နာတရား ပွားများတတ်သော ကြောင့် ဟုတ်ဟန်မတူ။ သူ တစ်နေ့သောအခါ ပလာမိုမြို့တော်ဝန် ဖြစ်လာနိုင် ရေးအတွက် သည်လူစုကို မက်ဆီနာမြို့သို့ မရောက်ရောက်အောင် ပို့မည်ဟု သိန္နဋ္ဌာန်ချထားသောကြောင့်သာ ဖြစ်ရမည်။

သူတို့ အစာစားပြီး ငါးမိနစ် ကြာသောအခါ ရှေ့လမ်းခရီးတွင် အန္တရာယ်ရှိနိုင်ကြောင်း အတိတ်နိမိတ်ကို စတွေ့ရသည်။ တောင်နှာမောင်းပေါ် ရှိ လမ်းသည် တဖြည်းဖြည်းနှင့် ကျဉ်းကျဉ်းလာရာ လမ်းဘေးနှစ်ဖက်စလုံးတွင် ပေပေါင်းများစွာ နက်ရှိုင်းသော ချောက်ကမ်းပါးကြီးများ ရှိနေသည်။ ထို ချောက်ကမ်းပါး နှစ်ဖက်အကြားရှိ လမ်းကျဉ်းကလေးပေါ်၌ မော်တော်ကားကို မောင်းနေရတော့သည်။ ဤတွင် အက်ဒဝပ်ဂျွန်ဆန်သည် မျက်စိ (သူငယ်အိမ်) ကို အတတ်နိုင်ဆုံးကျဉ်း၍ တောင်ဘက်အရပ်ဆီသို့ ငုံ့ကြည့်လိုက်သည်။ ထိုအခိုက်တွင် နေရောင်ခြည် ရောင်ပြန်ဟပ်မှုမှာ ပြင်းထန်လွန်းလှသဖြင့်



သူ့မျက်လုံးများကို လက်ဖဝါးနှစ်ဖက်ဖြင့် မိုးပြီး သေချာအောင် စူးစူးစိုက်စိုက် ကြည့်နေရခြင်း ဖြစ်သည်။ သူက ပီထရီကို အရေးတကြီး လှမ်းပြောလိုက်သည်။

"ဟော့…ဂျိမ်း၊ ဟိုမှာ မြင်းစီးနေတဲ့ လူတစ်ယောက် ရှိနေတယ်"

ပီထရီသည် မျက်စိကို ရှေ့တည့်တည့် လမ်းပေါ်မှ လွှဲဖယ်ပြီး နောက် လှည့်ကြည့်ချင်စိတ် ပေါ်သွားသည်။ သို့သော်လည်း မကြည့်ရဲချေ။ ထို့ကြောင့် စက်မသတ်ဘဲ ကားကို ရပ်လိုက်ပြီး ထိုင်ခုံပေါ်က နောက်လှည့်ကြည့်သည်။

ဂျွန်ဆန်က ပြောသည်။

"ဟိုဘက်မှာဗျ၊ ဟိုဘက်က ကျောက်တုံးကြီးပေါ်မှာ"

ပီထရီက လှမ်းကြည့်သည်။ သို့သော် ဘာကိုမျှ မမြင်ရချေ။ ထို့ ကြောင့် သူကားထဲမှ သတိဝီရိယကြီးစွာနှင့် အပြင်ထွက်လိုက်သည်။ ကားဘေး တွင် လူရပ်နိုင်သည့် နေရာမှာ တစ်ပေခန့်သာ ကျယ်သည်။ တစ်ပေအလွန်တွင် ကား အသူတစ်ရာနက်သော ချောက်ကြီးရှိသည်။

ဤတွင် ဂျွန်ဆန်ပါ ကားထဲက ထွက်လိုက်လာပြီး ကားအင်ဂျင် စက်ဖုံးပေါ်မှကျော်၍ လက်ညှိုးထိုးပြလိုက်သည်။ မှန်သည်။ အက်ဒဝပ်ဂျွန်ဆန် တစ်ယောက် တံလျှပ်ကို ရေထင်ပြီး အမြင်မှားခြင်း မဟုတ်။ မြင်းစီးနေသော လူတစ်ယောက် ကျောက်တုံးကြီးတစ်တုံးပေါ်မှာ ရှိနေသည်။ မျက်စိနှစ်လုံးစလုံး ကို လက်ဖဝါးဖြင့် မိုးကာ၍ ခက်ခက်ခဲခဲ ကြည့်နေရသော ပီထရီက ထိုမြင်းစီး နေသည့် ပုဂ္ဂိုလ်သည် နှစ်ဖာလုံခန့် ဝေးသော နေရာတွင် ရှိနေပြီး တပ်မတော် သားတစ်ယောက် ဖြစ်ကြောင်း သတိပြုလိုက်မိသည်။

ငှင်းနောက် ထိုလူသည် မျက်လှည့်ပြလိုက်သလို သူ့မြင်းကွင်းထဲက ရုတ်တရက် ပျောက်ကွယ်သွားသည်။ သို့သော် ထိုစစ်သားသည် ဖိယက်ကား ကို မြင်သွားကြောင်း သိပ်သေချာသည်။

ဂျွန်ဆန်သည် ချွေးစို့နေသော သူ့ကုပ်ပိုးကို လက်ဖြင့် ပြန်သုတ်ရင်း ပြောလိုက်သည်။

"အဲဒီလူက ဘယ်သူလဲဗျ"

"အီတာလျံစစ်သားတစ်ယောက်လေ၊ ကျုပ်တို့ကို သူ မြင်သွားတယ်"

"ဒါဆိုရင် သူတစ်ယောက်တည်းတော့ မဟုတ်ဘူး ထင်တယ်"

"အေး ဟုတ်တယ်၊ ကိုယ်လည်း အဲဒီလို တွေးပြီး စိတ်ပူသွားတယ်၊ ဒီလို နေရာမျိုးမှာ တစ်ယောက်တည်း ဘယ်သူလာရဲပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တော် မြင်းစီးစစ်သည်တော်ကြီးသည် လမ်း၏ တောင်ဘက်တွင် ရှိသည်။ ထို့ကြောင့် ပီထရီက အရပ်ရှစ်မျက်နှာကို စေ့စေ့စပ်စပ် ဖြည်းဖြည်းဆေးဆေး တစ်ပတ်ပြည့်အောင် လှည့်ပတ်ကြည့်လိုက်သည်။ သူမြင်ရတာကတော့ ရေမရှိ၊ သစ်ပင်လည်း မရှိသည့်အပြင် လုံးဝ အသက်ကင်းမဲ့နေပုံရသော လွင်တီးခေါင်ခေါင်သာတည်း။ ပီထရီသည် အရှေ့မြောက်ထောင့်အရပ်မှ စကြည့်လာရာ တစ်ပတ်ပြည့်သည့် အချိန်ကျမှ ထိုလူစုကို သွားတွေ့တော့သည်။

ထိုလူစုသည် တောင်နှာမောင်းတစ်ခုပေါ်တွင် ဝန်တင်လားများကို ဆွဲရင်း ရှေ့နောက် တန်းစီပြီးလျှင် လျှောက်လာနေကြသည်။ သူတို့ထံတွင် မော်တာနှင့်တူသော လက်နက်ကိရိယာများ ပါလာကြောင်း တွေ့နေရသည်။

သူက လက်ညှိုးထိုးပြလိုက်ပြီး…

“အနည်းဆုံး လူနှစ်ဆယ်ကျော်မယ်၊ ဒီစစ်သားတွေဟာ အီတာလျံတောင်ဘက် တပ်ရင်းတစ်ရင်းက စစ်သားတွေ ဖြစ်လိမ့်မယ်”

“မြတ်စွာဘုရား၊ ကျုပ်တို့က သည်ဘက်မှာ စစ်တပ်တွေ ဘာတွေညာတွေ မရှိဘူးဆိုပြီး လာခဲ့ကြတာ”

ပီထရီက သူ့စကားကို မှန်အောင် ပြင်ပေးလိုက်သည်။

“မဟုတ်ပါဘူး၊ သည်ဘက်မှာ စစ်တပ်တွေ အသွားအလာ နည်းတယ်ဆိုပြီး တို့ လာခဲ့ကြတာပါ၊ ပြီးတော့ သည်စစ်သားတွေကလည်း လေ့ကျင့်ခန်း ဆင်းနေတာနဲ့ တူပါတယ်ကွာ၊ နောက်တစ်ချက်ကလည်း သည်လိုနေရာမျိုးမှာ ရန်သူဘက်က ဖောက်ခွဲ ဖျက်ဆီးရေးသမားတွေကို တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားကြမှာ မဟုတ်ပါဘူး၊ တကယ်ကတော့လည်း သည်နေရာတစ်ဝိုက်မှာ ဘာများ နှောင့်ယှက်ဖျက်ဆီးစရာ ရှိလို့လဲ”

“နေပါဦး၊ ကျုပ်တို့လူစု သူတို့နဲ့ ရင်ဆိုင်တိုးမိလိမ့်မယ်လို့ ခင်ဗျားထင်သလား”

“ဖြစ်နိုင်တယ်၊ ခက်တာက သည်လူတွေက တို့ရဲ့ ဘယ်ဘက်မှာရော၊ ညာဘက်မှာပါ ရှိနေကြတယ်။ သည်တော့ သူတို့အုပ်စု နှစ်အုပ်စုကြားက လွတ်အောင် ရှောင်ပြေးဖို့ ကြိုးစားရလိမ့်မယ်”

ဒါကလည်း သိပ်တော့ လွယ်မည်မထင်။ ပီထရီသည် ယာဉ်မောင်းသူ နေရာတွင် ဝင်ထိုင်ရင်း တွေးလိုက်မိသည်။ မြင်းစီးနေသူတစ်ယောက်က



တောင်ဘက်မှာ၊ ခြေကျင်လျှောက်နေသူတွေက မြောက်ဘက်မှာ၊ သည်နေရာတစ်ဝိုက်တွင် စစ်သားတွေ ပျံ့နှံ့နေပုံရသည်။ တော်တော်ကြာကြာ ဆက်သွားမိလျှင် ကားလမ်းပေါ်မှာတောင် ရင်ဆိုင် ဝင်တိုးမိလိမ့်မည်ဟု ထင်ရသည်။

ပီထရီသည် လက်ဆွဲဘရိတ်ကို ပြန်ဖြုတ်လိုက်ပြီးနောက် ကားကို ခပ်ဖြည်းဖြည်း စမောင်းသည်။ ထို့နောက် လမ်းအနေအထားနှင့် ပိုအကျွမ်းတဝင် ရှိလာသည်နှင့်တစ်ပြိုင်နက် ပိုမြန်လာသည်။ ယခု သူတို့ မောင်းနေရသော လမ်းမှာ အတက်လမ်း ဖြစ်သည်။ ကားဘီးအရှိန်ကြောင့် ဘေးဘက်သို့ လွင့်စဉ်သွားသော ကျောက်ခဲကလေးများသည် ချောက်ကမ်းပါးထဲသို့ လိမ့်ကျကုန်ကြသည်။ မကြာခဏဆိုသလို ဗီတိုဆဲလ်ဗားသည် ကားပြတင်းပေါက်မှ အပြင်ဘက်သို့ မျက်နှာထား ခပ်တည်တည်ဖြင့် ငုံ့ငုံ့ကြည့်သည်။ သူ့နောက်ဘက်ရှိ ဗျူန်ဆန်ကမူ တဖြည်းဖြည်းနှင့် ပိုကျဉ်းလာပုံရသော ရှေ့တည့်တည့်မှ လမ်းကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။ သူတို့စီးလာသော ကားသည် တောင်ကမူထိပ်ကလေးတစ်ခုပေါ်သို့ ကျော်တက်လိုက်ပြီးနောက် ပြန်ဆင်းရတော့မည့်ဆဲဆဲတွင် ပီထရီက ဘရိတ်ကို ဝုန်းခနဲဆောင့်နင်းလိုက်သည်။ သူတို့ ရှေ့တွင် သေသေသပ်သပ် မရှိလှသော အဆီးအတားတစ်ခု ရှိနေသည်။ ပိုရှင်းအောင် ပြောရသော် ဘေးတစ်ဖက်စီတွင် ဝါးလုံးသုံးလုံးစီချည်၍ ထောင်ထားပြီး ထိုသုံးချောင်းထောက် ဝါးလုံးစည်းများအပေါ်တွင် ဝါးလုံးတစ်လုံးကို ကန့်လန့် ဖြတ်တင်၍ အတားအဆီး လုပ်ထားခြင်း ဖြစ်သည်။

ပီထရီက ဒေါသတကြီး မေးလိုက်သည်။

“ဒါက ဘာသဘောလဲဗျ”

မာဖီးယားလူဆိုးဗိုလ်ကြီးကလည်း ထိုအမိပ္ပာယ်ကို မသိချေ။ လမ်းပြင်နေသည် ဆိုသည့် သဘောမျိုး မဟုတ်တာကတော့ သေချာသည်။ ပီထရီက အခြေအနေကို စုံစမ်းရအောင် ရှေ့ဆက် လျှောက်သွားစဉ် ဗျူန်ဆန်က စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ သည်အဆီးအတားကြောင့် သူတို့စိတ်ထဲတွင် ဇနီးစနောက် ဖြစ်ရတာကတော့ အမှန်ပင်။ ပီထရီသည် မြောက်ဘက် ချောက်ကမ်းပါးစွန်းမှ အောက်ဘက်သို့ ငုံ့ကြည့်သည်။ ထို့နောက် ကန့်လန့်တင်ထားသော ဝါးလုံးနှင့် ထောင်ထားသော သုံးချောင်းထောက် ဝါးစည်းတို့ကို ဆွဲမပြီး ချောက်ထဲသို့ ပစ်ချလိုက်သည်။

သူကားဆီသို့ ပြန်ရောက်လာသောအခါ…

www.burmeseclassic.com

www.burmeseclassic.com



"ချောက်ထဲကို လိမ့်ကျပြီး လမ်းခုလတ်မှာ တင်နေတဲ့ ဆိုင်းဘုတ်တစ်ခုတော့ တွေ့ရတယ်၊ ဒါပေမဲ့ အဲဒီဆိုင်းဘုတ်ပေါ်က စာကို ကျုပ် ဖတ်မရဘူး၊ ဒီတော့ ရှေ့ဆက်သွားကြရုံပဲ ရှိတာပေါ့" ဟု ရှင်းပြသည်။

ထို့နောက် ကိုက်တစ်ရာခန့် ဆက်သွားမိသောအခါ ဒုက္ခနှင့် လှလှကြီး တိုးမိကြလေတော့သည်။ သူတို့ စီးလာသော မော်တော်ကားကလေးသည် ချိုင့်တစ်ခုထဲ ကျသွားလိုက်၊ မြောက်တက်သွားလိုက်၊ နောက်ချိုင့်ခွက်တစ်ခုထဲ ကျသွားလိုက်ဖြင့် ဝုန်းဒိုင်းကြဲမောင်းနှင်နေစဉ် ပေါက်ကွဲသံကြီးတစ်ခု ပေါ်လာသည်။

ပေါက်ကွဲသံကြီး ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပီထရီက ဘရိတ်ကို ဆောင့်နင်းလိုက်သည်။ ထိုအခိုက်တွင် အပေါ်သို့ လွင့်စဉ်တက်သွားသော ကျောက်ခဲသလဲများသည် ကားစက်ခေါင်းအဖုံးပေါ်နှင့် ကားခေါင်မိုးပေါ်သို့ စုပြုံပြီး ကျလာသည်။ ဖွာခနဲ ဖြစ်သွားသော အဝါရောင် မြေကြီးမှုန့်များကြောင့် ဘေးပတ်ဝန်းကျင်ကို မိနစ်ဝက်ခန့် လုံးဝ မမြင်ရဘဲ မျက်စိကန်းသလို ဖြစ်သွားကြသည်။ ထိုအခိုက်တွင် သူတို့လူစုသည် ဘာဖြစ်သွားမှန်း မသိသေးဘဲ ကားထဲတွင် ထိတ်ထိတ်လန့်လန့် စောင့်နေကြရသည်။

ထို့နောက် ဝုန်းခနဲ ကြွတက်လာသော ဖုန်မှုန့်လုံးကြီး တဖြည်းဖြည်းနှင့် ရှင်းသွားသည်။ ထိုဖုန်မှုန့်များသည် ကားလမ်းဘေးတစ်ဖက်တစ်ချက်စီတွင် ရှိသော ချောက်ကမ်းပါးကြီးများထဲသို့ ကျဆင်းသွားကြသည်။ ထိုအချိန်ကျမှ ကားရှေ့တည့်တည့်မှ ကားလမ်း အခြေအနေကို မြင်ရတော့သည်။ ကားရှေ့ရှိ ကားလမ်းဘယ်ဘက်တစ်ခြမ်းသည် ချောက်ကမ်းပါးကြီးထဲသို့ ပွဲကျသွားသည်။ ထို့ကြောင့် မူလရှိခဲ့သော လမ်း၏ တစ်ဝက်ခန့်သာ ညီညီညာညာ ကျန်တော့သည်။

ဗျန်ဆန်က အော်မေးလိုက်သည်။

"ဘာများပါလိမ့်"

ပီထရီသည် ချွေးပြန်နေသော သူ့လက်ပေါ်တွင် လာတင်နေသည့် ဖုန်မှုန့်များကို လက်ဖြင့် ပွတ်ချရင်း အဖြေပေးလိုက်သည်။

"မြေမြှုပ်ဗုံးလေ"

ဝါးလုံးနှင့် တားထားသော နေရာမှ ကျော်လာကတည်းက တောင်ကြောပေါ်မှ လမ်းသည် ယခင်ကထက် ပိုကျယ်လာသည်။ သို့သော် ဗုံးဒဏ်ကို မခံရဘဲ ကျန်နေသေးသည့် လမ်းအကျယ်မှာ မဖြစ်စလောက်သာ။



"ခုနက တွေ့ခဲ့ရတဲ့ တောင်ဘက်တပ်ရင်းက သည်နေရာတစ်ဝိုက်မှာ မြေမြှုပ်ဗုံးတွေ ဆင်ထားတာ ဖြစ်မှာပေါ့၊ ဟိုချောက်ထဲ ကျနေတဲ့ ဆိုင်းဘုတ်ပေါ်မှာ အန္တရာယ်ရှိသည်၊ ဘာညာဆိုတဲ့ စာမျိုးရေးထားတာ ဖြစ်လိမ့်မယ်၊ ကဲ…ကိုယ့်လူတို့၊ အခြေအနေကတော့ သိပ်မကောင်းဘူး၊ လက်ရှိ အခြေအနေကို သုံးသပ်ရမယ်ဆိုလျှင် နောက်ပြန်လှည့်လို့ကလည်း မဖြစ်၊ ရှေ့ဆက်သွားလို့လည်း မရ၊ သည်တော့ သည်နေရာမှာ ဆက်နေရင်း နေခြောက်လှန်းခံကြဖို့ပဲ ရှိတော့တာပေါ့"

❑

ပီထရီသည် ဗုံးပေါက်ကွဲပြီးနောက် မပျက်စီးဘဲ ကျန်နေသေးသော လမ်းကလေးအတိုင်း ခြေကို တစ်လှမ်းပြီးတစ်လှမ်း ရှေ့သို့ ဝါးလုံးထိုး ခြေဖဝါးခင်းပြီး ဆက်လျှောက်သွားသည်။ ထိုအခိုက်တွင် ဘယ်အချိန်၌ ခြေဖဝါးအောက်က မြေမြှုပ်ဗုံး ထပေါက်မလဲဆိုသည့် စိုးရိမ်စိတ်၊ ကြောက်စိတ်ကြောင့် ခြေဖဝါးများမှာ ယားကျိကျိ ဖြစ်လာကြသည်။ သူ့ဘယ်ဘက်ရှိ လမ်းတစ်ခြမ်းမှာ (ဗုံးဒဏ်ကြောင့်) ကြေမွပျက်စီးနေသည်။ သို့သော် သူ့မျက်လုံးများက သူ့ ရှေ့တည့်တည့်ရှိ လမ်းကိုသာ မျက်တောင်မခတ် အာရုံစိုက်ပြီး ကြည့်နေသည်။ သူက မြေမြှုပ်ဗုံး ထောင်ထားခြင်း ရှိမရှိ သိနိုင်အောင် မြေကြီးပေါ်သို့ ထိုးထိုးထောင်ထောင် ပေါ်ထွက်နေသော သံထည်ပစ္စည်း တစ်စွန်းတစ်စ ရှိမရှိကို လိုက်ရှာနေခြင်း ဖြစ်သည်။

သို့သော် သူ့ခြေထောက်များသည် လမ်းပင် ဆက်မလျှောက်ချင်တော့လောက်အောင် ပျော့ခွေနေသလို သူ့စိတ်ကလည်း မြေမြှုပ်ဗုံးထကွဲပြီး သူ့တစ်ကိုယ်လုံး အစိတ်စိတ်အမွှာမွှာ အပိုင်းပိုင်းအပြတ်ပြတ် မဖြစ်မီ လာလမ်းအတိုင်း ပြန်သွားပါတော့လားဟု အတင်းအဓမ္မ တိုက်တွန်းနေသည်။ ၎င်းအပြင် ခေါင်းပေါ်ရှိ နေမင်းကြီးက ပူပြင်းလှသလို ပီထရီ့ကျောပြင်ပေါ်တွင်လည်း ချွေးသီးချွေးပေါက်များ အလုံးလိုက် အခဲလိုက် ပေါ်ထွက်လာကြသည်။ ပီထရီသည် ခပ်ဝေးဝေးအထိ ဆက်လျှောက်သွားပြီးနောက် လာလမ်းအတိုင်း ပြန်လှည့်လာသည်။ အပြန်ခရီးတွင်လည်း သူ စိတ်မချမ်းသာလှပါ။ သူကားပေါ်သို့ ပြန်တက်လိုက်သောအခါ သူ့အဖော်နှစ်ယောက်က သူ့ကို ခပ်တည်တည် ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီထရီက လက်ဆွဲဘရိတ်ကို ပြန်ဖြုတ်ရင်း ပြောချလိုက်သည်။

"မတတ်နိုင်ဘူး၊ အရဲစွန့်ပြီး သွားရတော့မှာပဲ"

ဂျွန်ဆန်က ခပ်တိုးတိုး ပြန်ပြောသည်။

"ခင်ဗျား ခုလို လမ်းလျှောက်ကြည့်ရုံနဲ့ တထစ်ချ မပြောနိုင်ဘူးဆိုတာ ခင်ဗျားလည်း သိတယ် မဟုတ်လား"

"နောက်ထပ် ဗုံးမြှုပ်ထားတဲ့ ပုံသဏ္ဌာန်မျိုးတော့ မတွေ့ခဲ့ရဘူးကွ"

သို့သော် အမေရိကန်ဗိုလ်ကြီးက ခေါင်းမာသည်။

"ခုနက ပေါက်သွားတဲ့ဗုံးဟာ 'လူနင်းဗုံး' မှ မဟုတ်တာဘဲဗျ"

"နေပါဦးကွာ၊ ငါ ခဏလောက် အေးအေးလူလူ အာရုံစိုက်ပြီး စဉ်းစားပါရစေ"

မှန်သည်။ အက်ဒဝပ်ဂျွန်ဆန် ပြောတာ သွေးထွက်အောင် မှန်သည်။ အစကတည်းက မော်တော်ကားလို လေးလေးပင်ပင် ပစ္စည်းမျိုး တက်နင်းပါမှ ထပေါက်ကွဲအောင် ထောင်ထားသည့် မြေမြှုပ်ဗုံးမျိုး ဖြစ်ခဲ့သော် လူ တက်နင်းရုံနှင့်ဆိုလျှင် ထပေါက်မှာ မဟုတ်။ သို့သော် သူတို့ စီးလာသည့် ဖိယက်ကားကလေးနှင့်ဆိုလျှင် ထပေါက်နိုင်သည်။ သို့သော် သူတို့အတွက် ရှေ့သို့ တိုးသွားရန်မှ လွဲ၍ တခြားနည်းလမ်း မရှိ။ သူတို့ ရှေ့တွင်လည်း ခပ်လှမ်းလှမ်းမှ လာနေသော မော်တော်ကား၏ တုန်ခါမှုကလေးနှင့်ပင် ထပေါက်ကွဲခဲ့သော မိုင်းဗုံးကြောင့် ပျက်စီးသွားသည့် လမ်းပျက်နယ်မြေ ရှိနေသည်။ သူတို့လူစု ထိုလမ်းပျက် နယ်မြေကို မဖြတ်၍ မဖြစ်။ ကျော်ဖြတ်သွားရတော့မည်သာ။

ပီထရီသည် မော်တော်ကားဘီးကို လိမ့်သည်ဆိုရုံကလေး လိမ့်သွားအောင် ခပ်ဖြည်းဖြည်း မောင်း၍ ရှေ့တိုးလာပြီး လမ်းတစ်ခြမ်း ပဲ့ကျနေသည့် နေရာသို့ ရောက်သောအခါ မပျက်မစီး ကျန်နေသေးသည့် လမ်း၏ ဖျက်ကို ထပ်ခန့်မှန်းကြည့်လိုက်ပြန်သည်။ မြင်ရတာကတော့ သူတို့ မော်တော်ကား ထိုနေရာပေါ်က ကျော်ဖြတ်နေစဉ် နောက်ထပ် ပဲ့မကျခဲ့သည်ရှိသော် ကားဘီးလေးဘီးစာ နင်းသွားနိုင်သည့် အကျယ်အဝန်းလောက်တော့ ရှိသည်ဟု ထင်ရသည်။

သူတို့ စီးလာသော ကားက ရှေ့သို့ တဖြည်းဖြည်း တိုးသွားနေစဉ် ဗီတိုဆဲလ်ဗားက ကားကူရှင်နောက်မှီကို သူ့ကျောပြင်ကြီးဖြင့် တအားမှီပြီး ထိုင်နေသည်။ ဂျွန်ဆန်ကတော့ မော်တော်ကား ဘယ်ညာယိမ်းမသွားအောင် ကားနောက်ခုံ၏ အလယ်ခေါင်တည့်တည့်တွင် ထိုင်နေသည်။ ပီထရီက



မော်တော်ကားဘီးကို လမ်းပြိုနေသော နေရာအစွန်းမှ တစ်လက်မနှစ်လက်မခန့်ကွာအောင် ညာဘက်သို့ ရွှေ့လိုက်ရာ ဆဲလ်ဗားဘက်တွင်ရှိသော ချောက်ကမ်းပါးကြီးနှင့် ပိုနီးသွားပြန်သည်။

ဘာပဲပြောပြော သည့်ကိစ္စတွင် ခြေချော်လက်ချော် ဖြစ်သွားနိုင်စရာတွေ တင်းကျမ်းရှိနေသည်ဟု ပီထရီက တွေးလိုက်မိသည်။ အကယ်၍သာ မိုင်းဗုံးတစ်လုံး ထပေါက်ခဲ့သော် သူတို့ စီးလာသော ကားသည် ဘေးတစ်ဖက်ဖက်ရှိ ချောက်ထဲသို့ ကျသွားတော့မည်မှာ မလွဲချေ။ တစ်ခါနောက်ထပ် ဗုံးတစ်လုံး ထမပေါက်သည့်တိုင်အောင် ပထမ ပေါက်ကွဲထားသော မိုင်းဗုံးဒဏ်ကြောင့် ခနော်ခနဲ့ ယဲ့ယဲ့သာ ကျန်နေသော ထိုပြိုကျနေသည့်နေရာမှ အလိုလို ထပ်ပြိုကျသွားနိုင်စရာ ရှိသည်။ တကယ်လို့ ကုသိုလ်ကံ ထောက်မပြီး ခုနကလို မဖြစ်ဘူးဘဲ ထားပါဦး၊ ပီထရီက မော်တော်ကားကို ထိန်းရာတွင် တစ်လက်မ၊ နှစ်လက်မ ဘေးသို့ စောင်းသွားပါက ချောက်ထဲသို့ ကျပြီး မပြန်လမ်းသို့ မြန်းကြရတော့မည်သာ။ ထိုနေရာတစ်ဝိုက်တွင် ချောက်ကြီးများသည် ပေတစ်ထောင်ထက် ပိုနက်သည်ဟု တွေးလိုက်မိသည်။

ကားအင်ဂျင်စက် ရုတ်တရက် သေသွားသည်။ ထိုအခိုက်တွင် ကားကူရှင်ပေါ်၌ အငြိမ်မနေနိုင်ဘဲ အနည်းငယ် နေရာရွှေ့လိုက်သူ တစ်ယောက်ကြောင့် သားရေကူရှင်မှ တကျွိကျွိမြည်သံက လွဲလျှင် တစ်လောကလုံး လုံးဝ တိတ်ဆိတ်သွားသည်။ ထို့နောက် ခပ်ဝေးဝေးမှ ပျံသန်းလာသော လေယာဉ်ပျံ စက်သံကို စ,ကြားကြရသည်။ ပီထရီသည် ကားပြတင်းပေါက်မှ ကိုယ်တစ်ပိုင်း အပြင်ထုတ်၍ ကမ်းပါးစွန်းပေါ်တွင် တဲတဲကလေး တင်နေသော ကား၏ အနေအထားကို တစ်ချက်ငုံ့ကြည့်သည်။ ထို့နောက် တောင်နှာမောင်း တောင်ကြောနှင့် ယှဉ်၍ ခပ်နိမ့်နိမ့် ပျံသန်းနေသော လေယာဉ်ပျံကို မော့ကြည့်လိုက်သည်။ 'ဘောင်းဖိုက်တာ' ပါကလား။ မြေပြင်ပေါ်တွင် တလှုပ်လှုပ် တရွရွ သွားနေတာကို မြင်လျှင် ပစ်မဟဲ့ဆိုသော အကြံဖြင့် ကင်းလာထောက်သည့် မဟာမိတ်တပ်ပေါင်းစုဘက်မှ တိုက်လေယာဉ်တစ်စင်းပါလား။

ပီထရီသည် ကားကို စက်ပြန်နှိုးရန်အတွက် သော့ကိုင်ထားသော လက်ကို အသာပြန်ရုပ်၍ ပေါင်ပေါ်တွင် တင်ထားပြီး ခဏစောင့်နေသည်။ ထိုလေယာဉ်ပျံသည် အရှေ့ရှူးရှူးဆီသို့ ဆက်ပျံသွားပြီး မကြာမီ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီထရီက သမင်လည်ပြန် ခေါင်းကို နောက်ဘက်လှည့်ပြီး ပြောလိုက်သည်။

"ဒါ တို့ဘက်က လေယာဉ်ပျံကွ၊ ဘောင်းဖိုက်တာလေ"

ဂျွန်ဆန်က စိတ်ညစ်နေသော လေသံဖြင့် ပြန်ဖြေသည်။

"သည်အောက်မှာ နေရတာထက် လေယာဉ်ပျံပေါ် ရောက်နေတာက မှ ပိုကောင်းလိမ့်မယ် ထင်တယ်"

ပီထရီသည် စက်ပြန်နှိုးလိုက်ပြီးနောက် ကားကို ခပ်ဖြည်းဖြည်း စမောင်းသည်။ လမ်းက အတက်လမ်း ဖြစ်နေရာ ကားသည် ဒယီးဒယိုင် ဖြစ်လာသည်။ ထို့နောက် ရှေ့ဘီးတစ်ဘီး နိမ့်ဆင်းသွားရာ ပီထရီ တစ်ကိုယ်လုံး အေးစက်သွားသည်။

ဘုရားသခင် ကယ်မတော်မူပါ။ ကားကတော့ ချောက်ထဲ လိမ့်ကျပြီ ထင်သည်။ ကားကိုယ်ထည် အောက်ခံဖရိန်သည် တစ်ခုခုနှင့် တိုက်မိသွားပြီး ကားရပ်သွားသည်။ တော်ပါသေးရဲ့၊ ခပ်နက်နက် ကျင်းတစ်ကျင်းထဲသို့ မော်တော်ကား လိမ့်ကျသွားခြင်းသာ ဖြစ်သည်။

ပီထရီက ကားကို နောက်ဘက်သို့ ပြန်ဆုတ်ရန် ဂီယာသွင်းလိုက်ရာ ဘီးများသည် မြေကြီးကို မကုတ်မိဘဲ တဝိုးဝိုး ချော်ထွက်နေပြီးနောက် အတော်ကလေးကြာမှ ကျင်းထဲက ပြန်တက်လာနိုင်တော့သည်။

ပီထရီသည် ထိုကျင်းနက်နက်ကို အရှိန်နှင့် ကျော်ဖြတ်နိုင်ရန် စက်ရှိန်မြှင့်လိုက်ပြီးနောက် တစ်ဟုန်ထိုး မောင်းသည်။ တကယ်ကတော့ ကား၏ ဘေးနှစ်ဖက်စလုံးတွင် တစ်လက်မ၊ နှစ်လက်မခန့်သာ လှည့်သာ ဖယ်သာသော လမ်းနေရာ ရှိသည်။ ကားသည် ရှေ့သို့ တစ်ဟုန်ထိုး ပြေးထွက်လာပြီး ကျင်းနက်ထဲသို့ ဝုန်းခနဲ ပစ်ချသည်။ ထို့နောက် ကျင်းထဲမှ အပေါ်သို့ ဆောင့်တက်တော့သည်။ ဤတွင် ကားသည် ချောက်တစ်ဖက်ဆီသို့ ဦးတည်သွားသောကြောင့် ကားလက်ကိုင်ဘီးကို နည်းနည်းကလေး ပြန်တည့်ပေးလိုက်သည်။ သို့သော် တခြား ချောက်တစ်ဖက်ဆီသို့ ခေါင်းလည်ထွက်သွားပြန်သဖြင့် ချက်ချင်း ပြန်ထိန်းလိုက်ရပြန်၏။

ဆဲလ်ဗားသည် ယောင်ယမ်းပြီး သူ့လက်ထဲမှ ဆေးပြင်းလိပ် ပြုတ်သွားအောင် လက်မနှင့် ခပ်နာနာ ဖိကိုင်ထားမိသည်။ ထို့အတူပင် ဂျွန်ဆန်ကလည်း သူ့ရှေ့တည့်တည့်ရှိ လမ်းကလေးကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိသည်။ လမ်းကလေးသည် ခပ်လှမ်းလှမ်းမှစ၍ တဖြည်းဖြည်းနှင့် ပြန်ကျယ်သွားရာ



သူတို့ စီးလာသော ကားကလေး ထိုနေရာ ရောက်သည်အထိ လမ်းကျဉ်းကလေးပေါ်တွင် ဖြောင့်ဖြောင့်ဖြူးဖြူး မောင်းနိုင်ပါစေဟု ဆုတောင်းနေမိရှာသည်။

ထို့နောက် သူတို့စီးလာသော ကားကလေးသည် ကျယ်ဝန်းသော လမ်းပေါ်သို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သလို အသူတစ်ရာနက်သော ချောက်ကမ်းပါးကြီးများနှင့်လည်း ဝေးခဲ့လေပြီ။ တစ်ဖန် မြေမြှုပ်ဗုံး ထောင်ထားသည့် ဇရိယာမှ လွတ်မြောက်လာပြီ ဖြစ်ကြောင်း သိလိုက်သော ပီထရီက ကားအရှိန်ကို မြှင့်ပြီး ခပ်မြန်မြန် မောင်းလိုက်သည်။

ဂျွန်ဆန်က အော်ပြောလိုက်သည်။

"ဟို တိုက်လေယာဉ်ပျံကို ကျွန်တော် တော်တော်ကလေး ကျောချမ်းသွားတယ်၊ သူက ကျွန်တော်တို့ကို တွယ်တော့မှာပဲလို့ ထင်လိုက်မိတာ"

ပီထရီက ပြန်ဖြေသည်။

"မထင်နဲ့ ကိုယ့်လူ၊ အဲဒီလို တကယ်ဖြစ်လာနိုင်တယ်၊ ကျုပ် ချောင်းကျဉ်းကလေးထဲတုန်းက သည်ကားကို ဖုန်တွေ လွှမ်းနေတာဟာ တမင် ပုံဖျက်ထားသလို ဖြစ်နေတယ်လို့ သတိထားမိခဲ့တယ်၊ တကယ်ကတော့ သူတို့ ကျုပ်တို့ကို မြင်မသွားလို့ သက်သာသွားတာ"

သူတို့ အတော်ကြာကြာ ဆက်မောင်းမိကြသောအခါ ဆဲလ်ဗားက သူတို့ ယခု တောင်နှာမောင်း အဆုံးနားသို့ ရောက်နေပြီ ဖြစ်ကြောင်း မကြာမီ ကားလမ်းသည် အောက်ဘက်သို့ တဖြည်းဖြည်း နိမ့်ဆင်းသွားမည်ဖြစ်ပြီး မြေညီလွင်ပြင်သို့ ရောက်တော့မည် ဖြစ်ကြောင်း ရှင်းပြသည်။ သူက မျက်နှာထား ခပ်တည်တည်ဖြင့် ဆက်ပြောသည်။

"အဲဒီ အချိန်ကျရင် ကားကို ဒါ့ထက် ပိုမြန်အောင် မောင်းနိုင်တော့မှာပါ"

ပီထရီသည် စကားပြန်မပေးဘဲ လမ်းဘေး ပတ်ပတ်လည်တွင် ရှိနေသော ဧရာမ ကျောက်တုံးကြီးများကို ရှောင်ရင်း ဆက်မောင်းနေသည်။ ထိုကျောက်တုံးကြီးများကို လွန်သော် ကားလမ်းသည် အောက်ဘက်သို့ နိမ့်လျှောသွားပြီး တောင်ခြေရှိ ရေမရှိတော့သော အိုင်ကောကြီးတစ်ခုကို ဖြတ်သွားသည်။ ထိုအိုင်ကောကြီးထဲတွင် ရေမရှိသော်လည်း ဗလာဟင်းလင်းတော့ မဟုတ်ချေ။ ကားလမ်း၏ တစ်ဖက်တစ်ချက်၌ စခန်းချ အနားယူနေကြသော အီတလျံ တောင်တက်စစ်သား နှစ်ဆယ်ခန့် ရှိနေကြသည်။ တချို့က မြေကြီးပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရင်း နေ့လယ်စာ စားနေကြသည်။ သူတို့ နောက်ဘက်တွင် တာလပတ်စနှင့် တစ်ဝက်တစ်ပျက် ဖုံးအုပ်ထားသော အဝေးပစ် အမြောက်တစ်လက် ရှိနေသည်။

ပီထရီသည် ကားကို သူတို့လူစုဆီသို့ ဦးတည်ပြီး ခပ်မှန်မှန် မောင်းသွားသည်။ စူးရှရသော နေရောင်ခြည်သည် သူ့မျက်နှာကို လာထိုးနေသည် သာမက ရှေ့လေကာမှန်မှ တစ်ဆင့် ရောင်ပြန်ဟပ်ပြီး တပြောင်ပြောင် တလက်လက် ဖြစ်နေသည်။

ပီထရီသည် မျက်စိကို လာထိုးနေသော နေရောင်ခြည်ကို ကာကွယ်ရန် မျက်စိကို လက်ဖဝါးဖြင့် မိုးကာပြီး ကားရှေ့တည့်တည့်သို့ ကြည့်နေသည်။ ဤတွင် မော်တော်ကားဆီသို့ ဦးတည်ပြီး အပြေးအလွှားလာနေသော လူတစ်စုကို မြင်လိုက်ရသည်။ ထိပ်ဆုံးမှ ပြေးလာသူကတော့ တပ်ကြပ်ကြီးတစ်ယောက် ဖြစ်ပြီး သူက ပြေးရင်းလွှားရင်းကပင် ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် မော်တော်ကားကို ခြောက်လုံးပြူးဖြင့် ဇွေ့ယမ်းပြရင်း ဒေါသတကြီး တားနေသည်။ ဤတွင် စက္ကန့်ပိုင်းအတွင်း ရှေ့ဘက်ရှိ လေကာမှန်မှ သေနတ်ကျည်ဆန်များ ဖောက်ထွင်းဝင်ရောက်လာနိုင်သည်ဟု တွေးမိပြီး ပီထရီက ကားကို ရပ်ပေးလိုက်သည်။

"မင်းတို့ တော်တော် မိုက်လုံးထွားတဲ့ အကောင်တွေ"

ကားနားသို့ ရောက်လာပြီးနောက် ပီထရီကို သေနတ်ဖြင့် ဆက်ချိန်ထားသော တပ်ကြပ်ကြီးသည် အသက်ရှူ မှားနေသောကြောင့် တော်တော်နှင့် စကားဖြောင့်ဖြောင့် မပြောနိုင်ရှာချေ။ အတန်ငယ်ကြာမှ သူ့ကိုယ်သူ ပြန်ထိန်းနိုင်လာသည်။

"ရန်သူ့ လေယာဉ်ပျံ ဒီအနီးအနားမှာ ရှိနေတယ်ကွ၊ အခု မင်းတို့ ကားမှန်က ရောင်ပြန်ဟပ်နေတဲ့ အလင်းရောင်ကို မိုးပေါ်က ကြည့်ရင် မိုင်လေးငါးဆယ်ကတောင် လှမ်းမြင်နိုင်တယ်ကွ၊ မင်းတို့ကြောင့် ငါ့လူတွေ အားလုံး သေသွားနိုင်တယ်၊ အခု မင်းကို ငါ ဖမ်းချုပ်မယ်၊ ကဲ မင်းတို့ကို ငါ ဖမ်းတယ်၊ အကုန်လုံးကို ဖမ်းတယ်ကွာ"

❑

တပ်ကြပ်ကြီးက သူတို့၏ စာရွက်စာတမ်းများကို စစ်ဆေးနေစဉ် သူတို့လူစု မော်တော်ကားဘေးတွင် ထွက်ရပ်ရင်း နေပူအလှန်းခံနေကြရသည်။ သူတို့၏ မှတ်ပုံတင် စာရွက်တွေကို တပ်ကြပ်ကြီးကလည်း ကျေနပ်လက်ခံပုံ



မရချေ။ ထို့အတူ တပ်ကြပ်ကြီး ဘေးနားတွင် ရှိနေသော စစ်သား သုံးယောက်ကလည်း သူတို့ကို ရိုင်ဖယ်သေနတ်များဖြင့် တစ်ချိန်လုံး ချိန်ထားသည်။ တပ်ကြပ်ကြီးက စာရွက်စာတမ်းတွေကို ဒုတိယအကြိမ် ထပ်စစ်နေစဉ် ဆဲလ်ဗားကလည်း မြေကြီး ပေါ်တွင် တုံးလုံးပက်လက် အနားယူနေကြသော စစ်သားများအကြား၌ သူနှင့် မျက်မှန်းတန်းမိသူ တစ်ဦးတစ်လေ ပါမပါ လိုက်ကြည့်နေသည်။ ထိုအခိုက်အတန့်ကလေးတွင် သူတို့အတွက် အခြေအနေ သိပ်မဟန်လှကြောင်း ပီထရီက မှန်မှန်ကန်ကန် တွေးလိုက်သည်။ ပီထရီတို့၏ ကားမှန်မှ ရောင်ပြန်ဟပ်မှုကြောင့် ဖြစ်ပေါ်လာသည့် အလင်းရောင်က ရန်သူ့ လေယာဉ်ပျံအတွက် အချက်ပြသလို ဖြစ်သွားမှာကို တပ်ကြပ်ကြီးက သိပ်ကြောက်သွားသည်။ ထို့ကြောင့် သူတို့ကို ဖမ်းချုပ်တော့မည်မှာ မလွဲချေ။

တပ်ကြပ်ကြီးက ဆက်ပြောသည်။

"မင်းတို့ လုပ်ပုံကိုင်ပုံကတော့ သိပ်မဟုတ်ဘူးလို့ ငါ ထင်တယ်၊ မင်းတို့ တောင်နှာမောင်းပေါ်မှာ ကားမောင်းလာရင်း လမ်းတစ်ဝက်လောက် ပုံကျသွားတယ်၊ အဲဒီလို လမ်းပုံကျသွားတဲ့တိုင်အောင် မင်းတို့က ဆက်မောင်းလာတယ်၊ ပြီးတော့လည်း တပ်မတော်က တားမြစ်ထားတဲ့ နေရာထဲကို အတင်းဝင်လာတယ်၊ ဒါကိုလည်း မင်းတို့ ကိုယ်တိုင်က ဝန်ခံထားတယ်၊ အဲဒါအတွက် မင်းတို့မှာ အပြစ်ရှိတယ်"

ပီထရီက ဆင်ခြေပေးသည်။

"ကျုပ်တို့ တောင်နှာမောင်းပေါ်မှာ ဆက်နေခဲ့လျှင် အရှင်လတ်လတ် မီးဖုတ်ခံရသလို ဖြစ်သွားမှာပေါ့"

တပ်ကြပ်ကြီးကလည်း ဒေါသတကြီး ပြန်ဖြေသည်။

"မြေမြှုပ်မိုင်းကြောင့် တစစီ ဖြစ်သွားတာနဲ့စာလျှင် အဲဒါက တော်သေးတာပေါ့"

ဆဲလ်ဗားက ခပ်တင်းတင်း ဝင်ပြောပြန်သည်။

"ခင်ဗျား ခုလို စေတနာထားတာကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားလည်း ကျုပ်နာမည်ကို ကြားဖူးမှာပါ၊ မက်ဆီနာမှာ ကျုပ်ကို သိတဲ့လူ တော်တော်များများ ရှိတယ်"

"ခင်ဗျား ဘယ်သူနဲ့ပဲ သိသိ ကျုပ်သောက်ဂရုမစိုက်ဘူး၊ 'ကျုပ်နာမည်ကို ကြားဖူးပါလိမ့်မယ်' ဆိုတာကကော ဘာသဘောလဲ၊ နေစမ်းပါဦး၊

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီ စာရွက်စာတမ်းတွေဟာ အတုလုပ်လာတဲ့ စာရွက်စာတမ်းတွေ မဟုတ်ဘူးလို့ ကျုပ်က ဘယ်လိုလုပ် သိနိုင်မှာလဲ''

သူက စာရွက်စာတမ်းများကို ဆဲလ်ဗားမျက်နှာရှေ့တွင် ဝှေ့ယမ်းပြလိုက်ပြီး ဆက်ပြောသည်။

''ကျုပ် ခင်ဗျားတို့ကို တစ်ယောက်မှ ကြည့်မရဘူး၊ ခင်ဗျားတို့ ထုတ်ပြတဲ့ စာရွက်စာတမ်းတွေကိုလည်း သိပ်မယုံဘူး''

ဆဲလ်ဗားက လေပြေထိုးသည်။

''ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ဟာ မှားသွားနိုင်တယ်နော်၊ ကျုပ်ဟာ စစ်စလီကျွန်းသားတစ်ယောက်အနေနဲ့ စစ်စလီကျွန်းပေါ်မှာ ခရီးသွားလာခွင့် ရှိပါတယ်လေ''

တပ်ကြပ်ကြီးကလည်း အညံ့မခံချေ။

''ဒါဆိုရင် ခင်ဗျားတို့ သတင်းပလင်းတွေကို မကြားမိသေးဘူးနဲ့တူတယ်''

''ဘာသတင်းတွေလဲ''

''ဗြိတိသျှ လေထီးစစ်သားတွေ၊ ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို ဒီကနေ့ မနက်စောစောက ဒီနေရာတစ်ဝိုက်မှာ လာချသွားတယ်တဲ့၊ ဒီတော့ မင်းတို့ဟာ ဘယ်သူဘယ်ဝါတွေပဲဆိုတာ ကွဲကွဲပြားပြားသိအောင် စုံစမ်းမေးမြန်းရလိမ့်မယ်၊ အဲဒီလို မသိရသေးခင် မင်းတို့အားလုံးကို ဖမ်းချုပ်ထားမယ်၊ ညနေပိုင်းကျလျှင် မင်းတို့ကို ထရပ်ကားနဲ့ အင်နာ(မြို့)ကို ပို့ပြီး စစ်ထောက်လှမ်းရေးက မေးခွန်းထုတ်လိမ့်မယ်''

ဆဲလ်ဗားက တပ်ကြပ်ကြီး၏ စကားကို လုံးဝ လက်မခံသော ပုံစံဖြင့် လက်ကို ဝှေ့ယမ်းပြရင်း ပြန်ပြောလိုက်သည်။

''ဒီလို သတင်းမျိုး စစ်စလီတစ်ကျွန်းလုံးမှာ မကြာခဏ ကြားနေရတာပဲဥစ္စာ၊ ဒါပေမဲ့ တကယ်ကတော့ ဘာမှ ဖြစ်မလာဘူး၊ အခု ကျုပ်တို့ဆီမှာ တစ်ဖက်ရန်သူရဲ့ ပဋိမ်တပ်သားတွေကို အသေအလဲ ကြောက်တဲ့ရောဂါ ထနေကြတယ်''

တပ်ကြပ်ကြီးက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ခပ်မာမာ ပြောလိုက်သည်။

''အခု ခင်ဗျားကို ဖမ်းချုပ်ထားတယ်''

ဆဲလ်ဗားက ပြန်မေးသည်။



''ခင်ဗျားတို့ တပ်ထဲမှာ စစ်စလီကျွန်းသားတွေ မပါဘူးလား''

''ပါတယ်လေ၊ ဒါပေမဲ့ စကားပြောရင်း အချိန်ကုန် မခံနိုင်ဘူး၊ ကဲ… လာကွာ''

ပီထရီသည် ဂျွန်ဆန်ကို တစ်ချက် လှမ်းကြည့်ရင်း အကြီးအကျယ် ဒေါသပုန်ထနေသော တပ်ကြပ်ကြီးနောက်မှ တောင်ဆင်းလမ်းအတိုင်း လိုက်သွားသည်။ ကျန်စစ်သား သုံးယောက်ကလည်း သူတို့ လူစု နောက်က လိုက်လာသည်။ ခုအချိန်ကျမှတော့ အတိုက်အခံ လုပ်နေ၍လည်း ရမှာ မဟုတ်ချေ။ တစ်ခါ သည်လိုသတင်းမျိုး သည်ကျွန်းပေါ်မှာ ပျံ့နှံ့နေခြင်းသည် သူတို့ လူစု ကံဆိုးဖို့ ဖန်တီးလာခြင်းပင် ဖြစ်တော့သည်။

ဖိယက်ကား စက်နှိုးသံ ကြားရသောကြောင့် ပီထရီက နောက်လှည့်ကြည့်မိသည်။ စတုတ္ထမြောက် စစ်သားသည် ကားထဲရှိ ဒရိုင်ဘာထိုင်ခုံ၌ ဝင်ထိုင်ရင်း ဆင်ခြေလျှောလမ်းအတိုင်း သူတို့နောက်မှ ခပ်ဖြည်းဖြည်း မောင်းလိုက်လာသည်။ တပ်ကြပ်ကြီးသည် ဒေါသူပုန်ထနေသောကြောင့် မော်တော်ကားတစ်ကားလုံးကို ရှာဖွေရန် မေ့လျော့နေသည်။ သို့သော် သူ ကြာကြာတော့ မေ့နေမည် မဟုတ်ချေ။ ပြီးတော့ ယမ်းဘီလူးတွေ ထည့်ထားသော ကျောပိုးအိတ်သည် ကားနောက်ဘက် ထိုင်ခုံရှေ့ရှိ ကြမ်းပြင်ပေါ်မှာပင် ရှိနေသေးသည်။

သူတို့ လူစု အိုင်ကောကြီး အလယ်သို့ ရောက်သောအခါ ထိုနေရာတွင် ရှိနေသော တပ်သားတစ်စုက သူတို့ကို ရန်လိုသော မျက်နှာထားဖြင့် ဝိုင်းကြည့်နေကြသည်။ စစ်သားတစ်ယောက်ကမူ ရိုင်ဖယ်သေနတ်ကို မောင်းတင်လိုက်သည်။ သို့သော် တပ်ကြပ်ကြီးက ခပ်ငေါက်ငေါက် လေသံဖြင့် အမိန့်ပေးလိုက်သောကြောင့် သေနတ်ကို မြေကြီးပေါ် ပြန်ချလိုက်သည်။ သူတို့ စီးလာသော ကားမှန်မှ ရောင်ပြန်ဟပ်သော အလင်းရောင်ကြောင့် သူတို့လူစုကို ဝိုင်းချဉ်နေကြကြောင်း ပီထရီက အကဲခတ်လိုက်မိသည်။

သူတို့ လူစုကို တောင်နံရံအပြင်ဘက်သို့ ငေါထွက်နေသော ကျောက်တုံးကြီး၏ အောက်ဘက်ရှိ ဂူပေါက်ဝတစ်ခုဆီသို့ ခေါ်သွားနေခြင်း ဖြစ်သည်။ ထိုဂူပေါက်ဝတွင် စစ်သားတစ်ယောက် စောင့်နေသည်။ ထိုအခိုက်တွင် သူတို့ကို မော့ကြည့်နေသော စစ်သားများထဲမှ အစာစားနေသူ တစ်ယောက်သည် ဆဲလ်ဗားကို မြင်သည်နှင့် တစ်ပြိုင်နက် (တအံ့တသြ ဖြစ်သွားပြီး) ထမင်းပင် ဆက်မစားနိုင်တော့ဘဲ ရပ်သွားသည်။ ဆဲလ်ဗားကလည်း ထိုစစ်သားကို စူးစူးစိုက်စိုက် ပြန်ကြည့်ရင်း ရှေ့ဆက်မသွားဘဲ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် စစ်သားတစ်ယောက်က ဆဲလ်ဗားပါး၏ တင်ပါးကို လှံစွပ်ထိပ်ဖျားဖြင့် အသာထိုးရင်း ဆက်သွားခိုင်းသည်။ သို့သော် ဆဲလ်ဗားက ကြောက်မက်ဖွယ်ရာ ကောင်းလှသော မျက်နှာထားဖြင့် ထိုစစ်သားကို ပြန်လှည့်ကြည့်လိုက်ရာ ထိုစစ်သားသည် ဘာဆက်လုပ်ရမည် မသိဘဲ အူကြောင်ကြောင် ဖြစ်သွားသည်။ ဆဲလ်ဗားသည် ရှေ့ဆုံးက သွားနေသော တပ်ကြပ်ကြီးကို လှမ်းခေါ်လိုက်ရာ တပ်ကြပ်ကြီးက ပြန်လှည့်ကြည့်သည်။

"တပ်ကြပ်ကြီး၊ ဒီလူ ကျုပ်ကို သိတယ်၊ အခု သူ ခင်ဗျားလက်ထဲက စာရွက်တွေကို မြင်ရတဲ့လူ မဟုတ်ဘူး၊ ဒီတော့ ကျုပ် ဘယ်သူလဲဆိုတာ သူ့ကို မေးကြည့်စမ်းပါ၊ ဒါမှလည်း ခင်ဗျား ခုလုပ်နေတဲ့ အလုပ်မဟုတ်ဘူးဆိုတာ ပေါ်လာမယ်"

"ခင်ဗျား ဘယ်သူလဲဆိုတာ အင်နာကျုမှ စုံစမ်းမယ်"

"လုပ်ပါဗျာ၊ မေးကြည့်စမ်းပါ"

တပ်ကြပ်ကြီး ခပ်ဆိုင်းဆိုင်း ဖြစ်သွားသည်။ သို့သော် ဆဲလ်ဗား၏ လေသံက ခပ်ထန်ထန်ဖြစ်နေရာ ပီထရီသည်ပင်လျှင် အသက်မရှူမိဘဲ ယောင်ပြီး အောင့်ထားမိသည်။ ဘာပဲပြောပြော ဆဲလ်ဗား ထပ်တလဲလဲ ပြောနေသည့် စကားကြောင့် တပ်ကြပ်ကြီး၏ စိတ်ထဲတွင် ချီတုံချတုံ ဖြစ်သွားဖို့ လိုသည်။ ဤတွင် တပ်ကြပ်ကြီးက စိတ်မရှည်တော့သော အမူအရာဖြင့် ထိုစစ်သားကို ခပ်ဆတ်ဆတ် ပြောလိုက်ရာ ထိုစစ်သားသည် မြေကြီးပေါ်က ကပျာကယာ ခုန်ထရင်း သတိအနေအထားဖြင့် ရပ်လိုက်သည်။

"မင်း သူ ဘယ်သူလဲဆိုတာ သိသလား၊ မင်းသူ့ကို မှတ်မိသလား"

"သူက ဗီတိုဆဲလ်ဗားပါ"

"သူက ဘာလဲ"

"တပ်ကြပ်ကြီး၊ ကျွန်တော် မက်ဆီနာ သင်္ဘောကျင်းမှာ အလုပ်လုပ်ခဲ့စဉ်က သူ့ကို စ,သိခဲ့တာပါ၊ သူဟာ သင်္ဘောတွေနဲ့ ပတ်သက်လျှင် တော်တော့်ကို အရေးပါ အရာရောက်တဲ့ လူတစ်ယောက်ပါ"

ဆဲလ်ဗားက နည်းသစ်တစ်မျိုးဖြင့် ထိုးစစ်ဆင်လိုက်ပြန်သည်။

"ဒီမှာ တပ်ကြပ်ကြီး ကျွန်ုပ်က ခင်ဗျားအတွက် အလုပ်မရှုပ်အောင် စေတနာနဲ့ ပြောတာပါ၊ အခု ခင်ဗျားက တာဝန်ရှိတဲ့အတိုင်း လုပ်တယ်၊ ဒါကို ကျုပ်နားလည်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကလည်း ဒီစစ်ကြီးကို ကျုပ်နည်းကျုပ်ဟန်နဲ့ အကူအညီ ပေးနေတဲ့လူပါ။ အခု ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား



သေသေချာချာကြီးကို သိသွားပြီ။ ဒီတော့ ကျုပ်ကလည်း ဒီလူနှစ်ယောက်အတွက် ကောင်းကောင်းကြီး တာဝန်ယူပါတယ်ဗျာ"

"ခင်ဗျားတို့က သိပ်အလျင်လိုနေလို့လား"

တပ်ကြပ်ကြီးတစ်ယောက် ချီတုံချတုံ ဖြစ်နေလေပြီ။ သူ ထုတ်ခဲ့သော အမိန့်ကို ပြန်ရုပ်သိမ်းရမှာလည်း တစ်ခက်။ သို့သော် ဩဇာတိက္ကမရှိသူများနှင့် ထိပ်တိုက်မထိုးလိုသည်ကလည်း တစ်ခက်။ ပြီးတော့လည်း ယခု ဆဲလ်ဗားက သူ့စကားကို သိက္ခာရှိရှိဖြင့် ပြန်ရုပ်သိမ်း၍ရအောင် နည်းပေးလမ်းပြ လုပ်လာလေပြီ။ ထို့ကြောင့် တပ်ကြပ်ကြီးက ဆက်ပြောပြန်သည်။

"အခု ခင်ဗျား ဘယ်သူဘယ်ဝါ ဆိုတာကို သိရပြီဆိုတော့ အခြေအနေ တစ်မျိုး ပြောင်းသွားပါပြီ"

ဆဲလ်ဗားကလည်း တစ်ဖက်လူ နားဝင်အောင် ကောင်းကောင်းမွန်မွန် ဆက်ရှင်းပြပြန်သည်။

"အခု ကျုပ်သင်္ဘောကျင်းမှာ ပြင်ပေးစရာကလေးတွေ ရှိနေလို့ ကမန်းကတန်း ခရီးထွက်ခဲ့ရတာပါ၊ ပြီးတော့လည်း ခင်ဗျားရဲ့ ဒုတပ်ကြပ်က ကျုပ်ကားကို အလိုက်တသိနဲ့ မောင်းယူလာခဲ့ပြီဆိုတော့ ခင်ဗျားကသာ ခွင့်ပြုမယ်ဆိုရင် ကျုပ်တို့လူစု ခုချက်ချင်းပဲ ခရီးဆက်ထွက်ချင်ပါတယ်"

နှစ်မိနစ်ခန့် ကြာသောအခါ တပ်ကြပ်ကြီးထံမှ စာရွက်စာတမ်းများကို ပြန်ယူပြီး ထိုမော်တော်ကားဖြင့် အိုင်ပက်ကြီးထဲမှ ပြန်မောင်းထွက်နိုင်ခဲ့ကြလေပြီ။ နောက်ခုံတွင် ထိုင်နေသော ဂျွန်ဆန်သည် ယမ်းဘီလူးများပါသော ကျောပိုးအိတ်ကို ခြေထောက်နှစ်ချောင်းဖြင့် ခွထိုင်ထားသည်။ သူတို့ စီးလာသော ကားသည် တောင်ပေါ်သို့ မောင်းနှင်၍ တက်ခဲ့ပြီးနောက် တောင်ထိပ်ကို လွန်၍ တစ်ဖက် ဆင်ခြေလျှောသို့ ဆင်းလိုက်သောအခါ အီတာလျံ တပ်စုကလေးသည် သူတို့ မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့သည်။

ဆဲလ်ဗားက မှတ်ချက်ချသည်။

"ဒီကျွန်းပေါ်က စစ်တပ်တွေမှာ ဒီကျွန်းသားတွေ တော်တော်များများ ရှိတယ်။ ဒါကြောင့် ကျုပ်တို့ တော်တော်လေး ကံကောင်းသွားတာ၊ သူတို့က ကားကို ရှာတော့မလို့ တောင်ခြေကို မောင်းယူလာကြတာ"

"ဟုတ်တယ်၊ ကျုပ်ကလည်း အဲဒီလို ဖြစ်လိမ့်မယ်လို့ ထွေးမိခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပီထရီသည် တစ်ခွန်းသာ ပြန်ပြောပြီး ကားကိုသာ အာရုံစိုက်ပြီး မောင်းနေသည်။ မီးလောင်လုမတတ် ပူပြင်းလှသော တောင်နှာမောင်းတောင်ကြောမှ အတော်ကလေး ကြာအောင် မောင်းနှင်ခဲ့ရပြီးမှ ပွစီယိုဆိုသော ရွာကလေးဆီသို့ ခွဲထွက်သွားသည်ဆိုသော မြေကြီးလမ်းခွဲကလေးကို ခပ်လှမ်းလှမ်းတွင် လှမ်းမြင်ကြရတော့သည်။

သူတို့လူစုသည် အလွန်ဆိုးရွားကြမ်းတမ်းလှသော လမ်းပေါ်တွင် ဆက်မောင်းကြရပြန်သည်။ ထိုနေရာတွင် သူတို့မော်တော်ကားသည် နေရောင်ခြည်နှင့် ထိပ်တိုက်တိုးသလို ဖြစ်နေပြီး ကားရှေ့ လေကာမှန်မှ မကြာခဏ ဆိုသလို ရောင်ပြန်ဟပ်၍ လက်ခနဲ လက်ခနဲ ဖြစ်နေလေသည်။ ယခုအချိန်တွင် ပီထရီသည် မျက်စိကို နေထိုးသောကြောင့် လက်တစ်ဖက်ဖြင့် အသာကာ၍ ရှေ့ဘက်ဆီသို့ လှမ်းမျှော်ကြည့်ရင်း ဘာလုပ်လျှင် ပိုကောင်းမလဲဟု တွေးနေသည်။ အကယ်၍သာ သူတို့လူစုသည် ဝန်တင်လားများသာ သွားလေ့ရှိသည်ဆိုသော မြေကြီးလမ်းအတိုင်း မောင်းနှင်သွားပြီး စကိုပါနာသို့ တိုက်ရိုက်ဖောက်ထားသော လမ်းမကြီးဆီသို့ ရောက်အောင် သွားနိုင်ခဲ့သည်ရှိသော် မိုင်ပေါင်းများစွာ မြေကြောရှုံ့နိုင်ပေလိမ့်မည်။

သူတို့လူစု အဆိုပါ လမ်းခွဲကလေး အနားသို့ ရောက်လာစဉ် ကောင်းကင်ယံဆီမှ စက်ရှိန်ကို အလွန်အမင်း မြှင့်ထားသော အင်ဂျင်စက်သံတစ်သံကို ကြားလိုက်ရသဖြင့် အန္တရာယ်ရှိကြောင်း ချက်ချင်း သိလိုက်သည်။ သူက ခေါင်းကို အပြင်သို့ထုတ်ကြည့်လိုက်ပြီး ချက်ချင်းပင် ကားထဲသို့ ခေါင်းကို ပြန်သွင်းလိုက်သည်။ ထို့နောက် ကားကို ထိုးရပ်လိုက်ပြီး အင်ဂျင်စက်ကိုပါ သတ်လိုက်သည်။

"ထွက်ကြ၊ အကာအကွယ် ယူကြဗျို့၊ ဟေ့ အက်ဒဝပ်၊ မင်းက အထုပ်ကြီးကို ယူပြေး"

ပီထရီသည် ဂျာကင်အင်္ကျီကို လှမ်းယူပြီးနောက် နောက်ဘက်ခုံရှေ့ ကြမ်းပြင်ပေါ်မှ မော်ဇာသေနတ်ကို လှမ်းယူလိုက်သည်။ ထိုအချိန်တွင် ဌွန်ဆန်ကလည်း သူ့ဂျာကင်အင်္ကျီနှင့် ယမ်းဘီလူးအိတ်ကို ဆွဲယူပြီး၊ ဖိယက်ကားထဲမှ ကမန်းကတန်း ပြေးထွက်သွားသည်။ ပီထရီဘက်မှ ကားတံခါးမှာ အထဲက ရုတ်တရက် ဖွင့်၍မရဘဲ ညပ်နေသည်။ ထို့ကြောင့် ဗီတိုဆဲလ်ဗား ပြေးထွက်သွားသဖြင့် လွတ်နေသော သူ့ခုံပေါ်မှ ကျော်ပြီး အပြင်သို့ ထွက်ခဲ့ရသည်။



သူတို့နှစ်ယောက်သည် လမ်းပေါ်မှ အပြေးအလွှား ဆင်းခဲ့ကြပြီး ခပ်လှမ်းလှမ်းတွင်ရှိနေသော ဧရာမကျောက်တုံးကြီးများဆီသို့ ပြေးခဲ့ကြသည်။ ထိုအခိုက်တွင် မြေကြီးပေါ်သို့ စိုက်ထိုးဆင်းလာသော လေယာဉ်ပျံသံကလည်း နားထဲသို့ ဝူးဝူးဝါးဝါး ဝင်လာသည်။ ကျောက်တုံးကြီးများဆီသို့ ရောက်သောအခါ ဝုန်းခနဲ အားလျားမှောက်လိုက်ပြီးနောက် ကျောက်တုံးကြီး၏ ခြေရင်းဆီသို့ ရောက်အောင် အတင်းတိုးသွားရသည်။ ထို့နောက် သူ့ခေါင်းကို မြေကြီးပေါ်မှ တစ်လက်မ၊ နှစ်လက်မခန့် ခွာပြီး အပေါ်မော့ကြည့်မိသည်။

ဘောင်းဖိုက်တာ (တိုက်လေယာဉ်) သည် နိမ့်နိမ့်ကလေး ပျံသန်းလာသောကြောင့် ဗြိတိသျှလေတပ်မတော် တံဆိပ်ကိုပင် ထင်ထင်ရှားရှား မြင်နေရသည်။ ဘောင်းဖိုက်တာသည် ရှိသမျှ လက်နက်မျိုးစုံဖြင့် အစွမ်းကုန် အိတ်သွန်ဖာမှောက် ပစ်ထည့်လိုက်သည်။ ဤတွင် ဝူးဝူးဝါးဝါး မြည်သော အင်ဂျင်စက်သံ၊ ဝေါခနဲ ဆွဲထည့်လိုက်သော စက်သေနတ်သံနှင့် အမြောက် ကျည်ဆန်များ၏ ပေါက်ကွဲသံများကြောင့် နားကွဲလုမတတ် ဆူညံသွားသည်။

သေနတ်ကျည်ဆန် မှန်သောကြောင့် ပဲ့ကျလာသော ကျောက်ခဲ အစအနကလေးများသည် ပီထရီ့ကိုယ်ပေါ်သို့ မိုးရွာသလို ဝေါခနဲ ကျလာသည်။ ပီထရီက ဆူညံသွားသော အသံကြောင့် မျက်ခုံးတစ်ဖက်ကို ပင့်လိုက်မိသည်။ တစ်ဖန် ကျည်ဆန်များသည် လမ်းပေါ်တွင် အတန်းလိုက် ထိမှန်သွားသည် သာမက ဖိယက်ကားကိုလည်း အတွဲလိုက်၊ အစုလိုက်၊ အပြုံလိုက် လာမှန်ကြသည်။ သူတို့ သုံးယောက်စလုံး မြေကြီးနှင့် ကပ်ပြီး ပုနေကြစဉ် ကျည်ဆန်များသည် ဖိယက်ကား ခေါင်မိုးနှင့် လေကာမှန်ကို အစိတ်စိတ် အမြွာမြွာ ဖြစ်သွားအောင် လာမှန်နေသည်။ ထိုအသံများသည် နားထဲမှ အမှေးပါး ပေါက်လုမတတ် ဆူညံသွားသည်။

၄င်းနောက် ဘောင်းဖိုက်တာ (တိုက်လေယာဉ်) သည် ကောင်းကင်ယံဆီသို့ ပျံတက်သွားသောကြောင့် အင်ဂျင်စက်သံသည် တဖြည်းဖြည်းနှင့် တိုးသွားပြီး နောက်ဆုံးတွင် ငြိမ်ကျသွားသည်။ ဤတွင် ပီထရီသည် ဝမ်းလျားထိုး မှောက်နေရာမှ ဒူးထောက်ပြီး ထလိုက်သည်။ ဌွန်ဆန်တစ်ယောက် ကြောင်တောင်တောင် ဖြစ်သွားသည်။ ဆဲလ်ဗားကမူ ပထမဦးစွာ ခေါင်းထောင်ကြည့်သည်။ ထို့နောက် ဖုတ်ဖက်ခါ၍ ထလာရင်း ဘယ်ဘက်လက်မှ သွေးများကို မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ပီထရီက သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကားနားကို မသွားကြနဲ့နော်၊ ကားကို မီးလောင်နေတယ်"

ငွှန်ဆန်သည် တဖြည်းဖြည်းနှင့် ဝေးသွားပြီဖြစ်သော လေယာဉ်ပျံကို ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်ဖြစ်ဖြင့် လှမ်းကြည့်ရင်း ဆဲလိုက်သည်။

"ခွေးမသား၊ တို့က မင်းကို တို့ဘက်ကလို့ ထင်နေတာ"

ပီထရီက ပြန်ရှင်းပြသည်။

"မော်တော်ကားကြောင့် အပစ်ခံလိုက်ရတာကွ၊ တို့ကားက ဖုန်တွေ အလိမ်းလိမ်း တက်နေတယ်၊ အဲဒါကို တမင်ပုံဖျက်ထားတယ်လို့ ထင်ပြီး ရန်သူ့ဘက်က ကားတစ်စီး အမှတ်နဲ့ တွယ်သွားတာ"

ပီထရီသည် ချက်ချင်းပင် ခါးကို မတ်မတ် ပြန်ဆန့်လိုက်ပြီး ကောင်းကင်ယံထဲသို့ ထိုးတက်နေသော လေယာဉ်ပျံအား လက်ဝါးနှင့် မျက်စိကို ကာပြီး မျက်မှောင်ကုတ် ကြည့်နေသည်။ လေယာဉ်ပျံ စက်သံသည် ချောင်းဆိုးသလို တဟွတ်ဟွတ် ဖြစ်လာပြီး စက်သေ သေသွားသည်။ သူတို့အားလုံး အံ့ကျသည်ကိုပင် ကြားရမတတ် ငြိမ်သက်သွားသည်။ ထို့နောက် ထိုလေယာဉ်ပျံသည် ခဏတာမျှ လေထဲတွင် တွဲလောင်းခိုနေသလို တွဲလဲကြီး ဖြစ်နေပြီး အောက်ဘက်သို့ ပြန်ကျလာသည်။ ပီထရီ့ဘေးနားတွင် ရှိနေသူ ငွှန်ဆန်က လှမ်းမေးသည်။

"ဘာဖြစ်တာလဲဗျ"

"စက်ပျက်သွားတာလေ"

"ဘယ်လို…"

"ဟိုမှာလေ…ပျက်ကျသွားပြီ"

ထို့နောက် ကောင်းကင်ယံတွင် အမည်းစက်နှစ်ခု ပေါ်လာသည်။ လေထီး ပွင့်သွားသောအခါ ထိုအမည်းစက်များသည် ကတော့များသဖွယ် ဖြစ်လာပြီး လေယာဉ်မောင်းနှစ်ဦးသည် အောက်ဘက်သို့ ခပ်ဖြည်းဖြည်း ကျဆင်းလာသည်။ ပီထရီက ပက်ပက်စက်စက် ဆဲရေးတိုင်းထွာလိုက်ပြီးနောက် သူ့ကိုယ်ပေါ်တွင် တင်နေသည့် ဖုန်များကို အတန်ကြာ စိုက်ကြည့်နေသည်။

"ဆဲလ်ဗား…ဝဲဟာဒီ လူတွေဟာ ပူစီယိုရွာနားမှာ ကျလာနိုင်သလား"

ဆဲလ်ဗားသည် သူ့မျက်စိကို လက်ဖဝါးဖြင့် အသာကာရင်း လေထဲတွင် မျောပါ ကျဆင်းလာသည့် လေထီးနှစ်ခုကို အတန်ကြာ စိုက်ကြည့်နေသည်။



"အင်း…သည်လူတွေ ပူစီယိုရွာနားကို ကျလာမှာ အမှန်ပဲ"

ပီထရီက ထပ်ဆဲလိုက်ပြန်သည်။ ထို့ကြောင့် ငွှန်ဆန်ကပင်လျှင် သူ့ကို တအံ့တဩ လှမ်းကြည့်မိသည်။

"ကျုပ်တို့ စီးလာတဲ့ ဖိယက်ကား မီးလောင်သွားအောင် ပစ်လိုက်တုန်းကတောင် ခင်ဗျား ဒီလောက် စိတ်မဆိုးပါဘူး၊ အခုမှ ဘာဖြစ်နေရတာလဲ"

ပီထရီက ရှင်းပြသည်။

"အခုလို လေထီးနဲ့ ခုန်ဆင်းလာရတဲ့ လူနှစ်ယောက်ကြောင့် တို့ ဒုက္ခရောက်တော့မှာ သိပ်သေချာသွားပြီ၊ ကားပျက်သွားတဲ့အတွက် ပူစီယိုကို ကုန်းကြောင်း သွားရရုံအပြင် ပိုမရှိနိုင်ဘူး"

သူက ဆဲလ်ဗားဘက် လှည့်ကြည့်လိုက်ပြန်သည်။

"ပူစီယိုမှာ တယ်လီဖုန်းရှိသလား၊ အင်း…ဒါဆိုလျှင် သိပ်မဆိုးသေးဘူး၊ သည်လိုကွ အက်ဒဝပ်ရေ၊ အခု ငါတို့ ပူစီယိုကို ရောက်အောင် အမြန်ဆုံး သွားရမယ်၊ ဟိုရောက်လျှင် ဂမ်ဘာရီက တို့ဆီကို ရေဒီယိုနဲ့ သတင်းပို့ထားတဲ့ တယ်လီဖုန်းနံပါတ်နဲ့ စကိုပါနာကို တယ်လီဖုန်း ဆက်ပြီး သူနဲ့ အဆက်အသွယ် လုပ်ဖို့ ကြိုးစားရမယ်၊ အဲလေ…သူက ရွာအထိ ကားနဲ့ လာကြိုနိုင်အောင်ပေါ့ကွာ"

"ခင်ဗျားပြောတာ သိပ်မဆိုးဘူး"

"ဒါပေမဲ့ အခု မိုးပေါ်က လေထီးနဲ့ ခုန်ဆင်းလာတဲ့ သည်နှစ်ယောက်ကြောင့် အခု တို့ သည်ရောက်နေတာကို ဘယ်သူမှ မသိစေချင်တဲ့ ဝှက်ဖဲ တို့လက်ထဲမှာ မရှိတော့ဘူး၊ ခုအချိန်အထိကတော့ တို့ သည်ရောက်နေတာကို ရန်သူဘက်က မသိကြသေးဘူး"

ပီထရီက ကောင်းကင်ကို လက်ညှိုးထိုးပြလိုက်သည်။ ပြီးမှ ဆက်ပြောပြန်သည်။

"ဒါပေမဲ့ သည်လူတွေ လေထီးနဲ့ ခုန်ချကြရတယ်ဆိုတာကို ရန်သူ့ဘက်က သိသွားပြီး သည်နေရာတစ်ဝိုက်ကို ပိုက်စိပ်တိုက်ပြီး လိုက်ရှာကြလိမ့်မယ်"

"သည်လိုကိုး… သည်လူတွေက ကျုပ်တို့ ကားပျက်သွားအောင် လုပ်တဲ့အပြင် နောက်ထပ် ဒုက္ခပေးသေးတယ်ပေါ့လေ"

"ဟုတ်တယ်၊ အခုတော့ သည်အတိုင်း ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပီထရီက ဆဲလ်ဗားဘက် လှည့်လိုက်သည်။ ဆဲလ်ဗားသည် ဒဏ်ရာရထားသော လက်မှ သွေးကို သုတ်ပစ်နေသည်။ ဒဏ်ရာမှာ အပေါ်ယံ ရှပ်မှန်ထားသော ဒဏ်ရာ ဖြစ်သော်လည်း သွေးတိတ်အောင် ဆေးသိပ်နေသည်။ ပီထရီက မှတ်ချက်ချသည်။

"ခင်ဗျား သောက်ကျိုးနဲ့ ကံကောင်းတဲ့လူ၊ အခု ရှပ်ထိရုံတင် ထိသွားတယ်၊ ဒါထက် တစ်လက်မလောက် အောက်ဘက် ရောက်သွားလျှင် လက်ကောက်ဝတ် ပြတ်သွားမှာ သေချာတယ်"

ဆဲလ်ဗားသည် ခပ်တည်တည် ပြန်ကြည့်ရင်း သူ့လက်ဖြင့် သူ့နှဖူးကို ချွေးပြန်သုတ်နေသည်။

"ပူစီယိုမှာ ကျုပ်အသိတွေ ရှိပါတယ်ဗျ"

ပီထရီက ပြန်ဖြေသည်။

"ခုအချိန်ကစပြီး အကူအညီပေးမယ့် မိတ်ဆွေအပေါင်းအသင်းတွေဆီက အကူအညီတွေ အများကြီး ရမှ ဖြစ်မှာဗျ"

ပီထရီက လက်ပတ်နာရီကို ပြန်ကြည့်လိုက်သည်။ နေ့လယ် ဆယ့်နှစ်နာရီခွဲလေပြီ။ နေက ချစ်ချစ်တောက် ပူနေသည်။ သူတို့လူစု ထိုချစ်ချစ်တောက် ပူနေသော နေရောင်ခြည်အောက်တွင် ပူစီယိုသို့ ခြေကျင် လျှောက်ကြရတော့မည်။ သူတို့နောက်ဘက်မှ အုန်းခနဲ မြည်သံကြီးတစ်ခု ပေါ်ထွက်လာသည်။ ကားဓာတ်ဆီတိုင်ကီ ပေါက်ကွဲသွားခြင်းပင်တည်း။ ဤတွင် မီးခိုးမည်းမည်း အလုံးကြီးတစ်လုံး ဝုန်းခနဲ ပေါ်ထွက်လာသည်။ သူတို့ ဘယ်နေရာတွင် ရှိသည်ကို ရန်သူအား လှမ်းအချက်ပြလိုက်သလို ဖြစ်နေပြီ။

ပီထရီက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ခပ်မြန်မြန် လစ်ကြမှ ဖြစ်မယ်ဗျို့၊ မကြာခင် ဒီနေရာကို ရန်သူတွေ အများကြီး ရောက်လာကြလိမ့်မယ်"

□ □ □

## - ခုနစ် -

သောကြာနေ့ ညနေ ၂ နာရီမှ ညနေ ၃ နာရီခွဲ

နေ့လယ် နှစ်နာရီအချိန်…သို့မဟုတ် သတ်မှတ်ထားသော 'ယ' နာရီသို့ ရောက်ရန် ဆယ်နာရီသာ လိုတော့သော အချိန်တွင် သူတို့သုံးယောက်သည် တောင်ကုန်းကလေးတစ်ခု၏ ထိပ်ဖျားဆီသို့ ယိုင်တီယိုင်ထိုး တက်လာကြပြီးနောက် ပူစီယိုရွာကို အပေါ်က ငုံ့ကြည့်လိုက်ကြသည်။

ထိုရွာငယ်ကလေးသည် သူတို့အောက်ဘက် နှစ်ဖာလုံခန့်တွင် ရှိနေသည်။ ထိုရွာကလေးမှာ တောင်ကုန်းကလေးတစ်ခု၏ ထိပ်ဘက် ပတ်ပတ်လည်တွင် တည်ဆောက်ထားသော ရွာကလေးတစ်ရွာပင်။ ရွာလယ် ဘုရားရှိခိုးကျောင်းမှ ခေါင်မိုးချွန်ချွန်ကြီးသည် ခပ်နိမ့်နိမ့် အိမ်ခေါင်မိုးများပေါ်မှ ထိုးထိုးထောင်ထောင်ကြီး ပေါ်ထွက်နေသည်။

သူတို့လူစု ရွာနားသို့ ရောက်လာသောအခါ အမည်းရောင် ကိုယ်ရုံကြီးကို ရုံထားသူ ဘုန်းတော်ကြီးတစ်ပါးသည် လားတစ်ကောင်ကို စီးနင်းလျက် သူတို့လူစုနှင့် ဆန့်ကျင်ဘက် အရပ်ဆီသို့ ထွက်ခွာသွားကြောင်း တွေ့လိုက်ကြရသည်။ ထိုဘုန်းတော်ကြီးသည် ဤနေရာတစ်ဝိုက်တွင် သူတို့လူစု ပထမဆုံး တွေ့မြင်ရသော သက်ရှိ လူသားတစ်ဦးပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်စလုံး ပင်ပန်းနွမ်းနယ်လှသောကြောင့် မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။ သူတို့ သုံးယောက်စလုံး၏ မျက်လုံးများကလည်း အဝေးဆီသို့ တဖြည်းဖြည်းနှင့် ရွေ့လျားပျောက်ကွယ်စပြုနေသော ဘုန်းတော်ကြီးကိုသာ ကြည့်နေမိကြသည်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ဤနေရာတစ်ဝိုက်တွင် ဤဘုန်းတော်ကြီးတစ်ပါးသာ လှုပ်လှုပ်ရှားရှား ရှိနေသောကြောင့် ကြည့်နေမိကြခြင်း ဖြစ်သည်။ ထိုရွာမှ လွန်သော် စစ်စလီကျွန်းသည် မီးဟုန်းဟုန်း တောက်လောင်နေသည့် မီးလောင်မြေပမာ ပူပြင်းလှသဖြင့် ထိုမြင်ကွင်းကို လှမ်းမကြည့်လိုကြချေ။

သူတို့လူစုသည် ကျောက်ဆောင်ကျောက်သားများပေါ်မှ ဖြတ်၍ ပူပြင်းလှသော နေရောင်ခြည်အောက်တွင် တစ်နာရီခွဲလုံးလုံး လာခဲ့ကြရသည် ဖြစ်ရာ ချွေးရွှဲရွှဲစိုနေသော ကျောပြင်ပေါ်သို့ နေပူသည်က တစ်မျိုး၊ အောက်ဘက်ရှိ ကျောက်ဆောင်ကျောက်သားများက အပူရှိန်ဟပ်သည်က တစ်ဖုံ အထက်ပူ အောက်ပူဒဏ်ကို တစ်ပြိုင်နက်တည်း ခံစားနေကြရလေသည်။

ရေးရေးသာ ပေါ်နေသော လမ်းတစ်လျှောက်လုံး ပီထရီက ဦးဆောင်ပြီး ရှေ့ဆုံးက သွားခဲ့သည်။ ကျန်နှစ်ယောက်ကလည်း သူ့နောက်မှ စက်ရုပ်ကြီးပမာ တကောက်ကောက် လိုက်လာကြသည်။ သူတို့ ခြေထောက်များက မခံမရပ်နိုင်အောင် နာကျင်လာသလို ခြေလှမ်းများကလည်း တဖြည်းဖြည်း နှေးလာကြသည်။ ချွေးရွှဲရွှဲစိုနေသော ရှပ်အင်္ကျီအောက်မှ ကျောပြင်ကလည်း စပ်ဖျင်းဖျင်း ဖြစ်နေသည်။ သူတို့အားလုံးသည် စိတ်ဆောင်မှုဖြင့်သာ တောင်ကုန်းထိပ်သို့ ရောက်လာကြခြင်း ဖြစ်ပြီး ခြေကုန်လက်ပန်းကျတော့မည့်ဆဲဆဲ ဖြစ်လာသည်။ ဆဲလ်ဗားကပင်လျှင် ဆေးပြင်းလိပ်ကို လွှင့်ပစ်လိုက်ရာ သူ့အတော်ပင်ပန်းသွားသည်မှာ သေချာသည်။

ခဏကြာသောအခါ ပူစီယိုရွာနှင့် မိုင်ဝက်ခန့် အကွာမှစ၍ အရှေ့ဘက်စူးစူးဆီသို့ ဦးတည်နေသော ဖဲပြားကလေးတစ်ချောင်းပမာ ရေးရေးပျပျကလေး မြင်နေရသည့် လမ်းကလေးကို လက်ညှိုးထိုးပြရင်း ဂျွန်ဆန်က ပြောလိုက်သည်။

"အဲဒါ စကိုပါနာကို သွားတဲ့လမ်း ဖြစ်ရမယ်၊ သည်ရွာကို ကြည့်ရတာကတော့ တစ်မျိုးကြီးပဲ၊ ဒါပေမဲ့ ကျုပ်တို့ အဲဒီရွာကို ဖြတ်ပြီး လမ်းမကြီးပေါ် ရောက်အောင် ဘာဖြစ်လို့ ဆက်မသွားသေးတာလဲ၊ ဟိုရောက်လျှင် ယာဉ်တစ်စီးစီးကို တားပြီး ခရီးဆက်ရအောင်"



ပီထရီက အသွားအလာ လုံးဝ ရှင်းလင်းနေသော လမ်းမကြီးဆီသို့ လှမ်းကြည့်ရင်း ပြန်ဖြေလိုက်သည်။

"လမ်းပေါ်မှာ ကားတွေ့ချင်မှ တွေ့မှာပေါ့၊ အဲဒါကြောင့် မသွားသေးတာ၊ ဒါပေမဲ့ ရွာကိုတော့ ငါ တစ်ယောက်တည်း သွားမယ်"

"မိုက်မိုက်ကန်းကန်း မလုပ်ပါနဲ့ဗျာ"

"အက်ဒဝပ်၊ ငါတစ်ယောက်တည်း သွားမှ ဖြစ်မယ်ကွ၊ သည်နည်းပဲရှိတယ်၊ သည်ရွာက အင်မတန် ခေါင်တဲ့ နေရာမှာ ရှိတယ်၊ သုံးယောက်စလုံးသွားလျှင် ကမ္ဘာ့နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်က လွှတ်လိုက်တဲ့ ကိုယ်စားလှယ်အဖွဲ့လို ထင်းထင်းကြီး ဖြစ်နေမှာပေါ့"

"လေထီးစစ်သားတွေကို လိုက်ရှာတဲ့ ရဲသားတွေ ရွာထဲ ရောက်ချင်ရောက်နေမှာ"

ဆဲလ်ဗားက ဝင်သတိပေးသည်။

"ရောက်တောင်နေပြီ ထင်တယ်၊ ရွာလယ်က ကွက်လပ်ကို သည်ကလည်း လှမ်းမမြင်ရဘူး"

ဤတွင် ပီထရီက ပြန်ဖြေသည်။

"ဒါဆိုရင် သုံးယောက်သွားမယ့်အစား တစ်ယောက်တည်း သွားတာက ရှောင်ဖို့ တိမ်းဖို့ ပိုလွယ်မှာပေါ့။ လမ်း ဒီဘက်က တောင်ကုန်း ထိပ်ဖျားကို မင်းတို့ မြင်ကြတယ် မဟုတ်လား၊ ခုအချိန်က စပြီး နောက်တစ်နာရီတိတိကြာရင် မင်းတို့နဲ့ ငါ အဲဒီတောင်ထိပ်မှာ ဆုံကြမယ်၊ တကယ်လို့ ငါ ရောက်မလာရင် မစောင့်ကြနဲ့၊ ကားတစ်စီးစီးကို ရအောင်တား၊ မောင်းတဲ့လူကို သေနတ်နဲ့ ချိန်ပြီး စကိုပါနာကို ရောက်အောင် သွားကြပေတော့၊ ဟိုရောက်ရင် ဂမ်ဘာရီဆီ ဖုန်းဆက်၊ သူ့ တယ်လီဖုန်းနံပါတ်ကို အလွတ်ရကြတယ် မဟုတ်လား၊ ဟော့... အက်ဒဝပ်၊ မင်းက ငါ့အစား ခေါင်းဆောင်ပြီး ဒီကိစ္စပြီးအောင် ဆက်လုပ်ဖို့က မင်းတာဝန်ပဲ"

"နေပါဦး...ကျုပ်တို့ ထွက်သွားပြီးတဲ့ နောက်ပိုင်းကျမှ အဲဒီတောင်ထိပ်ကို ခင်ဗျား ရောက်လာခဲ့ရင်ကော"

ပီထရီက ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ဒါဆိုရင် ငါ့အတွက် စီးစရာ ကားတစ်စီးစီး ထပ်ရှာပြီး မင်းတို့နောက် အမီလိုက်လာမှာပေါ့၊ သည်မှာ အက်ဒဝပ်၊ ခုအချိန်အထိ မကျောလောဆန့် မလုပ်နိုင်ခဲ့တဲ့ ကိစ္စကို တို့အောင်အောင်မြင်မြင် အကောင်အထည်

www.burmeseclassic.com

www.burmeseclassic.com



ဖော်နိုင်ခဲ့တယ်၊ စစ်စလီကျွန်းပေါ်ကို တို့ရောက်နေတာ ဘယ်သူမှ မသိသေးဘူး၊ မက်ဆီနာကို ရောက်အောင်သွားဖို့ အချိန်တွေ အများကြီး ရှိသေးတယ်၊ ဒီကျွန်းပေါ်ကို တို့ ရောက်နေတာကို ဘယ်သူမှ မသိအောင် ဆက်ထိန်းထားဖို့က တို့တာဝန်ဘဲ၊ တကယ်လို့များ ဂမ်ဘာရီနဲ့ အဆက်အသွယ်ရပြီး သူက တို့ အတွက် ကားတစ်စီးစီး စီစဉ်ပေးနိုင်မယ်ဆိုလျှင် တို့လုပ်ငန်းဟာ ဟန်ကျနေ တုန်းပဲလို့ ဆိုရမယ်၊ ကားတစ်စီးစီးကို ပြန်ပေးဆွဲတဲ့ အလုပ်ဟာ သိပ်မနိပ်ဘူး၊ ပြဿနာ ပေါ်လာနိုင်တယ်''

ဆဲလ်ဗားက စဉ်းစဉ်းစားစား မေးလိုက်သည်။

''အဲဒီ ဂမ်ဘာရီဆိုတာ အီတာလျံ လူမျိုးလား''

ပီထရီက ခပ်သွက်သွက် ညာပြောလိုက်သည်။

''အီတာလီ-အမေရိကန် ကပြားပါ၊ ကဲ...ကဲ... ကျုပ် တောင်အောက်ကို ဆင်းတော့မယ်၊ ပူစီယိုမှာရှိတဲ့ ခင်ဗျား လူတွေနဲ့ ဘယ်လို ဆက်သွယ်ရမှာလဲ''

ဆဲလ်ဗားသည် သူ့လက်မှ အထိမ်းအမှတ် လက်စွပ်တစ်ကွင်းကို ဆွဲချွတ်လိုက်သည်။ လက်စွပ်မှာ လက်နှင့် ကျပ်နေသဖြင့် တော်တော် ခက်ခက်ခဲခဲ ဆွဲချွတ်ရသည်။ ဆဲလ်ဗားက လက်စွပ်ကို ပီထရီထံ လှမ်းပေးလိုက်သည်။

''ရော့... အဲဒါကို ဝတ်သွား၊ ဒါကို မြင်ရင် ခင်ဗျားနဲ့ ကျုပ် အတွင်းကျကျ ရင်းနှီးကြတယ်ဆိုတာ သိကြလိမ့်မယ်၊ ကျုပ် လူတွေကတော့ ကုန်စုံရောင်းတဲ့လူ၊ မြင်းကုန်းနှီးပြင်တဲ့လူ၊ ခေါင်းရောင်းတဲ့လူ... အများကြီးပါပဲလေ''

အက်ဒဝပ်ဂျွန်ဆန်က မဲ့ပြုံး ပြုံးလိုက်သည်။ သူ့စိတ်ထဲကလည်း 'ဟုတ်တာပေါ့၊ ဆဲလ်ဗားက လူများများ သတ်လေလေ၊ ခေါင်းရောင်းတဲ့ သူဘာရာဇာက ပိုစီးပွားဖြစ်လေလေ၊ တော်တော် အပေးအယူ မျှနေကြတာကိုး' ဟု တွေးလိုက်သည်။ အက်ဒဝပ်ဂျွန်ဆန်သည် ညစ်ထေး စိုထိုင်းနေသော လက်ကိုင်ပဝါဖြင့် ဇက်ပိုးမှ ချွေးများကို သုတ်လိုက်သည်။ ဤတွင် မတ်တတ်ရပ်လိုက်သော ပီထရီက မော်ဇာပစ္စတိုကို လှမ်းပေးလိုက်ပြီး (အက်ဒဝပ်ထံမှ) ဂလီဆင်တီ ခြောက်လုံးပူးကို ပြန်ယူလိုက်သည်။ ယခုလောက် ပူပြင်းနေချိန်တွင် ဂျာကင်အင်္ကျီအောက်၌ ဂျာမန်လုပ် ရှန့်လ်ဖာမော်ဇာပစ္စတိုကို လုံခြုံအောင် ဝှက်ယူသွားဖို့ သိပ်မလွယ်လှချေ။ အင်္ကျီဝတ်ပြီး ဝှက်ယူသွားပါကလည်း သူ့ကို လူထူးလူဆန်းအဖြစ် ဝိုင်းသတိထားမိကြပေလိမ့်မည်။



ဂျွန်ဆန်က ထပ်သတိပေးသည်။

''ဂျိမ်း သတိထားသွားနော်၊ အဲဒီရွာဟာ ဒီက မြင်နေရသလို ငြိမ်းငြိမ်းချမ်းချမ်းရှိတဲ့ရွာ ဟုတ်ချင်မှ ဟုတ်မှာ''

''အေးပါကွာ၊ ငါ ဂရုစိုက်ပါ့မယ်၊ ကဲ နောက်တစ်နာရီအတွင်း မင်းတို့နဲ့ ငါ ပြန်ဆုံမယ်''

ဂျာကင်အင်္ကျီကို လက်ပေါ်တွင် တင်ရင်း တောင်ဆင်ခြေလျှော လမ်းကလေးအတိုင်း ပီထရီက စဆင်းသွားသည်။ ပီထရီက ပူစီယိုရွာသည် အခြားအခြားသော စစ်စလီကျွန်းပေါ်မှ ရွာကလေးများလို တိုက်ပွဲကြားတွင် မြေဇာပင် စစ်တလင်းအဖြစ် ခံထားရသည့် ရွာတစ်ရွာနှင့် တူနေသည်ဟု သတိထားလိုက်မိသည်။ ဟိုတစ်စ သည်တစ်စဖြင့် အရပ်လေးမျက်နှာဆီသို့ ဖရိုဖရဲ ပြိုကျနေသော အိမ်ခေါင်မိုးများကြောင့် ဝေဟင်မှ လေယာဉ်ဖြင့် တိုက်ခိုက်သည့် ဒဏ်ကို မကြာသေးမီက ခံခဲ့ရသည်ဟု ထင်စရာ ရှိသည်။ သို့သော် သည်ရွာတွင် ဗုံးတစ်လုံးတစ်လေမျှပင် ကျဖူးခြင်း မရှိချေ။ ဆင်းရဲနွမ်းပါးမှုဒဏ်က နှိပ်စက်ထားသောကြောင့်သာ ဖရိုဖရဲ ဖြစ်နေခြင်း ဖြစ်သည်။ သူအနားသို့ ရောက်လာသောအခါ ရွာဘေးတစ်လျှောက်တွင် ပတ်ပတ်လည် ခြံစည်းရိုးတံတိုင်း ကာထားကြောင်း တွေ့ရသည်။

သည်ရွာကို ညမှောင်မည်းမည်းထဲတွင် ချဉ်းကပ်လာသည့်တိုင်အောင် စစ်စလီကျွန်းပေါ်မှ ရွာတစ်ရွာနားသို့ ရောက်နေပြီ ဖြစ်ကြောင်း သူ သိမည် မလွဲချေ။ ရွာနားသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် တိရစ္ဆာန်များ၏ သေးနံ့ ချေးနံ့များ၊ အိမ်ပေါင်းစုံမှ စွန့်ပစ်ထားသော အညစ်အကြေးမျိုးစုံ၏ အနံ့အသက်မျိုးစုံက သူ့နှာခေါင်းထဲသို့ ရူးရူးရှရှ တိုးဝင်လာမှာ သေချာသည်။ တစ်ခါ ယင်ကောင်မျိုးစုံက သူ့ကို ဆီးကြိုနှုတ်ဆက်ကြသည်။ ပီထရီသည် ဘယ်လက်ဖြင့် ယင်ကောင်များကို ခါထုတ်ရင်း ဖုန်ထူသော လမ်းအတိုင်း ဆက်လျှောက်လာသည်။ ယခုအချိန်တွင် တောင်ကမူလေးပေါ်သို့ ပြန်တက်နေရလေပြီ။ သူ့ညာလက်ကမူ ဂျာကင်အင်္ကျီအိတ်ထဲတွင်ရှိနေပြီး ခြောက်လုံးပူးဒင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

ရွာလယ်သို့ ရောက်သောအခါ မြေကြီးလမ်းက ပိုကျဉ်းလာသည်။ အိမ်တွေကလည်း တစ်အိမ်နှင့်တစ်အိမ် ပူးပူးကပ်ကပ် ရှိနေသည်။ အဝတ်လှန်းသော ကြိုးတွေကလည်း သူ့ခေါင်းပေါ်တွင် ရှိနေသည်။ သူသည် မတ်စောက်သော လမ်းအတိုင်း ဆက်တက်လာရင်း မြင်းကုန်းနှီးပြင်သူ၏ အိမ်ကို စတွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ကြမ်းပြင်ပေါ်တွင် မြင်းကုန်းနှီးတချို့နှင့် သားရေဇက်ကြိုးအချို့ ရှိနေ၍ ဖြစ်သည်။ ဒါဆိုလျှင် ဆဲလ်ဗားဏ် အပေါင်းအသင်းတစ်ယောက် ဖြစ်လိမ့်မည်။ သို့သော် တယ်လီဖုန်းကြိုး မရှိ။ ထို့ကြောင့် ထိုအိမ်ကို ကျော်၍ ဆက်လျှောက်သွားသည်။

"ဆား…ဗျို့…ဆား…ဆား"

ကျောကုန်းပေါ်တွင် ဆားတောင်းကြီးကို သိုင်းပိုးထားသူ ဆားရောင်းသူက လမ်းကွေ့တစ်ခုမှ ပေါ်ထွက်လာရာ အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသူ အမျိုးသမီးတစ်ဦး ဆင်ဝင်ပေါ်မှ ပေါ်လာပြီး ဆွဲခြင်းငယ်တစ်လုံးကို ကြိုးဖြင့် ချည်၍ အောက်ဘက်သို့ လျှောချလိုက်သည်။ ထိုအမျိုးသမီးက စစ်စလီဘာသာဖြင့် အော်ပြောလိုက်ရာ ဆားလျှောက်ရောင်းသူက ဆားတောင်းကြီးကို မြေကြီးပေါ် ချလိုက်သည်။ ထိုဆားရောင်းသူ့ဘေးမှ ခပ်ဖြည်းဖြည်း ဖြတ်လျှောက်သွားသော ပီထရီသည် ဆားတောင်းထဲမှ ဆားအနည်းငယ်ကို နှိုက်ယူလိုက်ပြီးနောက် ပါးစပ်ထဲ ထည့်လိုက်သည်။ ထို့နောက် ဂျာကင်အင်္ကျီအိတ်ထဲမှ ရေပုလင်းကို ထုတ်၍ ရေနည်းနည်း မော့သောက်လိုက်သည်။ လောလောဆယ်ဆယ်မှာတော့ နေပူသဖြင့် ချွေးအထွက်လွန်မည့် ရောဂါကို ဤနည်းဖြင့် ခေတ္တ ထိန်းထားနိုင်ပေမည်။

ပီထရီသည် ယခင်ကထက် ခပ်ဖြည်းဖြည်း လျှောက်လာရင်း ရွာလယ်ကွက်လပ်ကို စေ့စေ့စပ်စပ် လေ့လာနေသည်။ ရွာလယ်ကွက်လပ်မှာ ပူစီယိုရွာ၏ ဗဟိုချက်မပင် ဖြစ်ပြီး နေ့လယ် အနားယူချိန် ဖြစ်သဖြင့် အရိပ်ထဲတွင် လား တစ်ကောင် နှစ်ကောင် ရှိသည်မှအပ ရွာ၏ တခြားအစိတ်အပိုင်းများ လိုပင် လူသူကင်းမဲ့နေသည်။ ပီထရီသည် အရက်ဆိုင်တစ်ဆိုင်နှင့် ဆက်သွယ်ထားသော တယ်လီဖုန်းကြိုးကို မတ်တတ်ရပ်ရင်း စိုက်ကြည့်နေသည်။

ကုန်စုံဆိုင်တံခါးမှာ ပိတ်ထားသော်လည်း အရက်ဆိုင်တံခါးက ပွင့်နေသည်။ ပီထရီသည် ချွေးပြန်နေသော သူ့ညာလက်ဖဝါးကို ဂျာကင်အင်္ကျီအိတ်ထဲ ပြန်သွင်းပြီး ခြောက်လုံးပူးဒင်ကို တင်းတင်းကျပ်ကျပ် ပြန်ဆုပ်ကိုင်ရင်း 'မာရီယို' ဟု ကမ္ပည်းထိုးထားသော အရက်ဆိုင် တံခါးဝဆီသို့ လျှောက်သွားသည်။

အနားသို့ ရောက်သောအခါ အရက်ဆိုင်အတွင်းဘက်မှ တကျောက်ကျောက် မြည်သံများ ပေါ်ထွက်လာသည်။ ထိုအသံ ရပ်သွားသောအခါ ရယ်သံမောသံများနှင့် မသဲမကွဲ စကားပြောသံများကို ကြားရပြန်သည်။ ပီထရီသည်



ကျောက်ပြား ခင်းထားသော စကြံလမ်းအတိုင်း လျှောက်သွားပြီး ဘယ်ဘက်ရှိ ဖွင့်ထားသော တံခါးပေါက်ထဲသို့ လျှောက်ဝင်သွားသည်။ ဘားကောင်တာ နောက်ဘက်တွင်ရှိနေသော အရက်ပုလင်းများကို မြင်လိုက်ရသည့်ကပင်လျှင် ရေငတ်နေသော သူ့ကို အငမ်းမရ သွားရည်ယိုလာစေသည်။

အရက်ရောင်းသည့် အခန်းကလေးမှာ သိပ်မကျယ်လှ။ မျက်နှာကြက် ကလည်း နိမ့်နိမ့်ကလေး ဖြစ်သည်။ အခန်းထဲရှိ ပြတင်းပေါက်အားလုံးကို ဖွင့်ထားသော်လည်း အခန်းထဲတွင် မှုန်းကျပ်ကျပ်ကြီး ဖြစ်နေသည်။ အန်းထဲရှိ စားပွဲ တစ်ဒါဇင်ခန့်အနက် စားပွဲတော်တော်ခပ်များများတွင် စစ်စလီအမျိုးသား များသည် ထိုင်ရင်း ကျားကစားနည်း တစ်မျိုးကို ကစားနေကြသည်။ နေလောင်ထားသောကြောင့် အသားညိုမည်းနေသည့် ထိုပုဂ္ဂိုလ်တချို့က ပီထရီကို ဦးထုပ်အောက်မှ မျက်လုံးဝင့်၍ ကြည့်လိုက်ကြပြီးနောက် မျက်လွှာချပြီး သူတို့ ကစားနေသည့် ကျားကွက်တွင် အာရုံပြန်စိုက်သွားသည်။ ပီထရီသည် ဘားကောင်တာ ရှိရာဆီသို့ ခပ်တင်းတင်း လျှောက်သွားပြီး ကောင်တာနောက်မှ ဆံပင်နက်နက်နှင့် မိန်းမပျိုကလေးကို ဝိုင်အရက် မှာလိုက်သည်။

"ဘီယန်ကို (ဝိုင်) နဲ့ အဖုံး မဖွင့်ရသေးတဲ့ ဘီလပ်ရည် တစ်ပုလင်း ပေးပါ"

အကင်းပါးပုံရသော ထိုမိန်းကလေး၏ မျက်လုံးအစုံသည် ဆဲလ်ဗား၏ လက်စွပ် ဝတ်ထားသော ပီထရီ၏ ညာလက်ကောင်တာပေါ်သို့ တင်လိုက်သည်နှင့်တစ်ပြိုင်နက် စက္ကန့်မဆိုင်း သတိထားမိလေတော့သည်။ ထိုကလေးမကလေးက ဝိုင်ပုလင်းမှ ဖော့ဆို့ကို ဖွင့်ရင်း ပီထရီကို တစ်ချက် မျက်စိဒေ့ကြည့်လိုက်သည်။ ထို့နောက် မျက်လွှာပြန်ချရင်း ဝိုင်အရက်ကို ဖန်ခွက်ထဲ လောင်းထည့်သည်။ ၎င်းနောက် မော့မကြည့်ဘဲ လူတစ်ယောက်ကို ခပ်ကျယ်ကျယ် အော်ခေါ်လိုက်သည်။

"အာတူရို"

ကျားကစားနေသူများထဲမှ တစ်ဦးသည် ထိုင်ရာမှ ထလာပြီးနောက် ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း ကောင်တာနား ကပ်လာသည်။ ဤတွင် ထိုကလေးမက လက်စွပ်ဝတ်ထားသော ပီထရီ၏ ညာလက် ဘေးကောင်တာပေါ်သို့ ဝိုင်အရက်ပုလင်းကို ဆောင့်ချလိုက်သည်။ ထိုကလေးမက ဒုတိယ ဖန်ခွက်ထဲသို့ ဝိုင်အရက် ထပ်လောင်းထည့်ပြီး သူ့ဆီသို့ တွန်းပို့လိုက်သည့် အချိန်အထိ ထိုလူက ထူးထူးခြားခြား သတိပြုမိဟန် မပြချေ။ ဤတွင်

www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်နိုင်သလို ဖြစ်လာသော ပီထရီက သူ့စိတ်ကို ချုပ်နှိမ်ရင်း အရက်ဖန်ခွက်ကို ကောက်ကိုင်လိုက်သည်။ ရှေးကျသော နံရံကပ် တယ်လီဖုန်းတစ်လုံးသည် ဆေးသားများ အလွှားလိုက် ကွာကျနေသော နံရံတွင် ချိတ်လျက်သားရှိနေသည်။ သူ ရပ်နေသည့် နေရာနှင့်လည်း သိပ်မဝေးလှချေ။ သို့သော် တယ်လီဖုန်း မဆက်မီ ဘာဖြစ်လာဦးမည်ကို သူက စောင့်ကြည့်လိုသေးသည်။ အရပ်ပုပု၊ ဝတုတ်တုတ် ကိုတောသားသည် အရက်ခွက်ကို သူနှင့်ပြိုင်တူ ကောက်ကိုင်ပြီး ''လေးစားပါတယ်'' ဟု တစ်ခွန်းပြောလိုက်သည်။ ဤစကားတစ်ခွန်းမှာ လက်စွပ်ကို သူ သတိထားမိကြောင်း အသိပေးခြင်းပင် ဖြစ်သည်။ ထို့နောက် သူ့စားပွဲရှိရာသို့ ပြန်လျှောက် သွားသည်။ ပီထရီသည် အခန်းကို တစ်ပတ် အကဲခတ်လိုက်ပြီးနောက် လိုင်ယာ ငါးဆယ်တန် ငွေစက္ကူတစ်ရွက်ကို အရက်ရောင်းသူ မိန်းကလေးထံ လှမ်းပေးလိုက်သည်။

ထိုမိန်းကလေးက သူ့ဖန်ခွက်ထဲသို့ ဝိုင်အရက် ထပ်ဖြည့်ပေးနေစဉ် သူက အသံခပ်တိုးတိုးဖြင့် ပြောလိုက်သည်။

''စကိုပါနာက နံပါတ်တစ်ခုကို ဆက်ချင်တယ်၊ ခေါ်ခ ဘယ်လောက်ကျမလဲဆိုတာ သိရင် ပိုတာကို မင်းပဲ ယူလိုက်တော့''

သူက အလွတ်ကျက်လာသော တယ်လီဖုန်းနံပါတ်တစ်ခုကို ပြောလိုက်ပြီး အရက်ဆက်သောက်နေသည်။ ထိုမိန်းကလေးကလည်း တယ်လီဖုန်းဘေးရှိ လက်ကိုင်ကို လှည့်လိုက်သည်။ မှန်သည်။ အချိန်တော်တော် ယူရမည့် လုပ်ငန်းတစ်ခုပင်တည်း။ သူလေ့လာမှတ်သားခဲ့ရသော သင်ခန်းစာတစ်ခုကတော့ 'ရန်သူ့နယ်မြေထဲ ရောက်နေစဉ် ကိုယ်ဘက် သူ့ဘက် မသေချာသော အဆောက်အအုံ တစ်ခုခုထဲတွင် လိုအပ်သည်ထက် ပို၍ကြာကြာမနေရ' ဆိုသည့် အချက်ပင်တည်း။ တစ်ဖန် မည်မည်ရရ အကြောင်းမပြနိုင်ပါဘဲနှင့် သည်အရက်ဆိုင်ထဲတွင် နေရသည်ကို သူ မသိုးမသန့် ဖြစ်နေသည်။ ကျားကောင်များကို တကျောက်ကျောက် ရှေ့နေသံ၊ တောသားကြီးများသည် ဣန္ဒြေရရ အရက်သောက်ရင်း ယင်ကောင်များကို လက်ဖြင့် ဖေ့ရမ်းပစ်နေပုံတို့မှာ သူ့အတွက် အထူးအဆန်း ဖြစ်နေသည်။ သို့သော် သည်အရပ်ဒေသသည် တစ်နေ့လုပ် တစ်နေ့စား၊ မနက်ဖြန်အတွက် စားစရာမရှိသော စစ်စလီကျွန်းသား စစ်စစ်များ နေထိုင်ရာ အရပ်ပင် ဖြစ်သည်။ ရာရှင်စနစ် ရှိနေသည့် တိုင်အောင် စစ်ဖြစ်နေကြောင်း သူတို့ သိချင်မှ သိပေမည်။



ဘားကောင်တာနောက်ရှိ မိန်းကလေးက သူ့ကို အီတာလျံ ဘာသာစကားဖြင့် ''အခုဆိုရင် သိပ်မကြာတော့ပါဘူး'' ဟု နှစ်သိမ့်လိုက်ပြီးနောက် တယ်လီဖုန်းစကားပြောခွက်ထဲသို့ စစ်စလီကျွန်းသား ဘာသာစကားဖြင့် ပြန်ပြောလိုက်ပြန်သည်။ သည်ကျွန်းပေါ်တွင် သိပ်မကြာတော့ပါဘူးဆိုသည့် စကားမှာ တမေ့တမော အသချေ၊ အနန္တကာလအထိ ကြာသွားနိုင်သည်။

ပီထရီတစ်ယောက် ဦးနှောက်ခြောက်နေသဖြင့် တကျောက်ကျောက် မြည်နေသည့် ကျားရွှေ့သံကိုပင် စိတ်တိုနေမိသည်။ သူ သည်နေရာက ခပ်မြန်မြန် ထသွားချင်စိတ် ပေါက်လာသည်။ သို့သော် ထိုအခိုက်မှာပင် သူ သတိထားလိုက်မိသည့် အချက်တစ်ချက် ရှိလာသည်။ 'အာတူရို' သည် လယ်သမား သုံးဦးနှင့်အတူ ကျားကွက်ထဲတွင် စိတ်ဝင်စားနေပုံရသည်။ ပီထရီကိုပင် သတိရဟန် မတူတော့ချေ။ သို့သော် ကျန်စားပွဲတစ်လုံးမှ ခပ်ပိန်ပိန်၊ မျက်နှာပေါက် ခပ်ဆိုးဆိုး စစ်စလီ ကျွန်းသားတစ်ယောက်သည် သူ့ကို စူးစူးစိုက်စိုက်ကြည့်နေရာ ပီထရီနှင့် မျက်လုံးချင်း ဆုံမိသောကြောင့် ထိုလူက ကပျာကယာ မျက်နှာလွှဲလိုက်ပြီး ကျားပြန်ကစားသည်။ သို့သော် သူ့မျက်နှာထားကို ပီထရီက သိပ်မကြိုက်လှချေ။ သူ့စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ ပီထရီသည် သည်လူအုပ်ထဲတွင် သူလို ငါလို တောသားကိုက်ဖမ်းနေသူ ဖြစ်သည်။ သို့သော် သည်မျက်နှာပေါက် ခပ်ဆိုးဆိုးလူက သူ့ကို ကွက်ပြီး သတိထားမိလောက်အောင် ဘာများ မှားသွားပါလိမ့်။ သူနှင့် အာတူရို ယှဉ်ရပ်နေစဉ်က အာတူရို၏ အမူအရာတစ်ခုခုကြောင့် သတိထားမိသွားခြင်း ဖြစ်နိုင်သည်။

ပီထရီသည် ဘားကောင်တာဆီသို့ မသိမသာ ပြန်လှည့်ကြည့်ရင်း သူ ဆိုင်ထဲသို့ ဝင်လာစကတည်းက သတိပြုမိခဲ့သော အချက်တစ်ချက်ကို သေချာအောင် ထပ်ကြည့်လိုက်ပြန်သည်။ သူထပ်ကြည့်သည့်နေရာမှာ ဒုတိယ ထွက်ပေါက်ပင်တည်း။ ဘားကောင်တာနှင့် မလှမ်းမကမ်း နောက်ဘက်ရှိ အရက်စင်မြင့် အောက်ဘက်တွင် တံခါးရွက်တစ်ရွက် တစ်ဝက်ခန့် ပွင့်နေသော တံခါးပေါက် တစ်ပေါက် ရှိသည်။ အရေးကြုံခဲ့သော် ဘားကောင်တာကို ကျော်ပတ်ပြီး ထိုတံခါးပေါက်ဆီသို့ ထွက်ပြေးရန်သာ ရှိသည်။ သူက အရက်ဖန်ခွက်ကို နောက်ထပ် တစ်ကျိုက် ထပ်မော့လိုက်စဉ် အမျိုးသမီးကလေးက မျက်စချီယင်း...

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ချိန်းကလည်း ကြာလိုက်တာ" ဟု ပြောပြီး တယ်လီဖုန်းဘေးမှ လက်ကိုင်ကို ခပ်နာနာ လှည့်လိုက်သည်။ ထို့နောက်…

"ဩ…စကိုပါနာလား" ဟု ပြောပြီး စကားပြောခွက်ကို ပီထရီထံ တရိုတသေ လှမ်းပေးသည်။ ပီထရီသည် စကားပြောခွက်ကို တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီးနောက် တစ်ခန်းလုံးကို အကဲခတ်နိုင်အောင်နံရံကို ကျောနှင့် မှီထားလိုက်သည်။ လူကြားထဲတွင် ပြောရဆိုရတာ သိပ်လွယ်မှာတော့ မဟုတ်ချေ။

သူက ခပ်တိုးတိုး ပြောလိုက်သည်။

"ကျွန်တော် ဆီညော်ဂမ်ဘာရီနဲ့ စကားပြောပါရစေ… သိပ်အရေး ကြီးလို့ ပါဗျာ"

"ဝမ်းနည်းပါတယ် ခင်ဗျာ…သူ သည်မှာ မရှိပါဘူး။ အခုပြောတာ ဘယ်သူပါလဲ"

ထိုအသံမှာ ယောက်ျားသံ ဖြစ်သည်။ အသံကျယ်သည်။ သို့သော် အသံကို ထိန်းပြီး ပြောနေပုံရသည်။ ပီထရီတစ်ယောက် အတော်ကလေး လန့်သွားသည်။ စကိုပါနာတွင် ဘာတွေများ ဖြစ်ကုန်ပြီလဲ မသိ။ ထိုအခိုက်တွင် အာတူရို ရှိသော စားပွဲမှ လယ်သမားတစ်ယောက် ထိုင်ရာမှ ထပြီး အရက်ဆိုင် ထဲက ထွက်သွားသည်။ စကိုပါနာမှ ပြောနေသူသည် ရုတ်တရက် ခပ်ဆိုင်းဆိုင်း ဖြစ်သွားပုံရသည်။ ထိုလူက နောက်တစ်ကြိမ် ခပ်ဆတ်ဆတ် ထပ်မေးသည်။

"အခုပြောနေတာ ဘယ်သူလဲ ခင်ဗျ"

ပီထရီက အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်သည်။ တစ်ဦးနှင့် တစ်ဦး ဆက်သွယ်ရာတွင် ပြောရမည့် အချက်ပေး စကားဝှက်ကို အရဲစွန့်ပြီး ပြောမှ ဖြစ်တော့မည်။

"ကျုပ် ပလာမိုက လိမ္မော်သီးတွေ သယ်လာပါတယ်"

သည်တစ်ကြိမ်တွင် တစ်ဖက်လူက ပြန်မဖြေမီ အတော်ကလေး ဆိုင်းသွားသည်။ ပြီးမှ…

"ဒီရာသီမှာ ဈေးသိပ်ကြီးမှာတော့ မဟုတ်ဘူး၊ လိမ္မော်သီး ဘယ် လောက် ပါလာသလဲ"

သူ့ရင်ထဲက အလုံးကြီး ကျသွားသည်။ သို့သော် သူ့လေသံတွင် မပေါ်လွင်စေရန် ပီထရီက ကြိုးစား၍ ထိန်းလိုက်ရသည်။ တစ်ဖက်မှ အသံရှင်



သည် ကြိုစီစဉ်ထားသော စကားဝှက်များဖြင့် ပြန်ဖြေနေပြီ ဖြစ်သဖြင့် သူ ဂမ်ဘာရီနှင့် ပြောနေရသည်မှာ သေချာသွားလေပြီ။

"ကီလို ကိုးဆယ်ထဲပါဗျာ၊ ဒါပေမဲ့ စကိုပါနာကို အရောက်ပို့ဖို့ အခက်အခဲ ဖြစ်နေပါတယ်"

"အခု ဘယ်မှာလဲ"

"ပူစီယိုမှာ…အဲဒီရွာဟာ…"

"အဲဒီနေရာကို ကျုပ် သိပါတယ်။ ကျုပ်ကိုယ်တိုင် ကားနဲ့လာပြီး ချက်ချင်း သယ်လို့ ရပါတယ်။ အခု ခင်ဗျားတို့ ပြဿနာ ဖြစ်နေတာ သယ် စရာ ယာဉ် မရှိလို့ဘဲ မဟုတ်လား"

ဂမ်ဘာရီ၏ လေသံမှာ လုပ်တတ်ကိုင်တတ်သူ တစ်ဦး၏ လေသံမျိုး ဖြစ်သဖြင့် ပီထရီတစ်ယောက် စိတ်သက်သာရာ ရသွားသည်။

"ဟုတ်ပါတယ်… မရှိပါဘူး…ဒါပေမဲ့ ကျုပ်တို့ သုံးယောက်ကို ရွာပြင်မှာ လာခေါ်မှ ဖြစ်မယ်"

ဂမ်ဘာရီက ပြန်မေးသည်။

"စကိုပါနာ လမ်းပေါ်မှာလား"

"သည်ကနေ သိပ်မဝေးတဲ့ နေရာမှာပါ"

"ဒါဆိုရင် ခင်ဗျားတို့ဆီ တစ်နာရီအတွင်း အရောက်လာခဲ့မယ်၊ ဒါ့ထက်လည်း ပိုစောချင်စောတယ်၊ ကျုပ်ကားက မာစီးဒီး မီးခိုးရောင်၊ ကားနံပါတ်က အမ်အလ် ၄၈၂၀၊ ကျုပ် တစ်ယောက်တည်း လာခဲ့မယ်။ ခင်ဗျားတို့နဲ့ စီဖလူး လမ်းခွဲမှာ တွေ့မယ်။ ပူစီယိုက လာရင် ဘယ်ဘက် ချိုးတာက စီဖလူးကို သွားတဲ့လမ်း၊ ရှေ့တည့်တည့် ဆက်သွားရင် စကိုပါနာကို ရောက်လိမ့်မယ်၊ ကဲ… နားလည်လား"

"ဟုတ်ကဲ့…ကျေးဇူးပါပဲ၊ ဘယ်လောက်များဝေး…"

"အဲဒီလမ်းဆုံဟာ ပူစီယိုရွာ အရှေ့ဘက် တစ်ကီလိုမီတာလောက် ဝေးတယ်၊ ခင်ဗျား လာပို့တာ သိပ်နောက်ကျတယ် ဆီညော်"

မှန်သည်။ သိပ်နောက်ကျတယ်ဆိုတာ မှန်သည်။ သူတို့ စကိုပါနာသို့ နံနက်ဆယ်နာရီ အရောက်လာရန် စီစဉ်ခဲ့သည် မဟုတ်ပါလား။

"လေးနာရီကျော်ကျော်လောက် နောက်ကျသွားတယ် ခင်ဗျ"

"ကျုပ် လမ်းဆုံကို ရောက်ရင် ကားရပ်ပြီး ခင်ဗျားတို့ကို စောင့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းထဲက အသံတိတ်သွားလေပြီ။ အချိန်ဖြုန်းသော နှုတ်ဆက်စကား တစ်လုံးတလေမျှ မပြောဘဲ တယ်လီဖုန်းစကားပြောခွက်ကို ပြန်ချသွားသည်။

ပီထရီက စကားပြောခွက်ကို ပြန်ကမ်းပေးလိုက်စဉ် အရက်ဆိုင်ထဲသို့ လူသုံးယောက် ဝင်လာပြီး တံခါးပေါက်နှင့် အနီးဆုံး စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ တစ်ယောက်မှာ အာတူရို၏ စားပွဲမှ ထသွားသောလူ၊ ကျန် တစ်ယောက်ကမူ သူ့ခါးတွင် ချည်ထားသော အဝတ်စရေ့ပိုင်း၌ ဂျုံမှုန့်များ ပေရေနေသည်။ သူက ကုန်စုံဆိုင်ပိုင်ရှင် ဖြစ်ရမည်။ ဆဲလ်ဗားအ၏ အပေါင်းအသင်း ရောင်းရင်းများသည် မာဖီးယားဂိုဏ်း ခေါင်းဆောင်၏ လက်စွပ်ကို ဝတ်လာသည့် ပုဂ္ဂိုလ်အား လာလေ့လာကြခြင်းပင်။

ပီထရီသည် ဘားကောင်တာနောက်မှ အမျိုးသမီး လှမ်းပေးလိုက်သည့် အကြွေများကို လက်ခံယူရင်း တံခါးပေါက်ဆီသို့ လျှောက်လာသည်။ သို့သော် ရုတ်တရက် ရပ်လိုက်မိပြန်သည်။ ထရပ်ကားတစ်စီး၏ အသံနှင့် မော်တော်ဆိုင်ကယ်သံများက အေးချမ်းသော ပတ်ဝန်းကျင်ကို ဖျက်ဆီးလိုက်လေပြီ။ ကျွီခနဲ ဘရိတ်ဖမ်းသံများ၊ စစ်ဖိနပ်သံများကို ကြားလိုက်ရသောကြောင့် နောက်ဖေးပေါက်မှ ပြန်ထွက်သွားရန်အတွက် ဘားကောင်တာဆီသို့ ခြေဦးလှည့်လိုက်စဉ် လှံစွပ်တပ်ထားသော ရိုင်ဖယ်များကို ကိုင်ထားသည့် စစ်သားများ ဆိုင်ထဲသို့ ရောက်လာကြသည်။ တပ်ကြပ်ကြီးက အီတာလျံဘာသာဖြင့် လူတိုင်း ကိုယ့်နေရာတွင် ပြန်နေရန် အမိန့်ပေးလိုက်သည်။ ဘားကောင်တာနောက်မှ အမျိုးသမီးလေးက ပီထရီကို အရက်တစ်ခွက် ကပျာကယာ လောင်းထည့်ပေးလိုက်သည်။ ဤတွင် ပီထရီက အရက်ဖန်ခွက်ကို ပါးစပ်တွင် တေ့ရင်း ဘားကောင်တာကို မှီ၍ စောင့်နေရလေတော့သည်။

□

ယူနီဖောင်းဝတ် စစ်သားများသည် တန်းစီ၍ရပ်ရင်း အခန်းထဲ၌ ရှိသူများကို သေနတ်ဖြင့် ချိန်ထားလိုက်သည်။ ပီထရီတစ်ဦးတည်း ဘားကောင်တာတွင် မတ်တတ်ရပ်နေသည်ကို မြင်သွားသော တပ်ကြပ်ကြီးက သူ့ကို လက်ညှိုးထိုးရင်း အော်လိုက်သည်။

''ဟေ့လူ…ခင်ဗျား ခုချက်ချင်း စားပွဲတစ်လုံးလုံးမှာ ဝင်ထိုင်စမ်း''



ပီထရီသည် အာတူရို ရှိနေသော စားပွဲဘေးရှိ စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဤတွင် နှစ်ခုံကျော်၌ ရှိနေသော မျက်နှာပေါက် ခပ်ဆိုးဆိုးလူနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ ဤတွင် တပ်ကြပ်ကြီးက လှုပ်လှုပ်ရွရွ လုပ်သူများကို ပြင်းထန်စွာ အရေးယူမည် ဖြစ်ကြောင်း ကြိမ်းမောင်းပြန်သည်။ ထို့နောက် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော စစ်ဗိုလ်တစ်ယောက် အခန်းထဲ ဝင်လာသဖြင့် ကပျာကယာ အလေးပြုရင်း ထပ်အော်လိုက်ပြန်သည်။

''ဟေ့…ဒါ ဗိုလ်ကြီး 'ဆိုဒါနို'ပဲ၊ အားလုံးငြိမ်''

သို့သော် သူ မပြောလည်း မည်သူကမျှ စကားမပြောကြပါ။ ပီထရီက မျက်နှာထားတင်းတင်းနှင့် လူကို အကဲခတ်လိုက်သည်။ သည်လူ ဝေခွဲမရ ဖြစ်နေဟန်တူသည်။ သူသည် ထိုင်ရာက ထပြီး စကားပြောတော့မည်လို ဖြစ်သွားပြီးမှ အာတူရိုက သူ့ကို စိုက်ကြည့်နေကြောင်း သိသွားသဖြင့် မထဖြစ်တော့ချေ။ ဤတွင် ဗိုလ်ကြီး ဆိုဒါနိုက အီတာလျံဘာသာဖြင့် မိန့်ခွန်းခြွေလေတော့သည်။

''ဗြိတိသျှ စပိုင်နှစ်ယောက် ပူစီယိုရွာနားမှာ တွေ့လိုက်ရတယ်၊ သည်တော့ သည်လူတွေ သည်ရွာထဲမှာ ဝင်ပုန်းနေနိုင်တယ်၊ ဒါ့ကြောင့် လွန်ခဲ့တဲ့ နှစ်နာရီအတွင်း လူစိမ်းသူစိမ်းတွေ လာတာကို တွေ့လိုက်မိကြသလား၊ ပူစီယိုမှာ တစ်ခါမှ မတွေ့ဖူးတဲ့ လူတွေကို မြင်မိကြသလား''

ဆိုဒါနိုက တစ်ခန်းလုံးကို မျှော်လင့်ချက်ကြီး တစ်ခွဲသားဖြင့် တစ်ယောက်စီ၏ မျက်နှာကို လိုက်အကဲခတ်သည်။ သူ့မျက်လုံးအစုံသည် မျက်နှာပေါက် ခပ်ဆိုးဆိုး ပုဂ္ဂိုလ်ဆီ ရောက်သွားသောအခါ ခဏဆိုင်းသွားသည်။ ထို့နောက် တခြားလူများကို ဆက်ကြည့်ပြန်သည်။ စားပွဲများတွင် ထိုင်နေသူ လယ်သမားများသည် တစ်ဦးနှင့် တစ်ဦး အူကြောင်ကြောင် လှမ်းကြည့်ရင်း ပခုံး တွန့်ပြကြသည်။ သို့သော် မည်သူကမျှ ပီထရီရှိနေသည့် စားပွဲသို့ လှမ်းမကြည့်ကြကြောင်း သူ သတိထားမိသည်။ တကယ်ကတော့ သူသည် စားပွဲတစ်လုံးတွင် အဖော်မရှိဘဲ တစ်ယောက်တည်း ထိုင်နေသူ ဖြစ်သည်။ တပ်ကြပ်ကြီး အမိန့်ဖြင့် လာထိုင်သည်ဟု ဆိုရသည့်တိုင်အောင် ထီးတည်းကြီး ပေါ်နေသည်ဟု သူ့စိတ်ထဲတွင် ခံစားမိသည်။ ဘားကောင်တာ နောက်မှ မိန်းကလေးကလည်း ဖန်ခွက်ကို အဝတ်စတစ်စဖြင့် ထပ်တလဲလဲ ပွတ်နေသည်။ ထိုကဲ့သို့ ဖန်ခွက်ကို ပွတ်နေစဉ် မျက်နှာကြက်သို့ မော့ကြည့်သည့်အခါ ကြည့်သည်။ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်သည့်အခါ ကြည့်သည်။ စစ်သား

www.burmeseclassic.com

www.burmeseclassic.com



တွေဆီ လှမ်းကြည့်သည့်အခါ ကြည့်သည်။ သို့သော် ပီထရီဆီကိုတော့ လုံးဝ မကြည့်ချေ။

ဗိုလ်ကြီး ဆိုဒါနို့က ဆက်ပြောသည်။

''တွေ့တဲ့ လူအတွက် ဆုငွေ ရနိုင်တယ်''

ပီထရီသည် ရင်ထဲက ဖြစ်ပေါ်လာသော ဒေါသကို ချုပ်တည်းလိုက်ရသည်။ တိုက်လေယာဉ် ဘောင်းဖိုက်တာ ဒုက္ခပေးသောကြောင့် နှစ်ထပ်ကွမ်း ဒုက္ခရောက်ခဲ့ရသည်။ 'ဗြိတိသျှ စပိုင်နှစ်ယောက်' ဟု ပြောသည်မှာ လေထီးဖြင့် ဆင်းလာရသော လေယာဉ်မောင်းသမားနှစ်ဦးကိုပင် ရည်ညွှန်းပုံရသည်။

လယ်သမားကြီးများကတော့ ဗိုလ်ကြီးဆိုဒါနို့ ပထမ ပြောစဉ်ကလိုပင် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ပြီး ပခုံးတွန့်ပြကြပြန်သည်။ သည်အခြေအနေမှာ နည်းနည်းတော့ အသည်းယားစရာ ကောင်းသည်။ ဤအရက် ရောင်းသော အခန်းထဲတွင် ရှိသူ အားလုံးက ပီထရီသည် လူစိမ်းသူစိမ်း ဖြစ်ကြောင်း သိကြမည် မလွဲပေ။ သို့သော် ဟိုမျက်နှာပေါက် ခပ်ဆိုးဆိုး လူကိုတော့ ပြောရခက်လှသည်။ ပြီးတော့ အဆိုပါ မျက်နှာပေါက် ခပ်ဆိုးဆိုး လူသည် 'ကြေးစားသတင်းပေး' တစ်ဦးဖြစ်ကြောင်း ယုံမှားဖွယ် မရှိပါ။ သို့ရာတွင် ဤဆိုင်ထဲ၌ အာတူရိုနှင့် မာဖီးယားလူဆိုး အဖွဲ့ဝင်များ ရှိနေသောကြောင့် ရေငုံနှုတ်ပိတ် လုပ်နေဟန် တူသည်။ ဤဆိုင်ထဲတွင် လက်နက်ကိုင် တပ်မတော်သားများနှင့် မာဖီးယားအုပ်စုဝင် လူဆိုးများ လက်တစ်ကမ်းအကွာ၌ ရှိနေကြသည်မှာ ကျောချမ်းစရာ ကောင်းလှသည်။ ယခုလို အဆိုးတရားနှစ်ခု အားပြိုင်နေသည်မှာ မည်မျှကြာအောင် တောင့်ခံထားနိုင်မည် မသိချေ။

ဗိုလ်ကြီးဆိုဒါနို့က ထပ်ကြေငြာသည်။

''ကဲ...ကဲ...ခုပုံအတိုင်းဆိုရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူမှ သိပုံမပေါ်ဘူး။ ဒီတော့ တို့ ဒီအရက်ဘားကို အလကား မဖြစ်အောင် အသုံးချကြမှ တော်မယ်''

ထိုဆုံးဖြတ်ချက်မှာ လူတိုင်း ကြိုက်သော ဆုံးဖြတ်ချက်ပင် ဖြစ်သည်။ စစ်သားအားလုံး အရက်ဘားကောင်တာဆီသို့ စုပြုံလာကြသည်။ သို့သော် ဗိုလ်ကြီးဆိုဒါနို့ ကိုယ်တိုင် ရှေ့တိုးလာသဖြင့် လမ်းဖယ်ပေးရပြန်သည်။ ဤကိစ္စကြောင့် ဆိုင်ထဲတွင် တင်းမာမှု လျော့နည်းသွားသင့်သည်။ သို့သော် အပြင်သို့ ထွက်ပေါ်မလာသော်လည်း တင်းမာမှုက ယခင်ကထက် ပိုပြင်းထန်လာသည်။ အရက်ဆိုင် တံခါးဝတွင် အစောင့်အကြပ်များ ချထားဆဲပင်။ ဘားကောင်တာ



နောက်မှ အမျိုးသမီးကလေးကလည်း လက်မလည်အောင် အရက်ထည့်ပေးနေရသည်။ သို့သော် အရက်ဆိုင်ထဲက မည်သူမျှ ပြန်ထွက်မည့်ပုံ မပေါ်။

ပီထရီသည် အရက်ကို မှုဉ်းသောက်ရင်း မျက်နှာပေါက် ခပ်ဆိုးဆိုး ပုဂ္ဂိုလ်ကို မျက်ခြည်မပြတ် လှမ်းကြည့်နေသည်။ ထိုပုဂ္ဂိုလ်သည် ဘားကောင်တာသို့ သွားရန် မတ်တတ်ရပ်လိုက်သည်။ သည်နည်းဗျူဟာကတော့ အတော်ကလေး ရှင်းသည်။ ဆိုဒါနို့သည် သတင်းပေးသူ သူ့ဆီသို့ ချဉ်းကပ်လာနိုင်အောင်နှင့် တိုးတိုးကလေး သတင်းလာပေးနိုင်အောင် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။ သူ သွားပေးမည့် သတင်းကလည်း ပီထရီအကြောင်းပဲ ဖြစ်ရမည်။ မိနစ်အနည်းငယ်အတွင်း သူ အဖမ်းခံရတော့မည်မှာ သေချာသည်။ အခြားလယ်သမားများကလည်း ဘားကောင်တာဆီသို့ လာနေကြသည်။ ထိုအခိုက်တွင် အာတူရိုက သူ့နောက်ဘက် စားပွဲတွင် ထိုင်နေသူ တစ်ယောက်ကို တိုးတိုးကလေး လှမ်းပြောလိုက်သည်။ ဤတွင် ထိုလယ်သမားက ကမန်းကတန်း မတ်တတ်ရပ်လိုက်ရာ မျက်နှာပေါက် ခပ်ဆိုးဆိုး ပုဂ္ဂိုလ်ကို ဝင်တိုးမိတော့သည်။ ထို့ကြောင့် သူက စစ်စလီဘာသာ စကားဖြင့် စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်ပြီး ထိုလူ့လက်ထဲမှ ပြောင်သလင်း ခါနေသော အရက်ဖန်ခွက်ကို လှမ်းယူလိုက်သည်။ မျက်နှာပေါက်ခပ်ဆိုးဆိုး ပုဂ္ဂိုလ်က တစ်စုံတစ်ရာ မပြောနိုင်ခင် ထိုလူက ဘားကောင်တာဆီသို့ ထွက်ခွာသွားလေပြီ။

ထို့ကြောင့် မျက်နှာပေါက် ခပ်ဆိုးဆိုး ပုဂ္ဂိုလ်သည် မထိုင်ချင့်ထိုင်ချင်ဖြင့် စားပွဲတွင် ပြန်ထိုင်လိုက်ရသည်။ ပီထရီကလည်း ယောင်ယမ်းပြီး သူ့မေးစေ့ကို သူပြန်ပွတ်မိသည်။ ခဏတော့ စိတ်အေးရလေပြီ။ သို့သော် သိပ်ကြာမည့်ပုံတော့ မပေါ်။ ဤတွင် လက်တစ်ဖက်က သူ့ကျောကို လာပုတ်သည်။ ပီထရီက လှည့်ကြည့်ရာ ထိုလက်ဖြင့် ပုတ်သူက သူ့ကို ဘားကောင်တာဆီသို့ သွားရန် လက်ဟန် ခြေဟန်ဖြင့် ခိုင်းနေသည်။ ဘားကောင်တာရှိ ကလေးမလေးကလည်း သူ့ဆီသို့ လှမ်းကြည့်ရင်း ပုလင်းတစ်လုံးကို မြှောက်ပြနေသည်။ သည်လူတွေ ဘာများ အကြံအဖန် လုပ်နေကြပါလိမ့်။

သူက စစ်သားများကြားမှ တိုးတိုးဝှေ့ဝှေ့ဖြင့် ဘားကောင်တာဆီသို့ ထလျှောက်သွားစဉ် အာတူရို၏ မိတ်ဆွေသည် အရက်အပြည့် ထည့်ထားသော ဖန်ခွက်နှစ်ခွက်ဖြင့် ပြန်လာနေခိုက် ဖြစ်သည်။ ဆိုဒါနို့ကလည်း သူ့လူ ဘာဖြစ်လို့ ခုအချိန်အထိ စားပွဲတွင် ထိုင်နေသလဲဆိုသော အမူအရာဖြင့် အခန်းထဲသို့ ပြန်လှည့်ကြည့်သည်။ ပီထရီသည် တစ်ယောက်ယောက်နှင့် ဝင်တိုးမိပါက

www.burmeseclassic.com



ဂျာကင်အိတ်ထဲတွင် သေနတ်ပါလာကြောင်း သိသွားမှာ စိုးရိမ်သည့်အတွက် လက်ပေါ်တွင် ခေါက်တင်ထားသော ဂျာကင်အင်္ကျီကို ကိုယ်နှင့် တင်းတင်းကျပ်ကျပ် ကပ်၍ ကိုင်ရင်း ဘားကောင်တာနောက်မှ အမျိုးသမီးကလေးက ခေါင်းညိတ်ပြလိုက်သည့် ဘားကောင်တာစွန်းဆီသို့ တိုးတိုးဖွေ့ဖွေ့ဖြင့် လျှောက်လာသည်။ သည်သရုပ်ဆောင်ပွဲသည် သိပ်တော့ကြာကြာ ခံမည် မဟုတ်ချေ။

ဆိုဒါနိုသည် မျက်နှာပေါက်ခပ်ဆိုးဆိုး လူ့ဆီသို့ မသိမသာ လျှောက်သွားနေလေပြီ။ ပီထရီသည် တယ်လီဖုန်းဘေးနားရှိ နံရံတွင် မှီရင်း အရက်ရောင်းသော မိန်းကလေးလက်ထဲမှ ဖန်ခွက်ကို လှမ်းယူလိုက်သည်။ ထို့နောက် အာတူရို၏ မိတ်ဆွေက အရက်ဖြည့်ထားသော ဖန်ခွက်အား မျက်နှာပေါက်ခပ်ဆိုးဆိုး ပုဂ္ဂိုလ်ထံ လှမ်းပေးသည်ကို စောင့်ကြည့်နေသည်။ ထိုလူကလည်း သကာမကင်း ဖြစ်နေပုံရသည်။ သူသည် ထိုလူ့ထံမှ ဖန်ခွက်ကို လှမ်းယူလိုက်ပြီး ဖန်ခွက်ကို မြှောက်ပြရင်း "လေးစားပါတယ်" ဟု နှုတ်ဆက်လိုက်သည်။

ဆိုဒါနိုတစ်ယောက် ကုန်စုံဆိုင်ပိုင်ရှင်နှင့် စကားပြောသည်ကို လှမ်းကြည့်ရင်း ပီထရီ့ ကျောပြင်ပေါ်တွင် ချွေးသီးချွေးပေါက်များ ပေါ်ထွက်လာသည်။ တကယ်ကတော့ သည်စစ်ဗိုလ်၏ လုပ်နည်းကိုင်နည်းသည် ပိရိသေသပ်သည်။ ယခု သူ ဆိုင်ထဲမှာ ရှိသူ အတော်များများနှင့် စကားစမြည် ပြောပြီးသွားလေပြီ။ ထို့ကြောင့် မျက်နှာပေါက် ခပ်ဆိုးဆိုးလူထံ သွားစကားပြောသောခါ ထိုလူ့ကို 'အသပြာ သတင်းပေး' ဟူ၍ စွပ်စွဲရန် အကြောင်းမရှိနိုင်တော့ချေ။

ထိုလူ့အတွက် ဖန်ခွက် ယူလာပေးသူသည် ထိုင်ရာမှ ထ၍ ထိုမျက်နှာပေါက် ခပ်ဆိုးဆိုးလူ၏ အင်္ကျီစကို လှမ်းဆွဲလိုက်သည်။ ထို့ကြောင့် သူက အထိတ်တလန့်ဖြင့် ပြန်လှည့်ကြည့်လိုက်ရာ ကုန်စုံဆိုင်ပိုင်ရှင်နှင့် မျက်နှာချင်းဆိုင်မိတော့သည်။ ဤတွင် ကုန်စုံဆိုင်ပိုင်ရှင်က ထိုလူ့ကို စကားတစ်ခွန်းနှစ်ခွန်း လှမ်းပြောလိုက်၏။ ထိုကဲ့သို့ မျက်နှာပေါက်ခပ်ဆိုးဆိုး ပုဂ္ဂိုလ်က တစ်ဖက်သို့ လှည့်စကားပြောနေစဉ် အာတူရိုက ဆေးပုလင်းလေးတစ်လုံးကို ထိုလူ၏ အရက်ဖန်ခွက်ထဲသို့ အကုန်လုံး သွန်ထည့်လိုက်သည်။ ပီထရီက အရက်ရောင်းသော မိန်းကလေးထံ လှည့်ကြည့်လိုက်ရာ မိန်းကလေးက သူ့နောက်ဘက်ရှိ တံခါးကို ခေါင်းဆတ်၍ ပြလိုက်ချိန်တွင် ပီထရီ့ကျောပြင်ပေါ်ရှိ ချွေးသီးချွေးပေါက်များသည် အောက်ဘက်သို့ တောက်လျှောက် စီးကျကုန်တော့သည်။ ခုအချိန်တွင် တစ်ချက်လောက် ရတ်ရတ်သဲသဲ ဖြစ်ဖို့သာ လိုသည်။



ကောင်တာနောက်မှာ ကလေးမက ပီထရီကို ခပ်သောသော လှမ်းမေးလိုက်သည်။

"ရှင် မာရီယာနဲ့ တွဲတုန်းပဲလား"

ဒါကလည်း ပီထရီတစ်ယောက် ဘယ်သူနှင့်မျှ စကားမပြောဘဲ ထီးတည်းကြီး ရှိနေသည်ကို ရိပ်မိသွားမှာ စိုးရိမ်သောကြောင့် ဖြစ်ဟန်တူသည်။ ပီထရီသည် မျက်နှာပေါက် ခပ်ဆိုးဆိုးလူကို အကဲခတ်ရင်း အရက်တစ်ငုံ ထပ်သောက်ပြီး ပြန်ဖြေသည်။

"ဒါပေါ့…ပူစီယိုမှာ သူ့အလှဆုံးပဲ မဟုတ်လား"

"ရှင်…ဒါဖြင့် မာရီယာကို လက်ထပ်ယူမှာပေါ့နော်"

"ဆိုပါတော့"

မျက်နှာပေါက် ခပ်ဆိုးဆိုးလူသည် လှုပ်လှုပ်ရွရွ ဖြစ်လာလေပြီ။ သူသည် အရက်ခွက်ကို ကိုင်ရင်း ထိုင်ရာမှထ၍ ဆိုဒါနိုထံ လျှောက်သွားနေလေပြီ။ ပီထရီက ဆက်ပြောပြန်သည်။

"ဒါပေမဲ့ အိမ်ထောင်ရေးအကြောင်း စဉ်းစားဖို့ စောပါသေးတယ်"

ထိုအမျိုးသမီးက ငေါ့တော့တော့ ပြန်ပြောသည်။

"ဒါပေါ့လေ…ဒါကတော့ ရှင်တို့ ပြောနေကျ စကားမျိုးပဲ၊ ရှင်ဟာ မိကောင်းဖခင် သားသမီး ဟုတ်မယ် မထင်ဘူး"

ထိုမိန်းကလေးသည် ဖန်ခွက်ကို အဝတ်စနှင့် ထပ်တလဲလဲ သုတ်ရင်း အာတူရိုတို့ဘက်သို့ လှည့်မကြည့်မိအောင် ကြိုးစားနေသည်။ ဒါပေမဲ့ သူတို့ ဆင်ထားသော အကွက်ထဲသို့ ထိုလူ ဝင်လာမည် မထင်။ အဆိုပါ မျက်နှာပေါက် ခပ်ဆိုးဆိုး လူသည် ဆိုဒါနိုနှင့် စကားမပြောမီ သူ့အရက်ခွက်ကို သောက်မည့်ပုံ မပေါ်။ ထိုလူအ အရက်မသောက်ရသေးသော အရက်ခွက်ကို ကိုင်ရင်း ဆိုဒါနိုထံ စားပွဲများကို ကွေ့ပတ်ပြီး လျှောက်လာသည်။ ထိုအခိုက်တွင် ဆိုဒါနိုသည် ပီထရီနှင့် ဆယ်ပေခန့် ဝေးသော နေရာတွင် ရှိနေပြီး လယ်သမားတစ်ယောက်နှင့် စကားပြောနေသည်။ ရိုင်ဖယ်သေနတ်ကို လွယ်ထားသော ခပ်ထွားထွား စစ်သားတစ်ယောက်သည် ပီထရီဘေးနားတွင် ရပ်ရင်း အရက်ကို မျှဉ်းသောက်နေသည်။

အာတူရို အကွက်ဆင်တာကတော့ မှန်ပါသည်။ သို့သော် သူ ဆင်သည့်အတိုင်း ဖြစ်လာမှာ မဟုတ်။ တစ်ခါ သူနှင့် ထိုစစ်သားများအကြားတွင် ပစ်ပယ်၊ ခတ်ပယ် ဖြစ်လာခဲ့သော မာဖီးယားအုပ်စုဝင် လူဆိုးများက သူ့

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်ပြောင်တင်းတင်း ကူညီနိုင်လိမ့်မည်ဟု သူ မထင်။ ဤတွင် သူက ဘရန်ဒီဖန်ခွက်ကို ကပျာကယာ တောင်းယူထားလိုက်သည်။ အရေးကြုံခဲ့သော် ထိုအရက်ကို သူ့အနားတွင် ရှိနေသူ စစ်သား၏ မျက်ခွက်ကို လှမ်းပက်ရန် အသင့်ပြင်ထားသည်။ ထိုအခိုက်မှာပင် မျက်နှာပေါက် ခပ်ဆိုးဆိုးနှင့် ပုဂ္ဂိုလ်သည် ဗိုလ်ကြီးဆိုဒါနီထံ ရောက်သွားလေပြီ။

အီတာလီစစ်ဗိုလ်သည် သူ့အနားသို့ ရောက်လာသူအား နှုတ်ဆက်ရန် အရက်ခွက်ကို ကိုင်ရင်း လှည့်ကြည့်လိုက်သည်။ အီတာလျံ စစ်ဗိုလ်က အရက်ခွက်ကို မြှောက်ရင်း "လေးစားပါတယ်" ဟု ပြောလိုက်သည်။ ဤတွင် ထိုလူကလည်း အရက်ဖန်ခွက်ကို အလိုအလျောက် မြှောက်မိသွားပြီး အားရပါးရ သောက်ချလိုက်သည်။

ချက်ချင်းလိုလိုပင် ထိုလူသည် ပူးပူးဝါးဝါးဖြစ်လာပြီး အသံကုန်အော်ဟစ်လေတော့သည်။ ထို့နောက် သူ့လည်ပင်းကို ဆုပ်ကိုင်ရင်း ကမူးရှူးထိုးထွက်ပြေးလေရာ ဆိုဒါနီကို ဝင်တိုးမိသည်။ ၎င်းနောက် ယိုင်တိယိုင်တိုင်ဖြင့် ဘားကောင်တာဆီသို့ ရောက်သွားပြီး ဘားကောင်တာဘေးနားတွင် ပက်လက်ကြီးလန်၍ လဲကျသွားတော့သည်။ သူ့တစ်ကိုယ်လုံးကြီးသည် မလှုပ်မယှက်ရှိနေသည်။ သူ့နှုတ်ခမ်းများမှာ ခရမ်းရောင် ဖြစ်နေပြီး မီးလောင်ခံထားရသလိုဖြစ်နေသည်။ အခန်းထဲတွင် ခဏမျှ ငြိမ်ကျသွားပြီးနောက် ဝရုန်းသုန်းကားပြန်ဖြစ်လာပြန်သည်။ လယ်သမားတချို့သည် ထိုင်ရာက ထပြီး အော်ရင်းဟစ်ရင်း ဟိုပြေး သည်လွှား လုပ်နေကြသည်။ တချို့ကလည်း "ဆရာဝန်… ဆရာဝန်" ဟု အော်ခေါ်နေကြသည်။ ကုန်စုံဆိုင်ပိုင်ရှင်သည် ကြက်သေသေနေသော အစောင့် စစ်သားများကြားမှ တံခါးပေါက်ဆီသို့ ထွက်ပြေးသွားရင်း ရုတ်ရုတ်သဲသဲ ဖြစ်နေသော လူအုပ်ကြီး ငြိမ်ကျသွားအောင် ကြိုးစားနေသည်။ ထိုအခိုက်တွင် အသက်ကင်းမဲ့နေပြီဖြစ် သော ထိုလူ့ကိုယ်ပေါ်သို့ အီတာလျံစစ်သားများက ဝိုင်းအုံပြီး ငုံ့ကြည့်နေကြသည်။

ပီထရီသည် ဘားကောင်တာစွန်းမှ နောက်ဘက်သို့ ကွေ့ဝင်သွားပြီးနောက် သူ့ဆီသို့ မည်သူကမျှ လှည့်ကြည့်မနေကြောင်း သေချာသွားသည့်အတွက် မီးဖိုကလေး ဘေးမှ ဖြတ်လျက် တံခါးပေါက်မှတစ်ဆင့် ဆိုင်နောက်ဘက်သို့ ထွက်သွားလေတော့သည်။ သူက တံခါးကို ပြန်ပိတ်လိုက်ရာ အပြင်ဘက်က အော်သံဆူသံများ ငြိမ်ကျသွားသည်။ ထို့နောက် ကောက်ရိုးများ ဟိုတစ်စ သည်တစ်စ ပြန့်ကျဲနေသော ကျောက်ပြား ခင်းထားသည့် စင်္ကြံလမ်း



အဆုံးတွင် ရှိနေသော တံခါးကို ဖွင့်လိုက်ရာ မျက်နှာပေါ်သို့ ကျလာသော နေရောင်ခြည်၏ အပူရှိန်ကို ခံစားလိုက်ရလေတော့သည်။ သူသည် တံခါးရွက်ကို ပြန်ပိတ်လိုက်ပြီးနောက် ခြံဝင်းထဲသို့ လျှောက်သွားသည်။ ခြံစည်းရိုးရှိရာသို့ ရောက်သောအခါ ခြံစည်းရိုး အုတ်နံရံပေါ်သို့ ကျော်တက်လိုက်သည်။

ထိုရွာ ခြံစည်းရိုး အုတ်တံတိုင်း၏ အပြင်ဘက်တွင်ကား သစ်ပင်၊ ဝါးပင် လုံးဝ မရှိသော ကွင်းပြင်ကြီးသာ ဖြစ်သည်။ တောင်ခေါင်းတုံးကလေးပေါ်မှ အောက်သို့ ပြေးဆင်းခဲ့သော် ရေ မရှိတော့သော ချောင်းကောကလေးနှင့် ဆုံရမည်ဖြစ်ပြီး ခပ်လှမ်းလှမ်းတွင် အက်ဒဝပ်ဂျွန်ဆန်နှင့် ဗီတိုဆဲလ်ဗားတို့ကို တစ်နာရီတိတိ စောင့်နေဖို့ သူ မှာထားခဲ့သည့် တောင်ကုန်းကို လှမ်းမြင်နေရသည်။

သူ တောင်အောက်သို့ စပြေးဆင်းချိန်တွင် သူ့တစ်ကိုယ်လုံး တောင့်တင်းသောကြောင့် ကိုးရိုးကားရား ဖြစ်နေသော်လည်း သွေးပူလာချိန်တွင် တဖြည်းဖြည်းနှင့် ပိုအရှိန်ရလာသည်။ ပိုမြန်လာသည်။ သူနောက်ဘက်သို့ ပထမဦးဆုံး ပြန်လှည့်ကြည့်မိချိန်တွင် ပူစီယိုရွာသည် သူ့နောက်ဘက် မိုင်ဝက်ခန့်အကွာတွင် ကျန်ရစ်ခဲ့လေပြီ။ သူ့နောက်မှ လိုက်လာသူ တစ်ဦးတလေမျှ မရှိချေ။ ပီထရီသည် သူ့နောက်မှ စစ်သားများ လိုက်မလာမီ ကျည်ကွယ် မျက်ကွယ် နောက်သို့ ရောက်လိုဖောဖြင့် ဆက်တိုက် ဆက်ပြေးနေသည်။ သို့သော် သူပြေးနေစဉ် ပါးစပ်များ ပြာနှမ်းပြီး သေသွားရရှာသော ကိုရုပ်ဆိုး၏ ရုပ်ပုံလွှာကို မြင်ယောင်နေမိသည်။

'အသပြာသတင်းပေး' ပုဂ္ဂိုလ်၏ ဖန်ခွက်ထဲသို့ အာတူရို ထည့်လိုက်သော ပစ္စည်းမှာ ခဏတဖြုတ် မေ့မြောသွားစေသည့် ဆေး မဟုတ်။ တစ်ခဏချင်းမှာပင် ကိုယ်ခန္ဓာထဲရှိ အသည်းနှလုံး စသည်တို့ကို ဖျက်ဆီးပစ်နိုင်စွမ်းရှိသော ပရပ်ဆစ် အက်ဆစ်ပင်တည်း။ ပြီးတော့လည်း သည်လူဆိုး အဖွဲ့အစည်း၏ လုပ်ပုံမှာ အပြစ်ဆိုစရာ မရှိအောင် ပြောင်မြောက်လှသည်။ ယခုလို အီတာလီ ရဲအဖွဲ့က သူတို့ကို မတရားအသင်း ကြေငြာပြီး အပြင်းအထန် နှိမ်နင်းနေသောကြောင့် မြေအောက် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေရချိန်တွင် ဤမျှလောက် စွမ်းဆောင်နိုင်စွမ်း ရှိသည်ဆိုပါက ထိုဘီလူးကြီးကို ချုပ်နှောင်ထားရာ လိုဏ်ဂူထဲမှ လွှတ်ပေးလိုက်သည်ရှိသော် မည်သို့ ရှိချေမည်နည်း။

□

www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် တင့်ကားတပ် တစ်တပ်သည် ပူစီယိုရွာရှိရာ အနောက်စူးစူးဆီသို့ ဖုန်တထောင်းထောင်းဖြင့် ချီတက်နေချိန်တွင် မီးခိုးရောင် မာစီးဒီးကား တစ်စီးသည် အရှေ့ဘက်မှ စီဖလူးလမ်းခွဲ ရှိရာသို့ အပြေးအလွှား မောင်းနှင်နေသည်။ ထိုလမ်းဆုံ၏ အပေါ်ဘက် ပေတစ်ရာခန့် မြင့်သော တောင်ကုန်းကလေး ထိပ်တွင် ကျောက်တုံးနံရံ လေးဖက်သာ ရှိပြီး အမိုးမရှိသော သိုးကျောင်းသားများ၏ တဲကလေးတစ်တဲ ရှိသည်။ ထိုတဲထဲသို့ ဝင်ရန် နောက်ဘက်မှ ဝင်ပေါက် တစ်ပေါက် ရှိသည်။ ထိုတဲထဲတွင် ပီထရီနှင့် ဆဲလ်ဗားတို့နှစ်ဦး ကုန်းကုန်းကွကွနှင့် ပုန်းအောင်းနေသည်။

ထိုတဲနံရံတွင် အင်္ဂတေ မံမထားသောကြောင့် ကျောက်တုံးများအကြားတွင် တိုးလျှိုပေါက်ဖြစ်နေရာ အောက်ဘက်ရှိ လမ်းကိုသော်လည်းကောင်း၊ ထိုလမ်းနှင့် တစ်မိုင်ခန့် ကွာဝေးသော နေရာရှိ ချောက်ကမ်းပါးစွန်းများကို လည်းကောင်း၊ စီဖလူးသို့ ခွဲထွက်သွားသော ဒုတိယတန်းစား မြေကြီးလမ်းနှင့် ပင်လယ်ပြင်ကြီးကိုသော် လည်းကောင်း ကောင်းကောင်းကြီး အပေါ်စီးမှ မြင်နေရသည်။ ယခုအချိန်တွင် ဂျာမန် တင့်ကားတပ်သည် ထိုလမ်းဆုံကို ကျော်ဖြတ်သွားပြီဖြစ်ရာ ထိုနေရာသည် သူတို့အတွက် တွေ့ဆုံရန် အကောင်းဆုံး နေရာ ဖြစ်ကြောင်း ပီထရီက ဆုံးဖြတ်ချက်ချလိုက်သည်။

မာစီးဒီးကား အနားသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက် ပီထရီက ရှနဲလ်ဖာပစ္စတိုဒင်ကို ပို၍ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး ကားနံပါတ်ကို ဖတ်ရန် ကြိုးစားသည်။ သို့သော် မာစီးဒီးကားက မြန်လွန်းသည်။ ရပ်မည့်ပုံမပေါ်။ ထို့ကြောင့် ပီထရီက ဆဲလ်ဗားအား…

"ဒါ… ဂမ်ဘာရီ မဖြစ်နိုင်ဘူး" ဟု ပြောလိုက်မိသည်။

"ဒါဆိုရင် သူ နောက်ကျတာပေါ့"

ဆဲလ်ဗား၏ လေသံမှာ ဂမ်ဘာရီ လုပ်သမျှကို ရှုတ်ချပြစ်တင်မည့် လေသံမျိုး ဖြစ်နေသည်။

"သူ ဒီကို အချိန်မီ ရောက်လာမှာပါ၊ ဂမ်ဘာရီဟာ အကြမ်းပတမ်းလည်း ခံတယ်၊ စိတ်လည်း သိပ်ချရတယ်၊ ဒီမှာ ဆဲလ်ဗား၊ ဒီအလုပ်ကို ကျုပ် တို့ လုပ်နေတုန်း ခင်ဗျားတို့နှစ်ယောက်ကြားမှာ ပြဿနာ မပေါ်စေချင်ဘူး။ ကျုပ်တို့အားလုံး တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားနေကြတဲ့ လူတွေဆိုတာကို ခင်ဗျား မမေ့စေချင်ဘူး"



မာဖီးယား ဘော့စ်က ပြန်ဖြေသည်။

"ပြဿနာဆိုတာ ကျုပ်တို့ရဲ့ ဘဝပဲဗျ"

ပီထရီသည် ကျောက်တုံးနံရံနောက်၌ ကုန်းကုန်းကွကွ အနေအထားနှင့် ရှိနေစဉ် တခြားအပေါက် တစ်ပေါက်မှ အောက်ဘက်သို့ ငုံ့ကြည့်ပြီး အတော်ကလေး စိတ်ပျက်သွားသည်။ ကားက မရပ်ဘဲ ဆက်မောင်းသွားသောကြောင့် ဖြစ်သည်။ ထိုကားသည် လမ်းခွကို ကျော်သွားသောအခါ အရှိန်လျှော့လာပြီး ဘရိတ်ကို ဆောင့်နင်းလိုက်သောကြောင့် ကမ်းပါးစွန်းတွင် ဘီးချော်သွားလေသည်။ ထို့နောက် ကားကို နောက်ပြန်ဆုတ်လိုက်ပြီး ကားထဲတွင် တစ်ဦးတည်းသာ ပါသော ယာဉ်မောင်းဖြစ်သူက နောက်သို့ တစ်ချက် ပြန်ကြည့်သည်။ ထို့နောက် လမ်းဆုံသို့ ရောက်သောအခါ ကားကို ရပ်လိုက်ပြီး ယာဉ်မောင်းက အပြင်ဘက်သို့ ခေါင်းပြူကြည့်သည်။ ၄င်းနောက် ယာဉ်မောင်းသူ ထိုင်ခုံတွင် ထိုင်ရင်း မြေပုံတစ်ခုကို ဖြန့်ဖတ်နေသည်။ ကားနံပါတ်ကတော့ အမ်အယ် ၄၈၂၀ ပင်တည်း။

ဆဲလ်ဗားက မေးလိုက်သည်။

"မင်း… ဒီဂမ်ဘာရီဆိုတဲ့ လူကို သိသလား"

"တစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဒါဆိုရင် နည်းနည်းတော့ သတိထားမှ ဖြစ်လိမ့်မယ်"

ဆဲလ်ဗားသည် ဆောင့်ကြောင့်ထိုင်ရင်း သူ့ခြောက်လုံးပူး သေနတ်ကို ပြန်စစ်လိုက်သည်။ ထို့နောက် ညစ်ပတ်ပေရေနေသော လက်ကိုင်ပဝါဖြင့် သူ့နဖူးကို သုတ်လိုက်ပြန်သည်။ တော်တော်ကြာ မလိုလားအပ်သည့် အချိန်ကျမှ သည်ချွေးတွေက မျက်လုံးထဲ စီးဝင်လာလျှင် မခက်ပါလား။

ပီထရီသည် အပေါ်စီးရနေသောကြောင့် ကားထဲကို ငုံ့ကြည့်နိုင်သည့် အနေအထားတွင် ရှိသည်။ ကားထဲတွင် အနက်ရောင် အနောက်တိုင်း ဝတ်စုံကို ဝတ်ဆင်ထားသည့် ထိပ်ပြောင်ပြောင် လူတစ်ဦးမှလွဲ၍ မည်သူမျှ မပါချေ။ ဂမ်ဘာရီ ဟုတ်ရဲ့လား။ ကားထဲတွင် လူတစ်ယောက်တည်းသာ ပါသည်။ ကားနံပါတ်ကလည်း မှန်သည်။ သို့သော် သူ့ကို ကြည့်ရတာ သူ ဘယ်နေရာ ရောက်နေသည်ကို မြေပုံနှင့် ညှိပြီး ရှာနေရသူမျိုး ဖြစ်နေသည်။ ဒါမှမဟုတ် တခြားလူတွေနှင့် တိုးမှာစိုး၍ ဟန်ဆောင်နေခြင်းများလား။

ပီထရီက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲဗျာ… ဟုတ် မဟုတ် အောက်ဆင်းကြည့်ကြတာပေါ့၊ ဒါပေမဲ့ ခင်ဗျား ကျုပ်နောက်က ခပ်ခွာခွာ လိုက်ခဲ့ပါ၊ ပြီးတော့လည်း ခင်ဗျားမှာ လက်နက်ပါတယ် ဆိုတာ သူ မသိပါစေနဲ့"

ပီထရီသည် မော်ဇာပစ္စတိုကို ခါးတွင် ချိတ်ထားသော သေနတ်အိတ်ထဲသို့ ထည့်လိုက်ပြီးနောက် ဂျာကင်အင်္ကျီကို ပြန်ဝတ်သည်။ ထို့နောက် တဲနောက်ဘက်ရှိ အပေါက်မှ တွားသွားပြီး အပြင်သို့ ထွက်လာသည်။ သူသည် မှတ်စောက်သေဇ တောင်ကမ်းပါးယံမှ လမ်းပေါ်သို့ ခက်ခက်ခဲခဲ စဆင်းလာသည်နှင့်တစ်ပြိုင်နက် ယာဉ်မောင်းလုပ်သူက ကမန်းကတန်း စတင်လှုပ်ရှားသည်။ ပထမ ကား အပြင်ဘက်သို့ ထွက်လာပြီးနောက် မျက်လုံးများကို လက်ဖြင့် အုပ်မိုးရင်း အပေါ်သို့ မော့ကြည့်သည်။ ထို့နောက် ကားရှိရာသို့ ပြန်သွားပြီး ကားနောက်ဘက် တံခါးကို သူတို့အတွက် အဆင်သင့် ဖွင့်ပေးသည်။

ယခုလို လွယ်လွယ်ကူကူ လက်ခံလိုက်သောကြောင့် ပီထရီ အထိတ်တလန့် ဖြစ်သွားသည်။ သည့်လူ တော်တော် ပေါ့ပေါ့ဆဆနိုင်တဲ့ လူပါကလား။ လူသုံးယောက် လာမည်ဟု ကြိုသိထားပါလျက်နှင့် ယခု နှစ်ယောက်တည်းသာ တောင်ပေါ်က ဆင်းလာသေးသည်။ သည်လိုသာ ပေါ့ပေါ့ဆဆ လုပ်တတ်သူ မှန်လျှင် စကိုပါနာက ထွက်လာစဉ်တုန်းကလည်း ပေါ့ပေါ့ဆဆ ထွက်မည့် လူမျိုး ဖြစ်သည်။

ဒေါပွနေသော ပီထရီသည် ထိုနေရာတွင် ခဏရပ်ရင်း ထိုကားမောင်းနှင်လာရာ လမ်းမကြီးအတိုင်း တမျှော်တခေါ် လှမ်းကြည့်မိပြန်သည်။ သို့သော် လမ်းမကြီးပေါ်တွင် ဘာမျှမရှိ၊ ရှင်းရှင်းလင်းလင်းပင်တည်း။ ပီထရီသည် လိမ့်မကျအောင် ကျောက်တုံး ကျောက်ခဲကြီးများကို ကိုင်ထိန်းရင်း အောက်ဘက်သို့ ဆက်ဆင်းလာသည်။ ထို့နောက် ကမန်းကတန်း ရပ်လိုက်ရသည်။

ယာဉ်မောင်းသူသည် သူတို့ဘက်သို့ ချာခနဲ လှည့်လိုက်သည်။ ဤတစ်ကြိမ်တွင် သူ့လက်ထဲ၌ ဗလာသက်သက် မဟုတ်တော့ချေ။ သူက အီတာလျံဘာသာဖြင့် အမိန့်ပေးလိုက်သည်။

"မင်းတို့ နှစ်ယောက်စလုံး အဲဒီနေရာမှာ ရပ်ကြစမ်း"

သူတို့ကို ချိန်ထားသော လက်နက်မှာ ဂျာမန်လုပ် စက်သေနတ်ပစ္စတိုတစ်လက်ပင်တည်း။

ပီထရီက ခပ်ကျယ်ကျယ် ပြန်ပြောသည်။



"ကျုပ်တို့ကို ခင်ဗျားက ကားနဲ့တင်ခေါ်သွားမလားလို့"

"မင်းတို့ နှစ်ယောက်စလုံး လက်မြှောက်လိုက်စမ်း၊ ဟိုရှေ့က လူ၊ မင်း တစ်ယောက်တည်း အောက်ဆင်းခဲ့"

ဆဲလ်ဗားက အပေါ်ဘက်နားတွင် ရပ်နေစဉ် ပီထရီသည် လက်နှစ်ဖက်ကို ပခုံးစွန်းလောက်အထိ မြှောက်ရင်း အောက်သို့ ဆင်းလာသည်။ မာစီးဒီး မောင်းသူသည် အသက်လေးဆယ်ခန့် ရှိပြီး ငါးပေခန့်သာ အရပ်မြင့်သည်။ ရင်ဘတ် ကျယ်သည်။ ထိပ်ပြောင်သော်လည်း နားသယ်စပ်တွင် ဆံပင် ရှိသည်။ သူ့ကို အကဲခတ်ရသည်မှာ အကင်းပါးပုံရသည်။ သန်သန်စွမ်းစွမ်း ရှိပြီး ရက်ရက်စက်စက် လုပ်တတ် ကိုင်တတ်သူမျိုး ဖြစ်သည်။ နှာယောင် နည်းနည်းကောက်ပြီး မျက်ခွံမို့သည်။ မျက်လုံးများကတော့ အငြိမ်မနေကြချေ။ မည်းနက်နေသော နှုတ်ခမ်းမွေးကို ညီညီညာညာ ညှိထားသလို သူ့အင်္ကျီ အဝတ်အစားကလည်း အဖိုးတန်ပုံရသည်။ သူနှင့် ယှဉ်လိုက်သော် ပီထရီတို့မှာ သူတောင်းစားသာသာမျှသာ ဖြစ်နေသည်။ သူက ပီထရီ၏ ရင်ဘတ်ကို စက်သေနတ်ဖြင့် ထိုးချိန်လိုက်ရင်း ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ခင်ဗျားတို့ ပလာမိုက လိမ္မော်သီးတွေ သယ်လာကြတယ်နဲ့ တူတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီရာသီမှာ သိပ်ဈေးကြီးမယ်တော့ မထင်ဘူး"

"ကျုပ်…အင်ဂျလို ဂမ်ဘာရီပါ"

"ဂျိမ်း ပီထရီပါ"

ပီထရီက လက်ကို အောက်သို့ ပြန်ချရန် ဟန်ပြင်လိုက်သည်။ သို့သော် သေနတ်ပြောင်းဝနှင့် ဇတ်ခနဲ ထိုးအချိန်ခံရပြန်သဖြင့် လက်ကို ပြန် မြှောက်ရပြန်သည်။ ဂမ်ဘာရီက ဆက်ပြောသည်။

"မေဂျာပီထရီ…ကျုပ်မှာ…ပြဿနာတစ်ခု၊ အဲလေ… သံသယတစ်ခု ရှိနေတယ်။ ကျုပ်… လာကြိုတာက လူသုံးယောက်ပါ နောက်တစ်ယောက်က ဘယ်မှာလဲ"

"ခင်ဗျား နောက်တည့်တည့်မှာ"

ပီထရီက အသံကို မြှင့်လိုက်သည်။

"ဒီမှာ အင်ဂျလို…ခင်ဗျား သိပ်ရုတ်ရုတ်သဲသဲ မလုပ်နဲ့နော်၊ သူက ခင်ဗျား ဒီရောက်လာကတည်းက တစ်ချိန်လုံး ချိန်ထားတဲ့လူဗျ"

www.burmeseclassic.com



လမ်း၏ ဟိုဘက်ရှိ ကျောက်တုံးကြီးတစ်တုံးနောက်မှ အက်ဒဝပ်ဂျွန်ဆန်သည် မတ်တတ်ထရပ်လိုက်သည်။ သူ့ခြောက်လုံးပြူးက ဂမ်ဘာရီ၏ ကျောပြင်ကို ချိန်ထားသည်။ ဂမ်ဘာရီသည် နောက်ဘက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်ပြီးနောက် ပြုံးပြရင်း သူ့သေနတ်ကို မာစီးဒီးကား၏ ခြေနင်းခုံပေါ်သို့ တင်လိုက်သည်။

"ဩ…ခင်ဗျားတို့ကလည်း ကြိုတင်ကာကွယ်မှုတွေ အပြည့်အဝ ယူထားကြတာကိုး၊ ကောင်းပါတယ်ဗျာ"

သူက သူ့ထိပ်ပြောင်ပြောင်ကို ပိုးလက်ကိုင်ပဝါဖြင့် သုတ်ရင်း အပေါ်ဘက်နားတွင် ရပ်နေသူ ဆဲလ်ဗားထံ မော့ကြည့်ပြန်သည်။

"ဟို ပုဂ္ဂိုလ်ကတော့ ဗီတိုဆဲလ်ဗားပဲ မဟုတ်လား။ ဒီမာဖီးယား အုပ်စုက သဘောက်မသားကို ခေါ်သုံးမိတဲ့အတွက် နောင်တမရပါစေနဲ့လို့ မျှော်လင့်ပါတယ်"

ပီထရီကလည်း ခပ်ပြတ်ပြတ် ပြန်ဖြေသည်။

"သူ မပါရင် ကျုပ်တို့ ဒီအထိ ရောက်လာမှာ မဟုတ်ဘူး"

၎င်းနောက် ဂျွန်ဆန်နှင့် မိတ်ဆက်ပေးပြီး ဆဲလ်ဗားကို အောက်ဆင်းလာရန် လက်ပြလိုက်သည်။ ၎င်းနောက် ဂမ်ဘာရီကို ထပ်သတိပေးပြန်သည်။

"နောက်တစ်ချက်ကလည်း မက်ဆီနာ သဘော်ဆိပ်ထဲ ဝင်ဖို့ သူ့ကိုပဲ အသုံးချရမှာ"

"သူ့ကို လက်ဆွဲနှုတ်ဆက်နိုင်းတာကလွဲလျှင် ကျုပ်ကို ခိုင်းချင်တာ ခိုင်းဗျာ၊ ကဲ… ခင်ဗျားနဲ့ကျုပ် နှစ်ကိုယ်ကြား ပြောစရာရှိတယ်"

တကယ်ကတော့လည်း လက်ဆွဲနှုတ်ဆက်သည့် ကိစ္စမှာ ပြဿနာ ဖြစ်မလာပါချေ။ ဂမ်ဘာရီနှင့် မိတ်ဆက်ပေးလိုက်သောအခါ ဆဲလ်ဗားက တစ်ချက် ခေါင်းညိတ်ပြလိုက်ပြီးနောက် မျက်မှန်ကို ချွတ်၍ သုတ်နေသည်။ သူတို့ နှစ်ဦးသည် ယခင်က တစ်ခါမျှ တွေ့ဖူးကြသူများ မဟုတ်ချေ။ သို့တိုင်အောင် မြင်မြင်ချင်း တစ်ယောက်ကို တစ်ယောက်က အမြင်ကပ်သွားပုံရသည်။ ဆဲလ်ဗားကလည်း သည်ကိစ္စတွင် သူတစ်ယောက်တည်း နာမည်ကောင်းမရဘဲ ဂမ်ဘာရီထံ ပုံပါသွားမှာကို စိုးရိမ်နေသည်။ တစ်ခါ ဗိုလ်မှူးကြီး ပါရစ်ချ်ကလည်း "ဂမ်ဘာရီသည် မာဖီးယား လူဆိုးဂိုဏ်းကို နှစ်နှင့်ချီ၍ အမြင်ကပ်နေသည်မှာ ကြာပြီ" ဟု ပီထရီကို မှာလိုက်သည် မဟုတ်ပါလား။ သည်တော့ မက်ဆီနာက လာသူနှင့် ပြောစရာရှိသည့် စကားကို ခပ်မြန်မြန်ပြောမှ ဖြစ်မည်။



ပီထရီက ဂမ်ဘာရီကို "ကဲ…လာဗျာ၊ အချိန်တော့ သိပ်မရှိဘူး" ဟု ပြောရင်း လမ်းနှစ်ခွကြားရှိ ကုန်းမြင့်ကလေးတစ်ခုအပေါ် ခေါ်သွားသည်။ သူတို့ နှစ်ယောက် ထိုနေရာဆီသို့ သွားနေစဉ် အက်ဒဝပ်ဂျွန်ဆန်နှင့် ဆဲလ်ဗားတို့သည် မာစီးဒီးပေါ်သို့ တက်၍ နေရာယူလိုက်ကြသည်။ ဂျွန်ဆန်က ဖောက်ခွဲရေး ပစ္စည်းများ ပါသော ကျောပိုးအိတ်ကို ကားထဲတွင် ချထားလိုက်သည်။

ဤတွင် ဂမ်ဘာရီက ဂျာမန်လုပ် စက်သေနတ်ကို ခြေထောက်အောက်ရှိ ပတ်ကြားအက် တစ်ခုထဲသို့ ပစ်ချလိုက်သည်။ သူက -

"ကျုပ်လက်ထဲမှာ ဒီသေနတ်ကြီးကို ကိုင်ထားတုန်း ဒီလမ်းပေါ်က ဖြတ်သွားတဲ့ ကားတစ်စီးစီးက မြင်သွားရင် တစ်မျိုးတစ်မည် ထင်နေပါ့မယ်။ ကဲ…ဒီတော့ ကျုပ်တို့ရဲ့ ဆုံးရှုံးမှုကြီးအကြောင်း ခင်ဗျားကို ပြောရဦးမယ်"

"ဘာဆုံးရှုံးမှုကြီးလဲ"

"ကျုပ် အာဖရိက စစ်ဌာနချုပ်နဲ့ အဆက်အသွယ် လုံးဝလုပ်လို့ မရတော့ဘူး။ ကျုပ်ရဲ့ အသံလွှင့်စက်နဲ့ ကျုပ်လူတွေကို ဂျာမန်စစ်တပ်က လွှန်ခဲ့တဲ့ ရှစ်နာရီလောက်က ဖမ်းဆီးသွားပြီ၊ ခင်ဗျားတို့လည်း အသံလွှင့်စက် သက်သက် ယူလာတယ် မဟုတ်လား"

"ယူမလာဘူး၊ ခင်ဗျားပစ္စည်းကို သုံးဖို့ စိတ်ကူးလာတာ၊ နေပါဦး၊ ဘာတွေ ဖြစ်ကုန်တာလဲ"

"ကျုပ်လည်း မသိဘူး၊ ကျုပ်တို့ အသံလွှင့်နေတုန်း အိမ်ပတ်ပတ်လည်မှာ အသံလွှင့်စက် ရှိမရှိ လိုက်စုံစမ်းထောက်လှမ်းတဲ့ မော်တော်ယာဉ်ရှိနေမနေ အစောင့်ချပြီး ကြည့်ခိုင်းထားတယ်။ အခု သူတို့က စုံစမ်းထောက်လှမ်းတဲ့ နည်းသစ်များ ရသွားသလား မသိဘူး။ အခု ကျုပ် ပိုစိတ်ပူသွားတာကတော့ ခင်ဗျားတို့က ဆဲလ်ဗားကို ဒီကိုခေါ်လာတဲ့အတွက်ပဲ"

"သူ့ကို လိုအပ်လို့ ခေါ်လာတာဗျ"

ဂမ်ဘာရီကလည်း ခေါင်းမာသည်။

"ကျုပ် ညီအစ်ကို တစ်ဝမ်းကွဲ တစ်ယောက်ကလည်း မာဖီးယား လူဆိုးဂိုဏ်းဝင်ပါပဲ၊ ဒါပေမဲ့ ကျုပ် သူ့ကို လုံးဝကြည့်မရဘူး၊ ဒါပေမဲ့ ထိုက်သည့်အားလျော်စွာ အသုံးတည့်နေလို့ သူ့ကို မနည်းချုပ်တည်းပြီး ဆက်ဆံနေရတယ်၊ ဒါပေမဲ့ ဒီငတိတွေဟာ ဘယ်လောက်တောင် ယုတ်ကန်းတယ်ဆိုတာ ကျုပ် သိတယ်"

ပီထရီကလည်း ပြတ်သားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆဲလ်ဖား မပါလို့ကို မဖြစ်ဘူး"

ဂမ်ဘာရီက ထပ်ကန့်ကွက်သည်။

"ဒီမာဖီးယားဘော့စ်ကို သုံးတာ မသင့်တော်ဘူး၊ ပြီးတော့လည်း မဟာမိတ်တပ်ပေါင်းစုက စစ်စလီကျွန်းကို တက်သိမ်းပြီးရင် သူ့ကို ရာထူးပေး မလိုလိုတောင် သတင်းကြားနေရတယ်။ ဒီလူ့လက်ထဲမှာ အာဏာသာ ရှိမယ် ဆိုရင်…"

"ဟော့လူ"

ပီထရီ၏ လေသံမှာ ကြောက်စရာ ကောင်းလောက်အောင် တည်ငြိမ် လှသည်။

"ကျုပ်တာဝန်က ဟိုသောက်ကူးတို့သင်္ဘောကြီး မြုပ်သွားအောင် နှစ်ပစ်ဖို့ပဲ။ သည်သင်္ဘောကြီး ရေပေါ် ပေါ်နေရင် မလိုအပ်ဘဲနဲ့ လူထောင်ပေါင်း များစွာ ပိုပြီး သေကုန်ကြလိမ့်မယ်။ နောက်တစ်ချက်ကလည်း အခု ကျုပ်တို့ ဒီအထိ ရောက်လာနိုင်တာ ဆဲလ်ဖားကြောင့်ပဲ။ တစ်ခါ မက်ဆီနာ သင်္ဘော ဆိပ်ထဲကို ဝင်တဲ့အခါ သူ့အကူအညီကို ယူဖို့ လိုလာဦးမယ်။ ဒီလုပ်ငန်းမှာ မာဖီးယားအုပ်စုကို မသုံးချင်တဲ့ နေရာမှာ ကျုပ်က ခင်ဗျားထက်တောင် ပိုသာချင် သာလိမ့်မယ်။ ဒါပေမဲ့ ဒီလုပ်ငန်းမှာ ဆဲလ်ဖားဟာ မရှိမဖြစ် လိုအပ်တဲ့လူပဲ။ ဒါကြောင့် သူ့ကို ကျုပ်တို့နဲ့ အပါခေါ်လာတာ။ ဒီတော့ ခုအချိန်ကစပြီး စားစား၊ သွားသွား၊ လာလာ အချိန်တိုင်းမှာ 'ကာရစ်ဒီ ကူးတို့ သင်္ဘောကြီး မြုပ်အောင် ဘယ်လို နှစ်ရမလဲ' ဆိုတာကိုသာ ခေါင်းထဲ ထည့်ထားစမ်းပါ ကဲ… ကျုပ်ပြောတာ ရှင်းရဲ့လား"

ဂမ်ဘာရီက ခပ်တိုးတိုး ပြန်ဖြေသည်။

"ကျုပ်က ခင်ဗျား ပြောတာကို နားထောင်ရမယ့် လူပါ၊ နေဦး ကားဆီကို ပြန်မသွားနဲ့ဦး၊ ဟောဒီကား ကျုပ်တို့ကို လွန်သွားတဲ့အထိ စောင့်ရ အောင်"

"ဗော့စ်ဝက်ဂွန်ကလေးပါလား"

"ဟုတ်တယ်…ဒါ့ကြောင့် သတိထားဖို့ ပြောတာပေါ့"

ဗော့စ်ဝက်ဂွန်ကားကလေးက သူတို့ဆီသို့ အရှိန်ပြင်းစွာဖြင့် မောင်းနှင် လာနေစဉ် ဂမ်ဘာရီက အိတ်ထဲမှ မြေပုံတစ်ခုကို ထုတ်၍ နေပူကျဲကျဲထဲတွင် ရပ်နေရသဖြင့် ပီထရီတစ်ယောက် ချွေးပြန်ပြီး ဒူးယိုင်လာသည်။ နေလောင်ထား သောကြောင့် ညိုနေသော ဂမ်ဘာရီနဖူးပြင်ပေါ်တွင် ချွေးသီးချွေးပေါက်ကလေး



များ ပေါ်ထွက်လာသည်က လွဲ၍ အပူရှိန်ကြောင့် မောပန်းနွမ်းနယ်ပုံ မရချေ။ ဂမ်ဘာရီသည် ပတ်ကြားအက်ထဲတွင် ရောက်နေသော စက်သေနတ်ကို တစ်ချက် ငုံ့ကြည့်လိုက်သည်။ ဗော့စ်ဝက်ဂွန် ကားကလေး အရှိန်လျော့လာ သဖြင့် ဂမ်ဘာရီ ဘာစိတ်ကူးသည်ကို ပီထရီ ရိပ်မိလိုက်သည်။

"တကယ်လို့ ဒီကား ရပ်ခဲ့ရင် ကျုပ် ဘာပြဿနာမှ မဖြစ်ချင်ဘူး။ ကျုပ်တို့တာဝန်က ကျုပ်တို့ ရောက်လာတာကို လူမသိအောင် လုပ်ဖို့ပဲ"

ဂမ်ဘာရီကလည်း ခပ်တည်တည် ပြန်ဖြေသည်။

"ဒါကလည်း ရန်သူဘက်က လှုပ်ရှားမှုပေါ်မှာ မူတည်မှာပေါ့၊ ကဲ… ဒီကား ရပ်တော့မယ်၊ ဒီတော့ ပြောဖို့ဆိုဖို့ ကိစ္စကို ကျုပ်တာဝန်သာထား ဂျာမန်တွေဟာ တောသားတွေကို အထင်သေးတတ်ကြတယ်"

ပီထရီက နာရီကို တစ်ချက်ကြည့်မိသည်။ ညနေ ၃ နာရီခွဲလုနီးပါး ရှိနေလေပြီ။ မက်ဆီနာသို့ အရောက်သွားရန် ကိုးနာရီခန့်သာ အချိန်ရှိတော့ သည်။ သို့သော် အနှောင့်အယှက်တစ်ခုနှင့် တိုးရပြန်လေပြီ။ ဗော့စ်ဝက်ဂွန် ကားကလေးသည် တဖြည်းဖြည်းနှင့် ပိုနေးလာသည်။ ကားမောင်းသူဘေးတွင် ထိုင်လိုက်လာသော ပုဂ္ဂိုလ်က ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်ပြီးနောက် ထိုကားသည် ရပ်ထားသော မာစီးဒီးနောက်တွင် ကပ်ရပ်လိုက်သည်။ ပီထရီ တစ်ယောက် ရင်ခုန်သံ ပိုမြန်လာသည်။ ဂမ်ဘာရီ အတွက် မှားလေပြီ။ ကားထဲတွင် အနက်ရောင် ယူနီဖောင်း ဝတ်လာသော ဂျာမန်နှစ်ယောက် ပါလာသည်။ ယာဉ်မောင်းသူ နံဘေးတွင် ထိုင်နေသူမှာ ဗိုလ်တစ်ယောက် ဖြစ်သည်။

ထိုဗိုလ်က တံခါးကို ဖွင့်လိုက်ပြီးနောက် ယာဉ်မောင်းသူဘက်သို့ သမင်လည်ပြန် လှည့်ရင်း စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်သည်။ ထို့နောက် ကားထဲက ထွက်လိုက်ပြီး ခါးကို ဆန့်၍ မတ်မတ်ရပ်လိုက်သည်။ သူက လက်မ နှစ်ဖက်ကို ခါးပတ်ထဲ ထိုးထည့်ပြီး (ခါးထောက်ရင်း) ဂမ်ဘာရီနှင့် ပီထရီတို့ကို ခပ်တည်တည် စိုက်ကြည့်လိုက်သည်။

(ဟစ်တလာ၏ နာမည်ကျော်) အက်စ် အက်စ် (စစ်ပုလိပ်အဖွဲ့) ရောက်လာလေပြီ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## ရှစ်

### သောကြာနေ့ ညနေ ၃ နာရီခွဲမှ ၇ နာရီခွဲ

အက်စ်အက်စ်အဖွဲ့မှ စစ်ဗိုလ်သည် ပခုံးကျယ်ပြီး အရပ်ရှည်သည်။ ယူနီဖောင်းကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ သူ့မျက်နှာနှင့် လက်များမှာ ဆွတ်ဆွတ်ဖြူနီးပါး ဖြူဖွေးနေသည်။ ထို့ကြောင့် သူသည် 'ဤကျွန်းပေါ်သို့ ရောက်လာသည်မှာ သိပ်မကြာသေး။ ဤကျွန်းပေါ်သို့ မရောက်ခင်က အဲလ်ပ် တောင်တန်းများပေါ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်' ဟု ပီထရီက မှတ်ချက်ချသည်။ သို့သော် သူသည် ဦးနှောက်ကောင်းသော နည်းဗျူဟာရှင် လည်း ဖြစ်သည်။ သူ ကားထဲမှ အပြင်မရောက်သေးခင် ယာဉ်မောင်းသူသည် စက်သေနတ်ငယ်တစ်လက်ကို ကိုင်ရင်း ကားထဲက ထွက်လာသည်။ ထို သေနတ်မှာ ပတ်ကြားအက်ထဲသို့ ဂမ်ဘာရီ ပစ်ချခဲ့သော စက်သေနတ်မျိုး ပင်တည်း။

ယာဉ်မောင်းစစ်သားသည် ဖော့စ်ဝက်ဂွန်၏ စက်ခေါင်းအဖုံးကို မှီ၍ ခပ်နွဲ့နွဲ့ရပ်ရင်း မာစီးဒီးကားထဲတွင် သူတို့ကို ယခုအချိန်အထိ ကျောခိုင်း၍ ထိုင်နေသူ ဂျွန်ဆန်နှင့် ဆဲလ်ဗားတို့ကို သေနတ်ဖြင့် လှမ်းချိန်ထားသည်။ တစ်ဖန် ထိုစစ်ဗိုလ်ကလည်း သေနတ်အိတ်အဖုံးမှ ဇစ်ကို အဆင်သင့် ဖွင့်ထား သည့်အပြင် သူ့လက်ကိုလည်း သေနတ်ဒင်နှင့် မနီးမဝေး တင်ပါးပေါ်တွင်



အဆင်သင့် တင်ထားသည်။ ထိုစစ်ဗိုလ်က ဂမ်ဘာရီကို အီတာလျံဘာသာဖြင့် လှမ်းအော် မေးလိုက်သည်။

"မင်းနာမည် ဘယ်သူလဲ"

ဂမ်ဘာရီကလည်း မာသည်။

"ဘယ်သူက သိချင်တာလဲ"

စစ်ဗိုလ်က တစ်ချက် စိုက်ကြည့်လိုက်သည်။ ၎င်းနောက် ဘောင်းဘီ အိတ်ထဲသို့ လက်ထည့်လိုက်သည်။ လက်ပြန်ရုပ်လိုက်သောအခါ စီးကရက် တစ်ဘူး ပါလာပြီး သူက စီးကရက်တစ်လိပ်ကို ထုတ်၍ ပါးစပ်တွင် တပ်လိုက် သည်။ ၎င်းနောက် စီးကရက်ဘူးကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်လိုက်သည်။ ၎င်းနောက် သူ့လက်သီးဆုပ်ထဲတွင် ပစ္စတို ပါလာပြီး သူတို့နှစ်ယောက်၏ ခါးလောက်ဆီ မှန်းပြီး ချိန်ထားသည်။ 'အင်း... သူကသာ သေနတ်မောင်းကို လေး၊ ငါးချက် ဆွဲလိုက်လျှင် တို့နှစ်ယောက်တော့ မာလကကြွပြီ' ဟု ပီထရီက တွေးလိုက်သည်။ သူ့လက် လှုပ်ရှားပုံကလည်း ပီထရီ မြင်ဖူးသမျှထဲ တွင် အမြန်ဆုံး ဖြစ်သည်။

"ဂျာမန် တပ်မတော်က လက်ဖတင်နင်ဟော့မန်းက သိချင်တယ်၊ အဖြေပေးဖို့ ဆယ်စက္ကန့်ပဲ အချိန်ပေးမယ်"

ဂမ်ဘာရီက တည်တည်ငြိမ်ငြိမ် ပြန်ဖြေသည်။

"ကျုပ်နာမည်က အင်ဂျလို ဂမ်ဘာရီ၊ ဩော်...ခင်ဗျားက စစ်စလီနဲ့ မကျွမ်းသေးဘဲကိုး"

ဟော့မန်းက ခပ်ဆတ်ဆတ် ဖြတ်မေးသည်။

"ဒါ...ခင်ဗျား ကားလား"

ဟော့မန်းက မေးချိန်တွင် အင်ဂျလိုသည် မြေပုံကို ပြန်ငုံ့ကြည့်နေခိုက် ဖြစ်သည်။ ယခု သူက ခေါင်းကို မမော့ချင်မော့ချင်ဖြင့် ပြန်မော့လိုက်သည်။ သူ့အမူအရာက ထိုစစ်ဗိုလ် ပြန်မသွားသေးဘဲ သည်နေရာမှာပင် ဆက်ရှိနေ သေးသည်ကို အံ့သြသွားသလိုလို။ ဂမ်ဘာရီက မျက်နှာထိ မျက်နှာထားဖြင့် ပြန်ကြည့်နေသောကြောင့် ဟော့မန်းက သူ့သေနတ်ကို ဂမ်ဘာရီ့အား တည့်တည့် ပြောင်းချိန်လိုက်သည်။ ပီထရီ ထိတ်ခနဲ ဖြစ်သွားသည်။ ပြီးတော့ အင်ဂျလို ပြန်ဖြေပုံကလည်း နားဝင်ချိုစရာ တစ်ကွက်မျှ မရှိချေ။

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟော့မန်းတစ်ယောက် ရှုံ့မဲ့ရှုံ့မဲ့ မဖြစ်အောင် သူ့ကိုယ်သူ ပြန်ထိန်းနေရပုံပေါ်သည်။ သူက မာစီးဒီးဆီသို့ ခေါင်းလှည့်၍ သမင်လည်ပြန် ကြည့်လိုက်ပြီးနောက် အင်ဂျလိုကို ပြန်ကြည့်သည်။

"ကျုပ်… ခင်ဗျားကို မေးခွန်းတစ်ခု မေးထားတယ်"

"အေး… ကျုပ်ကလည်း တစ်ခွန်းပြန်မေးတယ်လေ"

မကြောက်မရွံ့ ပြန်လှန်မေးခွန်းထုတ်နေသော ဂမ်ဘာရီ၏ အမူအရာမှာ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိနေသူတစ်ဦး၏ ပုံစံမျိုးဖြစ်သည်။ ပူပြင်းသော နေရောင်ခြည်အောက်တွင် တင်းမာမှု ဒီဂရီမှာ ပိုမြင့်မားလာသည်။ အင်ဂျလိုဂမ်ဘာရီတစ်ယောက် ဘာဇာတ်ခင်းနေပါလိမ့်။

ဟော့မန်းက ထပ်ပြောသည်။

"ဒါ… ဂျာမန်လုပ် မော်တော်ကားပဲ"

"အံမယ်… ခင်ဗျား တော်တော်မျက်စိလျင်သားပဲ"

အင်ဂျလို့လေသံမှာ ငေါ့တော့တော့ လေသံ ဖြစ်သည်။ သို့သော် အင်ဂျလိုဂမ်ဘာရီက ရုတ်တရက် ဆိုသလို ဂျာမန်ဘာသာဖြင့် ပြန်ဖြေလိုက်ခြင်းဖြစ်ရာ ဟော့မန်းတစ်ယောက် အံ့ဩသွားရုံမက တင်းမာနေသော သူ့မျက်နှာပေါ်တွင် ဇဝေဇဝါ အမူအရာများ ပေါ်လာသည်။

ဟော့မန်းက ရုတ်တရက် ဖြတ်မေးသည်။

"မင်း… ဂျာမန်လို ပြောတတ်သလား"

"လာပြန်ပြီ…ခင်ဗျား တော်တော် အကင်းပါးသားပဲ၊ နေပါဦး… ဒီကားမှာ အီတာလျံလိုင်စင်နံပါတ် တပ်ထားတာကိုလည်း သတိထားမိတယ်မဟုတ်လား"

အင်ဂျလိုသည် ဂျာမန်ဘာသာဖြင့် ရေရေလည်လည် ပြန်ပြောနေခြင်းဖြစ်သည်။ သူက လက်ထဲမှ မြေပုံကို လွှတ်ချလိုက်ရာ အောက်ဘက် ပတ်ကြားအက်ထဲတွင် ရှိနေသော စက်သေနတ်ပေါ် သွားဖုံးနေသည်။ သူက မြေပုံကို ပြန်ကောက်ယူတော့မလို ငုံ့လိုက်ပြီးနောက် စိတ်ပြောင်းသွားဟန်ဖြင့် ပြန်မော့လိုက်သည်။ အကယ်၍ နောက်တစ်ကြိမ် မြေပုံကို ငုံ့ကောက်ခဲ့သော် သူ့လက်ထဲတွင် စက်သေနတ် ပြန်ပါလာမည်မှာ မလွဲချေ။ သို့သော် ထိုအချိုးမျိုးချိုး၍ရမည် မထင်။ အင်ဂျလို ဂမ်ဘာရီက ထိုသေနတ်ဖြင့် မချိန်နိုင်ခင် ဟော့မန်းက သူတို့ နှစ်ယောက်စလုံးကို ပစ်သတ်နိုင်မှာ သေချာသည်။ တစ်ဖန် ကားမောင်းသည့် စစ်သားကလည်း အက်ဒဝပ်ဝှုန်ဆန်နှင့် ဆဲလ်ဗားတို့ ကားထဲ



က မထွက်နိုင်ခင် အသေပစ်သတ်နိုင်မှာ သေချာသည်။ အင်ဂျလိုတစ်ယောက် မိုက်မိုက်ကန်းကန်း လုပ်လိုစိတ် ဝင်နေပြီလား မသိ။ ဟော့မန်းက ပြန်မေးသည်။

"လိုင်စင်နံပါတ်ပြားနဲ့ ဘာဆိုင်လို့လဲ"

ဂမ်ဘာရီက ဂျာမန်ဘာသာဖြင့် ပြန်ဖြေသည်။

"ဆန်းတယ်လို့ ဆိုချင်ဆိုပေါ့ဗျာ၊ ကျုပ်တို့ လူမျိုးတွေကလည်း တစ်ခါတစ်ရံ သူများနိုင်ငံက ကားကိုမှ ဝယ်စီးချင်ကြတယ်၊ အေးလေ… ခင်ဗျား သိထားဖို့က ခင်ဗျားတို့နိုင်ငံမှာ ငွေသိပ်လိုနေတဲ့အချိန် ကျုပ်က ခင်ဗျားတို့ ကားကို ဝယ်ခဲ့တာပဲ"

ဟော့မန်း၏ ဖြူဖွေးနေသော မျက်နှာသည် ပန်းနုရောင်သမ်းလာပြီး ပီထရီနှင့် အင်ဂျလိုတို့ထံ လျှောက်လာနေသည်။ သူ တကယ်လို့ အနားပိုကပ်လာခဲ့သော် မြေပုံက တစ်ဝက်တစ်ပျက်သာ ဖုံးမိနေသော စက်သေနတ်ကို မြင်သွားတော့မည်မှာ မလွဲချေ။ အင်ဂျလို ဂမ်ဘာရီသည် မာစီးဒီးကားဆီသို့ ဇတ်ခနဲ လှမ်းကြည့်လိုက်သည်။ သူ့အကြည့်ကြောင့် ဇဝေဇဝါ ဖြစ်သွားသော ဟော့မန်းကလည်း မာစီးဒီးဆီသို့ လှည့်ကြည့်သည်။ သို့သော် သူ တွေ့လိုက်ရတာက ငြိမ်ငြိမ်သက်သက် ထိုင်နေသူ နှစ်ဦးသာတည်း။ ဟော့မန်းက ဂျာမန်ဘာသာဖြင့် ဝေါက်လိုက်သည်။

"မင်း…ဘာကို လှမ်းကြည့်နေတာလဲ"

အင်ဂျလိုက အပြစ်မရှိသည့် လေသံဖြင့် ပြန်ဖြေသည်။

"ဩော်… ရှားရှားပါးပါး ပုတ်သင်ညိုတစ်ကောင် ကားအောက်ဝင်ပြေးတာကို မြင်လိုက်ရလို့ပါ၊ ဩော်…ဒါနဲ့ ခုနက ခင်ဗျား ပြောနေတာ ဘာပါလိမ့်"

သူ လမ်းလွှဲလိုက်တာ အောင်မြင်သွားလေပြီ။ ဟော့မန်းသည် ရှေ့တိုး မလာတော့ဘဲ ပီထရီကို စေ့စေ့ကြည့်ရင်း အင်ဂျလိုဘက်သို့ စကားဦးသန်းပြန်သည်။

"ကျုပ်… ခင်ဗျားကို သတိပေးချင်တာကတော့ အခုကာလဟာ စစ်ဖြစ်နေတဲ့ အချိန်၊ ပြီးတော့ စစ်စလီဟာ စစ်တလင်း ဖြစ်နေတယ်၊ တစ်ခါ ဗြိတိသျှ စပိုင်နှစ်ယောက် ဒီအနီးအနားတစ်ဝိုက်မှာ ရှိတယ်လို့ သိရတယ်၊ ကဲ… ဒီကားနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ဘယ်မလဲ"

"အဲဒီစာရွက်တွေဟာ မာစီးဒီးရဲ့ အိတ်ထဲမှာ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကား မဆုံးခင် ဟော့မန်းက နောက်လှည့်ပြီး ယာဉ်မောင်းကို အမိန့်ပေးရန် ဟန်ပြင်လိုက်သဖြင့် အင်ဂျလိုက ကပျာကယာ ဝင်တားလိုက်သည်။

“ခဏနေပါဦး၊ ဒီကားကို ကျုပ် ပိုင်တဲ့အကြောင်း စာရွက်စာတမ်းတွေနဲ့ သက်သေပြနိုင်ပါတယ်၊ ဒါပေမဲ့ ပြဖို့တော့ စိတ်မကူးဘူး၊ ခင်ဗျားမှာ အဲဒီလို လုပ်ပိုင်ခွင့် မရှိဘူး၊ ပြီးတော့လည်း…”

“လုပ်ပိုင်ခွင့် မရှိဘူး…ဟုတ်လား”

ဟော့မန်း၏ ဒေါသမှာ ခုမှ မြင်မြင်ထင်ထင် ဖြစ်လာသည်။ ပီထရီပင်လျှင် ဂျာကင်အင်္ကျီအောက်၌ရှိသော မော်ဇာပစ္စတို၏ဒင်ကို လက်ဖြင့် ကိုင်မိသည်အထိ ဖြစ်လာသည်။

ဟော့မန်းက ယာဉ်မောင်းကို လှည့်ပြောလိုက်သည်။

“မာစီးဒီးထဲက လူနှစ်ယောက်ကို ကားထဲက ထွက်ခိုင်းပြီး သေနတ်နဲ့ ချိန်ထား၊ ပြီးတော့ သူတို့ကို မြေကြီးပေါ်မှာ မှောက်လျက် အိပ်ခိုင်းပြီးမှ ကားကို ရှာ”

ပီထရီက သေနတ်အိတ်ထဲမှ သေနတ်ကို ဆွဲထုတ်ပြီး သည်စစ်ဗိုလ်ကို အချိန်မီ ပစ်နိုင်၊ မပစ်နိုင် ချိန်ဆနေစဉ် ဟော့မန်းက သူတို့ဘက် ပြန်လှည့်လာပြီး ထုံးစံအတိုင်း သေနတ်ဖြင့် ချိန်ထားသဖြင့် မဖြစ်နိုင်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအခိုက်တွင် ယာဉ်မောင်းစစ်သားသည် မာစီးဒီး ရှိရာသို့ သွားပြီး ဂျာမန်ဘာသာဖြင့် အမိန့်ပေးနေလေပြီ။ အက်ဒဝပ်ဂျွန်ဆန်သည် ယမ်းဘီလူးများပါသော ကျောပိုးအိတ်ကို သူ့ခြေရင်းရှိ မော်တော်ကား ကြမ်းပြင်ပေါ်တွင် ချထားသဖြင့် မိနစ်မဆိုင်း ရှာတွေ့တော့မှာ သေချာသည်။ ဤတွင် အင်ဂျလိုက အားနာသွားဟန်ဖြင့် လက်နှစ်ဖက်ကို ဖြန့်ပြရင်း ပြောလိုက်သည်။

“ဒီလူနှစ်ယောက်စလုံး ဂျာမန်စကား တစ်လုံးမှ နားမလည်ဘူး၊ ပြီးတော့လည်း ခင်ဗျား ဒရိုင်ဘာက ကျုပ်လူတစ်ယောက်ယောက်ကို အနာတရ ဖြစ်စေခဲ့ရင် ကျုပ်ဒီကိစ္စကို ဗိုလ်ချုပ်ကြီး ဂတ်ဖိုနီဆီ တိုင်ရလိမ့်မယ်”

ဤတွင် ဟော့မန်းက အရှက်ပြေအော်၍ အမိန့်ပေးလိုက်သဖြင့် သူ့စကားကို ခဏရပ်လိုက်ရသည်။

“ဟန်… သူတို့ကို မပြောနဲ့တော့၊ သူတို့က ဂျာမန်စကား နားမလည်ကြဘူး”

အင်ဂျလိုက ခပ်မှန်မှန် ဆက်ပြောသည်။



“အင်း… ဒါဆိုရင် သိပ်မဆိုးဘူး၊ ကျုပ်ကသာ ခင်ဗျားရဲ့ လုပ်ပုံကိုင်ပုံကို တိုင်လိုက်မယ်ဆိုလျှင် ခင်ဗျားဟာ ရုရှစစ်မြေပြင်ကို နှစ်ဆယ့်လေးနာရီအတွင်း ပြန်အပို့ခံရလိမ့်မယ်”

ဟော့မန်းသည် ပစ္စတိုကို အင်ဂျလို၏ ရင်ဘတ်တည့်တည့်ဆီသို့ ပြောင်းချိန်ရင်း ဆဲလိုက်သည်။

“မင်း… တော်တော် လူပါးဝတဲ့ ခွေးကောင်၊ မင်းဟာ ဂျာမန်တပ်မတော်က စစ်ဗိုလ်တစ်ယောက်ကို ခြိမ်းခြောက်နေတယ်ဆိုတာ သိရဲ့လား”

သူပြောနေချိန်တွင် အင်ဂျလိုသည် လက်ဝါးနှစ်ဖက်ကို ဖြန့်လျက် ရန့်လိုသည့်ဟန် လုံးဝမပြဘဲ ပြန်ဖြေလိုက်သည်။

“သတိပေးရုံ ပေးနေတာပါဗျာ…တိုင်စာကိုတော့ ဗိုလ်ချုပ်ကြီး ဟပ်ဖနာက တစ်ဆင့် ပို့မှာဗျ”

“ခင်ဗျား သူ့ကို သိသလား”

“ခင်ဗျားက ကျုပ်နာမည်ကို မေးပေမဲ့ ကျုပ် ဘာလုပ်ကိုင်စားသလဲ ဆိုတာကိုတော့ မမေးဘူး၊ ကျုပ်က ရှေ့နေဗျ၊ ကျုပ်ကို ဂျာမန်လူမျိုးတော်တော်များများက ငှားကြတယ်၊ ဗိုလ်ချုပ်ကြီး ဟပ်ဖနာကလည်း အမှုကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ကျုပ်ကို ငှားလို့ တစ်ယောက်အကြောင်း တစ်ယောက်က တော်တော်လေး သိနေကြတယ်”

ဟော့မန်း၏ မျက်နှာထားမှာ သိသိသာသာ ပြောင်းလဲသွားသည်။ သူ ပြောတာတွေ ဟုတ်များ ဟုတ်နေသလား ဆိုသည့် စိတ်ထားမျိုး ဝင်လာပုံရသည်။ ဤတွင် ဟော့မန်းက ပစ်မှတ်ပြောင်းသည့်အနေဖြင့် ပီထရီကို အီတာလျံဘာသာဖြင့် ကြိမ်းလိုက်သည်။

“ဟော့လူ…ခင်ဗျားလက်ထဲမှာ ဘာကိုင်ထားသလဲ”

ပီထရီသည် ရှက်ကိုးရှက်ကန်း မျက်နှာထားဖြင့် လက်ကို ဂျာကင်အင်္ကျီ အောက်မှ ထုတ်ပြလိုက်သည်။

“သည်ဝစ္စည်းလေးပါဗျာ”

သူ့လက်ထဲတွင် ပါလာသည်က စီးကရက်ဘူးတစ်ဘူး။

“ဗိုလ်ကြီး… စီးကရက်တစ်လိပ်လောက် သောက်ပါဦး”

ထိုအချိန်တွင် လမ်းပေါ်၌ အီတာလျံကားတစ်စီး အရှိန်ပြင်းထန်စွာဖြင့် မောင်းနှင်သွားသည်။ ထိုကားနောက်မှ ကားတစ်စီး ကပ်ပါလာသည်။ သို့သော် နှစ်စီးစလုံးက ဂျာမန် ယူနီဖောင်း ဝတ်ထားသူတို့ကို မြင်သောအခါ ရပ်တန့်လို

www.burmeseclassic.com

www.burmeseclassic.com



ဟန် မပြချေ။ အင်ဂျလိုက ပီထရီအား တောသားတစ်ယောက်ကို ပြောသည့် ပုံစံဖြင့် မာန်လိုက်သည်။

"ပီထရိ၊ သည်ဗိုလ်ကြီးက မြက်ခြောက်နဲ့ လုပ်ထားတဲ့ မင့်စီးကရက်ကို မသောက်ဘူးကွ၊ ငါ စကားပြောနေတုန်း… မင်းပါးစပ်ကို ပိတ်ထားစမ်း"

ဟော့မန်းက နှိမ့်နှိမ့်ချချ လေသံဖြင့် မေးပြန်သည်။

"ခင်ဗျားလို အဆင့်အတန်းရှိတဲ့လူက တောသားတွေနဲ့ ဘာဖြစ်လို့ ခရီး အတူတူ သွားနေတာလဲ"

"ဟို…ခွေးသား ဗြိတိသျှတွေ ဗုံးကြဲဖျက်ဆီးသွားတဲ့ မက်ဆီနာက ကျုပ် ရုံးခန်းကို ပြင်ဖို့ ပန်းရန်အလုပ်သမားတွေ လိုနေလို့ပေါ့၊ ခင်ဗျားက ဒီကို ရောက်လာတာ သိပ်မကြာသေးတော့ ဒီက အခြေအနေမှန်ကို သိပ်မသိဘူး၊ ဒါကြောင့် မှားပြီးရင်း ဆက်မှားနေတာ၊ မက်ဆီနာမှာ ဗုံးတရစပ်ကြဲတာ ခံနေရတော့ အလုပ်သမားတွေ သိပ်ရှားသွားတယ်၊ ဒါ့ကြောင့် တောဆင်းပြီး အလုပ်သမားတွေကို ဈေးကြီးပေး ခေါ်နေရတာ၊ ခင်ဗျားကတော့ လူသစ်မို့လို့ ဒါတွေကို နားမလည်ဘူး။ အီတာလျံလူမျိုး တစ်ယောက်က ဂျာမနီလုပ်ကားကို ပိုင်တာ ဒီနိုင်ငံမှာ ဘာမှ မဆန်းဘူး၊ အဲ…နောက်တစ်ချက်ကလည်း 'အင်နာ စစ်ဌာနချုပ်' က ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်အကြောင်း ခင်ဗျားကို ပြောပြရဦးမယ်။ အဲဒီညွှန်ကြားချက်ကတော့ ဂျာမန်တပ်မတော်က ပုဂ္ဂိုလ်တွေဟာ အီတာလျံ မဟာမိတ်တွေနဲ့ အယဉ်ကျေးဆုံး ဆက်ဆံရမယ်လို့ ဆိုထားတယ်။ အခု ကျုပ်ကို သေနတ်နဲ့ ချိန်ထားတာကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေတယ်လို့ ပြောလို့ရပါ့မလား"

ဟော့မန်းသည် သေနတ်ဖြင့် မချိန်တော့ဘဲ ဘေးသို့ လက်ပြန်ချ၍ ကိုင်ထားရင်း ပြောပြန်သည်။

"ဒါပေမဲ့ နေပူကျဲကျဲထဲမှာ မတ်တတ်ရပ်ပြီး စောင့်နေတာကတော့ နည်းနည်းဆန်းတယ်လို့ ကျုပ် သိချင်တယ်"

"လမ်းပျောက်နေလို့ပေါ့ဗျ၊ ကျုပ်က မြေပုံကို ဘာကိစ္စနဲ့ ကြည့်နေတယ်လို့ ခင်ဗျားက ထင်သလဲ၊ ကျုပ် ဒီနေရာမှာ ဇဝေဇဝါ ဖြစ်နေတယ်၊ ဆိုင်းဘုတ်လည်း မရှိဘူး"

"ခင်ဗျားက ဘယ်ကို သွားမလို့လဲ"

"စကိုပါနာကို သွားမလို့"



"ကျုပ်…အခုပဲ အဲဒီက လာခဲ့တာ၊ ဟောဒီလမ်းအတိုင်း သွားရင် ရောက်လိမ့်မယ်၊ ကျုပ်သဘောထားကို ပြောရမယ်ဆိုလျှင် သည်နားတစ်ဝိုက်မှာ ဗြိတိသျှ စပိုင်နှစ်ယောက် ရောက်နေတယ်လို့ သတင်းရထားတယ်၊ ဒီတော့ လူတိုင်း လူတိုင်းကို စစ်ဆေးဖို့ လိုအပ်တယ်လို့ ကျုပ်က ယူဆတယ်"

ဂျာမန်စစ်ဗိုလ်၏ အမူအရာမှာ ကြွပ်ဆတ်ဆတ် ဖြစ်နေသေးသော်လည်း ယခင်ကလောက် ရန့်မလိုတော့ချေ။

အင်ဂျလိုကလည်း ပြတ်သားသည်။

"စစ်စရာ နည်းတွေ အများကြီး ရှိပါတယ်ဗျာ"

အင်ဂျလိုသည် မြေပုံကို ကမန်းကတန်း ကောက်ယူပြီးနောက် ပီထရိကို အီတာလျံဘာသာဖြင့် ခပ်သုတ်သုတ် လိုက်ခဲ့ရန် ပြောရင်း မာစီးဒီးဆီကို ကမန်းကတန်း လျှောက်သွားသည်။ သူတို့နှစ်ဦးစလုံး မာစီးဒီးဆီသို့ သွားနေစဉ် ပီထရီက ဂျာမန်စစ်ဗိုလ်ကို မျက်လုံးထောင့်ကပ်ပြီး ကြည့်လိုက်သည်။ ဟော့မန်းသည် ယခင်နေရာ၌ပင် ရပ်လျက်သား ရှိနေသည်။ ရှေ့ဘက်သို့ တစ်ကိုက် နှစ်ကိုက် တိုးလျှောက်လိုက်ရုံနှင့် ပတ်ကြားအက်ထဲမှ သေနတ်ကို မြင်နိုင်ပေသည်။

အင်ဂျလိုသည် စိတ်တိုနေသော ပုံစံဖြင့် ယာဉ်မောင်းသူ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ပီထရီကလည်း သူ့ဘေးတွင် ကပျာကယာ ဝင်ထိုင်သည်။ အင်ဂျလိုသည် တံခါးကို ပြန်ပိတ်ပြီးနောက် ကားပြင်သည့် ပစ္စည်းကိရိယာများ ထည့်ထားသော အိတ်ကို ကြမ်းပေါ်မှ ကောက်ယူပြီး "ရော့…အသုံးလိုရင် လိုလာလိမ့်မယ်" ဟု ပြောရင်း ပီထရီကို လှမ်းပေးလိုက်သည်။ ထိုအခိုက်တွင် အီတာလျံစစ်သားများ ပါသော ထရပ်ကားတစ်စီး သူတို့ဘေးမှ ဖြတ်၍ ပူစီယိုရွာဆီသို့ မောင်းသွားသဖြင့် ကားကို ခဏ ရပ်ထားရသည်။

ပီထရီသည် အဆိုပါ အိတ်ကို ဖွင့်ကြည့်ပြီး ချက်ချင်း ပြန်ပိတ်လိုက်သည်။ အိတ်ထဲတွင်ကား ဂျာမန်စစ်တပ်သုံး လက်ကိုင်ပါသော လက်ပစ်ဗုံး သုံးလုံး ရှိနေသည်။ အင်ဂျလိုက မာစီးဒီးကားကို စကိုပါနာဘက်သို့ ဦးတည်မိအောင် ပြန်ကွေ့နေစဉ် ပီထရီက အင်ဂျလိုကို ခပ်တိုးတိုး ပြောလိုက်သည်။

"သူတို့ ဟိုနေရာမှာပဲ ရှိသေးတယ်။ ဒရိုင်ဘာကတော့ ကားထဲကို ဝင်သွားပြီ…"

အင်ဂျလိုက လီဗာကို ဆောင့်နင်းရင်း ဒေါသဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီကောင်တွေ ချောက်ထဲ လိမ့်ကျကုန်ပါစေ၊ ဟော့… နောက်ဘက်ကို ဘယ်သူမှ ပြန်မကြည့်ကြနဲ့နော်''

ပီထရီက သူ့လက်မှ နာရီကို ကြည့်လိုက်သည်။ ညနေ ၃ နာရီ ၄၅ မိနစ် ရှိလေပြီ။ ချိန်းထားသော အချိန် (သန်းခေါင်ယံ)သို့ ရောက်ရန် ရှစ်နာရီသာ ရှိတော့သည်။ ထိုအခိုက်တွင် အီတလီစစ်သားများ ပါသော ထရပ်ကားတစ်စီး မျက်နှာချင်းဆိုင်အရပ်မှ လာနေသဖြင့် ပီထရီက ပြောလိုက်သည်။

''မြန်မြန်မောင်းဗျို့… ဒီလမ်းမှာ တဖြည်းဖြည်း ကားရှုပ်လာပြီ''

''ဟုတ်တယ်၊ ဒါ သိပ်ဆန်းတယ်၊ အရင်ကဆိုရင် ဒီလမ်းမှာ ကားသိပ်ရှင်းတယ်၊ ခုနက ဖြတ်သွားတဲ့ ကားနှစ်စီးစလုံးမှာ ဗိုလ်တွေ ပါသွားတယ်၊ အင်း… တစ်ခုခုတော့ ဖြစ်နေပြီ''

ဗွန်ဆန်က ဝင်သတိပေးသည်။

''ကျုပ်တို့နောက်ဘက်မှာလည်း တစ်ခုခု ထူးထူးခြားခြား ဖြစ်နေပြီ၊ ကျုပ်တို့ရဲ့ မိတ်ဆွေကြီးတွေ ခုအထိ နောက်က ပါလာတုန်းပဲ''

ပီထရီက နောက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းမှ အရှိန်ပြင်းပြင်းဖြင့် လိုက်လာသော ဟော့စ်ဝက်ဂွန် ကားတစ်စီးကို မြင်လိုက်ရသည်။ သူက မျက်စိကို လက်ဖြင့် အုပ်၍ ကြိုးစားပြီး ကြည့်သော်လည်း အထဲတွင် ပါလာသူများကို ကွဲကွဲပြားပြား မမြင်ရချေ။ သူက မေးလိုက်သည်။

''ဟော့မန်းဆိုတာ သေချာရဲ့လား''

''သိပ်သေချာတယ်၊ သူတို့ကား လမ်းပေါ်မှာ ပြန်လှည့်တာ မြင်လိုက်ရတယ်၊ သူတို့ ကျုပ်တို့နောက်က ထက်ကြပ်မကွာ လိုက်လာကြပြီ''

□

သူတို့လူစုသည် စီဖလူးလမ်းခွဲအလွန် ဆယ်မိုင်၊ ဆယ့်နှစ်မိုင်အကွာသို့ ရောက်နေလေပြီ။ သူတို့ ဖြတ်သန်းလာရသော အရပ်ဒေသမှာ ပင်လယ်ပြင်ကဲ့သို့ ပြန့်ပြန့်ပြူးပြူး ရှိနေပြီး သောပတ်ပတ်လည်တွင် ရှုနေထိုင်သည့် အရိပ်အယောင်ကို လုံးဝ မတွေ့ရချေ။

အင်ဂျလိုဂမ်ဘာရီက နောက်ကြည့်မှန်မှတစ်ဆင့် နောက်ဘက်သို့ လှမ်းကြည့်ရင်း ရှင်းပြသည်။

''ဒါ… သဲပင်လယ်ပေါ့ဗျာ၊ တစ်ချိန်တုန်းကတော့ ဒီနေရာတစ်ဝိုက်မှာ လယ်တွေ၊ ယာတွေ၊ လယ်သမားတွေ ရှိခဲ့တယ်၊ ဒါပေမဲ့ စစ်စလီ



လယ်သမားတွေဟာ တကယ့်လူညံ့တွေ၊ သစ်ပင် လုံးဝ မစိုက်ကြဘူး။ ဒီတော့ နေမင်းကြီးက နှိပ်စက်လို့ အခုလို သဲပင်လယ် (သဲကန္တာရ) ဖြစ်သွားရတာပေါ့လေ။ အခုတော့ ဒီနေရာဟာ သဘာဝရဲ့ သင်္ချိုင်းပဲလို့ ခေါ်ချင်ခေါ်ပေါ့။ ဟောဗျ…ဒီလူတွေ ခုအထိ နောက်က လိုက်လာတုန်းပဲ၊ ဟော့မန်းမှာ ဘာစိတ်ကူးများ ရှိနေသလဲ မသိ''

ပီထရီက ဝင်ဖြေသည်။

''စီဖလူး လမ်းခွဲတုန်းက သူ ဇဝေဇဝါ ဖြစ်သွားတယ်၊ ခင်ဗျားခပ်တည်တည် ပြောတဲ့ စကားတွေကို သူ ယုံရမလိုလို ဖြစ်သွားတယ်။ ဒါပေမဲ့ ဒီငတိက အကင်းပါးတယ်၊ သူ ဒီအရပ်မှာ မျက်နှာစိမ်း ဖြစ်နေလို့ မျှောပြီး လိုက်ဖို့ ဆုံးဖြတ်လိုက်ပုံရတယ်၊ ဒါပေမဲ့ သူ့စိတ်ထဲမှာတော့ သံသယဖြစ်နေတုန်းပဲ၊ ကျုပ် အထင်ပြောရရင် လမ်းမှာ ဂျာမန်စစ်သားတွေနဲ့ နောက်ထပ်တွေ့ရမယ်ဆိုရင် ကျုပ်တို့ကို နောက်တစ်ကြိမ် ထပ်ဖမ်းဦးမှာ သေချာတယ်၊ ဒါမှမဟုတ် ကျုပ်တို့ ဘယ်သွားသလဲ ဆိုတာ သိရအောင် လိုက်ကြည့်တာ ဖြစ်လိမ့်မယ်''

''သူ ဘယ်နည်းနဲ့ပဲလုပ်လုပ်၊ ကျုပ်တို့တော့ သောက်ခွပဲ''

အင်ဂျလို စကားအဆုံးတွင် အီတာလျံ စစ်သားများ ပါသော ထရပ်ကားတစ်စီးနှင့် ဆုံမိပြန်သည်။

''မြတ်စွာဘုရား၊ ဒီကနေ့ ဒီလမ်းပေါ်မှာ ကားအသွားအလာ သိပ်များနေပါလား၊ နေပါဦး… ဒီငတိက ကျုပ်တို့ကို စကိုပါနာအထိ နောက်ယောင်ခံပြီး လိုက်လာမလား မသိဘူး''

ပီထရီက ပြန်ဖြေသည်။

''သူ အဲဒီက လာတာပဲဗျ၊ ဒီတော့ သူ့ဌာနချုပ်ဟာ အဲဒီမှာ ရှိမှာပေါ့၊ ဒါ့ကြောင့် သူ့ဘက်က ဝင်ကူမယ့် လူတွေ အများကြီး ရှိနိုင်တယ်''

ဤတွင် ဆဲလ်ဗားက ဝင်ပြောသည်။

''ကျုပ်တို့ ကားကို အရှိန်လျှော့ပြီး သူ့ကို ကျော်တက်ပေစေဗျာ၊ အဲဒီအခါကျမှ ဟော့မန်းနဲ့ ဒရိုင်ဘာကို ပစ်သတ်မယ်''

ပီထရီက ဝင်ဖြေသည်။

''မနိုင်ဘူး၊ နောက်တစ်ချက်ကလည်း သူက အဲဒီအကွက်ကို ကြိုမြင်လိမ့်မယ်နဲ့ တူတယ်၊ ပြီးတော့ ကျုပ်တို့တာဝန်က ရုတ်ရုတ်သဲသဲ မဖြစ်ဘဲနဲ့ ဒီကျွန်းကို ဖြတ်သွားနိုင်ဖို့ပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဆဲလ်ဗား ထပ်ပြောသည်။

"ဒီငတိတွေကို သတ်ပြီး ထားခဲ့မှ ဖြစ်မယ်"

"အဲဒီလို ဖြောင်ကျကျ လုပ်လို့ ဘယ်ဖြစ်မလဲ၊ ဒီလိုဆိုရင် နောက်လာတဲ့ စစ်ကားက တွေ့သွားပြီး အလန့်တကြား လုပ်စေချင်လို့လား၊ နောက်တစ်ချက်ကလည်း ဒီလမ်းပေါ်မှာ ကားအသွားအလာ သိပ်များနေတယ်"

ဤတွင် အင်ဂျလိုက ဝင်ကန့်ကွက်သည်။

"ဒါပေမဲ့ စကိုပါနှာ ရောက်ရင် ဟော့မန်းက ကျုပ်တို့ကို ထပ်ဖမ်းမှာ သေချာတယ်၊ ပြီးတော့လည်း ဟိုကျရင် သူ့ဘက်က လူတွေ အများကြီး ရှိလာလိမ့်မယ်"

ပီထရီက ပြန်ဖြေသည်။

"ကျုပ် သိပါတယ်"

ပီထရီသည် လမ်းနံဘေးရှိ ဟင်းလင်းကြီးကို လက်ညှိုးညွှန်ရင်း ထပ်မေးပြန်သည်။

"ဒီလိုချည်းပဲ…ဖြစ်နေဦးမှာလား"

ဤနေရာတွင် လူနှစ်ယောက်ကို မဆိုထားဘိ။ ခွေးသေကောင် တစ်ကောင်ကိုပင် ဝှက်ထားနိုင်မည့် နေရာ မရှိချေ။ နောက်သို့ ပြန်ကြည့်သော အခါ ဗော့စ်ဝက်ဂွန်ကို နောက်ကြည့်မှန်ထဲတွင် တွေ့နေရဆဲ ဖြစ်သည်။ အင်ဂျလိုက ပြန်ဖြေသည်။

"နောက်ထပ် မိုင်ပေါင်းများစွာအထိ ဆိုပါတော့"

"အရှိန် နည်းနည်းလျှော့လိုက်စမ်းပါ၊ သူတို့ မော်တော်ကား ကျုပ်တို့ကို ကျော်ချင်ကျော်သွားလိမ့်မယ်၊ သူတို့ဘာသာသူတို့ စကိုပါနှာကို ပြန်တာလည်း ဖြစ်နိုင်တယ်"

ဝူျန်ဆန်က ပြန်မေးသည်။

"ဘာလဲ လောင်းကြေး ထပ်ချင်လို့လား"

နေ့လယ်ခင်း နေပြင်းချိန်တွင် မောင်းနှင်နေရသဖြင့် ကားထဲရှိ 'လေ' မှာ မခံမရပ်နိုင်အောင် ပူပြင်းလာသည်။ သို့သော် အင်ဂျလိုက ကားကို အရှိန်လျှော့လိုက်ပြီး ပီထရီက နောက်လှည့်ကြည့်ချိန်တွင် သူတို့အားလုံး အပူဒီဂရီကို မေ့နေကြသည်။ နောက်က လိုက်လာသော ကားသည် တဖြည်းဖြည်း ပိုနီးလာရာ သူတို့ကားကို ကျော်တက်ပြီး ရပ်ခိုင်းလေမလားဟု ပီထရီက



တွေးလိုက်ပြန်သည်။ ပီထရီက ကားရှေ့ဘက်သို့ ပြန်လှည့်ကြည့်လိုက်ရာ တစ်မျှော်တစ်ခေါ် မျက်စိတဆုံး လမ်းရှင်းနေသည်ကို တွေ့ရသဖြင့် နောက်သို့ ပြန်ကြည့်မိပြန်သည်။ ဗော့စ်ဝက်ဂွန်ကလည်း သူတို့ကားလိုပင် အရှိန်လျှော့သွားပြီး ခပ်မှန်မှန် လိုက်လာသည်။ ပီထရီက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ဒီငတိတွေ တို့နောက် လိုက်လာတာ အမှန်ပဲ၊ ကဲ…ကားကို ခပ်မြန်မြန် ပြန်မောင်းပေတော့၊ တို့မိတ်ဆွေကြီးတွေက တို့နောက်ကို တစ်လမ်းလုံး ဆက်လိုက်လာမှာ သေချာတယ်"

အင်ဂျလိုက ပြန်ဖြေသည်။

"ဒါဆိုရင် ကျုပ်တို့တော့ ချောင်ပိတ်မိနေပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလမ်းပေါ်မှာ ကားတွေ အဆက်မပြတ် သွားနေတယ်၊ သူတို့ကို လူမမြင်အောင် ဝှက်ထားစရာ နေရာကလည်း မရှိ၊ ဒါ့ကြောင့် သူတို့နဲ့ ရင်ဆိုင်လို့ မဖြစ်ပြန်ဘူး၊ တစ်ခါ ရှေ့ဆက် မောင်းမယ်ဆိုရင်လည်း မကြာခင် ဂျာမန်စစ်သားတွေပါတဲ့ ကားတစ်စီးစီးနဲ့ ဝင်တိုးမိလိမ့်မယ်၊ အဲဒီအချိန်ကျရင် ဟော့မန်းက ကျုပ်တို့ကို အပြတ်ချဲလိမ့်မယ်"

ပီထရီကလည်း သဘောတူလိုက်သည်။

"ဟုတ်တယ်… ချောင်ပိတ်မိနေပြီ၊ ဒါပေမဲ့ ဒီအခက်အခဲထဲက တစ်နည်းနည်းနဲ့ ရုန်းထွက်ရလိမ့်မယ်၊ ဒီပြဿနာက အလွယ်လေးပါ၊ ဒီဂျာမန်နှစ်ကောင်ကို ဘယ်သူမှ မမြင်အောင် ဖြောင်လိုက်ဖို့ပဲ၊ အင်း…အဲဒါထက် နည်းနည်း ပိုလုပ်ရလိမ့်မယ်၊ နောက်ပိုင်းကျရင် အလောင်းနှစ်လောင်းနှင့် ကားတစ်စီးကို နောက်ရှစ်နာရီအတွင်း ဘယ်သူမှ ရှာမတွေ့အောင် ဖွက်ထားဖို့ လိုလိမ့်မယ်၊ သည်နှစ်ယောက် အစရှာမရအောင် ပျောက်သွားမှ ဖြစ်မယ်၊ အဲဒီလို ဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဘယ်ဉာဏ်ကြီးရှင်က ပြောနိုင်မလဲ"

ကားထဲတွင် အားလုံး ငြိမ်ကျသွားသည်။ စကိုပါနှာနှင့် နီးလာလေလေ၊ နောက်မှ ကပ်ပါလာသည့် နှစ်ယောက်ကို ဖြောင်ရန် ပိုခက်လာလေလေ ဖြစ်ကြောင်း သိနေကြ၍ ဖြစ်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဆဲလ်ဗားက ပြောလိုက်သည်။

"လူမနေဘဲ ပစ်ထားတဲ့ လယ်တဲတစ်တဲတော့ ရှိတယ်၊ အဲဒီ လယ်တဲဟာ လမ်းနဲ့ အတော်ကလေး ဝေးတော့ သူတို့ကို ဖြောင်မယ်ဆိုလျှင် ဘယ်သူမှ ကြားမယ် မထင်ဘူး"

ဗိုထရိက ပြန်မေးသည်။

"လူမနေဘူးဆိုတာ သေချာရဲ့လား"

"အဲဒီတဲဟာ သည်နေရာတစ်ဝိုက်မှာ ရှိတယ်၊ လူမနေတာကလည်း ခွဲစဉ်မျိုးဆက် တစ်ဆက်လောက် ရှိပြီ၊ အဆောက်အဦတွေကလည်း ပြိုကျလုဆဲဆဲ ဖြစ်နေလို့ အနားကို ဘယ်သူမှ မသွားတော့ဘူး"

"လမ်းကနေ ဘယ်လောက် ဝေးသလဲ"

"တစ် ကီလိုမီတာ"

"အဲဒီနေရာကို သွားတဲ့လမ်းက ဘယ်ကို ဆက်သွားနိုင်သလဲ"

"ဘယ်မှ မရောက်တော့ဘူး၊ အဲဒီလယ်တဲဆီ သွားတဲ့ လမ်းဟာ လယ်တဲမှာပဲ ဆုံးတယ်၊ တခြားကို သွားစရာ မရှိဘူး"

အင်ဂျလိုက ဝင်မေးသည်။

"ဟုတ်တယ်၊ တကယ်လို့သာ ဟို... ဂျာမန်ကောင်တွေ ကျုပ်တို့ နောက်က လိုက်လာလျှင် သူတို့အတွက် လမ်းဆုံးပဲ၊ ပြန်လမ်း မရှိဘူး"

အင်ဂျလိုတစ်ယောက် ပေါက်ကွဲလေပြီ။

"ဒါဆိုလျှင် လန့်စရာ သိပ်ကောင်းနေပြီ။ ကိုယ့်ဘာသာကိုယ် ထောင်ချောက်ထဲ တမင်ဝင်တိုးသလို ဖြစ်နေပြီ၊ တကယ်လို့ သည်ဂျာမန်တွေက လမ်းမကြီးပေါ်မှာ ဂျာမန် စစ်သားတွေ နောက်ထပ် ရောက်လာတဲ့အထိ ရပ်စောင့်နေမယ်ဆိုလျှင် ဘယ့်နှယ်လုပ်မလဲ။ သူတို့က ကျုပ်တို့ကို လူအင်အားနဲ့ ချောင်ပိတ် ဖမ်းလျှင် သေမင်းထောင်ချောက်ထဲ တန်းဝင်ရသလို..."

ဆဲလ်ဗားကလည်း စိတ်ရှည်လက်ရှည် ပြန်ဖြေသည်။

"သည်အက်စ်အက်စ် စစ်ဗိုလ်ဟာ သည်ကျွန်းပေါ် ရောက်စပဲ ရှိပုံရသေးတယ်၊ သူ သည်အနီးအနားတစ်ဝိုက်ရဲ့ မြေအနေအထားကို သိဦးမှာ မဟုတ်ဘူး၊ ကဲ ခင်ဗျားလည်း သည်ကျွန်းပေါ်မှာ အနေကြာပြီ မဟုတ်လား၊ ဒါပေမဲ့ သည်နေရာမှာ သည်လယ်တဲ ရှိတာကို ခင်ဗျား သိလို့လား"

အင်ဂျလိုကလည်း ဒေါနှင့်မောနှင့် ပြန်ပြောသည်။



"ကျုပ် လုံးဝ သဘောမတူဘူး၊ ခုအချိန်မှာ အဲဒီလောက် စွန့်စွန့်စားစား မလုပ်သင့်ဘူး"

ဗိုထရိက ခပ်ဆတ်ဆတ် ဝင်ပြောသည်။

"ခဏနေပါဦးလေ၊ အခု ကျုပ်တို့ တိုက်ရမှာက ဂျာမန်တွေပါ၊ အချင်းချင်း ရန်ဖြစ်စရာ မလိုပါဘူး။ ဆဲလ်ဗား... အဲဒီလမ်းခွဲကလေးကို ရောက်ဖို့ ဘယ်လောက်လိုသေးသလဲ"

"မကြာတော့ဘူး၊ နောက် ငါးမိနစ်ဆိုလျှင် ရောက်လိမ့်မယ်"

"တကယ်လို့ အဲဒီလယ်တဲမှာ လူမနေဘူးဆိုရင် ဖော့စ်ဝက်ဂွန်ကို ဘယ်မှာ ဝှက်မလဲ၊ အဲဒီကားကို နောက်ထပ် ရှစ်နာရီလုံးလုံး ရှာမတွေ့ဖို့ အရေးကြီးတယ်"

"အဲဒီမှာ စပါးကျီတစ်ခု ရှိတယ်။ အဲဒီ စပါးကျီထဲမှာ ဝှက်လျှင် ဖြစ်ပါတယ်"

ပွန်ဆန်က နောက်လှည့်ကြည့်လိုက်ရာ ဖော့စ်ဝက်ဂွန်သည် နောက်ဘက် နှစ်ဖာလုံခန့် အကွာအဝေး၌ ရှိနေသည်ကို တွေ့ရသည်။ သူက...

"ဒီငတိတွေဟာ ဒီလမ်းမှာ အချိန်မှန် ကင်းလှည့်တဲ့ လူတွေတော့ ဟုတ်မယ် မထင်ဘူး"

ဆဲလ်ဗားက ဝင်မေးသည်။

"တကယ်လို့ အချိန်မှန် ကင်းလှည့်တဲ့ လူတွေဆိုရင်ကောဗျာ"

"ဒါဆိုရင် စကိုပါနာ ဌာနချုပ်ကို ဘယ်အချိန်၊ ဘယ်အချိန်ကျရင် ပြန်ရောက်ရမယ်ဆိုတဲ့ အချိန်ဇယား ရှိမှာပေါ့။ တကယ်လို့ ပြန်မရောက်ခဲ့ရင် ရှာဖွေရေးအဖွဲ့တွေ လွှတ်ပြီး လိုက်ရှာကြလိမ့်မယ်။ သူတို့လာရှာရင် ဒီနေရာမှာ ရှာစရာ နေရာကလည်း သိပ်မရှိဘူး မဟုတ်လား"

ဗိုထရိက ဝင်ပြောသည်။

"ပွန်ဆန် ပြောတာ မှန်တယ်၊ အဲဒီလယ်တဲကို ဒီလမ်းပေါ်က လှမ်းမြင်ရသလား"

ဆဲလ်ဗားက ဖြေသည်။

"ဒီနေရာတစ်ဝိုက်ဟာ တလင်းကြီးလို ပြန့်ပြန့်ပြူးပြူး ရှိနေတော့ မြင်ရတာပေါ့၊ ပြီးတော့လည်း လမ်းပေါ်က တစ်ကီလိုမီတာလောက်ပဲ ဝေးတယ်လေ"

ပွန်ဆန်က ဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒီနေရာကို ပထမဦးဆုံး သွားရှာကြမှာပဲ၊ ကျုပ် အင်ဂျလို ပြောတာကို လက်ခံတယ်၊ သူ့ကို ထောက်ခံမဲပေးတယ်၊ အဲဒီအလုပ်ဟာ သိပ်အန္တရာယ်များတယ်"

ပီထရီက ဝင်ပြောသည်။

"ဘယ်သူက မဲခွဲမယ် ပြောလို့လဲ၊ သည်ကိစ္စမှာ မဲခွဲစရာ မလိုဘူး၊ ငါ တစ်ယောက်တည်း ဆုံးဖြတ်မယ်၊ ဆဲလ်ဗား…အဲဒီနေရာနား ရောက်လျှင် ကျုပ်ကို သတိပေးပါ"

"အဲနားရောက်လာလျှင် သည်က လှမ်းမြင်ရမှာပါ"

သေရေးရှင်ရေးတမျှ အရေးကြီးသော ဆုံးဖြတ်ချက်တစ်ချက်ကို ချရန် သုံးမိနစ်ခန့်သာ အချိန်ရတော့သည်။ သူ့ဆုံးဖြတ်ချက် မှားလျှင် ဒုက္ခဖြစ်သွားနိုင်သည်။ လယ်တဲဆီသို့ မောင်းသွားခြင်းမှာ ထောင်ချောက်ထဲ ဝင်တိုးသလို ဖြစ်နိုင်သည်။ တကယ်လို့ အက်စ်အက်စ်ဗိုလ်က ဆက်လိုက်မလာဘဲ ဂျာမန်စစ်သားများ ရောက်လာသည်အထိ လမ်းမပေါ်က စောင့်နေခဲ့သော်…၊ သို့သော် ဆဲလ်ဗား ပြောသလို သည်လမ်းမှာ တခြားထွက်ပေါက် မရှိဆိုတာကို ဟော့မန်းက ဘယ်လိုလုပ် သိနိုင်မည်နည်း။ အကယ်၍ သူ့ဆီမှာ ဤနေရာတစ်ဝိုက်ကို အသေးစိတ် ဖော်ပြထားသော မြေပုံရှိခဲ့လျှင်…

ပီထရီသည် သူ ယူလာသော မြေပုံကို ပေါင်ပေါ်တွင် ဖြန့်တင်လိုက်ပြီး သေသေချာချာ ကြည့်လိုက်သည်။ ထို့နောက် ဆဲလ်ဗားဘက်သို့ ခေါင်းပြန်လှည့်ရင်း-

"ဒီမြေပုံပေါ်မှာတော့ အဲဒီလယ်တဲဆီ သွားတဲ့လမ်းကို ပြထားတာ မတွေ့ရဘူး၊ သေချာအောင် ထပ်ကြည့်စမ်းပါ"

ခဏကြာသောအခါ ဆဲလ်ဗားကလည်း မြေပုံပေါ်တွင် အမှတ်အသား ပြထားခြင်း မရှိကြောင်း ထပ်အတည်ပြုပေးသည်။ ဆဲလ်ဗားက…

"ဒါကလည်း သိပ်တော့ မဆန်းပါဘူးဗျာ။ အဲသည်လယ်တဲကို လူတွေ စွန့်ပစ်သွားကြတာ နှစ်ပေါင်း သုံးဆယ်ကျော်နဲ့ပြီပဲ၊ ကဲ… ခင်ဗျားတို့ကိုယ်တိုင် ကြည့်စမ်းပါဦး"

ထိုနေရာမှာ တောင်ဘက်စူးစူးဆီ၌ ရှိနေပြီး ကျောက်ခဲပုံကြီးတစ်ခုပမာ ဝါးတားတားသာ လှမ်းမြင်ကြရသည်။ ပီထရီက ထိုနေရာတွင် သက်ရှိသတ္တဝါရှိမရှိ လှမ်းကြည့်နေစဉ် အင်ဂျလိုက ကားအရှိန်ကို လျှော့ချပြီး ထိုနေရာသို့ သွားသည့် လမ်းခွဲကလေးကို လိုက်ရှာနေသည်။ သူတို့ သည်လမ်း



ကလေးထဲသို့ ချိုးဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဟော့မန်းက သံသယဖြစ်တော့မည်မှာ မလွဲချေ။ သူ့ကို ပြောစဉ်က သူတို့သွားမည့် နေရာမှာ စကိုပါနာဟု ပြောခဲ့သည်။ ဟော့မန်းတစ်ယောက် ဘယ်လိုလှုပ်ရှားမည် မသိ။ သူတို့ကို လမ်းမကြီးပေါ်က စောင့်နေမည်လား။ ဒါမှမဟုတ် သူ သက်ကမကောင်း ဖြစ်ခဲ့သည်မှာ မှန်လေပြီဆိုသော စိတ်ကူးဖြင့် နောက်က တောက်လျှောက် လိုက်လာလေမည်လား။ ပီထရီသည် ဟော့မန်း ဘယ်လို ဆက်လုပ်မည်ဆိုတာကို ခန့်မှန်း၍ မရနိုင်အောင် ရှိနေသည်။ ဘယ်လိုပဲ ဆုံးဖြတ်ဆုံးဖြတ်၊ ရမ်းသမ်းပြီး တောရမ်းမယ်ဘွဲ့နှင့် ဆုံးဖြတ်ရမည်သာ။ မာစီးဒီး ကားထဲတွင် ရှိနေသူလေးယောက်အနက် နှစ်ယောက်ကမူ ထိုလမ်းခွဲကလေးအတိုင်း လိုက်သွားလျှင် ပြင်မရသော အမှားကို ကျူးလွန်ခြင်း ဖြစ်သည်ဟု ယူဆနေကြသည်။ ထိုအချိန်အထိ ပီထရီ စိတ်ထဲတွင် ဝေခွဲ၍ မရသေးချေ။ ထိုအခိုက်တွင် ခပ်လှမ်းလှမ်းမှ ထရပ်ကားတစ်စီးလာနေသည်ကို မြင်လိုက်ရသည်။ အကယ်၍ ထိုကားသည် ဂျာမန်စစ်သားများကို တင်ဆောင်လာသော ကားတစ်စီး ဖြစ်ခဲ့သော်…

BURMESE CLASSIC

အင်ဂျလိုက ပြောလိုက်သည်။

"လမ်းခွဲ အဝင်ဝကို မြင်ရပြီ၊ ကျုပ် ချိုးဝင်ရမှာလား၊ ဆက်မောင်းရမှာလား"

"နည်းနည်းလောက် အရှိန်လျှော့ပေးစမ်းပါ၊ ဟိုကားဟာ ဂျာမန်စစ်သားတွေပါတဲ့ ကား ဟုတ် မဟုတ် သိချင်လို့"

ဗွန်ဆန်က ဝင်ပြောသည်။

"အဲဒီ လယ်တဲဟာ ထင်းထင်းကြီး မြင်နေရတယ်"

အင်ဂျလို ဂမ်ဘာရီကလည်း တောင်းပန်သည်။

"အဲဒီလမ်းထဲ ချိုးဝင်လိုက်လျှင် မက်ဆီနာကို ရောက်မှာ မဟုတ်တော့ဘူး"

ထိုလယ်တဲကို စိုက်ကြည့်နေသော ဆဲလ်ဗားကတော့ ဘာမျှဝင်မပြောချေ။ ထရပ်ကားကြီးကလည်း တဝေါဝေါနှင့် လာနေဆဲပင်။ ဗွန်ဆန်က ဖော့စ်ဝက်ဂွန်ကားလည်း အရှိန်လျှော့သွားကြောင်း သတင်းပို့သည်။ ထိုလမ်းခွဲကလေးမှာ ဖုန်မှုန့်များအောက်တွင် မမြင်ရသလောက်ပင်။ ပျောက်ဖွယ်လုနီးပါး ဖြစ်နေသည်။ ထိုအခိုက်တွင် ထရပ်ကားကြီးက ဝေါခနဲ ဖြတ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အိတော လျှံစစ်သားများ ပါသော ကားတစ်စီးပင်။ ပီထရီက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ကဲ…ချိုးချလိုက်ပေတော့၊ ငါတို့ အရဲစွန့်တော့မှာပဲ"

□

ဂျွန်ဆန်က အော်ပြောလိုက်သည်။

"ဟော့မန်း… လမ်းမကြီးပေါ်မှာ ရပ်သွားပြီ၊ ကျုပ်တို့ နောက်ကို လိုက်မလာတော့ဘူး"

အင်ဂျလိုသည် ရေငုံနှုတ်ပိတ် လုပ်နေသော ပီထရီကို ကြည့်ရင်း သူ့ နှုတ်ခမ်းနှစ်ခုကို တင်းတင်းကျပ်ကျပ် စေ့လိုက်သည်။ သူတို့ လူစုသည် ဖုန်ပင်လယ် (သဲကန္တာရ) ထဲ ရောက်နေပြီ ဖြစ်သဖြင့် အခြေအနေမှာ ဆိုးရွားလှသည်။ ကားဘီးကြောင့် လွင့်စဉ် ပျံတက်လာသော ဖုန်မှုန့်များက မီးခိုးဖုံး ဖောက်လိုက်သလို သူတို့ကို မမြင်မကန်း ဖြစ်စေသည်။ ဖုန်မှုန့်များသည် ကားခေါင်မိုးဆီအထိ လွင့်စဉ်ပျံတက်လာကြပြီး ရှေ့လေကာမှန်၊ စက်ခေါင်း အဖုံး စသည်တို့အပေါ်သို့ တသဲသဲကျလာသည်။ ဖုန်ထုမှာ ထူထပ်လှသဖြင့် နေ့လယ်ခင်း နေရောင်ခြည်သည်ပင်လျှင် အုံ့အုံ့မှိုင်းမှိုင်း ဖြစ်သွားသည်။

ထိုအခိုက်တွင် မော်တော်ကားသည် ချိုင့်ကြီးတစ်ခုထဲ ကျသွားပြီး တစ်ကားလုံး ကိုင်ဆောင့်သလို အကြီးအကျယ် တုန်လှုပ်သွားသောကြောင့် ကားစက်ပင် သေသွားသည်။ အင်ဂျလိုက ကားစက်ကို ပြန်နှိုးနေစဉ် ပီထရီက နောက်လှည့်ကြည့်သည်။ သို့သော် ထူထပ်လှသော ဖုန်မှုန့်များကြောင့် ဟော့မန်း တစ်ယောက် လမ်းမကြီးပေါ်က စောင့်နေ မနေ ဆိုတာကို မသိနိုင်ချေ။

ထို့နောက် စက်ပြန်နိုးသွားသဖြင့် ရှေ့ဆက် မောင်းခဲ့ကြသည်။ ထိုနေရာတွင် လမ်းသည် ဘေးသို့ ကွေ့သွားသဖြင့် ဖုန်လုံးကြီး၏ အဖျားစွန်းမှ နောက်ဘက်သို့ ထင်ထင်ရှားရှားကြီး လှမ်းမြင်လိုက်ရသည်။ ဟော့မန်းသည် လမ်းမကြီးပေါ်မှ ဆင်းလာလေပြီ။ ဗော့စ်ဝက်ဂွန်သည် ဖုန်မှုန့်လုံးကြီးထဲတွင် ပျောက်ကွယ်နေသည်။ သူတို့ လိုက်လာလေပြီ။

ပီထရီက ပြောချလိုက်သည်။

"သည်ငတိ ငါးစာကို လာဟပ်ပြီ၊ ကဲ… တို့ ဘာလုပ်ရမယ်ဆိုတာ လူတိုင်း နားလည်အောင် ပြောပြထားမယ်၊ ကျုပ်ကတော့ သေနတ်နဲ့ ပစ်တာကို လုံးဝ မလိုလားဘူး၊ လမ်းမကြီးနဲ့ နီးလွန်းတယ်၊ တို့ဓားမြှောင်တွေ၊ လက်တွေကို



ပဲ ပြည့်ပြည့်ဝဝ အသုံးချမယ်၊ တို့ဘက်က ဘယ်သူမှ အနာတရ မဖြစ်စေချင်ဘူး"

ဂျွန်ဆန်က ဝင်နှောက်သည်။

"ဂျာမန်ကောင်တွေက လွဲလျှင်ပေါ့လေ"

"အက်ဒဝပ်၊ မင်း ပါးစပ်ပိတ်ပြီး ငါ ပြောတာ နားထောင်စမ်း၊ သည်ကိစ္စကို ဘယ်သူမှ အသံမကြားအောင် လုပ်ရမယ်၊ ပြီးတော့လည်း မိုက်ရူးရဲ ဘယ်သူမှ မလုပ်ကြနဲ့၊ သည်လုပ်ငန်းမှာ သူရဲကောင်းဆန်တဲ့ လူတွေ မလိုချင်ဘူး၊ သည်တော့ ဟိုကားဒရိုင်ဘာမှာ စက်သေနတ် ပါလာသလို ဟော့မန်း ကလည်း သေနတ်ကိုင်တဲ့နေရာမှာ သိပ်မြန်တယ်ဆိုတာ မမေ့ကြဖို့ လိုတယ်၊ ဖြစ်နိုင်လျှင် သူတို့နှစ်ယောက်ကို တကွဲစီ ဖြောင်ချင်တယ်၊ နှစ်ယောက် တစ်ယောက် ဆိုပါတော့"

ဆဲလ်ဗားက ဝင်ပြောသည်။

"ဘယ်လွယ်ပါ့မလဲ၊ သည်လယ်တဲက ကျဉ်းကျဉ်းကလေးရယ်"

"ဒီအစီအစဉ်ကြီးတစ်ခုလုံး ဘာမျှ မလွယ်ဘူး၊ ကဲ… ကျုပ်တို့ အဲဒီလယ်တဲဆီ သူတို့အရင် ကြိုရောက်ဖို့ လိုတယ်"

မာစီးဒီးသည် ဖုန်မှုန့်လုံးထဲမှ ရှေ့သို့ ဝုန်းခနဲ ဆောင့်ထွက်သွားရာ ချိုင့်တစ်ခုထဲသို့ ကျသွားသည်။ ထို့နောက် ချိုင့်ထဲမှ ပြန်လွတ်လာသည်။ ထိုအချိန်တွင် ပီထရီက လယ်တဲကို စမြင်လိုက်ရသည်။ ခေါင်မိုးတစ်ဝက် လောက်မှာ အုတ်ကြွပ်များ မရှိတော့ချေ။ ပမာပြုရသော် လင်းတများ စားထား သောကြောင့် အရိုးပြိုင်းပြိုင်းသာ ကျန်တော့သော နွားသေကောင်ကြီးနှင့် တူသည်။ လယ်တဲ၏ ပတ်ပတ်လည်တွင် ကာထားသော ခြောက်ပေခန့် မြင့် သည့် အုတ်တံတိုင်းမှာ တချို့နေရာများတွင် ပြိုကျပျက်စီးနေသည်။ စပါးကျီ (ဂိုဒေါင်ရှည်) ကြီး၏ အမိုးကမူ အပျက်အစီး မရှိဘဲ ရှိနေသည်။

သူတို့ မြင်ကွင်းကို ဖုန်မှုန့်များက အဟန့်အတား ပြုနေကြသည်။ အနားသို့ ရောက်လာသောအခါ ဂျွန်ဆန်က ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ် လိုက်သလို ဆဲလ်ဗားကလည်း မီးသေနေသော ဆေးပြင်းဖလိပ်ကို ကားပြတင်း ပေါက်မှ အပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။ သူတို့ကားသည် ပြိုကျနေသော ခြံစည်းရိုးအလယ်ရှိ ခြံတံခါးဝမှ ကျယ်ဝန်းသော ခြံဝင်းထဲသို့ ခပ်ဖြည်းဖြည်း မောင်းဝင်လာကြပြီးနောက် လယ်တဲ (အိမ်) ရှေ့တွင် ကားကို ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းအပြင် ခြံ၏ အလယ်ခေါင်တည့်တည့်တွင် ရေတွင်းပေါင်ကို ကျောက်တုံးများ စီထားသော ရေတွင်းတစ်တွင်းကို မြင်လိုက်ရသည်။

ထိုနေရာမှာ ပီထရီ ထင်ထားသည်ထက်ပင် ပိုဆိုးဆိုးရွားရွား ပျက်စီးနေသည်။ စပါးကျီ (ဂိုဒေါင်)၏ နံရံ တစ်ဝက်လောက်မှာ ပြိုကျနေပြီး ဟောင်းလောင်းကြီး ဖြစ်နေသည်။ ဤနေရာတွင် မာစီးဒီးကားကို ဝှက်ထားထားရန် လုံးဝ မဖြစ်နိုင်တော့ချေ။ ပီထရီက အမိန့်ပေးလိုက်သည်။

''ဒီကားကို လူ မမြင်စေချင်ဘူး။ သည်တော့ ဟောဒီအိမ် နောက်ဘက်ကို ကွေ့မောင်းသွားစမ်း''

အင်ဂျလိုက ကားကို စပါးကျီဘေးနားမှ ကွေ့မောင်းသွားရာ နောက်ဘက်တွင် နံရံများ ပြိုကျပြီး ကျောက်ခဲပုံသာသာ,သာ ရှိတော့သည်ကို တွေ့ရသည်။ လယ်တဲ (အိမ်) သာလျှင် ပုံစံမပျက် ရှိနေသည်။

အင်ဂျလိုက စကားစသည်။

''ဒီနေရာ မနိုပ်ပါဘူး''

ပီထရီက ဝင်ငေါက်သည်။

''ဘယ်တတ်နိုင်မှာတုံး၊ ဖြစ်သလို လုပ်ရတော့ပဲ၊ ကဲ···စက်သတ်ပြီး သော့ယူထား၊ ခင်ဗျားက ကျုပ်နောက် လိုက်ခဲ့၊ အက်ဒဝပ်···မင်းနဲ့ ဆဲလ်ဗား က စပါးကျီထဲကို ဝင်ကြ''

ပီထရီသည် မာစီးဒီးကို မောင်းလာသော လမ်းအတိုင်း အိမ်ရှေ့ဘက်သို့ ပြေးထွက်ပြီး ခြံဝင်းအတွင်းကို မျက်စိ ကစားလိုက်သည်။ ပြိုမကျသေးသော အုတ်နံရံ နောက်ဘက်ကလွဲလျှင် ဘယ်နေရာမှာမှ ကားကို ဝှက်ထားရန် မဖြစ်နိုင်။ တစ်ဖန် ထိုနေရာကလည်း ချုံခိုတိုက်ပွဲ နွှဲမည့်နေရာဟု ဟော့မန်းက ယူဆမည့် နေရာ ဖြစ်သည်။ သူ့ဆီသို့ အင်ဂျလို ရောက်လာချိန်တွင် ဆဲလ်ဗားက ခြံဝင်းထဲသို့ ပြေးထွက်ပြီး စကားစပြောသည်။

''ဟို ရေတွင်း···''

ပီထရီက ပြန်အော်လိုက်သည်။

''ဟေ့လူ···စပါးကျီဆီကို ရောက်အောင် ခပ်မြန်မြန် သွားစမ်း''

ဆဲလ်ဗား ပြန်ပြေးသွားသောအခါ ပီထရီက ရေတွင်းရှိရာသို့ ပြေးသွားပြီး တွင်းထဲသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ပေသုံးဆယ်လောက် နက်သည့် ရေတွင်း ဖြစ်သည်။ ရေတွင်းထဲတွင် ရေမရှိ။ ရေတွင်းအောက်ခြေမှ မီးရောင်ပြန်ဟပ်သည်ကို လုံးဝ မမြင်ရချေ။ ဤရေတွင်းထဲတွင် ကျောက်ခဲ



အစွန်းအစများ ပေါ်ထွက်နေသည်ကို မတွေ့ရသဖြင့် တစ်ခုခု ဝှက်ရန် အသုံးဝင်မည်လည်း မဟုတ်။

ထိုအချိန်တွင် ခြံစည်းရိုးတံတိုင်း အနားသို့ ခပ်ဖြည်းဖြည်း မောင်းလာသော ဖော့စ်ဝက်ဂွန်ကားသံကို ကြားလိုက်ရသည်။ ဟော့မန်းတစ်ယောက် ဒီအထိ လိုက်လာသဖြင့် တော်ပါသေးရဲ့။

''အင်ဂျလိုရေ··· အိမ်ဆီကို လာဟေ့''

ဤဝင်းထဲတွင် ထိုနေရာတစ်ခုသာ ပုန်းစရာ ခိုစရာ ရှိသည်။ ပီထရီက ဦးဆောင်ပြီး ရှေ့ကပြေးသည်။ အိမ်ရှေ့တံခါးသည် အမြင်တွင် မပျက်မစီးရှိနေသော်လည်း လက်နှင့်ထိလိုက်သောအခါ တံခါးရွက်များသည် ပတ္တာမှ ပြုတ်ထွက်ပြီး အိမ်ထဲသို့ ပြုတ်ကျသွားသည်။ ပီထရီသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရင်း အိမ်ထဲသို့ ဝင်လိုက်၏။

အိမ်အတွင်းပိုင်းတွင် အိမ်ထောင်ပရိဘောဂ လုံးဝမရှိဘဲ မှောင်တောင်တောင် ဖြစ်နေသည်။ အခန်းဖွဲ့ထားသော နံရံများမှာ အခြေမပျက် ရှိနေသေးသော်လည်း တံခါးရွက်များ လုံးဝ မရှိတော့ချေ။ ထိုနေရာသည် အူနှင့် ဟောင်းလောင်းသာတည်း။ ပီထရီက နောက်ဘေးတံခါးကို ဖွင့်လိုက်ရာ နေပူကျဲကျဲထဲတွင် ရပ်ထားသော မာစီးဒီးကားကို မြင်နေရသည်။ သူက ထိုကားကို မျက်ခြည်မပြတ် စောင့်ကြည့်နိုင်ရန် တံခါးကို ဖွင့်ထားလိုက်သည်။ အကယ်၍ ဂျာမန်တွေ ထိုကားကို ဖျက်ဆီးသွားခဲ့သော် သူတို့ အစီအစဉ်ကြီး လုံးဝ ပျက်စီးသွားရပေတော့မည်။

ယခု ထိုဂျာမန်နှစ်ယောက် နေပူကျဲကျဲမှ အမှောင်ထဲသို့ ကျင့်သားမရသေးခင် ဝင်လာကြပါစေဟု ဆုတောင်းရပေတော့မည်။

❑

''ဟန်··· ကားကို ရပ်လိုက်တော့၊ အခြေအနေကို ငါ··· သိပ်မကြိုက်ဘူး''

ဖော့စ်ဝက်ဂွန်သည် ဂိတ်ဝနားသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ဟော့မန်းက အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ ဟန်သည် ကားကို ရပ်လိုက်ပြီးနောက် စက်သတ်လိုက်သည်။ ထိုအချိန်တွင် ဟော့မန်းသည် ခေါင်းကို ပြတင်းပေါက်အပြင်ဘက်သို့ ပြူထွက်လိုက်ပြီးနောက် နားစွင့်လိုက်သည်။ ကားစက်သံကို လုံးဝ မကြားရချေ။ သူတို့ သည်လယ်တောနှင့် မလှမ်းမကမ်းတွင် ရပ်သွားတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမည်။ သူသည် တံခါးကို ဖွင့်လိုက်ပြီးနောက် ပစ္စတိုကို လက်က ကိုင်ရင်း ကားထဲက ထွက်လိုက်သည်။ ဟန်ကိုလည်း သူ့နောက်မှ လိုက်ဆင်းခဲ့ရန် လက်ပြ၍ ခေါ်လိုက်သည်။ သူက သည်နေရာတစ်ဝိုက်တွင် လှုပ်ရှားမှု အရိပ်အယောင် ရှိ မရှိကို အကဲခတ်နေခြင်း ဖြစ်သည်။ အီတာလျံကောင်သည် စကိုပါနာသို့ သွားမည်ဟု ညာပြောခဲ့ခြင်း ဖြစ်သည်။ ယခု အရှေ့ဘက်သို့ သွားရမည့်အစား တောင်ဘက်အရပ်ဆီသို့ ဖြတ်လမ်းမှ သွားသည် မဟုတ်ပါလား။ သို့တည်းမဟုတ် သည်နေရာသည် စပိုင်အချင်းချင်း လျှို့ဝှက်တွေ့ဆုံသည့် နေရာပေပဲလား။

ဟန်က စက်သေနတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း လေသံကလေးဖြင့် ပြောလိုက်သည်။

"ဗိုလ်ကြီး··· ကျွန်တော် ခြံကို သည်ဘက်က လှည့်ပြီးသွားကြည့်ရမလား"

"ဟော့ကောင်··· မင်း··· ငါနဲ့ အတူတူသွားမှ ဖြစ်မှာပေါ့ကွ၊ မင်း ငါနဲ့ ရင်ပေါင်တန်းပြီး ငါးလှမ်းအကွာက လိုက်၊ တို့ ပထမဦးဆုံး ခြံစည်းရိုးတံတိုင်းဆီ အရင်သွားမယ်"

သူတို့နှစ်ယောက်သည် ခြံအပေါက်ဝဆီသို့ သတိကြီးစွာထား၍ လှမ်းလာခဲ့ကြသည်။ ဟော့မန်းသည် သည်ဘက်က မမြင်ရသော ခြံအတွင်းဘက်ကို သံသယရှိနေသည်။ ချုံခိုတိုက်ခိုက်ရန် အကောင်းဆုံးနေရာ မဟုတ်ပါလား။ တံတိုင်းနားသို့ ရောက်သောအခါ သူက ခဲတစ်လုံးကို ကောက်ပြီး တံတိုင်းဆီ လှမ်းပေါက်လိုက်သည်။ ထိုခဲလုံးက တံတိုင်းကို ထိမှန်ချိန်တွင် သူက ခြံတံခါးဝမှ အထဲသို့ ခေါင်းပြူကြည့်လိုက်သည်။ နံရံများ ပြိုကျနေသော စပါးကျီနှင့် တံခါးရွက် မရှိဘဲ ဟောင်းလောင်းကြီး ဖြစ်နေသော လယ်တဲတို့ကို တွေ့လိုက်ရသည်။

ဟန်က လေသံဖြင့် ပြောလိုက်သည်။

"သူတို့ သည်မှာ မရှိပါလား"

သည်ခြံကြီးကို ကြည့်ရသည်မှာ လူနေပုံမရသောကြောင့် ဟန်ပြောတာကို ဟုတ်သလိုလို ထင်လိုက်မိသည်။ ထို့နောက် အိမ်ကို ခြံဝင်းအပြင်ဘက်မှ တစ်ပတ် ပတ်ကြည့်ကြသည်။ အပြင်မှလာသော ကားဘီးရာသည် ဤခြံတွင် လမ်းဆုံးနေသည်ကို တွေ့ရသည်သာမက ရပ်ထားသော မာစီးဒီးကိုပါ မြင်လိုက်ရသည့်အခါ ဟော့မန်းက ခေါင်းညိတ်လိုက်မိသည်။



"တို့နောက်က လိုက်လာတာ မြင်တော့ သည်ငတိတွေ ကြောက်ချေးပါပြီး ထွက်ပြေးတာ ဖြစ်ရမယ်။ မင်း စပါးကျီဆီ သွားကြည့်ပြီး အိမ်ဘက်ကို ပြန်လာခဲ့၊ သည်ငတိတွေ ထောင့်တစ်ထောင့်မှာ ပုန်းရင်း ဒူးတုန်နေကြလိမ့်မယ်"

ဟော့မန်းသည် မာစီးဒီးထဲတွင် လူရှိ မရှိ သေချာအောင် စစ်ဆေးပြီးမှ အိမ်ထဲသို့ နောက်ဘေးပေါက်က ဝင်လိုက်သည်။ အထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မမှောင့်တမှောင် ဖြစ်နေသော အတွင်းပိုင်းနှင့် မျက်စိအသားကျသွားအောင် ခဏစောင့်နေပြီးမှ အောက်ထပ်ရှိ အခန်းများကို တစ်ခန်းပြီး တစ်ခန်း လိုက်ရှာသည်။

ဘယ်သူမှ မရှိချေ။

သို့သော် သူက အပေါ်ထပ်သို့ တစ်ယောက်တည်း မတက်ချေ။ စပါးကျီကို စစ်ပြီးသောအခါ ဟန်နှင့်အတူတူ အပေါ်ထပ်သို့ တက်ရှာကြမည်။ အိမ်အပြင်ဘက်သို့ ပြန်ရောက်သောအခါ သူ့ခေါင်းထဲတွင် သံသယ ဝင်လာပြန်သည်။ သူတို့ သည်ခြံသို့ ရောက်သည်မှ ယခုအချိန်အထိ လူရှိသည့် အသံမျိုးကို မကြားခဲ့ရချေ။ထို့ကြောင့် သည်ငတိတွေ သူ ထင်ထားတာထက် ပိုကြောက်ချေးပါပြီး ခြံနောက်ဘေး အပြင်ဘက်သို့ ထွက်ပြေးကြလေပြီလား မသိ။ သူသည် အိမ်အပြင်ဘက်မှ ပတ်၍ ခပ်ဖြည်းဖြည်း လျှောက်လာသည်။ သူ့အရိပ်က သူ့ရှေ့ဘက်သို့ ထိုးကျနေသည်။ ဟော့မန်းသည် ပစ္စတိုကို ရှေ့တည့်တည့်သို့ ချိန်ရင်း အပေါ်ထပ်မှ ပွင့်နေသော ပြတင်းပေါက်ဆီသို့ လှမ်းကြည့်ပြီး မာစီးဒီးဆီသို့ လျှောက်လာသည်။

အိမ်ထောင့်ချိုးသို့ အရောက်တွင် သူ့ကျောပြင်ဆီမှ ရူးရူးဝါးဝါး နာကျင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။ ပီထရီ၏ သေနတ် ပြောင်းသည် သေနတ်ကိုင်ထားသော ဟော့မန်း၏ ညာဘက်လက်ကို ခပ်ကြမ်းကြမ်း ရိုက်ချလိုက်သဖြင့် သေနတ်သည် မြေကြီးပေါ် လွှတ်ကျသွားသည်။ ဤတွင် ဟော့မန်းက ပီထရီကို ဘယ်ဘက် လက်သီးဖြင့် စွတ်ထိုးလိုက်သည်။ ဟော့မန်းသည် ပီထရီထံ အရှိန်ဖြင့် ပြေးဝင်လာပြီး တအားဖက်လိုက်သည်။ ထို့နောက် ပီထရီ၏ ခြေကျင်းဝတ်ကို ခြေခွင်ရိုက်ပြီး လှဲချလိုက်ရာ မြေကြီးပေါ် လဲကျသွားသည်။ ပီထရီက အောက်က ဟော့မန်းက အပေါ်က၊ ပီထရီသည် မြေကြီးပေါ်သို့ အကျမနာစေရန်အတွက် ပခုံးစွန်းနှင့် ကျသွားအောင် ကိုယ်အနေအထားကို ပြင်လိုက်သည်။ ဤတွင် ဒုတိယအကြိမ် လက်သီးဖြင့် အထိုးခံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရပြန်သည်။ ပီထရီက ဟော့မန်း၏ လည်ပင်းကို ညှစ်နိုင်အောင် လက်နှစ်ဖက်ဖြင့် လှမ်းဆုပ်သည်။

ဟော့မန်းတစ်ယောက် ပီထရီနှင့် လုံးထွေးသတ်ပုတ်နေစဉ် ဟော့မန်း၏ ကျောပြင်ထဲ၌ စိုက်ဝင်နေသော နှစ်ဖက်သွားဓားကို ကျောထဲသို့ ပိုဝင်သွားအောင် အင်ဂျလိုက ထပ်ထိုးထည့်လိုက်သည်။ ဤတွင် ဟော့မန်းတစ်ယောက် ပျော့ခွေသွားသည်။ သို့သော် သေနေပြီဖြစ်သော ဟော့မန်း၏ အလောင်းကြီးအောက်မှ ပီထရီတစ်ယောက် ခက်ခက်ခဲခဲ ပြန်ထွက်ယူရသည်။ အင်ဂျလိုကလည်း ဟော့မန်းကို တအံ့တဩ ငုံ့ကြည့်နေသည်။

"ကျုပ် ဓားမြှောင် သူ့ကျောပြင်ထဲ စူးဝင်သွားတာတောင်"

ပီထရီက မောကြီးပန်းကြီးဖြင့် ပြန်ဖြေသည်။

"တချို့ဆိုလျှင် သည်လို ဓားထိုးခံရပြီး မိုင်ဝက်လောက် လမ်းလျှောက်နိုင်ကြသေးတာပဲ၊ ကဲ… စပါးကျီဆီကို ခပ်မြန်မြန် သွားကြရအောင်"

သူတို့နှစ်ယောက် စပါးကျီထဲသို့ ဝင်လိုက်သောအခါ လည်ပင်းတွင် ဓားမြှောင်တန်းလန်းဖြင့် ကြမ်းပြင်ပေါ်၌ မှောက်လျက်ကြီး လဲကျနေသော ဂျာမန် ဒရိုင်ဘာကို တွေ့ကြရသည်။

"ကျုပ်တို့ သည်အပေါ်မှာဗျို့"

ဗျွန်ဆန်က အော်ပြောလိုက်ခြင်း ဖြစ်သည်။

"ကျုပ်က သူ့အပေါ် ခုန်ချတော့မလို့ ဟန်ပြင်နေတုန်း ဆဲလ်ဗားက လက်ဦးသွားတာ"

သူတို့နှစ်ယောက်သည် လှေကားဖြင့် တက်မှ ရနိုင်သော ကောက်ရိုးထားသည့် အထပ်ခိုးကလေးပေါ်တွင် ရှိနေကြပြီး ဗျွန်ဆန်က လှေကားမှ ဆင်းလာရင်း ပြောလိုက်ခြင်း ဖြစ်သည်။

"ဆဲလ်ဗားက ဓားမြှောင်နဲ့ ပေါက်လိုက်တယ်၊ ဆယ့်ငါးပေလောက် အကွာအဝေးမှာတောင် လည်ပင်းကို သွားမှန်သေးတယ်"

ပီထရီက မှတ်ချက်ချသည်။

"ကျောကုန်းကို ချိန်ပြီး ပေါက်သင့်တာပေါ့"

"ကျောကုန်းကို ချိန်တာပဲနဲ့ တူပါတယ်လေ၊ ဒါပေမဲ့ ကျုပ်တို့ကံကောင်းပါတယ်"

ပီထရီက ကမန်းကတန်း ပြောသည်။



"ဟော့မန်းလည်း သေပြီ၊ သည်တော့ သည်အလောင်းတွေကို ဝှက်ဖို့ပဲ ကျန်တော့တယ်"

ဤတွင် လှေကားခြေရင်းသို့ ရောက်နေပြီဖြစ်သော ဆဲလ်ဗားက ဝင်ပြောသည်။

"ရေတွင်းကို အသုံးချရမှာပေါ့၊ ခင်ဗျားကို ခုနကတည်းက အဲဒီအကြောင်း ပြောမလို့၊ အဲဒီအထဲမှာသာဆိုလျှင် ဘယ်သူမှ ဘယ်တော့မှ ရှာတွေ့ကြမှာ မဟုတ်ဘူး၊ ကျုပ်က သည်အလောင်းတွေကို ဝှက်ဖို့ စီစဉ်နေတုန်း ခင်ဗျားတို့က ကားကို ဝှက်ကြ"

ဗျွန်ဆန်က မယုံ့တယုံလေသံဖြင့် ဝင်မေးသည်။

"သည်အထဲမှာလား"

ပီထရီက ဖြေသည်။

"မဟုတ်ဘူး၊ ငါ့ခေါင်းထဲမှာ ပိုကောင်းတဲ့ စိတ်ကူးတစ်ခု ရှိတယ်၊ တကယ်လို့များ ရှာဖွေရေးအဖွဲ့တွေ လာရှာလျှင် အလောင်းတွေကိုသာမက ကားကိုပါ ရှာမတွေ့ဖို့ အရေးကြီးတယ်၊ သည်တော့ အက်ဒဝပ်ရေ…မင်းက ကားကို ခြံဝင်းထဲ မောင်းသွင်းခဲ့ကွာ"

ဆဲလ်ဗားသည် အလောင်းတစ်လောင်းစီကို ခြေထောက်ဘက်မှ ဒရွတ်ဆွဲပြီး ရေတွင်းဆီသို့ သယ်လာသည်။ ရေတွင်းဆီသို့ ရောက်သောအခါ ခြေထောက် နှစ်ချောင်းကို ရေတွင်းနှုတ်ခမ်းပေါ် ရောက်သည်အထိ မြှောက်တင်ထားပြီး ရေတွင်းထဲသို့ တွန်းချသည်။ ဟန်သည် ကိုယ်လုံးငယ်သဖြင့် ရေတွင်းထဲသို့ လျှောခနဲ ကျသွားသည်။ သို့သော် ဟော့မန်းကျတော့ သူ ချွေးပြန်လာသည်။ ဟော့မန်းသည် ပခုံးကျယ်သဖြင့် ရေတွင်းထိပ်ဝတွင် တစ်ပြီးအောက်သို့မကျဘဲ ရှိနေသဖြင့် ကျောက်ခဲကြီးကြီး တစ်လုံးဖြင့် ထုချရတော့သည်။ ထို့နောက် ပြိုကျနေသော အုတ်တံတိုင်းမှ ကျောက်ခဲများကို သယ်လာပြီး အလောင်းနှစ်လောင်းကို အပေါ်မှ ကျောက်ခဲများ ဖုံးအုပ်သွားသည်အထိ ကျောက်ခဲများကို ရေတွင်းထဲ ပစ်ချနေသည်။ အပေါ်က ငုံ့ကြည့်လျှင် ကျောက်ခဲများကိုသာ မြင်ရစေရန် ဖြစ်သည်။ သူ့လုပ်ငန်း ပြီးသွားသောအခါ ဗော့စ်ဝက်ဂွန်ကားသည်လည်း ပျောက်ကွယ်သွားလေပြီ။

ထိုကားကို ပီထရီ၏ ညွှန်ကြားချက်အတိုင်း အက်ဒဝပ်ဗျွန်ဆန်က ခြံဝင်းထဲသို့ မောင်းသွင်းလာပြီးနောက် အထဲဘက်သို့ ယိုင်နေသော ခြံတံတိုင်းဘေးနားတွင် ကပ်ပြီး ရပ်လိုက်သည်။ ထို့နောက် ကားထဲတွင် ပါလာသော

www.burmeseclassic.com

www.burmeseclassic.com



ကားတာယာ ဖြုတ်သည့်အခါ သုံးသည့် 'ဂျိုက်' ကို 'ကုတ်' အဖြစ်သုံးပြီး ယိုင်နေသော ခြံတံတိုင်းကြီး ကားပေါ်သို့ ယိုင်လဲပြီး ပြိုကျသွားသည်အထိ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားကြရသည်။ ၄င်းနောက် နောက်ထပ် ဆယ်မိနစ်လုံးလုံး အုတ်တံတိုင်းနှင့် မဖုံးမိဘဲ ပေါ်နေသေးသော မော်တော်ကား အစိတ်အပိုင်းများကို လုံးဝဖုံးမိသွားအောင် ကျောက်ခဲများဖြင့် ပင်ပင်ပန်းပန်း ဖို့ကြရပြန်သည်။ နောက်ဆုံးတွင် တံတိုင်းကြီးသည် အချိန်ကာလ ကြာမြင့် သဖြင့် သူ့အလိုလို ပြိုကျသွားသည့် ပုံစံမျိုး ဖြစ်သွားသည်။

အင်ဂျလီက ပေကျံနေသော သူ့လက်ကို အဝတ်စုတ်တစ်ခုဖြင့် သုတ်ပစ်ရင်း မှတ်ချက်ချသည်။

"ကျုပ်တို့ ဒီကိစ္စကို လုံးပန်းရင်း အချိန်တော်တော် ကုန်သွားတယ်"

ပီထရီက ပြန်ပြောသည်။

"ဒါဆိုရင် ခင်ဗျား မှားတယ်၊ ခုအချိန်အထိ ကျုပ်တို့ ဒီကျွန်းပေါ် ရောက်လာကြောင်း သက်သေခံနိုင်မယ့် အထောက်အထား နှစ်ခုဟာ ဒီအလောင်း နှစ်လောင်းနှင့် မော်တော်ကားပဲ၊ ဒီဟာတွေကိုသာ ရှာတွေ့သွားရင် စစ်စလီ အလယ်ပိုင်းဒေသတစ်ခုလုံးကို ပိုက်စိပ်တိုက်ပြီး ရှာကြမှာ သေချာတယ်၊ ဒါပေမဲ့ သူတို့ ရှာတွေ့မယ် မထင်ပါဘူးလေ"

ဖုန်ထူသော လမ်းအတိုင်း ပြန်မောင်းထွက်လာစဉ် လမ်းမကြီးပေါ်၌ ကားအသွားအလာ ရှင်းနေသည်။ သို့သော် လမ်းမကြီးပေါ်သို့ တကယ် ရောက်ပြီး အရှေ့ရှူးရှူးဆီသို့ မောင်းနှင်နိုင်သည့်အခါကျမှ ပီထရီက သက်ပြင်းချလိုက်တော့သည်။ ပီထရီက ဝိုးတဝါးသာ လှမ်းမြင်ရသော ထိုနေရာဆီသို့ ပြန်ကြည့်လိုက်သည်။ အက်စ်အက်စ် လျှို့ဝှက်စစ်ပုလိပ်အဖွဲ့က နောက်ရှစ်နာရီအတွင်း ရှာမတွေ့ဖို့ အရေးကြီးသည်။ သို့သော် သဲပင်လယ်ထဲမှ လျှို့ဝှက်ချက်ကို နောက်ထပ် ရှစ်နာရီကြာသည့်တိုင်အောင် ရှာတွေ့ချင်မှလည်း တွေ့ကြလိမ့်မည်။

□

ကြည်းတပ် သေနာပတိ အဲလဘတ် ကက်ဆယ်ရင်းသည် စပျစ်သီး တစ်လုံးကို ဝါးရင်း တယ်လီဖုန်း စကားပြောခွက်ကို ကိုင်ထားသည် သူသည် ဖွင့်ထားသော ပြတင်းပေါက်မှ ခြံဝင်းထဲသို့ ငုံ့ကြည့်နေသည်။ ခြံဝင်းထဲတွင် ရှူးရှ ပြင်းထန်သော နေရောင်ခြည်ကြောင့် လင်းထိန်နေသည်။ နေပဲလ်မြို့ တစ်ဝိုက်တွင် တိမ်မရှိတော့ပြီ။ ထို့ကြောင့် မဟာမိတ်များဘက်မှ ကင်းထောက်



လေယာဉ်များ တစ်စခန်း ထလာစရာ ရှိသည်ဟု စိတ်ပူနေမိခြင်း ဖြစ်သည်။ ဤတွင် တယ်လီဖုန်း စကားပြောခွက်ထဲမှ အသံများ ပေါ်ထွက်လာသဖြင့် စကားပြောခွက်ကို နားအနီးဆီသို့ ကပ်လိုက်သည်။ ဂျာမန်လေတပ်စခန်းမှ တပ်ရင်းမှူး၏ အသံပေါ်ထွက်လာသည်။

"အမှတ် ၂၉ ပန်ဇာတပ်မ ဘယ်နားမှာ ရှိတယ်ဆိုတာကို သိချင် တယ် ဆိုတာ ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်တယ်··· တယ်လီဖုန်းတွေ ဘာဖြစ်နေသလဲ မသိဘူး။ ကျုပ် ဗိုလ်ချုပ်ကြီး ကလော့စ်ရိုင်းဟတ်နဲ့ အဆက်အသွယ် ပြတ်နေတယ်၊ မင်းတို့ဆီ က လေယာဉ်ပျံတစ်စင်းစင်းက မြင်မိကြသလား"

"လွန်ခဲ့တဲ့ နာရီဝက်လောက်က ကျွန်တော်တို့ဆီက တိုက်လေယာဉ် တစ်စင်းက ဖူမီယိုရွာ တောင်ဘက်မှာ တင့်ကားတပ်တွေ ရောက်နေတာ မြင်ခဲ့ရတယ် ခင်ဗျ"

ကက်ဆယ်ရင်းက စိုးရိမ်တကြီး ဖြတ်မေးသည်။

"နေပါဦး··· တိမ်တွေ ရှင်းကုန်ပြီလို့ ဆိုလိုတာလား"

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ လေယာဉ်ပျံကလည်း သိပ် ကံကောင်းလို့ မြင်လိုက်ရတာပါ၊ တိမ်တိုက်တွေကြားထဲမှာ အပေါက်တစ်ပေါက် ခဏလေး ဖြစ်လာတုန်း မြင်လိုက်ရတာပါ၊ ဒါပေမဲ့ အဲဒီတိမ်အပေါက်ဟာ ချက်ချင်းပဲ ပြန်ပိတ်သွားတယ် ခင်ဗျ၊ ရန်သူ့လေယာဉ်ပျံတွေကတော့ တွေ့ကြ လိမ့်မယ်လို့ မထင်ပါဘူး ခင်ဗျာ"

"အဲဒီနေရာတစ်ဝိုက်အတွက် မိုးလေဝသ ခန့်မှန်းခြေက ဘယ်လိုလဲ"

"ညရောက်သည်အထိ တိမ်ထူထပ်လျက် ရှိမည်တဲ့၊ တကယ်လို့များ ဗိုလ်ချုပ်ကြီး ရိုင်းဟတ်ရဲ့တပ်ကို နောက်တစ်ခါ ထပ်မြင်ရရင် သတင်းပို့ဖို့ လိုပါသေးသလား ခင်ဗျာ"

"အေး···ဆက်သာပို့ပါ ဟွန်နီဂါ၊ အဆက်အသွယ် မပြတ်အောင် ပြန်ဆက်သွယ်ပါ။ မင်း ခုနက ပြောတာ ဖူမီယိုရွာနော်"

"အဲဒီရွာဟာ ကာလာဘရီယာနယ်ရဲ့ တောင်ဘက်မှာရှိတဲ့ ရွာကလေး တစ်ရွာပါ ခင်ဗျာ"

"အေးပါ··· ငါ သိပါတယ်၊ ကောင်းပြီလေ"

တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်ပြီးနောက် အနားရှိ စားပွဲတစ်လုံးဆီသို့ သွားရင်း မြေပုံကို လှေ့လာလိုက်သည်။ ဟုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိင်းဟတ်သည် တောင်ဘက်သို့ အတော်ခရီးပေါက်နေလေပြီ။ ကလော့စ်ရှိင်းဟတ်သည် ဂျာမန်လေတပ်မတော်တွင် စစ်ချီရာ၌ အမြန်ဆုံး တပ်မှူးဆိုသော ဂုဏ်သိက္ခာကို ဆက်ထိန်းနိုင်ရုံမက စံချိန်သစ် တင်လိုက်ပြန်လေပြီ။ ဤနှုန်းအတိုင်းသာဆိုလျှင် ၂၉ ပန်ဇာတပ်မသည် ညရှစ်နာရီခန့်တွင် ရေလက်ကြားသို့ ရောက်ရှိသွားပေမည်။ သူအခု ဆုံးဖြတ်ရမှာက ညအမှောင်ထု ကျရောက်လာသည်နှင့် တစ်ပြိုင်နက် ရေလက်ကြားကို ဖြတ်၍ မက်ဆီနာသို့ ညွှန်ကြားဖို့ သင့် မသင့်ပင်တည်း။

ကက်ဆလ်ရင်းသည် အခန်းကျယ်ကြီးထဲတွင် ခပ်ဖြည်းဖြည်း လမ်းလျှောက်ရင်း အတွေးနယ်ထဲတွင် နစ်မြုပ်နေသည်။ ပရပ်ရှားအရှေ့ပိုင်းရှိ စစ်မဟာဌာနချုပ်မှ သောက်ရူးများက ဘယ်လိုပဲ ယူဆ၊ ယူဆ။ သူကတော့ မဟာမိတ်တပ်ပေါင်းစု၏ ထိုးစစ် နောက်တစ်ဆင့်မှာ စစ်စလီကျွန်းသာ ဖြစ်ရမည်ဟု ယုံကြည်သည်။ ထို့ကြောင့် "ကာရစ်ဒီ ကူးတို့သင်္ဘောကြီးကို မက်ဆီနာမှ ခွာခဲ့ပြီး ဂျီယိုဇန်နီမြို့မှ ဗိုလ်ချုပ်ကြီး ကလော့စ်ရှိင်းဟတ်ကို လာစောင့်နေရမည်" ဟု အမိန့်ပေးလိုစိတ် ပေါ်လာသည်။

ထိုကဲ့သို့ အမိန့်ပေးလိုက်လျှင် အန္တရာယ်ရှိနိုင်သည်။ ဂတ်စတာပိုအဖွဲ့ကသာ ထိုကိစ္စကို သိသွားလျှင် စစ်မဟာဌာနချုပ်သို့ ချက်ချင်း သတင်းပို့တော့မည်မှာ မလွဲချေ။ သည်တော့ ကလော့စ်ရှိင်းဟတ်တစ်ယောက် ရေလက်ကြားနှင့် အတော်ကလေး နီးလာသည်အထိ နောက်ထပ် စောင့်လိုက်ဦးမည်။ ည ၇ နာရီခွဲသည်အထိ ဆိုပါတော့။

□

ပီထရီ၏ အမေးစကားကို အင်ဂျလိုက ဖြေလိုက်သည်။

"ခင်ဗျား တွယ်ချင်တဲ့ ပစ်မှတ်ဟာ ခုအချိန်အထိ မက်ဆီနာမှာပဲ ရှိသေးတယ်၊ တန်ချိန် လေးထောင်လုံးလုံး ရှိတယ်ဆိုပါတော့ဗျာ၊ ခင်ဗျားလည်း သိတဲ့အတိုင်း ကူးတို့သင်္ဘောကြီး ခြောက်စင်းအနက် ငါးစင်းကို ခင်ဗျားတို့ရဲ့ ဗုံးကြဲလေယာဉ်ပျံတွေက နှစ်မြှုပ်နိုင်ခဲ့တယ်၊ ဒါကလည်း သည်ရေလက်ကြားကို ကာကွယ်ဖို့ လေယာဉ်ပစ် အမြောက်ခုနစ်ရာကို မတပ်ဆင်ခင်တုန်းကပေါ့ဗျာ၊ အခုတော့ သည်အမြောက်တွေကြားက လွတ်အောင် လုပ်ဖို့ မလွယ်ဘူးလို့ ယူဆကြတယ်"

"အဲဒါကို (ဖြစ်အောင်) ကျုပ်တို့က လုပ်ရတော့မှာပေါ့ဗျာ"



ပီထရီက ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။ လမ်းမကြီးပေါ်၌ အရှိန်အဟုန်ပြင်းစွာ မောင်းနှင်နေသော ကားပေါ်တွင် ယခုလို လိုက်ပါလာရခြင်းမှာ ဖိယက်ကားကလေးနှင့် ပက်ကျိသွားသလို ခပ်ဖြည်းဖြည်း မောင်းခဲ့ရစဉ်က ကျော်အောင့်လာသည်အထိ ပူစီယိုရွာဆီသို့ လမ်းလျှောက်ခဲ့ရသည်များနှင့်စာလျှင် ကျေနပ်အားရစရာ ကောင်းလှသည်။ ကံကောင်းသည်မှာ နောက်ပိုင်းတွင် အင်ဂျလိုနှင့် ဆဲလ်ဗားတို့ စကားမများကြတော့ခြင်းပင်တည်း။ မာစီးဒီးကား နောက်ပိုင်းတွင် ဆဲလ်ဗားက ဆေးပြင်းလိပ်ခဲပြီး ငြိမ်ငြိမ်သက်သက်လိုက်လာသလို ဝှန်ဆန်ကလည်း ငေးမောပြီး လိုက်ပါလာသည်။ ပတ်ဝန်းကျင်ရှုခင်းမှာ မပြောင်းလဲသေးဟု ဆိုရသည့်တိုင် နှင်းမြူများကြားထဲမှ ပေါ်ထွက်နေသော နီဘရိုဒီ တောင်ထိပ်ဖျားများကိုပင် ခပ်လှမ်းလှမ်း၌ လှမ်းမြင်နေကြရလေပြီ။

ဆဲလ်ဗားသည် သူ့ကိုယ်လုံးကြီးကို နေရာပြင်ထိုင်ရင်း "မေဂျာပီထရီ" ဟု ခေါ်လိုက်ရာ အင်ဂျလို၏ မျက်နှာထားမှာ ပိုတင်းမာသွားသလို အိပ်ငိုက်နေသော အက်ဒဝပ်ဝှန်ဆန်လည်း မျက်လုံးကျယ်လာသည်။ ဆဲလ်ဗားက ဆက်ပြော သည်။

"စကိုပါနှာ ရောက်ရင် ဒါမှမဟုတ် မရောက်ခင် တစ်နေရာရာကနေပြီး ကျုပ် တယ်လီဖုန်းဆက်မှ ဖြစ်မယ်"

အင်ဂျလိုကလည်း မာမာတင်းတင်း ဝင်ပြောသည်။

"တယ်လီဖုန်း မဆက်ရဘူး။ ကျုပ်တို့ မက်ဆီနာ မရောက်ခင် ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်သင့်ဘူး"

ဝှန်ဆန်က ဝင်ပြောသည်။

"ဓာတ်ဆီ လိုလျှင် ဘယ့်နှယ်လုပ်မလဲ၊ အခု တိုင်ကီထဲမှာ မက်ဆီနာရောက်အောင် ဓာတ်ဆီ မရှိဘူး"

"ဒါတော့ ကျုပ် သိတာပေါ့၊ မေဂျာပီထရီ ခေါ်လို့ ကျုပ် ကပျာကယာထွက်လာခဲ့ရတော့ ဓာတ်ဆီဖြည့်ဖို့ အချိန်မရခဲ့ဘူး၊ ဒါပေမဲ့ အဲဒါက ပြဿနာမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ စကိုပါနှာ ရောက်ရင် ဓာတ်ဆီဖြည့်လို့ ရပါတယ်"

ဆဲလ်ဗားက ခပ်တည်တည် ဝင်ပြောသည်။

"ဒါဖြင့် ခင်ဗျားက ဓာတ်ဆီဖြည့်နေတုန်း ကျုပ်က တယ်လီဖုန်းဆက်မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အီတာလီစစ်တပ်က တယ်လီဖုန်းတွေကို ကြားကဖြတ်ပြီး နိုးနားထောင်တယ် ဆိုတာ အားလုံး သိတယ်၊ တယ်လီဖုန်းဆက်လို့ မဖြစ်ဘူး။ ပူစီယိုက ဆက်တာတော့ လိုအပ်လို့ ဆက်ရတာ၊ နောက်ထပ် မဆက်သင့်တော့ဘူး"

ပီထရီသည် သူတို့နှစ်ယောက် ငြင်းခုံနေသည်ကို ဝင်မစွက်ဘဲ အသာနားထောင်နေသည်။ ယခုလို ပြောခွင့်ပေးလိုက်ခြင်းဖြင့် မျိုသိပ်ထားရသော ဒေါသအစိုင်အခဲ တချို့ ပျောက်ကွယ်သွားနိုင်သည်။ သူတို့နှစ်ယောက်အကြားတွင် တင်းမာမှု လျော့နည်းသွားနိုင်သည်။ သို့သော် ဆဲလ်ဗား နောက်ထပ် ပြောလိုက်သော ငါ့တော့တော့ စကားက ပိုတင်းမာသွားစေသည်။

"ဩ… မင်းက အစီအစဉ်နဲ့ မင်းမိတ်ဆွေတွေကို သင်္ဘောဆိပ်ထဲ အရောက်သွင်းပေးနိုင်လိမ့်မယ်လို့ အပြည့်အဝ ယုံကြည်ထားတယ် ထင်ပါရဲ့"

"အစီအစဉ်အားလုံး လုပ်ပြီးပြီ"

"ကာရစ်ဒီ ဆိုက်ထားတဲ့ ဆိပ်ကမ်းမှာ အီတာလီစစ်သားတွေသာ စောင့်လိမ့်မယ်ဆိုတဲ့ အယူအဆကို အခြေခံပြီး အစီအစဉ် လုပ်ထားတာ မဟုတ်လား"

အင်ဂျလိုက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"ကာရစ်ဒီဟာ အီတာလျံသင်္ဘော၊ ဒါ့ကြောင့် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေက ဂျာမန်တွေ ဝင်စွက်တာကို လုံးဝခွင့်ပြုမှာ မဟုတ်ဘူး၊ ဂျာမန်တပ်ရင်းမှူး 'ဘာဒီ'က တစ်ခါ ဝင်စွက်ဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ သူ့ကို အထက်က နှစ်ပြားမတန်အောင် ပြောပစ်လိုက်တယ်၊ အခြေအနေကတော့ ဒါပဲ"

ဆဲလ်ဗားကလည်း ဖွတ်ဆက်ပြောသည်။

"အခု အခြေအနေက လှုပ်လှုပ်ရွရွ ဖြစ်နေတယ် မဟုတ်လား၊ သည်တော့ မကြာခင် 'အရေးပေါ် အခြေအနေ' လို့ ကြေပြာပြီး ဂျာမန်တွေက ဆိပ်ကမ်းလုံခြုံရေးကိစ္စတွေမှာ ဝင်စွက်ချင် စွက်လာမှာပေါ့"

အင်ဂျလိုကလည်း ခေါင်းမာသည်။

"အဲဒါကတော့ ကျုပ်တို့ ဟိုရောက်လျှင် သိလာမှာပေါ့ဗျာ၊ ကဲ… သည်တော့ ကျုပ်က မော်တော်ကားကို အာရုံစိုက် မောင်းနေတုန်း ခင်ဗျား ပါးစပ်ကို ဆေးပြင်းလိပ် သောက်ဖို့ပဲ အသုံးချလျှင် ကောင်းမယ် ထင်တယ်"

"ဟိုရောက်မှဆိုလျှင် သိပ်နောက်ကျချင် ကျနေမှာ"

အင်ဂျလိုသည် ဆဲလ်ဗား နားမလည်အောင် အင်္ဂလိပ်ဘာသာဖြင့် ပြောပြန်သည်။



"မေဂျာပီထရီ၊ သည်လူ့ကို တယ်လီဖုန်း ဆက်ခွင့်မပေးသင့်ဘူးလို့ ထင်တယ်"

ပီထရီက အီတာလျံဘာသာဖြင့် ပြန်ဖြေသည်။

"သူက ဘယ်သူ့ကို ဘာကိစ္စနဲ့ တယ်လီဖုန်း ဆက်ချင်တယ်ဆိုတာတော့ မေးကြည့်သင့်တယ် ထင်တယ်၊ ကဲ… ဆဲလ်ဗား၊ ခင်ဗျားစိတ်ကူးကို ပြောစမ်းပါဦး"

ဆဲလ်ဗားက သူ ပါဝင် ဆောင်ရွက်ပေးရသည့် လုပ်ငန်းမှာ မည်မျှကြီးကျယ်ကြောင်း အကျယ်ချဲ့လိုသည့် သဘောဖြင့် စပြောသည်။

"ခင်ဗျားတို့ လူစုကို ကာရစ်ဒီ သင်္ဘောဆိပ်ထဲ ရောက်အောင် သွင်းပေးဖို့ ဆိုတဲ့ကိစ္စဟာ အင်မတန် အန္တရာယ်များတဲ့ ကိစ္စပါ၊ အခု ခင်ဗျားတို့ဟာ မှန်းထားတာထက် နာရီပေါင်းများစွာ နောက်ကျနေပြီ၊ သည်တော့ ခင်ဗျားတို့ ရောက်သွားတဲ့အချိန်မှာ အားလုံး အဆင်သင့်ဖြစ်နေဖို့ အရေးကြီးတယ်၊ နှောင့်နှေးမှု လုံးဝမရှိဘူး၊ အဲဒါ မှန်ရဲ့လား"

ပီထရီ ဖြေလိုက်သည်။

"မှန်တယ်"

"ဒါဆိုလျှင် အစီအစဉ်တွေ ကြိုလုပ်ထားလို့ရအောင် လူတစ်ယောက်ဆီကို တယ်လီဖုန်း ကြိုဆက်ထားဖို့ လိုကို လိုအပ်တယ်"

"ဘယ်လို အစီအစဉ်တွေလဲ"

"အဲလေ… လုပ်ရမယ့် အစီအစဉ်ကတော့ သုံးမျိုးသုံးစား ရှိတယ်၊ ဒါပေမဲ့ မက်ဆီနာမှာရှိတဲ့ ကျုပ်လူတွေကသာ လက်ရှိအနေအထားကို သိတယ်၊ သည်တော့ သူတို့ဘာသာ ဆုံးဖြတ်ပြီး စီစဉ်ဖို့ လွှဲသင့်တယ်လို့ အကြံပေးချင်တယ်"

အင်ဂျလိုသည် မြင်းလှည်းတစ်စီးကို ကျော်တက်ရန် အရှိန်ကို အနည်းငယ် လျှော့ချရင်း ဒေါသတကြီး ပြောလိုက်သည်။

"ကျုပ်တို့ကို ခင်ဗျား ဘာမှ ပြောမပြသေးဘူး"

ပီထရီက ခပ်ငေါက်ငေါက် ဝင်ပြောသည်။

"နေဦးလေ… ဒီကိစ္စကို ကျုပ် စကိုပါနာ မရောက်ခင် စဉ်းစားပြီး ဆုံးဖြတ်မယ်၊ ဒီမှာ အင်ဂျလို၊ ကျုပ်တို့ မက်ဆီနာမြို့ထဲ ရောက်လျှင် ကိုးမိုးကားရား နည်းနည်းကလေးမှ အဖြစ်မခံနိုင်ဘူး၊ အချိန်လည်း အကုန်မခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားကို ထိုနေရာမှာပင် ရပ်ပစ်လိုက်သည်။ ဆဲလ်ဗားသည် ဤကိစ္စတွင် ကူညီမှုပေးရသည့်အတွက် နာမည်ကောင်း ရနိုင်သမျှ ရအောင် ကြိုးစားနေသည်မှာ ထင်ရှားသည်။ သို့သော် ဆဲလ်ဗား စိတ်ကွက်သွားမှာကို လည်း စိုးရိမ်မိသေးသည်။ တစ်ခါ အင်ဂျလိုကလည်း ဆဲလ်ဗားကို ဘယ်လောက် အထိ ကြည့်မရသလဲဟု ပြောရသော် ဖြစ်နိုင်လျှင် ဆဲလ်ဗားကို ကားထဲက ကန်ချထားခဲ့ချင်သည်ဟုပင် သူ ထင်သည်။ ပီထရီက အင်ဂျလိုအား မာဖီးယား အကြောင်း ပြောနေသည်ကို ဆဲလ်ဗား မရိပ်မိအောင် ပေါ့ပေါ့ဆဆ လေသံဖြင့် မေးလိုက်သည်။

"ခင်ဗျား ပြောတဲ့ ညီတစ်ဝမ်းကွဲဆိုတာ စကိုပါနာမြို့ထဲမှာ နေသလား"

"နေတယ်၊ သူက ကျုပ်ကို ဓာတ်ဆီ ထောက်ပံ့မှာဗျ၊ ဘာလဲ... ခင်ဗျား စိတ်ပူလို့လား"

"ရှိတယ်၊ အတော်များများ ရှိတယ်"

ဤတွင် အင်ဂျလိုက အင်္ဂလိပ်ဘာသာဖြင့် ဆက်ပြောသည်။

"အဲဒီနေရာဟာ မာဖီးယားဂိုဏ်းရဲ့ ပြည်နယ်ဌာနချုပ်ပဲ၊ အရေးကြီး လို့လား"

"ကြီးမယ် မထင်ပါဘူး"

သို့သော် သိပ်အရေးကြီးသွားနိုင်သည်။ ပီထရီသည် သူတို့လုပ်နေသော လုပ်ငန်းအတွက် အန္တရာယ် ဖြစ်စေနိုင်မည့် ကိစ္စကို ကြိုတွေးနေလေပြီ။ တစ်ကွက်ကြို၍ စဉ်းစားနေလေပြီ။ ယခုကဲ့သို့ ပစ္စုပ္ပန်ကာလကိုသာမက အနာဂတ်ကာလအတွက်ကိုပါ တစ်ပြိုင်နက်တည်း ကြိုတွေးနိုင်သည့်အတွက် ပီထရီကို ဗိုလ်မှူးကြီးပါရစ်ချ်က အခြားအရာရှိများထက် ပို၍ ရာထူးတိုးမြှင့်ပေး ရန် ရွေးချယ်ထောက်ခံခဲ့ခြင်း ဖြစ်သည်။

ပလာမိုတွင် ရှိစဉ်က ဆဲလ်ဗား ပြောခဲ့သော ကိစ္စတစ်ခုကို သူ ပြန်တွေးနေသည်။ ယခုအချိန်တွင် မာဖီးယားဂိုဏ်းကို စစ်တပ်က ပိုက်စိပ်တိုက်၍ ရှာနေသည်မှာ ယခင်ကထက် ပိုပြင်းထန်လာသည်ဟု ဆိုသည်။ ထို့ကြောင့် စကိုပါနာတွင်လည်း မာဖီးယားဂိုဏ်းခွဲတစ်ခု ရှိရာ အီတလီစစ်တပ်က ထိုနေရာ ကို စောင့်ကြည့်ချင် ကြည့်နေလိမ့်မည်။ သို့သော် သူတို့ကားအတွက် ဓာတ်ဆီ လိုနေသည်ကလည်း အမှန်။ လိုနေသော ဓာတ်ဆီကိုလည်း ထိုနေရာကသာ ရနိုင်သည်။ ပီထရီသည် မြေပုံကို ဖြန့်၍ ပေါင်ပေါ် တင်လိုက်ပြီး မိနစ် အနည်းငယ် ကြာအောင် လေ့လာနေသည်။ ပြီးမှ အင်ဂျလိုကို မေးလိုက်သည်။



"စကိုပါနာ အလွန်မှာ ပြထားတဲ့ သည်မီးရထားလမ်းကလေးက ဘာလဲ"

"အဲဒါ သည်ကျွန်းပေါ်မှာတောင် အင်မတန် ရှေးကျတဲ့ တစ်လမ်း မောင်း မီးရထားလမ်းကလေးပါ၊ အဲဒီရထားလမ်းဟာ 'ဆာလာ' မြို့ထဲမှာရှိတဲ့ 'ဂျာမန်စစ်တပ် သယ်ယူပို့ဆောင်ရေး စခန်း' ဆီနားက ဖြတ်ပြီး စစ်ဌာနချုပ် ရှိရာ အင်နာမြို့ကို ဆက်သွားတယ်၊ အဲဒီသယ်ယူပို့ဆောင်ရေးစခန်းအကြောင်း မကြာသေးခင်ကတောင် တူးနစ်မြို့ကို သတင်းပို့ခဲ့သေးတယ်"

"ဒါဖြင့် ဗုံးလာကြဲပြီးပြီပေါ့နော်"

"ဘယ်ကလာ ခုအထိ ပန်းပန်လျက်ပဲ ရှိသေးတယ်။ သူတို့က အင်နာက စစ်သားတွေကို စကိုပါနာ နယ်မြေကို ပို့ဖို့ သည်မီးရထားလမ်းကို ညရော နေ့ပါ အသုံးချနေတယ်၊ ကျုပ် သည်ကိစ္စနဲ့ ပတ်သက်ပြီး သတင်းပို့ ခဲ့သေးတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ လေယာဉ်ပျံတွေက သိပ်အလုပ်ရှုပ်နေလို့ ဒါကို ဂရုမစိုက်ကြတာနဲ့ တူပါရဲ့။ ဟိုရှေ့က ကားဟာ ဂျာမန်စစ်ဗိုလ်တွေ စီးတဲ့ကား"

"ရှေ့တော်ပြေး မော်တော်ဆိုင်ကယ်တွေ ဘာတွေနဲ့ပါလား"

မာစီးဒီးထဲတွင် ရှိသူများသည် နွမ်းနယ်နေသမျှ ပျောက်ကွယ်သွား ကြတော့သည်။ အက်ဒဝပ်ဗျူန်ဆန်က သူ့ခြောက်လုံးပူးကို စစ်ဆေးလိုက်သည်။ ပီထရီသည် ကားပြင်သည့် ကိရိယာများ ထည့်သော အိတ်ထဲသို့ လက်နှိုက်ပြီး လက်ကိုင်ပါသော လက်ပစ်ဗုံးတစ်လုံးကို ထုတ်ယူလိုက်ရင်း မော်ဇာပစ္စတိုကို ပခုံးပေါ်မှ ကျော်၍ ဗျူန်ဆန်ထံ လှမ်းပေးလိုက်သည်။

"အက်ဒဝပ်... မင်း ဒါကို ခဏယူထား၊ တွယ်ရတော့မယ်ဆိုလျှင် နောက်ဘက်မှန်ပေါက်က လှမ်းပစ်ပေတော့၊ မော်တော်ဆိုင်ကယ်သမားတွေကို အရင်ပစ်၊ ပြီးလျှင် ကားဒရိုင်ဘာကိုပစ်၊ ဒါပေမဲ့ ခုလို အချိန်မှာ ဖြစ်နိုင်လျှင် ပြဿနာမဖြစ်အောင် ရှောင်ချင်တယ်၊ မလွှဲမရှောင်သာမှ တွယ်ကြတာပေါ့"

ဗျူန်ဆန်သည် မဂ္ဂဇင်းကို ဖြုတ်၍ စစ်ဆေးလိုက်ပြီးနောက် ကျေနပ် သွားသဖြင့် ပြန်တပ်ရင်း ဖြေလိုက်သည်။

"နားလည်ပြီ၊ သည်တော့ သူတို့ကို ရှေ့ကပဲ သွားပါစေပေါ့"

"အချိန်သိပ်မရှိတော့ဘူး အက်ဒဝပ်ရေ၊ တစ်ချိန်လုံး အမြန်ဆုံး မိုင်နှုန်းနဲ့ မောင်းဖို့လိုတယ်၊ ကဲ အင်ဂျလို ကျော်တက်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



မာစီးဒီးရှေ့ ကိုက်တစ်ရာခန့်မှ မော်တော်ဆိုင်ကယ်နှစ်စီး ဝဲ-ယာ ခြံရံလျက် မောင်းနှင်နေသော ဂျာမန်စစ်တပ်မှ ကားသည် လမ်းမကြီး တစ်ခုလုံးကို အပြည့်နေရာယူထားသည်။ သူတို့နောက်မှ စက်အား ပိုကောင်းသော ကားတစ်စီး လိုက်လာကြောင်း သိသွားသော မော်တော်ဆိုင်ကယ်စီးသူ တစ်ဦးက နောက်သို့ ခေါင်းလှည့်ရင်း မာစီးဒီးကို လက်ပြ၍ နောက်ပြန်ဆုတ်ခိုင်းသည်။

ပီထရီ ဒေါပွသွားသည်။

"အမယ်...သောက်ဂရုစိုက်စရာမှတ်လို့၊ ဟွန်းတီးလိုက်စမ်းကွာ"

အင်ဂျလိုသည် ကားအရှိန်ကို လျှော့ချရင်း ဟွန်းကို တီးလိုက်၊ ရပ်လိုက်ဖြင့် အဆက်မပြတ် တီးနေသည်။ မော်တော်ဆိုင်ကယ် စီးသူသည် နောက်သို့ ပြန်လှည့်ပြီး အလယ်မှ စစ်ကားကို လက်ညှိုးထိုးပြရင်း သူတို့ကို နောက်ပြန်ဆုတ်ရန် ဒေါသတကြီး လက်ဝှေ့ယမ်းပြပြန်သည်။

ပီထရီက ထပ်ပြောသည်။

"ဟွန်းသာ ဆက်တီးကွာ၊ ကြာလျှင် သူတို့ ဘေးရွှေ့ပေးရမှာပါ"

အင်ဂျလိုသည် ဟွန်းဆက်တီးပါဆိုသည့် စကားကို လက်မခံလိုဟန်ဖြင့် ပီထရီထံ လှည့်ကြည့်သည်။ သို့သော် ပီထရီက တမင် မသိချင်ယောင်ဆောင်နေသည်။ မဟာမိတ်တပ်ပေါင်းစုဘက်မှ ခိုးဝင်လာသော သူလျှိုအုပ်စုအနေဖြင့် လောကကြီးတွင် မလုပ်ချင်ဆုံးသော အလုပ်မှာ ရန်သူစစ်တပ်မှ ကားတစ်စီးကို နောက်မှလိုက်၍ အဆက်မပြတ် ဟွန်းတီးရသည့် ကိစ္စပင်တည်း။

မော်တော်ဆိုင်ကယ်စီးသူများနှင့် အလယ်မှ စစ်ကားသည် နေရာဖယ်မပေးဘဲ ဆက်မောင်းနေရာ အင်ဂျလိုကလည်း ဟွန်းကို အဆက်မပြတ် ဖိတီးနေသည်။ ထိုအခိုက်၌ လက်ဝဲဘက်မှ မော်တော်ဆိုင်ကယ် စီးသူသည် (လက်ကိုင်ကို) လက်တစ်ဖက်ဖြင့် ထိန်းရင်း ကျန်လက်တစ်ဖက်ဖြင့် သေနတ်အိတ်အဖုံးမှ နှိပ်စေ့ကို ဖြုတ်နေကြောင်း မြင်နေရသော ပီထရီက မျက်မှောင်ကုတ်၍ ကြည့်နေသည်။ ထိုအခိုက်တွင် ကားထဲမှ လက်တစ်ဖက် ထွက်လာပြီး လက်ပြလိုက်ရာ ဘယ်ဘက်မှ မော်တော်ဆိုင်ကယ် စီးသူသည် အရှိန်မြှင့်၍ ရှေ့သို့ မောင်းတက်သွားပြီး စစ်ကားရှေ့တည့်တည့်မှ မောင်းရင်း လက်ပြလိုက်သည်။ သူတို့ကို ကျော်တက်သွားရန် လက်ပြလိုက်ခြင်း ဖြစ်သည်။



အင်ဂျလိုသည် နဖူးမှ ချွေးကို လက်ဖြင့် သုတ်ရင်း လက်ကိုင်ကို ထိန်း၍ ဂျာမန်စစ်တပ်မှ ကားနှင့် ဘေးချင်းယှဉ်လိုက်သည်။ ဘေးချင်းယှဉ်မိသောအခါ သူက စစ်ကားထဲသို့ ကြည့်လိုက်၏။ မြတ်စွာဘုရား... နောက်တက်က ခုံပေါ်တွင် တစ်ယောက်မျှ မရှိချေ။ ဒရိုင်ဘာဘေးတွင် ထိုင်နေသူ ဂျာမန်စစ်ဗိုလ်ကမူ သူတို့ကို အလေးပြုလိုက်သည်။ အင်ဂျလိုကလည်း အလိုလိုပြန်လှန်အလေးပြုလျက်သား ဖြစ်သွားသည်။ ပီထရီက မပွင့်တပွင့် မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"အဲဒါ ဗိုလ်ချုပ်ကြီး ဂန့်စ်လေ၊ အင်နာမှာရှိတဲ့ စစ်ဦးစီးချုပ်၊ စစ်စလီကျွန်း ကာကွယ်ရေးအတွက် တာဝန်ယူထားတဲ့ ဦးနှောက်ပိုင်ရှင်ပေါ့"

အမေးအဖြေ လုပ်သည်မှာ ခဏသာ ကြာသည်။ ယခုအချိန်အထိ ကားနှစ်စီး ယှဉ်မောင်းနေဆဲပင်။ ပီထရီကလည်း လက်ပစ်ဗုံးကို ဂျာကင်နှင့် အုပ်၍ ပေါင်ပေါ်တွင် ကိုင်ထားဆဲပင်။ ထိုဗုံးကို ပြတင်းပေါက်မှကျော်၍ ခပ်မြန်မြန် ပစ်သွင်းလိုက်ရုံသာ ရှိသည်။ ပီထရီက အမိန့်ပေးလိုက်သည်။

"ကဲ... ကျော်တက်စမ်း"

မာစီးဒီးသည် မော်တော်ဆိုင်ကယ်သမားကို ကျော်၍ ရှင်းရှင်းလင်းလင်း ရှိနေသော လမ်းမကြီးပေါ်သို့ ကင်းကင်းရှင်းရှင်း ရောက်သွားသည်။ ကားနောက်ပိုင်းတွင်လည်း အက်ဒဝပ် ဂျွန်ဆန် တစ်ယောက် မော်ဇာပစ္စတိုသေနတ်ဒင်ကို ဆုပ်ကိုင်ထားမိဆဲပင် ရှိသေးသည်။ သူက-

"ဒီလို အခွင့်အရေးမျိုး နောက်တစ်ခါ ထပ်ရတော့မှာ မဟုတ်ဘူး" ဟု ပြောလိုက်သည်။

ပီထရီက ဘာမျှ ပြန်မဖြေ။ အင်ဂျလိုက ဗိုလ်ချုပ်ကြီးဂန့်စ်ဟု နာမည်ကို ပြောလိုက်စဉ်က သူကိုယ်တိုင်လည်း လက်ပစ်ဗုံးမှ လက်ကိုင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိသည်။ သို့သော် စက္ကန့်ပိုင်းမျှသာ။ သူတို့လူစု စစ်စလီကျွန်းသို့ လာခဲ့သည်မှာ ကူးတို့သင်္ဘောကြီးတစ်စင်းကို မြှုပ်ပစ်ရန်သာ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးတစ်ယောက်ကို လုပ်ကြံရန် မဟုတ်ချေ။

"တော်တော် ယဉ်ကျေးတဲ့ ငတိပဲ"

သူက တဖြည်းဖြည်းနှင့် ဝေးကျန်ရစ်ခဲ့သော ကားကို နောက်ပြန်လှည့်ကြည့်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကားသည် အတော်ခပ်ဝေးဝေးအထိ မောင်းနှင်လာခဲ့ပြီးနောက် တစ်လမ်းလုံး ပြည့်အောင် ချီတက်လာသော စစ်တပ်တစ်တပ်နှင့် ရင်ဆိုင်တိုးမိသဖြင့် ကားကို ရပ်လိုက်ရသည်။ ဤတွင် ဖြတ်ထိုးဉာဏ်ကောင်းသူ အင်ဂျလိုက သူတို့ကားနှင့် ရှေ့မှ လာနေသော စစ်တပ်အကြား တောင်ကုန်းတစ်ခု အကွာတွင် လမ်းဘေးသို့ မောင်းဆင်းလိုက်ပြီး ရေခန်းနေသော ချောင်းကောထဲသို့ ဆက်မောင်းသွားသည်။

သူတို့ကားကို ချောင်းကမ်းပါးက ကွယ်နေသဖြင့် လမ်းပေါ်မှ စစ်တပ်က မမြင်နိုင်။ သို့သော် ပူပြင်းသော နေရောင်ခြည်အောက်တွင် အချိန်ကြာမြင့်စွာ အလူးအလှိမ့်ခံကြရသည်။ ၄င်းနောက် သူတို့ ခေါင်းပေါ်မှ ကားသံများ တဖြည်းဖြည်းနှင့် ဝေးသွားသောအခါ ပီထရီက ကားလမ်းပေါ် တက်ကြည့်သည်။ လမ်းပေါ်တွင် ဘယ်သူမျှ မရှိတော့ချေ။ ထို့ကြောင့် မိနစ်ပိုင်းအတွင်း သူတို့ကားသည် အရှေ့ဘက်စူးစူးဆီသို့ အရှိန်ပြင်းပြင်းဖြင့် ပြန်လည်မောင်းနှင်နိုင်ပြန်လေပြီ။

□

သူတို့လူစု စကိုပါနှာနှင့် နီးလာသောအခါ ပီထရီက မြေပုံကို ထပ် လေ့လာပြန်သည်။ ထိုအချိန်တွင် အင်ဂျလိုသည် တောင်နှစ်လုံးအကြားရှိ ချိုင့်ဝှမ်း လေးအတိုင်း မောင်းနေချိန် ဖြစ်သည်။

ပီထရီက မေးလိုက်သည်။

"ဟို 'အင်နာ' က စကိုပါနှာကို စစ်သားတွေ သယ်လာတဲ့ မီးရထား အင်နာကို အပြန်မှာ စစ်သားတွေ ပြန်တင်သွားသလား"

"ဟင့်အင်း…အလွတ်သက်သက် ပြန်သွားတာ"

"သေချာရဲ့လား"

"သေချာပါတယ်၊ အင်နာက စစ်သားတွေကို သယ်လာ၊ စကိုပါနှာမှာ ချခဲ့ပြီး အလွတ်သက်သက် ပြန်သွားတာ၊ လွန်ခဲ့တဲ့ သုံးလေးနာရီကတောင် အဲဒီ ရထားကိစ္စကို စကိုပါနှာက ကျုပ်ညီ တစ်ဝမ်းကွဲနဲ့ စကားစပ်မိခဲ့သေးတယ်"

"ဒါဖြင့်လျှင်… ဆာလာနဲ့ အင်နာဆီ ပြန်တဲ့အခေါက်မှာ မီးရထားပေါ်မှာ မီးရထား မောင်းတဲ့လူတွေပဲ ပါမှာပေါ့"



"စက်မောင်းသမား တစ်ယောက်တည်းပဲ ပါတယ်၊ စစ်အတွင်းကာလမှာ ဆိုလျှင် သူက မီးထိုးသမားအလုပ်ကိုပါ တွဲလုပ်တယ်၊ ဘာလဲ ခင်ဗျားက သည်မီးရထားကို သိပ်စိတ်ဝင်စားနေလို့လား"

အင်ဂျလိုက ပီထရီကို လှည့်ကြည့်ရင်း ပြန်ဖြေလိုက်သည်။ သို့သော် ပီထရီက အင်ဂျလို့အမေးစကားကို မသိကျိုးကျွန်ပြုရင်း ထပ်မေးပြန်သည်။

"အဲဒီရထားက တစ်နေ့ ဘယ်နှခေါက်လောက် ဆွဲသလဲ"

"တစ်နာရီ တစ်ခေါက်လောက် ဆိုပါတော့၊ ခုနကပြောခဲ့သလို သည်ရထားက ညရော နေ့ပါ လွန်းပျံပြေးနေတာ၊ သူတို့က တစ်ချိန်လုံး ရထားနှစ်စီးကို သုံးတယ်။ ဒါပေမဲ့ သံလမ်းက တစ်လမ်းတည်း ရှိတာဆိုတော့ အင်နာ မရောက်ခင် လမ်းတစ်ဝက်လောက်မှာ ရှိတဲ့ ရထားလမ်းခွဲကလေးထဲမှာ မီးရထားတစ်စီးက နောက်တစ်စီး ဖြတ်မောင်းသွားတဲ့အထိ စောင့်နေရတယ်။ နေပါဦး၊ ကျုပ်တို့ စကိုပါနှာ ရောက်လျှင် ဓာတ်ဆီဝင်ထည့်ပြီး မက်ဆီနာထိအောင် မောင်းသွားနိုင်ပါလျက်နဲ့ ခင်ဗျားက ဘာဖြစ်လို့ သည်မီးရထားကို သိပ်စိတ်ဝင်စားနေရတာလဲ"

"ရှေ့အလားအလာကို ကြိုတွက်ကြည့်တာပေါ့"

ပထမတွင် ပီထရီက မယုတ်မလွန် ဖြေလိုက်ပြီးနောက် နည်းနည်းတော့ ရှင်းပြသင့်သည်ဟု ထင်သဖြင့် ထပ်ပြောပြန်သည်။

"တစ်ချက်ကတော့ အာဏာပိုင်အဖွဲ့အစည်းတွေက စကိုပါနှာမှာ ရှိတဲ့ ခင်ဗျား အပေါင်းအသင်းတွေကို လိုက်ရှာလား၊ ဖွေလား လုပ်လျှင် ကျုပ်တို့အတွက် အန္တရာယ် ဖြစ်နိုင်တယ်၊ နောက်တစ်ချက်ကလည်း အဖမ်းခံလိုက်ရတဲ့ ခင်ဗျား တပည့်တစ်ယောက်ယောက်က ခင်ဗျားအကြောင်းနဲ့ ဟောဒီကားအကြောင်း ဖွင့်ပြောလိုက်လျှင် ဘယ်လိုလုပ်မလဲ၊ ကဲ… အင်ဂျလို… ကားကို ခဏ ရပ်ပါဦး… နည်းနည်းဆွေးနွေးစရာ ရှိလို့"

မာစီးဒီးသည် ခြောက်သွေ့နေသော သစ်ခြောက်ပင်ကြီး တစ်ပင်အောက်၌ ထိုးရပ်လိုက်စဉ် ပီထရီက မြေပုံပေါ်ရှိ နေရာတစ်ခုကို လက်မဖြင့် ထိုးပြရင်း မေးလိုက်သည်။

"အခု ကားထဲမှာ ရှိနေတဲ့ ဓာတ်ဆီလက်ကျန်နဲ့ဆိုရင် ဟောဒီနေရာလောက်တော့ ရောက်မှာပေါ့နော်"

"စကိုပါနှာ မီးရထား ဘူတာရုံအထိလား၊ ဒါပေမဲ့ ကျုပ်တို့မှာ စီးစရာယာဉ် ရှိနေတဲ့အတွက် တခြား…"

www.burmeseclassic.com

www.burmeseclassic.com



“ကျုပ် မေးတာကိုသာ ဖြေပါ အင်ဂျလို… မာစီးဒီးနဲ့ တောက်လျှောက် သွားလို့ရလျှင် ကျုပ်ကလည်း ဆက်သွားချင်ပါတယ်၊ ဒါပေမဲ့ မကြာခင် ကံကောင်းနေရာက ကံဆိုးသွားနိုင်တယ်လို့ ကျုပ်စိတ်ထဲမှာ ထင်နေတယ်”

“အခုရှိနေတဲ့ ဓာတ်ဆီလက်ကျန်နဲ့ဆိုလျှင် စကိုပါနာ မီးရထားဘူတာရုံအထိ ရောက်ကောင်းပါတယ်၊ ဘာလဲ ဆာလာမှာ ရှိတဲ့ ဂျာမန်သယ်ယူပို့ဆောင်ရေးဌာနကို မျက်စောင်းထိုးနေပြီ ထင်တယ်”

ဠျန်ဆန်က နောက်ခုံမှ ကျော်၍ မြေပုံကို ငုံ့ကြည့်နေစဉ် ပီထရီက ပြန်ဖြေလိုက်သည်။

“ဟုတ်တယ်၊ ကျုပ် ခေါင်းထဲမှာ အဲဒီလို အတွေးမျိုး ဝင်လာတယ်”

အက်ဒဝပ် ဠျန်ဆန်က ဝင်မေးသည်။

“ဘာလဲ၊ ဂျာမန်စစ်ကား တစ်စီးကို ပြန်ပေးဆွဲမလို့လား”

ပီထရီသည် နောက်ခုံပေါ်ရှိ လူနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိအောင် သမင်လည်ပြန် လှည့်လိုက်ပြီးနောက် ပြောလိုက်သည်။

“ဒီမှာ အက်ဒဝပ်၊ အခု တို့ ကြိုတွက်ထားတာထက် အချိန်တွေ အများကြီး နောက်ကျနေတယ်၊ ဒါ့ကြောင့် ပင်လယ်ကမ်းခြေနဲ့ ယှဉ်ဖောက်ထားတဲ့ ကမ်းနားလမ်းအတိုင်း အရဲစွန့်ပြီး မက်ဆီနာ ရောက်အောင် သွားတန်သွားရလိမ့်မယ်၊ လောလောဆယ်မှာတော့ စကိုပါနာကိုပဲ ရောက်အောင် သွားကြစို့”

အင်ဂျလိုက ကားစက်ကို ပြန်နှိုးရင်း ပြောလိုက်သည်။

“ကျုပ်တို့ နောက်ဆယ်မိနစ်ဆိုလျှင် ရောက်ပြီ”

နောက် ငါးမိနစ်ကြာသောအခါ ပီထရီ၏ အတင်းအကျပ် တောင်းဆိုမှုအရ ပိုလတ်ဇိုဟု ခေါ်သော ရွာကလေးတစ်ရွာတွင် ဝင်နားပြီး ဆဲလ်ဗားက အရက်ဆိုင်တစ်ဆိုင်မှနေ၍ မက်ဆီနာသို့ တယ်လီဖုန်းဆက်သည်။ သူတို့ စောင့်နေကြရစဉ် အင်ဂျလိုက လက်ကိုင်ဘီးကို လက်ခေါက်ဖြင့် ပြင်းပြင်းထန်ထန် ထုနေသည်။ နောက်ဆုံးတွင် သူက ကန့်ကွက်စကားဆိုသည်။

“ကျုပ်တို့ဟာ အဖိုးတန်တဲ့ အချိန်တွေကို ဖြုန်းပစ်နေကြတာပဲ၊ သူ ပြောတဲ့ စကားကို နားထောင်ဖို့ ကျုပ်ကို သူနဲ့ ထည့်လိုက်ဖို့ ကောင်းတယ်”

“ဘာလဲ၊ ဆဲလ်ဗားကို မယုံကြည်ဘူးဆိုတာ သူ သိအောင် လုပ်မလို့လား”



“ကျုပ်ကတော့ မယုံဘူး၊ သည်လူဟာ သည်ကျွန်းပေါ်မှာ ဩဇာအာဏာ အရှိဆုံး မာဖီးယား လူဆိုးခေါင်းဆောင်ပဲ”

ပီထရီက အေးအေးချမ်းချမ်း ပြန်ဖြေသည်။

“ဒါ့ကြောင့်၊ သည်လုပ်ငန်း အောင်မြင်အောင် သူ့ကို တမင်ရွေးခဲ့တာပေါ့ ဟော…သူပြန်လာပြီ”

ဆဲလ်ဗားသည် အင်ဂျလိုကို မကြည့်မိအောင် မျက်နှာကို တမင်လွှဲထားပြီး နောက်ဘက်ခုံပေါ်ရှိ ဠျန်ဆန့်ဘေးနားတွင် ဝင်ထိုင်ရင်း သူတယ်လီဖုန်းဆက်သွယ်၍ ရခဲ့ကြောင်း၊ မက်ဆီနာသို့ ရောက်သောအခါ အားလုံး အဆင်သင့်ဖြစ်နေမည် ဖြစ်ကြောင်း ရှင်းပြသည်။

ဤတွင် အင်ဂျလိုက ဂီယာကို အရမ်းဆောင့်ထိုးရင်း ပိုလတ်ဇိုရွာထဲမှ အမြန်မောင်းထွက်ခဲ့သည်။ စကိုပါနာကို လှမ်းမြင်ရချိန်တွင် ကားထဲ၌ ပို၍ပင် တင်းတင်းမာမာ ဖြစ်လာသည်။ စကိုပါနာသည် တောင်ဆင်ခြေလျှော သို့မဟုတ် တောင်ခါးပန်း၏ လမ်းခုလတ်တွင် တည်ရှိနေသော ရွာကြီးတစ်ရွာဖြစ်ပြီး နေဝင်ရီတရော နှင်းမြူထချိန်တွင် အိမ်ခေါင်မိုးများကို ခပ်ဝါးဝါးသာ မြင်နေရသည်။

သူတို့ မော်တော်ကားသည် ရွာနှင့် အလွန်နီးကပ်လာချိန်တွင် လမ်းမကြီးပေါ်မှ ဖြာထွက်၍ စကိုပါနာဆီသို့ သွားသော လမ်းခွဲကလေးအတိုင်း ချိုတက်သွားသော စစ်တပ်တစ်တပ်၏ နောက်ပိုင်းကို လှမ်းမြင်လိုက်ရသဖြင့် ပီထရီက ကိုယ်ကို ရှေ့သို့ ကိုင်း၍ လှမ်းကြည့်မိသလို အင်ဂျလိုကလည်း ကားအရှိန်ကို လျှော့ချလိုက်ရင်း ကားလက်ကိုင်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိသည်။ ဤတွင် ပီထရီက မဆိုင်းမတွ အမိန့်ပေးလိုက်သည်။

“ကဲ…စကိုပါနာဘူတာရုံကို အရောက်မောင်းပေတော့”

□ □ □

www.burmeseclassic.com

www.burmeseclassic.com

# ကိုး

## သောကြာနေ့ ည ၇ နာရီခွဲမှ ည ၈ နာရီခွဲ

အချိန်မှာ အမှောင်ဘက်သို့ လုနေသော နေဝင်ဖျိုးဖျ နွားရိုင်းသွင်းချိန် ဖြစ်၏။ ခရမ်းတစ်ဝက် အမည်းတစ်ဝက် ရောယှက်နေသော အမှောင်ထုထဲတွင် မီးရထားကလေးသည် ပန်းနာသည်တစ်ယောက်လို မည်းမှောင်သော မီးခိုးလုံးကြီးများကို လေထဲသို့ အန်ထုတ်ရင်း ရွေ့လျားနေသည်။

သူတို့လူစုသည် မာစီးဒီးကားကို ကျောက်ခဲပုံကြီးတစ်ခု၏ နောက်ဘက်တွင် စွန့်ပစ်ထားခဲ့ပြီး တောင်ထိပ်သို့ တက်၍ အောက်ဘက်ရှိ မီးရထားလမ်းကို ငုံ့ကြည့်နေရာမှ မီးရထားကို မြင်လိုက်ကြခြင်း ဖြစ်သည်။ မီးရထားလမ်းဆုံးတွင် အင်ဂျင်စက်ခေါင်းထားရာ ဂိုဒေါင်တစ်ခု ရှိသည်။ စက်ခေါင်းနောက်ဘက်တွင် လူစီးတွဲ နှစ်တွဲနှင့် ခေါင်းတွဲရှေ့တွင် လက်တွဲတစ်တွဲသာ ပါသော မီးရထားကလေး ဖြစ်သည်။

လူစီးတွဲနှစ်တွဲကို မီးထိန်ထိန်လင်းအောင် ထွန်းထားကြောင်း တွေ့ရပြီး အီတာလျံစစ်သားများ အပြည့်အသိပ် ပါလာသည်။ ဤကဲ့သို့ မီးရထားတွဲများကို မီးထွန်းထားသည်မှာ လုံခြုံရေးရှုထောင့်က ကြည့်လျှင် အလွန်ဆိုးရွားသော ပြစ်မှုတစ်ခုပင်။ မီးရထား ပက်လက်တွဲပေါ်တွင်လည်း စစ်သား အမြောက်အမြား ထပ်ပါလာသည်ဟု ပီထရီက ယူဆသည်။ သို့သော် ယခုလို ညီအစ်ကိုမသိတသိ အချိန်မျိုးတွင် တထစ်ချ ပြောမရနိုင်ချေ။



အင်ဂျင်စက်ခေါင်းမှာ ရှေးကျလှသော မီးရထားခေါင်းတစ်လုံး ဖြစ်ပြီး အပေါ်မှ စီး၍ ကြည့်နေရသောကြောင့် ဘွိုင်လာအိုးမှ ပေါ်ထွက်နေသော မီးရောင်ဖြင့် အင်ဂျင်စက်ခေါင်း မောင်းသူကို မီးရထား သူတို့အောက် တည့်တည့်သို့ ရောက်လာချိန်တွင် မြင်လိုက်ရရာ ပီထရီ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ပီထရီက ဂျွန်ဆန်ကို ခပ်တိုးတိုး ပြောလိုက်သည်။

"ပထဦးဆုံး အနှောင့်အယှက်နဲ့ စတွေ့ရပြီဟေ့၊ သည်တစ်ခေါက်မှာတော့ မီးထိုးသမားပါ ပါလာတယ်"

ထိုမီးရထားကလေးသည် အရှိန်ကို လျှော့ချရင်း အင်ဂျင်ရုံနားရှိ လမ်းခွဲလေးနားသို့ အရောက်တွင် ရေနွေးငွေ့များကို ထုတ်လွှတ်လိုက်ရင်း ရပ်လိုက်သည်။ ဤတွင် တွဲတံခါးများ ပွင့်လာပြီး ယူနီဖောင်းဝတ် ပုဂ္ဂိုလ်များသည် လူစီးတွဲနှင့် ပက်လက်တွဲပေါ်မှ ဆင်း၍ ကျောပိုးအိတ် ကိုယ်စီနှင့် တန်းစီလိုက်ကြသည်။ မိနစ် အနည်းငယ်အတွင်းမှာပင် ရိုင်ဖယ်သေနတ်များကို ကိုယ်စီလွယ်ထားသော စစ်သားတန်းကြီးသည် တောင်ကြားလမ်းကလေးဆီသို့ ခြေကျင်လျှောက်ပြီး ချီတက်သွားကြသည်။

အင်ဂျလိုက လေသံကလေးဖြင့် ပြောလိုက်သည်

"အဲဒီလမ်းအတိုင်းသွားလျှင် စကိုပါနာမြို့အပြင်မှာ ရှိတဲ့ တပ်စခန်းကို ရောက်သွားလိမ့်မယ်၊ သည်တော့ သူတို့အားလုံး ကုန်သွားတဲ့အထိ စောင့်ပြီးမှ ဆင်းကြမယ်၊ အဲလေ… စက်ခေါင်းမောင်းသူနဲ့ ရောရောရှုရှု အဆင်ပြေပါစေလို့ ဆုတောင်းရတော့မှာပဲ"

"သည်တစ်ခေါက်မှာ မီးထိုးသမား ပါလာတာကို သတိထားမိရဲ့လား"

ဂျွန်ဆန်က ခပ်တိုးတိုး ပြောလိုက်သည်။

"သည်ငတိတွေ ခေါင်းမာနေလျှင် ဟိုအင်ဂျင်စက်ခေါင်းကို ကျုပ်မောင်းနိုင်လိမ့်မယ် ထင်တယ်"

ပီထရီက ခပ်ဆတ်ဆတ် ပြန်ငေါက်သည်။

"ဘာလဲ…မင်းက ရယ်စရာ လာပြောနေတာလား"

"မဟုတ်ရပါဘူးဗျာ၊ ကျုပ် နယ်ခြားစောင့်ရဲအဖြစ် အမှုထမ်းတုန်းက နယ်ခြားစောင့်ရဲတွေနဲ့ တွေ့ဖို့ မက်ဆီကိုထဲ ရောက်အောင် ခဏခဏ သွားခဲ့ဖူးပါတယ်၊ သူတို့နယ်စပ်မှာ မီးရထားလမ်း ရှိတယ်၊ ကျုပ်က မီးရထားစက်ခေါင်းမောင်းတဲ့လူနဲ့ သုံးလေးခါ လိုက်စီးရင်း သူက မီးရထားစက်ခေါင်းကို ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



မောင်းရတယ် ဆိုတာ ပြပေးခဲ့တယ်၊ အဲလေ··· ဒါပေမဲ့ ကျုပ်ဆီမှာတော့ မီးရထားစက်ခေါင်း မောင်းတတ်ကြောင်း အောင်လက်မှတ်တော့ ဘယ်ရှိပါ့မလဲဗျာ''

ဌှန်ဆန်က ပြောရင်း မှောင်ထဲတွင် ပြုံးလိုက်သည်။ သူတို့လူစုသည် တောင်ကြားလမ်းကလေးထဲသို့ ချီတက်သွားသော စစ်သားများ၏ ဖိနပ်သံ ပျောက်ကွယ်သွားသည်အထိ ပူပန်သောကပွားရင်း စောင့်နေကြရသည်။ သူတို့လူစုသည် စစ်သားများ၏ ဖိနပ်သံ ပျောက်ကွယ်မသွားမချင်း စတင်လှုပ်ရှားရန် မဖြစ်နိုင်သလို သူတို့လူစု ပုန်းအောင်းနေရာမှ ထွက်မလာခင် မီးရထား စက်ခေါင်းမောင်းသူသည် ဆာလာသို့ ပြန်ထွက်မသွားပါစေနှင့်ဟု ဆုတောင်းနေရသည်။

မီးထိုးသမားသည် အင်ဂျင်စက်ခေါင်းရုံထဲသို့ ဝင်သွားသော်လည်း အင်ဂျင်စက်ခေါင်း မောင်းသူကမူ အပြင်ဘက်တွင် ရပ်ရင်း သူ့နဖူးနှင့် သူ့လက်မောင်းများကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ သူသည် ဘွိုင်လာအိုးကို မီးအရှိန်မလျှော့ဘဲ ထားသဖြင့် သူအပြန်ခရီး မစမီ ခဏတစ်ဖြုတ် နားနေခြင်း ဖြစ်သည်မှာ သေချာသည်။ မီးရထားစက်ခေါင်း မီးဖိုထဲမှ ပေါ်ထွက်နေသော မီးရောင်ကြောင့် သူတို့ အောက်ဘက်တည့်တည့် ပေသုံးဆယ်ခန့်အကွာတွင် ရှိနေသော စက်ခေါင်းမောင်းသူ၏ ခြေဆောင့်ပုံ၊ နှပ်ညှစ်ပုံ၊ လက်ဆန့်လိုက်ပုံ စသည်တို့ကို အတိုင်းသား မြင်နေကြရသည်။

ဌှန်ဆန်က ပြောလိုက်သည်။

''ဒီငတိ အချိန်မရွေး ပြန်ထွက်သွားနိုင်တယ်၊ ဒီတော့ ကျုပ် အောက်ကို ဆင်းပြီး သူ့ကို အချိန်မီ တားမှဖြစ်တော့မယ် ထင်တယ်''

ပီထရီက –

''တို့ အောက်ကို အတူတူ ဆင်းကြမယ်၊ ဒါပေမဲ့ ဘာပဲ ဖြစ်လာလာ သေနတ်ကိုတော့ မသုံးစေချင်ဘူး၊ ခုလို အချိန်မျိုးမှာ သေနတ်သံကို မိုင်ပေါင်းများစွာက ကြားနိုင်တယ်''

အင်ဂျလိုက ဖြတ်ပြောသည်။

''ကျုပ် သွားတာ ပိုကောင်းမယ် ထင်တယ်၊ ခင်ဗျားတို့က တောသားတွေလို ဝတ်စားထားတော့ ဒရိုင်ဘာက သိပ်ကြိုက်မှာ မဟုတ်ဘူး၊ သည်နေရာမှာ လူကလည်း သိပ်ပြတ်တော့ ကျုပ်အဝတ်အစားကို မြင်လျှင် သူစိတ်ချလက်ချ ဖြစ်သွားနိုင်တယ်''



ဤတွင် ဆဲလ်ဗားက ဝင်ပြောလိုက်သောကြောင့် သူတို့အားလုံး အံ့အားသင့်သွားကြသည်။

''ကျုပ် ဂမ်ဘာရီနဲ့ လိုက်သွားမယ်၊ ဟို မီးထိုးသမားကို တစ်ယောက်ယောက်က စောင့်ကြည့်ဖို့ လိုတယ်၊ ပြီးတော့ သည်အရပ်က စကားကို ကျုပ်ကသာ ပြောတတ်တာ''

ဆဲလ်ဗားသည် ဂျာကင်အင်္ကျီအိတ်ထဲမှ အိမ်နှင့်ထည့်ထားသော ဓားမြှောင်တစ်ချောင်းကို ထုတ်ယူလိုက်ပြီးနောက် ဓားမြှောင်ကို အိမ်မှ ချွတ်၍ ရှပ်အင်္ကျီလက်ထဲသို့ ထိုးသွင်းလိုက်သည်။ အင်ဂျလိုက ထပ်ပြောသည်။

''ဒါဆိုရင် ကျုပ်တို့ အတူတူ သွားကြမယ်''

ပီထရီက ထပ်မေးသည်။

''ခင်ဗျားက သူ့ကို ဘယ်လို ပြောမှာလဲ''

''အမှန်အတိုင်းနီးပါး ပြောမှာပေါ့၊ အမှန်အတိုင်း ပြောလျှင် ယုံတတ်ကြတယ်၊ ကျုပ်ဟာ မက်ဆီနာက ရှေ့နေတစ်ယောက်၊ ကျုပ်ကားက လမ်းမှာ တတ်ဆိပြတ်သွားတယ်၊ သည်တော့ သည်ဘက်မှာ ရထားတစ်စီးစီးနဲ့ တွေ့လို တွေ့ငြား ခြေကျင်လျှောက်လာတယ်၊ ပြီးတော့ အင်နာမှာ အရေးတကြီး ချိန်းထားတာ တစ်ခုကလည်း ရှိနေတယ်၊ ကဲ··· ဗိုလ်ကြီးဌှန်ဆန်၊ ခင်ဗျား ခြောက်လုံးပြူးကို ခဏ ငှားလိုက်ပါလားဗျာ၊ ခင်ဗျား သေနတ်က ကျုပ် လျှူဂါထက် ပိုငယ်တယ်။ လျှူဂါကို ခင်ဗျား ယူထားလိုက်ပါ၊ ကျေးဇူးတင်ပါတယ်''

ပီထရီက သတိပေးသည်။

''မီးရထားစက်ခေါင်းမောင်းတဲ့ လူကို အသုံးချဖို့ ရှိသေးတယ်၊ သည်တော့ ပြေပြေပြစ်ပြစ် ဆက်ဆံပါဗျာ''

အင်ဂျလိုက ဖြေသည်။

''ဖြစ်နိုင်ရင်ပေါ့ဗျာ၊ နောက်တစ်ချက်ကလည်း ဟို···စစ်သားတွေက ပစ္စည်းတစ်ခုခု မေ့ကျန်ခဲ့လို့ ပြန်လာတာမျိုး မဖြစ်ပါစေနဲ့လို့ ဆုတောင်းရတော့မှာပဲ''

''ကဲ···ခင်ဗျားတို့အတွက် ကျုပ်တို့အပေါ်က စောင့်ကြည့်ပေးမယ်၊ ကံကောင်းပါစေ''

အင်ဂျလို ဂမ်ဘာရီက ပခုံးကို တွန့်ပြလိုက်သည်။

''သူတို့က နှစ်ယောက်တည်းပါဗျာ''

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ကျောက်တုံးကြီးများကို အကာအကွယ်ယူရင်း အောက်ဘက်သို့ ဆင်းသွားကြသည်။ သူတို့ မျက်လုံးများကလည်း စက်ခေါင်းမောင်းသူကို မျက်ခြည်မပြတ် ကြည့်နေကြသည်။ မီးရထား စက်ခေါင်းမောင်းသူသည် စီးကရက် သောက်ရင်း ရထားလမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ထိုစီးကရက် ကုန်သွားသည်နှင့် တစ်ပြိုင်နက် မီးထိုးသူကို အော်ခါပြီး ဆာလာသို့ ပြန်ထွက်တော့မည်မှာ သေချာသည်။

အနည်းငယ်ပြေသော နေရာသို့ ရောက်သောအခါ မီးခိုးရောင်နှင့် ခရမ်းရောင် ရောနေသော အမှောင်ထုထဲတွင် အောက်ဘက်သို့ စဆင်းကြသည်။ ညအချိန်တွင် အသံငယ်ကလေးများကိုပင် အဝေးမှ ကြားရတတ်ကြောင်း သိကြသဖြင့် ခြေချရာတွင် အသံမမြည်အောင် ကြိုးစား၍ ဆင်းကြသည်။ မြေညီသို့ ရောက်သောအခါ ဆဲလ်ဗားက အင်ဂျလို၏ အင်္ကျီလက်ကို ဆွဲရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"ကျုပ်က ရထားရဲ့ ဟိုဘက်က စက်ခေါင်းရှံဆီ သွားပြီး မီးထိုးတဲ့ လူနဲ့ ဖြေရှင်းမယ်"

အင်ဂျလိုက ခေါင်းညိတ်ပြလိုက်သဖြင့် ဆဲလ်ဗား အမှောင်ထုထဲတွင် ပျောက်ကွယ်သွားသည်။ ကဲ…အခုမှ နေအေးဓာတ်လမ်း စတော့မည်။

ရထားမောင်းလာစဉ် စစ်သားများသည် ဖဲကစားရန် လူစီးတွဲထဲမှ မီးလုံးများကို ဖွင့်ခဲ့ကြပုံရသည်။ ထိုမီးလုံးများကို အင်ဂျင်စက် မောင်းသူက ယခုထက်တိုင် မိုက်မိုက်ကန်းကန်း ပြန်မပိတ်ဘဲ ထားသည်။ ဒါကတော့ ပေါ့ပေါ့ဆဆ လုပ်တတ်သည့် စစ်စလီကျွန်းသားများ၏ မလေ့ပဲဟု အင်ဂျလိုက တွေးရင်း ဂလီဆင်ခြောက်လုံးပြူးကို လက်ဖြင့် စမ်းလိုက်ပြီး မီးရထားလမ်း အတိုင်း အသံမထွက်အောင် ဆက်လျှောက်သွားသည်။ သူ အနားရောက်ချိန်တွင် စက်ခေါင်းမောင်းသူက လှည့်ကြည့်ပြီး မြင်သွားရာ စီးကရက်ကို ပစ်ချလိုက်ပြီး စက်ခေါင်းတွဲပေါ် ပြန်တက်ရန် လက်မြှောက်လိုက်သည်။ အင်ဂျလိုက အော်ပြောလိုက်သည်။

"ခဏ နေပါဦး"

စက်ခေါင်းမောင်းသူသည် ခဏတော့ ငြိမ်ကျသွားသည်။ ထို့နောက် လက်တစ်ဖက်ကို စက်ခေါင်းထဲသို့ သွင်းလိုက်ပြီး ကြီးမားတုတ်ခိုင်လှသော



သံတူရွင်းတစ်ချောင်းကို ထုတ်ကိုင်လိုက်သည်။ အင်ဂျလိုသည် သူနှင့် နှစ်လှမ်း သုံးလှမ်းအကွာတွင် ရပ်လိုက်ပြီး ခပ်သွက်သွက် ပြောလိုက်သည်။

"အဲဒါကြီးကို ကိုင်နေစရာ မလိုပါဘူးဗျာ၊ ကျုပ် အင်နာကို အရေးတကြီး အရောက်သွားဖို့ လိုနေတယ်၊ ခင်ဗျား ရထားနဲ့ လိုက်ခဲ့လို့ မရဘူးလားဗျာ၊ ကျုပ် ရထားခ ပေးပါ့မယ်"

သို့သော် မျက်နှာပေါက် ခပ်ဆိုးဆိုးနှင့် တုတ်တုတ်ခိုင်ခိုင်ရှိသော ထိုလူက သံတူရွင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ခေါင်းခါလိုက်သည်။

"သည်ရထားဟာ အင်နာမှာ ရှိတဲ့ စစ်ဌာနချုပ်က တပ်မတော်သား တွေအတွက်သာ အသုံးပြုနေတဲ့ စစ်ရထားဗျ။ ပြီးတော့လည်း သည်တစ်ခေါက် ကျလျှင် ကျုပ် ဆာလာမှာ ရပ်မယ်"

အင်ဂျလိုက လိုက်လိုက်လျောလျော ပြောပြန်သည်။

"ဆာလာ ရောက်ရင်လည်း ဖြစ်ပါတယ်ဗျာ၊ အဲဒီကမှ အင်နာအထိ သွားဖို့ စီးစရာ ယာဉ်တစ်ခုခု ရှာရတော့မှာပေါ့၊ အေးဗျာ… သိပ်အရေးကြီးနေလို့ပါ၊ ကျုပ်မော်တော်ကားကလည်း စကိုပါနာမှာ ပျက်သွားတယ်၊ သူတို့က ဒီလာရင်… ကံကောင်းရင်…"

"သူတို့ ဒီကို ညွှန်လိုက်တာ မှားတယ်"

"လူမပါတဲ့ ရထားတစ်စီးလုံးမှာ ခရီးသည်တစ်ယောက်တည်း လိုက်မှာပါဗျာ၊ ကဲ… သည်တော့"

အင်ဂျလိုသည် ပြောပြောဆိုဆိုနှင့် ပိုက်ဆံအိတ်ကို ဘယ်ဘက်လက်ဖြင့် ဆွဲထုတ်လိုက်သည်။

စက်ခေါင်းမောင်းသူက ခပ်ကြမ်းကြမ်း ပြန်ဖြေသည်။

"ခင်ဗျား ပိုက်ဆံကို ပြန်သိမ်းထားစမ်းဗျာ၊ သည်ရထားဟာ စစ်ရထားဗျ။ ခင်ဗျား သည်ရထားပေါ် လိုက်စီးလို့မရဘူး၊ ကဲ…ကျုပ် ရထားထွက်တော့မယ်"

သူက စက်ခေါင်းပေါ် ပြန်တက်ရန် ခြေနင်းသံပြားပေါ်သို့ ခြေတစ်ဖက် တင်လိုက်ပြီး စက်ခေါင်းရှံဆီသို့ လှမ်းခေါ်လိုက်သည်။

"အင်ရီကို"

မျှော်လင့်ချက် ဝေးလေပြီ။ သည်လူက အင်ဂျလိုသည် အီတလီလူမျိုး ဖြစ်ကြောင်း သိသွားပုံရသည်။ အမှန်စင်စစ် စစ်စလီကျွန်းသားများသည် ပြည်မမှ လူများကို အမြင်ကပ်လေ့ရှိကြောင်း အင်ဂျလိုက ခုမှ တွေးမိတော့

www.burmeseclassic.com



သည်။ ဒရိုင်ဘာက စက်ခေါင်းပေါ်သို့ စတက်ချိန်တွင် အင်ဂျလိုက ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်သည်။ သို့သော် ဒရိုင်ဘာက မြင်လိုက်သဖြင့် စက်ခေါင်းပေါ်မှ ပြန်ခုန်ချလာပြီး ဂမ်ဘာရီကို သံတူရွင်းဖြင့် ပြေးရိုက်သည်။ အင်ဂျလိုက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီး ခြောက်လုံးပူးဖြင့် ပြန်ရိုက်လိုက်ရာ ခြောက်လုံးပူးပြောင်းသည် ဒရိုင်ဘာ၏ မေးစေ့ကို သွားရိုက်မိတော့သည်။

ဤတွင် ဒရိုင်ဘာ့လက်ထဲမှ သံတူရွင်း လွတ်ကျသွားပြီး ဒယီးဒယိုင်ဖြင့် နောက်ဘက်သို့ လဲကျသွားရာ ဦးထုပ် ဆောင်းမထားသော သူ့နောက်စေ့သည် ခြေနင်းသံပြားဖြင့် ပြင်းပြင်းထန်ထန် ထိခိုက်မိတော့သည်။

အင်ဂျလိုသည် ဖိနပ်ခွာသံကို ကြားလိုက်သောကြောင့် မော့ကြည့်လိုက်ရာ ကျောက်မီးသွေးကော်သော သံဂေါ်ပြားကြီးဖြင့် သူ့ခေါင်းကို ရိုက်ရန် မိုးထားသော မီးထိုးသမားကို တွေ့လိုက်ရတော့သည်။ အင်ဂျလိုတစ်ယောက် နောက်ကျသွားလေပြီ။ မီးထိုးသမားသည် ပါးစပ်ကို ဟ၍ တွန့်ခနဲ ဖြစ်သွားပြီး နောက် ရိုက်တော့မလိုလိုဖြင့် ရှိနေရာမှ ပလက်ဖောင်းပေါ်သို့ ရုတ်တရက် ခွေကျသွားသည်။ သူ့လက်ထဲမှ သံဂေါ်ပြားကြီးသည်လည်း မီးရထားသံလမ်းပေါ်သို့ တဂျုမ်ဂျုမ် မြည်အောင် လွတ်ကျသွားသည်။ ဤတွင် လဲကျသွားသော မီးထိုးသမား နောက်ဘက်သို့ ဆဲလ်ဗားက ဒူးထောက်၍ ထိုင်ချလိုက်ရင်း မီးထိုးသမား၏ ကျောကုန်းမှ သူ့ဓားမြှောင်ကို ဆွဲထုတ်ယူပြီး ပေနေသော သွေးများကို အင်ရီကို၏ စွပ်ကျယ်အင်္ကျီဖြင့် သုတ်ပစ်လိုက်သည်။ ထို့နောက် ဓားမြှောင်ကို ဓားမြှောင်အိမ်ထဲ ပြန်ထည့်လိုက်သည်။

ဆဲလ်ဗားက မေးသည်။

"ဒရိုင်ဘာကော ဘယ့်နှယ်လဲ၊ အခြေအနေကောင်းရဲ့လား"

အင်ဂျလိုသည် ရထားလမ်းပေါ်တွင် လဲကျနေသော ဒရိုင်ဘာပေါ်သို့ ငုံ့၍ သွေးစမ်းကြည့်လိုက်ပြီး ခေါင်းခါပြလိုက်သည်။ ၄င်းနောက် မီးရောင်ရှေ့တွင် ရပ်ရင်း အပေါ်က ဆင်းလာခဲ့ကြရန် လက်ပြသည်။ သို့သော် သူတို့က ဆင်းလာနေကြလေပြီ။

အင်ဂျလိုသည် ခြောက်လုံးပူးကို ပြန်ပေးပြီး လျှုဂါကို အက်ဒဝပ်ဂျွန်ဆန်ထံမှ ပြန်ယူရင်း...

"အေးဗျာ... နှစ်ယောက်စလုံး သေသွားတာကတော့ ဝမ်းနည်းစရာပဲ၊ ဒါပေမဲ့ ကျုပ်တို့ကို လာချဲတာကတော့ သည်လူတွေ တော်တော်မိုက်ကန်းလို့ပဲ"



ပီထရီက ပြန်ဖြေသည်။

"ကျုပ်တို့ မြင်လိုက်ပါတယ်လေ၊ အစီကကတော့ ကျယ်ကျယ်လောင်လောင် မဖြစ်ဘဲ ကိစ္စပြီးသွားလို့ပဲ၊ ကဲ... အက်ဒဝပ်ရေ၊ အခု မင်း အလှည့် ရောက်လာပြီ၊ ဘွိုင်လာမှာတော့ ရေနွေးငွေ့ ပေါင်ချိန်အား မကျသေးဘူး၊ မင်း အစွမ်းကုန် ကြိုးစားပေတော့၊ ကဲ ဆဲလ်ဗား...ခင်ဗျားက အင်ဂျလိုနဲ့ အတူတူ ဟိုအလောင်းတွေကို အင်ဂျင်စက်ရုံထဲ ပို့ပေးစမ်းပါ၊ ခင်ဗျားတို့ အလုပ်လုပ်နေတုန်း ကျုပ်က ရထားကို တစ်ပတ်ပတ်ကြည့်လိုက်မယ်"

ရထားစက်ခေါင်းထဲရှိ ကိရိယာမျိုးစုံကို စူးစမ်းလေ့လာသော မျက်နှာထားဖြင့် ကြည့်နေသူ အက်ဒဝပ်ဂျွန်ဆန်အား ထားခဲ့ပြီး ပီထရီသည် မီးရထား နောက်ဘက်ဆီသို့ ဆက်လက်သွားသည်။ လူစီးတွဲနှစ်တွဲမှာ အလွန့်အလွန် ရှေးကျသော ရထားတွဲများဖြစ်ပြီး နှစ်တွဲစလုံး၏ ထိပ်နှစ်ဖက်တွင် သံလက်ရန်းတန်း တပ်ဆင်ထားသော နားနားနေနေ ရပ်ကြည့်နိုင်သည့် 'ကပြင်' ကလေးများ ရှိနေကြလေသည်။ ပီထရီသည် နောက်ဆုံးတွဲ၏ နောက်ဘက်အစွန်ဆုံး ကပြင်ပေါ် သို့ တက်လိုက်ပြီးနောက် တွဲထဲသို့ တံခါးဖွင့်ပြီး ဝင်သွားရာ လင်းထိန်နေသော မီးရောင်ကြောင့် မနေတတ်အောင် ဖြစ်သွားသည်။ သူက မီးလုံးများကို ပြန်မှိတ်လိုသော်လည်း မကြာသေးမီက ခြေကျင်ချီတက်သွားကြသည့် စစ်တပ်က ပြန်မြင်သွားနိုင်သည်ဟု တွေးမိပြီး မမှိတ်ဘဲ ထားလိုက်သည်။

ရထားတွဲထဲတွင် အလယ်၌ မင်းလမ်း ရှိပြီး ဘေးတစ်ဖက်တစ်ချက်တွင် ထိုင်ခုံများ ရှိသည်။ စက်ခေါင်းနှင့် ကပ်နေသော ပထမတန်းတွဲထဲ၌ အိမ်သာ ခပ်ကျဉ်းကျဉ်းကလေးတစ်ခုကိုပင် တွေ့လိုက်ရသည်။ ပီထရီသည် နောက်ဆုံး 'ကပြင်' ပေါ်သို့ တက်လိုက်ပြီး ကျောက်မီးသွေးပုံနှင့် မျက်နှာချင်းဆိုင် ဖြစ်နေစဉ် ရထားသည် ရှေ့ဘက်သို့ ကိုက်အနည်းငယ်ခန့် ရုတ်တရက် ဆောင့်ထွက်သွားပြီး ဖြုန်းခနဲ ပြန်ရပ်လိုက်သဖြင့် ပီထရီသည် ကပြင်ကလေးပေါ်မှ လိမ့်ကျတော့ မလိုလို ဖြစ်သွားသည်။ အက်ဒဝပ်တစ်ယောက် သည် မီးရထားနှင့် လက်တွေ့ စပြုလာလေပြီ။ 'သိပ်မဆိုးဘူး...သိပ်မဆိုးလှဘူး' ဟု တွေးလိုက်သည်။ ပီထရီသည် တွဲပေါ်မှ ရထားလမ်းပေါ်သို့ ခုန်ဆင်းပြီး ခေါင်းတွဲဆီသို့ ဆက်လျှောက်သွားသည်။ ထို့နောက် ခေါင်းတွဲရှေ့မှ ပက်လက်တွဲပေါ်သို့ တက်ကြည့်ပြန်သည်။ ဤပက်လက်တွဲထဲတွင် ကျောက်မီးသွေးမှုန့်များနှင့် ဘိလပ်မြေဟု ထင်ရသော ဖြူဖြူ အမှုန့်များကို တွေ့သည်။ သူ

www.burmeseclassic.com



ပက်လက်တွဲပေါ်မှ ပြန်ခုန်ချလိုက်ချိန်တွင် အင်ဂျလိုနှင့် ဆဲလ်ဗားတို့သည် အင်ဂျင်စက်ခေါင်းရှေ့ဆီမှ ပြန်ရောက်လာကြသည်။

အင်ဂျလိုက အော်ပြောလိုက်သည်။

“ခုနက ရထားမောင်းသံလိုလို ကြားလိုက်ရသလားလို့”

“ဟုတ်တယ်ဗျို့၊ ဒါပေမဲ့ ရထားကတော့ သွားချင်တဲ့ဘက် မရောက်ဘဲ ပြောင်းပြန်ဖြစ်သွားတယ်”

ပီထရီကာ့ စက်ခေါင်းတွဲ၏ ခြေနင်းခုံပေါ်သို့ တက်လိုက်စဉ် စက်ခေါင်းထဲရှိ ကိရိယာများကို ကလိနေသူ ဂျွန်ဆန်က လှမ်းပြောလိုက်သည်။

“ဂျိမ်း…! ကိုယ် သိပ်ပြီး ကြွားကြွားဝါဝါတော့ မပြောချင်ဘူး၊ ဒါပေမဲ့ သည်ခေါင်းတွဲကိုတော့ မောင်းနိုင်လိမ့်မယ် ထင်တယ်၊ သည်ခေါင်းတွဲဟာ မက်ဆီကန် ပြည်နယ်က ရထားခေါင်းတွဲနဲ့ တော်တော်လေးတူတယ်”

ပီထရီက ပြန်ဖြေသည်။

“ဒါပေါ့… ရှေးဟောင်းပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်က ထုတ်လုပ်တဲ့ ပစ္စည်းတွေ ဖြစ်မှာပေါ့”

ပီထရီသည် ကျောက်မီးသွေးကော်သော သံဂေါ်ပြားဖြင့် ကျောက်မီးသွေးပုံထဲတွင် တွင်းတစ်ခု ဖန်တီးလိုက်ပြီးနောက် ယမ်းဘီလူးများ ပါသောကျောပိုးအိတ်ကို ကျောက်မီးသွေးများဖြင့် ပြန်ဖုံးပြီး ဝှက်ထားလိုက်သည်။ သည်ပစ္စည်းများသာ မရှိတော့လျှင် သူတို့လူစု အိမ်ပြန်ကြတာပင် ခပ်ကောင်းကောင်း ဖြစ်လိမ့်ဦးမည်။ လက်ပစ်ဗုံး သုံးလုံး ထည့်ထားသော အင်ဂျလို၏ ပတ္တူအိတ်မှာ ဂျွန်ဆန် ထားခဲ့သည့်အတိုင်း ကြမ်းပြင်ပေါ်တွင် ရှိနေရာ အင်ဂျလိုက ကောက်ယူလိုက်သည်။ ဤတွင် ပီထရီက ဂျွန်ဆန်ကို အမိန့်ပေးလိုက်သည်။

“ကဲ…အက်ဒဝပ်…တို့သည်က ချက်ချင်း ထွက်ချင်တယ်”

တစ်ဖန် ခေါင်းတွဲထဲမှ ခေါင်းပြူထွက်လိုက်ပြီး ကျန်နှစ်ယောက်ကို အော်ပြောလိုက်သည်။

“ကဲ လူကြီးမင်းများ ခင်ဗျား…တွဲပေါ် တက်ကြပါ၊ အထူးအမြန်ရထားကြီး မကြာခင် စတင်ထွက်ခွာပါတော့မယ်၊ ပြီးတော့လည်း ပထမတန်းတွဲနဲ့ တတိယတန်းတွဲ နှစ်မျိုးအနက် လူကြီးမင်းများ စီးလေ့စီးထရှိတဲ့ တွဲပေါ် တက်နိုင်ပါတယ်၊ တောသားတွေကတော့ ပက်လက်တွဲပေါ်မှာပဲ စီးကြပါ”



သူ သည်လိုပြောသည့်အတွက် မာဖီးယား လူဆိုးဂိုဏ်းခေါင်းဆောင်ကတော့ အခံရခက်ဟန် မပြချေ။ အင်ဂျလိုကမူ မျက်စတစ်ချက် ပစ်ရင်း ပြန်ပြောလိုက်သည်။

“ကျုပ်က ရှေ့နေဗျ၊ ပထမတန်းတွဲမှာ စီးမှ ဖြစ်မယ်”

သူတို့ နှစ်ယောက်စလုံး ခေါင်းတွဲနောက်ဘက်ရှိ တွဲပေါ်သို့ ကမန်းကတန်း တက်လိုက်ကြသည်။ ထို့နောက် အင်ဂျလိုက ခေါင်းပြူ၍ ထွက်ကြည့်ရင်း…

“သည်သောက်မီးလုံးတွေကို ဘာလုပ်ရမှာလဲ၊ ထိန်ထိန်လင်းနေသော ခရစ်စမတ်ပွဲတော်က သစ်ပင်ကြီး ကျနေတာပဲ၊ တိုက်လေယာဉ်ပျံတွေကဆိုလျှင် ကျုပ်တို့ကို မိုင်ပေါင်းများစွာက လှမ်းမြင်ကြလိမ့်မယ်”

“အက်ဒဝပ်က ဥသြမဆွဲခင် မမှိတ်နဲ့ဦး အင်ဂျလို၊ သူ ဥသြဆွဲမှ အကုန်လုံးမှိတ်၊ ဟိုတောင်ကြားလမ်းထိပ်မှာ အီတလီစစ်တပ်က အစောင့်အကြပ်တွေ ချချင်ချထားမှာ အဲဒီလို အစောင့်ချထားလျှင် သည်ရထားဟာ ဝင်လာတုန်းကနဲ့ မတူဘဲ တစ်မူထူးပြီး ပြန်ထွက်သွားလျှင် သံသယဝင်ချင်ဝင်သွားလိမ့်မယ်၊ ကဲ… ဟုတ်ပြီလား”

“ထားပါတော့လေ”

အင်ဂျလို တွဲထဲပြန်ဝင်သွားသောအခါ ပီထရီက အက်ဒဝပ်ကို ပြောလိုက်သည်။

“ကဲ…အက်ဒဝပ်ရေ…တို့တော့ လမ်းတစ်လျှောက်လုံး နောက်ပြန်မောင်းရလိမ့်မယ် ထင်တယ်၊ မင်း မောင်းနိုင်ပါ့မလား”

အက်ဒဝပ်ဂျွန်ဆန်က ပီထရီကို စေ့စေ့ပြန်ကြည့်ရင်း ဘာမျှ ပြန်မပြောဘဲ စက်ခေါင်းထဲမှ ကိရိယာများကို လှမ်းကိုင်လိုက်သည်။ ရထားသည် ဆာလာမြို့ဆီသို့ နောက်ပြန် မောင်းထွက်သွားသည်။ ဆယ်ကိုက်ခန့် သွားမိသောအခါ ဝုန်းခနဲ ဆောင့်ရပ်သွားသဖြင့် ပီထရီသည် လွင့်စဉ်သွားပြီး ရထားခေါင်းတွဲ နံရံနှင့် ဝင်ဆောင့်မိတော့သည်။ ဂျွန်ဆန်က တကျွတ်ကျွတ်ဖြင့် စုတ်သပ်ရင်း ‘မျက်ဖြေစကား’ ပြောလိုက်သည်။

“တောင်းပန်ပါတယ်ဗျာ၊ ကျုပ်က ဘရိတ်ကောင်း မကောင်း စမ်းကြည့်တာပါ”

ထို့နောက် မီးရထားလေးသည် စတင်၍ နောက်ပြန်ရွေ့လျားစပြုသည်။ ဤတစ်ကြိမ်တွင်မူ မီးရထားခေါင်း နောက်ဘက်ရှိ လူစီးတွဲ နှစ်တွဲကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့ တွန်းတင်ပြီး စက်ခေါင်းရှေ့မှ ပက်လက်တွဲကို ရှေ့ဘက်သို့ ဆွဲယူရင်း မရပ်မနား စတင်မောင်းနှင်တော့သည်။ ပီထရီသည် စက်ခေါင်းအပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်ရာ ပူနွေးသော 'လေ' က မျက်နှာကို တိုက်ခတ်ကျီစယ်နေကြောင်း သိရှိခံစားလိုက်ရသည်။ သူ့မြင်ကွင်းထဲတွင် အလောင်းနှစ်ခု ရှိနေသော စက်ခေါင်းရုံသည် အမှောင်ထုထဲတွင် တဖြည်းဖြည်းနှင့် ဝေးပြီး ကျန်ရစ်ခဲ့သည်။ ထို့အတူပင် ပလာမို၊ ပူစီယို၊ စကိုပါနှာ စသည်တို့ ကျန်ရစ်ခဲ့ကြလေပြီ။ သူက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။ ညခုနစ်နာရီခွဲတိတိ ရှိနေလေပြီ။ ချိန်းဆိုထားသော ညသန်းခေါင်ယံသို့ ရောက်ရန် လေးနာရီခွဲသာ လိုတော့သည်။ သို့သော် သူတို့သည် မက်ဆီနာသို့ အသွားခရီးလမ်းတစ်ဝက်၌သာ ရှိနေသေးသည်တကား။

□

ညခုနစ်နာရီတွင် နေပဲလ်ဌာနချုပ်ရှိ ကြည်းတပ်သေနာပတိ အဲလဘာတ်ကက်ဆလ်ရင်းထံမှ စကားဝှက်ဖြင့် ပို့လိုက်သော သံကြိုးစာသည် အမိပ္ပာယ်ပြန်ဆိုပြီးနောက် မက်ဆီနာ ရေလက်ကြား စစ်နယ်မြေမှူး မိုလ်မှူးကြီးအားနက်စ်ဂန်သာဘာဒီ လက်ထဲသို့ ရောက်ရှိလာသည်။ စစ်နယ်မြေမှူးဟုဆိုသော အဓိပ္ပာယ်မှာ ထိုဒေသအတွင်း စစ်စခန်းအားလုံးကို ကြီးကြပ်ကွပ်ကဲရသူဟု အဓိပ္ပာယ်ရသည်။ သို့သော် ခြွင်းချက်တစ်ခုတော့ ရှိသည်။ သူသည် ကာရစ်ဒီ ဆိုက်ကပ်ရာ ဆိပ်ကမ်းနယ်မြေကို ကြီးကြပ်နိုင်ခွင့် မရှိချေ။ ထိုခြွင်းချက်ကြောင့်ပင် ထိုသံကြိုးစာကို မျက်မှောင်ကုတ်ရင်း ဖတ်နေမိသည်။ သူ့ရုံးခန်း ရှိရာမှနေ၍ လှမ်းကြည့်သော် ညဉ့်နက်လာပြီ ဖြစ်သဖြင့် ကောင်းကင်ယံကို မီးမောင်းကြီးများဖြင့် ထိုး၍ (ရန်သူ့လေယာဉ်ပျံ) ကို ရှာနေသော ရေလက်ကြားကို အပေါ်မှစီး၍ မြင်နေရသည်။

သံကြိုးစာကတော့ -

"နောက်တစ်ကြိမ် ညွှန်ကြားချက်ရသည်နှင့်တစ်ပြိုင်နက် ကာရစ်ဒီကို ဂျီယိုဗန်နီဆိပ်ကမ်းမြို့သို့ ချက်ချင်း ထွက်ခွာစေနိုင်အောင် အသင့်ပြင်ဆင်ထားပါ၊ ဤအမိန့်အတွက် လိုအပ်လျှင် အင်နာရှိ ဗဟိုစစ်ဌာနချုပ်၏ ဩဇာအာဏာကို သုံးစွဲပါ၊ ဤအမိန့်စာကို ရကြောင်းပြန်"

"ကက်ဆလ်ရင်း"

□



ပီထရီသည် ခေါင်းတွဲထဲမှ ခေါင်းပြူ၍ ရှေ့ဘက်သို့ မျှော်ကြည့်လိုက်သည်။ သူမြင်ရသည်မှာ မည်းနက်နေသော အမှောင်ထု၊ မီးလင်းနေသော လူစီးတွဲများမှ မြေကြီးပေါ်သို့ ယိမ်းထိုးကျနေသော ပုံမကျပန်းမကျ အရိပ်မည်းကြီးများနှင့် မည်းနက်နေသော အဇ္ဈာထက်ကောင်းကင်ဝယ် ပေါ်ထွက်နေသည့် ကြယ်တာရာကလေးများသာတည်း။ မကြာခင် လ ထွက်လာပေတော့မည်။ သို့သော် လထွက်လာရုံနှင့် ကြောက်စရာကောင်းလှသော ထိုပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ချေ။ အကယ်၍ ရှေ့တည့်တည့်ရှိ မီးရထားလမ်းပါတွင် အဆီးအတား တစ်ခုခု ရှိနေခဲ့သော် (ဥပမာ- ရထားလမ်းပေါ်သို့ မြေပြိုကျနေခြင်းမျိုး ဖြစ်လာခဲ့သော်) ရှေ့ဆုံးတွင် ရှိနေသော လူစီးတွဲနှင့် တည့်တည့်ဝင်တိုးမိမှသာ သိရပေတော့မည်။ မီးရထားလမ်း အခြေအနေကို လုံးဝ မသိပါဘဲနှင့် မှောင်ကြီးမည်းမည်းထဲ၌ မောင်းနေရသည်ကပင်လျှင် အန္တရာယ်ကို လက်ယပ်ခေါ်နေခြင်း ဖြစ်သည်။ သို့သော် ရထားဘီးများက အစွမ်းကုန်လည်နေကြသလို အရှေ့စူးစူးဆီသို့ တဖြည်းဖြည်း ပိုနီးနီးလာသည်။

ရထားလမ်းကပဲ မညီလို့လား၊ ဒါမှမဟုတ် ရထားတွဲများကို ကောင်းကောင်းမွန်မွန် ပြုပြင်ထိန်းသိမ်းမှု မရှိ၍ဘဲလား မသိ။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်။ ဌွန်ဆန်က ရထားကို ပို၍ မြန်မြန်မောင်းလာသည်နှင့်အမျှ ရထားဘီးများက သံလမ်းပေါ်တွင် ပိုကြိတ်လာသလို ရထားတွဲ တစ်ခုနှင့် တစ်ခုကို ဆက်ထားသည့် သံချိတ်များကလည်း ပိုအသံမြည်လာကြသည်။ ခေါင်းတိုင်ရှည်ကြီးကလည်း မီးခိုးမည်းကြီးများကို တစ်သုတ်ပြီး တစ်သုတ် အန်ထုတ်နေသလို ရထားတွဲများကလည်း ဘယ်ယိမ်းလိုက်၊ ညာယိမ်းလိုက်ဖြင့် ဒယီးဒယိုင်ဖြစ်နေကြသည်။

အင်ဂျင်စက်ရုံမှ တစ်မိုင်သာသာခန့် ခရီးပေါက်လာသောအခါ ပီထရီက ဌွန်ဆန်အား ဥသြဆွဲရန် ပြောလိုက်သည်။ ဤတွင် ဥသြဆွဲသံက စူးစူးရှရှပေါ်ထွက်လာသလို မြေကြီးပေါ်တွင် ယိမ်းထိုးနေသော အလင်းရောင်ကွက်များသည်လည်း တွဲထဲရှိ ပုဂ္ဂိုလ်များက မီးလုံးများကို မှိတ်လိုက်သောကြောင့် တစ်ကွက်ပြီး တစ်ကွက် ပျောက်ကွယ်သွားသည်။ ယခုအချိန်တွင် မိုင်ကုန်ပြေးနေသော မီးရထားကြီးရှိနေရာ အရပ်ကို စက်ခေါင်းထဲက ပေါ်ထွက်နေသော ဝါကျင်ကျင် မီးရောင်ကြောင့်သာ သိနိုင်ပေတော့မည်။ စက်ခေါင်းထဲ၌ရှိနေသော ဌွန်ဆန်သည် မလဲမပြိုအောင် လက်တစ်ဖက်ဖြင့် သူ့ကိုယ်ကို ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရင်း စက်ခေါင်းထဲရှိ ကိရိယာများကို ကျွန်လက်တစ်ဖက်ဖြင့် ကိုင်တွယ် အသုံးချလျက် ရှိသည်။

မီးရထားလေးသည် အရှိန်ရလာသည်နှင့်အမျှ ပို၍ပို၍ မြန်လာသလို ခေါင်းတွဲ ကြမ်းပြင်ပေါ်တွင် မလဲမပြိုအောင် မတ်တတ်ရပ်ရသည့် ကိစ္စမှာ ပိုခက်ခဲသည်။ ထို့အတူ အေးမြသော လေက ခေါင်းတွဲထဲသို့ တိုးဝင်လာရာ သူတို့ နှစ်ယောက်စလုံးသည် အေးတချီ ပူတစ်လှည့် ဖြစ်နေကြသည်။ ဂျွန်ဆန်က ဘွိုင်လာအတွက် ကျောက်မီးသွေး လိုအပ်နေပြီ ဖြစ်ကြောင်း လက်ဟန်ခြေဟန်ဖြင့် ပြလိုက်ရာ မီးထိုးသမား ပီထရီက ကျောက်မီးသွေးများကို ဂေါ်ပြားဖြင့် ကော်၍ မီးဖိုထဲသို့ ထည့်ပေးလိုက်သည်။ သို့သော် ထိုဘွိုင်လာအိုး မည်မျှခံနိုင်ရည် ရှိသည်ကို သိပ်မသိသော ဂျွန်ဆန်က လောင်စာ ထပ်မထည့်ရန် တားယူရတော့သည်။ သူက အော်ပြောလိုက်သည်။

"ဟေ့လူ…! ကျုပ်တို့ သည်မီးရထားနဲ့ မက်ဆီနာအထိ သွားမှာ မဟုတ်ဘူးဗျ"

"ဟော…ဟုတ်လား၊ ငါကတော့ ကူးတို့သင်္ဘောကြီးပေါ်ကို မီးရထားနဲ့ တစ်ခါတည်း အရောက်မောင်းတက်ချင်နေတာကွ"

ထိုမီးရထားလမ်းသည် အတန်ကြာအောင် တောင်ဆင်းလမ်းအတိုင်း အောက်ဘက်သို့ နိမ့်လျှောကြီး ခုတ်မောင်းနေရရာမှ ယခုအချိန်တွင် အပေါ်ဘက်သို့ ပြန်ထောင်တက်စ ပြုရလေပြီ။ ဘေးနှစ်ဖက်တွင် တောင်တန်းကြီးများ မိုးကာနေသော မတ်စောက်သည့် တောင်ကြားလမ်းအတိုင်း တောင်ပေါ်သို့ မောင်းတက်လာရသည်နှင့်အမျှ အင်ဂျင်စက်ခေါင်းသည် မောကြီးပန်းကြီးဖြင့် ခက်ခက်ခဲခဲ ခုတ်မောင်းနေရလေပြီ။ သုံးရက်လ၊ ခုံးမျက်စခန့်သာရှိသော 'လ' အကွေးကလေးသည်လည်း ထွက်ပြူစ ပြုလာလေပြီ။ လရောင်ဖြင့် တောင်ထွတ်၊ တောင်စွယ်၊ တောင်ကမ်းပါးယံ ထိပ်ဖွန်းများကို မြင်နေရသော်လည်း အောက်ဘက်ရှိ တောင်ကြားများနှင့် ချောက်ကြီးများမှာ အမှောင်ထုထဲတွင် ပျောက်ကွယ်နေသည်။

ရထားလမ်းသည် အပေါ်ဘက်ဆီသို့ မြင့်တက်သွားစဉ် ပီထရီက ခေါင်းပြူ၍ နောက်ဘက်ဆီသို့ ပြန်ကြည့်လိုက်ရာ ကွေ့ဝိုက်၍ အောက်ဘက်ဆီသို့ နိမ့်ဆင်းသွားသော ရထားလမ်းကို မြင်ရသည်။ တစ်ဖန် ရထားအရှေ့ပိုင်းဆီသို့ လှမ်းကြည့်ပြန်ရာ အထက်ဘက်ဆီသို့ ကွေ့ဝိုက်တက်သွားပြီး တောင်



ကမ်းပါးယံ ဆင်ခြေလျှောတစ်ခု ဘေးတွင် ကွေ့ဝင်ပျောက်ကွယ်သွားသော ရထားလမ်းကို မြင်ရပြန်သည်။

ပီထရီသည် တွဲထဲသို့ ပြန်ဝင်လိုက်ပြီး တွန့်ကြေနေသော မြေပုံအဝတ်စကို ဖြန့်၍ မီးဖိုမှ ထွက်လာသော အလင်းရောင်ဖြင့် လေ့လာလိုက်သည်။ သူက-

"ဆာလာ မရောက်ခင် ကြားထဲမှာ ဘူတာမရှိဘူး၊ ပြီးတော့လည်း ဂျာမန် သယ်ယူပို့ဆောင်ရေးစခန်းဟာ မြို့ သည်ဘက်မှာပဲ ရှိတယ်"

"အဆင်သင့်လိုက်တာဗျာ"

"ခုအချိန် ရောက်မှတော့ တစ်ခုခု အဆင်ပြေဖို့ ကောင်းတာပေါ့ကွာ၊ ဒါပေမဲ့ ငါ့စိတ်တိုင်းကျတော့ မဟုတ်သေးဘူး"

"အေးလေ… ဒီမီးရထားနဲ့ အင်နာစစ်ဌာနချုပ် ရောက်အောင် သွားလို့မှ မဖြစ်တာ၊ ဘာလဲ! ခင်ဗျားက ဂျာမန်စစ်တပ်က ကားတစ်စီးကို အပိုင်စီးမလို့လား"

"ရှင်းရှင်းပြောရလျှင် အီတာလျံ စစ်တပ်က ကားက ပိုအဆင်ပြေလိမ့်မယ်၊ သည်ကျွန်းကို အီတလီက ပိုင်တာ မဟုတ်လား၊ တစ်ခါ ငါကြားရသလောက်ကလည်း ဂျာမန်တွေနဲ့ လက်ရှိ ဆက်ဆံရေး အခြေအနေအရဆိုလျှင် သည်ကျွန်းမှာ ဘယ်သူ ဗိုလ်လဲဆိုတာ ပြချင်တာနဲ့ ဂျာမန်စစ်ကားဆိုလျှင် တားကြမယ့်သဘော ရှိတယ်၊ အဲ… သူတို့ စစ်တပ်က ကားဆိုလျှင်တော့ သိပ်စစ်ဆေးကြမှာ မဟုတ်ဘူး၊ ဟုတ်တယ်၊ အီတလီစစ်တပ်က ကားဆိုလျှင် ပိုကောင်းမယ်၊ ဒါပေမဲ့ အလကားရမယ့်နွား သွားဖြဲကြည့်လို့လည်း သိပ်မဖြစ်ပါဘူးလေ"

"ဟုတ်တယ်၊ အခြေအနေကတော့ အဲဒီလို ဖြစ်နေတာပဲ"

ဂျွန်ဆန်သည် ပြောပြောဆိုဆိုဖြင့် ရှေ့သို့ လှမ်းကြည့်လိုက်ရင်း-

"ကျုပ်တို့တော့ ဥမင်လိုဏ်ခေါင်းတစ်ခုနဲ့ တွေ့နေရပြီဗျို့" ဟု ပြောလိုက်သည်။

"ဘယ်မှာလဲ"

ပီထရီသည် မြေပုံအဝတ်စကို အိတ်ထဲသို့ ပြန်ထည့်ရင်း ခေါင်းတွဲဘေးမှ တွဲလောင်းခို၍ အပြင်ဘက်မှ ရှေ့ဆီသို့ လှမ်းကြည့်လိုက်သည်။ သူတို့ အပေါ်ဘက် နှစ်ဖာလုံခန့် အကွာအဝေးတွင် ရှိနေသော ဥမင်လိုဏ်ခေါင်းအဝကို မြင်လိုက်ရသည်မှာ ကျောချမ်းစရာ ကောင်းလှသည်။ အုတ်တံတိုင်းတစ်ခုလို

www.burmeseclassic.com

www.burmeseclassic.com



မတ်စောက်စောက် ဖြစ်နေသော ပေတစ်ရာခန့်မြင့်သည့် တောင်ကမ်းပါးယံအောက်ခြေရှိ လိုဏ်ဂူအပေါက်ဝသည် မည်းမှောင်နေသည်။ ပီထရီက ဂျွန်ဆန်ကို အရှိန်လျှော့ချရန် ပြောလိုက်သည်။ ဂျွန်ဆန်ကလည်း ရထားအရှိန်သည် ယခင်ကထက် တစ်ဝက်နီးပါးလျော့နည်းနေပြီဖြစ်ကြောင်း အကြောင်းပြ၍ ကန့်ကွက်သည်။ သို့သော် ပီထရီက ထပ်အမိန့်ပေးသည်။

"ဟော့… ငါက လိုဏ်ဂူရဲ့ ဟိုဘက်အဝမှာ ဘာရှိနိုင်တယ်ဆိုတာကို တွေးမိလို့ ပြောတာကွ၊ လိုဏ်ဂူရဲ့ ဟိုဘက်အဝ ရထားလမ်းဘေးတစ်လျှောက်မှာ စစ်တပ်ကြီးတစ်ခုလုံး စခန်းချနေလျှင် ဘယ့်နှယ်လုပ်မလဲ"

မီးရထားလေးသည် ပက်ကျိလမ်းသွားသလို နှေးကွေးလှသော အရှိန်ဖြင့် ဥမင်လိုဏ်ခေါင်းဝဆီသို့ တဖြည်းဖြည်း ရောက်ရှိလာသည်။ ပီထရီက ထပ်ပြောသည်။

"ဟိုဘက် အပေါက်ဝနား ရောက်ခါနီးလျှင် ရထားကို ရပ်ပေး၊ ငါ ရထားပေါ်က ဆင်းပြီး အပြင်ကို တစ်ခေါက် သွားလေ့လာဦးမယ်"

အပေါက်ဝနှင့် နီးလာသည်နှင့်အမျှ မြေပြင်သည် ပိုညီညာလာသည်။ လိုဏ်ဂူ အပေါက်ဝနားသို့ ရောက်သောအခါ တောင်ကမ်းပါးယံမှ အရိပ်မည်းကြီးသည် ရထားပေါ် ကျရောက်လာသည်။ လိုဏ်ဂူအပေါက်ဝမှာ တောင်ကမ်းပါးယံထက် ပိုမည်းနက်နေရာ အပေါက်ဝနှင့် မတူဘဲ မည်းနက်နေသော နံရံတစ်ခုနှင့် ပိုတူသည်။ ထိုအချိန်တွင် ပီထရီသည် ခေါင်းတွဲအပြင်ဘက်သို့ တွဲလောင်းခို၍ ထွက်ကြည့်နေရာ ရှေ့ဘက်တွဲထဲမှ ခေါင်းတစ်လုံး ထွက်လာပြီးနောက် ရှေ့ဘက်နှင့် နောက်ဘက်သို့ ပြန်လှည့်ရင်း တွဲထဲသို့ ပြန်ဝင်သွားကို မြင်လိုက်ရသည်။ အင်ဂျလိုက သည်မီးရထားသည် ဘာဖြစ်လို့ သည်လောက်တောင် နှေးနေရပါလိမ့်ဟု စဉ်းစားနေသည်။ ရထားစက်ခေါင်းသည် ပက်ကျိ၏ အရှိန်နှုန်းဖြင့် လိုဏ်ခေါင်းထဲသို့ ဝင်လာခဲ့ရာ အမှောင်ထုက သူတို့ကို ဝါးမျိုသွားတော့သည်။ ခေါင်းတွဲထဲတွင်မူ မီးဖိုမှ ပေါ်ထွက်နေသော အလင်းရောင်ရှိနေသဖြင့် အခြေအနေ သိပ်မဆိုးလှချေ။

ဂျွန်ဆန်က စိတ်ခပ်တိုတိုဖြင့် ပြောချလိုက်သည်။

"လိုဏ်ဂူအပြင်ဘက် ပြန်ရောက်လျှင်တော့ ခပ်မြန်မြန်မောင်းမှ ဖြစ်လိမ့်မယ်"

ထိုဥမင်လို ဏ်ခေါင်းကြီးမှာ အတော်ကလေး ရှည်လျားသည်သာမက အကွေ့အကောက်များကိုလည်း မကြာခဏဆိုသလို တွေ့နေရသေးသည်။



တစ်ဖန် အင်ဂျင်စက်သံက နားကွဲလုမတတ် ဆူညံနေသလို လိုဏ်ခေါင်းထဲတွင် ပိတ်မိနေသောကြောင့် မီးခိုးလုံးများကလည်း စက်ခေါင်းတွဲထဲသို့ အလုံးအရင်းဖြင့် ဝင်လာကြသည်။

ပီထရီက အော်လိုက်သည်။

"အပေါက်ဝကို ရောက်တော့မယ်ဟေ့၊ ငါ လက်မပြမချင်း ရထားကို ဆက်မောင်း"

အပေါက်ဝမှ ဆယ်ကိုက်အလိုတွင် မီးရထားကလေးသည် ဝုန်းခနဲမြည်အောင် ဆောင့်ရပ်သွားသလို ပီထရီကလည်း မော်ဇာပစ္စတိုကို သေနတ်အိမ်ထဲမှ ဆွဲထုတ်ရင်း ခေါင်းတွဲပေါ်မှ အောက်သို့ ခုန်ချလိုက်၏။ တစ်ချိန်တည်းမှာပင် အင်ဂျလိုသည်လည်း လျူဂါသေနတ်ကို ကိုင်ရင်း တွဲအစွန်းရှိ ကပြင်ကလေးပေါ်သို့ ထွက်လာသည်။ ပီထရီက သူ့ကို လှမ်းပြောလိုက်သည်။

"ခင်ဗျား ကျုပ်နဲ့အတူတူ လိုက်လာလျှင် ကောင်းလိမ့်မယ်"

သူတို့နှစ်ဦးသည် မှောင်မည်းနေသော လူစီးတွဲများကို ကျော်ဖြတ်၍ လျှောက်လာကြစဉ် ဆဲလ်ဗား၏ အရိပ်အယောင်ကို မမြင်ရသဖြင့် ပီထရီက မေးလိုက်သည်။ အင်ဂျလိုက ရှင်းပြသည်။

"သူက ရထားတွဲရဲ့ ဟိုဘက်မှာ ရှိတယ်။ ကျုပ်တို့ နှစ်ယောက် ဖဲကစားနေကြတာဗျ၊ အခု သူက နောက်တစ်ပွဲမှာ သူ နိုင်အောင် ဖဲထုပ်ကို ဆင်ဖဲချိုးနေပြီ နဲ့တူတယ်"

ပီထရီတစ်ယောက် မှောင်ကြီးမည်းမည်းထဲတွင် ပြုံးလိုက်မိသည်။ လွန်ခဲ့သည့် တစ်နာရီလောက်ကဆိုလျှင် အင်ဂျလိုသည် ဆဲလ်ဗားကို မာစီးဒီးပေါ်က ကန်ချခဲ့ဖို့ ဝန်မလေးခဲ့ချေ။ ယခုမူ ဆဲလ်ဗားလို ဘက်စုံတော်သူတစ်ယောက် ပါလာသည်မှာ တစ်တပ်တစ်အားပင် ဖြစ်ကြောင်း သူ သဘောပေါက်သွားလေပြီ။ ဒါကလည်း မာဖီးယား ဂိုဏ်းခေါင်းဆောင်က အင်ဂျလို့အသက်ကို ကယ်ခဲ့ရသောကြောင့်လည်း ဖြစ်နိုင်သည်။ ပီထရီက နောက်ပြောင်လိုက်သည်။

"ဒါဆိုလျှင် ခင်ဗျားတို့နှစ်ယောက် မိတ်ဆွေသူငယ်ချင်းတွေ ဖြစ်ကုန်ကြတော့မှာပေါ့နော်"

"ပေးလိုက်တာ၊ ဒါပေမဲ့ စစ်ဖြစ်နေတုန်းမှာတော့ လူတွေကို ဘယ်သိသဘောမျိုးနဲ့ တတ်နိုင်သလောက် အသုံးချရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



''ဒါပေါ့၊ ကျုပ် ခင်ဗျားကို တစ်ချိန်လုံး နားဝင်အောင် ပြောဖို့ ကြိုးစားခဲ့တာ၊ အဲဒီသဘောတရားပဲပေါ့ဗျ''

သူတို့သည် လိုဏ်ဂူဝမှ အပြင်ဘက်သို့ သတိစီရိယထား၍ ခေါင်းပြူကြည့်လိုက်ကြပြီးနောက် ရထားလမ်းအတိုင်း ဆက်ထွက်လာကြသည်။ သူတို့ မြင်ရသမျှမှာ ဤနေရာတစ်ဝိုက်တွင် ဘယ်အချိန်ကမျှ လူသားများ နေခဲ့ထိုင်ခဲ့ပုံ မပေါ်။ သို့သော် ခပ်လှမ်းလှမ်း တစ်နေရာတွင် ကားလမ်းက ရထားလမ်းကို ဖြတ်သွားကြောင်း,မြင်လိုက်ရသဖြင့် တစ်ခါတစ်ရံ တောကြီးမျက်မည်းထဲသို့ လူသားများ ဖြတ်သန်းသွားလာတတ်ကြောင်း သိလိုက်ရသည်။ လိုဏ်ဂူမှ ပြန်ထွက်သည်နှင့် တစ်ပြိုင်နက် ရထားလမ်းသည် အောက်ဘက်သို့ ကွေ့ဝိုက်နိမ့်ဆင်းသွားပြီး မည်းမှောင်နေသော တောင်ကြားတစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထို့နောက် ထိုတောင်ကြားထဲမှ ပြန်ပေါ်လာသောအခါ ရထားလမ်းသည် အောက်ဘက်သို့ ပို၍ နိမ့်ဆင်းသွားပြီး ရေမရှိသော ချောင်းတစ်ခုအပေါ် ဖြတ်ဆောက်ထားသည့် တံတားပေါ်မှ ချောင်းကို ကျော်ဖြတ်သွားကြောင်း မြင်နေရသည်။ အမြင့်မှ စီး၍ကြည့်သည့်အခါ ထိုတံတားမှာ ကလေးကစားစရာ တံတားကလေးတစ်ခုနှင့် တူနေသော်လည်း ထိုတံတားသည် အတော်ကလေး ရှည်လျားသည့်အပြင် တစ်ဖက်ကမ်းရှိ မတ်စောက်သော ရထားလမ်းဆီသို့ မရောက်မီ လခြမ်းသဏ္ဍာန် ကွေးနေအောင် ဆောက်ထားသော တံတားတစ်ခု ဖြစ်ကြောင်း ပီထရီက ခန့်မှန်း တွက်ဆလိုက်သည်။

ပီထရီက အင်ဂျလိုကို သတိပေးလိုက်သည်။

''ကျုပ်တို့ဆီကို ဦးတည်ပြီး အင်နာက ထွက်လာတဲ့ ရထားတစ်စီး ရှိသေးတယ် ဆိုတာကိုလည်း မမေ့နဲ့နော်၊ နေပါဦး ကျုပ်တို့က ချိုးဝင်ပြီး စောင့်နေရမယ်ဆိုတဲ့ လမ်းခွဲကလေး ဘယ်မှာရှိတယ် ဆိုတာ ခင်ဗျား သိသလား''

အင်ဂျလိုကလည်း မရေမရာ ပြန်ဖြေသည်။

''ကျုပ်ညီတစ်ဝမ်းကွဲကတော့ အဲဒီ လမ်းခွဲဟာ ဆာလာကို မရောက်ခင်မှာ ရှိတယ်လို့ ပြောတာပဲ၊ ဒါကတော့ သူ ပြောနေတုန်းကတော့ အရေးကြီးမယ်လို့ သိပ်မထင်တာနဲ့ အာရုံမစိုက်လိုက်မိဘူး''

ပီထရီက ခပ်မာမာ ပြောလိုက်သည်။

''ဒါပေမဲ့ ခုအချိန်မှာ ရထားချင်း ခေါင်းချင်းဆိုင် မတိုက်မိအောင် ရှောင်ရမယ်ဆိုလျှင် အဲဒီစကားက သိပ်အရေးကြီးနေပြီ၊ နေပါဦး သူက တခြား ဘာပြောသေးသလဲ''



အင်ဂျလိုက မေးခွန်းကို လက်မဖြင့် ပွတ်ရင်း ပြန်ဖြေသည်။

''အင်း… ရေကန်ကြီးတစ်ကန်အကြောင်း ထည့်ပြောတယ်… ဟုတ်ပြီ… ပြန်သတိရလာပြီ၊ အဲဒီလမ်းခွဲဟာ ရေကန်ဘေးနားမှာ ရှိတယ်၊ စစ်စလီမှာ ရေကန်ကလည်း သိပ်မရှိဘူးဆိုတော့ ရေကန်ကို မြင်လျှင် သတိထားမိကြမှာပါ''

''အဲဒီလို ဖြစ်ပါစေလို့ပဲ ဆုတောင်းပေါ့ဗျာ၊ ကဲ… တွဲပေါ် ပြန်တက်ကြမှ ဖြစ်မယ်၊ အက်ဒဝပ်ကလည်း အဲဒီလမ်းခွဲရောက်အောင် မိုင်ကုန် မောင်းရဦးမှာ''

မီးရထားသံလမ်းခွဲကလေးအကြောင်းနှင့် ရထားချင်း ခေါင်းချင်းဆိုင် တိုက်မိမှာကို စိုးရိမ်ရသည့်အကြောင်း ပြောလိုက်သဖြင့် ဂျွန်ဆန်တစ်ယောက် ချက်ချင်းလိုလို ငြိမ်ကျသွားသည်။ ပီထရီ၏ ညွှန်ကြားချက်များကို ကောင်းကောင်း မွန်မွန် လိုက်နာသည်။ သို့တိုင်အောင် သူ ရထားမောင်းပုံကတော့ ကြောက်စရာပင်။ ဥမင်လိုဏ်ခေါင်းထဲက ထွက်လာစဉ်က အရှိန်ခပ်မှန်မှန်သာ ရှိသေးသော်လည်း ဂျွန်ဆန်က တောင်ဆင်းလမ်းအစတွင် စက်ကိရိယာများကို ကလိလိုက်သည့်အခါ ရထားဘီးများသည် ပိုလည်ပတ်လာသည်နှင့်အမျှ တွဲများသည် ပြင်းထန်သော အရှိန်အဟုန်ကြောင့် ဒယိမ်းဒယိုင်နှင့် ဘယ်ညာ ယိမ်းထိုးလာသလို ကြောက်မက်ဖွယ်ရာ အသံများလည်း ပေါ်ထွက်လာသည်။ ဤတောင်ဆင်းလမ်းမှာ သူတို့ ယူဆထားသည်ထက် ပို၍ မတ်စောက်သလို အခြားမီးရထားမောင်းသူ တစ်ဦးဦးသာ ဆိုပါက ယခုလောက် အရှိန်နှင့် မောင်းနှင်ရဲမည် မဟုတ်ချေ။ သို့သော် အချိန်နည်းလာသည်နှင့်အမျှ မျက်ကန်းတစ္ဆေ မကြောက်ဆိုသော အဆင့်သို့ ရောက်လာကြပြီ ဖြစ်သည်။

ပီထရီသည် ခေါင်းတွဲ၏ တခြားတစ်ဖက်သို့ ကူးသွားပြီးနောက် အဆိုပါ မီးရထား တံတားကို လှမ်းကြည့်လိုက်သည်။ ထိုတံတားမှာ ပထမ သူ ထင်ထားသည်ထက်ပင် ပိုမြင့်သော သစ်သားတံတားတစ်ခု ဖြစ်နေသည်။ ၎င်းနောက် ရထားလမ်းဘေးရှိ တောင်နံရံကြီးက ကွယ်လိုက်သဖြင့် ထိုတံတားကို မမြင်ရတော့ချေ။ ပီထရီသည် အက်ဒဝပ်ဂျွန်ဆန်ရှိနေရာသို့ ခက်ခက်ခဲခဲ ပြန်လျှောက်လာပြီးနောက် သူ ကြားအောင် အော်ပြောလိုက်သည်။

''အက်ဒဝပ်၊ မင်းကို နီးလာမှ ထပ်သတိပေးမယ်၊ ဒါပေမဲ့ ဟိုတံတားနား ရောက်ရင်တော့ မင်း အရှိန်လျှော့မှ ဖြစ်လိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဆန်က ခေါင်းညိတ်ပြရင်း ဒိုင်ခွက်များကို စိုက်ကြည့်နေသည်။ သည် အရှိန်နှုန်းဖြင့်သာ ဆက်သွားလျှင် သူတို့စီးလာသော ရထား တံတားပေါ်က လွင့်စဉ်ကျသွားမှာ သေချာသည်။ ရထားလေးသည် တောင်ဆင်းလမ်းအတိုင်း အရှိန်ပြင်းပြင်းဖြင့် ဆင်းလာပြီးနောက် တောင်ကြားလမ်းတစ်ခုကို ဖြတ်ရပြန်သည်။ တောင်ကြားလမ်း၏ နံရံနှစ်ဖက်မှာ မြင့်မားလှသဖြင့် ရထားပေါ်သို့ လရောင် လုံးဝမကျရောက်တော့သည့်အပြင် ဥမင်လိုဏ်ခေါင်းထဲ၌ ခုတ်မောင်းနေရသလို အသံဗလံများက နားကွဲလုမတတ် ဆောင့်ဝင်လာကြသည်။ စက္ကန့်အနည်းငယ် ကြာသောအခါ လရောင်ထဲသို့ ပြန်ရောက်ရှိလာကြပြန်သည်။

တံတားကြီးကို ထင်ထင်ရှားရှား လှမ်းမြင်နေရလေပြီ။ တံတားကြီးမှာ ရေမရှိသော ချောင်းကျယ်ကြီးပေါ်တွင် ဖြတ်ဆောက်ထားသော သစ်သားတံတားကြီး ဖြစ်သည်။ ပထမ ထင်ထားသည်ထက် ပိုကြီးသည်။ ပိုရှည်လျားသည်။ ချောင်းထဲတွင်ရှိသော ကျောက်တုံးကျောက်ခဲကြီးများမှာ အိမ်ငယ်ကလေးတစ်လုံးစီခန့် ကြီးမားပြီး ချောင်းထဲတွင် အပြည့်အနှက် ရှိနေသည်။ ပီထရီက အသံကုန်အော်လိုက်သည်။

"ခပ်ဖြည်းဖြည်း မောင်းတော့ဟေ့ အက်ဒဝပ်"

တံတားကြီးနှင့် ပိုနီးလာသလို သူတို့ရထားကလည်း အရှိန်ပြင်းပြင်းဖြင့် ဆင်းနေဆဲ ဖြစ်သည်။ ထိုအခိုက်တွင် သူတို့ခေါင်းပေါ်ရှိ ကောင်းကင်ယံ၌ ရွေ့လျားနေသည့် အရာဝတ္ထုတစ်ခုကို ပီထရီက မြင်လိုက်သည်။ ပီထရီက ခေါင်းကို နောက်ပစ်၍ အပေါ်မော့ကြည့်ရာ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသော မည်းမည်းအရိပ်များသည် လရောင်ကြောင့် တစ်ချီတစ်ချီတွင် လက်ခနဲ ဖြစ်သွားသည်ကို တွေ့ရသည်။

လေယာဉ်အုပ်စုထဲမှ ဗုံးကြဲလေယာဉ်ကြီးတစ်စင်းသည် အုပ်စုနှင့် ခွဲထွက်လိုက်ပြီးနောက် အောက်ဘက်သို့ စိုက်ဆင်းလာသည်။ ချက်ချင်းလိုလိုပင် ပိုကြီးလာပြီးနောက် အမေရိကန် ဘီ-၁၇ အမျိုးအစား ဗုံးကြဲလေယာဉ်ဖြစ်ကြောင်း ခွဲခြား၍ ရလာသည်။ ထိုဗုံးကြဲလေယာဉ်ပျံ ရွေးချယ်ထားသော ပစ်မှတ်ကတော့ မီးရထားတံတားကြီးပင်တည်း။

သူတို့လူစုသည် ရန်သူ၏ ပစ်ခတ်တိုက်ခိုက်သည်ကို မခံခဲ့ရပါဘဲနှင့် မဟာမိတ်တပ်ပေါင်းစုဘက်မှ ပစ်ခတ်တိုက်ခိုက်သည်ကို နောက်တစ်ကြိမ် ခံရပြန်လေပြီ။ မကြာသေးမီက ပို့လိုက်သော အင်ဂျလို၏ 'သတင်း' ပေါ်



မူတည်၍ ရန်သူ စစ်သားများ၏ အသွားအလာ အရွေ့အပြောင်းများကို ဟန့်တားဖို့ ဤတံတားကို ဖျက်ရန် ဆောင်ရွက်ခြင်းပင် ဖြစ်ပုံရသည်။ ပီထရီက အော်လိုက်သည်။

"သည်သောက်မီးရထားကို ချက်ချင်း ရပ်ပစ်စမ်း"

ဂျွန်ဆန်သည် ခဏာတော့ ကြောင်သွားသည်။ ထို့နောက် ဘရိတ်ဖမ်းပစ်လိုက်ရာ ရထားလေးသည် အရိုးခိုက်သည်အထိ တုန်ခါပြီး ဝုန်းခနဲ ရပ်တန့်သွားသည်။ ထိုဘရိတ်အုပ်မှုကြောင့် ရထားတွဲတစ်ခုနှင့်တစ်ခု တွန်းမိ၊ ကြိတ်မိ၊ တိုက်မိကြသော်လည်း ပထမဗုံးကို စကြဲလိုက်ချိန်တွင် သံလမ်းပေါ်မှ ချော်မကျဘဲ ရှိနေသေးသည်။

❑

ပထမဦးဆုံး ကြဲချလိုက်သော ဗုံးသည် အသည်းယားစရာကောင်းလောက်အောင် ရှိခနဲ အော်မြည်၍ ကျဆင်းလာစဉ် သူတို့ ရထားသည် တောင်ကြားလမ်းထဲ၌ တစ်ဝက်၊ တောင်ကြားလမ်း၏ အပြင်ဘက်၌ တစ်ဝက် ရှိနေသည်။ ဗုံးပေါက်ကွဲသံမှာ သိပ်မကျယ်လှသော်လည်း စက်ရှိန်ကို မြှင့်၍ ကောင်းကင်ပေါ်သို့ ပျံတက်သွားသော ဘီ-၁၇ အမျိုးအစား ဗုံးကြဲလေယာဉ်၏ စက်သံကား ရူးရူးရှရှ ရှိလှသည်။

"တောင်ကြားလမ်းထဲ ရောက်အောင် ပြေးကြစမ်း"

ပီထရီသည် ပြောပြောဆိုဆိုဖြင့် တွဲပေါ်မှ ခုန်ချလိုက်စဉ် အင်ဂျလိုနှင့် ဆဲလ်ဗားတို့သည် ကပြင်ကလေးပေါ်တွင် ပေါ်လာကြသည်။ ပီထရီသည် ကျန်လူများကို ဦးဆောင်လျက် မီးရထားနှင့် တောင်ကမ်းပါးယံနံရံကြားမှ အထဲသို့ ပြေးဝင်လာကြသည်။ ဒုတိယရထားတွဲနှင့် တည့်တည့်လောက်တွင် တောင်ကမ်းပါးယံ၌ ဂူလေးသဖွယ် ထွင်းဖောက်ထားသည်ကို တွေ့ရသဖြင့် သူတို့အားလုံး ထိုဂူကလေးထဲတွင် ပုနေကြသည်။ ပီထရီက ခပ်မှန်မှန် ပြောလိုက်သည်။

"ခေါင်းတွဲကိုသာ လာထိလျှင် ဒိုင်းနမိုက်တွေ ပေါက်ကုန်တော့မှာပဲ"

စိတ်တိုနေသော ဂျွန်ဆန်က အထိတ်တလန့် ပြောလိုက်သည်။

"မြတ်စွာဘုရား… ကျုပ်တို့ပါ သေကုန်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတာ မှန်သည်ဟု ပီထရီက တွေးလိုက်သည်။ ခေါင်းတွဲပေါ်သာ ဗုံးတစ်လုံး ကျခဲ့လျှင် ထိုဗုံး၏ ပေါက်ကွဲမှုအရှိန်သည် တောင်ကြားလမ်းတစ်ခုလုံးကို ဒုက္ခပေးတော့မှာ သေချာသည်။ သူတို့လူစုသည် ဂူကလေးထဲတွင် ရှိနေသော်လည်း စက်ကွင်း လွတ်ချင်မှ လွတ်ပေမည်။

ဤတွင် ဒုတိယအကြိမ် ရှီခနဲ မြည်သံကို ကြားရပြန်သည်။ ထိုအသံမျိုးကို' အကြိမ်ပေါင်း မည်မျှပင် ကြားဖူးထားသည် ဖြစ်ပါစေ၊ အဆိုပါ ဆိုးရွားလှသည့် အသံနှင့် နားယဉ်ဖို့ အလွန်ခဲယဉ်းသည်။ ၄င်းအပြင် အဆိုပါ ဗုံးသံမှာ သူတို့ ခေါင်းပေါ်တည့်တည့်က ပေါ်ထွက်လာခြင်း ဖြစ်ပြီး တောင်ကြားလမ်း အလယ်ခေါင်တည့်တည့်သို့ ကျလာမည်ဟု ထင်ရသည်။ ထို့ကြောင့် သူတို့အားလုံး အသံလာရာဆီသို့ မော့ကြည့်မိကြသည်။ အလေးချိန်အားဖြင့် ပေါင်ချိန်ပေါင်း မြောက်မြားစွာ လေးလံသော ထိုဗုံးကြီးသည် လေယာဉ်ဝမ်းဗိုက်မှ ထွက်ကျလာချိန်တွင် လေထဲ၌ ခဏတာမျှ အလျားလိုက် ရွေ့သွားသလိုလို ထင်ရပြီး ချက်ချင်းလိုလိုပင် အောက်ဘက်သို့ တန်းတန်းမတ်မတ် စိုက်ဆင်းကျလာသည်။ ရှီ…ဟု မြည်သံကလည်း ပိုကျယ်လာသည်။ သူတို့အားလုံး အကြောအခြင်များ တောင့်တင်းလာကြပြီး ဗုံးပေါက်သံ ကြားရသည့်အခါ ထိတ်ခနဲ ဖြစ်ကြရပြန်သည်။ ထို့နောက်မှ စိတ်သက်သာရာ ရသွားကြပြီး သူတို့ တစ်ကိုယ်လုံးလည်း ပျော့ခွေသွားကြသည်။ သည်တစ်ကြိမ်တော့ မဟုတ်ပြန်ချေပြီ။

ပီထရီက ဌျှန်ဆန်ကို ပြောလိုက်သည်။

"ဟေ့! အက်ဒဝပ်၊ မင်းသူငယ်ချင်းတွေကွ၊ ဘီ-၁၇ တွေ၊ လေးစင်းကြီး များတောင်"

ဌျှန်ဆန်က ရေရေလည်လည် ဆဲရေးတိုင်းထွာလိုက်သည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်ဟေ့… ခုအချိန်ထိ ရန်သူက သေနတ်နဲ့ ပစ်တာကို တစ်ချက်ကလေးတောင် မခံရသေးဘူး"

"အဲဒီအတိုင်းဖြစ်အောင် တို့ စီစဉ်ခဲ့တာပဲ ဟုတ်လား"

"ဒါပေမဲ့ ကျုပ်တို့ လေတပ်က ကျုပ်တို့ကို တွယ်နေတာ ဒုတိယအကြိမ် ရှိသွားပြီ၊ အဲဒီလို ဖြစ်အောင် ကျုပ်တို့ စီစဉ်ခဲ့တာမှ မဟုတ်တာ"

ပီထရီကလည်း ခပ်အေးအေး ပြန်ဖြေသည်။

"သူတို့က တံတားကို လာဖျက်တာပါ"

"ဒါပေမဲ့ သူတို့က ကျုပ်တို့ကို မြင်မှာဗျ"



"အေးလေ… မြင်ချင်လည်း မြင်မှာပေါ့…ဒါပေမဲ့ ငါတို့ကို ပထမဦးစားပေး အဆင့်မှာထားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ကျုပ်ကတော့ ခင်ဗျားလို စိတ်ထားမျိုး မမွေးနိုင်ပေါင်"

အက်ဒဝပ်ဌျှန်ဆန်သည် ကိုယ့်ဘက်မှ လေတပ်က တိုက်ခိုက်သည်ကို ခံနေရသောကြောင့် အကြီးအကျယ် ဒေါ်ပွနေသည်။

တတိယဗုံးကို ကြဲချလိုက်သည့် အသံဆိုးကြီးကို ကြားရသည့်အခါ အက်ဒဝပ်ဌျှန်ဆန်သည် ကျောက်သားနှင့် တစ်သားတည်း ဖြစ်အောင် ဝင်တိုးလိုသည့်ပမာ နံရံနှင့် အတင်းပူးကပ်နေသည်။ ယခုတစ်ကြိမ် ပေါက်ကွဲသံမှာ နားကွဲလုမတတ် ပြင်းထန်သည်သာမက အသံမဆုံးမီ ကျောက်ခဲအစအနများနှင့် ဖုန်မှုန့်များသည် တွဲခေါင်မိုးများပေါ်သို့ ဝေါခနဲ ကျဆင်းလာသည်။ ပီထရီသည် ပင်လျှင် နားအူသွားသဖြင့် ပြန်ကြားရအောင် နားရွက်ထဲသို့ လက်ချောင်းတစ်ချောင်း ထိုး၍ မွှေ့ပစ်လိုက်ရသေးသည်။ သည်တစ်လုံးကတော့ သူတို့နှင့် သောက်ရမ်းနီးသည်။

ဌျှန်ဆန်သည် ဆံပင်ထဲမှ ဖုန်မှုန့်များကို လက်ဖြင့် ကလော်ထုတ်ရင်း ပြောလိုက်သည်။

"သည်ငတိတွေ မီးရထားကို တွယ်နေတာဗျ"

သို့သော် ပီထရီကတော့ အဲဒီလို မထင်ချေ။ ပထမဦးဆုံး တံတားကို ဖျက်ဖို့ ကြိုးစားလိမ့်မည်။ တံတားကြီး ပျက်စီးသွားပြီးနောက် ကြဲချစရာဗုံး ရှိသေးသည်ဆိုမှ ရထားပေါ် ကြဲချလိမ့်မည်။ နောက်ဆုံး ကြဲချလိုက်သောဗုံးမှာ ချိန်သားမကိုက်ဘဲ လွဲသွားသော ဗုံး ဖြစ်သည်။ သို့သော် သူတို့လူစုမှာ တံတားကြီးနှင့် နီးကပ်လှသဖြင့် စက်ကွင်းမလွတ်ဘဲ ရှိနိုင်သည်။ ထိုကဲ့သို့ လေယာဉ်ပျံ လေးစင်းက တစ်လှည့်စီ ဗုံးကြဲနေစဉ် သူတို့အားလုံး စိတ်ရှုပ်နေကြသည်။ ဗုံးတွေကလည်း ဆက်တိုက်ကျလာနေသည်။ ပီထရီက ရေကြည့်နေရာ ဗုံးအလုံးနှစ်ဆယ် ရှိသွားပြီ ဖြစ်ကြောင်း သတိပြုလိုက်မိသည်။ ထိုအချိန်တွင် ဘီ-၁၇ အမျိုးအစား လေယာဉ်ပျံကြီးသည် ခေါင်းပေါ်မှ ဝေါခနဲ ပျံတက်သွားရာ ကိုယ်ထည်ပေါ်မှ အချွန်ငါးဘက် ပါသော ကြယ်ဖြူကြီးကိုပင် ထင်ထင်ရှားရှား မြင်လိုက်ရသည်။ ထို့နောက် ထိုလေယာဉ်ပျံသည် မြင်ကွင်းမှ ပျောက်ကွယ်သွားသလို လေယာဉ်ပျံသံ အားလုံး ပျောက်ကွယ်သွားသည်။ သူတို့လူစုသည် မိနစ်အနည်းငယ် ကြာအောင် ထပ်နားစွင့်လိုက်ပြီးနောက် ပီထရီသည်

www.burmeseclassic.com

www.burmeseclassic.com



ဂူကလေးထဲမှ ထွက်၍ မီးရထားလမ်းအတိုင်း တံတားဆီသို့ ဆက်လျှောက်လာသည်။

တံတားကြီးသည် သူတို့နှင့် အလွန်နီးကပ်ကြောင်း မျက်ဝါးထင်ထင် တွေ့ရသည့်အခါ ပိုလန့်သွားသည်။ ထိုတံတားသည် တောင်ကြားလမ်းနှင့် ကိုက်တစ်ရာခန့်သာ ဝေးသည်။ မီးရထားလမ်းကမူ ယခင် အခြေအနေအတိုင်း ပင် ပုံစံမပျက် ရှိနေသည်။ ဂျွန်ဆန်က တအံ့တဩ ပြောလိုက်သည်။

"ယောဗျ… တံတားကြီး မပျက်သေးပါလား၊ သည်ငတိတွေ အိမ်မြှောင်ပေါ် တည့်တည့်ရောက်နေတာတောင် မှန်အောင် ကြဲချနိုင်မှာ မဟုတ်ဘူး။ ဘုရားသခင် ကျေးဇူးတော်ကြောင့်ပဲလေ"

ပီထရီက ပြောလိုက်သည်။

"ကဲ… သည်မှာ စောင့်ခဲ့ကြ၊ ကျုပ် အခြေအနေကို သွားအကဲခတ်လိုက်ဦးမယ်၊ အင်ဂျလို ခင်ဗျားက ခေါင်းတွဲပေါ် တက်ပြီး စောင့်နေစမ်း၊ ကျောက်မီးသွေးပုံအောက်မှာ ဒိုင်းနမိုက်တွေ ရှိနေတယ်"

ဂျွန်ဆန်ကလည်း ခေါင်းမာသည်။

"ကျုပ် ခင်ဗျားနဲ့ လိုက်ခဲ့မယ်၊ တကယ်လို့ ခင်ဗျား မူးပြီး မိုက်ခနဲ ဖြစ်သွားလျှင် ထိန်းပေးရအောင်"

မီးရထားတံတားပေါ်တွင် လမ်းလျှောက်ရသည့် အလုပ်မှာ အသည်းယားစရာ ကောင်းလှသည်။ နှစ်ဖက်စလုံးတွင် နက်ရှိုင်းသော ချောက်ကြီးများ ရှိနေသလို လရောင်အောက်တွင် လမ်းလျှောက်နေရသည့်အခါ သူ့ခြေလှမ်းများသည် ချောက်ဘက်ဆီသို့ မသိမသာ ရောက်ရောက်သွားသည်။ ပီထရီက (အောက်ကို မကြည့်ဘဲ) ရှေ့တည့်တည့်သို့ လှမ်းကြည့်သည်။ သို့သော် အခြေအနေက ပိုထူးခြားမလာချေ။ ဘယ်ဘက်သို့ ကွေ့ဝိုက်သွားသော တံတားကြီးကို လှမ်းမြင်နေရသည်ကပင်လျှင် ကျောချမ်းဖွယ် ကောင်းလှသည်။

တစ်ဖန် သူ့ရှေ့သို့ တိုးလျှောက်သည့်အခါတိုင်း တံတားကြီး မသိမသာ ယိမ်းထိုးသွားသလားဆိုတာကို သူခွဲခြား၍ မရနိုင်ပြန်ချေ။ ဂျွန်ဆန်က အောက်ဘက်သို့ လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

"ဟိုဥစ္စာကြီးကိုတော့ ကျုပ် သိပ်စိတ်မချဘူး"

အလွန်ကြီးမားသော ဗုံးကျင်းကြီးတစ်ခုသည် မျှော်စင်သဏ္ဍာန် ဆောက်လုပ်ထားသော သစ်သားတံတားတိုင်တစ်ခု၏ ခြေရင်းတွင် နီးနီးကပ်ကပ် တည်ရှိနေရာ ထိုတံတားတိုင်သည် အဘယ့်ကြောင့် မပျက်မစီး တည်ရှိ



နေနိုင်သေးသည်ကို ပီထရီတစ်ယောက် နားမလည်အောင် ဖြစ်ခဲ့ရသည်။ ပီထရီသည် တံတားပေါ်တွင် လေးဖက်ထောက်၍ ငုံ့ကြည့်လိုက်သည်။ ထိုအချိန်တွင် ရာသီဥတုသည် အလွန်အမင်း အေးမြနေလေပြီ။ နွေရာသီပင် ဖြစ်စေကာမူ စစ်စလီကျွန်းတွင် ညအချိန်၌ အလွန်အမင်း အေးသွားတတ်သည်။ သို့သော် ဤရွေ့ဤမျှ အေးမြသော ရာသီဥတုထဲမှာပင် ပီထရီ၏ လက်ဖဝါး နှစ်ဖက်သည် ချွေးပြန်လာသည်။ တံတားတိုင် ပျက်စီးသွားသလား၊ မပျက်စီးဘူး လားဆိုတာကို သူ ဆုံးဖြတ်၍ မရနိုင်ချေ။ ပီထရီက ပြောလိုက်သည်။

"ကဲ… လာ၊ ရထားဆီ ပြန်ကြမယ်"

ဆဲလ်ဗားက သူတို့ကို တောင်ကြားလမ်း အဝင်ဝတွင် လာတွေ့ဆုံသည်။ သူက စိုးရိမ်မကင်းသော လေသံဖြင့် မေးခွန်းထုတ်လိုက်သည်။

"ရထားဖြတ်မောင်းတာကို ခံနိုင်ပါ့မလား"

ပီထရီကလည်း မပြတ်မသား ဖြေသည်။

"စမ်းမကြည့်သေးခင် ဘယ်သိနိုင်ပါ့မလဲ"

သူတို့လူစု ရထားပေါ်ရှိ ကိုယ့်နေရာကိုယ် ပြန်ရောက်သည်အထိ စကားတစ်ခွန်းမျှ ထပ်မပြောမိကြတော့ချေ။ အင်ဂျင်စက်ခေါင်းထဲ ရောက်သောအခါ အက်ဒဝပ်ဂျွန်ဆန်က သူ့လက်များကို စင်ကြယ်အောင် သုတ်ပစ်လိုက်ပြီးမှ အင်ဂျင်စက်ခေါင်းထဲရှိ ကိရိယာများကို လှမ်းကိုင်ရင်း ထုတ်မေးရန် မလိုအပ်သော မေးခွန်းကို မေးသည်။

"အနေးဆုံး မောင်းရမှာပေါ့နော်"

ပီထရီက ခေါင်းညိတ်ပြရင်း အဝင်ပေါက်ဝနားတွင် နေရာယူလိုက်သည်။ မီးရထား အင်ဂျင်စက်ခေါင်းသည် တံတားကြီးပေါ်သို့ ဖြတ်မသွားလိုသည့်အလား နှစ်ပေသုံးပေခန့် ရွေ့သွားပြီးနောက် စက်သေသွားသည်။ ဂျွန်ဆန်သည် ပယ်ပယ်နယ်နယ် ဆဲရေးတိုင်းထွာလိုက်ပြီး အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းရင်း သူ့စိတ်ကို ငြိမ်အောင်ထိန်း၍ အင်ဂျင်စက်ကို ပြန်နှိုးလိုက်သည်။ မီးရထားကြီးသည် ရေနွေးငွေ့များကို အန်ထုတ်ရင်း တောင်ကြားလမ်းထဲမှ တဖြည်းဖြည်း ထွက်ခွာစပြုသည်။ ရထားဘီးများကလည်း မလိမ့်ချင် လိမ့်ချင်ဖြင့် တစ်ပတ်ချင်း လည်၍ လိမ့်စပြုသည်။

တံတားဆီ မရောက်မီ ကိုက်တစ်ရာကို ဖြည်းညင်းစွာ မောင်းသွင်းလာသည်။ ဂျွန်ဆန်သည် အောက်ဘက်မှ မြေပြင်ကို ငုံ့ကြည့်လာရာ တံတားနား ရောက်သောအခါ မူးချင်သလိုလို ဖြစ်လာသည်။ စက်ခေါင်း၏ ဘယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



အပေါက်ဝမှ ခေါင်းပြူ၍ ထွက်ကြည့်နေသော ပီထရီသည် သူ့လိုပင် ပထမတန်းတွဲထဲမှ ဘယ်ဘက်သို့ ခေါင်းပြူ၍ ထွက်ကြည့်နေသော အင်ဂျလိုနှင့် ဆဲလ်ဗားတို့၏ ခေါင်းနှစ်လုံးကို မြင်နေရသည်။ ထို့နောက် ရထားဘီးလိမ့်သံသည် အသံ ခပ်တိမ်တိမ်သို့ ပြောင်းလဲသွားပြီး ပဲ့တင်သံများ ပေါ်လာသည်။ မီးရထားလေးသည် တံတားပေါ် ရောက်သွားလေပြီ။

ရှေ့တွဲမှ ပြူထွက်နေသော ခေါင်းနှစ်လုံးသည် နက်ရှိုင်းလှသော အောက်ဘက်ကို ငုံ့ကြည့်မိကြသည်။ ထို့နောက် ဆဲလ်ဗားက ကိုယ်လက်အမူအရာဖြင့် ဘုရားသခင်ကို ရှိခိုးလိုက်သည်။ မာဖီးယား လူဆိုးဗိုလ်ကြီးက ကြောက်ရွံ့ဟန်ပြသည်ကို ပထမဦးဆုံးအကြိမ်အဖြစ် ပီထရီက မြင်ဖူးလိုက်ခြင်းဖြစ်သလို သူကိုယ်တိုင်လည်း အောက်ခြေမခိုင်တော့ဘဲ ရုတ်တရက် အားအင်များ ကုန်ခန်းသွားသလို ခံစားလိုက်ရသည်။ ကြွက်သားများမှာ မာကျောတောင့်တင်းနေသော်လည်း သူ့အသားစိုင်ကမူ ကျောက်ကျောလို ပျော့စိပျော့ဖတ် ဖြစ်သွားသည်။ ပီထရီက သူ့ကိုယ်သူ အားတင်းပြီး ပြန်ထိန်းလိုက်သည်။ ရထားတစ်စီးလုံး တံတားပေါ် ရောက်နေလေပြီ။

ချက်ချင်းလိုလိုပင် အခြေခိုင်ပုံမရသော တံတားကြီးသည် စတင်ယိမ်းထိုးစ ပြုလာသည်။ ထိုယိမ်းထိုးမှုသည် ဖြည်းညင်းစွာ လည်နေသော ရထားဘီးများမှတစ်ဆင့် ရထားတွဲ ကြမ်းပြင်အထိ ကူးစက်ရောက်ရှိလာသည်။ ပီထရီက နောက်ပြန်လှည့်ကြည့်လိုက်ရာ ခပ်တည်တည် ဖြစ်နေသော ဂျွန်ဆန်မျက်နှာထားကို တွေ့လိုက်ရသဖြင့် ချက်ချင်း မျက်နှာပြန်လွှဲလိုက်ရသည်။

မီးရထားလေးသည် တံတားအလယ်ဆီသို့ တဖြည်းဖြည်း ရောက်ရှိလာသည်နှင့်အမျှ ယိမ်းထိုးမှုမှာ ပိုဆိုးရွားလာသည်။ မီးရထားလေးသည် ကွေးနေသော တံတားအတိုင်း မောင်းနှင်ရင်း တံတားတိုင်အောက်ခြေနားတွင် ဗုံးကျင်းကြီးတစ်ခု ရှိနေရာဆီသို့ တဖြည်းဖြည်း နီးလာသည်။ သည်အချိန်သည် အဆုံးအဖြတ်ပေးမည့်ချိန် ဖြစ်သည်ဟု ပီထရီက ဆုံးဖြတ်လိုက်သည်။ ဗုံးပေါက်ကွဲသော အရှိန်ကြောင့် တံတားကိုယ်ထည်တွင် ပျက်စီးချို့ယွင်းသွားသည်ဆိုပါက ပိုသေချာအောင် ယခု မီးရထား၏ အလေးချိန်ဖြင့် ဖိပေးလိုက်ရုံသာ ရှိတော့သည်။ ရထားတွဲထဲမှ အပြင်သို့ ပြူထွက်နေသော ခေါင်းနှစ်လုံးသည် နက်ရှိုင်းလှသော အောက်ဘက်ဆီသို့ စိတ်ညှို့ခံရသလို စိုက်ကြည့်နေကြသည်။ ရထားလေးသည် ယိမ်းထိုးရင်း ရှေ့သို့ တိုးလာသည်။ ယခုလို ယိမ်းထိုးမှုသည် ထုံးစံအတိုင်း ယိမ်းထိုးခြင်းသာ ဖြစ်သည်ဟု ပီထရီက သူ့ကိုယ်သူ အားပေး



လိုက်သည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီက ပီထရီသည် ဆွစ်ဇာလန်၌ ယခုလို မီးရထားတံတားပေါ်တွင် ဖြတ်စီးခဲ့ရဖူးရာ ရထားတစ်စီးလုံး တုန်ခါနေသည်ကို သူ တွေ့ကြုံခဲ့ရဖူးသည်။ သို့သော် အင်ဂျင်နီယာ အတတ်ပညာတွင် စစ်စလီကျွန်းသားများသည် ဆွစ်လူမျိုးလို လေးစားခံရသူများ ဟုတ်မည် မထင်။

"ဘယ်နေရာလောက်…"

အက်ဒဝပ်ဂျွန်ဆန်သည် စကားပြောရင်း အသံကပ်သွားသဖြင့် ချောင်းတစ်ချက် ဟန့်လိုက်ပြီး…

"ဘယ်နေရာလောက် ရောက်ပြီလဲ"

ဟု ယုံကြည်စိတ်ချမှု အပြည့်အဝ ရှိဟန်ဖြင့် မေးလိုက်သည်။

"လေးပုံတစ်ပုံလောက်ပဲ ရှိသေးတယ်"

ဂျွန်ဆန်တစ်ယောက် စိတ်ပျက်သွားကြောင်း သိရန် သူ့မျက်နှာကို လှမ်းကြည့်ဖို့ မလိုချေ။ သူ့စိတ်ထဲတွင် တံတားကြီးကို တော်တော်များများ ကျော်ဖြတ်ပြီးပြီဟု ထင်နေရှာသည်။ ဗုံးကျင်းကြီး ရှိရာ တည့်တည့် အပေါ်လောက်သို့ ရောက်သောအခါ ယိမ်းထိုးမှုက ပိုများလာသည်။ တစ်ဖန် ရထားပေါ်တွင် မကြာသေးမီက ပီထရီ ခံစားခဲ့ရမှုနှင့်မတူ။ တစ်မူ ကွဲပြားနေသည်။ ရထားသည် ဘယ်ညာယိမ်းထိုးရမည့်အစား အောက်ဘက်တွင် မာကျောသော မြေကြီး အခုအခံ မရှိသောကြောင့် ဟန်ချက် ပျက်သွားသလို နိမ့်ကျသွားလိုက်၊ မြင့်တက်သွားလိုက် ဖြစ်နေသည်။ မီးရထားသည် တံတားအလယ်ဆီသို့ ရောက်လာသောအခါ ပီထရီသည် ချောင်းကောအောက်ခြေ၏ မျက်နှာပြင်ကို ပို ထင်ထင်ရှားရှား မြင်လာရသည်။ တကယ်ကတော့ သူ့စိတ်ကို ကြည်နူးစေသည့် မြင်ကွင်းတော့ မဟုတ်ချေ။

လရောင်အောက်တွင် ပုံပျက်ပန်းပျက်ဖြစ်နေသော တံတားတိုင်များ၏ အရိပ်မည်းကြီးများသည် ကြောက်စရာကောင်းလောက်အောင် ရွဲ့စောင်းနေရာ ရထား၏ အလေးချိန်ကြောင့် တံတားကြီး လုံးဝပြိုကျမသွားမီ ဘေးတစ်ဖက်ဆီသို့ တဖြည်းဖြည်း စောင်းအိကျသွားသလို ရှိနေသည်။ ထို့နောက် သူ့နဖူးပြင်ပေါ်တွင် ချက်ချင်း ချွေးပြန်လာစေမည့် ပန္နည်းတစ်ခုကို မြင်လိုက်ရသည်။ နဖူးပေါ်တွင် ပေါ်ထွက်လာသော ချွေးမှာ များပြားလှသဖြင့် လက်ဖဝါးဖြင့် သုတ်လိုက်ရာ လက်ဖဝါးတစ်ခုလုံး ရွှဲရွဲစိုသွားသည်။ တံတား၏ အလယ်ဗဟိုလောက်နှင့် ဟိုဘက်ချောင်းကမ်းပါးစွန်းသို့ မရောက်မီစပ်ကြား အလယ်လောက်၌ တံတား

www.burmeseclassic.com



အောက်ဘက်ရှိ တံတားတိုင်တစ်တိုင်တွင် သစ်သားများ ကျိုးပဲ့ပျက်စီးနေသည်ကို တွေ့လိုက်ရသည်။

ထိုတိုင်မှ သစ်သားများ အဘယ့်ကြောင့် ကျိုးပဲ့သွားရသည်ကို သူ သိလိုက်သည်။ ထိုတံတားတိုင်ကို လာမှန်သော ပစ္စည်းသည် တံတားတိုင် အောက်ခြေနားတွင် တုံးလုံးကြီး ရှိနေသောကြောင့်ပင်။ သူစိတ်ထဲမှ ရေကြည့်ခဲ့စဉ်က ဗုံးအလုံးနှစ်ဆယ်ဟု ထင်ခဲ့သည်။ ယခုမူ နှစ်ဆယ့်တစ်လုံး ဖြစ်နေလေပြီ။ ဒါမှမဟုတ် နှစ်ဆယ့်ငါးလုံးလည်း ဖြစ်နိုင်သေးသည်။ ဗုံးကြဲချစဉ် ထိတ်ထိတ်လန့်လန့်ဖြင့် ရေရသဖြင့် မှားယွင်းနိုင်သည်သာ။

သို့သော် သူ ရေထားသည်ထက် အနည်းဆုံး တစ်လုံး ပိုသည်ဆိုတာတော့ သေချာသည်။ ယခု လရောင်အောက်တွင် တုံးလုံးကြီး ဖြစ်နေသောကြောက်စရာကောင်းလှသည့် ဗုံးကြီးကို စိုက်ကြည့်နေမိသည် မဟုတ်ပါလား။ သည်ဗုံးသည် မပေါက်ကွဲဘဲ စနက်တံ ချို့ယွင်းသွားသော ဗုံးဖြစ်နိုင်သလို အချိန်အတော်ကလေးကြာမှ ထပေါက်ကွဲအောင် စီစဉ်ထားပြီး မကြာခင် ထပေါက်တော့မည့် ဗုံးမျိုးလည်း ဖြစ်နိုင်သည်။ သူက နှုတ်ခမ်းကို လျှာဖြင့် အသာလျက်ရင်း နောက်လှည့်ကြည့်လိုက်ရာ သူ့ကို စိုက်ကြည့်နေသော ဂျွန်ဆန်ကို မြင်လိုက်ရသဖြင့် မျက်စတစ်ဖက် ပစ်ပြပြီး ဘာမျှမပြောဘဲ မျက်နှာပြန်လွှဲလိုက်သည်။

အောက်တွင် ရှိနေသော ဗုံးသည် အခြားသော ဗုံးများထက် တံတားတိုင် အောက်ခြေနှင့် ပိုနီးသည်။ အကယ်၍သာ ထိုဗုံးကြီးသည် တစ်စက္ကန့်နှစ်စက္ကန့် ထပေါက်ခဲ့သော် တံတားတိုင်တစ်ခုလုံးကို ပြိုကျပျက်စီးသွားစေမည်မှာ သေချာသည်။ သို့သော် အံ့ဩဖွယ်ရာကောင်းလောက်အောင် အင်ဂျလိုနှင့် ဆဲလ်ဗားတို့ နှစ်ဦး ထိုဗုံးကြီးကို သတိပြုမိပုံမပေါ်။ သူတို့သည် အောက်ဘက်သို့ ငုံ့ကြည့်နေပုံ မရချေ။ ဒါမှမဟုတ် ထူပူနေသောကြောင့် သတိမထားမိကြတာလည်း ဖြစ်နိုင်သည်။ ထိုဗုံးနှင့် နီးလာသောအခါ ပီထရီသည် အမြင်ကတ်စရာကောင်းလှသည့် ထိုဗုံးကြီးကို စိတ်ညို့ခံရသူတစ်ဦးပမာ စိုက်ကြည့်နေမိသည်။ ရထား၏ တုန်ခါမှုသည် ဗုံးနားတွင်ရှိသော တံတားတိုင်ခြေရင်းကို တုန်ခါစေလိမ့်မည်။ ထိုတုန်ခါမှုသည် ချောင်းကော၏ အောက်ခြေ မြေပြင်မှ တစ်ဆင့် ဗုံးရှိရာသို့ ကူးစက်ရောက်ရှိ သွားပြီး စနက်တံ ချို့ယွင်းသွားသော ထိုဗုံးကြီး ထပေါက်အောင် စနက်တံကို အသက်သွင်းပေးလိုက်သလိုလည်း ဖြစ်နိုင်သည်။



ပီထရီသည် တံခါးသံပေါင်ပေါ်တွင် တံတောင်ဆစ် နှစ်ဖက်ဖြင့် ထောက်ရင်း ဆေးပြင်းလိပ်ကြီး ပုံသဏ္ဌာန်ရှိနေသော ဗုံးကြီးပေါ်မှ မီးရထား ကျော်ဖြတ်သွားစဉ် ငုံ့ကြည့်နေမိသည်။ ထို့နောက် ရှေ့ဘက်သို့ မျှော်ကြည့်လိုက်ရာ သူ့ဘက်သို့ ပြန်ကြည့်နေသော ခေါင်းနှစ်လုံးကို မြင်လိုက်ရသည်။ ဩော်… သူတို့နှစ်ယောက်လည်း သည်ဗုံးကြီးကို မြင်သွားကြပြီကိုး။ ဂျွန်ဆန်တစ်ယောက်သာလျှင် တံတားအောက်ဘက်၌ ဘာရှိနေသည်ကို မသိသဖြင့် စိတ်ချမ်းသာစွာ ရထားစီးရသူ ဖြစ်နေသည်။ ထိုမီးရထားသည် နောက်ထပ် နာရီပေါင်းများစွာ ကြာသည်ဟု ထင်ရအောင် တံတားပေါ်တွင် ကျော်ဖြတ်မောင်းနှင်နေရပြီးနောက် ရထားဘီးသံသည် မာကျောသော မြေကြီးပေါ်တွင် မောင်းနှင်နေရသလို ပြန်ပြောင်းလဲလာသည်။ သူတို့လူစု တံတားပေါ်မှ လွန်လာခဲ့လေပြီ။

ပီထရီသည် ကိုယ်ကို မတ်မတ် ပြန်ရပ်လိုက်သည်။ သို့သော် သံပေါင်ပေါ် တင်ထားသော တံတောင်ဆစ် နှစ်ဖက်မှာ တောင့်တင်းနေသောကြောင့် ရုတ်တရက် ပြန်ဆန့်၍ မရဘဲ ရှိနေသည်။ သူသည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီးနောက် တံတောင်ဆစ်ကို ခါထုတ်လိုက်ရာ ဂျွတ်ခနဲ မြည်သွားပြီး မှ ပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။ သူက အော်ပြောလိုက်သည်။

“အက်ဒဝပ်ရေ… အရှိန်ရအောင် လုပ်တော့ဟေ့! တို့တောင်တက်လမ်းနဲ့ ပြန်တွေ့ရပြန်ပြီ၊ တကယ်လို့ ဟိုရထားအရင် မီးရထားလမ်းခွဲရှိရာကို မရောက်လျှင် တို့တစ်တွေ မာလက ကြွက်ဒုက္ခကြလိမ့်မယ်ဟေ့”

□

မီးရထားသည် အတော်ကလေး မတ်စောက်သော အတက်လမ်းအတိုင်း စမောင်းတက်စဉ် လမ်းခွဲရှိရာကို ညွှန်ပြနိုင်မည့် ‘ရေကန်’ ကို ပီထရီက စောင့်ကြည့်နေသည်။ ထိုရေကန်သည် တောင်တက်လမ်း အနားတွင်တော့ ရှိမှာ မဟုတ်။ သို့သော် မြေပုံအရဆိုလျှင် တောင်ထိပ်သို့ ရောက်သောအခါ တွေ့နိုင်လိမ့်မည်ဟု ယူဆသည်။ ဆိုးတာတစ်ခုကတော့ မြေပုံပေါ်တွင် ရေကန်ကို လည်းကောင်း၊ လမ်းခွဲကိုသော် လည်းကောင်း ဖော်ပြမထားခြင်းပင်။

ယခု သူ စိတ်ပူနေသည်မှာ အချိန်တွေ အလဟဿ ပုပ်ကုန်ခဲ့ရသည်ကိစ္စပင်တည်း။ သူတို့သည် ဗုံးကြဲမှု ရပ်ဆိုင်းသွားသည်အထိ တောင်ကြားလမ်းကလေးထဲတွင် စောင့်နေခဲ့ကြရသည်။ ဥမင်လိုဏ်ခေါင်းထဲမှ စထွက်သည်က

www.burmeseclassic.com



စ၍ တောင်ဆင်းလမ်းအတိုင်း မည်မျှပင် အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်လာခဲ့စေကာမူ တောင်ကြားလမ်းထဲတွင် စောင့်ဆိုင်းနေခဲ့ရသော အချိန်နှင့် ထေမှ ထေမိပါ့မလား။ အကယ်၍သာ မထေမိခဲ့သော် အင်နာမှ လာသော ရထားနှင့် ခေါင်းချင်းဆိုင်တိုက်ဖို့သာ ရှိတော့သည်။

မီးရထားလေးသည် တောင်တက်လမ်းအတိုင်း တိတ်တိတ်ဆိတ်ဆိတ် မောင်းနှင်လျက် ရှိသည်။ ငြိမ်းချမ်းသော ပတ်ဝန်းကျင် အနေအထားအရ စစ်ဘေး စစ်ရန် ရှိနေသည်ဆိုသည်မှာ ယုံနိုင်ဖွယ်ပင် မရှိချေ။ ထို့ကြောင့် မီးရထား တံတားကြီးကို ဖုံးလာကြသွားသည့် ကိစ္စမှာ ထမင်းလုံးတစ္ဆေခြောက်သည့်နှယ်သာတည်း။ တစ်ဖန် ညဦးပိုင်းနက်လာသည်နှင့်အမျှ အမြင့်ပိုင်းသို့ ရောက်ရှိလာလေလေ၊ အအေးဓာတ်က ပိုဆိုးရွားလာလေလေဖြစ်ရာ သူတို့လူစု ယခု ဝတ်ဆင်ထားသော ဂျာကင်အင်္ကျီများသည် အအေးဓာတ်ကို မကာကွယ်နိုင်တော့ချေ။ မာစီးဒီးကားထဲတွင် ထားခဲ့သော ကုတ်အင်္ကျီများကိုသာ ယူခဲ့မိလျှင် ပိုအဆင်ပြေမည်ဟု ပီထရီက တွေးလိုက်မိသည်။ ထိုအချိန်တွင် တောင်တက်လမ်းသည် ယခင်ကထက် ပို 'ပြေ'လာသလို ရထားကလည်း ပိုမြန်လာသည်။

မီးရထားသည် ညာဘက်တွင် ရှိသော မတ်စောက်လှသည့် ချောက်ကမ်းပါးကြီးကို ကျော်လွန်လာပြီးနောက် တောင်ထိပ်လွင်ပြင်ပေါ်သို့ ရောက်လာလေပြီ။ သို့သော် မြေညီသဖြင့် မြင့်မားသောနေရာသို့ ရောက်နေကြောင်း ရုတ်တရက် မသိနိုင်။ မီးရထားသည် ကျောက်တုံးကျောက်ခဲများ ထူထပ်သော လွင်ပြင်ထဲတွင် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လျက်ရှိသည်။ ဤကိစ္စမှာ ပီထရီက အဆိုးအကောင်း ချိန်ဆ၍ စွန့်စွန့်စားစား ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်ခြင်းသာ ဖြစ်သည်။ အရှိန်မြန်မြန်ဖြင့် မောင်းနှင်လာသောကြောင့် လမ်းခွဲကလေးရှိရာသို့ အချိန်တိုတိုဖြင့် ရောက်နိုင်ပေမည်။ သို့သော် အင်မတန် အရေးကြီးသော ရေကန်ကို မမြင်ဘဲ မျက်စိရှမ်းပြီး ကျော်ထွက်သွားဖို့ကလည်း ယခင်ကထက် အခွင့်အရေး ပိုများလာသည်။

မြေကြီးပေါ်တွင် တဖြည်းဖြည်းနှင့် ကျောက်ခဲများ နည်းသွားသည်။ ထို့နောက် ခြောက်သယောင်းပြီး ပတ်ကြားအက်များ တမျှော်တခေါ် ရှိနေသော မြေပြင်ကို စတွေ့လာရပြီးနောက် ရွံ့နွံထဲတွင် ကိုင်းကျနေသော မြက်ပင်များကို ပီထရီက စမြင်လိုက်သည်။ မြတ်စွာဘုရား··· ဒါသူတို့ ရှာနေသော ရေကန်ပါ



ကလား။ နေရောင်ခြည်ကြောင့် ရေတွေ ခြောက်ခန်းသွားပြီး ကန္တာရသဖွယ် ဖြစ်နေခြင်းသာတည်း။ သူက ဂျွန်ဆန်ကို အော်ပြောလိုက်သည်။

"အရှိန်လျှော့တော့ဟေ့!"

စက္ကန့်ပိုင်းအတွင်းမှာပင် ရထားလမ်းလွှဲသော မောင်းတံကို လှမ်းမြင်လိုက်ရသည်။

"ရပ်တော့ဟေ့!"

အက်ဒဝပ်ဂျွန်ဆန်က ဘရိတ်ဖမ်းလိုက်စဉ် ပီထရီသည် ရထားပေါ်မှ ခုန်ချပြီး မောင်းတံဆီသို့ အပြေးအလွှားသွားသည်။ ထိုအခိုက်မှာပင် ခပ်ဝေးဝေးမှ မီးရထားဥဩသံကို ကြားလိုက်ရသည်။ မျက်နှာချင်းဆိုင် အရပ်ဆီမှ လာနေသော ရထားသည် သူတို့နှင့် မလှမ်းမကမ်းသို့ ရောက်နေလေပြီ။ သူက မောင်းတံကို တအားဆွဲလိုက်သည်။ သို့သော် မောင်းတံက တုတ်တုတ်မျှ မလှုပ်ချေ။ သူ့လက်ကလည်း ချဲကျိုကျို ဖြစ်နေသလို ကြွက်သားစိုင်များကလည်း အားမရှိသလို ဖြစ်နေသည်။ ထိုအချိန်တွင် ဥဩဆွဲသံကို ထပ်ကြားရပြန်သည်။ သည်တစ်ကြိမ်တွင်မူ အသံပိုကျယ်သည်။ ဤတွင် သူက မောင်းတံလက်ကိုင်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လိုက်ပြီးနောက် သူ့တွင် ရှိသမျှ ခွန်အားဖြင့် တအားဆွဲလိုက်သည်။ မောင်းတံသည် သူ့ဘက်သို့ ယိုင်လာသဖြင့် သူက နောက်ထပ် မရွေ့တော့သည်အထိ ထပ်ဆွဲလိုက်သည်။

"အက်ဒဝပ်ရေ···မောင်းတော့ဟေ့"

သို့သော် ရထားက သူ့စကားမဆုံးခင် ရွေ့လျားစပြုပြီး လမ်းခွဲထဲသို့ မောင်းဝင်သွားသည်။ ရထားလေးသည် သံလမ်းမကြီးပေါ်မှ ခွဲထွက်ပြီး လမ်းခွဲကလေးထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပီထရီက မောင်းတံကို တအားပြန်တွန်းသည်။ ဤတစ်ကြိမ်တွင်မူ အခက်အခဲ မရှိတော့ချေ။ ပီထရီသည် သံလမ်းမကြီးကို ယခင်ပုံစံအတိုင်းရှိအောင် ပြန်လမ်းဖြောင့်ပေးပြီးသောအခါ လမ်းခွဲကလေးအတိုင်း ပြေးလိုက်သွားပြီး ရထားတွဲပေါ်သို့ သံလက်ရန်းတန်းကိုဆွဲ၍ ကမန်းကတန်း တက်လိုက်သည်။ ဤအချိန်တွင် ရထားဥဩသံသည် သူ့နားထဲသို့ စူးစူးရှရှ တိုးဝင်လာသည်။ ပီထရီသည် တွဲတံခါးကို တွန်းဖွင့်ပြီး တွဲထဲသို့ ကပျာကယာ ဝင်လိုက်သည်။ တွဲတံခါးကလည်း သူ့အလိုလို ပြန်ပိတ်သွားသည်။ ထို့နောက် အသက်ရှူ ပြန်မှန်လာအောင် ကြိုးစား၍ ထိန်းရင်း တွဲတံခါးကို အနည်းငယ် ပြန်ဟလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပီထရီသည် အနည်းငယ် ဟထားသော တွဲတံခါးကြားမှ အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းသွားသော အင်နာမှလာသည့် ရထားကို မြင်လိုက်ရ၏။ အင်ဂျင်စက် ခေါင်းထဲတွင်လည်း ဂျွန်ဆန်က သူ့ကို သဲသဲကွဲကွဲ မြင်မသွားအောင် မီးဖိုဆီသို့ မျက်နှာမူရင်း ကုန်းကုန်းကွကွ လုပ်နေသည်။ ယခုလိုကြိုတင်ကာကွယ်မှု ယူထားကြသော်လည်း တွဲလေးတွဲစလုံး မှောင်မည်းနေသော တစ်ဖက် ရထားသည် အရှိန်ပြင်းစွာဖြင့် ဖြတ်သန်းမောင်းနှင်သွားရာ သူတို့ မီးရထားကိုပင်လျှင် သိမ့်သိမ့်တုန်သွားစေသည်။

ထိုရထား ဝေးကွာသွားသောအခါ ပီထရီသည် လမ်းလွှဲမောင်းတံရှိရာဆီသို့ နောက်တစ်ခေါက် ပြေးရပြန်သည်။ ပီထရီတစ်ယောက် ခေါင်းတွဲပေါ် ပြန်တက်လာသောအခါ အက်ဒဝပ်ဂျွန်ဆန်က စီးကရက်တစ်လိပ် လှမ်းပေးသည်။ သို့သော် ပီထရီက ခေါင်းခါပြလိုက်ပြီး သံလက်ရန်းတန်းကိုသာ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ သီသီကလေး ကပ်လွတ်ခဲ့ရသောကြောင့် ပီထရီ့ ဦးနှောက်သည် ထုံထိုင်းအုံ့မှိုင်းပြီး ငြီးစီစီကြီး ဖြစ်နေသည်။ ပီထရီက ပြောလိုက်သည်။

"ကဲ…! အက်ဒဝပ်ရေ…လမ်းရှင်းသွားပြီဟေ့၊ ဆာလာမှာရှိတဲ့ သယ်ပို့စခန်းရောက်အောင် အမြန်ဆုံး မောင်းပေတော့"

❏ ❏ ❏

# တစ်ဆယ်

သောကြာနေ့ ည ၈ နာရီခွဲမှ ၉ နာရီ

ရထားတွဲများသည် တစ်တွဲနှင့်တစ်တွဲ တွန်းတိုးဆောင့်ဆွဲရင်း နောက်ဆုံးတွင် ရထားတစ်စီးလုံး ရပ်သွားသည်။ ပီထရီ၏ ညွှန်ကြားချက်အရ ဂျွန်ဆန်သည် ရထားလမ်းနှင့် ကားလမ်းဆုံရာ၌ ရထားကို ကားလမ်းပေါ်တွင် ကန့်လန့်ရပ်လိုက်ခြင်း ဖြစ်သည်။ ထိုကားလမ်းမှာ ဂျာမန်သယ်ပို့စခန်းသို့ သွားသောကားလမ်း ဖြစ်သည်။ သူတို့လူစုသည် လွန်ခဲ့သော ဆယ်မိနစ်ခန့်က စ၍ ထိုရထားလမ်းဆုံနှင့် မလှမ်းမကမ်းရှိ ချောင်းကောကလေးထဲတွင် ရထားကို ကွယ်ရပ်ထားပြီး နှစ်ဖာလုံခန့် ဝေးသော ဂျာမန်သယ်ပို့စခန်းဆီမှ ဂျာမန်ထရပ်ကားတစ်စီးစီး မောင်းနှင်လာပါစေဟု ဆုတောင်းရင်း ပုန်းအောင်းစောင့်ဆိုင်းနေခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ယခုအချိန်တွင် ကားတစ်စီးတော့ လာနေလေပြီ။

ရထား၏ ရှေ့ဆုံးတွဲ 'ကပြင်' မှ လှမ်းကြည့်သော် ရထားလမ်းဘေးရှိ ဇရာမ ကျောက်တုံးကြီးတစ်တုံးနှင့် ဝင်တိုက်မိပြီး စက်ခေါင်း ကြေမွသွားသည့်အထိ ပျက်စီးနေသော ဂျာမန်ထရပ်ကားတစ်စီးကို မြင်နေရသည်။ ပီထရီက ဂျွန်ဆန်ကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်ငတိ၊ ဘီးချော်သွားတာ ဖြစ်ရမယ်၊ ဒရိုင်ဘာလုပ်တဲ့လူ ရှေ့လေကာမှန်ကွဲအောင် ဆောင့်မိပြီး အပြင်ကို လွင့်စဉ်သွားတာသာ ကြည့်ပေတော့၊ ကဲ··· အဲဒီလူနာတင်ကား သည်ဘက်ကို ဆက်မောင်းလာပါစေလို့ ဆုတောင်းရတော့မှာပဲ"

အီတာလျံစစ်တပ်မှ လူနာတင် ကားတစ်စီးသည် တောင်ကုန်းကလေးပေါ်မှ အဆင်းလမ်းအတိုင်း မီးရထားလမ်းနှင့် ကားလမ်းဆုံရာ မြေညီဆီသို့ မနှေးမမြန် အရှိန်နှုန်းဖြင့် မောင်းနှင်လာသည်။ ယာဉ်မောင်းသူ စိတ်ထဲတွင် သူ့ကားကို လမ်းဆုံ၌ ကန့်လန့်ဖြတ် ရပ်ထားသော မီးရထားသည် ပြန်မောင်းထွက်သွားလိမ့်မည်ဟု ထင်လာဟန် ရှိသည်။ ထိုကားသည် ခပ်လှမ်းလှမ်း၌ ရှိနေသေးပြီး လရောင်ကြောင့် အဖြူရောင် သုတ်ထားသော ကားကိုယ်ထည်ကို ထင်းထင်းကြီး မြင်နေရသည်။ အရှေ့ပေါ် ဥသြဆွဲ မလာသောကြောင့် ရေးကြီးသုတ်ပျာ ဖြစ်လာပုံတော့မရဟု ပီထရီက တွေးလိုက်သည်။

ပီထရီက ဆဲလ်ဗားအား ရထားတွဲနောက်တွင် ပုန်းနေစေရန်၊ အင်ဂျလိုကမူ ခပ်လှမ်းလှမ်း လမ်းဘေးတစ်နေရာရှိ ကျောက်ကမ်းပါးစွန်း နောက်ဘက်တွင် ပုန်းနေစေရန်နှင့် ဂျွန်ဆန်ကိုမူ ပျက်စီးနေသော ထရပ်ကားနောက်တွင် သွားပုန်းနေစေရန် ဆက်တိုက် ညွှန်ကြားလိုက်သည်။ သို့သော် အက်ဒဝပ် ဂျွန်ဆန်က ထကန့်ကွက်သည်။

"အဲဒီကားထဲမှာ လေကြောင်းက တိုက်ခိုက်မှုကြောင့် ဒဏ်ရာရလာတဲ့ လူတွေ ပါလာနိုင်တယ်"

"သည်မှာ အက်ဒဝပ်၊ လူနာတွေ ပါလာလျှင် သည်ကားကို ဆက်မောင်းခိုင်းလိုက်မှာပေါ့၊ ဒါပေမဲ့ ဥသြဆွဲလာတာ မဟုတ်တော့ မပါဘူးလို့ ငါ ထင်တယ်၊ တကယ်လို့ ကားထဲမှာ လူနာတွေ ပါလာလျှင် ငွေလိုချင်လို့ မားပြတိုက်တဲ့ အနုကြမ်းသမားယောင်ဆောင်ပြီး ဆက်မောင်းခိုင်းလိုက်ရုံပဲ"

"ဒါပေမဲ့ အထဲမှာ လူနာ မပါဘူးဆိုလျှင်ကော"

"ဒါဆိုလျှင် ဖမ်းဆွဲလိုက်ရုံပေါ့"

သို့သော် သံသယ ဖြစ်နေသေးပုံရသော အက်ဒဝပ်ဂျွန်ဆန်၏ မျက်နှာထားကြောင့် ဆက်ပြောရပြန်သည်။

"သည်မှာ အက်ဒဝပ်၊ ငါရထားပေါ်မှာတုန်းက မက်ဆီနာကို ဘယ်လိုရောက်အောင် သွားရမလဲဆိုတာ တစ်ချိန်လုံး တွေးလာတယ်၊ တို့



အတွက် ဘယ်စစ်ဆေးရေးဂိတ်မှာမဆို အစစ်အဆေးမခံရဘဲ ကမ်းနားလမ်းအတိုင်း ခပ်မြန်မြန်မောင်းနိုင်မယ့် ကားတစ်စီးရဖို့ လိုတယ်"

"သည်အလုပ်မျိုးဟာ စစ်ဆင်ရေးကာလမှာတောင် မလုပ်သင့် မလုပ်ထိုက်တဲ့ ကိစ္စဘဲ"

ပီထရီ့ တစ်ကိုယ်လုံး တောင့်တင်းအေးစက်သွားသည်။

"ဒါဆိုလျှင် ဒဏ်ရာရလာတဲ့ စစ်သားတွေ တင်လာတဲ့ ဆေးရုံသင်္ဘောကြီးကို မြှုပ်ပစ်တာမျိုးလည်း ပါတာပေါ့၊ အဲဒီ ဂျာမန်စတူကာ လေယာဉ်ပျံတွေက ဂရိစ်နိုင်ငံမှာ လုပ်ခဲ့တာ၊ အဲဒါကို ငါကိုယ်တိုင် မြင်ခဲ့ရလို့ သိတာကွ၊ အခု တို့ကတော့ သည်မော်တော်ကားကို မက်ဆီနာတစ်ဝိုက်မှာ တင်းကျမ်းပြည့်ရှိနေတဲ့ ဂျာမန်စစ်တပ်တွေ လက်ထဲက လွတ်အောင် အငှားကားအနေနဲ့ပဲ သုံးမှာပါ"

ပီထရီက ဆဲလ်ဗားကို လှမ်းကြည့်လိုက်သည်။

"နောက်တစ်ချက်ကလည်း ပစ်လားခတ်လား မဖြစ်ဖို့ သိပ်အရေးကြီးတယ်"

ဂျွန်ဆန်ကလည်း ကြွပ်ဆတ်ဆတ် ထပ်ပြောပြန်သည်။

"သူတို့ဆီမှာ သေနတ်တောင် ပါလာမှာ မဟုတ်ဘူး"

ပီထရီက ထပ်ပြောသည်။

"ဒါဖြင့်လျှင် ပစ်လားခတ်လား လုပ်စရာ မလိုတော့ဘူးပေါ့၊ ဒါပေမဲ့ မင်း ဂရုစိုက်ကြည့်စမ်းပါ အက်ဒဝပ်ရာ၊ သည်မော်တော်ကားဟာ မင်းထင်သလို ရိုးရိုးသားသား လူနာတင်ကားလည်း ဟုတ်ချင်မှဟုတ်မှာ"

သူတို့လူစုသည် မမြင်အောင် ပုန်းကွယ်ရင်း စောင့်နေကြသည်။ ယခု အချိန်တွင် လူနာတင်ကားမောင်းသူ စိတ်ထဲတွင် လမ်းပေါ်၌ ကန့်လန့်ကြီး ရပ်ထားသော မီးရထားက အချိန်မီ ဖယ်ပေးလိမ့်မည်ဟု သိပ်မထင်ရဲတော့ချေ။ လမ်းဆုံးနှင့် ကိုက်သုံးရာခန့်သို့ ရောက်သောအခါ လမ်းဘေးတွင် ထိုးကျသွားပြီး ပျက်စီးနေသော စစ်တပ်မှ ထရပ်ကားကို မြင်သွားသဖြင့် အရှိန်ကို လျှော့ချလိုက်သည်။ ထို့နောက် ထိုကားဆီ ရောက်အောင် လမ်းဘေးသို့ ထိုးဆင်းပြီး မောင်းချလာသည်။ သို့သော် ကားကို မရပ်ဘဲ ကားခေါင်းကို ပြန်ကွေ့ပြီး လမ်းမဆီသို့ ပြန်မောင်းလေတော့သည်။

ပီထရီသည် ကားပြန်ကွေ့နေသည်ကို အာရုံစိုက်၍ လှမ်းကြည့်နေပြီးနောက် ရထားတွဲနောက်တွင် ဝပ်နေသော ဆဲလ်ဗားဆီသို့ တစ်လှည့်၊ ဂျွန်ဆန်

www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေရာ ထရပ်ကားဆီသို့ တစ်လှည့် လှမ်းကြည့်သည်။ ဤအမှုအခင်း ဖြစ်ပွားသည့် နေရာတစ်ဝိုက်တွင် လူတစ်ဦးတစ်ယောက်မျှ ရှိပုံမရသောကြောင့် စိတ်ချောက်ချားဖွယ် ဖြစ်နေသည်သာမက ရပ်ထားသော မီးရထားနှင့် ထရပ်ကား အကြားတွင် ဆိုးဆိုးရွားရွား ကိစ္စတစ်ခုခု ဖြစ်သွားခဲ့သလိုလို ထင်ယောင် ထင်မှား ဖြစ်စဖွယ် ဖြစ်နေရာ လူနာတင်ကားမှ ဒရိုင်ဘာ အူကြောင်ကြောင် ဖြစ်သွားသည်ကို အပြစ်ဆိုဖွယ် မရှိချေ။ သို့သော် သူ့လုပ်ပုံကိုင်ပုံက နည်းနည်း တော့ ဆန်းသည်။ လူနာတင်ကားသည် မီးရထားဆီသို့ ဦးတည်ပြီး ခပ်ဖြည်းဖြည်း မောင်းဆင်းလာသည်။ လူနာတင်ကားမှ ရှေ့မီးရောင်တန်းကြီး နှစ်ခုသည် ရထားတွဲများပေါ်သို့ တည့်တည့်ကြီး ကျရောက်နေရာ ထိုမီးရောင်တန်းကြီး ပွင့်နေသော ပြတင်းပေါက်များမှ ဖြတ်၍ တွဲ၏ တခြားတစ်ဖက်သို့ပင် ဖောက် ထွက်သွားသည်။ ထို့ကြောင့် တွဲထဲတွင် လူမရှိကြောင်း ပိုထင်ရှားစေသည်။ မီးရထားနှင့် ကိုက်နှစ်ဆယ်ခန့် အကွာအဝေးသို့ ရောက်သောအခါ လူနာတင် ကားသည် စက်မသတ်ဘဲ ရပ်တန့်လိုက်သည်။ ဤတွင် ပီထရီ အနည်းငယ် လန့်သွားသည်။ အကယ်၍သာ ယာဉ်မောင်းသူသည် ကားကို ပြန်ကွေ့ပြီး သူ့လာလမ်းဆီသို့ ပြန်မောင်းထွက်သွားမည် ဆိုလျှင် သေနတ်နှင့် ပစ်ခတ်၍ တားရတော့မှာ သိပ်သေချာသွားလေပြီ။ ပီထရီ လေးဘက်ထောက်၍ ဝပ်နေရာ ကပြင်ပေါ်မှ လှမ်းကြည့်လျှင် လူနာတင်ယာဉ်၏ ခေါင်မိုးပေါ်၌ ကောင်းကင် ကြိုးတိုင်တစ်ခု ရှိပြီး အဆိုပါ ကောင်းကင်ကြိုးတိုင် ဘေးတွင် အလွန်ကြီးမား သော လေဝင်လေထွက်ပေါက်တစ်ခု ရှိနေသည်။ သည်မော်တော်ယာဉ်နှင့် ပတ်သက်၍ တစ်ခုခုများ ထူးခြားနေသလား မသိ။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသူ ယာဉ်မောင်းသည် ခေါင်းကို သမင်လည်ပြန်လှည့်ရင်း နောက်ဘက်ရှိ တစ်ယောက်ယောက်နှင့် လှမ်းစကား ပြောနေသည်။ တကယ်လို့ ဒရိုင်ဘာ အပြင်ထွက်လာဦးမည် ဆိုပါက သူ အပြင် ထွက်လာပြီး စုံစမ်းသည်အထိ စောင့်နေကြရမည်သာ။ မိနစ်ပေါင်းများစွာ ကုန်လွန်သွားသည်။ ပီထရီ့ ဦးနှောက်ထဲတွင်လည်း တစ်ခုခုတော့ တစ်ခုခုပဲဟု သံသယဝင်လာသည်။ ဒရိုင်ဘာ ထိုင်နေသည့် နေရာကဆိုလျှင် ထရပ်ကား အခြေအနေကို ကောင်းကောင်းကြီး မြင်နိုင်လောက်သည်။ ထုံးစံအတိုင်းသာ ဆိုလျှင် သူသည် ကားထဲက ချက်ချင်းထွက်လာပြီး ဘာဖြစ်သလဲဆိုတာကို စုံစမ်းရမည်သာ။ ပီထရီ့ ဦးနှောက်ထဲရှိ သံသယအစိုင်အခဲသည် ပိုကြီးမားလာ သည်။ သူက ကားပြန်ပေးဆွဲသည့် ကိစ္စကိုပင် စစ်ဆင်ရေးတစ်ရပ်လို စနစ်



တကျ လုပ်ခဲ့မိတာ ပိုကောင်းသွားသည်ဟု တွေးနေမိသည်။ သူ့ဘေးနားတွင် ရှိနေသော ဆဲလ်ဗားသည် ခြောက်လုံးပြူးကို ဘေးနားတွင် ချထားလိုက်ပြီး လက်ဖဝါး ခြောက်သွားအောင် ဘောင်းဘီစဖြင့် ပွတ်တိုက်၍ သုတ်လိုက်ပြီးမှ ခြောက်လုံးပြူးကို ပြန်ကောက်ကိုင်လိုက်သည်။ ဆဲလ်ဗား၏ မျက်နှာထားမှာ အထူးတည်ငြိမ်နေသည်။ သည်လိုပွဲမျိုးကို အခါခါနွှဲခဲ့ဖူးသော ကြေးစားသေနတ် သမားတစ်ယောက်၏ တည်ငြိမ်မှုမျိုး ဖြစ်သည်။

လူနာတင်ကားမှ ဒရိုင်ဘာသည် ကားတံခါးကို ဖွင့်၍ အောက်ဆင်း လာပြီးနောက် ကားပျက်ရှိရာသို့ သတိဖြင့် အကဲခတ်ရင်း ခပ်ဖြည်းဖြည်း လျှောက်လာနေရာ ပီထရီ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူ လမ်း လျှောက်နေစဉ် လူရှိပုံမရသော မီးရထားဆီသို့သာ ခေါင်းကို လှည့်၍ မကြာ ခဏ ပြန်ပြန်ကြည့်နေသည်။ ထို့နောက် ပိန်ရှုံ့ပြားချပ်သွားသော ထရပ်ကား ဒရိုင်ဘာခန်းထဲသို့ လှမ်းမြင်နိုင်လောက်သည့် နေရာသို့ ရောက်သောအခါ သူက ရှေ့ဆက်မတိုးဘဲ ရပ်လိုက်၏။ ဒါကလည်း တစ်မျိုး ဆန်းပြန်သည်။ သူရပ်နေသည့် နေရာကဆိုလျှင် ကားလက် ကိုင်ဘီးပေါ်သို့ မှောက်လျက်ကြီး လဲကျနေသော ယာဉ်မောင်း၏ ခန္ဓာကိုယ်ကြီးကို ပြတ်ပြတ်သားသား မြင်နိုင် သည်။ ထို့ကြောင့် လူနာတင်ကားမှ ပုဂ္ဂိုလ်တစ်ဦးဦးသာဆိုလျှင် ရှေ့ဘက်သို့ ကမန်းကတန်း ပြေးချလာမည်မှာ သေချာသည်။ သို့သော် အိတ်လိဆေးတပ်မှ ယူနီဖောင်းကို ဝတ်ဆင်ထားသူ အရပ်ပုပု၊ တုတ်တုတ်ခိုင်ခိုင်နှင့် ထိုပုဂ္ဂိုလ်သည် လူမရှိသော မီးရထားကိုသာ ပိုလန့်နေပုံရသည်။ သူသည် ရပ်ထားသော ရထားတွဲများကို နောက်တစ်ကြိမ် ပြန်လှည့်ကြည့်လိုက်ပြန်သည်။ ဤတွင် ပီထရီသည် မတ်တတ်ရပ်လိုက်ပြီးနောက် တွဲပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် ရထားသံလမ်းကို ကျော်လိုက်ပြီး ဒရိုင်ဘာကို မော်ဇာပစ္စတိုဖြင့် လှမ်းချိန် လိုက်စဉ် ဒရိုင်ဘာက ရုတ်တရက် လှည့်ကြည့်ပြီး အင်္ကျီအိတ်ထဲသို့ လက်နှိုက် လိုက်သည်။ သို့သော် သေနတ်ကို မြင်လိုက်သဖြင့် လက်ကို ပြန်ချလိုက်သည်။

ပီထရီက ဂျာမန်ဘာသာဖြင့် ခပ်မြန်မြန် မေးလိုက်သည်။

"လူနာတင်ကားထဲမှာ ငွေတွေ ပါလာသလား"

"မပါဘူး…"

ဒရိုင်ဘာသည် စကားဆက်မပြောတော့ဘဲ ရုတ်တရက် နှုတ်ပိတ်သွား သည်။ သူ့ကို ဂျာမန်ဘာသာဖြင့် မေးပြီး အငိုက်ဖမ်းလိုက်ရာ ဂျာမန်ဘာသာဖြင့် ပြန်ဖြေလိုက်မိသောကြောင့် ဖြစ်သည်။ ပီထရီက ဒရိုင်ဘာအား သေနတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချိန်ထားစဉ် လျှနာတင်ကား နောက်ဘက်မှ တံခါးပွင့်လာပြီး အရပ်သား တစ်ယောက်လို ဝတ်ဆင်ထားသူတစ်ဦးသည် စက်သေနတ်တစ်လက်ကို လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း အောက်ဘက်သို့ ဆင်းလာသည်။ ထိုလူ့ သေနတ်မှ ကျည်ဆန်များသည် ပီထရီဘယ်ဘက် နှစ်ပေသုံးပေခန့်အကွာသို့ လာမှန်သည်။ ဤတွင် ဆဲလ်ဗားက သေနတ်ဖြင့် နှစ်ချက် ပြန်ပစ်လိုက်ရာ အဆိုပါ အရပ်ဝတ် အရပ်စားနှင့် ပုဂ္ဂိုလ်သည် ခွေခနဲလဲကျသွားသည်။ သူ့သေနတ်သည်လည်း မြေကြီးပေါ် ကျသွားသည်။ ထိုအချိန်တွင် အင်ဂျလိုသည် လမ်းအတိုင်း ပြေးလာပြီး ထိုသေနတ်ကို ကောက်လိုက်သည်။ ထို့နောက် လျှနာတင်ကား နောက်ဘက်ရှိ တံခါးပေါက်ဝမှ အတွင်းဘက်သို့ ထိုစက်သေနတ်ဖြင့် ထိုးချိန် လိုက်သည်။

ဂျွန်ဆန်သည် ယာဉ်မောင်းသူ၏ နောက်ဘက်သို့ ရောက်လာပြီး သူ့ အင်္ကျီအိတ်ထဲမှ လျှူဂါပစ္စတိုတစ်လက်ကို ဆွဲထုတ်ယူလိုက်သည်။ ထို့နောက် တခြားလက်နက် ကိုယ်ပေါ်တွင် ပါ မပါ ကိုယ်ကို စမ်းသပ်၍ ရှာလိုက်ပြီးမှ ပီထရီကို လှမ်းပြောလိုက်သည်။

"ဒါ အကုန်ပါပဲ၊ ဆေးတပ်က ပုဂ္ဂိုလ်တွေထဲမှာတော့ သည်လူဟာ ကြောက်စရာကောင်းဆုံး ပုဂ္ဂိုလ်ပဲ၊ နေပါဦး ကျွမ်းရ၊ မင်းက သူ့ကို ဘာဖြစ်လို့ သက်ာမကင်း ဖြစ်သွားရတာလဲ"

"သည်ကားဟာ ဂျာမန် သယ်ပို့တပ်ရှိတဲ့ နေရာဆီက မောင်းလာလို့ပဲ၊ ဒါကလည်း သိပ်ရေရေရာရာတော့ မဟုတ်လှပါဘူးလေ၊ သူ့လုပ်ပုံကိုင်ပုံတွေ ဟာ နည်းနည်းဆန်းနေတယ်၊ ကဲ… သည်တော့ သူတို့ရဲ့လျှနာတင်ကားကို နည်းနည်းလောက် စစ်ကြည့်လိုက်ဦးမယ်၊ ကဲ…ဆဲလ်ဗား၊ သေနတ်ကိုင်တဲ့ ဆေးတပ်က ပုဂ္ဂိုလ်ကြီးကို ခဏလောက် ထိန်းသိမ်းထားစမ်းဝါ"

အင်ဂျလို၏ ခြေထောက်အနီး၊ မော်တော်ကားလမ်းပေါ်၌ လဲကျနေသူ အရပ်ဝတ်နှင့် ပုဂ္ဂိုလ်သည် သေရှာလေပြီ။ သို့သော် ပီထရီက ထိုအလောင်းကို ဂရုပင်မစိုက်ချေ။ အင်ဂျလိုက လျှနာတင်ကား အတွင်းပိုင်းသို့ သေနတ်ပြောင်းဝ ဖြင့် ထိုးပြလိုက်သည်။ ကားထဲတွင် ကားဖင်ထိုင်ခုံရှည် နှစ်ခုအကြားရှိ စားပွဲ ကလေးတစ်လုံးနောက်တွင် ထိုင်နေသူ လူရွယ်က လက်နှစ်ဖက်ကို ခေါင်းပေါ် တင်ရင်း သူတို့ကို သုန်သုန်မှုန်မှုန်ဖြင့် ပြန်ကြည့်နေသည်။ သူသည် အီတလီ ဆေးတပ်မှ ယူနီဖောင်းကို ဝတ်ဆင်ထားသော်လည်း စားပွဲပေါ်တွင် ရေဒီယို အသံလွှင့်စက်နှင့် ဆင်ဆင်တူသော စက်တစ်လုံးနှင့် ခေါင်းဆောင်းနားကြပ်



တစ်ခု ရှိနေသည်။ သည်ပစ္စည်းများသည် လျှနာတင်ကားများတွင် ပါလေ့ပါထ ရှိသော ပစ္စည်းများ ဟုတ်ဟန်မတူ။ ပီထရီက သူ့ကို ဂျာမန်ဘာသာဖြင့် မေးလိုက်ရာ သူက ခေါင်းခါပြပြီး အီတာလျံစကားကိုသာ နားလည်ကြောင်း ပြန်ဖြေသည်။

ပီထရီက ဂျာမန်ဘာသာဖြင့် ဆက်ပြောသည်။

"ဪ… သည်လိုကိုး၊ သည်ပစ္စည်းကတော့ ဆေးသွင်းတဲ့ ပစ္စည်း ဟုတ်မယ် မထင်ဘူး။ ကဲ…အပြင်ဘက် ထွက်စမ်း၊ မထွက်လျှင် သေနတ်နဲ့ ပစ်မယ်"

ထိုဂျာမန်သည် ဂျာမန်ဘာသာကို ချက်ချင်း နားလည်သွားဟန်ဖြင့် လျှနာတင်ကားထဲမှ အပြင်သို့ ကမန်းကတန်း ထွက်သွားသည်။ ၄င်းနောက် အင်ဂျလိုက စောင့်ကြည့်နေစဉ် ပီထရီသည် ငုံ့၍ အရပ်ဝတ်အရပ်စားနှင့် ပုဂ္ဂိုလ်၏ အင်္ကျီအတွင်းအိတ်ထဲမှ ပိုက်ဆံအိတ်ကို ဆွဲထုတ်ယူလိုက်သည်။ အဆိုပါ ပိုက်ဆံအိတ်ထဲမှ ထွက်လာသော မှတ်ပုံတင်ကတ်ပြားသည် ပီထရီ အတွက် အံ့ဩစရာ မဟုတ်ချေ။ သူက ထိုမှတ်ပုံတင်ကို ဂျွန်ဆန်ထံ စကား မပြောဘဲ လှမ်းပေးလိုက်သည်။ အက်ဒဝပ်ဂျွန်ဆန်သည် ထိုမှတ်ပုံတင်ကို စိုက်ကြည့်နေပြီးနောက် အသံထွက်၍ ဖတ်လိုက်သည်။

"ဩစကာရှယ်လီမန်း၊ ဂက်စတာပို (စစ်စုံထောက်) အရာရှိ ဆိုပါ လား၊ သည်မှာ ဘာတွေ ဖြစ်နေကြတာလဲ"

"အာဖရိကမှာရှိတဲ့ မဟာမိတ်တပ်ပေါင်းစု စစ်မဟာဌာနချုပ်ကသာ သည်သတင်းကို ကြားလျှင် တော်တော်လေး စိတ်ဝင်စားသွားလိမ့်မယ်၊ ကဲ… လာလာ…သည်နောက်ဆုံးပေါ် လျှနာတင်ယာဉ်ကို အသေးစိတ် လေ့လာကြရ အောင်"

ပီထရီသည် မော်တော်ကား ခေါင်မိုးနှင့်မဆောင့်မိအောင် ခေါင်းငုံ့၍ ကားထဲသို့ ဝင်ခဲ့သည်။ ဂျွန်ဆန်လည်း နောက်က ကပ်လိုက်လာသည်။ စားပွဲ လေးတွင် ထိုင်နေသူက လက်နှင့်အသာကလေး လှမ်းကိုင်နိုင်သော မော်တော် ကား၏ အတွင်းဘက် နံရံတစ်ခုပေါ်တွင် ခလုတ်မျိုးစုံ တပ်ထားသည့် နေရာ ကလေးတစ်ခု ရှိသည်။ ထိုအခိုက်တွင် ကားစက်ကို မရပ်ဘဲထားရာ ပီထရီက ခလုတ်များကို ဟိုလှည့် သည်လှည့် လုပ်လိုက်ချိန်တွင် ခေါင်းပေါ်မှ [illegible] မြည်သံများ ထွက်ပေါ်လာသဖြင့် ဂျွန်ဆန်က အပေါ်သို့ မော့ကြည့်မိသည်။ ကားခေါင်မိုး အောက်ဘက်တွင် သံသေတ္တာအကြီးကြီး တစ်လုံးကို တပ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ထားရာ တဝိုးဝိုးမြည်သံသည် အဆိုပါ သေတ္တာထဲမှ ပေါ်ထွက်နေခြင်း ဖြစ်သည်။

ပီထရီသည် တစ်ချက်မော့ကြည့်လိုက်ပြီးနောက် အက်ဒဝပ်ဂျွန်ဆန်ကို တွန်းဖယ်ပြီး ကားပေါ်မှ ဆင်းခဲ့သည်။ ဤတွင် အင်ဂျလိုက ရက်ရက်စက်စက် လက်စွမ်းပြတော့သည်။ သူက စက်သေနတ်ကို ပြောင်းဘက်မှ လှည့်ကိုင်လိုက်ပြီးနောက် သူ့ရှေ့မှ လူ၏ ဦးဆက်ကို သေနတ်ဒင်ဖြင့် ခပ်ကြမ်းကြမ်း ရိုက်ပစ်လိုက်သည်။ ထိုဂျာမန် သတိမေ့ပြီး မြေကြီးပေါ် ခွေကျသွားသောအခါ သူက အားရကျေနပ်မှု အပြည့်အဝရှိသော လေသံဖြင့် ဖယ်ဖယ်နယ်နယ် ဆဲလိုက်သည်။

"ခွေးမသားတွေ…"

ဂျွန်ဆန်သည် ကားပေးမှ ခုန်ဆင်းလာရင်း မေးလိုက်သည်။

"သည်လူက ဘယ်လို ဖြစ်သွားရပြန်တာတုံး"

ပီထရီက ကားခေါင်မိုးပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်။ ကားခေါင်မိုးပေါ်ရှိ လေဝင်လေထွက်ပေါက်ကြီးပေါ်တွင် အောက်ဘက်၌ တိုင်တစ်ခုစီ ပါသော လေယာဉ်ပျံအတောင်ပုံစံလို သတ္တုပြားနှစ်ခုအပေါ်သို့ ပေါ်ထွက်လာသည်။ ထိုသတ္တုပြားနှစ်ခုမှာ ရေဒါကိရိယာနှင့် ခပ်ဆင်ဆင်တူသည်။

ပီထရီက ရယ်ရယ်မောမော ပြောလိုက်သည်။

"ကဲ… အံ့စရာ မကောင်းပေဘူးလား၊ သည်ကားဟာ အသံလွှင့် အသံဖမ်းစက် ရှိမရှိ လိုက်စုံစမ်းထောက်လှမ်းတဲ့ ကား၊ ဒါပေမဲ့ အီတာလျံစစ်တပ်က လူနာတင်ကားကို ရပ်ဖျက်ထားတယ်၊ အီတာလျံတွေ သည်ကိစ္စကို သိကြဦးမယ် မထင်ဘူး၊ ကဲ… မင်း သဘောပေါက်ပြီလား"

ဂျွန်ဆန်က ခပ်ဖြည်းဖြည်း ဝင်ပြောသည်။

"ဟင့်အင်း…သိပ်သဘောမပေါက်သေးဘူး"

ဤတွင် ခံပြင်းနာကြည်းနေပုံရသော အင်ဂျလိုက ဝင်ပြောသည်။

"ကျုပ်ကတော့ သိပ်သဘောပေါက်သွားတယ် မေဂျာ၊ သည်ဂျာမန် ရေအောင်မြို့တွေဟာ သည်နည်းနဲ့ ကျုပ်ရဲ့အသံလွှင့်ဖမ်းစက်ကို တွေ့သွားတာပဲ မြို့ရှိရမယ်၊ ကျုပ်အသံလွှင့်စက်ကို ဝှက်ထားတဲ့ နေရာတစ်ပိုက်မှာ နေတဲ့ လူတိုင်စ်ပေါ်တင်ပြီး အသံလွှင့်စက်ကို မဖမ်းမီ တစ်ရက်အလိုက အနီးအနားမှာ ရှိတဲ့ မြို့တစ်မြို့ထဲမှာ အီတာလျံစစ်တပ်က လူနာတင်ကားတစ်စီး ရပ်ထားတာ တွေ့ရတယ်လို့ လာပြောတယ်၊ ကျုပ်ကလည်း သိပ်အတဲ့အကောင်၊ နည်းနည်းမှ



မရိပ်မိဘူး၊ နောက်တစ်ချက်ကလည်း သည်လို လုပ်တာကို အီတာလျံ တပ်မတော်က ခွင့်ပြုထား မထား ဆိုတာ"

ပီထရီက ဖြတ်ပြောသည်။

"သည်ကိစ္စကိုမှ မသိခဲ့လျှင် သူတို့ဘက်က ဘယ်လို ကန့်ကွက်နိုင်မှာတုံး၊ ဟိုစားပွဲပေါ်မှာ ရှိတဲ့ ပစ္စည်းက နားထောင်တဲ့ ကိရိယာ၊ သည်တော့ သည်ကားကို အငှားကားအနေနဲ့ သုံးသင့်မသုံးသင့် ပြဿနာ သိပ်ဖြစ်စရာ မလိုတော့ပါဘူး"

ပီထရီသည် ကားထဲသို့ ပြန်ဝင်သွားပြီး ခလုတ်တစ်ခုကို လှည့်လိုက်ရာ ခေါင်းပေါ်မှ စက်သေတ္တာသည် တဝိုးဝိုးမြည်လာပြီး သတ္တုပြားနှစ်ခုသည် လေဝင် လေထွက်ပေါက်ထဲသို့ ပြန်ဝင်သွားသည်။ သူက ဝိုင်ယာကြိုးများကို မားမြှောင်ဖြင့် ဖြတ်တောက်လိုက်ပြီးနောက် ခေါင်းဆောင်းနားကြပ်ဖြင့် နားထောင်သည့် ကိရိယာတို့ကို (ကားနံရံတွင် ရှိနေသော) ကြောင်အိမ်ထဲသို့ ထည့်သိမ်းထားလိုက်သည်။ ဤတွင် ထိုမော်တော်ကားသည် လူနာတင်ရန် ဖင်ထိုင်ခုံရှည် နှစ်ခု ပါသော တကယ့်လူနာတင်ယာဉ် ဘဝသို့ ပြန်ပြောင်းလဲ သွားသည်။ တစ်ခါ လူနာများကလည်း အဆင်သင့် ရှိနေသည်။

ပီထရီ၏ ညွှန်ကြားချက်အရ သူတို့အားလုံး ကမန်းကတန်း အလုပ် လုပ်နေကြရသည်။ သတိမေ့နေသော ဂျာမန်နှစ်ယောက်၏ ကိုယ်ပေါ်မှ ယူနီဖောင်းများကို ခက်ခက်ခဲခဲ ချွတ်ယူရသည့် အချိန်ကျမှ အင်ဂျလိုတစ်ယောက် သူ့ ဒေါသမထိန်းနိုင်ခဲ့သည့်အတွက် နောင်တရသွားသည်။ သတိမေ့နေသူထံမှ အင်္ကျီ၊ ဘောင်းဘီ ချွတ်ယူရသည့် အလုပ်မှာ "မင်းဘာသာ မင်းချွတ်စမ်း" ဆိုတာထက် ပိုခက်ကြောင်း လက်တွေ့ သိလာရ၍ ဖြစ်သည်။ အံဆွဲထဲတွင် တွေ့ရသော ပလတ်စတာတိတ်များကို သုံး၍ သူတို့နှစ်ယောက်ကို မလှုပ်မယှက်နိုင်အောင် ချည်ကြ တုပ်ကြသည်။ တစ်ဖန် ဂွမ်းစများဖြင့် သတိမေ့နေသူ နှစ်ဦး၏ နားရွက်များထဲသို့ ဆို့ထားကြပြန်သည်။ သူတို့နှစ်ဦး ပြန်သတိရလာသည့်အခါ သူတို့ ပြောဆိုနေသော စကားများကို မကြားစေရန် ဖြစ်သည်။ ဒါကလည်း ဂျာမန် သုံးယောက်စလုံးကို ကားထဲ အရင်သွင်းပြီးမှ ဆက်လုပ်ကြခြင်း ဖြစ်သည်။ အကယ်၍ ဤနေရာမှ ရုတ်တရက် ခွာဖို့ အကြောင်းပေါ်လာခဲ့သော် အချိန်မဖင့်စေရန် ဖြစ်သည်။ သူတို့ လူစု ကားထဲတွင် အလုပ်ရှုပ်နေစဉ် ဂျွန်ဆန်ကလည်း မီးရထားအင်ဂျင်စက်ခေါင်းထဲရှိ ကျောက်မီးသွေးပုံထဲ၌

www.burmeseclassic.com

www.burmeseclassic.com



ပီထရီ ဝှက်ထားခဲ့သော ဒိုင်းနမိုက် ထည့်ထားသည့် ကျောပိုးအိတ်ကို ကမန်းကတန်း ပြန်ရှာယူနေခိုက် ဖြစ်သည်။

ဂျွန်ဆန်တစ်ယောက် မီးရထားစက်ခေါင်းဆီမှ ပြန်လာသည့်အခါ ပီထရီနှင့် အင်ဂျလိုတို့သည် အီတာလျံဆေးတပ်မှ ယူနီဖောင်းများကို ကိုယ်စီဝတ်ဆင်နေခိုက် ဖြစ်သည်။ ဒရိုင်ဘာနှင့် အင်ဂျလိုမှာ ကိုယ်လုံးကိုယ်ပေါက်ချင်းတူသဖြင့် အင်ဂျလိုအတွက် အဆင်ပြေသွားသည်။ သို့သော် ပီထရီအတွက်မူ အခက်အခဲ တွေ့နေရသည်။ အပေါ်အင်္ကျီကမူ သိပ်မဆိုးလှသော်လည်း ဘောင်းဘီကမူ မတန့်တဆ တိုနေလေသည်။

"အေးအေးချမ်းချမ်း အချိန်မှာသာ ထမင်းကလေးတစ်လုတ် စားရဖို့ သည့်လောက်တောင် ပင်ပင်ပန်းပန်း လုပ်ရမယ်ဆိုလျှင် ကျုပ် စစ်ထဲပဲ ဝင်တော့မယ်"

ဂျွန်ဆန်သည် ဒိုင်းနမိုက်များပါသော ကျောပိုးအိတ်ကို လူနာတင်ကား၏ ကြမ်းပြင်ပေါ်သို့ ချလိုက်ရင်း ညည်းညည်းညူညူ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ သူက သေနေပြီဖြစ်သော ဂက်စတာပို အရာရှိ (စစ်ဗိုလ်) ၏ အလောင်းကြီးကို ရှုံ့ရှုံ့မဲ့မဲ့ ကြည့်လိုက်သည်။

"သည်ဩစကာရှယ်လီမန်းကို ကားပေါ်တင်လာဖို့ လိုသေးသလားဗျာ၊ ကျုပ်က သည်လို လူစားမျိုးတွေနဲ့ ခရီးမသွားချင်ဘူး"

ပီထရီက သူ့အင်္ကျီကို ကြယ်သီးပြင်တပ်ရင်း ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"သည်မှာ အက်ဒဝပ်၊ သူ…တို့နဲ့ တစ်ပါတည်း ပါလာဖို့ လိုတယ်၊ တို့ ထွက်သွားတဲ့အချိန်မှာ လူမရှိတဲ့ ရထားနှင့် ပျက်နေတဲ့ ထရပ်ကားကြီးပဲ ကျန်ခဲ့စေချင်တယ်။ ဒါမှ ရထားပေါ်ကလူတွေ လန့်ဖျပ်ပြီး ထွက်ပြေးကြတယ် ထင်အောင်လေ"

ဂျွန်ဆန်က ပီထရီကို စေ့စေ့စပ်စပ် ကြည့်ရင်း ဝေဖန်လိုက်သည်။

"လူနာတင်ကား မောင်းတဲ့ ဒရိုင်ဘာတွေဟာ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး လက်တစ်ဆစ်နဲ့ သွားလေ့လာလေ့ ရှိသလား"

"ဗြိတိသျှတပ်မတော်မှာ ဆယ့်ရှစ်နာရီလုံးလုံး ဆက်တိုက်လုပ်ရတဲ့ အခါမျိုးဆိုလျှင် သည်လိုပဲ ဖြစ်တတ်တယ်၊ အီတာလျံစစ်တပ်ကလည်း ဒရိုင်ဘာတွေကို အတင်းအဓမ္မ ခိုင်းတတ်တယ်လို့ ငါ ကြားထားတယ်၊ အေးလေ ဘာပဲပြောပြော ဒါကို အကြောင်းပြပြီး စစ်ဆေးရေးဂိတ်တွေမှာ သိပ်ကြာကြာ



အစစ်မခံချင်ဘဲ ကိုယ့်တပ်စခန်း ရှိရာကို မြန်မြန်ပြန်ချင်တယ်လို့ ပြောအားတစ်ကွက် ရှိသွားတာပေါ့"

ဤတွင် ဆဲလ်ဗားက ဝင်ပြောသည်။

"သည်ကောင်တွေကို ခေါင်းထဲမှာ ကျည်ဆန်တစ်တောင့်ဆီ လက်ဆောင်ပေးပြီး လမ်းဘေးတစ်နေရာရာမှာ ချထားခဲ့မလား၊ ဒါမှ သူတို့ စကားမပြောနိုင်ဘဲ ရှိမှာ"

အခြားပုဂ္ဂိုလ်များ၏ မျက်နှာထားကို မြင်လိုက်ရသောကြောင့် သူ့စကားကို သိပ်မကြိုက်ကြကြောင်း အကဲခတ်မိသဖြင့် ဆဲလ်ဗားက ထိုကိစ္စကို ဆက်မပြောတော့ချေ။ ပီထရီက ဒရိုင်ဘာနေရာ၌ ဝင်ထိုင်လိုက်စဉ် သပ်သပ်ရပ်ရပ် ရှိလှသော ယူနီဖောင်းကို ဝတ်ထားသူ အင်ဂျလိုက ပီထရီ့ဘေးနားတွင် ဝင်ထိုင်လိုက်သည်။ ကားထဲတွင် ဓာတ်ဆီအပြည့် ရှိနေသည်။ ဒါကလည်း သိပ်ဆန်းလှသည်တော့ မဟုတ်။ သည်ကားသည် ဂျာမန် သယ်ပို့စခန်းမှ ဓာတ်ဆီ အပြည့်ထည့်ပြီး ထွက်လာပုံရသည်။ ပီထရီက အင်ဂျလိုကို ပြောလိုက်သည်။

"ကားကို ကျုပ် မောင်းမယ်၊ ခင်ဗျားက သည်ယူနီဖောင်းနဲ့ သိပ်လိုက်တာ၊ သည်တော့ အပြင်ထွက်ပြီး ပြောစရာ ဆိုစရာရှိလျှင် ခင်ဗျားပဲ ထွက်ပြောဖို့ ကောင်းတယ်"

အင်ဂျလိုက သဘောတူလိုက်သည်။

"ဟုတ်တယ် ဒါ သဘာဝကျတယ်၊ ခင်ဗျားက ဒရိုင်ဘာဆိုတော့ ကားလက်ကိုင်ဘီး နောက်မှာပဲ ရှိရမယ်"

"အေးလေ၊ ဆိုးဆိုးဝါးဝါး ကိစ္စတစ်ခုဖြစ်လာပြီး နှစ်ယောက်စလုံးကို အပြင်ထွက်ခိုင်းတဲ့ ကိစ္စမျိုး ဖြစ်မလာတဲ့ အချိန်အထိပေါ့လေ"

ပီထရီသည် သူခပ်စောစောက သော့ပြန်ပိတ်ထားသည့် ကားအင်ဂျင်စက်ကို စက်ပြန်နှိုးလိုက်သည်။ သူတို့ရှေ့တွင် လမ်းဆုံ၌ ကန့်လန့်ကြီး ရပ်ထားသော လူတစ်ယောက်မျှ မရှိသည့် မီးရထားကလေး ရှိနေလေသည်။ သူတို့လေးယောက်၏ လုပ်ငန်းသာ ချောချောမောမော ဖြစ်လာခဲ့သော် သည်ကျွန်းပေါ်သို့ မဟာမိတ်တပ်ပေါင်းစုများ အောင်အောင်မြင်မြင် တက်ရောက်သိမ်းပိုက်သည့်အခါ သည်မီးရထားကလေးကို သည်နေရာ၌ပင် တွေ့ကြဖွယ်ရှိသည်ဟု ပီထရီက တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အီတလီဆေးတပ် လူနာတင်ကားထဲတွင် ပါလာသူ လေးဦးအပေါ်တွင် နည်းနည်းပါးပါးတော့ မူတည်လိမ့်မည်။ သူက လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညကိုးနာရီ ရှိလေပြီ။ ဗိုလ်မှူးကြီး ပါရစ်ချိကတော့ ပီထရီတို့လူစု မက်ဆီနာမြို့ထဲသို့ ရောက်နေပြီဟု ထင်ပေလိမ့်မည်။ ပီထရီက ကားကို တစ်ရာ့ရှစ်ဆယ် ဒီဂရီပြည့်အောင် နောက်ဘက်သို့ ပြန်ကွေ့လိုက်ပြီး နောက် မြောက်စူးစူးအရပ်ဆီသို့ ဦးတည်မောင်းနှင်လိုက်သည်။ သူက အင်ဂျလို ကို ပြောလိုက်သည်။

"တွက်ချက်ပြီး ပြောရမယ်ဆိုလျှင် ကျုပ်တို့လူစု သိပ်နောက်ကျ နေပြီ။ သည်တော့ ကမ်းခြေကို ရောက်တာနဲ့ တစ်ပြိုင်နက် မိုင်ကုန်မောင်းမှ ဖြစ်တော့မယ်"

❑

နာရီကို ကြည့်ရန်အတွက် ရွက်ထည်တဲကလေးထဲတွင် ထွန်းထား သော ရေနံဆီမီးခွက်ဆီသို့ ငုံ့လိုက်ရာ ဗိုလ်ချုပ်ကြီး ကလော့စ်ရိုင်းဟတ်၏ ညာဘက် ပါးပြင်ပေါ်၌ ရှိနေသော (တစ်ချိန်တုန်းက ဓားချင်း ယှဉ်ခုတ်ရင်း ရရှိလာသော) ဓားဒဏ်ရာသည် ထင်ထင်ရှားရှားကြီး ပေါ်လာသည်။ သူ့ လက်ပတ်နာရီတွင် တွေ့ရသည်က ညရှစ်နာရီခွဲ။ ရွက်ထည်တဲ အပေါက်ဝမှ လှမ်းကြည့်လိုက်သော လရောင်၊ လင်းနေသော ရေလက်ကြားမှစ၍ သူ သွားမည့် နေရာ စစ်စလီကျွန်းမှ မက်ဆီနာမြို့ကို မိုးထားသော တောင်တန်းကြီးများဆီ အထိ လှမ်းမြင်နေရသည်။ ကာလာဘရီယာနယ်ရှိ သံလွင်ပင် တောအုပ်ကလေး ထဲ၌ စခန်းချထားသော သူ့ အုပ်ချုပ်ကွပ်ကဲမှုအောက်မှ စစ်တပ်များသည် စတင် ထွက်ခွာစပြုလေပြီ။

မတ်ဖိုးတင့်ကားအစီး ၃၀၀ ကျော် ပါဝင်သော ပန်ဇာတင့်ကားတပ် နှစ်တပ်၊ တပ်ရင်း သုံးရင်း ပါဝင်သော သေနတ်ကိုင် ကြည်းတပ်များနှင့် မော်တော်ဆိုင်ကယ်စီး တပ်ရင်းတစ်ရင်းတို့ကို ပေါင်းထားသည့် တပ်တစ်တပ်၊ အမြောက် နှစ်ဆယ့်လေးလက် ပါဝင်သော အမြောက်တပ်တစ်တပ်။ တင့်ကား ဖျက် တပ်ရင်းတစ်ရင်းနှင့် အင်ဂျင်နီယာ တပ်ရင်းတစ်ရင်းတို့ ဖြစ်ကြသည်။ ချွေးခြေကလေးတစ်လုံးဖြင့် သူ ထိုင်နေသော နေရာကဆိုလျှင် တင့်ကားချိန်း ကြိုးသံများနှင့် ဆာဂျင်များ၏ အော်ဟစ်အမိန့်ပေးနေသံတို့ကို အတိုင်းသား ကြားနေရသည်။ စစ်သေနာပတိ ကက်ဆလ်ရင်းသည် သူ တင်ပြသည့် အကြံ



ညာဏ်ကို လက်ခံပြီး သူ့တပ်ကို 'စစ်စလီသို့ ချက်ချင်း ချီတက်ရန်' ညွှန်ကြား ခဲ့သည်။

"ဝင်ဂဲလ်ရေ…ဘာလဲဟေ့"

ဗိုလ်မှူးကြီးဝင်ဂဲလ်သည် ရွက်ထည်တဲအပြင်မှ အလေးပြုလိုက်သည်။

"လက်နက် ခဲယမ်းမီးကျောက်တွေပါတဲ့ မီးရထား ခုနကပဲ ဂျီယိုဗန်နီ ကို ရောက်လာပါပြီ ခင်ဗျာ"

"မက်ဆီနာက ကူးတို့သင်္ဘောကြီး ရောက်လာတာနဲ့ တစ်ပြိုင်နက် သင်္ဘောပေါ် တင်ပေတော့၊ ငါလည်း အဲဒီသင်္ဘောနဲ့ စစ်စလီကို လိုက်ချင်လိုက် မယ်"

ဝင်ဂဲလ်သည် အလေးပြုပြီး ပြန်ထွက်သွားရာ ခုတွင်က သူ ရှိနေသဖြင့် ကွယ်နေသော မြင်ကွင်းကို ပြန်မြင်ရလေပြီ။ သူက သည်မြင်ကွင်းကို အလွန် သဘောကျသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာမှာ ပင်လယ်ရေပြင် အထက် ပေ ၇၀၀ မြင့်သော နေရာတွင် ရှိနေပြီး မက်ဆီနာမှ ကာရစ်ဒီကူးတို့ သင်္ဘောကြီး စထွက်လာသည်နှင့် တစ်ပြိုင်နက် မြင်ရမည် ဖြစ်သည်။ ထိုကူးတို့ သင်္ဘောကြီး လှမ်းမြင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ ဂျီယိုဗန်နီသို့ ကားဖြင့် စဆင်းသွားမည် ဖြစ်သည်။

❑ ❑ ❑

www.burmeseclassic.com

# တစ်ဆယ့်တစ်

သောကြာနေ့ ည ၉ နာရီမှ ၁၀ နာရီခွဲ

ပီထရီက မော်တော်ကားလီဗာကို တအားဖိနင်းထားရာ လူနာတင်ကားသည် တောင်ကြားကလေးတစ်ခုကို ဖြတ်လျက် တောင်ဆင်းလမ်းအတိုင်း အရှိန်ပြင်းစွာဖြင့် ပြေးဆင်းလာသလို ကားရှေ့မီးရောင်တန်း နှစ်ခုကလည်း ညအမှောင်ထုကို ထွင်းဖောက်ဖြိုခွင်းလျက် ရှိသည်။ ကားလမ်း၏ ဘေးနှစ်ဖက်စလုံးတွင်လည်း ကြီးကျယ်ခန့်ညားသော တောင်တန်းကြီးများ ရှိနေကြသည်။ ထိုတောင်တန်းကြီးများ၏ တောင်ထွတ်၊ တောင်ထိပ်များသည် လရောင်အောက်တွင် ငွေရောင်နှင့် ပက်ဖျန်းထားသလို ဖြစ်နေသည်။ သို့သော် ဤနေရာတစ်ဝိုက်တွင် သက်ရှိသတ္တဝါများ ရှိနေပုံမပေါ်။

တောင်ကြား၏ အမြင့်ဆုံး နေရာသို့ ရောက်သောအခါ ခပ်ဝေးဝေးမှ ပြဒါးရောင်ထနေသော ပင်လယ်ပြင်ကြီးကို ခဏမျှ မြင်လိုက်ရပြီးနောက် တောင်ဆင်းလမ်းအတိုင်း ပြန်ဆင်းလာရပြန်ရာ တောင်စွယ်တစ်ခုက ကွယ်လိုက်သဖြင့် ထိုမြင်ကွင်းသည် ပြန်လည် ပျောက်ကွယ်သွားပြန်သည်။

မော်တော်ကား ရှေ့ဘက်ရှိ ကားလမ်းသည် မျဉ်းဖြိုင်နီးပါးယှဉ်လျက်သားရှိနေသော တောင်တန်းကြီးနှစ်ခုအကြားတွင် တစ်မျှော်တစ်ခေါ်ကြီးအထိ ဖြောင့်ဖြောင့်တန်းတန်းကြီး ရှိနေသည်။ ကားလမ်းမှာ ဥရောပတိုက်တစ်ခွင်၌



တွေ့ရသော လမ်းများနှင့် နှိုင်းယှဉ်လျှင် မြေနီလမ်းသာသာမျှသာ ဖြစ်သော်လည်း ခုအချိန်အထိ သူတို့မောင်းခဲ့ရသမျှ ကားလမ်းများထဲတွင် အကောင်းဆုံးလမ်း ဖြစ်သည်။ ထို့ကြောင့် ပီထရီက ကားကို အရှိန်ခပ်ပြင်းပြင်းဖြင့် မောင်းနှင်လာခဲ့ခြင်း ဖြစ်သည်။

ဘေးနားမှပါလာသူ အင်ဂျလိုကမူ မေးစေ့ကို ရင်ဘတ်ပေါ် တင်၍ အိပ်လျက်သား လိုက်ပါလာသည်။ ပီထရီသည် သူ့နောက်ဘက်တွင် ရှိသော ပြတင်းပေါက်ကလေးမှတစ်ဆင့် ကားထဲသို့ ပြန်ကြည့်လိုက်ရာ ဆဲလ်ဗားသည် ခုံတန်းရှည်တစ်ခုပေါ်တွင် အိပ်ပျော်နေသည်ကို တွေ့ရသည်။ ဖွန်ဆန်ကတော့ ရှေ့ဘက်နားသို့ ကပ်ပြီး ထိုင်နေသည်။ ကားနောက်ခန်းထဲတွင် သူတို့နှစ်ယောက်သာ ရှိတော့သည်။ ဂျာမန်စစ်သား နှစ်ယောက်နှင့် ဂက်စတာပို စစ်ဗိုလ်၏ အလောင်းကို လွှန့်ခဲ့သော သုံး လေးမိုင်လောက်က လူမနေတော့သော လမ်းဘေးရှိ စပါးကျီတစ်လုံးထဲတွင် ထားရစ်ခဲ့လေပြီ။

ပီထရီက အကြံကောင်း ဉာဏ်ကောင်းပေးသည်။

"အက်ဒဝပ်… မင်းအချိန်ရတုန်း ခဏတစ်ဖြုတ် မှေးဖို့ကောင်းတယ်၊ နောက်ကျလျှင် အဲဒီအခွင့်အရေးမျိုး ရမှာ မဟုတ်ဘူး"

"နို… ခင်ဗျားကိုယ်တိုင်ကကော၊ ခင်ဗျားတစ်ယောက်တည်း နေ့ဝက်လုံးလုံး မရပ်မနား ကားမောင်းလာတာ၊ ကျုပ်လည်း တစ်လှည့်လောက် ဝင်မောင်းပေးမယ်လေ၊ ကျုပ်ကတော့ ဆေးတပ်က ယူနီဖောင်းနဲ့ မဟုတ်ဘူး၊ ဒါပေမဲ့ လမ်းမှာလည်း ဘယ်သူနဲ့မှ တွေ့ရတာမှ မဟုတ်တာ"

ပီထရီက ပြန်ပြောသည်။

"မင်း တက်မောင်းတာနဲ့ တစ်ပြိုင်နက် တွေ့ရမှာကွ၊ ပြီးတော့လည်း မင်းခုနက ပြောသလို မင်းမှာ ယူနီဖောင်း မပါဘူး၊ ဒါပေမဲ့ ဘာပဲပြောပြော ငါကတော့ အသားကျသွားပြီ၊ သည်အလုပ် ပြီးတဲ့အထိ သည်အတိုင်းကို ဆက်လုပ်သွားမယ်"

"နေပါဦး… သည်အလုပ်ကို ဖြစ်မြောက်အောင် လုပ်နိုင်လိမ့်မယ်လို့ ခင်ဗျား ထင်သလား၊ အခု အချိန်နှိုသိပ်နောက်ကျနေပြီ မဟုတ်လား"

"အေး…ကက်ဆလ်ရင်းက အမှတ် ၂၉ ပန်ဇာတပ်မကို ခုအချိန်အထိ သည်ဘက် မပို့သေးဘူးဆိုလျှင် ဖြစ်အောင် လုပ်မှာပေါ့၊ ငါကတော့ ခုအချိန်အထိ မပို့သေးဘူးလို့ ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ လေထီးတပ်သားတွေ ဆင်းတဲ့ အချိန်အထိ သူက စောင့်မှာပါ၊ အဲဒီနောက်မှ သူ သိသွားမှာ"

www.burmeseclassic.com

www.burmeseclassic.com



''အဲဒီလေထီးတပ်သားတွေကို ဘယ်တော့ချပေးမှာလဲ''

''တကယ်လို့ သည်ညပဲ ချပေးမယ်ဆိုလျှင် လဝင်ပြီးခါစ သန်းခေါင်ယံလောက်မှ ချပေးမယ်ထင်တယ်၊ အဲဒီနောက် တစ်နာရီလောက် ကြာမှ ကက်ဆလ်ရင်းဆီ သတင်းအတိအကျ ရောက်လာလိမ့်မယ်''

''ကဲ…ကျုပ်တို့ ကံကောင်းလျှင် မက်ဆီနာကို ဘယ်အချိန်လောက် ရောက်မယ် ထင်သလဲ''

''သန်းခေါင်ယံ မတိုင်ခင် ဆိုပါတော့''

''ဒါဆိုလျှင် အချိန် သိပ်ကပ်သွားမှာပေါ့''

''ဟုတ်တယ် အက်ဒဝပ်…အချိန်ကတော့ သိပ်ကပ်နေပြီ''

ပီထရီသည် ရှည်လျားသော တောင်ဆင်းလမ်းအတိုင်း မောင်းနှင်လာစဉ် သူနှင့်ပျွန်ဆန် အပြန်အလှန် ပြောခဲ့သည့် စကားများကို ပြန်တွေးနေမိသည်။ လမ်းဘေး တစ်ဖက်တစ်ချက်တွင်လည်း မြင့်မားသော နှင်းသီးပင်များသည် တန်းစီ၍ ပေါက်နေကြရာ ပျွန်ဆန်သည် မက်ဆီကိုပြည်နယ်ကို ပြန်သတိရသည်။ ပျွန်ဆန်သည် ကျန်သော ခုံရှည်တန်းတစ်ခုပေါ်တွင် ပက်လက်လှန်ရင်း ဆဲလ်ဗား၏ ဟောက်သံကို နားထောင်နေရာ မကြာမီ သူလည်း အိပ်ပျော်သွားတော့သည်။ ပီထရီကတော့ အိပ်ချင်စိတ် လုံးဝမရှိချေ။ သူ့တစ်ကိုယ်လုံးတွင် အိပ်ချင်စိတ် ကုန်ခန်းနေလေပြီ။ သူ ကြိုးစားပြီး အိပ်သည့်တိုင်အောင် အိပ်ပျော်မည် မထင်ချေ။ တစ်ခါတစ်ရံ ယခုလို အလုပ်မျိုး ပြီးစီးသွားသည့်အခါကျမှ သူ့ခန္ဓာကိုယ်ထဲတွင် ရှိသော အားအင်များ လုံးဝခြောက်ခန်းသွားပြီး ခွေခနဲ ကျသွားတတ်သည်။ ထို့နောက် သုံးဆယ့်ခြောက်နာရီလုံးလုံး အိပ်ပျော်သွားတတ်သည်။ နောက် ခဏကြာသောအခါ အင်ဂျလို အိပ်ရာမှ ပြန်နိုးလာသဖြင့် သူ့မှတ်ဉာဏ် ပြန်ထက်မြက်လာအောင် ကာရစ်ဒီနှင့် ပတ်သက်သည့် မေးခွန်းများကို ထပ်မေးလိုက်သည်။

အင်ဂျလိုက ဆက်ပြောသွားသည်။

''ကာရစ်ဒီကို လွန်ခဲ့တဲ့ ဆယ့်တစ်နှစ်က ဂျိနိုအာမြို့မှာ တည်ဆောက်ခဲ့တယ်၊ အလေးချိန်အားဖြင့် တန်ချိန် လေးထောင်ကျော် ရှိတယ်၊ လက်ရှိအနေအထားအရ ပြောရလျှင် အနောက်ဥရောပတစ်ခွင်မှာရှိတဲ့ ကူးတို့သင်္ဘောတွေထဲမှာ သူအကြီးဆုံးပဲ၊ ဦးပိုင်းကနေ ပဲ့ပိုင်းအထိ ပေသုံးရာ့ငါးဆယ် ရှည်တယ်။ စက်ကတော့ ဘာမိုက်စတာနဲ့ ဝိန်းအင်ဂျင်ကုမ္ပဏီက ထုတ်လုပ်တဲ့ ပစ္စတင်ရှစ်လုံး တပ်၊ ဒီဇယ်လျှပ်စစ်အင်ဂျင်သုံးလုံးကို တပ်ဆင်ထားတယ်''



ပီထရီက ဖြတ်မေးသည်။

''အမြန်နှုန်းကကော''

''ရေမိုင်ဆယ့်ခုနစ်မိုင်အထိ ခုတ်မောင်းနိုင်တယ်၊ ဒါပေမဲ့ သာမန်အားဖြင့် ရေမိုင်ဆယ့်ငါးမိုင်ခွဲနဲ့ပဲ ခုတ်မောင်းလေ့ ရှိတယ်''

''ဒါဖြင့်လျှင် သည်ဘက်ကနေပြီး ဂျီယိုဗန်နီ ဆိပ်ကမ်းအထိ ရောက်အောင် ကူးရတာ ဘယ်လောက်ကြာသလဲ၊ ဒါကလည်း တကယ်လို့ ဆိပ်ကမ်းမှာ ကပ်ထားတုန်း အလုပ်မဖြစ်ခဲ့လျှင်ပေါ့လေ''

''ဟိုဘက်နဲ့ သည်ဘက် ကီလိုမီတာ ရှစ်ဆယ် ဝေးတယ်၊ ဆိပ်ကမ်းက ခွာတာ ဟိုဘက်ဆိပ်ကမ်းမှာ ဝင်ကပ်တာတွေပါ ထည့်တွက်လျှင် နှစ်ဆယ့်ငါးမိနစ်က မိနစ်သုံးဆယ်အထိ ကြာတယ်''

''မိနစ်သုံးဆယ်ဆိုတာ သိပ်ကြာတာမှ မဟုတ်တာ''

ပြောရင်းဆိုရင်းကပင် ရှေ့ခပ်လှမ်းလှမ်းမှ ရာသီဥတုအနေအထားကို ပီထရီက သတိပြုလိုက်မိသည်။ ကောင်းဖို့တော့ မဟုတ်ပါချေ။ တိမ်တိုက်မည်းကြီးများသည် အနောက်မြောက်အရပ်ဆီက ရွေ့လျားပြီး လာနေကြသလို ပထမတွင် လေငြိမ်နေရာမှ လေညင်းကလေးများ စတင်တိုက်ခတ်စပြုလာလေပြီ။

''ဆိပ်ကမ်းမှာ ကပ်ထားတုန်း လုပ်လို့ ဖြစ်ပါ့မလား''

အင်ဂျလိုက မသေချာသော ပုံစံဖြင့် ပခုံးကို တွန့်ပြလိုက်သည်။

''ဖြစ်ချင်လည်း ဖြစ်မှာပေါ့လေ။ ဒါပေမဲ့ အဲဒီအချိန်မှာဆိုလျှင် ဆိပ်ကမ်းမှာ အစောင့်အကြပ်တွေ သိပ်များတယ်၊ ရေလက်ကြားကို ဖြတ်ကူးနေတုန်းဆိုလျှင်တော့ သင်္ဘောပေါ်မှာ အစောင့်နည်းနည်းပဲ ပါတယ်''

''ဒါဆိုလျှင် ရေလက်ကြားထဲ ခုတ်မောင်းနေတုန်း လုပ်ကြရမှာပေါ့လေ၊ ဒါမှ သည်သင်္ဘောကြီး ရေနက်ပိုင်းထဲမှာ နစ်သွားမှာ''

ရေခြောက်ခန်းနေသော မြစ်ပေါ်တွင် ဖြတ်ဆောက်ထားသည့် တံတားပေါ်သို့ မောင်းတက်ရန် ပီထရီက လက်ကိုင်ဘီးကို ကစားလိုက်သည်။ ထို့နောက် ဖြောင့်တန်းရှည်လျားသော လမ်းအတိုင်း ဆက်မောင်းရပြန်၏။ ထိုအခိုက်တွင် သူ့နောက်ဘက်မှ ကြမ်းပြင်ပေါ်သို့ ဘွတ်ဖိနပ် ချနင်းသံကို ကြားလိုက်ရသည်။ ဆဲလ်ဗားတစ်ယောက် အိပ်ရာမှ နိုးလာပြီ။ ဆဲလ်ဗားသည် ကိုယ်ကို အပျင်းဆန့်ရင်း မော်တော်ကား ဒရိုင်ဘာ အခန်းနှင့် နောက်ခန်း အကြားရှိ ပြတင်းပေါက်ပေါင်ပေါ်တွင် တံတောင်ဆစ်ကို တင်၍ ထိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ ပြောလိုက်သော ငေါ့တော့တော့ စကားက သူတို့နှစ်ယောက် ပြောဆိုနေသည်ကို တစ်ချိန်လုံး နားထောင်နေခဲ့ကြောင်း ထင်ရှားစေသည်။

"ဆီညော်…ဂမ်ဘာရီ၊ သည်ရေလက်ကြားက သိပ်ရေစီးသန်တာဗျ။ သည်အလုပ်ပြီးသွားလျှင် ဘယ်လိုလုပ်မှာလဲ၊ ရေကူးကြမှာလား"

အင်ဂျလိုက ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

"အဲဒီကိစ္စအတွက်လည်း စီစဉ်ပြီးပါပြီ၊ အင်မတန် ယုံကြည်စိတ်ချရတဲ့ ကျုပ်တပည့်တစ်ယောက်က ကျုပ်တို့ ကူးတို့သင်္ဘောပေါ် ပါသွားတာနဲ့ တစ်ပြိုင်နက် သူ့မော်တော်ကလေးနဲ့ ထွက်လိုက်လာမယ်လေ၊ လိုအပ်လျှင် သူက ကူးတို့သင်္ဘောကြီးနဲ့ ယှဉ်မောင်းပြီး လိုက်လာမယ်၊ တကယ်လို့ ကျုပ်တို့ လူစု ရေထဲ ခုန်ချလျှင် သူက ဆယ်လိမ့်မယ်"

ပီထရီက ထပ်ပြောသည်။

"ဒါဆိုလျှင် သူ့ကို အချက်ပြပြီး ဆက်သွယ်တဲ့ နည်းတစ်နည်းတော့ ရှိရမှာပေါ့"

"ကျုပ်အခန်းမှာ မီးကျိုပစ္စတိုတစ်လက် ရှိပါတယ်"

"အဲဒီမော်တော်ဘုတ်က ကျုပ်တို့ကို ဘယ်အထိ ခေါ်သွားမလဲ"

"ရေလက်ကြားအတိုင်း မော်လ်တာအထိ ခေါ်သွားမယ်လေ။ အဲဒီနေရာတစ်ပိုက်မှာလည်း ဂျာမန်သင်္ဘောတွေ ရှုပ်ယှက်ခတ်အောင် ရှိနေကြတယ်၊ သည်တော့ သိပ်ကံကောင်းပါမှ အဲဒီနေရာကို ရောက်ကြမှာ"

ဆဲလ်ဗားသည် ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိပြီး သောက်လိုက်သည်။ သူက ဆေးပြင်းလိပ်ကို မီးစွဲသွားအောင် တစ်ချက်နှစ်ချက် ဖွာလိုက်ပြီး အမှတ်မထင် ဝင်မေးလိုက်သည်။

"အချက်ပြမီးရောင်က ဘာအရောင်လဲဗျာ"

"အစိမ်းရောင်"

အင်ဂျလိုသည် သူ့ထိုင်ခုံပေါ်မှ သမင်လည်ပြန် လှည့်ရင်း လူဆိုးခေါင်းဆောင်ကြီးကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

"နေပါဦး…အဲဒီလောက် အသေးစိတ်ထိအောင် ခင်ဗျားက ဘာဖြစ်လို့ သိချင်ရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့၊ ခင်ဗျားတို့ သည်အလုပ် လုပ်ပြီးသွားတဲ့အခါ ချောချောမောမော ထွက်ပြေးနိုင်အောင် ကျုပ်ကလည်း အစီအစဉ်တွေ လုပ်ထားလို့ပေါ့ဗျာ၊ အဲလေ ဂျီယာကိုမိုက ကျုပ်အတွက် လုပ်ပေးထားတယ်လေ"



ပီထရီက ဖြတ်မေးသည်။

"ဂျီယာကိုမိုဆိုတာ ဘယ်သူလဲ"

"ခင်ဗျားတို့အတွက် အစစအရာရာ အဆင်သင့်ဖြစ်အောင် ကျုပ်က ခိုင်းထားတဲ့လူလေ"

အင်ဂျလိုက ခပ်မာမာ ဝင်ပြောသည်။

"သူ့အကူအညီကို လိုချင်မှလိုမှာ။ ကျုပ် ခင်ဗျားအတွက် အစအဆုံး စီစဉ်ထားတယ်၊ ဆိပ်ကမ်းထဲ ဝင်နိုင်အောင်၊ သင်္ဘောကြီးကို မြှုပ်နိုင်အောင်၊ ပြီးတော့ ထွက်ပြေးနိုင်အောင်…"

ပီထရီက ဖြတ်ပြောပြန်သည်။

"ဘာပဲပြောပြော ဆဲလ်ဗားရဲ့ အစီအစဉ်ကိုတော့ သိချင်သေးတယ်၊ တကယ်လို့များ ခင်ဗျားလူ တစ်ခုခု ဖြစ်သွားလျှင် နောက်အစီအစဉ်တစ်ခုနဲ့ ဆက်စခန်းသွားနိုင်အောင်ပေါ့ဗျာ၊ တစ်ခါတလေ စပိုင်အဖွဲ့တစ်ခုက တစ်ယောက်ယောက်ကို ဖမ်းမိသွားတဲ့အခါ အစီအစဉ်အားလုံးကို တစ်ဖက်က သိသွားတတ်တယ်"

အင်ဂျလိုက ဝန်ခံလိုက်သည်။

"အဲဒါ မှန်ပါတယ်၊ ကဲ… ဆဲလ်ဗား၊ ခင်ဗျားက ကျုပ်တို့ကို ရေလက်ကြားထဲအထိ လိုက်ကယ်ပေးနိုင်တယ်လို့ ဆိုချင်တာလား"

"ဟုတ်ပါ့ဗျာ၊ အခု ခင်ဗျား စီစဉ်ထားတဲ့ နည်းမျိုးနဲ့ပါပဲ၊ ဂျီယာကိုမိုက အရေးကြုံလာလျှင် အဆင်သင့် သုံးရအောင် အထူးစပါယ်ရှယ် လှေတစ်စင်း စီစဉ်ထားတယ်၊ ငါးမန်းလှေတစ်စင်းပေါ့ဗျာ"

"အဲဒါက ဘယ်လိုလှေမျိုးလဲ"

ဆဲလ်ဗားက ရှည်ရှည်ဝေးဝေး အစချီလိုက်သည်။

"သည်ရေလက်ကြားထဲမှာရှိတဲ့ ငါးမန်းဖမ်းတဲ့ တံငါသည်တွေဟာ ကျုပ်ရဲ့အပေါင်းအသင်းတွေပါ၊ သည်လူတွေက ငါးဖမ်းတဲ့အခါ သူတို့အလုပ်နဲ့ သဟဇာတဖြစ်မယ့် လှေတစ်မျိုးကို သုံးလေ့ရှိတယ်၊ အဲဒီလှေတွေထဲက တစ်စင်းကို မြန်မြန်သွားလို့ရအောင် စီစဉ်ထားတယ်၊ ဂျာမန်လုပ် နောက်ဆုံးပေါ် ပွဲချိတ်စက်တစ်လုံး တပ်ထားတယ် ဆိုပါတော့ဗျာ"

"အဲဒီစက်ကို ဘယ်က ရလာသလဲ"

"မက်ဆီနာဆိပ်ကမ်းတွေမှာ ပြည်မက သယ်လာတဲ့ ဂျာမန်လုပ် စက်ကိရိယာတွင် ပြည့်နက်နေတာပဲဗျာ၊ အဲဒီပစ္စည်းတွေဟာ အများအားဖြင့်

www.burmeseclassic.com



ကာရစ်ဒီနဲ့ ပါလာကြတာ၊ သည်သင်္ဘောဆိပ်မှာ လုပ်တဲ့ အလုပ်သမား အများစုကလည်း ကျုပ်အပေါင်းအသင်းတွေဆိုတော့ ခင်ဗျားတို့ သိတဲ့အတိုင်းပဲပေါ့ဗျာ"

လူဆိုးခေါင်းဆောင်ကြီးက ပခုံးကို တွန့်ပြလိုက်သည်။ ပြီးမှ–

"အချိန်ကျလာတဲ့အခါကျလျှင် ကျုပ်က ဂျီယာကိုမိုကို အဲဒီလှေနဲ့ ရေလက်ကြားထဲ ထွက်ခိုင်းလိုက်မယ်၊ သူက သူ့လှေထိပ်မှာ မီးနီတစ်လုံး ချိတ်ဆွဲထားလိမ့်မယ်၊ စကားစပ်မိလို့ ပြောရမယ်ဆိုလျှင် ခင်ဗျားတို့ကို မော်လ်တာအထိ ခေါ်သွားမယ့် ဂျီယာကိုမိုဟာ နားလည်း မကြားဘူး၊ စကားလည်း မပြောတတ်ဘူး၊ နောက်ပိုင်းကျလျှင်တော့ ခင်ဗျားတို့က သူ့ကို ချောချောမောမောသည်ပြန်ရောက်အောင် ပို့ပေးနိုင်လိမ့်မယ် ထင်ပါရဲ့"

ပီထရီက ခပ်ဆတ်ဆတ် ဖြေသည်။

"ဖြစ်နိုင်လျှင် အသက်နှင့် ခန္ဓာကိုယ် တစ်တွဲတည်း ပြန်ပို့မယ် ဆိုပါတော့ဗျာ"

သည်လူ ဆဲလ်ဗား အကွက်စေ့လိုက်ပုံကတော့ သိပ်ကို ကြောက်စရာကောင်းပါကလား။ အကယ်၍ ဂျီလာကိုမို ပြန်ရောက်လာသည့်တိုင်အောင် မာဖီးယားဂိုဏ်းအကြောင်း တစ်လုံးမျှ မဟအောင် လုပ်တတ်သူ ဖြစ်သည်။ ဒီငတိဟာ တစ်ကွက်ကလေးမှ မဟအောင် လုပ်တတ်သူ ဖြစ်သည်။ ပီထရီက ပြောလိုက်ပြန်သည်။

"အင်ဂျလို ဘယ်လိုဖြေရှင်းမယ်ဆိုတာကို ခင်ဗျား ထုတ်မပြောသေးတာ တစ်ချက်ရှိတယ်၊ အဲဒီကူးတို့သင်္ဘောကြီးပေါ်မှာ တကယ် အလုပ်လုပ်ကြရမယ်ဆိုလျှင် အင်ဂျင်စက်ခန်းထဲကို ဝင်လို့ရမှ ဖြစ်မှာ၊ ကျုပ် ခင်ဗျားဆီပို့လိုက်တဲ့ သတင်းထဲမှာလည်း အဲဒီအကြောင်း ပါပြီးသား၊ အဲဒါ ဖြစ်နိုင်ပါ့မလား"

"ခက်တော့ ခက်တယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့လည်း မဆိုနိုင်ဘူး၊ ကာရစ်ဒီအကြောင်း အသေးစိတ် သိရအောင် ကျုပ် လွှန်ခဲ့တဲ့ သုံးပတ်အတွင်းမှာ ဒီရေလက်ကြားကို ရှစ်ခေါက် ဖြတ်ခဲ့တယ်"

ပီထရီက ကမန်းကတန်း ဝင်မေးသည်။

"ဒီတော့ ခင်ဗျားအပေါ် သံသယ မဖြစ်ကြပေဘူးလား"

"ဘယ်ကလာ၊ ကျုပ်က ရှေ့နေတစ်ယောက်ပါဗျ၊ ကျုပ်ရဲ့ အမှုသည်တွေဟာ မက်ဆီနာမှာ ရှိသလို ပြည်မကြီးမှာလည်း ရှိတယ်။ အဲဒီလို ရေလက်ကြား



ကို အခေါက်ခေါက်အခါခါ ဖြတ်တုန်းက 'ဗိုဗီ' လို့ ခေါ်တဲ့ အင်ဂျင်နီယာချုပ်နဲ့ ကျုပ် မိတ်ဖွဲ့ထားတယ်။ သည်လူက ခပ်ကြောင်ကြောင်ရယ်"

"ခပ်ကြောင်ကြောင် ဟုတ်လား"

"သိပ်ကြောင်တယ်၊ ဒီလူက မိန်းမသိပ်လိုက်စားတယ်။ ပြီးတော့ အဲဒီကိစ္စတွေအကြောင်း မြိန်ရေရှက်ရေ သိပ်ပြောချင်တယ်၊ အင်ဂျင်လို ဂမ်ဘာရီဆိုတဲ့ လူကလည်း ဒါမျိုးကျလျှင် သိပ်နားထောင်ချင်တဲ့လူ၊ သည်လူ့ဘဝမှာ စွဲစွဲလမ်းလမ်း သိပ်ဖြစ်နေတာ နှစ်ခုပဲ ရှိတယ်။ တစ်ခုက အမျိုးသမီးတွေ၊ နောက်တစ်ခုက သူ့အင်ဂျင်စက်ကြီးတွေပဲ၊ နောက်တစ်ချက်ကလည်း ဘရန်ဒီကောင်းကောင်းဆိုလျှင် လက်မလွှတ်ချင်တဲ့လူ၊ သည်တော့ ကျုပ်ကလည်း ပြင်သစ်ကော့ညက် (ဘရန်ဒီ) တွေ အများကြီးရအောင် ရှာထားရတာပေါ့"

"သူက ခင်ဗျားကို အင်ဂျင်စက်ခန်းထဲအထိ ဝင်ခွင့်ပြုသလား"

"သူက အရက်ပုလင်းကိုသာ ခွင့်ပြုတာ၊ ဒါပေမဲ့ ကျုပ်က ပုလင်းပိုင်ရှင်ဆိုတော့ ကျုပ်ကိုပါ ဆင်းခွင့်ပြုတာပေါ့ဗျ"

အင်ဂျလိုက တစ်ခုခုကို တွေးမိဟန်ဖြင့် သူ့ခေါင်းကို လက်ဖြင့် ပွတ်လိုက်သည်။ ပြီးမှ–

"အဲ... ကျုပ် တွေးမိပြီ၊ ခင်ဗျားတို့ နှစ်ယောက်ကို စက်ခန်းထဲ ရောက်အောင် ခေါ်သွားရမယ့် နည်းကို ကျုပ် သိပြီ၊ ခင်ဗျားတို့ နှစ်ယောက်ဟာ တစ်သက်လုံး ဗိုဗီလို အင်ဂျင်နီယာ ဖြစ်ချင်တဲ့လူတွေ...၊ ဒါပေမဲ့ သိပ်ဆင်းရဲတော့ အင်ဂျင်နီယာသင်တန်း မတက်နိုင်ဘူး။ ဒါပေမဲ့ အင်ဂျင်စက်ကြီးတွေကိုတော့ တွေ့ချင်တယ်၊ မြင်ချင်တယ်ပေါ့ဗျာ၊ ဗိုဗီကလည်း လူများများရှေ့မှာ စကားသိပ်ပြောချင်တဲ့လူ"

လူနာတင်ကားသည် နောက်ထပ်တံတားတစ်ခုကို ကျော်ဖြတ်ပြီးနောက် မတ်စောက်သော တောင်ကုန်းတစ်ခုပေါ်သို့ မောင်းတက်ခဲ့ရသည်။ ထို့နောက် လမ်းသည် အကွေ့အကောက်များ များလာရာ အရှိန်ကို လျှော့ရပြန်သည်။ သူတို့လူစုသည် ယခုအချိန်အထိ အခြားကားတစ်စီးနှင့် မတွေ့ရမဆုံရသေးချေ။ သူတို့သည် စစ်စလီ၏ လူသူမနီးသော တောကြီးခေါင်ခေါင်ထဲတွင် ဖြတ်သန်းမောင်းနှင်နေကြခြင်း ဖြစ်သည်။ မကြာခင် စကိုပါနာမှ တိုက်ရိုက်လာရန် ပီထရီ ရည်ရွယ်ခဲ့သော လမ်းဆီသို့ ရောက်ရှိလာပေတော့မည်။ ထိုလမ်းမှာ အသွားအလာ နည်းလှသောကြောင့် ကောင်းကင်ယံမှ စောင့်ကြည့်ပုံရိုက်ယူ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သော မြေပုံများကို ကြည့်၍ ပီထရီက တမင်ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ပီထရီက မေးလိုက်သည်။

"နေပါဦး… ကျုပ်တို့လူစုကို ကာရစ်ဒီ ဆိုက်ထားတဲ့ သင်္ဘောဆိပ်ထဲ ရောက်အောင် ဘယ်လိုနည်းနဲ့ သွင်းပေးမလဲ"

"တခြားတောသားတွေနဲ့ ရောနှောပြီး လမ်းလျှောက်လိုက်သွားရုံပေါ့"

"လမ်းလျှောက်ပြီး ဝင်သွားမယ်၊ ဟုတ်လား… စစ်သားတွေ တစ်ပြုံတစ်ခေါင်းကြီး ရှိတဲ့နေရာမှာ အဲဒီလောက်တောင်ပဲ လွယ်သလား"

ပီထရီက သူ့ကို ပြစ်တင်ဝေဖန်သော မျက်နှာထားဖြင့် ကြည့်၍ မေးလိုက်သည်။

ဤတွင် သူ ရှင်းပြနေသည်ကို နားမလည်နိုင်သော ပီထရီအား စိတ်တိုလာဟန်ဖြင့်…

"သည်က အခြေအနေကို ခင်ဗျား မသိပါဘူးဗျာ၊ နှစ်ပေါင်းများစွာကစပြီး သည်လူတွေက သည်ကူးတို့သင်္ဘောတွေကို ဘတ်စ်ကား စီးသလို စီးနေခဲ့ကြတာဗျ၊ သည်ကူးတို့သင်္ဘောစီးတဲ့အထဲမှာ လူမျိုးစုံပါတယ်၊ သည်လူတွေ သင်္ဘောစီးချင်လျှင် လက်မှတ်တစ်စောင် ဝယ်လိုက်ရုံပဲ၊ အဲလေ… မှတ်ပုံတင်တွေ ဘာတွေ တော့ပါရမှာပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ဆီမှာလည်း မှတ်ပုံတင်တွေ ပါလာပြီးသား မဟုတ်လား"

"ဂျာမန်တွေက သည်ကိစ္စကို ရှောရှောရှူရှူနဲ့ လိုက်လျောထားသလား"

သူ ရှင်းပြနေသည်ကို ပီထရီက နားမလည်နိုင်သေးသောကြောင့် အင်ဂျလို တစ်ယောက် ဒေါသထွက်လာသည်။

"သူတို့ကတော့ ဘာတတ်နိုင်မှာလဲဗျ၊ ကာရစ်ဒီဆိုတာ အီတလီသင်္ဘော၊ ဂျာမန်တွေရဲ့ လုပ်ပုံကိုင်ပုံကို အီတာလျံလူမျိုးတွေက ဘယ်လောက်အထိ မုန်းတီးရွံရှာတယ်ဆိုတာ ခင်ဗျား မသိပါဘူး၊ အခု စစ်စလိကျွန်းသားတွေဟာ သည်ပုံစံအတိုင်း အရိုးစွဲလာခဲ့ကြတာ ကြာပြီ၊ သည်အလေ့အကျင့်ကို ပြောင်းပစ်ချင်တယ်ဆိုလျှင် ဂျာမန်တွေက သူတို့အလေ့အထကို ပြောင်းပစ်ဖို့ ထက်တောင် ပိုကြာလိမ့်မယ်"

ပီထရီက ဖျောင်းဖျောင်းဖျဖျ ပြန်ပြောသည်။



"ကဲ…ကျုပ် နားလည်ပါပြီ အင်ဂျလို၊ ကျုပ်တို့လူစု တောသားတွေနဲ့ ရောနှောပြီး ကာရစ်ဒီပေါ် တက်ကြမယ်၊ ကျုပ်တို့ တကယ်တွေးလန့်ရမှာက အီတလီ စစ်တပ်ပဲပေါ့"

လူနာတင် ကားသည် ဘယ်ဘက်သို့ ချိုးထွက်သွားသော လမ်းခွဲကလေးနှင့် စကိုပါနာ–ပီထရာလီးယားဟု ရေးထားသော လမ်းညွှန်ဆိုင်းဘုတ်ကလေးတို့ကို ကျော်ဖြတ်လာခဲ့ကြသည်။ ထိုလမ်းမှာ တူးနစ်မြို့တွင် အစီအစဉ်စ,ရေးဆွဲစဉ်က အသုံးပြုမည်ဟု ကြံစည်ခဲ့သော လမ်းပင် ဖြစ်သည်။ ယခုအချိန်ကစ၍ ပီထရီသည် သူ ဘယ်နေရာသို့ ရောက်နေပြီ ဖြစ်ကြောင်း ခန့်မှန်းနိုင်လေပြီ။ ထိုနေရာသို့ ရောက်လျှင် နီဘရိုဒီတောင်တန်းများကြားရှိ ကားလမ်း၏ လေးပုံ သုံးပုံအထိ ခရီးပေါက်လာလေပြီ။ ယခုအချိန့်အထိ သူတို့လူစုသည် မြည်းလှည်း တချို့ကိုသာ တွေ့ခဲ့ရသေးသည်။ မကြာမီ ပလာတိုမှ မက်ဆီနာအထိ ပင်လယ်ကမ်းနားတစ်လျှောက် ဖောက်လုပ်ထားသော စစ်ရေးအရ အရေးပါလှသည့် ကမ်းနားလမ်းကြီးအတိုင်း မောင်းနှင်ရတော့မည် ဖြစ်ရာ ဂျာမန်စစ်သားများနှင့် စစ်ဆေးရေးဂိတ်များကို စ,တွေ့ရတော့မည် ဖြစ်သည်။

ပီထရီက နောက်လှည့်ကြည့်လိုက်ရာ ဝျှန်ဆန်သည် တစ်ချက်သမ်းလိုက်ရင်း ထထိုင်ပြီးနောက် မျက်စတစ်ချက် ပစ်ပြလိုက်သည်။ သူ့အဖော်သုံးယောက်စလုံးသည် အင်မတီအင်မတန် ပင်ပန်းနွမ်းနယ်နေကြလေပြီ။ အစားလည်း ကောင်းကောင်း မစားရ ၊ ကောင်းကောင်းမွန်မွန်လည်း မအိပ်ခဲ့ကြရချေ။ သူတို့မျက်နှာများမှာ ချောင်ကျနေလေရာ ပင်ပန်းနွမ်းနယ်လှသောကြောင့် ခွင့်ယူ၍ ရှေ့တန်းစစ်မျက်နှာမှ ပြန်လာကြသူများနှင့် ပိုတူနေကြသည်။ သူတို့အတွက် အရေးတကြီး ဆက်လုပ်စရာတွေ အများကြီး ရှိသေးသည်။ သို့သော် သူတို့လူစု မက်ဆီနာသို့ ရောက်သောအခါ ခြေကုန်လက်ပန်းကျနေကြတော့မည်။ အဲဒါကမှ သူတို့အတွက် အကြီးမားဆုံး ပြဿနာပင်တည်း။

ဝျှန်ဆန်က မတင်မကျ ပြောလိုက်သည်။

"ရေလေးတစ်ပေါက်လောက် သောက်ရလျှင် ကောင်းမလားလို့"

ပီထရီက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ပူစီယိုရွာတွင် သူ ဝယ်ခဲ့သော ဆိုဒါပုလင်းထဲ၌ ကျန်နေသေးသမျှကို မျှတခွဲဝေပြီး သောက်လိုက်ကြသည်။ တစ်ခါ အင်ဂျလိုကလည်း သူ့ကျန်းမာရေးကို အကဲခတ်သည့်အနေဖြင့် မျက်စောင်းတစ်ချက် ပြန်ထိုးကြည့်လိုက်ကြောင်း ပီထရီက သတိထားလိုက်မိသည်။ တကယ်ကတော့ သူကိုယ်တိုင်လည်း အခြားပုဂ္ဂိုလ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



သိပ်မထူးခြားလှချေ။ ရှေ့ခန်းနှင့် နောက်ခန်း ခြားထားသော ပြတင်းပေါက် ဘောနားတွင် ထိုင်နေသူ ဂျွန်ဆန်က လှမ်းပြောလိုက်သည်။

"အဆင်ကတော့ မကြာခင် လေမုန်တိုင်း ကျတော့မယ့် ပုံစံပဲဗျို့"

အင်ဂျလိုက ပြန်ဖြေလိုက်သည်။

"အခုလို ရာသီမျိုးမှာ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ လေမုန်တိုင်းတွေ ဖြစ်လာတတ်တယ်ဗျ"

ဂျွန်ဆန်က မေးလိုက်သည်။

"ကာရစ်ဒီဟာ တစ်ခေါက် တစ်ခေါက်မှာ လူဘယ်နှယောက် သယ်နိုင်သလဲ"

"ခေါင်းတွဲတစ်လုံးနဲ့ လူစီးတွဲ ဆယ်တွဲပါတဲ့ အမြန်ရထားတစ်စီးလုံး၊ ဒါမှမဟုတ်လျှင် ကုန်တွဲ ၂၅ တွဲ၊ ဒါမှ မဟုတ်လျှင် တစ်ခေါက်တည်းနဲ့ လူ ၁၄၀၀ သယ်နိုင်တယ်"

ဂျွန်ဆန်က လေချွန်လိုက်သည်။

"လူ ထောင့်လေးရာ၊ ဟုတ်လား"

စစ်သားများကိုသာ ကျပ်ကျပ်သပ်သပ် တင်ဆောင်လာမည်ဆိုပါက တခေါက် တစ်ခေါက်တွင် စစ်သားသုံးထောင်ခန့် သယ်ပို့ပေးနိုင်ပေမည်။ ထို့ကြောင့် ဒီဗီဇတပ် တစ်တပ်လုံးကို သုံး လေးခေါက်နှင့်ပင် အရောက် သယ်ပို့ပေးနိုင်မည် ဖြစ်သည်။ ဒါ့ကြောင့် အာဖရိကရှိ မဟာမိတ်တပ်ပေါင်းစု စစ်မဟာဌာနချုပ်က သည်ကူးတို့သင်္ဘောကြီးကို ကြောက်သည်မှာ အဆိုး မဆိုသာ။

လှေနာတင်ကားသည် ညအမှောင်ထုထဲသို့ တိုးဝင်မောင်းနှင်လာရာ တောင်တန်းကြီးများသည် တရိပ်ရိပ်ဖြင့် နောက်ဘက်၌ ကျန်ရစ်ခဲ့ကြသလို ပင်လယ်ကမ်းခြေနှင့်လည်း ပိုနီးလာသည်။ အစပျိုးနေသော မုန်တိုင်းသည် ဝုန်းခနဲ ရောက်လာလေပြီ။ အအေးဓာတ်ကဲသော သာယာသည့် ညအချိန်တွင် မောင်းနှင်နေရရာမှ လေပြေလေညင်းကလေးသည် လေကြမ်းလေသရမ်း ဖြစ်လာသည်။ လေတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော တဝီးဝီး မြည်နေသည့် လေသံသည် မော်တော်ကားစက်သံကို ကျော်လွှမ်းသွားသလို လူနာတင်ကား၏ ကိုယ်ထည်အား တဝုန်းဝုန်းဖြင့် ဝင်တိုးနေသံကိုပါ ကြားကြရသည်။ ထို့နောက် သူတို့ခေါင်းပေါ်တွင် တိမ်တိုက်အစိုင်အခဲကြီးများ စုဝေးရောက်ရှိလာကြပြီး



လကိုပင် ဖုံးကွယ်သွားသည်။ သူတို့လူစုသည် တစ်နာရီ မိုင်လေးဆယ်နှုန်း တိုက်ခတ်နေသော လေမုန်တိုင်းနှင့် ရင်ဆိုင်တိုးနေရလေပြီ။

လရောင် ကွက်တိကွက်ကျား ပြန်ပေါ်လာသောအခါ ပက်ဝန်းကျင် ရှုခင်းသည် သိသိသာသာကြီး ပြောင်းလဲနေလေပြီ။ လျင်လျင်မြန်မြန်ကြီး ရွေ့လျားနေသော တိမ်တိုက်မည်းကြီးများကို ခေါင်းပေါ်တွင် ခပ်နိမ့်နိမ့် မြင်တွေ့နေရသည်သာမက လေတိုက်နှုန်း ပိုမိုပြင်းထန်လာသောကြောင့် လမ်းပေါ်တွင် ဖုန်လုံးကြီးများ ဖြစ်ပေါ်လာသည်။ ထိုဖုန်မှုန့်များကို ကားရှေ့မီးရောင်ထဲတွင် မြင်တွေ့နေရသည်။ လေထီးတပ်သားများကိုသာ ယနေ့ည ချပေးမည်ဆိုသော် ဒုက္ခနှင့်လှလှကြီး တိုးမိကြပေတော့မည်။ လှိုင်းလေထန်လှသော ပင်လယ်ထဲမှ လာကြရ မည့် ကမ်းတက်စစ်သားများအဖို့ ဆိုပါက ပြောဖွယ်ရာ မရှိပြီတည်း။

ကမ်းနားအတိုင်း ဖောက်လုပ်ထားသော လမ်းမကျယ်ကြီးနှင့် နီးလာသည်နှင့်အမျှ ကားထဲတွင်လည်း အခြေအနေ ပြောင်းလဲသွားသည်။ သူတို့လူစုသည် ကိုယ်ကို ယခင်ကထက် ပိုမတ်မတ်ထားပြီး တောင့်တောင့်ကြီး ထိုင်နေကြသလို မလိုအပ်ပါပဲနှင့် လက်နက်များကို ပြန်စစ်ဆေးခြင်း ကားရှေ့ဘက်သို့ ပို၍ စူးစူးစိုက်စိုက် ကြည့်နေမိခြင်းများ ဖြစ်လာသည်။ ပီထရီကိုယ်တိုင်ပင် ယခင်ကထက် ပို၍ ခပ်မတ်မတ် ထိုင်လာပြီး ကားကိုခပ်ဖြည်းဖြည်း မောင်းရင်း ကမ်းနားနှင့် နီးလာပြီ ဖြစ်ကြောင်း ညွှန်ပြမည့် လမ်းညွှန်ဆိုင်းဘုတ်ကို လိုက်ရှာနေသည်။ သို့သော် ကမ်းခြေကို မမြင်ရသေးသည့်တိုင်အောင် ဆားနံ့ပါသော လေကို ရှူကြရသဖြင့် ကမ်းခြေနှင့် နီးလာပြီဖြစ်ကြောင်း သိလိုက်သည်။ ပီထရီက ကားကို ရပ်၊ စက်ကို သတ်ပြီး ပြတင်းပေါက်မှ ခေါင်းပြူ၍ လေကို ရှူကြည့်ရာ ဆားနံ့က ပိုပြင်းထန်လာသည်။

ပီထရီသည် ထိုနေရာတွင် ကားကို မိနစ်အနည်းငယ် ကြာအောင် ရပ်ရင်း အနီးအနားရှိ လမ်းမကြီးပေါ်၌ ကားအသွားအလာ ရှိ မရှိ အသံဗလံများကို နားစွင့်ထောင်နေသည်။ အေးမြသော လေက သူ့အသားကို ထုံကျဉ်သွားစေသည်။ သို့သော် တစ်နေ့လုံး ပူပူလောင်လောင် အိုက်စပ်စပ်ကြီးနေခဲ့ရသောကြောင့် အေးမြသည့် အရသာကို တစိမ့်စိမ့် ခံစားနေမိသည်။ သူ ကြားရသည့် အသံဗလံများမှာလည်း မြက်ပင်ရှည်ကြီးများကို လေတိုးသောကြောင့် တရှဲရှဲ မြည်နေသံများနှင့် ကမ်းခြေကို လှိုင်းလုံးကြီးများက လာရောက် ရိုက်ခတ်နေသံများသာ ဖြစ်သည်။

ဂျွန်ဆန်က ခပ်တိုးတိုး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုအထိတော့ တစ်လောကလုံးမှာ ကျုပ်တို့ချည်း ရှိနေသလိုလိုပဲ"

ပီထရီ လေသံကတော့ သိပ်မသေချာ မရေရာလှသလိုလို။

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒါပေမဲ့ မကြာခင် အန္တရာယ်နဲ့ ဝင်တိုးနိုင်တယ်၊ သည်လမ်းဟာ ဆက်သွယ်ရေးအတွက် အဓိကအကျဆုံး လမ်းမကြီးဘဲ"

❑

"ကျုပ် ကန့်ကွက်တယ်"

ကြည်းတပ်သေနာပတိ ကက်ဆယ်ရင်းသည် သူ့ဒေါသကို ထပ်မံထိန်းချုပ်ထားရန် မစွမ်းနိုင်တော့သည့်အတွက် အုံကြွပေါက်ကွဲပြီး အန်ထွက်လာသည်။

"ခုအချိန်မှာ အမှတ် ၂၉ ပန်ဇာဒီဗီဇံတပ်ကို ပြန်ရုပ်သိမ်းလိုက်တာဟာ စစ်ရေးစစ်ရာ မဟာဗျူဟာအရ မဟာအမှားတော်ကြီး ဖြစ်သွားလိမ့်မယ်"

သူ့အား ဒုဗိုလ်ချုပ်ဂျိုဒယ်က ခဏစောင့်ရန် ပြန်ပြောလိုက်သဖြင့် တယ်လီဖုန်း စကားပြောခွက်ကို (ဒုဗိုလ်ချုပ် လည်ပင်းအား ဆုပ်ကိုင်ထားရသည့် အလား) ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

စားပွဲပေါ် တင်ထားသော ရေနံဆီမီးခွက်အောင်ရှိ နာရီကတော့ ည ကိုးနာရီ တစ်ဆယ့်ငါးမိနစ် ရှိနေလေပြီ။ အရှေ့ဂျာမနီ (ပရပ်ရှား) ရှိ စစ်မဟာဌာနချုပ်က ခုလိုအချိန်မျိုးတွင်မှ တယ်လီဖုန်း လှမ်းဆက်သည်မှာ ကသိကအောက် နိုင်လွန်းလှသည်။ မက်ဆီနာတွင် ရှိနေသော ဗိုလ်မှူးကြီး ဘာဒီထံ 'ကူးတို့ သင်္ဘောကြီး ကာရစ်ဒီအား ရေလက်ကြားကို ဖြတ်မောင်းလာခိုင်းရန်' ညွှန်ကြားမည့် အမိန့်စာမှာ သူ့စားပွဲပေါ်တွင် အဆင်သင့် ရှိနေသည်။ တစ်ဖန် ဗိုလ်ချုပ်ကြီး ကလော့စ်ရိုင်းဟတ်ကလည်း သူ့ဒီဗီဇံတပ်နှင့်အတူ ကူးတို့သင်္ဘောကြီးပေါ် တက်ရန် ဂျီယိုဗန်နီတွင် အသင့်ရှိနေလေပြီ။

သို့သော် ကူးတို့သင်္ဘောကြီးကို သည်ဘက်သို့ လာရန် စောစောက ခေါ်မထားမိခဲ့သည်မှာ ကံကောင်းသွားသည်။ အကယ်၍သာ ကြိုခေါ်ခဲ့မိသော် စစ်မဟာဌာနချုပ်ထံ ခက်ခက်ခဲခဲ ဖြေရှင်းနေရပေတော့မည်။ ဒါကလည်း ဂက်စတာပိုအဖွဲ့က သူ့တယ်လီဖုန်းလိုင်းကို ကြားကဖြတ်၍ ခိုးနားထောင်ပြီး စစ်မဟာဌာနချုပ်သို့ သတင်းပို့လိုက်သောကြောင့်သာ ဖြစ်ရမည်။ တယ်လီဖုန်း



စကားပြောခွက်ထဲမှ ဂျိုဒယ်၏အသံ ပြန်ပေါ်လာသည်။ ထုံးစံအတိုင်း ကြောင်စီစီ တိတိကျကျနှင့် အသက်မပါလှသော လေသံ။

"ရန်သူက ဘယ်နေရာ ဝင်တိုက်မယ်ဆိုတာကို တိတိကျကျ မသိရသေးခင် ရိုင်းဟတ်ဟာ သူခုရှိနေတဲ့ အီတလီ တောင်ပိုင်းမှာပဲ ရှိနေရမယ်"

"စစ်စလီကို ဝင်တိုက်မှာပါ၊ (ဗိုလ်ချုပ်ကြီး) စထရစ်လင်းဟာ ဘယ်တော့မဆို တစ်ကွက်ပြီးမှ တစ်ကွက် ရွှေ့တတ်တဲ့လူ၊ နောက်တစ်ကွက်ဆိုလျှင် စစ်စလီ၊ အဲဒါပြီးလျှင် အီတလီပဲ၊ ခုအချိန်မှာ သူတို့ကို ညက်ညက်ကြေသွားအောင် ချေပစ်နိုင်လျှင် နောက်တစ်ကြိမ် ပြန်တိုက်နိုင်အောင် လူပြန်စုဖို့ ခြောက်လ အနည်းဆုံး ကြာသွားမှာ"

ဂျိုဒယ့်အသံက ထုံးစံအတိုင်း အတက်အကျ မရှိချေ။

"အဲဒါတွေကို တို့လည်း သိပါတယ်၊ ဒါ့ကြောင့် ဘယ်နေရာ ဝင်တိုက်မယ်ဆိုတာကို ပထမဦးဆုံး သေသေချာချာ သိချင်တယ်"

"သေချာမှ တိုက်မယ်ဆိုလျှင် သိပ်နောက်ကျသွားလိမ့်မယ်"

ကက်ဆယ်ရင်းက ဖြစ်ချင်ရာဖြစ်ဆိုသော သဘောမျိုးဖြင့် အော်ပစ်လိုက်သည်။ သို့သော် ဂျိုဒယ်က ဆက်ပြောနေသည်။ နှုတ်ခမ်းမွေးစနှင့် ပုကွကွ ထိုလူ (ဟစ်တလာ) သည် ဂျိုဒယ့် ဘေးနားတွင် ရှိနေလိမ့်မည်။ လိုင်းခွဲ တယ်လီဖုန်းတစ်လုံးမှ ဝင်နားထောင်နေတာလည်း ဖြစ်နိုင်သည်။ သို့သော် သည်လူလွန်မသားသည် သူကိုယ်တိုင် တယ်လီဖုန်းထဲက ဘယ်တော့မှ အမိန့်ပေးလေ့ မရှိချေ။ ကက်ဆယ်ရင်းက အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်သည်။ သည်တစ်ချီတွင် သူ အလျှော့မပေးနိုင်။

"ကျုပ် သည်အမိန့်ကို လက်မခံသေးခင် ကျုပ် ခေါင်းဆောင်ကြီးနဲ့ စကားပြောပါရစေ"

"ခဏနေဦး သည်ဘက်မှာ အသံတွေ သိပ်ဆူနေတယ်"

အင်း··· ကိုပုကွတစ်ယောက် အနားမှာ ရှိနေသားပဲ။ သို့သော် ဂျိုဒယ်သည် တခြားလူ တစ်ဦးတစ်ယောက်၏ အရူးဆန်ဆန် အမိန့်များကို တစ်ဆင့် ပြန်ပြောပြရသူ သံတော်ဆင့်သာ ဖြစ်ကြောင်း ဘယ်တုန်းကမျှ ဝန်ခံလေ့မရှိချေ။ သူ စောင့်နေရစဉ် အငြိမ်မနေတတ်သော ကက်ဆယ်ရင်း ဦးနှောက်က သူရွှေ့ရမည့် နောက်တစ်ကွက်ကို ကြိုစဉ်းစားနေသည်။ သည်တစ်ကြိမ်တွင် သူ အရှုံးမခံနိုင်။ အရှေ့ပရပ်ရှားတွင် ရှိနေသော 'အရူး'က ဘယ်လိုပဲ ဆန္ဒရှိရှိ ရိုင်းဟတ်ကိုတော့ စစ်စလီ မရောက် ရောက်အောင် လွှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မည်။ တယ်လီဖုန်း စကားပြောခွက်ထဲမှ ဂျိုဒယ်၏ ချောင်းဟန့်သံကို ကြားလိုက်ရသည်။ အဓိပ္ပာယ်ကတော့ ဒုဗိုလ်ချုပ်ဂျိုဒယ်တစ်ယောက် စိတ်အနှောင့်အယှက် ဖြစ်နေသည့် သဘောပင်။

"ကက်ဆလ်ရင်း လောလောဆယ်ဆယ်မှာတော့ ခေါင်းဆောင်ကြီး သိပ်အလုပ်များနေတယ်၊ နောက်တစ်ချက်ကလည်း သည်အမိန့်အတိုင်း လိုက်နာပါ၊ အခု မက်ဆီနာမှာ ကာရစ်ဒီ ရှိနေသေးတယ် မဟုတ်လား"

"ရှိတယ်၊ နေပါဦး၊ ခု ခင်ဗျား ဆိုလိုတာက ရိုင်းဟတ်ဟာ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် သည်ရေလက်ကြားကို လုံးဝမဖြတ်ရဘူးလို့ ဆိုလိုတာလား"

ကက်ဆလ်ရင်းက ပညာသားပါပါ ပြန်မေးလိုက်သည်။

"လေထီးစစ်သားတွေ ဆင်းကုန်ပြီဆိုတဲ့ သတင်းမျိုး ရလာတာတောင် မလွှတ်နဲ့လို့ ဆိုချင်သလား"

အကြာကြီး ငြိမ်ကျသွားပြန်သည်။ သူ့မေးခွန်းက သူတို့ကို ဦးနှောက်ခြောက်သွားစေတယ်ဆိုတာ သိပ်သေချာသွားသည်။ ဂျိုဒယ်က ချောင်းဟန့်သံတစ်ချက်နှင့် ပြန်စသည်။

"စစ်စလီကျွန်းပေါ်ကို ကမ်းခြေတက်စစ်သားတွေ တက်တိုက်ပြီဆိုတဲ့ သတင်းအတိအကျရမှ ရိုင်းဟတ်ကို ကူးခိုင်းရမယ်၊ အဲဒီအချိန်ကျမှနော်၊ ခင်ဗျား သဘောပေါက်တယ် မဟုတ်လား"

ကက်ဆလ်ရင်းက စကားကို တမင်ကလာ မှားပြောပစ်လိုက်သည်။

"လေထီးစစ်သားတွေ ဆင်းကုန်ပြီဆိုတဲ့သတင်း အတိအကျ ရလာတဲ့ အခါကျလျှင် . . ."

ဂျိုဒယ့်လေသံက မာသည်၊ ပြတ်သည်။

"ကမ်းခြေတက် စစ်သားဗျ၊ ကျုပ် ပြောတာ ကမ်းခြေတက်စစ်သားပါ၊ ခင်ဗျား အခု ကျုပ်ပြောတာကို နားလည်သဘောပေါက်သွားပြီ မဟုတ်လား"

"ကောင်းကောင်းကြီး နားလည်သွားပြီ၊ သည်ဘက်မှာလည်း အသံဗလံတွေ သိပ်ဆူနေတယ်ဗျာ" ဟု ကက်ဆလ်ရင်းက ငေါ့တော့တော့ ပြောပြီး စကားပြောခွက်ကို ပြန်ချပစ်လိုက်သည်။ လေထီးစစ်သားနဲ့ ကမ်းခြေတက်စစ်သား အကွာကြီး ကွာတယ်ဆိုတာ သူလည်း သိပေသပေါ့။ ရန်သူ၏ ပထမထိုးစစ်မှာ ညသန်းခေါင်ယံမတိုင်ခင် လရောင်ရှိနေခိုက် လေထီးစစ်သား



များကို ချပေးလိမ့်မည်။ ကမ်းခြေတက် စစ်သားများကတော့နောက် သုံးလေးနာရီ ကြာမှ တက်တိုက်ကြလိမ့်မည်။ သည်တော့ သူ့အစီအစဉ်အရဆိုလျှင် ရိုင်းဟတ်ကို သုံးလေးနာရီ ကြိုလွှတ်နိုင်လိမ့်မည်။ သူ မှန်းတာ မမှားဘူးဆိုလျှင် လေထီးစစ်သားများ ဆင်းပြီဆိုသော သတင်းကို ညသန်းခေါင်ယံ မတိုင်မီ ကပ်၍ ကြားရဖွယ် ရှိသည်။ ထိုသတင်းရသည်နှင့် တစ်ပြိုင်နက် ကာရစ်ဒီကို ချက်ချင်း ကူးလာခိုင်းမည်။

သူက တယ်လီဖုန်းနှင့် ကော်ဖီ လှမ်းမှာလိုက်ပြီးနောက် မက်ဆီနာသို့ ပို့မည့် အမိန့်ကို ထပ်ပြင်လိုက်သည်။

တော်တော်အလုပ်များဦးမည့် ညတစ်ညပါလား။

❑

ကမ်းနားလမ်းပေါ်သို့ ဖြတ်တက်ရမည့် အချိန်မှာ သူတို့အတွက် အလွန်အရေးအကြီးဆုံးအချိန်ဖြစ်ကြောင်း သိသောကြောင့် ပီထရီက မော်တော်ကားကို စက်ပြန်နှိုးပြီး ခပ်ဖြည်းဖြည်း မောင်းထွက်လိုက်ချိန်တွင် အတော်ကလေး မှောင်မိုက်နေလေပြီ။ အကွေ့တစ်ခုကို လွန်သောအခါ လမ်းဖြောင့်အတိုင်း အရှိန်ဖြင့် မောင်း၍ တောင်ကုန်းကလေးတစ်ခုအပေါ် တက်လိုက်သည်။ ထို့နောက် ကားအရှိန်ကို ချက်ချင်း ပြန်လျှော့ချလိုက်သည်။ လူနာတင်ကားသည် တောင်ကုန်းထိပ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် လေမုန်တိုင်းက လူနာတင်ကား၏ ရှေ့လေကာမှန်ကို တအားကုန် ဝင်ဆောင့်သည်။ ထို့အတူ တိမ်တိုက်များကြားမှ လပြူထွက်လာပြန်သဖြင့် အရပ်သုံးမျက်နှာမှ မြင်ကွင်းကျယ်ကြီးကို စ,မြင်လိုက်ရသည်။ တစ်ဖန် လေမုန်တိုင်းကလည်း ကားလက်ကိုင်ဘီးကို ဆောင့်ဆောင့်ဆွဲနေသလို ပီထရီ ခံစားလိုက်ရသည်။

အရှေ့ရှူးရှူးတွင် ကားလမ်းမကြီးသည် မြင်းဇက်ကြိုးများလို ပလာမိုမှ မက်ဆီနာအထိ ဖောက်ထားသော မီးရထားလမ်းနှင့် ပြိုင်ပြေးနေသည်ကို ခပ်ဝါးဝါး ခပ်ဖျော့ဖျော့ မြင်နေရသည်။ သို့သော် ကိုက်နှစ်ရာခန့် အရောက်တွင် တောင်စွယ်တစ်ခု၏ နောက်ဘက်၌ ပျောက်ကွယ်သွားပြီးနောက် ကားလမ်းကို ပြန်မြင်ရသောအခါ မီလပ်ဇိုမြို့ဆီသို့ ဦးတည်နေပြန်သည်။ ထိုလမ်းမကြီးသည် အနောက်ရူးရူးရှိ ပလာမိုမြို့ဆီသို့ ဦးတည်နေသည်ကိုလည်း တစ်ချက်တစ်ခေါ်ကြီး မြင်နေရသည်။ သူတို့ ရှေ့တည့်တည့်ရှိ မြောက်ရူးရူးအရပ်တွင်မူ လှိုင်းလုံးကြီးများက ကမ်းခြေကို တဝုန်းဝုန်း လာရောက် ရိုက်ခတ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဒေါသူပုန်ထနေသည့် ပင်လယ်ပြင်ကြီးကို မြင်နေကြရသည်။ လမ်းမကြီးပေါ်တွင် တင့်ကားများ၊ ထရပ်ကားများဖြင့် စုစုဝေးဝေး ချီတက်သွားလာနေသည့် စစ်တပ်များ ရှိနေလေမလားဟု တွေးပူခဲ့ရသည့် သူတို့၏ သောကမှာ လွင့်စဉ်ပျောက်ကွယ်သွားလေပြီ။ မြင်ကွင်းထဲတွင် ဘယ်သူမှမရှိ၊ ဘာမျှမရှိကြချေ။ ပင်လယ်ထဲတွင်လည်း ဘာမျှ မရှိပါ။

"ကျုပ်တို့လူစုဟာ မွေးကတည်းက ကံကောင်းလာတဲ့ လူတွေဖြစ်ရမယ်"

ပီထရီသည် ကားလက်ကိုင်ဘီးပေါ်တွင် ကိုယ်ကိုကိုင်း၍ လမ်းခွဲနှင့် လမ်းမကြီးဆုံရာ လမ်းဆုံဆီသို့ တောင်ဆင်းလမ်းအတိုင်း ခပ်ဖြည်းဖြည်း မောင်းဆင်းနေသည်ကို ဂျွန်ဆန်က သတိပြုမိလိုက်သောကြောင့် သူ့ကိုယ်သူ ပြန်ပြောသလိုလိုဖြင့် စောင်းပြောလိုက်ခြင်း ဖြစ်သည်။ သူက ဘယ်လို ကိစ္စမျိုးတွေကို တွေးပြီး စိတ်ပူနေရပြန်တာလဲ။

လူနာတင်ကားသည် လမ်းဆုံသို့ အရှိန်ခပ်ဖြည်းဖြည်းဖြင့် ရောက်ရှိလာပြီးနောက် တောင်စွယ်နှင့် ကွယ်နေသောကြောင့် မမြင်ခဲ့ရသော ညာဘက်ရှိ လမ်းမကျယ်ကြီးဆီသို့ ပီထရီက စိုက်ကြည့်နေသည်။ ယခု သူတို့ ကားမောင်းလာသော လမ်းခွဲကလေးသည် မီးရထားသံလမ်းကို ကျော်ဖြတ်ပြီးနောက် လမ်းမကျယ်ကြီးနှင့် သွားပူးပေါင်းသည်။ ထိုနေရာမှ လွန်သည်နှင့်တစ်ပြိုင်နက် ပင်လယ်ထဲသို့ ထိုးထွက်နေသော အငူနှင့်ယှဉ်၍ ပင်လယ်ထဲသို့ တစ်မျှော်တစ်ခေါ်ကြီး ထိုးထွက်နေသည့် သဲသောင်စပ်ကို မြင်နေရသည်။ သဲသောင်စပ် ထိပ်ပိုင်းတွင် ကျောက်စရစ်ခဲအနည်းငယ် ရှိနေသည်။ သဲသောင်ပြင်ပေါ်တွင် ဝိုင်ယာကြိုးများ မရှိသဖြင့် မိုင်းဗုံးတော့ရှိဟန် မတူချေ။ ပင်လယ်ရေ တက်လာသည့်အခါ လွတ်လွတ်ကင်းကင်းရှိအောင် သဲသောင်ပြင်ပေါ် ဆွဲတင်ထားသော တံငါလှေကလေးများသာ ရှိနေသည်။

ပီထရီသည် မီးရထားသံလမ်းပေါ်သို့ ဖြတ်မောင်းတက်လိုက်သည်။ ထို့နောက် ဆောင့်ကြီးအောင့်ကြီးဖြင့် လမ်းမကျယ်ကြီးပေါ်ရောက်လာသည်။ သူက လမ်းမကျယ်ကြီးပေါ်သို့ ကွေ့ရန် ဟန်ပြင်လိုက်စဉ် တောင်စွယ်နှင့် ကွယ်နေသောကြောင့် မမြင်ခဲ့ရသော တောင်ကုန်းအောက်ခြေကို လှမ်းမြင်လိုက်ရသည်။ ထိုမြင်ကွင်းကို လျှပ်တစ်ပြက် မီးဖြင့် ဓာတ်ပုံရိုက်ယူသလို သူ့မျက်စိထဲတွင် ပြည့်ပြည့်စုံစုံ သူ မြင်လိုက်သည်။ တစ်စီးနှင့်တစ်စီး နီးနီးကပ်ကပ် မောင်းလိုက်လာသောကြောင့် ဆင့်ကဲဆင့်ကဲ ဝင်တိုက်မိနေပုံရသည့် ထရပ်ကား



သုံး လေးစီးကြောင့် လမ်းပိတ်နေလေပြီ။ ပြီးတော့လည်း နောက်ဘက်တံခါးကို ဖွင့်ထားသော လူနာတင်ကားက တစ်စီး…

ဤတွင် ပီထရီသည် လမ်းမကျယ်ကြီးကို ကျော်ဖြတ်၍ သဲသောင်ပြင်ပေါ်သို့ တန်းဆင်းလိုက်သည်။ ကမ်းခြေနှင့် ပင်လယ်အကြားရှိ သဲသောင်ပြင်အတိုင်း ဆက်မောင်းသွားရာ တဝီးဝီး မြည်အောင် လာရိုက်ခတ်နေသော လှိုင်းလုံးကြီးများ၏ အသံက နားထဲတွင် ပဲ့တင်ထပ်လာ၏။ အင်ဂျလိုက သူ့ကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သော်လည်း စ,စကားပြောသူက အက်ဒဝပ် ဂျွန်ဆန်။

"ဂျိမ်း…ခင်ဗျား ဘာတွေ လျှောက်လုပ်နေတာလဲ"

"အန္တရာယ်နဲ့ ထိပ်တိုက်တိုးမှာစိုးလို့ ရှောင်လိုက်တာကွ၊ သည်ကနေ ကိုက်တစ်ရာ နှစ်ရာလောက် ဝေးတဲ့ လမ်းမကြီးပေါ်မှာ ကားတိုက်မှုဖြစ်ပြီး လမ်းပိတ်နေတယ်၊ လူနာတင်ကားတစ်စီးလည်း အဆင်သင့် ရောက်နေတယ်၊ တို့ကလည်း လူနာတင်ကားနဲ့ဆိုတော့ အဲဒီနေရာကို မသိချင်ယောင်ဆောင်ပြီး ကျော်သွားဖို့ ဖြစ်ပါ့မလား၊ ဟိုမှာ ကားတိုက်မှု ဖြစ်နေတာက ဂျာမန် ထရပ်ကားတွေကွ"

"ကျုပ်တို့ သည်မှာ စောင့်နေရမှာလား"

ဂျွန်ဆန်က စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် ပီထရီက သဲသောင်ပြင်တစ်လျှောက် ဆက်မောင်းသွားသောကြောင့် တအံ့တသြ ပိုဖြစ်ရပြန်သည်။ ဘယ်ဘက်တွင် ရှိနေသော ပင်လယ်ပြင်ထဲမှ လှိုင်းလုံးကြီးများကလည်း သူတို့ကို ဝါးမျိုသွားတော့မလို ကြွကြွထလာသည်။

ပီထရီက ပြန်ဖြေသည်။

"တို့ ဘယ်နေရာမှာမှ မစောင့်ဘူး၊ စောင့်ဖို့လည်း အချိန်မရှိတော့ဘူး၊ ငါ သည်ကို မလာခင်တုန်းက သည်နေရာတစ်ဝိုက်မှာ ရှိတဲ့ ပင်လယ်ကမ်းခြေကို ကောင်းကင်က ဓာတ်ပုံရိုက်ယူလာတဲ့ မြေပုံတွေကို အသေးစိတ် လေ့လာခဲ့တယ်။ အခု တို့သွားနေတဲ့ လမ်းဟာ အရေးကြုံလျှင် သွားကောင်းသွားရလိမ့်မယ်လို့ ကြံမှန်းထားခဲ့တဲ့ လမ်းပဲ၊ ငါ သည်နေရာကို ကောင်းကောင်း မှတ်မိတယ်။ သည်သောင်ပြင်ဟာ သည်အငူအတိုင်း မိုင်ဝက်လောက် ပင်လယ်ထဲကို ထိုးထွက်သွားတယ်၊ အဲဒီနောက်တော့ အခု မော်တော်ကားတိုက်မှု ဖြစ်တဲ့နေရာ အလွန်မှာ အထဲ ပြန်ဝင်လာပြီး လမ်းမကြီးနဲ့ ပြန်ဆုံလိမ့်မယ်"

ဂျွန်ဆန်က ကန့်ကွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား သည်ပင်လယ်ကို ကားနဲ့ပတ်လို့ ဘယ်ဖြစ်ပါ့မလဲ"

"ငါ့စိတ်ကူးကတော့ အဲဒီလိုလုပ်မလို့ဘဲ ကိုယ့်လူ၊ ကောင်းကင်က ဓာတ်ပုံရိုက်ယူလာတဲ့ မြေပုံအရဆိုလျှင် သည်အငူပတ်ပတ်လည်မှာ သောင်ပြင် တစ်စပ်တည်း ရှိနေတယ်၊ ကဲ… ကျုပ် မြေပုံ အဖတ်မမှားပါစေနဲ့လို့သာ ဆုတောင်းကြပေတော့ ကိုယ့်လူတို့"

ပီထရီက ကားကို ဆက်မောင်းသွားသည်။ လေမုန်တိုင်းက ပိုထန်လာ သလို ပင်လယ်ကလည်း တဖြည်းဖြည်း မြင့်တက်လာသည်။ ရေပါပုံရသော လှိုင်းလုံးကြီးများသည် ပင်လယ်အငူစွန်းဆီသို့ တလူးလူးတလွန့်လွန့် လာနေကြ သည်မှာ ခေါင်းမူးချင်စရာပင်။ ပင်လယ်အငူနှင့် ရေစပ်အကြားရှိ သဲသောင်ပြင် မှာ လှူနှာတင်ယာဉ် ကားတစ်စီး သွားသာရုံသာသာလောက်သာ ကျယ်သည်။ တချို့ နေရာများတွင် ပင်လယ်လှိုင်းလုံးကြီးများသည် ကားရောက်မလာမီ သောင်ပြင်ပေါ် လိမ့်တက်လာပြီးနောက် အငူစွန်းနှင့် ထိတွေ့ရိုက်ခတ်ပြီး ပြန်ဆင်းသွားကြသည်။

ကျောက်စရစ်ခဲပေါ် ကားမောင်းရတာကလည်း ခက်သည်။ တည် တည်ငြိမ်ငြိမ် မရှိလှသော ကျောက်စရစ်ခဲများပေါ်တွင် မောင်းနေရသောကြောင့် ကားဘီးချော်သွားနိုင်သလို ကား၏ ရှေ့ညာဘက် ရွံ့ကာကလည်း ညာဘက်ရှိ ကျောက်နံရံနှင့်ထိရန် တစ်ပေခန့်သာ လိုတော့သည်။ အကယ်၍သာ သဲ သောင်ပြင်ပေါ်တွင် ပင်လယ်ရေ လွှမ်းနေပြီး ရှေ့ဆက်တိုး၍ မရသော နေရာသို့ ရောက်ခဲ့သော် လမ်းမကြီးပေါ် ပြန်တက်ရန်အတွက် နောက်ပြန်ဆုတ်၍လည်း ရမှာ မဟုတ်တော့ဟု ဂျွန်ဆန်က တွေးလိုက်သည်။

ပီထရီ့ခေါင်းထဲသို့လည်း သည်အတွေးမျိုး ဝင်လာသေးသည်။ သို့ သော် အချိန် သိပ်နည်းနေပြီဖြစ်သဖြင့် စွန့်စွန့်စားစား မလုပ်၍လည်း မရတော့ ချေ။ အကယ်၍ မက်ဆီနာသို့ အချိန်မီ မရောက်ခဲ့သော်၊ အကယ်၍ စစ်ကူလာ သည့် ဂျာမန်စစ်တပ်ကြီးသာ ရေလက်ကြားကို ဖြတ်ကူးသွားနိုင်ခဲ့သော်၊ သူတို့ သည်လာပြီး ယခုလို စွန့်စွန့်စားစား လုပ်နေသည့် ကိစ္စများသည် တစ်စက် ကလေးမျှ အဓိပ္ပာယ်ရှိတော့မည် မဟုတ်ချေ။ မလာခဲ့ကြတာကမှ ခပ်ကောင်း ကောင်း ဖြစ်လိမ့်ဦးမည်။ သူကတော့ သည်အလုပ်ကို မဖြစ်မနေ ဖွဲ့ရှိရှိလုပ်မည် ဟု သန္နိဋ္ဌာန်ချထားသည်။ လှူနှာတင်ကားကို အငူစွန်းမှ ကွေ့ပတ်၍ လမ်းမကြီး ပေါ် ပြန်ရောက်သည်အထိ လူသားတစ်ယောက်အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းမည်။ သို့သော် တစ်နာရီမိုင် လေးဆယ်ခန့် ပြင်းထန်သော လေမုန်တိုင်း



ကျသည့်အခါမျိုးတွင် ပင်လယ်ရေပြင်သည် မည်သည့်နေရာအထိ ရောက်ရှိ လွှမ်းမိုးတတ်သည် ဆိုတာကိုတော့ လေငြိမ်သည့်အချိန်က ဓာတ်ပုံရိုက်ယူခဲ့ သည့် မြေပုံများကလည်း ဖော်ပြနိုင်စွမ်းရှိမည် မထင်။

ဓာတ်ပုံရိုက်ထားသော ကောင်းကင်မြေပုံအရ ဆိုလျှင် အငူစွန်းထိပ်ရှိ သဲသောင်ပြင်မှာ သိပ်ကျဉ်းလွန်းနေသည်။ ထို့ကြောင့် ထိုနေရာတစ်ပိုက်တွင် ဘီးနှစ်ဘီးကို ရေထဲချပြီး မောင်းရလိမ့်မည်ဟု သူ ထင်သည်။ သို့သော် ကားပေါ်တွင် ပါလာသူများ အတွေးမနက်အောင် တမင်ထိမ်ချန်ထားသည့် အချက်တစ်ချက်တော့ ရှိသည်။ အဲဒါကတော့ ရေထဲသို့ ကားဘီးနှစ်ဘီးချပြီး မောင်းနေရ ချိန်တွင် ရေထဲရှိ ကမ်းခြေသည် ပြေလျှောလျှော ဖြစ်မနေဘဲ စောက်ကြီး ဖြစ်နေလျှင် ဘယ့်နှယ်လုပ်မလဲဆိုသည့် အတွေးပင်တည်း။

သူ ကားကို ဆက်မောင်းလာစဉ် သဲသောင်ပြင်သည် တဖြည်းဖြည်း ပိုကျဉ်းလာသည်။ သူ့ညာဘက်တွင် ရှိနေသော မတ်မတ်စောက်စောက် ရှိလှသည့် ကျောက်နံရံကြီးသည် ရေစိုနေသောကြောင့် လရောင်အောက်တွင် ပြောင်ပြောင်လက်လက် ဖြစ်နေသည်။ ကားထဲမှ ဘယ်ဘက်သို့ လှမ်းမျှော် ကြည့်လိုက်လျှင်မူ ပင်လယ်ပြင်ကြီးကို ပွက်ပွက်ဆူနေသလို မြင်ရသည်။ လှိုင်းလုံးကြီးများသည် တဖြည်းဖြည်းဖြင့် ပိုကြီးမားလာရာ လှိုင်းလုံးထိပ်ဖျား သည် လူတစ်ရပ်နီးပါး မြင့်တက်လာပြီးနောက် အစိတ်စိတ်အမွှာမွှာ ပြိုကွဲ သွားပြီး သဲပြင်ပေါ်တွင် ကော်ဇောခင်းလိုက်သလို ကားအောက်သို့ ဝေါခနဲ လိမ့်ဝင်လာသည်။ ရေဂါလံ ပေါင်းများစွာ ပါဝင်သော ပင်လယ်လှိုင်းလုံး ကြီးများ ကမ်းခြေသို့ ဖျတ်ခနဲ လာရောက် ရိုက်ခတ်သံမှာ အသည်းယားစရာ၊ စိတ်ဓာတ် ချောက်ချားစရာကောင်းလှသည်။ ပင်လယ်ရေ တစ်စက် နှစ်စက် သည် သူ့ပါးပြင်ပေါ်သို့ ဖျတ်ခနဲ လာရောက်ထိတွေ့ပြီး အောက်ဘက်သို့ စီးဆင်းသွားသည်။ လှိုင်းလုံးကြီးများသည် ယခင်ကထက် ပိုနီးလာလေပြီ။

"ဟော့…အက်ဒဝပ်! မင်းနောက်ဘက် မှန်တံခါးပေါက်ကတစ်ဆင့် လမ်းမကြီးဆီကို စောင့်ကြည့်ပေးစမ်း"

လမ်းမကြီးပေါ်ရှိ အနောက်ဘက်အရပ်ဆီမှ လာနေသော ကား တစ်စီးစီးက သူတို့ 'ကား' ရေထဲဆင်းပြီး သေကြောင်းကြံစည်သလို လုပ်နေ သည်ကို မြင်သွားမှာကိုလည်း စိုးရိမ်နေရသေးသည်။ သို့သော် ရထားလမ်းဆုံကို သူ ကျော်ဖြတ်ခဲ့စဉ်က လမ်းမကြီးပေါ်၌ တစ်မျှော်တစ်ခေါ်ကြီး လမ်းရှင်းနေ သောကြောင့် သည်အတိုင်း ဆက်မောင်းသွားနိုင်လျှင် လွတ်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှေ့လေကာမှန်အပေါ်၌ လာကပ်နေသော ရေမှုန်ရေအမွှားများကို သုတ်ပစ်ရန်အတွက် မျက်မှောင်ကုတ်ရင်း ရေသုတ်လက်တံခလုတ်များကို စတင်လှုပ်ရှားစေလိုက်သည်။ သူ့ရှေ့ခပ်ဝေးဝေးတွင် တစ်ခဲနက် အုံကြွနေသော ပင်လယ်ရေမျက်နှာပြင်သည် ကျောက်ဆောင်နံရံ ခြေရင်းအထိ ရောက်ရှိလာပြီး နောက် သဲသောင်ပြင်ကို ဖုံးလွှမ်းသွားသလို မြင်နေရသည်။ သို့သော် သည်ကိစ္စမှာ အလင်းရောင် အားနည်းနေချိန်၌ အမြင်မှားတာမျိုးလည်း ဖြစ်နိုင်သည်။

ဆဲလ်ဗားတစ်ယောက် ချောင်းဟန့်လိုက်သံကို ကြားရသောကြောင့် အင်ဂျင်ဘက်သို့ ကပျာကယာ လှည့်ကြည့်လိုက်ရာ မီးညှိထားသော စီးကရက်တစ်လိပ်ကို ခဲရင်း သည်အခက်အခဲထဲမှ မသေမပျောက် လွတ်လာနိုင်စွမ်း ရှိမရှိ မျက်စိကို ခပ်မှေးမှေးလုပ်ရင်း အကဲခတ်နေသည်ကို တွေ့လိုက်ရသည်။ ဤတွင် သူ့နောက်ရှိ ဂျွန်ဆန်က တည်တည်ငြိမ်ငြိမ် လေသံဖြင့် ပြောလိုက်၏။

"ဂျိမ်း…ကိုယ် ကားထဲကထွက်ပြီး မော်တော်ကားရှေ့က ကြိုလမ်းလျှောက်သွားလျှင် ပိုကောင်းလိမ့်မယ် ထင်တယ်။ သည်လိုလုပ်လျှင် နည်းနည်းတော့ ပိုနှေးသွားလိမ့်မယ်၊ ဒါပေမဲ့ ရှေ့မှာ ဘယ်လို အန္တရာယ်မျိုး ရှိနေတယ်ဆိုတာကို အချိန်မနှောင်းခင် သိဖို့ကောင်းတယ်၊ လမ်းမကြီးဆီကိုတော့ ဆဲလ်ဗားက စောင့်ကြည့်ပေးလျှင် ဖြစ်မှာပါ"

အက်ဒဝပ်ဂျွန်ဆန် ကားနောက်ဘက်ပေါက်မှ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကို ကျောက်နံရံနှင့် ဝင်တိုးမိလု နီးပါးဖြစ်သွားအောင် လေမုန်တိုင်းက ခပ်ကြမ်းကြမ်း တိုက်ခတ်ပစ်လိုက်သည်။ သူသည် မော်တော်ကားကိုယ်ထည်နှင့် ကျောက်ဆောင်နံရံကြားမှ ကျပ်ကျပ်သပ်သပ် တိုးဝှေ့ပြီး ကားရှေ့သို့ လာခဲ့ရာတွင် အောက်ဘက်ရှိ ချောနေသော ကျောက်စရစ်ခဲများကြောင့် ခဏခဏ ခြေချော်နေသည်။ သူ ကားရှေ့သို့ ယိုင်တီယိုင်တိုင်ဖြင့် ရောက်လာသောအခါ လေသည် ပိုပြင်းထန်လာသလို ထင်ရသည်။ သူသည် တဝီးဝီးမြည်အောင် တိုက်နေသော လေကြောင့် အောက်ခြေယိုင်၍ လဲကျမသွားအောင် ကိုယ်ကို တောင့်ခံ၍ ထိန်းထားရစဉ် လှိုင်းလုံးကြီးများသည် သူ့ဆီသို့ အရှိန်အဟုန် ပြင်းစွာဖြင့် လိမ့်လာကြသည်။ ရေမှုန်ရေမွှားများကလည်း သူ့မျက်နှာနှင့် သူ့အဝတ်အစားများကို ရွှဲရွှဲစိုသွားစေသည်။ တစ်ဖန် အငူစွန်းဆီမှ ကြားနေရသော တဝုန်းဝုန်း မြည်နေသည့် လှိုင်းပုတ်သံများကလည်း အငူစွန်းကိုပင် မရွေ့ရွေ့အောင် တိုးဝှေ့တိုက်ခတ် တွန်းဖယ်ပစ်နေကြသလို စိတ်ချောက်ချားဖွယ်ရာ ကောင်းလှသည်။



သူသည် ခေါင်းငုံ့ပြီး လျှောက်လာရာ ခဏခဏ ခြေချော်နေသဖြင့် ရှေ့သို့ ကြိုးစားပြီး လှမ်းလာခဲ့သည်။ မကြာခဏ ဆိုသလို တဖြည်းဖြည်းဖြင့် ပိုကျဉ်းသွားပုံရသော သူ့ရှေ့မှ သဲသောင်ပြင်ကို လှမ်းလှမ်းကြည့်နေသည်။ မကြာမီ ဂျွန်ဆန်သည် ဒူးဆစ်အထိ မြုပ်သော ရေထဲတွင် ရောက်နေသည်။ ဒါကလည်း သူနှင့် ကျောက်သားနံရံကြားတွင် မော်တော်ကား သွားနိုင်အောင် လမ်းနေရာ ပေးလိုသောကြောင့် ရေစပ်သို့ တမင် ဆင်းလျှောက်နေခြင်း ဖြစ်သည်။ သို့တိုင်အောင် တချို့နေရာများတွင် ပီထရီသည် ကားကို ရေထဲသို့ ဘီးနှစ်ဖက်ချပြီး မောင်းရလိမ့်မည်ကို သူ သိထားသည်။

"သဘောတူတယ်၊ မင်း ဟိုရေစပ်က ကျောက်စရစ်ခဲတွေကိုတော့ သတိထားနော်၊ ဝုန်းခနဲ ပြိုကျသွားနိုင်တယ်"

အက်ဒဝပ်ဂျွန်ဆန်တစ်ယောက် အငူစွန်းနှင့် နီးလာသောအခါ ကျောက်ဆောင်အငူ၏ အနေအထားမှာ စတင်ပြောင်းလဲစ ပြုလာသည်။ တချို့နေရာများတွင် ကျောက်သားနံရံအောက်ခြေသည် အတွင်းဘက်သို့ အတော်ခပ်များများ လှိုက်စားနေပြီး အောက်ဘက်တွင်လည်း ကျောက်စရစ်ခဲများအစားသဲများကိုသာ တွေ့နေရသည်။ အငူစွန်းဆီမှ ကြားနေရသော လှိုင်းပုတ်သံမှာ တဝီးဝီး မြည်နေသော လေသံထက် ပိုကျယ်လာသလို လူနာတင်ကားကလည်း သူ့နောက် ကိုက်နှစ်ဆယ်အကွာမှ ခပ်မှန်မှန် လိုက်လာသည်။ သည်ရှူးနှမ်းနှမ်းစွန့်စားမှုသည် အောင်မြင်နိုင်ပါ့မလားဟူ၍လည်း သူ့ကိုယ်သူ အဆက်မပြတ်မေးခွန်းထုတ်နေမိသည်။

တိမ်တိုက်များကြားမှ ဖောက်ထွင်းကျဆင်းလာသော လရောင်ကြောင့် တပြောင်ပြောင် တလက်လက် ဖြစ်နေသည့် လှိုင်းလုံးကြီးများသည် ကျောက်တုံး ကျောက်ခဲကြီးများနှင့် ဝင်တိုးမိပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားရာ အထက်ဘက်သို့ ရေမှုန်ရေမွှားများ လွင့်တက်လာကြသလို လေမုန်တိုင်းက ထိုရေမှုန်ရေမွှားများကို သယ်လာပြီး ကျောက်သားနံရံ (ကမ်းပါး) ကို ပက်ဖျန်းလိုက်ပြန်သည်။ အက်ဒဝပ်ဂျွန်ဆန်သည် မျက်နှာပေါ်မှ ရေမှုန်ရေမွှားများကို လက်ဖြင့် သပ်ချရင်း နောက်မှ ပါလာသော ကားကို လှည့်ကြည့်လိုက်ရာ လေနှင့်အတူ ပါလာသော ရေမှုန်ရေမွှားများကြောင့် ကားရှေ့မီးရောင် ဝါးသွားသည်ကို တွေ့လိုက်ရသည်။ သည်အငူစွန်းကို အောင်အောင်မြင်မြင် ပတ်နိုင်တော့မှာ မဟုတ်ဟု သူ့စိတ်ထဲတွင် တထစ်ချ ယူဆလိုက်သည်။ သဲသောင်ပြင်သည် အငူစွန်းကို ပတ်၍ တစ်ဆက်တစ်စပ်တည်း ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှ ဓာတ်ပုံရိုက်ယူထားသော မြေပုံကို ကြည့်၍ ပီထရီ ဆုံးဖြတ်ခဲ့သည်မှာ မှားယွင်းသွားပုံရသည်။ ဘာပဲပြောပြော တကယ် ဖြစ်နိုင်စရာလည်း မရှိချေ။ သည်လို အင်္ဂူစွန်းမျိုးတွင် အင်္ဂူထိပ်၌ သဲသောင်ပြင် ရှိလေ့ရှိထ မရှိချေ။ သူက လှူမှာတင်ကားကို ကျောက်သားနံရံ ကမ်းပါးနှင့် ကွာမသွားအောင် လက်ဇော့ယမ်းပြ၍ သတိပေးရင်း ယိုင်တိယိုင်ထိုးဖြင့် ရှေ့သို့ ခရီးဆက်ခဲ့ရပြန်သည်။

ပီထရီက ၊ လမ်းလျှောက်သွားနေသော အက်ဒဝပ်ဂျွန်ဆန့်နောက်မှ လှူမှာတင်ကားကို ခပ်ဖြည်းဖြည်း မောင်းလိုက်နေစဉ် ကားထဲ၌ ရှိနေသူအားလုံးမှာ လျောင်ပိတ်ပြီး မိနေသလို ခံစားနေကြရသည်။ ရာသီဥတုမှာ အေးမြလှသည်။ သို့သော် မော်တော်ကားသည် ပင်လယ်ရေကြောင့် ချွေလျှားနေသော ကျောက်စရစ်ခဲများပေါ်တွင် မောင်းနှင်နေရစဉ် ခဏခဏ ဘီးချော်နေသဖြင့် သူတို့အားလုံး ကြောက်စိတ်ဖြင့် ချွေးပြန်နေသည်။ သဲသောင်ပြင်ပေါ်မှ ပြန့်ကျဲနေသော ကျောက်ခဲများသည် ကားဘီးအရှိန်ကြောင့် ဘေးဘက်သို့ လွင့်စဉ်သွားကြသလို၊ ကျောက်သားနံရံနှင့် လက်မအနည်းငယ်ခန့်သာ ခွာ၍ မောင်းနေရသော ပီထရီသည် လှိုင်းလုံးကြီးတစ်လုံး နံရံနှင့် ရိုက်မိပြီးနောက် ပြန်ကျသွားစဉ် လှူမှာတင်ကားကို ရေထဲသို့ ဆွဲချသွားတတ်သောကြောင့် ပါမသွားအောင် ကားလက်ကိုင်ဘီးကို အတင်းဖမ္မ ကိုင်၍ ထိန်းနေရရှာသည်။

လှူမှာတင်ကားသည် ရေလှိုက်စားထားသောကြောင့် ဂူသဏ္ဍာန်ဖြစ်နေသည့် နေရာတစ်ခု ဘေးမှ ကျော်ဖြတ်မောင်းနှင်သွားစဉ် သည်အထဲ၌ ဝင်ခိုနေပါက လှိုင်းဒဏ်လေဒဏ်မှ ကင်းလွတ်လိမ့်မည်ဆိုသည့် စိတ်ကူးနှင့် အင်ဂျလိုက ဂူကို တမ်းတမ်းတတ လှမ်းကြည့်လိုက်မိသည်။ ပီထရီသည် အာရုံစူးစိုက်၍ အင်္ဂူစွန်းထိပ်တွင် ရှိနေမည် ဖြစ်သော ကျွန်းကလေးကို လိုက်ရှာနေသည်။ သို့သော် အင်္ဂူစွန်းထိပ်တွင် ကျွန်းတစ်ကျွန်းမျှ မရှိချေ။ ဓာတ်ပုံထဲ၌ပါသော 'အရိပ်' တစ်ခုကို သူက 'ကျွန်း' ဟု အထင်မှားခဲ့လေသလားး။ ကျွန်းကလေးသာ ဤနေရာ၌ မရှိခဲ့လျှင် သည်အင်္ဂူကို ကွေ့ပတ်၍ မောင်းနိုင်သည်ဆိုသော သူ့အယူအဆမှာ သွက်သွက်ခါအောင် မှားသွားလေပြီ။ ပီထရီသည် ဖွင့်ထားသော ဘယ်ဘက်မှန် ပြတင်းမှ ပင်လယ်ဆီသို့ တစ်ချက်လှမ်းကြည့်ပြီး သူ့ဘက်သို့ လာနေသည့် လှိုင်းလုံးကြီးကို မြင်လိုက်ရသောကြောင့် မျက်တောင်ခတ်လိုက်မိသည်။



အလွန်ကြီးမားသော လှိုင်းလုံးကြီးတစ်ခုသည် ပင်လယ်ထဲတွင် တဖြည်းဖြည်းဖြင့် ပိုကြီးထွားလာရာ လှိုင်းလုံး၏ ထိပ်ဖျားသည် လှူမှာတင်ကားခေါင်မိုးထက်ပင် ပိုမြင့်နေပေသေးသည်။ ထိုလှိုင်းလုံးကြီးသည် ပြိုကွဲသွားမည့်ဟန် မရှိဘဲ ပို၍ပို၍ မြင့်မားလာရင်း ကမ်းခြေသို့ အပြေးအလွှား လာနေသည်။ ပီထရီက ကားကို ရပ်လိုက်ပြီး ပြတင်းပေါက်မှန်ကို ကမန်းကတန်း ပြန်တင်နေစဉ် အင်ဂျလိုကလည်း ယောင်ယမ်း၍ ညာဘက်တံခါး ဘေးနားတွင် ပုနေသည်။ သူတို့ ကားလေးသည် လှိုင်းလုံးကြီးအောက်ကို လုံးဝရောက်သွားပြီး နစ်မြုပ်သွားပေတော့မည်။ တစ်ဖန် ထိုကဲ့သို့ အင်အားကြီးမားလှသော လှိုင်းလုံးကြီး ပင်လယ်ထဲသို့ ပြန်သွားသောအခါ မော်တော်ကားလေးကို တုံးတုံးလဲအောင် လုပ်ပြီး ပင်လယ်ထဲသို့ ဆွဲချသွားနိုင်လောက်သည်။

သို့သော် ထိုလှိုင်းလုံးကြီးသည် ရေထဲမှာပင် ပြိုကွဲသွားပြီး လှိုင်းလုံးထိပ်ဖျားသည် မူလကထက် နိမ့်ဆင်းသွားရာ သုံးပုံတစ်ပုံခန့်သာ ကျန်ရှိတော့သလို ကားနားသို့ ရောက်သောအခါ ပိုနိမ့်ဆင်းသွားပြီး ခါးစောင်းခန့်သာ ရှိတော့သည်။ သူတို့အားလုံးသည် ထိုရေလုံးကြီး ဝင်ဆောင့်သည့်အရှိန်ကို သိသိသာသာကြီး ခံစားလိုက်ကြရသည်။ ကားသည်လည်း ဒယိမ်းဒယိုင်ဖြစ်သွားသည်။ ထို့နောက် မော်တော်ကား ပတ်ပတ်လည်တွင် ပင်လယ်ရေမြှေးခဲ ဖြစ်သွားသည်။ ထိုရေလုံးကြီးသည် ပင်လယ်ထဲသို့ ပြန်ဆင်းသွားပြီးနောက် နောက်ထပ် လိမ့်တက်လာသော လှိုင်းလုံးကြီးနှင့် ထိပ်တိုက်တိုးမိကြရာ ရေမှုန်ရေမွှားများသည် အပေါ်သို့ မြှေးခဲ ဖြာတက်သွားသည်။ ပီထရီက ကားစက်ကို ပြန်နှိုးလိုက်သည်။ စက်ပြန်မနိုးတော့ချေ။ ထို့နောက် ကားရှေ့ဘက်တွင် အက်ဒဝပ်ဂျွန်ဆန်တစ်ယောက် မရှိတော့သည်ကို တွေ့လိုက်ရသည်။

□

ဂျွန်ဆန်သည် ထိုလှိုင်းလုံးကြီး လာနေသည်ကို မြင်လိုက်သဖြင့် လိုဏ်ဂူသဏ္ဍာန် ဖြစ်နေသော ဂလိုင်ပေါက်ကြီးထဲသို့ ပြေးဝင်လိုက်သည်။ အဆိုပါ လိုဏ်ဂူပေါက်ကြီးမှာ အတော်ကလေး ကျယ်ဝန်းပြီး အထဲတွင် ပေတစ်ရာလောက် ရှည်လျားသည်။ သို့သော် လိုဏ်ခေါင်းမှာ ရှေ့ထောင့်ချိုးတစ်ခုတွင် ကွေ့ဝင်ပျောက်ကွယ်သွားသည်။ ပင်လယ်ရေလုံးကြီးသည် ဂျွန်ဆန့်နောက်မှ လိုက်လာပြီးနောက် သဲကြမ်းပြင်ပေါ်တွင် ပြန့်ကျဲစီးဆင်းသွားပြီး ပင်လယ်ဘက်ဆီသို့ ပြန်စီးသွားသည်။ ပေါင်ရင်းထိအောင် ရွှဲရွှဲစိုနေပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်ဆန်သည် အပေါက်ဝသို့ ပြန်ပြေးထွက်လာပြီးနောက် ထိုအချိန်တွင် မလှုပ်မရှား ရပ်နေသော ကားဆီသို့ လက်ဝှေ့ယမ်းပြလိုက်သည်။ ကားစက်နိုးသံ၊ စက်ပြန်ရပ်သွားသံတို့သည် သူ့ဆီ ရောက်လာရာ သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ မော်တာကို ရေစိုသွားလေပြီ။ မော်တော်ကားကို ထပ်စက်နိုးပြန်သည်။ စက်ပြန် သေသွားသည်။ ထို့နောက် တတိယအကြိမ် စက်ပြန်နိုးလိုက်သောအခါ စက်ပြန် ရပ်မသွားတော့ဘဲ ကားသည် ရှေ့သို့ တဖြည်းဖြည်း တိုးလာသည်။ ထိုအခိုက်တွင် လကို တိမ်ဖုံးသွားသောကြောင့် မှောင်မည်းသွားရာ ကားရှေ့မီးရောင်သည် ပိုစူးရှလာသည်။

ဂျွန်ဆန်သည် ထိုနေရာမှ စိတ်မပါ့တပါဖြင့် အင်္ဂူစွန်းဆီသို့ ဆက်လျှောက်လာရာ ချောနေသော ကျောက်စရစ်ခဲများပေါ်၌ သူ့ဘွတ်ဖိနပ်သည် ထကျွိကျွိ မြည်နေသည်။ ဟုတ်သည်။ ပီထရီ ထင်ခဲ့တာ မှားလေပြီ။ အင်္ဂူစွန်းထိပ်တွင် ကျောက်တုံးကျောက်ခဲကြီးများ အစုလိုက် အပုံလိုက် ရှိနေပြီး ထိုကျောက်ခဲပုံကြီးကို လှိုင်းလုံးကြီးများက တဝုန်းဝုန်း လာ၍ ရိုက်ခတ်နေကြောင်း သူ ဒိဋ္ဌကိုယ်တွေ့ မြင်နေရသည်။ ဤနေရာတွင် သဲသောင်ပြင် မရှိတော့ဘဲ ကျောက်တုံးကျောက်ခဲကြီးများကသာ သူတို့ သွားရာလမ်းကို ပိတ်ဆို့နေကြလေပြီ။ သူ နောက်ဘက်သို့ ပြန်ကြည့်မိပြီး တစ်ကိုယ်လုံး အေးစက်သွားပြန်သည်။

လူနာတင်ယာဉ်သည် ကျောက်စရစ်ခဲများသာရှိသည့် သောင်ပြင်၏ အကျဉ်းမြောင်းဆုံးနေရာသို့ ရောက်ရှိနေပြီး ပီထရီသည် ကားဘီးနှစ်ဘီးကို ရေထဲချ၍ မောင်းနေရလေပြီ။ သို့သော် လူနာတင်ယာဉ်သည် အလွန်စောက်သည့် ကမ်းခြေ၌ မောင်းနှင်နေရသောကြောင့် ပင်လယ်ဘက်သို့ တစ်ဖက်စောင်းနင်း ဖြစ်နေသည်ကို မြင်လိုက်ရသဖြင့် ထိတ်လန့်သွားခြင်း ဖြစ်သည်။

လူနာတင်ကားသည် ကျောက်သားနံရံကမ်းပါးမှ တစ်ပေ နှစ်ပေခန့် ဘီးချော်ထွက်လာပြီး ဒီဂရီ အနည်းငယ် နောက်ထပ် စောင်းသွားရုံမျှဖြင့် ဘေးသို့ လဲကျပြီး မှောက်သွားနိုင်သည်။ ထိုအချိန်တွင် အက်ဒဝပ်ဂျွန်ဆန် ဦးနှောက်ထဲ၌ လမ်းပိတ်နေသည့် ကိစ္စနှင့် တဝုန်းဝုန်း မြည်နေသော လှိုင်းပုတ်သံများ၊ တဝီးဝီး အော်မြည်နေသည့် လေမုန်တိုင်း အသံများ လုံးဝပျောက်ကွယ်နေသည်။ အက်ဒဝပ်ဂျွန်ဆန်သည် ကြောက်မက်ဖွယ်ရာ တစ်ဖက်စောင်းနင်း ဖြစ်နေသော ကားကိုသာ ထိတ်ထိတ်လန့်လန့် ကြည့်နေမိသည်။ ပီထရီကတော့ ယခုအချိန်အထိ လက်မလျှော့သေးဘဲ ကျားကုတ်ကျားခဲ ဇွတ်မောင်းနေရာ



ကားရှေ့မီးရောင်သည် ကြောက်စရာကောင်းလောက်အောင် ယိမ်းယိုး လှုပ်ရှားနေသည်။

ကားရှေ့ မီးရောင်တန်းနှစ်ခုသည် ပိုနီးလာသလို ညီညာသောမြေပြင်ပေါ်သို့ ရောက်လာသဖြင့် ပိုတည်ငြိမ်လာသည်။ ငှင်းနောက် နောက်ထပ်လှိုင်းလုံးကြီးတစ်လုံး လာရောက် ရိုက်ခတ်ချိန်တွင် ကားသည် မကြာသေးခင်က အက်ဒဝပ်ဂျွန်ဆန် ပြေးဝင်ခဲ့သေးသော လိုဏ်ဂူအပေါက်ဝနားဆီသို့ ရောက်နေလေပြီ။ ဂျွန်ဆန်သည် ရှေ့ဘက်သို့ ပြန်လှည့်လိုက်ပြီး သူ ခုနက မြင်ခဲ့တာ အမြင်မှားတာပဲ ဖြစ်ပါစေ၊ အင်္ဂူစွန်းထိပ်ဘက်တွင် ကားကွေ့ပတ်ပြီး မောင်းနှင်သွားနိုင်သော သဲသောင်ပြင် ရှိပါစေဟု ဆုတောင်းနေမိသည်။

သူသည် ကျောက်တုံးကြီးများအနက် အနီးဆုံး ကျောက်တုံးကြီးတစ်တုံးဆီသို့ ရောက်လာချိန်တွင် လှိုင်းလုံးကြီးမှ ရေမှုန်ရေမွှားများသည် သူ့တစ်ကိုယ်လုံးကို ရွှဲရွဲစိုသွားစေသည်။ ဝုန်းခနဲ မြည်သံကလည်း နားအူသွားနိုင်လောက်သည်။ သူက ပီထရီကို ဆက်လိုက်မလာရန် လက်ပြ၍ တားလိုက်ပြီးနောက် ရှေ့ဘက်သို့ ခြေကျင်လျှောက်သွား၍ ရ မရ သိလိုဇောဖြင့် ကိုင်ရတွယ်ရခက်အောင် ချောနေသော ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တွယ်ကပ်ပြီး တက်လိုက်သည်။ သူ ပေနှစ်ဆယ်လောက် တွယ်တက်မိပြီးသောအခါ အင်္ဂူစွန်းကို ကျော်၍ ပင်လယ်ရေပြင်ကြီးကိုသာမက အီတာလီအမ်အေအက်စ် စစ်ရေယာဉ်တစ်စင်း အင်္ဂူစွန်း၏ ဟိုဘက်မှ ကွေ့ဝိုက်ပြီး မောင်းနှင်လာနေသည်ကို မြင်လိုက်ရတော့သည်။ ကမ်းစပ်မှ နှစ်ဖာလုံခန့်ပင် မဝေးတော့သော ထိုစစ်ရေယာဉ်သည် အင်္ဂူစွန်းဆီသို့ စုံစမ်းထောက်လှမ်းရန် လှည့်လာနေလေပြီ။

အက်ဒဝပ်ဂျွန်ဆန်သည် ကျောက်တုံးကြီးပေါ်မှ အောက်ဘက်သို့ တစ်ဆင့်ပြီး တစ်ဆင့် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ခုန်ချလာရာ ကျောက်စရစ်ခဲများပေါ် ရောက်သောအခါ လဲပြိုသွားတော့မလို ဖြစ်ခဲ့ရသည်။ သူ့ကိုယ်သူ ပြန်ဟန်နိုင်သောအခါ သူက ကားကို ဂူပေါက်ဝထဲသို့ မောင်းဝင်သွားရန် ကမန်းကတန်း လက်ပြ၍ အချက်ပေးလိုက်သည်။ ပီထရီတို့ လူစုသည် သူ့ကို ကောင်းကောင်း မမြင်ကြ၍လော သို့တည်းမဟုတ် သူ လက်ပြနေသည့် အဓိပ္ပာယ်ကို နားမလည်၍လော မသိ။ သူ့ဆီသို့ တဖြည်းဖြည်း မောင်းလာနေရာ စက္ကန့်ပိုင်းအတွင်းတွင် ပုန်းခိုနိုင်သော နေရာကို လွန်သွားတော့မည် ဖြစ်သည်။

သူသည် အံ့စရာကောင်းလောက်အောင် မလဲမပြိုဘဲ ရှေ့ဘက်သို့ ပေသုံးလေးဆယ်ခန့် ရောက်အောင် ပြေးသွားပြီး လက်ဖြင့် ဝှေ့ယမ်းပြလိုက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လှေနာတင်ကားသည် ဘေးသို့ ဆွဲကွေ့လိုက်ပြီး ကျောက်သားနံရံနောက်ဘက်တွင် ပျောက်ကွယ်သွားသည်။ အက်ဒဝပ်ဂျွန်ဆန်သည် ရှေ့သို့ ယိုင်ထိုးယိုင်ထိုးဖြင့် အမ်အေအက်စ် စစ်ရေယာဉ် ကွေ့မလာမီ လှေနာတင်ကားကို မီအောင် ဂူပေါက်ထဲသို့ ကမန်းကတန်း ပြေးဝင်လိုက်သွားသည်။ သူသည် ကျောက်စရစ်ခဲများပေါ်သို့ ဒူးထောက်လျက် လဲကျသွားရာ ကျောက်စခရစ်ခဲများပေါ်တွင် လက်ဖဝါး နှစ်ဖက် ထောက်၍ ကိုယ်ကို ထိန်းလိုက်ရသည်။ သို့သော် အားအင်ကုန်ခမ်းသွားသောကြောင့် လေးဘက် ထောက်နေရစဉ် လှိုင်းလုံးကြီးတစ်လုံးက သူ့ကိုယ်လုံးအပေါ် လွှမ်းသွားသည်။ ရေစိုသွားသောကြောင့် ပြန်လန်းဆန်းလာသော အက်ဒဝပ်ဂျွန်ဆန်သည် ဦးထုပ်၊ ဂျာကင်၊ ဘောင်းဘီမှ စ၍ ရွဲရွဲစိုနေရင်းကပင် ဒယီးဒယိုင်ဖြင့် ဂူပေါက်ဝဆီသို့ လျှောက်သွားသည်။ ခြေကုပ်ကောင်းသော သဲပြင်ကို နင်းမိပြီ ဖြစ်ကြောင်း သိလိုက်ရသောအခါ သူသည် ကြိုးစားပြီး ရှေ့သို့ ဆက်ပြေးသည်။

လှေနာတင်ယာဉ်သည် ကွေ့ချိုးသွားသော ကျောက်သားနံရံနောက်တွင် ပျောက်ကွယ်သွားသလို ဂူပေါက်အဝင်တွင် ရှိနေသော ကားဘီးရာများသည်လည်း မကြာသေးမီကပင် လွှမ်းမိုးသွားသော ပင်လယ်ရေကြောင့် ပျောက်ပျက်သွားလေပြီ။ ကိုယ်ပေါ်မှ ရေတစက်စက် ကျနေပြီး တဆတ်ဆတ် တုန်နေသော အက်ဒဝပ်ဂျွန်ဆန်သည် စတ္တန့်ပိုင်းအတွင်းမှာပင် အမ်အေအက်စ် စစ်ရေယာဉ်၏ စက်သံကို ကြားရတော့မည်ဟု မျှော်လင့်ရင်း ရှေ့ဆက်ပြေးပြန်သည်။ တစ်ဖန် ထိုစစ်ရေယာဉ်သည် မည်သည့် အကြောင်းကြောင့်မှန်း မသိ၊ ကျောက်သားနံရံကို မီးမောင်းကြီးများဖြင့် ထိုးကြည့်နေရာ သူမပုန်းနိုင်ခင် မီးမောင်းကြီးသည် ဂူပေါက်ဝထဲသို့ ဝင်ရောက်လာပြီး သူ့အား မြင်တွေ့သွားမှာကို စိုးရိမ်နေမိသည်။ သည်စစ်ရေယာဉ်က ကမ်းခြေတက် စစ်သားများ ရှိ မရှိ လိုက်လံစစ်ဆေးနေတာများလား။ သူ မပြောတတ်တော့ပြီ။ သူ လွတ်လွတ်ကင်းကင်း ပုန်းနိုင်မည်ဖြစ်သော ကျောက်သားနံရံ၏ ထောင့်ချိုးတစ်ခုသို့ အရောက်တွင် ထိုထောင့်ချိုးထဲမှ ပီထရီ ဗြုန်းခနဲပေါ်ထွက်လာပြီး သူ့လက်ကို ဆွဲ၍ ကျောက်တုံးကြီးတစ်တုံးနောက်ဆီသို့ ခေါ်သွားသည်။

"အက်ဒဝပ်၊ မင်း နေကောင်းရဲ့လား၊ ဘာဖြစ်လို့လဲကွ"

အက်ဒဝပ်သည် အသက်ရှူ မှားနေသောကြောင့် စကားပြန်မပြောနိုင်သေးဘဲ အပေါက်ဝဆီသို့ လက်ညှိုးထိုးပြလိုက်သည်။ ပီထရီသည် နံရံထောင့်ချိုးမှ အသာအယာ ခေါင်းပြူ၍ ကြည့်လိုက်စဉ် ကုန်းပတ်ပေါ်ရှိ အချက်ပြမီးကို



ပိတ်လိုက်ဖွင့်လိုက် လုပ်ရင်း လှိုင်းလုံးကြီးပေါ်၌ နိမ့်လိုက်မြင့်လိုက် ဖြစ်နေသော အမ်အေအက်စ် စစ်ရေယာဉ်ကို မြင်လိုက်ရသည်။ ပထမတွင် သူတို့လူစုအား ရှာတွေ့သည့်အကြောင်း ကုန်းပတ်ပေါ်ရှိ တစ်ယောက်ယောက်အား အချက်ပြ၍ သတင်းပို့နေသည်ဟု ထင်လိုက်သောကြောင့် ကြောက်စိတ်ဝင်သွားသည်။ ထို့နောက် အငူစွန်းထိပ်ပိုင်းတွင် ရှိနေသော ကမ်းခြေစောင့် ကင်းတပ်ဖွဲ့အား အချက်ပြ သင်္ကေတဖြင့် အချက်ပေး ဆက်သွယ်နေခြင်းသာ ဖြစ်ကြောင်း တွေးမိသဖြင့် အက်ဒဝပ်ကို နှစ်သိမ့်စကား ပြောလိုက်သည်။

"ဟော့...အက်ဒဝပ်၊ ကိစ္စမရှိပါဘူးကွ၊ တို့ကို မမြင်တဲ့အပြင် ဆက်မောင်းသွားပါပြီ"

ဂျွန်ဆန်က အမောတကောဖြင့် ပြောလိုက်သည်။

"အမ်အေအက်စ် ရေယာဉ်ဗျ၊ ကမ်းပေါ်ကို မီးနဲ့ အချက်ပြနေတယ်၊ ရှေ့တိုးလို့လည်း မရတော့ဘူး၊ ကျောက်ခဲကြီးတွေ ခံနေပြီ"

"စိတ်မပူပါနဲ့ကွာ၊ စကားပြောဖို့လည်း မကြိုးစားပါနဲ့၊ အဲဒါက တို့ ခေါင်းပေါ်မှာ ရှိတဲ့ တပ်ဖွဲ့ကို လုပ်ရိုးလုပ်စဉ်အတိုင်း အချက်ပြနေတာပါ။ ကဲ...စိတ် အေးအေးချမ်းချမ်းသာ ထားပါတော့ အက်ဒဝပ်ရာ၊ မင်းက တို့ကို ကယ်လိုက်တာပါ၊ ကဲ...စိုနေတဲ့ အင်္ကျီ၊ ဘောင်းဘီတွေ ချွတ်ပြီး စောင်ထဲ ဝင်ကွေးနေစမ်းပါ၊ ဗီရိုထဲမှာ စောင်တွေ အများကြီး ရှိပါတယ်ကွ"

ပီထရီသည် ထောင့်ချိုးမှအလွန် ကျောက်နံရံဘေးတွင် မီးမဖွင့်ဘဲ ရပ်ထားသော မော်တော်ကားဆီသို့ ဂျွန်ဆန်ကို တွဲခေါ်သွားသည်။ ဆဲလ်ဗားက နောက်ဘက်တံခါးကို ဖွင့်ပြီး အက်ဒဝပ်ဂျွန်ဆန်ကို အပေါ်သို့ ဆွဲတင်ရင်း ခေါင်းညိတ်ပြလိုက်ရာ ပီထရီက ယာဉ်မောင်းသူ ထိုင်ခုံဆီ ပြန်သွားသည်။ ပီထရီတစ်ယောက် လက်ကိုင်ဘီးနောက်တွင် နေသားတကျ ဖြစ်သွားသောအခါ လရောင် ပျောက်ကွယ်သွားသဖြင့် လိုဏ်ဂူထဲတွင် မှောင်မည်းသွားပြန်သည်။ အက်ဒဝပ်ဂျွန်ဆန်ကမူ အင်္ကျီအဝတ်အစားများကို မချွတ်သေးဘဲ ပီထရီကို အရင် လှမ်းစကားပြောလိုက်သည်။

"ဂျိမ်း...တို့ သည်အငူကို ကွေ့ပတ်သွားလို့ မရတော့ဘူး၊ လမ်းမှာ ကျောက်ခဲကြီးတွေ ခံနေတယ်၊ သောင်ပြင်လည်း မရှိတော့ဘူး"

အင်ဂျလိုက နောက်ဘက်သို့ သမင်လည်ပြန်လှည့်ပြီး သူ့ကို စီးကရက်တစ်လိပ်ပေးလိုက်သည်။ မီးခြစ်ဆံ မီးရောင်ဖြင့် ပြုံးနေသော အင်ဂျလို၏

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကို မြင်လိုက်ရရာ ဂျွန်ဆန်တစ်ယောက် မတွေးတတ်အောင် ဖြစ်သွားသည်။

ပီထရီက သူ့ကို အားပေးစကား ထပ်ပြောပြန်သည်။

"အဆင်ပြေသွားပါပြီ…အက်ဒဝပ်ရဲ၊ ကောင်းကင်က ရိုက်ယူလာတဲ့ မြေပုံအရဆိုလျှင် သည်အင်္ဂထိပ်မှာ ကျွန်းကလေးတစ်ကျွန်း ရှိတယ်၊ ဒါပေမဲ့ အဲဒီ ကျွန်းကလေးကို တို့ ရှာမတွေ့ခဲ့ဘူး၊ ဟောဒါ…အဲဒီ ကျွန်းကလေးပဲ"

ပီထရီက ပြတင်းပေါက်မှ လက်ထုတ်၍ ဘယ်ဘက်သို့ ပြလိုက်သည်။

"တို့က အင်္ဂစွန်းလို့ ထင်လိုက်တဲ့နေရာဟာ တကယ်ကတော့ အဲဒီ ကျွန်းကလေးပဲ၊ အဲဒီကျွန်းကလေးကို ဟောဒီလိုဏ်ဂူက အင်္ဂထိပ်နဲ့ ပိုင်းခြားထားတယ်၊ သည်လိုဏ်ဂူကလည်း အင်္ဂဟိုဘက်အထိ ဖောက်လျှောက်ပေါက်သွားပြီး သဲသောင်ပြင်အဝမှာ ပြန်ပေါ်လာတယ်၊ အဲဒီသောင်ပြင်ကတစ်ဆင့် ကမ်းနားလမ်းမကြီးပေါ် ပြန်ရောက်သွားလိမ့်မယ်"

ဂျွန်ဆန်က အသံအက်ကွဲကွဲဖြင့် ပြန်ပြောလိုက်သည်။

"မင်း နောက်ပြောင်နေတာပါကွာ"

"ငါ ခုနတုန်းက တစ်ခေါက် သွားကြည့်ပြီးပါပြီကွ၊ သည်အကွေ့အတိုင်း လေး ငါးကိုက် ဆက်လျှောက်သွားလျှင် အင်္ဂစွန်းရဲ့ ဟိုဘက်ကို ရောက်သွားပြီ၊ သည်တော့ အမ်အေအက်စ်ရေယာဉ် ခပ်ဝေးဝေး ရောက်သွားအောင် သည်မှာ ခဏစောင့်မယ်၊ ပြီးမှ သေချာအောင် သဲသောင်ပြင်ပေါ် သွားကြည့်ပြီး ဆက်သွားကြမယ်လေကွာ"

"တို့ခေါင်းပေါ်မှာရှိတဲ့ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဘယ်လိုလုပ်မလဲ"

"အဲဒီ ကင်းတပ်ဖွဲ့ဟာ အင်္ဂရဲ့ အလယ်လောက်မှာ ရှိတယ်၊ တို့က သာ သည်ကမ်းပါးနားက ကပ်မောင်းသွားလျှင် တို့ကို သူတို့ မမြင်နိုင်ပါဘူး"

သူတို့လူစု ထိုနေရာတွင် ခဏစောင့်ကြသည်။ ပီထရီက လမ်းရှင်းမရှင်း အပြင်ထွက်ကြည့်ပြီးနောက် လိုဏ်ဂူထဲမှ ထွက်၍ ညာဘက်သို့ ကွေ့လိုက်ရာ ယခင်ကထက် ပိုမိုကျယ်ပြန့်သော ကျောက်စရစ်သောင်ပြင်ပေါ် ရောက်သွားကြသည်။ သည်ဘက်တွင် လေကွယ်သောကြောင့် သောင်ပြင်က ပိုကျယ်သည်ဟု ထင်သည်။ ပင်လယ်ရေကလည်း ပိုတည်ငြိမ်သည်။ သောင်ပြင်ပေါ် ရောက်သောအခါ ပီထရီက ကားကို ရပ်လိုက်ပြီး ကျန်လူများကို ခဏစောင့်ဖို့ ပြောလိုက်သည်။ သူက သူတမင်ရှောင်ခဲ့သော ကားတိုက်မှု



ဖြစ်ပွားသည့် နေရာသည် မြင်ရလောက်သည့် နေရာတွင် ရှိနေသေးသလား ဆိုသည့် အန္တရာယ်အလွန်များသော ပုစ္ဆာတစ်ခု၏ အဖြေကို ရှာရဦးမည်။

ပီထရီသည် ခပ်ပြေပြေ ဖြစ်နေသော ကမ်းခြေအတိုင်း ကားလမ်းပေါ်သို့ ခပ်ဖြည်းဖြည်း တက်သွားရင်း ကားလမ်းပေါ်သို့ တစ်ခါတည်း မောင်းတက်သွားလျှင် ကောင်းလေမလားဟု စဉ်းစားနေသည်။ သည်ကားလမ်းအတိုင်း မောင်းလာသော ကားတစ်စီးစီးကသာ သောင်ပြင်ပေါ်၌ ရပ်ထားသော လူနာတင်ယာဉ်ကို မြင်သွားခဲ့သော်-

ကုန်းထိပ်သို့ ရောက်သောအခါ ခါးဆန့်ပြီး မတ်မတ်ရပ်လိုက်သည်။ အနောက်ဘက်စူးစူးတွင်ရှိနေသော လမ်းမကျယ်ကြီးသည် တစ်မျှော်တစ်ခေါ်ကြီး ရှင်းရှင်းလင်းလင်း ရှိနေသည်။ ကားတိုက်မှု ဖြစ်သည့်နေရာကိုလည်း မမြင်ရချေ။ ပီထရီသည် လူနာတင်ယာဉ်ဆီသို့ ပြန်ပြေးလာပြီး ကားလက်ကိုင်ဘီး နောက်သို့ ပြေးဝင်ထိုင်လိုက်သည်။ ထို့နောက် ကုန်းတက်ကလေးအတိုင်း လမ်းမကြီးပေါ် မောင်းတက်ပြီး အရှေ့စူးစူး အရပ်ဆီသို့ ကွေ့လိုက်ရင်း သူ့လက်ပတ်နာရီကို ငုံ့ကြည့် လိုက်သည်။

ည ဆယ်နာရီ နှစ်ဆယ့်ငါးမိနစ်။

သတ်မှတ်ထားသော အချိန်သို့ ရောက်ရန် ကိုးဆယ့်ငါးမိနစ်သာ လိုတော့သည်။ သူက မော်တော်ကား လီဗာကို ဖိနှင်းချလိုက်သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်နှစ်

သောကြာနေ့ ည ၁၀ နာရီခွဲမှ ၁၁ နာရီခွဲ

စစ်စလီကျွန်း၏ မြောက်ဘက် ကမ်းခြေတစ်လျှောက် ဖောက်လုပ်ထားသော လမ်းမကြီးပေါ်တွင် လူနာတင်ယာဉ်သည် တစ်နာရီ မိုင်ရှစ်ဆယ်နှုန်းဖြင့် မောင်းနှင်လျက် ရှိသည်။ ကားရှေ့မှ မီးရောင်တန်းနှစ်ခုကလည်း ညအမှောင်ထုကို ဖောက်ထွင်း ဖြိုခွဲနေသည်။ လူနာတင်ယာဉ်သည် ခပ်ပြေပြေချိုးကွေ့သွားသော လမ်းကွေ့အတိုင်း မောင်းနှင်လိုက်သဖြင့် ကားသည် အနည်းငယ် စောင်းသွားရာ ဆဲလ်ဗားက သားရေထိုင်ခုံကို လက်သည်းမြုပ်သည်အထိ ကိုင်၍ ကိုယ်ကို ထိန်းလိုက်ရသလို အက်ဒဝပ်ဂျွန်ဆန်ကလည်း တအား လှုပ်ခါနေသော ထိုင်ခုံ နောက်မှီကို ကျောဖြင့် တအား ဖိကပ်ထားရသည်။ သူတို့လူစု မက်ဆီနာနှင့် နီးလာလေပြီ။ ညဆယ့်တစ်နာရီ ထိုးလေပြီ။ ၄င်းအပြင် စစ်ဆေးရေး ဂိတ်သုံးဂိတ်ကိုလည်း အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ခဲ့လေပြီ။ သည်အရှိန်နှုန်းကိုသာ ပီထရီက ဆက်ထိန်းထားနိုင်လျှင် မက်ဆီနာရေလက်ကြားသို့ ဆယ့်ငါးမိနစ်အတွင်း ရောက်ရှိတော့မည် ဖြစ်သည်။

အင်ဂျလိုက ပြောလိုက်သည်။

“စစ်ဆေးရေး ဂိတ်တစ်ဂိတ်နဲ့တော့ နီးလာပြန်ပြီ”

ပီထရီက ယုံကြည်စိတ်ချမှု အပြည့်အဝရှိသော လေသံဖြင့် ဖြေလိုက်သည်။



“တခြားဂိတ်တွေမှာလို သည်ဂိတ်ကိုလည်း ဖြတ်သွားဦးမယ်လေ”

ဂျွန်ဆန်က လှမ်းပြောလိုက်သည်။

“သည်နည်းနဲ့ တစ်ချိန်လုံး လုပ်လို့ ရချင်မှ ရမှာ”

ခပ်လှမ်းလှမ်းတွင် လှမ်းမြင်နေရသော မီးနီက သူတို့သည် စစ်ဆေးရေးဂိတ်တစ်ဂိတ်နှင့် နီးလာပြီ ဖြစ်ကြောင်း သတိပေးနေသည်။ လမ်းပေါ်တွင် ကန့်လန့်ဖြတ် တားထားမည့် အဆီးအတားကိုသော် လည်းကောင်း၊ ထိုအဆီးအတားအား စောင့်ကြပ်နေသူများကိုသော် လည်းကောင်း ကားရှေ့ မီးရောင်ထဲတွင် မမြင်ရသေးချေ။ ပီထရီက ဥဩဆွဲသည့် ခလုတ်ကို နှိပ်လိုက်ရာ စူးစူးဝါးဝါး ရှိလှသော ဥဩသံ ထွက်ပေါ်လာသည်။ “ဒီလူနာတင်ယာဉ်သည် စစ်ဆေးရေးဂိတ်တွင် ရပ်တန့်မည် မဟုတ်ဘဲ ဆက်မောင်းသွားမည်။ ထို့ကြောင့် အဆီးအတားကို ဖယ်ပေးရန်” စစ်ဆေးရေးဂိတ်မှ ပုဂ္ဂိုလ်များအား ဥဩသံဖြင့် သတိပေးလိုက်ခြင်း ဖြစ်သည်။

ကားရှေ့မီးရောင်ထဲတွင် လမ်းပေါ်၌ ကန့်လန့်ဖြတ် တားထားသော အဆီးအတားကိုသာမက ကမန်းကတန်း ပြေးလာပြီး အဆီးအတားကို ဖယ်ပေးလိုက်ပြီးနောက် လွတ်ရာသို့ ကပျာကယာ ပြေးထွက်သွားကြသည့် အီတာလျံစစ်သားများကို မြင်လိုက်ရသည်။ လူနာတင်ယာဉ်သည် စစ်ဆေးရေးဂိတ်ကို ဝေါခနဲ ကျော်ဖြတ်သွားသည်။ မှောင်ထဲမှ လှမ်းကြည့်နေသော မျက်နှာဖြူဖြူများကို အင်ဂျလိုက ဖျတ်ခနဲ လှမ်းမြင်လိုက်သည်။

ထို့နောက် လမ်းကွေ့တစ်ခုနှင့် တွေ့ရပြန်သဖြင့် ရှေ့မီးရောင်တန်းနှစ်ခုသည် ဘေးသို့ စောင်းထွက်သွားသည်။ ထိုမီးရောင်တန်းထဲတွင် ကားလမ်းနှင့် ပြိုင်နေသော ရထားလမ်းကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ဤအချိန်တွင် လရောင် ပြန်လင်းလာသဖြင့် သူတို့ဘယ်ဘက်ရှိ ဆူပွက်နေသော ပင်လယ်ပြင်ကို ပြန်မြင်ရ ပြန်သည်။ ထိုအချိန်တွင် လေထန်နေဆဲ ဖြစ်သည်။ ခေါင်းပေါ်ရှိ တိမ်တိုက်များကလည်း ရိပ်ခနဲရိပ်ခနဲ ကျန်ရစ်ခဲ့ကြသည်။ သူတို့စီးလာသော ကားသည် ရေလက်ကြားငယ်များ၊ အငူစွန်းများ ပင်လယ်အော်များကို ကျော်ဖြတ်လာကြသလို မကြာခဏ ဆိုသလိုပင် ကမ်းခြေနှင့် မိုင်ဝက်အကွာမှ ကင်းလှည့်နေသော အမ်အေအက်စ် စစ်ရေယာဉ်များကို မြင်နေကြရသည်။

အင်ဂျလိုက သတိပေးလိုက်သည်။

“မြို့နား နီးလာလျှင် စစ်ဆေးရေးဂိတ်တချို့မှာ ဂျာမန်စစ်သားတွေ စောင့်နေကြတယ်နော်”

www.burmeseclassic.com

www.burmeseclassic.com



ပီထရီက ပြန်မေးသည်။

"သည်ငတိတွေက အီတလီ စစ်တပ်က ကားကို စစ်တတ် ဆေး တတ်သလား"

"အမြဲတမ်း မဟုတ်ပေမဲ့ တစ်ခါတလေ တားပြီး စစ်တာမျိုးကို တွေ့ခဲ့ရဖူးတယ်"

ယခုလို မဟာမိတ်တပ်ပေါင်းစုက ဝင်တိုက်တော့မည့်ဆဲဆဲတွင် သည်ငတိတွေ စိတ်ချောက်ချားနေကြမှာပဲဟု ပီထရီက တွေးလိုက်သည်။ ပင်လယ်ပြင်ကြီးသည် မြောက်ဘက်တွင် တဖြည်းဖြည်းနှင့် ဝေးကျန်ခဲ့သည်။ မီးရထားလမ်းသည် တံတားတစ်ခုကို ဖြတ်၍ ကားလမ်း၏ ညာဘက်မှ ဘယ်ဘက်သို့ ပြောင်းလဲရောက်ရှိသွားသည်။ ထို့နောက် ဥမင်လိုဏ်ခေါင်း တစ်ခုကို ဖြတ်သန်းပြီး အရှေ့စူးစူးဆီသို့ သီးခြားခွဲထွက်သွားသည်။ ကားလမ်းမ ကြီးသည် တဖြည်းဖြည်းနှင့် ပို၍ပို၍ မြင့်တက်လာသလို အအေးဓာတ်ကလည်း ပိုကျဆင်းလာသည်။ ထို့အတူ သည်ကျွန်းပေါ်ရောက်သည်မှ စ၍ ပထမဦးဆုံး အကြိမ်အဖြစ် သစ်ပင်များ ပေါက်နေသော တောင်တန်း၊ တောင်စွယ်များကို စမြင်ကြရသည်။ ထို့နောက် သူတို့ရှေ့ ခပ်လှမ်းလှမ်းတွင် မီးရောင်များကို မြင်လိုက်ရသည်။ စစ်ဆေးရေး ဂိတ်တစ်ဂိတ်ပင်တည်း။ ပီထရီသည် ဥသြဆွဲ သည့် ခလုတ်ကို နှိပ်လိုက်ပြီးနောက် အရှိန်ကို မြှင့်လိုက်သည်။ အင်ဂျလိုက သတိပေးသည်။

"သတိထားနော်"

သူတို့ လာနေရာ လမ်းမကြီးဆီသို့ တည့်တည့်ကြီး ချိန်ထားသော တင့်ကားပစ် အမြောက်ကြီးကို လရောင်အောက်တွင် အတိုင်းသား မြင်နေရ သည်။ ဂျာမန် ယူနီဖောင်း ဝတ်ထားသူ ဆယ်ယောက်၊ ဆယ့်နှစ်ယောက်ခန့် ကိုလည်း မြင်နေရသည်။ လမ်း၏ ဟိုဘက် သစ်ပင်အောက်တွင်မူ မော်တော် ဆိုင်ကယ်ပေါ် ၌ စီးနင်းသူ အသင့်ရှိနေသည့် မော်တော်ဆိုင်ကယ်နှစ်စီးနှင့် ထရပ်ကားတစ်စီး ရှိနေပြီး ကားနောက်တွင် အီတာလျံစစ်သားများ ရှိနေကြ သည်။ ၎င်းအပြင် အဆီးအတား တစ်ခုကိုလည်း လမ်းပေါ်တွင် ကန့်လန့်ဖြတ်၍ တင်ထားသည်။ ပီထရီသည် ကားကို တောင်ကုန်းလေးပေါ်သို့ မောင်းတက်လာ စဉ် သူ့မျက်နှာထားကလည်း ပိုတင်းမာလာသည်။ တစ်ဖန် မည်သူမျှ မျှော်လင့် မထားသော ကိစ္စတစ်ခု ဖြစ်လာသောကြောင့် အားလုံး အံ့သြသွားကြသည်။ မိုးစရွာလေပြီ။



"ကျုပ်… ရပ်တော့မယ်ဗျို့"

ပီထရီသည် ကျန်လူများကို သတိပေးလိုက်ပြီး အရှိန်ကို သိသိသာသာ လျှော့ချရင်း အဆီးအတားနှင့် သုံးလေးပေခန့် အကွာတွင် ကားကို ဒရွတ်ဆွဲသွား အောင် ဘရိတ်ဖမ်းလိုက်သည်။ သည်တစ်ခါတော့ သူ ဇွတ်မလုပ်ရဲချေ။ တင့်ကား ပစ် အမြောက်ကြီး ရှိနေသည်သာမက အဆီးအတားကို ဖွတ်ဝင်တိုးပြီး အတင်း မောင်းပြေးပါက နောက်က လိုက်လာနိုင်မည့် မော်တော်ဆိုင်ကယ်စီးသမား နှစ်ဦးလည်း ရှိနေသောကြောင့် ဖြစ်သည်။ မော်တော်ကားအင်ဂျင်က ခပ်တိုးတိုး မြည်နေစဉ် မိုးက သဲသဲမဲမဲ ရွာချလိုက်ရာ မိုးရေစက်များသည် ကားခေါင်မိုး ကို တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်နေအောင် လာထိမှန်နေကြသည်။

ဂျာမန်စစ်တပ်မှ ဆာဂျင် (တပ်ကြပ်ကြီး) တစ်ယောက်သည် လူနှာ တင်ယာဉ်ကို စက်သေနတ်ဖြင့် ချိန်ရင်း ကားဆီသို့ လာနေသည်ကို ဖွင့်ထား သော ဘေးပြတင်းပေါက်မှ လှမ်းမြင်နေရသည်။ သူ ကားတံခါးနားသို့ ရောက် လာချိန်တွင် မိုးရေကြောင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီ ဖြစ်သလို သူ့နောက်ဘက် သစ်ပင်အောက်တွင် ရပ်နေသော အီတာလျံစစ်သားများသည်လည်း သူတို့ ရပ်နေရာဆီသို့ ရေများ ဝေါခနဲ စီးဆင်းလာသဖြင့် သစ်ပင်အောက်မှ ဝုန်းခနဲ ပြေးထွက်လာကြသည်။

"အင်း…မင်းက ရပ်မပေးချင်ဘဲကိုး"

သည်ဂျာမန်သည် အီတာလျံဘာသာကို မှတ်နေအောင် ပြောတတ်သူ ဖြစ်ကြောင်း သိလိုက်ရသဖြင့် ပီထရီက ဝမ်းထဲမှ ကျိတ်၍ ကြိမ်ဆဲလိုက်သည်။ သို့သော် အပြင်ဗန်းတွင်မူ အူကြောင်ကြောင်ဂိုက်မျိုး ဖမ်းလိုက်ရသည်။

"ကားပေါ်မှာ လူနာပါလာလို့ ဆေးရုံကို သွားမလို့ပါ၊ လူနာက လည်း အရေးတကြီး လူနာပါ"

"သည်ဝါးလုံးတန်းကို ချထားလျှင် သည်လို ဆင်ခြေမျိုးနဲ့ မရပ်လို့မရ ဘူး၊ မင်း ဟောဟိုအမြောက်ကြီးကို မြင်တယ် မဟုတ်လား"

ဂျာမန်ဆာဂျင်သည် စက်သေနတ်ကို လက်တစ်ဖက်ဖြင့် ကိုင်၍ ချိန်ထားရင်းကပင် ဦးထုပ်ကြက်လျှာပေါ်မှ စီးကျလာသော မိုးရေများကို လက်တစ်ဖက်ဖြင့် သပ်ချလိုက်သည်။

"မင်း လူနာသာမက မင်းတို့အားလုံး မသာပေါ်သွားနိုင်တယ်ကွာ သိလား၊ ကဲ…မင်းဆီမှာပါတဲ့ စာရွက်စာတမ်းတွေကို ပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



သူက သေနတ်ပြောင်းကို ပီထရီမျက်ခွက်ဆီသို့ ထိုးချိန်ရင်း ဟောက်လိုက်သည်။ သည်ငတိသည် အရပ်ခြောက်ပေခန့် မြင့်ပြီး ဗလကောင်းသူဖြစ်သည်။ အသက်နှစ်ဆယ်ကျော်ကျော်ကလေးသာ ရှိသေးပုံရသည်။ နာဇီစစ်အစိုးရက မွေးထုတ်လိုက်သည့် မောက်မောက်မာမာ ဆက်ဆံတတ်သော လူစားမျိုးပင်တည်း။ ဂျာမန်ဆာဂျင်သည် မုတ်ဆိတ်ကျင်စွယ်ကို စင်ကြယ်အောင် ရိတ်ထားကြောင်း တွေ့ရသဖြင့် ကင်းစောင့်တာဝန်ကို ဝင်ရောက်ထမ်းဆောင်သည်မှာ သိပ်မကြာသေးကြောင်း သိရသည်။ တစ်ဖန် ယခုလိုတစ်ကိုယ်လုံး မိုးစိုခံလိုက်ရသဖြင့် စိတ်တိုနေမည်မှာ မလွဲချေ။ ရေနှင့် လွတ်ကင်းရာသို့ တက်လာသော အီတလီစစ်သားများသည် ဂျာမန် ဆာဂျင်၏နောက်ဘက်လမ်းအစပ်တွင် စီတန်းပြီး ရပ်နေကြသည်။ သူတို့နှင့်အနီးဆုံးလူမှာ ခပ်ပုပု အီတာလျံဆာဂျင် ဖြစ်ပြီး သူတို့ကို စိတ်ဝင်စားစွာဖြင့် အကဲခတ်နေသည်။ ဂျာမန်ဆာဂျင်က ထပ်ငေါက်ပြန်သည်။

"မင်း စာရွက်တွေ ပေးစမ်း"

ပီထရီတစ်ယောက် ထောင်းခနဲ ဖြစ်သွားသည်။ အခု သူတို့ မရပ်မနားလှုပ်ရှားသွားလာနေခဲ့ရသည်မှာ နှစ်ဆယ့်လေးနာရီ ကျော်ခဲ့လေပြီ။ မာဖီးယားလူဆိုးအုပ်စု၏ ချုံခိုတိုက်ခိုက်မှုနှင့် ဘောင်းဖိုက်တာ တိုက်လေယာဉ်၏တိုက်ခိုက်မှုတို့ကို ခံခဲ့ရသည်သာမက လူသူမနီးသော လွင်တီးခေါင်ကိုလည်းဖြတ်ခဲ့ရသည်။ တစ်ဖန် အီတာလျံစစ်သားများ၏ စစ်ဆေးမေးမြန်းမှုနှင့် ဘီ-၁၇ ဗုံးကြဲလေယာဉ်ပျံများ၏ တိုက်ခိုက်မှု ဘေးရန်ကလည်း လွတ်မြောက်လာခဲ့ကြသည်။ ယခု မက်ဆီနာကို လှမ်းမြင်နိုင်လောက်သည့် နေရာကျမှ သူတို့ကိုသည်ခွေးကောင်က လာတားဆီးပိတ်ပင်နေသည်။ ပီထရီသည် တံခါးကိုဖြည်းညင်းစွာ ဖွင့်လိုက်ပြီးနောက် သပ်သပ်ရပ်ရပ် မရှိလှသော ယူနီဖောင်းနှင့်ပင် သဲသဲမဲမဲ ရွာချနေသော မိုးရေထဲသို့ ဆင်းလိုက်ပြီး ကားတံခါးကိုပြန်ပိတ်လိုက်သည်။ ထို့နောက် လက်နှစ်ဖက်ဖြင့် ခါးထောက်ရင်း ဂျာမန်တပ်ကြပ်ကြီးနှင့် ရင်ဆိုင်လိုက်သည်။

"အီတာလျံ စစ်တပ်က လူနာတင်ကားကို ခင်ဗျားက ပစ်မလို့လား"

ပီထရီက ခပ်မာမာ ပြန်ပြောလိုက်သည်။ သူက လမ်းဘေးတွင် တစ်စုတစ်ဝေးတည်း ရပ်နေသော အီတာလျံစစ်သားများ ကြားအောင် တမင်ကလာ အသံကို မြှင့်၍ ပြောလိုက်ခြင်း ဖြစ်သည်။ အီတာလျံ ဆာဂျင်သည် ရှေ့သို့ တစ်လှမ်းတိုးလာပြီး ရပ်လိုက်သည်။



ဂျာမန် ဆာဂျင်ကလည်း ပြန်အော်သည်။

"ဒါ စစ်ဆေးရေးဂိတ်ကွ၊ စစ်ဆေးရေးဂိတ်မှာ မင်း ရပ်ပေးရမှာပဲ"

"အေး... မင်းလိုကောင်မျိုးနဲ့ တွေ့ရလျှင် ငါ့လက်သီးကလည်းယားယားလာတယ်၊ ဘာလဲ မင်းတို့က သည်ကျွန်းတစ်ကျွန်းလုံးကို သိမ်းထားတာမို့လို့လား၊ တို့လို အီတာလျံတွေကကော လူရာမဝင်ကြတော့လို့လား"

ဂျာမန် ဆာဂျင်နောက်ဘက်ရှိ အီတာလျံ ဆာဂျင်သည် ရှေ့သို့ နှစ်လှမ်းသုံးလှမ်း တိုးလာပြီးနောက် ရပ်စောင့်လိုက်ပြန်သည်။ ထင်ထင်ရှားရှားကြီးမဟုတ်လှသော်လည်း ဤစစ်ဆေးရေးဂိတ်တစ်ဝိုက်တွင် မသိမသာ အခြေအနေပြောင်းလဲသွားလေပြီ။ လမ်းတစ်ဖက်တွင် ရှိနေသော ရိုင်ဖယ်သေနတ်များကိုကိုင်ထားသည့် အီတာလျံ စစ်သားများကလည်း စူးစူးဝါးဝါး ပြန်ကြည့်နေကြသည်။ ထို့နောက် သူတို့အားလုံး လမ်းလယ်ခေါင်တွင် မပြေမလည် ဖြစ်နေသူများထံ ဝိုင်းကြည့်နေကြသည်။ ဂျာမန်ဆာဂျင်က ပီထရီကို သင်္ကာမကင်းဖြစ်ဟန်ဖြင့် မေးလိုက်သည်။

"မင်း ယူနီဖောင်းက ဘယ်လိုဖြစ်နေတာလဲ၊ မင်းနှုတ်ခမ်းမွေး မရိတ်တာလည်း နှစ်ရက်လောက် ရှိနေပြီ၊ မင်း ကြည့်ရတာ တောသားတစ်ယောက်ကျနေတာပဲ"

ပီထရီသည် ရန်စသော အမူအရာဖြင့် ဂျာမန် ယူနီဖောင်းကို လက်ညှိုးထိုးပြရင်း အီတာလျံ စစ်သားများကို သဲသဲမဲမဲ ရွာနေသော မိုးသံများကြားမှ အော်ပြောလိုက်သည်။

"သည်က ကိုလူစွာကြီးလို ယူနီဖောင်း အသစ်ကျပ်ချွတ်တွေ မရတဲ့ကျုပ်တို့ကို တောသားတွေတဲ့၊ အခု ကျုပ်တို့ကို ကျုပ်တို့နဲ့ လက်တွဲနေတဲ့မဟာမိတ်ကြီးများက ဘယ်လို သဘောထားကြတယ်ဆိုတာ သိရပြီ။ တောသားတွေတဲ့ ကျုပ်ယူနီဖောင်းတစ်ခုလုံး သွေးတွေ ပေကျံလို့ သူများ ယူနီဖောင်းကိုငှားဝတ်လာရတယ်၊ ဒါကိုလည်း သပ်သပ်ရပ်ရပ် ဝတ်စားမလာဘူးလို့ ပြောတယ်၊ ကျုပ် နှစ်ဆယ့်နှစ်နာရီလုံးလုံး ဆက်တိုက် အလုပ်လုပ်ခဲ့ရတယ်၊ ဒါပေမဲ့ မုတ်ဆိတ်မွေး မရိတ်တာနဲ့ ရာဇဝတ်မှုကြီး ဖြစ်နေပြန်ပြီ၊ ကျုပ်လည်းဇာတ်လိုက်မင်းသားလို မုတ်ဆိတ်မွေး ပြောင်အောင်ရိတ်ထားတဲ့ ဒီက ဗိုလ်ချုပ်ကြီးလို ကံကောင်းချင်လိုက်တာ"

လူနာတင်ကားထဲရှိ အင်ဂျလိုသည် ပီထရီပြောတာ သိပ်လွန်ကဲသွားလေပြီဟု တွေးမိပြီး တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဂျာမန်ဆာဂျင်သည်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ထို့နောက် ဒေါသကို မထိန်းနိုင်တော့ဘဲ စက်သေနတ်ဖြင့် ရိုက်ရန် ခေါင်းပေါ်သို့ မြှောက်လိုက်သည်။ ဤတွင် အီတာလျံဆာဂျင်သည် ရှေ့သို့ ခုန်ထွက်လာပြီး သေနတ်ကို လှမ်းဆွဲရင်း မိုးရေထဲတွင် သေနတ်ကို သူရ ကိုယ်ရ လုနေကြသည်။

လမ်းတစ်ဖက်တစ်ချက်တွင် ရှိနေကြသော စစ်သားများ၏ စိတ်ခံစားချက် အခြေအနေမှာ သိသိသာသာ ဆိုးရွားလာလေပြီ။ အီတာလျံ ဆာဂျင်နှင့် ဂျာမန့် ဆာဂျင်တို့ လုံးလား ထွေးလား ဖြစ်နေသည်ကို မြင်လိုက်ရသောကြောင့် အီတာလျံ စစ်သားများသည် လမ်းတစ်ဖက်ရှိ တင့်ကားပစ် အမြောက်ဘေးနားတွင် စုစုဝေးဝေး ရှိနေသူ ဂျာမန်စစ်သားများအား ရိုင်ဖယ်သေနတ်များဖြင့် ချိန်ရင်း ရှေ့တိုးလာကြသည်။ ဂျာမန်တပ်ကြပ်တစ်ယောက်က ခပ်ပြတ်ပြတ် အော်၍ အမိန့်ပေးလိုက်ရာ အမြောက်ဘေးနားတွင် စစ်သားနှစ်ယောက်သာ နေရစ်ခဲ့ပြီး ကျန်စစ်သားများသည် လမ်းဘေးတစ်လျှောက်တွင် ဖြန့်၍ နေရာယူလိုက်ကြသည်။ အင်ဂျလိုက တွေးလိုက်သည်။ မြတ်စွာဘုရား… တို့တစ်တွေ ရင်ဆိုင်တိုက်ပွဲကြားမှာ ပိတ်မိတော့မှာပါကလား။

အီတာလျံဆာဂျင်သည် ခြေထောက်တစ်ဖက်ကို ဆောင့်နင်းရင်း ရှေ့တိုးလာသော ဂျာမန် ဆာဂျင်၏ ခြေလှမ်းကို ဆီးတားလိုက်သည်။ သူတို့နှစ်ယောက် လူချင်း ကွဲသွားသောအခါ သေနတ်ကို အီတာလျံ ဆာဂျင်က ရသွားသည်။ အီတာလျံ ဆာဂျင်သည် သေနတ်ပြောင်းဝကို အောက်ဘက်သို့ စိုက်၍ ကိုင်ထားရင်း သမင်လည်ပြန် ခေါင်းလှည့်ပြီး သူ့လူများကို အော်ပြောလိုက်သည်။

"သိပ်မိုက်တဲ့ကောင်တွေ မင်းတို့သေနတ်တွေကို အောက်ပြန်ချလိုက်စမ်း"

သူပေးသည့် အမိန့်ကို လိုက်နာကြောင်း မြင်လိုက်ရသည့်အခါ အီတာ လျံဆာဂျင်သည် ဂျာမန်ဆာဂျင်နှင့် ပြန်ရင်ဆိုင်လိုက်သည်။

"ကျုပ် သည်တာဝန် ပြီးတာနှင့်တစ်ပြိုင်နက် သည်ကိစ္စကို အထက်တင်ရလိမ့်မယ်"

ဂျာမန်ဆာဂျင်ကလည်း ပြန်အော်သည်။

"မင်းလူတွေကလည်း တို့ကို ပစ်တော့မယ့်ဆဲဆဲပဲ မဟုတ်လား"

အီတာလျံဆာဂျင်ကလည်း တည်တည်ငြိမ်ငြိမ် ပြန်ဖြေသည်။

"မင်းဘက်က လူတွေကိုလည်း ပြန်ကြည့်ပါဦးလေ"



အီတာလျံဆာဂျင်သည် လူနာတင်ကားမောင်းသူအား အရိုက်ခံရမည့် ဘေးအန္တရာယ်မှ ဝင်ကာကွယ်လိုက်သည်ကလွဲလျှင် ဘာတစ်ခုမျှ ဆိုးဆိုးရွားရွား မလုပ်ခဲ့သူ ဖြစ်သောကြောင့် သူ မမှားဘူးဟု ယုံကြည်မှု အပြည့်အဝ ရှိနေသည်။ တစ်ဖန် ရန်ပြုမည့် လက်နက်ကလည်း သူ့လက်ထဲတွင် ရောက်ရှိနေပြီ ဖြစ်ရာ ဂျာမန်ဆာဂျင်နောက်မှ အေးအေးဆေးဆေး လိုက်သွားသည်။ ဂျာမန်ဆာဂျင်သည် နောက်လှည့်ကြည့်လိုက်ပြီး ဆဲရေးတိုင်းထွာလိုက်သည်။ ဂျာမန်စစ်သားများသည် အမြောက်ကြီးဆီသို့ သေသေဝပ်ဝပ် ပြန်သွားကြတော့သည်။ အီတာလျံ ဆာဂျင်က ပြောလိုက်သည်။

"ခုအချိန်ကစပြီး အီတာလျံ မော်တော်ကားတွေကို ကျုပ်တို့ကပဲ စစ်မယ်"

ဂျာမန်ဆာဂျင်က ပြန်ပြောပြန်သည်။

"ကျုပ်ကလည်း အထက်ကို အစီရင်ခံရလိမ့်မယ်"

"အဲဒါကတော့ ခင်ဗျားရဲ့ အခွင့်အရေးပဲလေ၊ ဒါပေမဲ့ အစီရင်ခံစာထဲမှာ ခင်ဗျားက အီတာလျံ မော်တော်ကားကို ပစ်မယ်လို့ ခြိမ်းခြောက်တယ်ဆိုတဲ့ အကြောင်းလည်း ထည့်ရေးဖို့ မမေ့နဲ့ဦး"

"ဒါသက်သက်မဲ့ ညာပြောတာ"

"ခင်ဗျားက သည်ဒရိုင်ဘာကို သူနဲ့ သူ့လူနာပါ မသာဖြစ်သွားနိုင်တယ်လို့ ပြောလိုက်တာကို ကျုပ် ကောင်းကောင်းကြီး ကြားလိုက်ပါတယ်"

အီတာလျံဆာဂျင်သည် ဂျာမန်ဆာဂျင်ကို ကျောခိုင်းလိုက်ပြီးနောက် မိုးရေထဲတွင် စိတ်ရှည်လက်ရှည် ရပ်စောင့်နေသော ပီထရီကို လှမ်းမေးလိုက်သည်။

"မင်းလူနာက အသည်းအသန် ဖြစ်နေသလား"

"မက်ဆီနာ ဆေးရုံကြီးကို အချိန်မီ ရောက်မသွားလျှင် စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိနေပါတယ်ဗျား၊ သည်လူက ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာ တာဝန်ယူနေရတဲ့ တပ်ကြပ်ကြီးတစ်ယောက်ပါ၊ သူ့ကိုယ်ပေါ်ကို ဘိလပ်မြေသမတဲ့ စက်ကြီး ပြုတ်ကျခံရလို့ခင်ဗျ၊ တကယ်လို့သာ ဆေးရုံကို အချိန်မီ ရောက်သွားလျှင် သူ ပြန်ရှင်လာနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ဥသြဆွဲလာတာပါ၊ အခု နာရီဝက်အတွင်းမှာ သည်ဂျာမန်ကောင်တွေ သည်ကားကို တားတာ ဒုတိယအကြိမ် ရှိသွားပြီ၊ မက်ဆီနာကို မရောက်ခင် နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် ထပ်အတားခံရလျှင် သည်ငတိတွေကြောင့် သည်လူနာ အသက်ထွက်တော့မှာ အမှန်ပဲ''

ပီထရီသည် မော်တော်ဆိုင်ကယ်ပေါ်တွင် အသင့်ခွစီးထားသူနှစ်ဦးထံ အစီပွာယ်ပါပါ လှမ်းကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

''မင်း ပြောချင်တဲ့ အစီပွာယ်က...''

အီတာလျံဆာဂျင်သည် တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ သို့သော် အငြင်းအခုံ တိုက်တွန်းသလို မဖြစ်အောင် ပီထရီက ရေငုံနှုတ်ပိတ် လုပ်နေသည်။

''သည်လူ သိပ်စိုးရိမ်ရတဲ့ အခြေအနေမှာ ရှိသလား''

''ဆိုနိုင်တယ် ခင်ဗျ၊ သည်လူဟာ ခုချက်ချင်း ခွဲစိတ်ကုသခံရမှ ဖြစ်မယ်၊ အဲဒီလို ခွဲစိတ်ကုသဖို့ ဆိုတာလည်း မက်ဆီနာမှာမှ ဖြစ်မှာ၊ အခု သူ့အတွက် ခွဲစိတ်ကုသမှုဆိုင်ရာ ဆရာဝန်ကြီးတစ်ယောက် အဆင်သင့် စောင့်နေတယ်''

အီတာလျံ ဆာဂျင်က အသံခပ်တိုးတိုးဖြင့် မေးလိုက်ပြန်သည်။

''မင်းက အခုလို အနှောင့်အယှက်မျိုးနဲ့ နောက်တစ်ခါ ထပ်တွေ့ရမှာကို စိုးရိမ်နေတယ်ပေါ့လေ''

''စစ်စလီမှာ သည်လိုကောင်မျိုးတွေ ပြည့်နှက်နေတာပဲ မဟုတ်လား''

သဘောကောင်းပုံရသော ဆာဂျင်သည် ခပ်ဆိုင်းဆိုင်း ဖြစ်သွားသည်။ သို့သော် မိုးထပ်သည်းလာသောကြောင့် ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ခပ်မြန်မြန် ပြောချလိုက်သည်။

''မော်တော်ဆိုင်ကယ်တွေကို မင်းတို့နဲ့ ထည့်ပေးလိုက်မယ်၊ နောက်ထပ်တွေ့ရမယ့် စစ်ဆေးရေးဂိတ်တွေမှာ နောက်ထပ် အခက်အခဲ မကြုံအောင်ပေါ့လေ၊ မင်းကလည်း ခပ်မြန်မြန် မောင်းမှဖြစ်မယ်၊ ဒါမှ သူတို့ သည်ကို ခပ်မြန်မြန် ပြန်လာနိုင်မှာ''

''သူတို့ကို နောက်ဆုံးဂိတ်အထိပဲ လိုက်ပို့ခိုင်းပါ၊ ပြီးလျှင် ချက်ချင်း ပြန်လှည့်သွားလို့ ရပါတယ်၊ ကားထဲက လူနာကတော့ သိပ်ကို ကျေးဇူးတင်မှာပါ ဗျာ၊ သူ့ကို ခွဲစိတ်ကုသပြီးလျှင် ပြောပြလိုက်ပါ့မယ်''

''အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်''



အီတာလျံဆာဂျင်က မော်တော်ဆိုင်ကယ်သမားများထံ ခပ်သုတ်သုတ် ထွက်သွားစဉ် ပီထရီက လူနာတင်ယာဉ်ပေါ်သို့ ပြန်တက်လိုက်သည်။ သူထိုင်ချလိုက်သောအခါ သူ့ကိုယ်ပေါ်မှ အဝတ်အစားများသည် တဈွဲဈွဲ မြည်သွားကြသည်။ သူက လမ်းပေါ်မှ အဆီးအတား ဝါးလုံးကို ဖယ်ပေးရန် စောင့်နေစဉ် လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာနှင့် ရေစိုနေသော ဆံပင်များကို သုတ်ပစ်လိုက်သည်။ အင်ဂျင်စက်သံမှတစ်ပါး ကားပေါ်သို့ မိုးရေစက်များ ကျသံကို မကြားရသလောက် ဖြစ်သွားလေပြီ။ အင်ဂျလိုက ပြောလိုက်သည်။

''မိုးစဲသွားပြီ၊ မင်း လုပ်ပုံကြောင့် သည်ကားထဲမှာ တကယ့်လူနာတစ်ယောက် ပါလာတော့မလိုလို ဖြစ်သွားတယ်၊ ငါ ကံကောင်းလို့ အကြောက်လွန်ပြီး ဒုက္ခရောက်တော့မလို့''

ဝါးလုံးတန်းကို မ,တင်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မော်တော်ဆိုင်ကယ်တစ်စီးသည် ရှေ့သို့ ဝေါခနဲ မောင်းထွက်သွားသလို ကျန်မော်တော်ဆိုင်ကယ်တစ်စီး ကားနှင့် ဘေးချင်းယှဉ်လျက်သား လိုက်ပါလာသည်။ သူတို့သည် အတက်လမ်းအတိုင်း အရှိန်ဖြင့် ခပ်မှန်မှန် မောင်းတက်လာကြသည်။ မော်တော်ဆိုင်ကယ်သမားက လူနာတင်ကား ရောက်လာမီ အဆီးအတား ဝါးလုံးတန်းကို အဆင်သင့် မြှောက်ထားပြီးသားဖြစ်အောင် ကြိုစီစဉ်သွားသည်။ ယခုအချိန်တွင် မိုးစဲသွားပြီဖြစ်၍ တိမ်တိုက်များကြားမှ လမင်းကြီး ပြန်ထွက်ပြူလာရာ လရောင်အောက်တွင် သစ်ပင်များနှင့် ဖုံးအုပ်နေသော တောင်တန်းကြီးများကို မြင်နေကြရသည်။

နောက်ဆုံး တောင်ထိပ်နားရှိ နောက်ဆုံး စစ်ဆေးရေးဂိတ်သို့ အရောက်တွင် မော်တော်ဆိုင်ကယ်သမားများသည် ပြန်ကွေ့လိုက်ပြီး အလေးပြုရင်း လာလမ်းအတိုင်း ပြန်မောင်းသွားကြသည်။ အင်ဂျလိုသည် ပိုးလက်ကိုင်ပဝါတစ်ထည်ကို ထုတ်ယူလိုက်ပြီး ချွေးပြန်နေသော သူ့နဖူးကို တို့လိုက်သည်။ ခုမှပဲ သူတို့ချည်း ကျန်ရစ်ခဲ့တော့သည်။

ဤတွင် ရှေ့ခန်းနှင့်နောက်ခန်း ခြားထားသော ပြတင်းပေါက်ဝ၌ ဌွန်ဆန်တစ်ယောက် ပထမဦးဆုံးအကြိမ် မျက်နှာထွက်ပြရင်း...

''မြတ်စွာဘုရား ခင်ဗျားကြောင့် ကျုပ်တို့ တော်တော်လေး စိတ်ကသိကအောက် ဖြစ်သွားကြတယ်၊ ဘယ်လိုလဲ ပြီးပြတ်ပြီလား''

''နောက်ဆုံးဂိတ် တို့နောက်မှာ ကျန်ရစ်ခဲ့ပြီ''

www.burmeseclassic.com

www.burmeseclassic.com



ပီထရီသည် ဒါ့ထက် ပိုမပြောတော့ချေ။ အခုအချိန်အထိ သူ့တစ်ကိုယ်လုံးမှ အကြောအခြင်များသည် ထုပူနေကြသည်။ ယခုအချိန်တွင် စိတ်ကို တည်ငြိမ်အောင် ထားရမည်ဖြစ်ပြီး ကိုယ့်အတွက် အကျိုးကျေးဇူး ရှိစေမည့် ကိစ္စမှန်သမျှကို အသေးအမွှားက စပြီး လေ့လာရမည် ဖြစ်သည်။ ယခုအချိန်တွင် သူ့စိတ်ကို လျှော့ချ၍ မဖြစ်သေး၊ စိတ်ကို လျှော့ချလိုက်သောကြောင့် ပေါ့ပေါ့တန်တန် မဖြစ်သင့်သေး။ ယခုကိစ္စထက် ပိုဆိုးသည့် ကိစ္စများနှင့် တွေ့စရာ ကြုံစရာတွေ ရှိသေးသည်။

တောင်ကမ္ဘူထိပ်သို့ ရောက်သောအခါ သူ့ရှေ့တွင် ကားအသွားအလာ ရှိနေသည်ကို တွေ့လိုက်ရသည်။ မျက်နှာချင်းဆိုင်အရပ်မှ လာနေသော ဂျာမန်ထရပ်ကားများသည် လမ်းခွဲအတိုင်း ချိုးကွေ့ပြီး မြောက်ဘက်စူးစူးဆီသို့ မောင်းနှင်နေကြသည်။ တစ်ဖန် သူတို့ ရှေ့တည့်တည့်တွင်လည်း သူတို့ ဦးတည်ထားသည့် လမ်းအတိုင်း မောင်းနှင်နေသော စစ်ကားတချို့ ရှိနေပြန်သည်။ ထိုအခိုက်မှာပင် မော်တော်ဆိုင်ကယ်တစ်စီးသည် သူတို့ကားကို ကျော်တက်ရင်း အနောက်စူးစူး အရပ်ဆီသို့ ဦးတည်မောင်းနှင်သွားသလို ထိုမော်တော်ဆိုင်ကယ် နောက်မှ သံချပ်ကာကားများ ကပ်ပါလာသည်။ ဘာတွေ ဖြစ်ပျက်နေသည်ကို ကွဲကွဲပြားပြား မသိလိုက်ရခင် သူတို့ကားကလေးသည် မျက်နှာချင်းဆိုင်အရပ်ဆီသို့ ဦးတည်သွားလာနေသော ဂျာမန်စစ်တပ်နှစ်တပ်အကြားတွင် ရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုလိုက်မိသည်။ သူတို့ပတ်ပတ်လည်တွင် ကားသံများ ဝိုင်းဝိုင်းလည်နေလေပြီ။ အဆင်ကတော့ အရေးပေါ် အခြေအနေ ဖြစ်လာပုံပဲလေ။

ပီထရီသည် ကားလက်ကိုင်ဘီးပေါ်တွင် ကိုယ်ကို ရှေ့သို့ကိုင်းပြီး ရှေ့တည့်တည့်ဆီသို့ စူးစူးစိုက်စိုက် ကြည့်ရင်း မောင်းနှင်နေကြသည့် ဂျာမန် ဒရိုင်ဘာများကို ကြည့်ရင်း သူကိုယ်တိုင်ပင်လျှင် တစ်မျိုးတစ်မည် ဖြစ်လာသည်။ မြတ်စွာဘုရား… စစ်စလီကျွန်းပေါ် ဝင်တိုက်နေကြပြီလား မသိ။

ကားတန်းရှည်ကြီးထဲမှ ကားများသည် ညပိုင်းတွင် မမောင်းသင့် မမောင်းထိုက်သော မိုင်နှုန်းထက် ပိုမောင်းနေကြသည်။ ပီထရီက ခုလိုအချိန်မျိုးတွင် မတော်တဆ ယာဉ်တိုက်မှု မဖြစ်ပါစေနဲ့ဟု ဆုတောင်းနေရသည်။ အကယ်၍သာ ယာဉ်တိုက်မှု တစ်ခုခု ဖြစ်ခဲ့သော် လူနာတင်ကားတစ်စီး အနေနှင့် ရပ်တန့်ပြီး ကူညီမှုပေးမှသာ သဘာဝကျချေမည်။ လောလောဆယ်ဆယ်တွင်လည်း သူတို့ ကားသည် စစ်ကားနှစ်စီးကြားတွင် ညပ်နေသည်။



ရှေ့ဘက်တွင် ဂျာမန်ထရပ်ကား ရှိနေသလို သူ့နောက်ဘက်တွင်လည်း သံချပ်ကာကားတစ်စီး ရှိနေသည်။ ယခုလို အချိန်တွင် ရှေ့ကားတစ်စီးစီးကသာ ကြိုတင် အချက်မပြဘဲ ဝုန်းခနဲ ပစ်ရပ်လိုက်သော် လမ်းမကြီးပေါ်တွင် သူမြင်ခဲ့ရသော ယာဉ်တိုက်မှုထက် ပိုကြီးကျယ် ဆိုးရွားသော ယာဉ်တိုက်မှုကြီးတစ်ခု ဖြစ်လာတော့မှာ မလွဲပါချေ။ သူတို့ကားသည် ဂျာမန်စစ်ကားသံများကို နာခံရင်း တောင်ကုန်းထိပ်သို့ ရောက်ရှိလာသည်။ အဆင်ကတော့ စစ်စလီကျွန်းပေါ်တွင် ရှိနေသည့် ရန်သူစစ်တပ် မှန်သမျှ လှုပ်လှုပ်ရှားရှား ဖြစ်နေသည့် ပုံစံမျိုးပင် တည်း။

"အဲဒါ သဘော်ဆိပ်ပဲ"

အင်ဂျလိုက ဒါလောက်ပဲ ပြောသည်။ ပီထရီသည် ပျောက်ကွယ်စပြုနေပြီဖြစ်သော မှိန်မှေးမှေးလရောင်ဖြင့် အောက်ဘက် ခပ်လှမ်းလှမ်းဆီမှ မြင်နေရသော မက်ဆီနာမြို့ ရှုခင်းကို ငေးကြည့်နေမိသည်။ ဂျာမန်ကားနှစ်စီး ရှေ့နောက် အညှပ်ခံနေရသော သူတို့ကားကလေး တောင်ပေါ်မှ စဆင်းချိန်တွင် မက်ဆီနာ ရေလက်ကြား၌လည်း လေကြောင်းမှ လာရောက်တိုက်ခိုက်မှုတစ်မှုသည် အရှိန်ရနေလေပြီ။ လေယာဉ်ပစ် အမြောက်များကြောင့် ရေလက်ကြား၏ ကမ်းခြေ နှစ်ဖက်စလုံးမှ လျှပ်စီးလက်သလို ပေါ်ထွက်လာသော အလင်းရောင်များကို မြင်နေရသည့်အပြင် လေယာဉ်ပစ် အမြောက်သံများကလည်း မိုးချုန်းသလို အုန်းခနဲ အုန်းခနဲ ကြားနေရသည်။ သူတို့လူစုသည် ပလာမိုမှ သည်နေရာအထိ ရောက်လာပြီဖြစ်သည့်တိုင်အောင် သူတို့လူစု သည်ကျွန်းပေါ် ရောက်နေကြောင်း ရန်သူ့ဘက်က စိုးစဉ်းမျှ မရိပ်မိကြသေးချေ။ သူတို့လူစု မက်ဆီနာမြို့ ဆင်ခြေဖုံးရပ်ကွက်သို့ ရောက်ရှိလာချိန်တွင် ညဆယ့်တစ်နာရီခွဲ ရှိနေလေပြီ။

❑ ❑ ❑

www.burmeseclassic.com

## တစ်ဆယ့်သုံး

သောကြာနေ့ ည ၁၁ နာရီခွဲမှ ၁၁ နာရီ ၅၅ မိနစ်

ဂျာမန် စစ်ကားအုပ်စုကြားတွင် ညှပ်ပူးညှပ်ပိတ် မိနေသော ရှုနာတင်ကားကလေးသည် ရှည်လျားလှသော တောင်းဆင်းလမ်းအတိုင်း မောင်းဆင်းလာရာ သုံးထပ်တိုက်များနှင့် ပြည့်နှက်နေသော မက်ဆီနာမြို့ထဲသို့ ရောက်ရှိလာကြလေပြီ။ တောင်ခြေရင်းသို့ ရောက်သောအခါ ကျယ်ဝန်းသော လမ်းမကြီးအတိုင်း ဆက်မောင်းကြရပြန်သည်။ ရေလက်ကြားဆိမ့် လေယာဉ်ပစ်အမြောက်သံကြီးများနှင့် ဗုံးပေါက်ကွဲသံတို့မှာ ပိုကျယ်လောင်လာသည်။ မဟာမိတ်တပ်ပေါင်းစုကလည်း သဘော်ာဆိပ်ကို ဗုံးအဆက်မပြတ် ကြဲချနေသည်။ ပီထရီသည် ချွေးစို့နေသော နဖူးကို လက်တစ်ဖက်ဖြင့် သုတ်လိုက်သည်။

"အင်ဂျလို…သည်ကားအုပ်စုထဲက လွတ်ချင်ပြီ၊ ပြဿနာတစ်ခုခုပေါ်ခဲ့လျှင် ကျုပ်တို့ ပိတ်မိနေတော့မှာပဲ"

ပီထရီသည် ရှေ့ကားနှင့် သူ့ကားကြားထဲတွင် နေရာ ပိုကျယ်သွားအောင် အရှိန်ကို အနည်းငယ် လျှော့ချလိုက်သည်။ တို့နောက် အင်ဂျလိုအချက်ပေးသည့်အတိုင်း (နောက်ကားကို) ကွေ့တော့မည်ဟု အချက်ပြလိုက်ပြီး ညာဘက်သို့ ချိုးကွေ့လိုက်သည်။ ချက်ချင်းလိုလိုပင် ဘေးလမ်းလေးတစ်ခုထဲသို့ ရောက်ရှိသွားပြီး ထိုလမ်းထဲတွင် သူတို့ကားတစ်စီးတည်းသာ ရှိတော့သည်။



လမ်းဘေးတစ်ဖက် တစ်ချက်တွင် ရှိနေသော တိုက်ကြီးတာကြီးများသည် မှောင်နှင့် မည်းမည်း ဖြစ်နေကြသည်။ ညဉ့်ကတော့ တော်တော်နက်နေလေပြီ။ သို့သော် အလင်းရောင်ကို လုံးဝ မမြင်ရသဖြင့် ဗုံးဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားများ ပြတ်သွားလေသလားဟု တွေးလိုက်ရင်း ပီထရီက မော်တော်ကားလီဗာကို ဖိနင်းချလိုက်သည်။

တစ်ခါ အင်ဂျလို၏ ညွှန်ကြားချက်အတိုင်း ဘယ်ဘက်သို့ ချိုးကွေ့လိုက်ပြီး ပထမ လာခဲ့သော လမ်းမကျယ်ကြီးနှင့် ဆင်တူ လမ်းမကြီးတစ်ခုအတိုင်း ဆက်မောင်းသွားသည်။ သို့သော် ထိုလမ်းမကျယ်ကြီးပေါ်တွင် အသွားအလာ လုံးဝ မရှိ။ ရှင်းလင်းနေသည်။ ပြတင်းပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်နေသော ဆဲလ်ဗားက ပီထရီ၏ ပခုံးကိုအသာ တို့လိုက်သည်။

"ရှေ့လမ်းဆုံကျလျှင် ရပ်ပေးဗျာ၊ ကျုပ် သည်မှာ ခင်ဗျားတို့နဲ့ လမ်းခွဲရလိမ့်မယ်"

"ခင်ဗျား… ကျုပ်တို့နှင့်အတူတူ သဘော်ာဆိပ် ရောက်တဲ့အထိ လိုက်ခဲ့ မယ်"

အင်ဂျလိုက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ သူ့စိတ်ထဲတွင် ငုပ်လျှိုးနေသော သံသယ အစိုင်အခဲများသည် ပြန်ပေါ်လာပြန်လေပြီ။ ပီထရီက အရှိန်ကို လျှော့ချပြီး ကားကို ရပ်လိုက်သည်။ အင်ဂျလိုက ထပ်ပြောသည်။

"ကျုပ်တို့ အတူတူနေမှ ဖြစ်မယ်၊ ကျုပ်အခန်းကို ခဏပြန်ပြီး တစ်မိနစ် နှစ်မိနစ်လောက်ပဲ တယ်လီဖုန်း ဆက်စရာ ကျန်တော့တယ်။ သည်တော့ ဘာဖြစ်လို့…"

ပီထရီက ကားပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် လှမ်းကြည့်ရင်း မေးလိုက်သည်။

"ခင်ဗျားစိတ်ကူးက ဘယ်လိုလဲ ဆဲလ်ဗား"

အနီးအနားတွင် မည်သူမျှ မရှိပါ။ လမ်းဆုံနားတွင် တံခါးပိတ်ထားသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှိနေပြီး ထိုဆိုင်ဘေးနားတွင် ကားဂိုဒေါင်တစ်လုံး ရှိနေသည်။ အမြောက်သံ၊ ဗုံးသံများ ခဏတာမျှ ငြိမ်ကျသွားသဖြင့် လေသံခပ်တိုးတိုးဖြင့် စကားပြောနိုင်ခွင့်ရလာသည်။ ယခုလို ဆိတ်ငြိမ်နေချိန်တွင် စက်မရပ်ဘဲ နှိုးထားသော ကားစက်သံသည်ပင်လျှင် အင်မတန်ဆူညံနေသလို ထင်ရသည်။ ဆဲလ်ဗားက အင်ဂျလိုကို ခပ်တည်တည် စိုက်ကြည့်လိုက်ပြီးနောက် ပီထရီကို လှမ်းပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''သည်ကားဂိုဒေါင်ထဲမှာ ကားတစ်စီး ရှိတယ်၊ ကျုပ် အဲဒီကားနဲ့ သင်္ဘောဆိပ်ကို ရောက်သွားပြီး ခင်ဗျားတို့ လာနေတဲ့အကြောင်းနှင့် ခင်ဗျားတို့အတွက် အစီအစဉ်တွေ အဆင်သင့်ဖြစ်အောင်လုပ်ဖို့ ဂိုယာကိုမိုကို ကြိုအသိပေးဖို့ လိုတယ်၊ ဆီညော်ဂမ်ဘာရီ ခင်ဗျားအခန်းက အနီးအနားမှာ ရှိသလား။ ရှိလျှင် ကောင်းမယ်''

ဆဲလ်ဗားသည် သူ ရေးဆွဲထားသော မြေပုံစာရွက် အခေါက်ကလေးကို ပီထရီထံ လှမ်းပေးလိုက်သည်။

''ခင်ဗျား့က ဟောဒီအမှတ်အသား ပြထားတဲ့ သင်္ဘောဆိပ် တစ်နေရာကို အရောက်လာခဲ့၊ သည်နေရာက သိပ်မဝေးပါဘူး၊ အဲဒီနေရာကို ဂမ်ဘာရီ သိပါလိမ့်မယ်၊ ကျုပ်က ဟောဒီထောင့်က စောင့်မယ်''

ပီထရီက မြေပုံကို ယူလိုက်ပြီး ဂမ်ဘာရီကို လှမ်းပေးလိုက်သည်။

''အင်ဂျလို… ကျုပ်တို့ အဲဒီနေရာ ရောက်အောင်သွားလျှင် ဘယ်လောက် လောက်ကြာမလဲ''

''သည်ကားနဲ့ပဲလား''

''မဟုတ်ဘူး၊ ခြေကျင် သွားရမယ်၊ သည်ကားကို ဆက်စီးနေလျှင် မကြာခင် ကိုးရိုးကားရားတွေ ဖြစ်လာလိမ့်မယ်၊ ကျုပ်တို့ ခင်ဗျားအခန်းကျလျှင် အဝတ်အစားတွေ လဲကြမယ်''

''ငါးမိနစ်ပါပဲ၊ ကျုပ်နေရာက ကာရစ်ဒီသင်္ဘောဆိပ်နဲ့ နီးပါတယ်''

''ဒါဆိုလျှင် ဆယ့်တစ်နာရီ မိနစ်ငါးဆယ်လောက်မှာ ခင်ဗျားနဲ့ ဆုံကြတာပေါ့ဗျာ''

ပီထရီက သူ့နာရီကို ပြန်ကြည့်ရင်း ဆဲလ်ဗားကို ပြောလိုက်သည်။ သူတို့လူစုသည် ယခုအချိန်တွင် နာရီပိုင်းနှင့် စကားမပြောကြဘဲ မိနစ်ပိုင်းနှင့်သာ ပြောကြတော့သည်။ ပီထရီသည် ဆဲလ်ဗားတစ်ယောက် ကားပေါ်မှ ဆင်းပြီး ကားဂိုဒေါင်ရှိရာဆီသို့ လျှောက်သွားနေစဉ် စိတ်မရှည်တော့သည့် အမူအရာကို မပြမိအောင် ဆင်ခြင်ပြီး နေလိုက်သည်။ သူက မောင်းထွက်လိုက်သောအခါ အင်ဂျလိုက ဘယ်ဘက်သို့ ကွေ့ရန် ပြောလိုက်သည်။ သူက ကားကို ကွေ့ပြီးသောအခါ အင်ဂျလိုက ကားကို ရပ်ခိုင်းလိုက်သည်။

''ဘာဖြစ်လို့ သည်မှာ ရပ်ရမှာလဲ''

ပီထရီက ကားကို ပလက်ဖောင်းဘေးသို့ ထိုးရပ်ရင်း ပြန်မေးလိုက်သည်။ အင်ဂျလိုသည် ကားတံခါးကို ဖွင့်ပြီး လမ်းဆုံရှိရာဆီသို့ အပြေးအလွှားပြေးသွားသည်။ ဤတွင် ဗျန်ဆန်က ခေါင်းပြူရင်း လှမ်းမေးလိုက်သည်။



''သည်နေရာတစ်ဝိုက်မှာ အသည်းယားစရာ ကောင်းလှတယ်ဗျာ၊ အင်ဂျလို ဆဲလ်ဗားကို သံသယဖြစ်တာ ဟုတ်နိုင်ပါ့မလား''

ပီထရီက သူ့နာရီကို ဒုတိယအကြိမ် ထပ်ကြည့်လိုက်သည်။ သူ့လေသံကလည်း ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား ရှိပုံရသည်။

''ဘယ်ကလာ ဆဲလ်ဗားတစ်ယောက် ပလာမိုက သည်ထိအောင် လိုက်လာတာကို သူ မေ့နေပုံရတယ်၊ ခုအချိန်ကျမှတော့ သူ ကျုပ်တို့ကို သစ္စာမဖောက်တော့ပါဘူး၊ သူ မသိသေးတဲ့ နောက်တစ်ချက်ကလည်း သူ့ကို ပလာမိုမြို့တော်ဝန် ဖြစ်ရပါစေ့မယ်လို့ တို့က ကတိပေးထားတဲ့ ကိစ္စပဲ''

''ဒါဖြင့်လျှင် ခုလို အချိန် သိပ်နည်းနေချိန်မှာ အင်ဂျလို စုံစမ်းဖို့ သွားတာကို ဘာဖြစ်လို့ လွှတ်ပေးလိုက်တာလဲ''

''ဒါကတော့ သေချာသထက် ပိုသေချာအောင်ပေါ့လေ''

ကားသံ တစ်သံ သူတို့နောက်ဘက်မှ ပေါ်လာပြီး လမ်းဆုံကို ဖြတ်မောင်းပြီးနောက် ပျောက်ကွယ်သွားသည်။ အင်ဂျလိုသည် ကားဆီသို့ ပြန်ပြေးလာပြီး ကားထဲသို့ ခုန်ဝင်လိုက်ချိန်တွင် လှုနာတင်ကားသည် စ,ထွက်ခွာလေတော့သည်။

အင်ဂျလိုသည် မောကြီးပန်းကြီးဖြင့် စကား စပြောသည်။

''သည်လမ်းအတိုင်း ဆက်မောင်းပြီး ရှေ့က လမ်းခွဲကလေးထဲကို ချိုးဝင်ရမယ်၊ အဲဒီနောက်တော့ အောက်ဘက် လမ်းဆုံးအထိ မောင်းရလိမ့်မယ်''

ထို့နောက် သူက တောင်းတောင်းပန်ပန် လေသံဖြင့် ဆက်ပြောပြန်သည်။

''ကျုပ်က သူပြောတာကို သိပ်မယုံဘူး၊ ဒါပေမဲ့ သည်ကားပေါ်က ဆင်းကတည်းက ဆဲလ်ဗား လက်ထဲမှာ ကားဂိုဒေါင်သော့ အဆင်သင့်ရှိနေတယ်၊ တော်တော့ကို သေသပ်တဲ့ အကွက်တစ်ကွက်ပဲ''

ပီထရီက ပြန်ဖြေလိုက်သည်။

''သူ့အဖွဲ့အစည်းကိုက ကောင်းတာပါလေ''

သူသည် အင်မတန် ကျဉ်းမြောင်းလှသော လမ်းကလေးထဲသို့ ချိုးဝင်လိုက်သည်။ လမ်းကလေးမှာ ကျဉ်းလွန်းလှသဖြင့် ကားကိုယ်ထည်သည် နံဘေးရှိ နံရံများနှင့် ထိလုနီးပါး ဖြစ်နေသည်။ ဆိုးရွားလှသော အနံ့အသက်များသည် ကားပြတင်းပေါက်မှ ကားထဲသို့ တိုးဝင်လာသည်။ ရှေ့တည့်တည့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လမ်းကလည်း အလွန်တရာ မည်းနက်သော ချောက်ကြီးတစ်ခုသဖွယ် ထင်မှတ်ရသည်။

"သူ ချက်ချင်း ပြန်ထွက်လာပြီး ကားကို မောင်းသွားတယ် ထင်တယ်"

"ဟုတ်တယ်၊ တစ်စက္ကန့်လောက်တောင် အချိန်မဖြုန်းဘူး၊ နောက်တစ်ချက်ကလည်း သူ့အတွက် ကားတစ်စီး အဆင်သင့်ရှိနေတာ မယုံချင်စရာပဲ"

ပီထရီက ပြန်ဖြေသည်။

"သူက ဆိပ်ကမ်း အလုပ်သမားတွေကို လွှမ်းမိုးထားတာ မဟုတ်လား၊ သည်တော့ သူ သည်ကိုလည်း မကြာခဏဆိုသလို လာလိမ့်မယ် ထင်တယ်"

သူသည် အင်ဂျလို၏ ညွှန်ကြားချက်အတိုင်း ညာသို့ ချိုးကွေ့လိုက်ပြီး နောက် ဘယ်ဘက်သို့ ပြန်ကွေ့လိုက်ရာ ဆဲလ်ဗားကို ချပေးခဲ့သော လမ်းမကြီးပေါ် ပြန်ရောက်လာသည်။ သို့သော် ယခုနေရာမှာ ယခင်နေရာနှင့် အတော်ကလေး လှမ်းသည်။ အင်ဂျလိုက ရှင်းပြသည်။

"ကျုပ်က လမ်းမကြီးတွေကို တတ်နိုင်သလောက် ရှောင်ကွင်းနေတာ"

ပီထရီသည် မော်တော်ကား ကြမ်းပြင်ကို ဖိနပ်ဖြင့် နင်းသံကြားလိုက်သဖြင့် နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်ရာ နောက်ဘက် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေသော ဂျွန်ဆန်သည် မော်တော်ကားရှေ့ဘက်ဆီသို့ ကပျာကယာ ပြန်လှည့်လာသည်ကို မြင်လိုက်ရသည်။

"ပြဿနာတော့ ပေါ်ပြီထင်တယ်၊ ဂျာမန်စစ်တပ်က ပတ်တရောင်ကားတစ်စီး ကျုပ်တို့ကားနောက်က ခပ်မှန်မှန် မောင်းလိုက်လာတယ်"

"ကားထဲမှာ လူဘယ်နှယောက် ပါသလဲ၊ မင်း မြင်ရသလား"

"ထင်ထင်ရှားရှား မမြင်ရဘူး၊ ဒါပေမဲ့ လေးယောက်တော့ ရှိနိုင်တယ်"

ပီထရီက အင်ဂျလိုကို ကမန်းကတန်း လှမ်းမေးလိုက်သည်။

"အင်ဂျလို…ခင်ဗျားအခန်းနဲ့ တော်တော်လေး နီးပြီလား"

"ရောက်သလောက် ဖြစ်နေပြီ"



ပီထရီက ဆဲလိုက်မိသည်။ နောက်ဆုံးအချိန်ကျမှ သူတို့လုစုကို တွေ့သွားရလေခြင်း။ သူက နောက်ကြည့်မှန်ကို အနည်းငယ် နေရာပြင်ရင်း နောက်ဘက်သို့ လှမ်းကြည့်လိုက်ရာ၊ ကားတစ်စီး၏ ရှေ့မီးရောင်ကို တွေ့ရတော့သည်။ သူတို့ကားသည် လမ်းဆုံရှိရာနှင့် နီးလာလေပြီ။ သည်တော့ ပါလာသော ကားသည် မတော်တဆ တိုက်ဆိုင်မှုပဲလား ဆိုတာကို သိဖို့ လိုလာသည်။ ဆက်တိုက် သုံးခါ ကွေ့ပြီး မောင်းသည့်တိုင်အောင် နောက်က ပါလာသေးသည်ဆိုလျှင် သိပ်သေချာသွားလေပြီ။

နောက်မှ ကားမီးရောင်သည် ရှေ့ဘက်သို့ မြန်ဆန်စွာ တိုးလာနေသည်ကို ပီထရီက နောက်ကြည့်မှန်ထဲမှ ကြည့်နေသည်။ သူတို့ကို နောက်ယောင်ခံလိုက်နေတာတော့ မဟုတ်တော့ပြီ။ သူတို့ကားကို ရပ်ခိုင်းချင်လျှင်လည်း ရပ်ခိုင်းလိမ့်မည်။ ဒါမှမဟုတ် ကျော်လျှင်လည်း ကျော်တက်သွားလိမ့်မည်။ သူက ကားကို လမ်းလယ်ခေါင်မှ ဘေးသို့ ရွှေ့ပေးရန်အတွက် ကားလက်ကိုင်ဘီးကို လှည့်ရန် ကြံလိုက်စဉ် နောက်မှ ကားသည် ညာဘက်မှ ကျော်တက်လာပြီး ယှဉ်မောင်းရင်း ဒရိုင်ဘာဘေးမှ ပုဂ္ဂိုလ်က ကားကို ရပ်ပေးရန် လက်ပြ၍ တားလိုက်သည်။

ပီထရီက ကားကို လမ်းဆုံသို့ မရောက်မီ ခပ်လှမ်းလှမ်းတွင် ရပ်ပေးလိုက်သည်။ လမ်းဆုံထောင့်တွင် ပိတ်ထားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိနေပြီး စကြံလမ်းပေါ်တွင် စားပွဲအချို့နှင့် ကုလားထိုင်တချို့ ရှိနေသေးကြောင်း လှမ်းမြင်နေရသည်။ ပတ်တရောင် ကားမှ ဒရိုင်ဘာက သူ့ကို အင်ဂျလိုဘက်ရှိ ပြတင်းပေါက်မှ ဂျာမန်လို အော်ပြောလိုက်သည်။

"စက်ကိုပါ သတ်ထားပါ၊ တို့ မင်းတို့ရဲ့ လူနာတင်ကားထဲကို ရှာကြည့်ချင်တယ်"

ပီထရီက ပြန်အော်ပြောလိုက်သည်။

"ကျုပ် ဆေးရုံကြီးကို ပြန်တော့မလို့ဗျ၊ ကျုပ်တို့က အီတာလျံစကားပဲ နားလည်တယ်"

ကားထဲကိုပါ ကြည့်ချင်တယ်ဟု တောင်းဆိုလာသောကြောင့် ပြောမည့်သာ ပြောလိုက်ရသည်၊ ထူးတော့ ထူးမှာ မဟုတ်ဟု ပီထရီက နားလည်လိုက်ပြီးသား ဖြစ်သည်။ သူတို့ကို ဂျာမန် ပတ်တရောင်ကားက ယခုလို ဖမ်းထားခြင်းမှာ စပါးကျီထဲ၌ ချည်နှောင်ထားခဲ့သော ဂျာမန်စစ်သားများကို ရှာတွေ့သွားကြပြီး လူနာတင် ကားနံပါတ်ကို လှမ်းအကြောင်းကြားထားသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ဖြစ်ရပေမည်။ ပတ်တရောင်ကားမှ ဒရိုင်ဘာက သူတို့ကို လှမ်းအမိန့်ပေးပြန်သည်။ သည်တစ်ကြိမ်တွင်မူ အီတာလျံဘာသာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

"မင်းတို့ နှစ်ယောက်စလုံး ကားထဲက ထွက်ခဲ့ကြစမ်း… ကားစက်ကိုလည်း ရပ်ထားပါလို့ ငါ ပြောတယ်ကွ"

ပီထရီသည် ခေါင်းညိတ်ပြလိုက်ပြီးနောက် ဘရိတ်ကို လွှတ်၍ ရှေ့သို့ မောင်းထွက်လိုက်သည်။ သူ မျှော်လင့်ထားသလိုပင် ပတ်တရောင်ကားကလည်း ဘေးမှ ယှဉ်ရင်း ရှေ့သို့ မောင်းလိုက်လာသည်။ သို့သော် လူနာတင်ကားက တစ်စက္ကန့် နှစ်စက္ကန့်ခန့် ပိုစောသွားသည့်အပြင် ပီထရီက လီဗာကို တအားနင်းထားသည်။ ပတ်တရောင်ကား၏ ရှေ့ကာကို အင်ဂျလိုဘက်ရှိ ပြတင်းပေါက်မှ စမြင်လိုက်ရသောအခါ ပီထရီက ပတ်တရောင်ကားကို လမ်းထိပ်မှ ကန့်လန့်ခံ၍ ဆီးပိတ်ရန် ရည်ရွယ်ချက်ဖြင့် ကားလက်ကိုင်ဘီးကို ညာဘက်သို့ ကြမ်းကြမ်းရမ်းရမ်း ဝိုက်၍ ကွေ့ချလိုက်သည်။ ထို့နောက် ဘာတွေ ဆက်ဖြစ်သည်ကို အင်ဂျလိုက မြင်လိုက်ရသည်။

သူတို့ကားထက် ပိုကြီးသော လူနာတင်ကားက ရှေ့မှ ကန့်လန့်ခံရန် ညာဘက်သို့ ဆွဲချလိုက်သောကြောင့် ဂျာမန် ဒရိုင်ဘာကလည်း ညာဘက်သို့ ပိုကွေ့ချလိုက်ရရာ ပတ်တရောင်ကားလေးသည် ပလက်ဖောင်းပေါ်သို့ ခုန်တက်သွားပြီး စားပွဲများကို ဝင်တိုက်ရင်း လက်ဖက်ရည်ဆိုင်ကို တည့်တည့် ဝင်တိုးမိတော့သည်။ လူနာတင်ကားက ထောင့်ချိုးကို ကွေ့ချလိုက်စဉ် မှန်ကွဲသံများကို ကြားလိုက်ရပြီး လွင့်စဉ်လာသော စားပွဲတစ်လုံးက ကားရှေ့ဘီးကို လာထိမှန်တော့သည်။ ပီထရီက ထိုလမ်းအတိုင်း ဆက်မောင်းသွားစဉ် လူနာတင်ကား၏ နောက်ဘက်တံခါးပေါက်မှ ပြန်လှည့်ကြည့်နေသော ဌာန်ဆန်က အော်ပြောလိုက်သည်။

"ဒီကောင် နောက်ပြန်ဆုတ်နေပြီ၊ တို့နောက်ကို ဆုပ်လိုက်လာလိမ့်မယ်"

ပီထရီသည် အင်ဂျလို၏ အကြံပေးချက်ကို စောင့်မနေတော့ဘဲ ဘယ်ဘက်သို့ ကွေ့ချလိုက်ရာ ယခင်က သူတို့ လာခဲ့သော လမ်းလိုပင် အသွားအလာ လုံးဝမရှိသော လမ်းမကျယ်ကြီးတစ်ခုထဲသို့ ရောက်သွားပြန်သည်။ လ,လည်း ကွယ်သွားလေပြီ။ လေယာဉ်ပစ် အမြောက်သံများကိုလည်း ပြန်



ကြားရပြန်လေပြီ။ သူတို့သည် ထိုလမ်းအတိုင်း ဆက်မောင်းနေစဉ် ဌာန်ဆန်က ထပ်အော်လိုက်ပြန်သည်။

"သည်ကောင်တွေ နောက်က ပါလာတယ်"

ပီထရီက နောက်ဘက်သို့ ပြန်လှည့်ပြီး ကြမ်းပြင်ပေါ်တွင် ဝပ်နေရန် အော်ပြောလိုက်သည်။ ဒရိုင်ဘာ ဘေးနားတွင် ထိုင်နေသူသည် စက်သေနတ်တစ်လက်ကို ပခုံးတွင် လွယ်ထားရာ ထိုစက်သေနတ်ဖြင့် လှမ်းပစ်သံကို အချိန်မရွေး ကြားရတော့မည်ဟု သူ မျှော်လင့်ထားသည်။ ပီထရီက လီဗာကို ပိုနင်းချလိုက်သည်။ တဒိုင်းဒိုင်း မြည်နေသော လေယာဉ်ပစ် အမြောက်သံများကို နားကွဲ လုမတတ် ကြားနေရသည်။ တစ်ဖန် လျှပ်ပြက်သလို ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားသော မီးရောင်များကလည်း ယခင်ကထက် ပိုများလာသည်။ တစ်ဖန် ရှေ့ခပ်လှမ်းလှမ်းတွင် ဗုံးတစ်လုံး ကျကွဲသောကြောင့် မီးတောက်မီးလျှံများ ဝုန်းခနဲ ပေါ်ထွက်လာသည်ကို မြင်လိုက်ရသည်။

သူသည် မီးတောက်မီးလျှံများဆီသို့ ဦးတည် မောင်းနှင်နေရင်းကပင် လေယာဉ်ပစ် အမြောက်များဆီမှ ပေါ်ထွက်လာသော လျှပ်ပြက်သလို ဝင်းခနဲ ဖြစ်သွားသည့် အလင်းရောင်ဖြင့် ကားတန်းကြီးတစ်တန်း သူ့ရှေ့တွင် ကန့်လန့်ဖြတ် ခံနေသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဘယ်ဘက်ရှိ လမ်းတစ်လမ်းထဲသို့ ချိုးကွေ့ချလိုက်ပြီးနောက် ထိုလမ်းဆုံးသောအခါ ဘယ်ဘက်သို့ အရှိန်ဖြင့် ကွေ့ချလိုက်ပြန်သည်။ ဤတွင် ဘရိတ်အုပ်သံနှင့် ကားဘီးမှ တကျီကျီမြည်သံများ ထွက်ပေါ်လာသလို အင်ဂျလိုသည် သူ့ကိုယ်ကို မထိန်းနိုင်တော့ဘဲ ပီထရီဘက်သို့ ယိုင်ကျလာသည်။ ထို့နောက် ကားကို ပြန်ဖြောင့်လိုက်ရာ အလယ်ခေါင်တွင် သစ်ပင်ကြီးများ ရှိနေသော ရင်ပြင်ကြီးတစ်ခုဆီသို့ ရောက်လာတော့သည်။

သူတို့ မော်တော်ကားသည် ရင်ပြင်ကို တစ်ဝက်ခန့် ပတ်ပြီးချိန်တွင် ရင်ပြင်၏ ဟိုဘက် သူတို့နှင့် ဘေးတိုက်တည့်တည့်တွင် ရှိနေသော လမ်းတစ်လမ်းထဲမှ ပတ်တရောင်ကား ပေါ်ထွက်လာတော့သည်။ ပီထရီက ရင်ပြင်ကို တစ်ပတ်ပတ်ပြီးနောက် အသွားအလာ ရှင်းသော သူတို့ လာခဲ့သည့် လမ်းအတိုင်း ပြန်မောင်းပြေးရန် ရည်ရွယ်ချက်ဖြင့် ဆက်မောင်းတော့သည်။ ထိုအခိုက်မှာပင် ရှီခနဲမြည်၍ ဗုံးကျလာသံကို ကြားလိုက်ရသည်။

ဗုံးကျလာသံမှာ နားမခံသောအောင် ဆိုးရွားလှပြီး လူစိတ်ပျောက်သွားလောက်အောင် ကြောက်စရာ ကောင်းလှသည်။ ထို့နောက် ရင်ပြင်ထဲတွင်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



သော အဆောက်အအုံတစ်ခုကို လာရောက်ထိမှန်ရာ နားကွဲလုမတတ် ပြင်းထန်လှသော အသံကြီးတစ်သံ ပေါ်လာပြီး နံရံကြီးတစ်ခုလုံး ပြိုကျသွားသည်။ ထိုနံရံကြီးတစ်ခုလုံးသည် ပတ်တာရောင် ကားပေါ်သို့ ပြိုကျသွားရာ တုန်ခါသွားသော ထိခိုက်မှု အရှိန်အဟုန်ကို လူနာတင် ကားထဲရှိ လူအားလုံးကပင် ခံစားလိုက်ကြရလေသည်။ ပီထရီသည် ကားကို ရပ်ပစ်လိုက်ပြီးနောက် ပတ်တာရောင် ကားလေးကို ဖုံးအုပ်သွားသည့် ကြီးမားလှသော အုတ်ကျိုးအုတ်ပဲ့ အပုံကြီးကို စိုက်ကြည့်နေမိသည်။ ပြီးမှ –

"ခင်ဗျားအိမ်ခန်းနဲ့ တော်တော်လေး နီးပြီလား" ဟု မေးလိုက်သည်။

အင်ဂျလိုသည် တုန်လှုပ်ချောက်ချားသွားသဖြင့် ခေါင်းကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်နေရဆဲ ဖြစ်သည်။ ပီထရီက ထိုမေးခွန်းကို နောက်တစ်ကြိမ် ထပ်မေးသည့်အခါကျမှ အဖြေရတော့သည်။

"သည်ရင်ပြင်ရဲ့ ဟိုဘက်နားလေးတင်ပါ၊ သည်က သွားလျှင် တစ်မိနစ်ထက် ပိုမကြာပါဘူး"

"ဒါဆိုလျှင် အဝတ်ဟောင်းတွေ ယူသွားပြီး ခင်ဗျားအိမ်ကျမှ အဝတ်အစား လဲမယ်၊ အက်ဒဝပ်… ဟိုကျောပိုးအိတ်ကို မမေ့ပါနဲ့နော်၊ ကဲ… လာကြ… သည်လူနာတင်ယာဉ်ကို သည်မှာပဲ ထားခဲ့တော့မယ်"

□

စစ်စလီကျွန်း၏ ကာကွယ်ရေး ဦးစီးချုပ်ဖြစ်သူ အီတာလျံ ဗိုလ်ချုပ်ကြီး ဂတ်ဇိုနီသည် အင်နာ စစ်မဟာဌာနချုပ်ရှိ သူ့စားပွဲတွင် ထိုင်ရင်း တယ်လီဖုန်း စကားပြောနေစဉ် နေပဲလ်မှ လေယာဉ်ပျံဖြင့် ရောက်ရှိလာသော စစ်သေနာပတိ ကက်ဆလ်ရင်းကို မော့ကြည့်ရင်း တယ်လီဖုန်း စကားပြောခွက်ကို ကပျာကယာ ပြန်ချလိုက်သည်။

သူက မတ်တတ်ရပ်လိုက်ပြီးနောက် တုတ်ရှည်တစ်ချောင်းကို ကိုင်ရင်း–

"အတည်ပြုချက် မရသေးပေမဲ့ အင်မတန် ယုံကြည်လောက်တဲ့ သတင်းတွေအရဆိုလျှင် ရန်သူ့ဘက်က လေထီးစစ်သားတွေဟာ ပီယာနိုလူပိုနဲ့ ဆိုင်ရာကြူစ်နားမှာ အလုံးအရင်းနဲ့ ဆင်းလာပြီလို့ ဆိုပါတယ်" ဟု ပြောပြီး နံရံပေါ်က မြေပုံနှစ်နေရာကို တဒေါက်ဒေါက်ဖြင့် ထောက်ပြလိုက်သည်။

ကက်ဆလ်ရင်းက အမိန့်ပေးလိုက်သည်။



"ကာရစ်ဒီ သဘော်ကြီး ဂျိယိုဗန်နီကို ချက်ချင်း သွားဖို့ ညွှန်ကြားလိုက်ပါ၊ ကျုပ် ရိုင်းဟတ်ကို ဒီဘက် ခေါ်လိုက်တော့မယ်"

"အတည်ပြုချက်ရတဲ့အထိ မစောင့်တော့ဘူးလား ခင်ဗျာ"

"မစောင့်တော့ဘူး၊ အဲဒီအမိန့်ကို ဘာဒီဆီ ပို့လိုက်စမ်း"

ဗိုလ်ချုပ်ကြီး ဂတ်ဇိုနီက စားပွဲဆီ ပြန်သွားပြီး တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်စဉ် ကက်ဆလ်ရင်းက သူ့ကို ထပ်မမေးအောင် နံရံပေါ်မှ မြေပုံကို သွားကြည့်နေလိုက်သည်။ ဘာ့ကြောင့်ရယ်လို့တော့ သူ မပြောတတ်ချေ။ ဗိုလ်ချုပ်ကြီးစထရစ်လင်းက ဗြိတိသျှ စစ်တပ်များကို ဦးစီးကွပ်ကဲနေသည်ဟု သိလိုက်ရသည်နှင့် တစ်ပြိုင်နက် စစ်စလီကို ဝင်တိုက်တော့မှာပဲဟု သူ သိလိုက်သည်။ ထို့ကြောင့် အမှတ် ၂၉ ပန်ဇာတင့်ကား ဒီဗီဇံတပ်ကို သည်ဘက် ခေါ်ယူဖို့ ဆင်ခြေဆင်လက် တစ်ကွက်တော့ ရသွားလေပြီ။ လေထီးစစ်သားတွေ ဆင်းလာနေပြီး အတည်ပြုချက်ကတော့ နောက်မှ ရလိမ့်မယ်။ သို့သော် ဒီတစ်ချက်နှင့်ပင် ဗဟိုစစ်ဌာနချုပ်ကို ခံပြောဖို့ အချက်အလက် လုံလုံလောက်လောက် ရနေလေပြီ။ သူက မြေပုံပေါ်ရှိ နံရံကပ် နာရီကြီးကို လှမ်းကြည့်လိုက်သည်။ ည တစ်ဆယ့်တစ်နာရီ ငါးဆယ့်နှစ်မိနစ် ရှိလေပြီ။

□

အင်ဂျလို၏ အိမ်ခန်းသည် မှောင်မည်းနေသော အဆောက်အဦကြီး၏ ပထမထပ်တွင် ရှိရာ သူတို့လူစုသည် ပီထရီ၏ လက်နှိပ်ဓာတ်မီး အကူအညီဖြင့် မှောင်မည်းနေသော လှေကားအတိုင်း စမ်းတဝါးဝါး တက်ခဲ့ကြရသည်။ တံခါးရှေ့သို့ ရောက်သောအခါ အင်ဂျလိုက သော့ဖြင့် ဖွင့်ပြီး အထဲသို့ ဝင်သွားသည်။ အင်ဂျလိုသည် အခန်းနှစ်ခန်းကို ကပျာကယာ စစ်ဆေးလိုက်ပြီးနောက် အထဲမှ မီးရောင်ကို အပြင်မှ မမြင်အောင် ကာထားသော ပြတင်းပေါက်မှ ခန်းဆီးများကို ဆွဲဖယ်လိုက်သည်။ ထို့နောက် အပြင်သို့ ပြန်ထွက်ပြီး သေနတ်များကို လက်ထဲတွင် အဆင်သင့် ကိုင်စောင့်နေသော ပီထရီနှင့် ပွန်ဆန်ကို ခေါ်လိုက်သည်။

"လာသာ လာကြဗျို့"

သူတို့အားလုံး အခန်းထဲသို့ ကပျာကယာ ပြန်ဝင်လာကြသည်။ အင်ဂျလိုသည် ယူနီဖောင်းကို ချွတ်ပစ်လိုက်ပြီးနောက် ပြင်သစ် ဘရန်ဒီပုလင်းများကို လိုက်စုနေစဉ် ပီထရီကလည်း တောသူတောင်သားများ ဝတ်ဆင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို ပြောင်းလဲဝတ်ဆင်နေသည်။ ထို့နောက် လျှပ်စစ်မာတ်အား မရှိသဖြင့် ပီထရီ၏ လက်နှိပ်ဓာတ်မီးကို အသုံးပြု၍ တယ်လီဖုန်း ဆက်ရပြန်သည်။

"အလ်ဖရီဒို ရှိသလား"

အင်ဂျလိုသည် မျက်နှာတစ်ချက် ပျက်သွားပြီးနောက် တယ်လီဖုန်း စကားပြောခွက်ကို ဒိုင်းခနဲ ပြန်ဆောင့်ချလိုက်သည်။

"ဒီပြင်လူတစ်ယောက် ဖြေတယ်၊ အီတာလျံဘာသာနဲ့ ပြောပေမဲ့ ဂျာမန်လေသံ ပေါက်နေတယ်"

ပီထရီက ခပ်ဆတ်ဆတ် ဖြေလိုက်သည်။

"ဒါဆိုရင် ဟို… ကူးတို့သင်္ဘောကြီးပေါ်က ပြန်ဆင်းပြေးဖို့ ဆဲလ်ဗား ကို အားကိုးရတော့မှာပဲ၊ အဲ… သူကမှ မတတ်နိုင်ဘူးဆိုလျှင် သင်္ဘောကြီးနဲ့ အတူတူ အသေခံကြဖို့ပဲ ရှိတော့တယ်၊ ကဲ…လာ…သည်နေရာက မြန်မြန် လစ်ကြစို့"

ပီထရီသည် ဒိုင်းနမိုက်များပါသော ကျောပိုးအိတ်ကို ပခုံးပေါ် တင်လိုက်ပြီးနောက် ရှေ့မှ ထွက်သွားသော အင်ဂျလိုနောက်မှ ခပ်သွက်သွက် လိုက်ပါလာသည်။ သူတို့လူစုသည် မှောင်မည်းနေသော လမ်းကြားကလေး တစ်ခုထဲသို့ ရောက်ရှိသွားကြသည်။ ထိုလမ်းကြားလေးထိပ်သို့ ရောက်သော အခါ အင်ဂျလိုက ရပ်တန့်လိုက်ပြီး အပြင်ဘက်သို့ ခေါင်းပြူကြည့်လိုက်သည်။ ထို့နောက် ကျန်လူများကို လိုက်လာခဲ့ကြရန် လက်ပြ၍ ခေါ်လိုက်သည်။ ပီထရီက ထွက်လိုက်လာရာ အလွန်ကြီးမားသော ကွင်းပြင်ကြီး တစ်ခုထဲသို့ ရောက်လာကြောင်း တွေ့ရပြီး ထိုကွက်လပ်၏ အလယ်ခေါင်ရှိ ပန်းခြံထဲ၌ အသင့်နေရာယူထားကြသော ဂျာမန် အမြောက်တပ်သားများနှင့် ၈၈-မမ၊ လေယာဉ်ပစ် အမြောက်ကြီးများကို ဝင်းခနဲ လက်ခနဲ ဖြစ်သွားသော အလင်းရောင်ဖြင့် မြင်လိုက်ရရာ သူ့ပါးစပ်ကို တင်းတင်းကျပ်ကျပ် စေ့လိုက်မိသည်။ ပီထရီက မေးလိုက်သည်။

"ဘယ်လောက် ဝေးသေးသလဲ"

အင်ဂျလိုက ပြန်ဖြေသည်။

"တစ်မိနစ်မပြည့်ခင် အဲဒီနေရာကို ရောက်သွားလိမ့်မယ်"

ဇွန်ဆန်က လေသံကလေးဖြင့် ဝင်ပြောသည်။

"အဲဒီလိုပဲ ဖြစ်ပါစေဗျာ"



ထိုအချိန်တွင် အမြောက်ပစ်ခတ်သံများ ရုတ်တရက် ရပ်စဲသွားရာ သူတို့နောက်မှ ခပ်မြန်မြန် ခပ်သွက်သွက် လျှောက်လာနေသော ပတ်တရောင် အဖွဲ့၏ ခြေသံကို သူတို့လူစုက ဗြုန်းခနဲ ကြားလိုက်ရသည်။ 'သင်္ဘောဆိပ်ကို ရောက်ရန် တစ်မိနစ်အလိုကျမှပဲ ရပ်နိုင်းတော့မယ်' ဟု ပီထရီက တွေးလိုက်မိသည်။ သူသည် ကျောပိုးအိတ်ကို လက်တစ်ဖက်ဖြင့် ဆွဲထားရင်း ကျန်လက် တစ်ဖက်ဖြင့် ဂျာကင်အင်္ကျီအောက်မှ မော်ဇာပစ္စတိုကို ဆုပ်ကိုင်ထားမိသည်။ သို့သော် သူတို့ ဘယ်ဘက် ကိုက်အနည်းငယ်သာ ဝေးသော နေရာတွင် ဂျာမန်စစ်သားများ ရှိနေကြသဖြင့် သည်နေရာတွင် တစ်ဖက်နှင့်တစ်ဖက် ပစ်လားခတ်လား မလုပ်လို့ချေ။ နောက်မှ လိုက်လာသော ခြေသံများက တဖြည်းဖြည်း နီးကပ်လာသလို ရှေ့ဆုံးမှ သွားနေသော အင်ဂျလိုကလည်း ခပ်မှန်မှန်ပင် ဆက်လျှောက်နေသည်။

အလွန်ကြီးမားလှသော ရင်ပြင်ကြီးသည် ဗုံးဒဏ်မခံရသေးသော ကြောင့် အဆောက်အဦကြီးများသည် လက်ရာခြေရာမပျက် ရှိနေကြသည်။ တစ်ဖန် လေယာဉ်ပစ် အမြောက်များထားရန် သစ်ပင်များကို ခုတ်လှဲထားပြီး သစ်ငုတ်တိုများ နောက်တွင် ရှိနေသော ဂျာမန် အမြောက်တပ်စုက သုတ်သုတ် သုတ်သုတ်ဖြင့် ဖြတ်သွားသော သူတို့ လူစုကို စောင့်ကြည့်နေကြသည်။ သူတို့ လူစုသည် ရင်ပြင်ကို ကျော်ဖြတ်နိုင်လုဆဲဆဲတွင် အုပ်ဖွဲ့ပျံသန်းလာသော ဗုံးကြဲလေယာဉ်ပျံများ၏ အသံကို သူတို့ ခေါင်းပေါ်မှ ကြားလိုက်ရတော့သည်။ ဤတွင် ဂျာမန်ဘာသာဖြင့် ကမန်းကတန်း အမိန့်ပေးသံ ပေါ်ထွက်လာသလို ရင်ပြင်တစ်ခုလုံး ရှုပ်ယှက်ခတ်သွားတော့သည်။ မီးမောင်းကြီး သုံးခုက လေယာဉ်ပျံ တစ်စင်းကို ဖမ်းထိုးလိုက်မိချိန်တွင် လေယာဉ်ပစ် အမြောက်သံများ ပေါ်ထွက် လာသည်။

ဤတွင် သူတို့နောက်မှ ပတ်တရောင် ကင်းအဖွဲ့ ကပ်လိုက်လာသည့် တိုင်အောင် ဤရင်ပြင်ထဲမှ ထွက်ပြေးရန် အကောင်းဆုံးဆင်ခြေကို ရသွားပြီ ဖြစ်သည့်အတွက် ပီထရီက အော်ပြောလိုက်သည်။

"ကဲ…ပြေးကြတော့"

အင်ဂျလိုသည် ဘေးလမ်းကလေး တစ်ခုထဲသို့ ပြေးဝင်လိုက်သည်။ ထို့နောက် နောက်ဘေးလမ်းကြားထဲသို့ ဖြတ်ဝင်ပြန်သည်။ ထိုလမ်းကြားထဲမှ အခြားနောက်ဘေးလမ်းကြားတစ်ခုထဲသို့ ပြေးဝင်သွားပြန်သည်။ သူတို့လူစု

www.burmeseclassic.com

www.burmeseclassic.com



သည် ပြေးရင်းလွှားရင်းကပင် သင်္ဘောဆိပ်သို့ ရောက်လာကြသည်။ ထို့နောက် အသက်ရှူ ပြန်မှန်လာအောင် ခဏနားကြရသည်။

"ဒါဆိုရင် သူတို့ မျက်ခြည်ပြတ်သွားပါပြီ၊ ဒီဝက်ပါထဲကို နည်း ခြောက်နည်းလောက်နဲ့ ဝင်ပြေးလို့ရတယ်၊ ကဲ… အခု ကျုပ်တို့ သင်္ဘောဆိပ်ကို ရောက်ပြီလေ"

ပီထရီကလည်း ပြန်ပြောသည်။

"ကဲ…ဒီက အခြေအနေကိုလည်း အကဲခတ်ပါဦးလေ"

သင်္ဘောဆိပ်မှာ အလွန်ကြီးမားကျယ်ပြန့်သော ကွင်းပြင်ကြီး ဖြစ်သလို ဝန်ချီစက် မောင်းတံကြီးများမှာ ကောင်းကင်ယံတွင် ထိုးထိုးထောင်ထောင် ရှိနေကြသည်။ ရှည်လျားသော လူတန်းရှည်ကြီးတစ်ခုကလည်း ဂိတ်ဝတွင် တန်းစီနေကြသည်။ ဂိုဒေါင်တစ်ခု၏ နောက်ဘက်တွင် ကောင်းကင်ဆီသို့ ထိုးထွက်နေသော သေးသွယ်ရှည်လျားသည့် သင်္ဘောခေါင်းတိုင်တစ်ခုလည်း ရှိနေသည်။ လူတန်းရှည်ကြီးထဲတွင် ရှိနေကြသူများမှာ သင်္ဘောကြီးနှင့် လိုက်ပါသွားလိုကြသည့် စစ်စလီကျွန်းသား တောသူတောင်သားများသာ ဖြစ်ကြသည်။ ယောကျ်ားများက ကြက်လျှာပါသော ဦးထုပ်ကို ဆောင်းထားကြသလို အမျိုးသမီးများကလည်း အရောင်ခပ်ရင့်ရင့် ခြုံထည်များကို ခြုံထားကြသည်။ လက်ထဲတွင် မရှိမဲ့ ရှိမဲ့ ပစ္စည်းမှန်သမျှကို ယူလာကြသည်။ သည်ဘက်တွင် ပြင်းပြင်းထန်ထန် ဗုံးကြဲခံနေကြရသဖြင့် အီတလီပြည်မသို့ ခပ်မြန်မြန် ရောက်ချင်နေကြသော စစ်ပြေးဒုက္ခသည်များပင်တည်း။ ပီထရီက မေးလိုက်သည်။

"အဲဒါ ကာရစ်ဒီလား"

အင်ဂျလိုက ခေါင်းညိတ်ပြသည်။

"ဒီသင်္ဘော မကြာခင် ဂျီယိုဖန်နီကို ထွက်တော့မယ်၊ သည်သင်္ဘော ထွက်တော့မယ်ဆိုရင် လူတွေက တစ်နည်းနည်းနဲ့ သိကြတာ များတယ်"

"ဒီညတော့ ကျုပ်တို့လူစု သည်လူတွေနဲ့ ရောနှောပြီး သင်္ဘောပေါ် တက်လို့ရမှာ မဟုတ်တော့ဘူး"

ကာရစ်ဒီ ဆိပ်ကမ်းလုံခြုံရေးအတွက် အီတလီစစ်တပ် လက်ထဲမှ လွှဲပြောင်းယူ၍ မရနိုင်သည့်တိုင်အောင် ဂျာမန်စစ်တပ်ကလည်း သူ့အစီအစဉ်ဖြင့် သူ လာရောက် စစ်ဆေးနေကြသည်။ လူတန်းရှည်ကြီးကို ဂျာမန်စစ်သားတန်း နှစ်တန်းက တစ်ဖက်တစ်ချက်မှ ဝန်းရံထားသည့်အပြင် လူတန်းရှည်ကြီး၏ အလယ်လောက်ဆီမှ ဖြတ်၍ အက်စ်အက်စ် ဂျာမန်စစ်ပုလိပ် သုံးယောက်



က လူတစ်ဦးချင်း၏ စာရွက်စာတမ်းများကို စစ်ဆေးနေကြသည်။ ပင်မဂိတ်တွင် ရှိနေသူ စစ်စလီကျွန်းသား အစောင့်စစ်သားများက စာရွက်စာတမ်းကို ဖျတ်ခနဲ ကြည့်ရုံသာ ကြည့်ပြီး ဝတ်ကျေတမ်းကျေမျှသာ စစ်ဆေးလိုက်သော်လည်း အက်စ်အက်စ် ဂျာမန်စစ်ပုလိပ်အဖွဲ့ကမူ အသေးစိတ် စစ်ဆေးနေကြသည်။ တစ်ခု သေချာသည်မှာ သည်သင်္ဘောကြီး ထွက်သည့်အချိန်တွင် တန်းစီနေသူ အားလုံး သင်္ဘောပေါ် ရောက်နိုင်မည် မဟုတ်ချေ။ သို့သော် ဂျာမန်စစ်သားများကတော့ အလျှော့ပေးမည့်ပုံမပေါ်။ မီးခိုးခေါင်းတိုင်မှ မီးခိုးများ အူထွက်လာချိန်တွင် ပီထရီက အင်ဂျလိုကို ပြောလိုက်သည်။

"ဆဲလ်ဗားနဲ့ အမြန်ဆုံးတွေ့မှ ဖြစ်မယ်"

"ကဲ… သည်လမ်းအတိုင်း လိုက်ခဲ့ပေတော့"

သူတို့လူစုသည် သင်္ဘောဆိပ်နှင့် မျက်နှာချင်းဆိုင် ဆောက်ထားသော အဆောက်အဦများရှေ့မှ ဖြတ်လျှောက်သွားပြီးနောက် ပေါင်းကူးစကြံကုန်း တစ်ခုအနားသို့ ရောက်သောအခါ အနီးအနားသို့ ဗုံးကျလာသဖြင့် ကျည်ကွယ်ရာ အရပ်သို့ ပြေးဝင်သွားသော တုတ်တုတ်ခိုင်ခိုင် လူတစ်ယောက်ကို တွေ့ရသဖြင့် ခဏရပ်လိုက်ကြသည်။ ခေါင်းပေါ်တွင် ရှိနေသော လေယာဉ်ပျံများသည် အောက်မှ လှမ်းထိုးနေသော မီးမောင်းကြီးများနှင့် ကမ်းနှစ်ဖက်စလုံးမှ ပစ်နေကြသော အမြောက်ရန်တို့မှ လွတ်အောင် အောက်သို့ စိုက်ထိုးချလိုက်၊ အပေါ်သို့ ချိုးကွေ့လိုက်ဖြင့် သက်စွန့်ဆံဖျား ရှောင်တိမ်းနေကြသည်။ အမြောက်တစ်လက်က ကျည်ဆန် ဖြည့်နေချိန်တွင် ကျန်တစ်လက်က ဝင်ပစ်ပေးနေရာ ကောင်းကင်ယံတွင် ဗုံးကြဲလေယာဉ်ပျံများ မထိုးဖောက်နိုင်သော ကျည်ဆန်တံတိုင်းကြီးပမာ ဖြစ်နေတော့သည်။ ပင်ပန်းနွမ်းနယ်နေပုံရသော ဆဲလ်ဗားသည် ပေါင်းကူးစကြံကုန်းအောက်မှ ထွက်လာပြီး သူ ပြောသည့်စကားကို ပီထရီ ကြားအောင် ပါးစပ်ကို ပီထရီ နားရွက်နှင့် ကပ်၍ ပြောလိုက်သည်။

"ဘာကြောင့်လဲတော့ မသိဘူး၊ အထူးအစီအစဉ်အနေနဲ့ လူတိုင်းကို စစ်ဆေးနေတယ်၊ သည်တော့ ခင်ဗျားတို့ သည်ည ပင်မဂိတ်က ဝင်လို့ရမှာ မဟုတ်တော့ဘူး၊ သည်ဘက်ကို လိုက်ခဲ့ပါ"

ဆဲလ်ဗားသည် ပင်မဂိတ်နှင့် ကိုက်တစ်ရာခန့် ဝေးသော ရေဆိပ်မှ နေရာတစ်နေရာဆီသို့ သူတို့ကို ခေါ်သွားသည်။ ယခုလို သဲသဲမဲမဲ ဗုံးကြဲနေသည့်အထဲမှာပင် ဝန်ချီစက်ကြီးတစ်ခုသည် အလုပ်လုပ်နေဆဲ ဖြစ်သည်။ သေတ္တာကြီးများကို သင်္ဘောဆိပ်မှ ချိတ်ဆွဲမ,ယူသွားပြီး သင်္ဘောကုန်းပတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ချပေးနေသည်။ ဆဲလ်ဗားသည် ဘယ်ဘက်၊ ညာဘက်သို့ မျက်စိကစား လိုက်ပြီးနောက် တံခါးရွက်ကြီးနှစ်ခု တပ်ထားသော ဂိတ်တံခါးကြီး၏ ဘယ်ဘက် တံခါးရွက်ကို ဆွဲဖွင့်လိုက်သည်။ သူက တံခါးရွက်ကို ထိန်းထားစဉ် ကျွန်လူ များက အထဲသို့ ဝင်သွားကြသည်။ ထို့နောက် ဆဲလ်ဗားက တံခါးရွက်ကို ပြန်ပိတ်ပြီး ကလန့်ထိုးလိုက်သည်။ သူတို့ ရောက်နေသည့် နေရာမှာ အသုံးမပြု တော့သော ဆိပ်ကမ်းတံတားတစ်ခု ဖြစ်ဟန်ရှိသည်။ ဤတွင် ပီထရီက အော်မေးလိုက်သည်။

"လွယ်လှချည်လား၊ အခု ကျုပ်တို့ ကာရစ်ဒီ သင်္ဘောဆိပ်ကို ရောက် ပြီလား"

ဆဲလ်ဗား လေသံက စိတ်တိုနေဟန်ပေါက်သည်။

"မြတ်စွာဘုရား…ဘယ်ကလာ၊ သည်ဆိပ်ကမ်းတံတားကို အခု မသုံးတော့ဘူး၊ သည်ဆိပ်ကမ်းတံတားကို ပင်မဆိပ်ကမ်းတံတားနဲ့ အဆက် အသွယ် ဖြတ်ထားတယ်"

"ဒါဖြင့်လျှင် ကျုပ်တို့က ဘာဖြစ်လို့ သည်ကို လာရတာလဲ"

"လာစမ်းပါဗျာ၊ သင်္ဘော ထွက်တော့မယ်ဗျ"

လူဆိုးဗိုလ်ကြီးသည် ဆိပ်ကမ်းတံတားနှင့် ဆက်ထားသော ညာဘက် ရှိ ဂိုဒေါင်ရှည်ကြီးထဲသို့ ခပ်သုတ်သုတ် လျှောက်ဝင်သွားရာ ထိုအချိန်ကျမှ ပြောင်းတို သေနတ်များကို ကိုင်ထားသော ဆိပ်ကမ်းအလုပ်သမား ဝတ်စုံကို ဝတ်ဆင်ထားသည့် လူတစ်စု အလျှိုလျှိုနှင့် ပေါ်လာကြသည်။ အနံ့အသက် ဆိုးများက သူတို့ နှာခေါင်းထဲသို့ ဆောင့်ဝင်လာကြသလို သစ်သား ခင်းထား သော တံတားစွန်းမှာလည်း ဆွေးမြည့်နေပုံရသည်။ ချောကျိကျိဖြင့် ချော်လဲမှာ ကိုပင် စိုးရိမ်နေရသည်။ ဆဲလ်ဗားက သတိလှမ်းပေးသည်။

"အစွန်းနားအထိ သိပ်မတိုးနဲ့နော်"

အမိုးအောက်မှ အပြင်ဘက်သို့ ရောက်လာသောအခါ ပယ်လယ်ရေ လက်ကြားဆီမှ အေးမြသော ပင်လယ်လေက သူတို့မျက်နှာကို လာထိတွေ့ လိုက်သလို အမြောက်သံ၊ ဗုံးသံများ ငြိမ်ကျသွားသည်။ တံတားအောက်ခြေကို ရေလှိုင်းဂယက်ကလေးများက တဘတ်ဘတ် လာပုတ်ခတ်နေသံနှင့် ပြန်သွားကြ သော လေယာဉ်ပျံအုပ်စု၏ အသံများကို ခပ်သဲ့သဲ့ ကြားနေရသည်။ တံတား အဆုံးတွင် သေတ္တာကြီးနှစ်လုံးနှင့် စစ်စလီကျွန်းသားတချို့ ရှိနေကြပြီး ဆဲလ်ဗား သူတို့အနားသို့ ရောက်သွားသောအခါ စကားပြော ရပ်သွားကြသည်။ ဆဲလ်ဗား



သည် အိတ်ထဲမှ လက်နှိပ်ဓာတ်မီးတစ်လက်ကို ဆွဲထုတ်ရင်း ခေါင်းကို နောက်ပစ်၍ အပေါ်သို့ မော့ကြည့်လိုက်သည်။ သူက ခပ်သွက်သွက် ပြောလိုက် သည်။

"ခင်ဗျားတို့ သည်သေတ္တာတွေထဲ ဝင်လိုက်သွားရလိမ့်မယ်"

ဆဲလ်ဗားသည် ဟိုဘက် ဆိပ်ကမ်းတံတားဝင်းထဲ၌ ရှိနေသော ဝန်ချီ စက် မောင်းသူရှိနေသည့် ဒရိုင်ဘာခန်းဆီသို့ လှမ်းကြည့်နေခြင်း ဖြစ်သည်။

"ခင်ဗျားတို့ အသင့်ဖြစ်ကြပြီ မဟုတ်လား၊ နှစ်ယောက်က သေတ္တာ ကြီးကြီးထဲမှာ ဝင်လိုက်ရမယ်၊ တစ်ယောက်ကတော့ သေတ္တာကလေးထဲမှာ ဝင်လိုက်ရမယ်၊ ခင်ဗျားတို့ ကုန်းပတ်ပေါ် ရောက်သွားတဲ့အခါ ကျုပ်တပည့် တစ်ယောက်က အပြင်ကို ထွက်လာနိုင်စေဲ့အကြောင်း သေတ္တာအဖုံးကို သုံးချက် ခေါက်ပြီး အချက်ပေးလိမ့်မယ်"

"ကျုပ်တို့က သည်အဖုံးကို တွန်းဖွင့်လိုက်ရုံပဲလား"

"မဟုတ်ဘူး၊ ဟောဒီမြောက်လက်ကို လှည့်ဖွင့်ရမယ်၊ သည်မြောက် လက်ကလည်း အထဲက ဖွင့်မှသာ ပွင့်လိမ့်မယ်"

ဆဲလ်ဗားသည် အဖုံးကို မ,ပြလိုက်ပြီး မြောက်လက်ကို ဘယ်နည်း ဘယ်ပုံ ကိုင်တွယ် အသုံးပြုရမည် ဖြစ်ကြောင်း လက်တွေ့ပြလိုက်သည်။

"ပြီးတော့ ဂျီယာကိုမိုကလည်း သင်္ဘောထွက်တာနဲ့တစ်ပြိုင်နက် နောက်က ကပ်လိုက်လာဖို့ အဆင်သင့် ဖြစ်နေပြီ၊ သူ့လေ့ထိပ်မှာ မီးခွက်အနီ တစ်လုံး ထွန်းထားမယ် ဆိုတာကိုတော့ မှတ်ထားပေါ့ဗျာ၊ ခင်ဗျားတို့ သင်္ဘော ပေါ်က ခုန်ချတော့မယ်ဆိုလျှင် အချက်ပြသေနတ်နဲ့ အစိမ်းရောင် မီးကျည်ကို ပစ်လိုက်၊ ကဲ… စုံပြီ မဟုတ်လား"

ပီထရီလည်လည်း ရေးကြီးသုတ်ပျာ ဖြစ်နေသော ဆဲလ်ဗား၏ဓာတ် ကူးသွားသဖြင့် သူ့လိုပင် ကမန်းကတန်း ပြောချလိုက်သည်။

"ပြည့်စုံပြီ၊ ဒါပေမဲ့ သင်္ဘောပေါ်မှာ အရပ်သား ခရီးသည်တွေ ပါလာတဲ့အတွက် အပြန်ကျမှ ဒိုင်းနမိုက်တွေ ထပေါက်အောင် လုပ်ရလိမ့်မယ်။ သည်တော့ ကျုပ်တို့လည်း သင်္ဘောပေါ်မှာပဲ ဆက်ရှိနေဦးမှာ၊ ဂျီယာကိုမိုက တော့ အပြန်ခရီးမှာပါ လိုက်မှာလား။ အမှန်အတိုင်း ပြောရလျှင်တော့ အင်ဂျလို့ တပည့် အဖမ်းခံနေရပြီမို့ သူ လိုက်လာမှ ဖြစ်မှာ"

"လိုအပ်လာမယ်ဆိုလျှင် ခင်ဗျားတို့ သူ့ဆီ ရောက်မလာမချင်း ခေါက်တုံ့ခေါက်ပြန် ကူးနေမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝန်ချီစက်မှ သံကြိုးသည် သင်္ဘောကုန်းပတ်ပေါ်မှ ပြန်တက်လာသည်နှင့် တစ်ပြိုင်နက် ဆဲလ်ဗားက လက်နှိပ်ဓာတ်မီးကို အပေါ်သို့ ထောင်၍ ဖွင့်ချည် ပိတ်ချည် လေးခါ မီးထိုးပြလိုက်သည်။

"ကဲ… ခင်ဗျားတို့ သေတ္တာတွေထဲ ဝင်ကြမှ ဖြစ်မယ်၊ ဘယ်သူက တစ်ယောက်တည်း လိုက်မှာလဲ"

အင်ဂျလိုက သေတ္တာငယ်ကလေးကို ရွေးလိုက်သည်။ အင်ဂျလို တစ်ယောက် သေတ္တာထဲ ဝင်လိုက်ပြီး သေတ္တာအဖုံးကို ပြန်ပိတ်နေစဉ် ဆဲလ်ဗားက ပီထရီကို ဘေးသို့ဆွဲခေါ်သွားသည်။

"ကျုပ်တို့ သည်မှာ လုပ်ခဲ့တဲ့ အစီအစဉ်တွေအကြောင်း အာဖရိက စစ်မဟာဌာနချုပ်ကို ဆက်ဆက်တင်ပြပေးမယ် မဟုတ်လား"

"စိတ်မပူပါနဲ့ဗျာ၊ ကျုပ် ဆက်ဆက် ပြန်တင်ပြပေးမှာပါ၊ ပြီးတော့လည်း သည်နေရာ ရောက်အောင် ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဝန်ချီစက်၏ တဝီးဝီးမြည်သံမှာ ပိုကျယ်လာသောကြောင့် ပီထရီက မော့ကြည့်လိုက်သည်။ ထိုအခိုက်တွင် အသုံးမပြုတော့သော ဆိပ်ကမ်းတံတားနှင့် ကာရစ်ဒီဆိပ်ကမ်းတံတားတို့ကို 'ခြား' ထားသည့် နံရံမြင့်မြင့်ကြီး၏ ဟိုဘက်ဆီမှ ခပ်အုပ်အုပ်မြည်၍ ပေါက်ကွဲသံ တစ်သံကို ကြားလိုက်ရသည်။

ပီထရီက အလန့်တကြား မေးလိုက်သည်။

"အဲဒါက ဘာဖြစ်သလဲ"

"ဟိုဘက်မှာရှိတဲ့ အစောင့်အကြပ်တွေ မျက်စိလည်သွားအောင် အာရုံပြောင်းပေးလိုက်တာပါ"

ဆဲလ်ဗားသည် ဂိုဒေါင်ထဲရှိ တယ်လီဖုန်းတစ်လုံးဘေးတွင် ထိုင်နေသူ တစ်ဦးကို လက်ညှိုးထိုးပြလိုက်သည်။

"ကျုပ်က ဝန်ချီစက် မောင်းတဲ့လူကို လှမ်းအချက်ပြလိုက်တာနဲ့ တစ်ပြိုင်နက် သူကလည်း ကာရစ်ဒီဆိပ်ကမ်းတံတားထဲမှာရှိတဲ့ ကျုပ်လူတွေဆီ လှမ်းဖုန်းဆက်လိုက်တယ်လေ"

ဝန်ချီစက်မှ သံကြိုးကြီးသည် အသုံးမပြုတော့သော ဆိပ်ကမ်းတံတားနယ်မြေကို ကျော်၍ သူတို့၏ ခေါင်းပေါ်သို့ ဝဲကျရပ်တန့်ပြီး အောက်ဘက်သို့ နိမ့်ဆင်းလာသည်။ ဆဲလ်ဗားက ကပျာကယာ ပြောလိုက်သည်။

"အထဲကို ခပ်မြန်မြန်ဝင်ဗျာ၊ သေတ္တာနှစ်လုံးစလုံးကို တစ်ခါတည်း သယ်သွားမှာ"



ပီထရီနှင့် ဂျွန်ဆန်တို့နှစ်ဦး သေတ္တာကြီးထဲသို့ ဝင်လိုက်ကြချိန်တွင် သံကြိုးကြီးထိပ်မှ သံချိတ်ကြီးသည် သူတို့ ဦးခေါင်းနှင့် ပေအနည်းငယ် အကွာတွင် ဘယ်ညာ ယိမ်းထိုးရင်း ရှိနေသည်။ ထိုအခိုက်မှာပင် ကာရစ်ဒီ ဆိပ်ကမ်းတံတားဘက်ဆီမှ ဒုတိယအကြိမ် ပေါက်ကွဲသံကို ကြားလိုက်ရပြန်သည်။ ပီထရီသည် အဖုံးကို ပြန်ပိတ်ရင်း 'ဒီအဖွဲ့အစည်းဟာ တော်တော့်ကို စည်းကမ်းတကျ ရှိပါကလား' ဟု တွေးလိုက်မိသည်။ အပြင်ဘက်မှ ပြေးလွှားနေကြသံများနှင့် ဆဲလ်ဗား၏ အော်သံတို့ကို ခပ်အုပ်အုပ် ကြားနေရသည်။

"မြန်မြန် လုပ်ကြစမ်း"

သူ့တပည့်များ လုပ်ကိုင်နေကြသည်ကို ကြည့်နေရင်းကပင် ဆဲလ်ဗားက အမိန့်ပေး လောဆော်နေခြင်း ဖြစ်သည်။ သို့သော် သူ့တပည့်များသည် တစ်ယောက်နှင့် တစ်ယောက် ဝင်တိုးမိခြင်း၊ တိုက်မိခြင်း မရှိဘဲ အင်ဂျလို၊ ပါသော သေတ္တာကို သံကြိုးနှင့် နီးအောင် တွန်းယူလာကြသည်။ ထိုအချိန်တွင် ဝန်ချီစက် သံကြိုးမှ သံကြိုးကြီးတစ်ခုသည် ပီထရီနှင့် ဂျွန်ဆန်တို့ ဝင်နေသော သေတ္တာထိပ်ဘက်ရှိ သံကွင်းထဲ၌ စွပ်မိပြီးသား ဖြစ်နေလေပြီ။ ဆဲလ်ဗားသည် လက်နှိပ်ဓာတ်မီးဖြင့် အပေါ်သို့ အချက်ပြလိုက်ရာ ဝန်ချီစက် သံကြိုးကြီးသည် သေတ္တာကြီးကို အပေါ်ဘက်သို့ ပေအနည်းငယ် ဆွဲတင်လိုက်ပြီးနောက် ရပ်သွားပြန်သည်။ ဤတွင် သေတ္တာကြီးနှစ်လုံးသည် တစ်လုံးနှင့် တစ်လုံး ဆက်စပ်နေပြီ ဖြစ်သလို သေတ္တာအငယ်သည် သေတ္တာအကြီး၏ အောက်ဘက်တွင် တွဲလောင်းကြီး ဖြစ်နေလေပြီ။ ဤတွင် ဆဲလ်ဗားက နောက်ဆုံးအကြိမ်အဖြစ် လက်နှိပ်ဓာတ်မီးဖြင့် အချက်ပြလိုက်သည်။ ဝန်ချီစက် မောင်းသူသည် ဝန်ချီစက်မှ သံကြိုးကြီးကို အပေါ်သို့ ရစ်ပြီး ဆွဲတင်လိုက်သည်။ သေတ္တာကြီးနှစ်လုံးသည် ဆိပ်ကမ်းတံတားနှင့် တဖြည်းဖြည်း ဝေးကွာသွားသလို သေတ္တာကြီးနှစ်လုံးထဲတွင် ပိတ်မိနေကြသော လူသုံးယောက်သည်လည်း အမှောင်ထုထဲသို့ မြင့်တက်သွားကြသည်။ ထိုလုပ်ငန်းတစ်ခုလုံး နှစ်မိနစ်မပြည့်မီ ပြီးစီးသွားသည်။

သေတ္တာကြီးအတွင်းဘက်ရှိ နေရာအကျယ်အဝန်းမှာ လူနှစ်ယောက်အတွက် ကျဉ်းကျဉ်းကျပ်ကျပ် ရှိလှသည်။ ပီထရီအတွက် ဆိုပါမူ ပိုဆိုးသည်။ ဆောင့်ကြောင့်ထိုင်၍ နေရရုံတင်မက အဖုံးကို ပိတ်လိုက်သောအခါ ခေါင်းကိုပါ ငုံ့ပေးရပြန်သည်။ ထိုအခိုက်တွင် တဝီးဝီး မြည်သော စက်သံများ ပေါ်ထွက်လာပြီး လေထဲသို့ မြောက်ပါသွားကြောင်း သိရှိခံစားလိုက်ရသည်။ ဒိုင်းနမိုက်များ ပါသော ကျောပိုးအိတ်ပေါ်တွင် ဒူးထောက်ရင်း လိုက်ပါလာရသော ဂျွန်ဆန်

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း သူ့လိုပင် အနေအထိုင် ကျဉ်းကျပ်နေရှာသည်။ ဝန်ချီစက်သံကြိုးက သူတို့ ပါလာသော သေတ္တာကြီးကို အပေါ်သို့ ဆွဲတင်နေစဉ် သံချိတ်ထိပ်မှ သေတ္တာကြီးသည်လည်း တဖြည်းဖြည်းဖြင့် ပိုယိမ်းထိုးလာသည်။ ထို့အပြင် သေတ္တာထဲ၌ ပူးပူးကပ်ကပ် ကျပ်ကျပ်သပ်သပ် နေရသည်ဖြစ်ရာ လူခန္ဓာကိုယ်မှ ထွက်လာသော အပူဓာတ်များကြောင့် သေတ္တာထဲတွင် အဆမတန် ပူအိုက်လာသည်။

ဌျန်ဆန်က မပွင့်တပွင့် ပြောလိုက်သည်။

"ဆဲလ်ဗားက သည်ကိစ္စကို ကြိုပြောမထားလို့ တော်ပါသေးရဲ့"

သူသည် ကျဉ်းကျဉ်းကျပ်ကျပ် နေရသောကြောင့် သူ့တစ်ကိုယ်လုံးမှ ချွေးသီးချွေးပေါက်များသည် အငွေ့တချောင်းချောင်း ထအောင် စီးထွက်နေကြသည်။ တစ်ဖန် ယခုလို ကြုံတွေ့ရသည့် အဖြစ်အပျက်ကြောင့် ဖြစ်ပေါ်လာသော ကြောက်စိတ်နှင့် သေတ္တာထဲရှိ မခံမရပ်နိုင်အောင် ပြင်းထန်လာသော အပူဓာတ်တို့အပြင် တစ်စထက်တစ်စ ပိုဆိုးလာသော ယိမ်းထိုးလာမှုတို့ကြောင့် မူးချင်သလိုလို၊ အန်ချင်သလိုလို ဖြစ်လာသည်။

ပီထရီကမူ ပိုဆိုးရွားသည့် အနေအထားတွင် ရှိနေသည်။ သေးငယ်လှသော သေတ္တာထဲတွင် ပိတ်လှောင်ခံလိုက်ရသည့် အချိန်က စ၍ ထိုင်းထိုင်းမှိုင်းမှိုင်း ကြီး ဖြစ်လာပြီး ခြေကုန်လက်ပန်းကျသလို ဖြစ်သွားသည်။ သူသည် မျက်စိကိုပင် မဖွင့်ချင်တော့သလို ဖြစ်လာပြီး နားသယ်စပ်များတွင် တဒုန်းဒုန်း မြည်အောင် ခေါင်းကိုက်လာသည်။ သူ မကြာခင် သတိလစ်တော့မည် ဖြစ်ကြောင်း သူ သိသည်။ ထို့ကြောင့် အရေပြားထဲသို့ လက်သည်းများ စိုက်ဝင်သွားအောင် ဖိနှိပ်ထားသည်။ သူက ပင်ပန်းနွမ်းနယ်မှုကို နာကျင်သည့် ဝေဒနာဖြင့် ပြန်လည်တွန်းလှန်ရင်း သတိမလစ်အောင် အတင်းကြိုးစားနေသည်။

ထိုအခိုက်တွင် သံကြိုးကြီးသည် အပေါ်သို့ ဆက်မတက်တော့ဘဲ ရပ်ဆိုင်းသွားပြီး မမြင်ရသော ကူးတို့သင်္ဘောကြီးဆီသို့ ဘေးတိုက် စတင်ရွေ့လျားစ ပြုသည်။ ထိုကဲ့သို့ ဘေးတိုက် စတင်လှုပ်ရှားချိန်တွင် ကြောက်စရာကောင်းလောက်အောင် သေတ္တာကြီး စောင်းသွားသည်ကို ခံစားသိရှိလိုက်ရသည်။ သေတ္တာကြီးသည် ဘေးသို့ ယိုင်ကျသွားသည်။ ထို့နောက် ဆောင့်ဆွဲခံလိုက်ရသလို ဖြစ်သွားပြီး မူလအနေအထားမှ တစ်ဖက်သို့ သုံးဆယ် ဒီဂရီခန့် စောင်းနိမ့်ပြီး တစောင်းကြီး ဖြစ်နေသည်။ ယခု သူတို့နှစ်ယောက်၏ ကိုယ်အလေးချိန်သည် တစောင်းကြီး ဖြစ်နေသော သေတ္တာကြမ်းပြင်ပေါ်တွင်



သာမက ဘေးဘက်ဆီသို့ပါ ရောက်ရှိအားပြုနေရလေပြီ။ ယခုလို ဖြစ်လာသည်မှာ သေတ္တာအပေါ်ဘက်တွင် ရှိသော သံကွင်း မခိုင်၍ ဖြစ်ရမည်။ သို့တည်းမဟုတ် သံချိတ်က မကွေးနိုင်တော့ဘဲ နည်းနည်းဖြောင့်ထွက်သွားသောကြောင့်လည်း ဖြစ်နိုင်သည်။ သူတို့သည် စက္ကန့်ပိုင်းအတွင်း သံကြိုးကြီးပေါ်မှ ပြုတ်ကျပြီး ပေပေါင်းများစွာ ဝေးကွာသော ကာရစ်ဒီ၏ ကုန်းပတ်ပေါ်သို့လည်းကောင်း၊ သို့မဟုတ် ဆိပ်ကမ်းတံတားပေါ်သို့ လည်းကောင်း၊ သို့မဟုတ် ပင်လယ်ရေလက်ကြား၏ ရေပြင်အောက်ဆီသို့ လည်းကောင်း ရောက်ရှိသွားနိုင်သည်။

ယိမ်းထိုးနေသော သေတ္တာကြီးထဲတွင် သူတို့နှစ်ယောက်စလုံး ကြောက်ချေးပါနေကြသည်။ လူတစ်ယောက်၏ နှလုံးသွေးကိုပင် ရပ်တန့်သွားစေနိုင်လောက်သည်အထိ ကြောက်စိတ်မွှန်နေကြသည်။

ဌျန်ဆန်က သွားကို တင်းတင်းကျပ်ကျပ် စေ့ထားရင်း ခပ်တိုးတိုး ပြောလိုက်သည်။

"သံချိတ်ကြီးတော့ သွားပြီထင်တယ်"

ကြောက်စိတ်က မူးချင်မော်ချင်စိတ်ကို တွန်းလှန်ပစ်လိုက်သလို တစ်ကိုယ်လုံးသည် ရေခဲထဲတွင် အစိမ်ခံနေသည့်အလား အေးစက်နေသည်။ ပီထရီက ပြန်အားပေးသည်။

"မကြောက်ပါနဲ့ အက်ဒဝပ်ရာ…တို့…မကြာခင် အောက်ဘက်ကို ချောချောမောမော ရောက်သွားမှာပါ"

အသက်ရှူကျပ်နေသော ဌျန်ဆန်က ကြားကဖြတ် ပြောလိုက်သည်။

"အဲဒီလိုဖြစ်လာမှာကို ကျုပ်က သိပ်ကြောက်နေတာဗျ"

ပီထရီ၏ ညာဘက်လက်သည် လှုပ်မရလောက်အောင် ထုံကျဉ်နေသည်။ သို့သော် သူ လှုပ်ရှားလိုက်ပါက သေတ္တာ၏ လက်ရှိအနေအထား ပျက်ပြားသွားပြီး သံချိတ်မှ ပြုတ်ကျသွားမှာကို စိုးရိမ်သောကြောင့် ငြိမ်နေလိုက်ရသည်။ ပီထရီက ပြန်ပြောလိုက်သည်။

"မင်း ခုအချိန်ကစပြီး အချိန်ကို မှတ်ချင်မှတ်ကြည့်ပေါ့ကွာ၊ တို့…စက္ကန့် သုံးဆယ်အတွင်း အောက်ကို ချောချောမောမော ရောက်သွားမှာပါ"

သံကြိုးကြီးသည် အောက်ဘက်သို့ နိမ့်ကျလာစဉ် ဌျန်ဆန်က အချိန်ကို စ,မှတ်တော့သည်။ ပီထရီ ကိုယ်တိုင်ကလည်း ဌျန်ဆန်နှင့်အတူ အချိန် စ,မှတ်သည်။ သူတို့နှစ်ယောက်၏ တစ်ကိုယ်လုံးသည် သွေးမလျှောက်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထုံကျဉ်နေသလို တောင့်တင်းနေကြသည်။ တစ်ဦးနှင့် တစ်ဦး စကားတစ်ခွန်းမျှ မပြောမိကြသော်လည်း တစ်ယောက်ယောက်က နည်းနည်းကလေး လှုပ်လိုက်ရုံဖြင့် သေနိုင်လောက်သည်ဟု သိထားကြသည်ဖြစ်ရာ ကိုးရိုးကားရား အနေအထားကို မပြင်ရဲဘဲ ငြိမ်နေကြရသည်။ သံကြိုးကြီးကလည်း တဖြည်းဖြည်းဖြင့် သူတို့ကို အောက်ဘက်သို့ လျှောချပေးနေသည်။ သို့သော် ဝန်ချီစက်မောင်းသူကတော့ သူတို့ထက် ပို၍ သတ္တိကောင်းသည်။ သူ့လက်ဖဝါးများသည် သေတ္တာထဲမှာ ရှိသောလူများလို ချွေးပြန်နေသော်လည်း ဝန်ချီစက်မောင်းတံကို ကိုင်ရင်း ခါတိုင်း အောက်ဘက်သို့ ချပေးနေကျ အရှိန်ထက် တမင်ပိုနှေးကွေးစွာ လျှော့ချပေးနေသည်။

သူတို့ အချိန်မှတ်နေစဉ် ဆယ့်ငါးစက္ကန့်သို့ ရောက်သောအခါ သေတ္တာကြီးသည် ရုတ်တရက် ထပ်စောင်းသွားပြန်သဖြင့် တစ်ကိုယ်လုံးရှိ အကြောအခြင်များ သေသွားတော့မလောက် ကြောက်စိတ်ဝင်ကြရပြန်သည်။ သံချိတ်ကြီးသည် နည်းနည်း ထပ်ဖြောင့်သွားပြန်လေပြီ။ ဒါမှမဟုတ် သံကွင်းချို့ယွင်းသွားတာလည်း ဖြစ်နိုင်သည်။ ပီထရီသည် သည်ကိစ္စ ဘာကြောင့်ဖြစ်တာလဲ ဆိုတာကို ဆက်မစဉ်းစားတော့ဘဲ ကွဲအက်ခြောက်သွေ့နေသော နှုတ်ခမ်းများဖြင့် ဆယ့်ခြောက်ဟု စ,ရေတွက်ပြန်သည်။ ဂျွန်ဆန်ကလည်း ပီထရီနှင့်ပြိုင်တူ လိုက်လံရေတွက်သည်။

ယခုလို ဂဏန်းများကို နှုတ်မှ အသံထွက်၍ ရေတွက်နေခြင်းသည် ရူးမလိုလို ဖြစ်နေသော စိတ်ကို မရူးအောင် ပြန်ထိန်းထားသည့် သဘောပင်တည်း။ သေတ္တာကြီးများသည် အောက်ဘက်သို့ ထပ်ကျဆင်းလာနေစဉ် သေတ္တာထဲတွင်လည်း (အသက်ရှူရန်) လေမရှိသလောက် ဖြစ်နေလေပြီ။ သူတို့၏ ရေတွက်မှုသည် နှစ်ဆယ့်လေးသို့ ရောက်လာသောအခါ ကုန်းပတ်နှင့် အင်ဂျလို ပါလာသော သေတ္တာ စတင်ဆောင့်မိသောကြောင့် ဖြစ်ပေါ်လာသော ဝုန်းခနဲ မြည်သံကို ကြားလိုက်ရသည်။ ၄င်းနောက် ပီထရီတို့ ပါလာသော သေတ္တာသည် အောက်က သေတ္တာနှင့် ခိုက်မိပြီး ယိုင်လဲထွက်သွားသည်။ ထို့နောက် လက်ဖြင့် သေတ္တာကို ထိန်း၍ ပြန်တည့်ပေးလိုက်ပုံရပြီး အဖုံးကို ခပ်မာမာ ပစ္စည်းတစ်ခုဖြင့် သုံးချက် ခေါက်လိုက်သံ ကြားရသည်။

ပီထရီက ကလန့်ကို ဖြုတ်လိုက်ပြီးနောက် အဖုံးကို ဖွင့်ရန်အတွက် မြောက်လက်ကို လိုက်ရှာရာ တော်တော်နှင့် ရှာမတွေ့ချေ။ ရှာတွေ့ပြန်တော့လည်း မြောက်လက်ကို ဖြုတ်ရခက်နေပြန်သည်။ အဖုံးကို ဖွင့်လိုက်ပြီးနောက်



သေတ္တာထဲသို့ လေအေးများ ဝင်လာသော်လည်း သူတို့ နှစ်ယောက်စလုံးသည် မလှုပ်မယှက် ရှိနေကြသည်။ စက္ကန့်ပေါင်း များစွာကြာအောင် မလှုပ်နိုင် မရှားနိုင် ရှိခဲ့ရသည်။ ထို့နောက် ပီထရီက စတင်လှုပ်ရှားသည်။ ခြေထောက်များကို စ,လှုပ်နိုင်အောင် အတင်းအဓမ္မ ကြိုးစားသည်။ ထို့နောက် လက်လှုပ်နိုင်အောင်၊ ထို့နောက် ထ,ထိုင်နိုင်အောင်၊ ထို့နောက် သေတ္တာထဲက ထွက်နိုင်အောင် ကြိုးစားသည်။

ဤသေတ္တာများမှာ အခြားသေတ္တာများ၏ အလယ်တွင် ရောက်ရှိနေသဖြင့် ဂုန်နီအိတ်များပေါ်၌ ထိုင်နေသူတစ်ယောက်ကလွဲလျှင် အခြား မည်သူကမျှ မမြင်နိုင်သည့် နေရာတွင် ရှိနေသည်။ ပီထရီက ဂျွန်ဆန်တစ်ယောက် သေတ္တာထဲက ထွက်နိုင်အောင် ကူညီလိုက်ချိန်တွင် အင်ဂျလိုလည်း သေတ္တာထဲက ခေါင်းပြူ ထွက်လာသည်။ ပီထရီက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်၏။ သည်သောက်နာရီ စက်ရပ်သွားတာပဲ ဖြစ်ရမည်။ နာရီအရဆိုလျှင် ညဆယ့်နှစ်နာရီထိုးရန် တစ်မိနစ်ကြီးများတောင် လိုနေသေးသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## တစ်ဆယ့်လေး

သောကြာနေ့ ည သန်းခေါင်ယံ

သူတို့ ပတ်ပတ်လည်တွင် တံတိုင်းကြီးများသဖွယ် ရှိနေသော သေတ္တာကြီးများကို သင်္ဘောရှေ့ပိုင်း ကုန်းပတ်ပေါ်တွင် ဝန်ချီစက်ကြီးက စနစ်တကျ ကြိုးချသွားခြင်း ဖြစ်သည်။ သူတို့ခေါင်းပေါ်တွင် လရောင်လင်းနေသော အဇ္ဈာ ကောင်းကင်ပြင်ကြီးသာ ရှိသည်။ ပီထရီသည် ဘေးပတ်ပတ်လည်ကို လှမ်း အကဲခတ်လိုက်ပြီးနောက် ယခု လောလောဆယ်ဆယ်တွင် ဒိုင်းနမိုက်ပါသော ကျောပိုးအိတ်ကြီးကို သည်နေရာတွင် ဆက်ဝှက်ထားသင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

"အက်ဒဝပ်ရေ… ငါနဲ့အင်ဂျလို ဟိုဟိုသည်သည် လျှောက်ကြည့်နေတုန်း မင်းက ဒီမှာပဲ နေရစ်ခဲ့ဦးကွာ"

ပီထရီသည် သေတ္တာတွေကြားမှ ခေါင်းပြူ၍ ထွက်ကြည့်လိုက်ပြီးနောက် အင်ဂျလိုကို သူ့နောက် လိုက်ခဲ့ရန် လက်ပြပြီး ခေါ်လိုက်သည်။

သင်္ဘောဦးပိုင်း ကုန်းပတ်ပေါ်ရှိ မီးရထားသံလမ်းကို ဆိပ်ကမ်းတံတားပေါ်မှ မီးရထားသံလမ်းနှင့် တစ်ဆက်တည်း ဖြစ်အောင် မီးရထားသံလမ်း ပါသော ကုန်းဘောင်နှင့် ဆက်ပေးထားသည်။ သင်္ဘောပေါ်ရှိ မီးရထားသံလမ်းသည် မီးရောင် ခပ်မှိန်မှိန် ထွန်းထားသော သင်္ဘောကုန်းပတ်ပေါ်မှ အဆောက်အဦ ထဲသို့ ဝင်သွားသည်။ ထိုအဆောက်အဦထဲတွင် သင်္ဘောဦးပိုင်းမှ



ပဲ့ပိုင်းအထိ ရှည်လျားသော မီးရထားသံလမ်း သုံးလမ်း ပြိုင်၍ ရှိနေသည်။ သို့သော် ယခုအခေါက်တွင် သင်္ဘောပေါ်၌ ရထားတွဲများ ပါမလာချေ။

ပီထရီသည် စီးကရက်တစ်လိပ်ကို မီးရောင် အပြင်မထွက်အောင် လက်ဖဝါးဖြင့် အုပ်ကာ၍ မီးညှိလိုက်ပြီး အင်ဂျလိုကို လှမ်းမေးလိုက်သည်။

"သည်ကနေ အင်ဂျင်စက်ခန်းဆီ ဆင်းသွားလို့ ရမလား"

"မရဘူး၊ သည်နေရာက အပေါ်ကို တစ်ထပ် ထပ်တက်ရဦးမယ်"

"ဒါဖြင့် ခဏနေဦး၊ သည်နေရာတစ်ဝိုက်ကို လျှောက်ကြည့်လိုက်ဦးမယ်"

အချိန် သိပ်မရှိတော့သည်မှာ မှန်သော်လည်း သည်သင်္ဘော၏ အနေအထားကို အကြမ်းဖျင်းလောက်တော့ သိထားဖို့ လိုသည်။ သည်လို သိထားမှသာ နောက်ပိုင်းတွင် အများကြီး တာသွားနိုင်သည်။ ပီထရီက ပဲ့စင်ရှိရာဆီသို့ မော့ကြည့်လိုက်သည်။ ပဲ့စင်နောက်တွင်ရှိသော မီးခိုးခေါင်းတိုင်မှ မီးခိုးများကို မှုတ်ထုတ်နေသည်။ ကာရစ်ဒီ ကမ်းမှခွာရန် အဆင်သင့် ဖြစ်နေလေပြီ။

ပီထရီသည် မီးရထားတွဲများ ထားနိုင်သော ကုန်းပတ်ပေါ်ရှိ အဆောက်အဦထဲသို့ လျှောက်ဝင်သွားစဉ် သူသည် ရေပေါ်တွင် ပေါ်နေသော မီးရထား အင်ဂျင်စက်ပြင်ရုံကြီးအတွင်းသို့ ရောက်ရှိနေသည့်အလား ခံစားလိုက်ရသည်။ သူ့ခြေထောက်အောက်တွင် ရှိသော ကုန်းပတ်ကလည်း သင်္ဘောအောက်ဘက်တွင် ရှိနေသော အားကောင်းလှသည့် အင်ဂျင်စက်ကြီးများကြောင့် တဆတ်ဆတ် တုန်လှုပ်နေသည်။ သူသည် အဆောက်အဦထဲသို့ အတော်ကလေး ရောက်အောင် လျှောက်ဝင်သွားပြီးနောက် ခပ်မှိန်မှိန်မီးရောင်နှင့် မျက်စိကျင့်သားရလာသောအခါ ထိုအဆောက်အဦကြီးထဲရှိ မီးရထားသံလမ်း သုံးလမ်းစလုံးပေါ်တွင် ထိုင်သူက ထိုင်၊ အိပ်သူက အိပ်ဖြင့် စစ်စလီကျွန်းသား တောသူ တောင်သားအများအပြား ရှိနေကြောင်း မြင်လိုက်ရသည်။ ယခုလို သံသယ ကင်းရှင်းစွာဖြင့် စုစုဝေးဝေး ရှိနေသော ထိုလူစုကို မြင်လိုက်ရသောအခါ သည်သင်္ဘောပေါ်မှ ဒီလူစု ဆင်းသွားပြီးနောက် အပြန်ခရီးကျမှ ဒိုင်းနမိုက်များ ထပေါက်အောင် စီစဉ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

သူက အင်ဂျလို ရှိနေရာ သင်္ဘောဦးပိုင်းဆီသို့ ပြန်လှည့်လိုက်စဉ် ဆိပ်ကမ်းတံတားပေါ်မှ ပျာယီးပျာယာဖြင့် လျှောက်လာနေသော အရပ်ဝတ် အရပ်စားဖြင့် လူနှစ်ယောက်ကို လှမ်းမြင်လိုက်သည်။ သို့သော် ပီထရီသည် ခြေလှမ်းမပျက်ဘဲ သင်္ဘောဦးပိုင်းရှိ သေတ္တာကြီးများနားတွင် ရပ်နေသူ အင်ဂျလို

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ခပ်မှန်မှန် ပြန်လျှောက်လာသည်။ ပီထရီက အင်ဂျလိုကို လေသံကလေးဖြင့် ပြောလိုက်သည်။

"အခု ဘယ်သူတွေ လာနေတယ် ထင်သလဲ"

"ဂက်စတာပို (စစ်ပုလိပ်) တွေပေါ့"

သည်ငတိတွေ ပုံစံကလည်း မပြောဘဲနှင့်ကို သိနိုင်လောက်ပါပေသည်။ သူတို့ ဝတ်ဆင်နေကျ ပုံစံအတိုင်း ခါးပတ်ပါသော အပေါ်ဝတ် ကုတ်အင်္ကျီကြီးများကို ဝတ်ဆင်ထားပြီး သက္ကလပ်ဦးထုပ်ပျော့များကို ဆောင်းထားကြသည်။ သူတို့ နှစ်ဦးအနက် တစ်ဦးက ပိန်ပိန်ရှည်ရှည်၊ ကျန်တစ်ယောက်ကပုပုဝဝ ဖြစ်နေလေရာ (ရုပ်ရှင်ထဲမှ လူရွှင်တော်နှစ်ယောက်နှင့် တူနေသောကြောင့်) ပီထရီက "လော်ရယ်နဲ့ ဟာဒီပေါ့" ဟု သူ့ပါးစပ်မှ ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

ထိုလူနှစ်ယောက်သည် ကုန်းဘောင်ကြီးပေါ်မှ ခပ်သုတ်သုတ် တက်လာကြပြီးနောက် ပီထရီ့ ဘေးနားတွင် ရပ်ရင်း အဆောက်အဦထဲသို့ လှမ်းကြည့်နေကြသည်။ ၎င်းနောက် တစ်ယောက်က လက်နှိပ်ဓာတ်မီးတစ်ခုကို ထုတ်ယူလိုက်ပြီး ဓာတ်မီးကို ဖွင့်ရင်း အမိုးအောက်သို့ ဝင်လိုက်သည်။ လက်နှိပ်ဓာတ်မီးရောင်သည် ကြမ်းပြင်ပေါ်၌ အိပ်နေကြသော အမျိုးသမီး၊ အမျိုးသားများ၏ ညှိုးချုံးနေသော မျက်နှာတစ်ခုချင်းကို ထိုးကြည့်သွားသည်။ ပီထရီ့မျက်နှာပေါ်သို့ လက်နှိပ်ဓာတ်မီးရောင် ကျရောက်လာသောအခါ ပီထရီကစီးကရက် သောက်နေခိုက် ဖြစ်ပြီး မီးရောင်ကြောင့် မျက်တောင်တစ်ချက်ခတ်လိုက်သည်။ ဂက်စတာပို (စစ်စုံထောက်)သည် ပီထရီ့ မျက်နှာကို ထိုးကြည့်ပြီးနောက် ကျန်လူများကို ဆက်ကြည့်နေသည်။ အဝင်ဂိတ်တွင် အက်စ်အက်စ်အရာရှိများက စစ်ဆေးလိုက်ကြသည့်တိုင်အောင် ဂက်စတာပိုအဖွဲ့က မကျေနပ်နိုင်သေးဘဲ သူ့နည်းသူ့ဟန်ဖြင့် လာစစ်ဆေးနေကြပြန်သည်။

ပီထရီက နှုတ်ခမ်းကို လှုပ်သည်ဆိုရုံမျှသာ လှုပ်၍ အင်ဂျလိုကို ပြောလိုက်သည်။

"အင်ဂျလို…အက်ဒဝပ်ဆီ သွားပြီး သေတ္တာကြီးထဲကို ဝင်နေပါလို့ ပြော၊ ကျုပ်တို့ မလာမီအထိ အဖုံး ပိတ်ထားနိုင်း၊ လေးချက် ခေါက်ရင် ကျုပ်တို့ပဲလို့ သူ့ကို ပြောခဲ့"

ပီထရီသည် လက်နှိပ်ဓာတ်မီးရောင် တခြားဘက်ဆီသို့ ရောက်ရှိသွားသည်အထိ စောင့်နေရပြန်သည်။ လော်ရယ်နှင့်ဟာဒီ သင်္ဘောပေါ်မှာ ရှိနေ



သဖြင့် သူတို့ အလုပ်လုပ်ရတာ နည်းနည်းတော့ ပိုခက်လိမ့်မည်။ အင်ဂျလိုသူ့နား ပြန်ရောက်လာသောအခါ ပီထရီက ပြောလိုက်ပြန်သည်။

"ထမင်းစား ကြွပါလို့ မဖိတ်ဘဲနဲ့တောင် ဧည့်သည်တွေ ထပ်ရောက်လာပြန်ပြီ"

အက်စ်အက်စ် အဖွဲ့သား လေးယောက်သည် ကုန်းဘောင်ပေါ်မှ တစ်ဆင့် ကပျာကယာ ပြေးတက်လာကြပြီး ပီထရီ့နောက်ဘက်ရှိ သံလှေကားမှ အပေါ်ထပ်သို့ တက်သွားကြသည်။ အင်ဂျလိုက စိတ်ပူသော လေသံဖြင့် ပြောလိုက်သည်။

"အခု ကိစ္စဟာ သိပ်ထူးဆန်းနေတယ်၊ ကျုပ် အရင်သွားခဲ့တဲ့ အခေါက်တွေမှာ သည်လို တစ်ခါမှ မကြုံဖူးသေးဘူး"

"အေးလေ… သည်တစ်ခေါက်ကလည်း သိပ်ထူးခြားတဲ့ ခရီးစဉ်တစ်ခု ဖြစ်နေမှာပေါ့၊ ကဲ… အင်ဂျင်စက်ခန်းက ဘယ်မှာလဲ"

သူတို့နှစ်ယောက်သည် အက်စ်အက်စ်အဖွဲ့သား လေးယောက် ပြေးတက်သွားသော သင်္ဘောဘယ်ဘက်ရှိ သံလှေကားအတိုင်း ပဲ့စင်အောက်ဘက်တွင်ရှိသော အထက်ထပ်အထိ ဆက်တက်သွားကြသည်။ ရေလက်ကြားထဲတွင်လေထန်လာသောကြောင့် လှိုင်းထလာသဖြင့် ကူးတို့သင်္ဘောကြီးသည်လည်းအနည်းငယ် ယိမ်းထိုးနေသည်။ သင်္ဘောဘယ်ဘက်တွင်ရှိသော ဟာလာဟင်းလင်းဖြစ်နေသည့် ကုန်းပတ်ဘေးနားတွင် ရေလက်ကြားထဲသို့ ထိုးထွက်နေအောင် ဆောက်လုပ်ထားသော အုတ်တံတိုင်းကြီးတစ်ခု သင်္ဘောနှင့် ယှဉ်လျက်သား ရှိနေသည်။ အင်ဂျလိုသည် ကုန်းပတ်အစွန်းရှိ (ရေမဝင်အောင် ကာထားသော) ရေကာသံပြားတစ်ခုကို ကျော်လွှားလိုက်ပြီးနောက် ပဲ့စင်အောက်ရှိတံခါး တစ်ခုကို ဖွင့်ဝင်လိုက်ရာ သင်္ဘောအတွင်းဘက်ရှိ စင်္ကြံလမ်းတစ်ခုထဲသို့ရောက်ရှိ သွားတော့သည်။ သူတို့ ဘယ်ဘက်တွင် အခန်းကလေးများ အစီအရီရှိနေကြ သည်။

သူတို့ ရောက်ရှိလာချိန်တွင် ထိုစင်္ကြံလမ်းထဲ၌ လူရှင်းနေသည်။ အင်ဂျလိုသည် အခန်းနံပါတ် (၃) ၏ တံခါးကို တွန်းဖွင့်လိုက်သည်။ အခန်းထဲတွင် မှောင်နေသဖြင့် မီးဖွင့်လိုက်ရသည်။ အင်ဂျလိုက ရှင်းပြသည်။

"ဒါက လက်ထောက်အင်ဂျင်နီယာရဲ့ အခန်း၊ သည်ငတိ ခွင့်ယူသွားတယ်လို့ ဗိုပီဆီက သိထားရတယ်၊ ဒီတော့ သည်အခန်းမှာ စတည်းချရင်ကောင်းမယ်၊ ကျုပ်တို့အတွက် အနှောင့်အယှက် မရှိနိုင်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ပီထရီ အခန်းထဲ ရောက်လာသောအခါ အင်ဂျလိုက တံခါးကို ပြန်ပိတ်ပြီး ကလန့်ထိုးထားလိုက်သည်။ အဆိုပါ တစ်ယောက်ခန်းကလေးမှာ နံရံတစ်ဖက်တွင် အိပ်စင်တစ်ခု ရှိနေပြီး အခန်းထောင့်တွင် မျက်နှာသစ်ခွက် ကြွေအင်တုံတစ်လုံး ရှိသည်။ ပီထရီက ဗီရိုတစ်လုံးကို ဖွင့်ကြည့်လိုက်ပြီး အင်္ကျီချိတ်နှင့် ချိတ်ဆွဲထားသော လက်ထောက်အင်ဂျင်နီယာ၏ ဝတ်စုံကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ဦးထုပ်၊ ဂျာကင်၊ ဘောင်းဘီ စသည်ဖြင့် အပြည့်အစုံ ရှိနေသည်။ သူက မေးလိုက်သည်။

"သည်ငတိ ကိုယ်လုံးကိုယ်ပေါက်က ဘယ်လောက် ရှိသလဲ"

"ကျုပ် ကိုယ်လုံးကိုယ်ပေါက်လောက်ပါပဲ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဟုတ်ပါဘူး၊ အဲဒါက သည်တံခါးသော့လား"

အင်ဂျလိုသည် မျက်နှာသစ်ခွက် ကြွေအင်တုံပေါ်၌ ချိတ်ထားသော သော့ကို ဖြုတ်ယူလိုက်သည်။

"ဟုတ်တယ်၊ သည်အခန်းထဲက ပြန်ထွက်လျှင် သော့ခတ်ထားခဲ့လို့ ရတာပေါ့"

"သူ မရှိတုန်း၊ သည်အခန်းကို သော့မခတ်ဘဲ ထားခဲ့တာ မဆန်းဘူး လား"

အင်ဂျလိုက ပခုံးကို တွန့်ပြလိုက်သည်။

"သည်လူက စစ်စလီကျွန်းသားပဲဗျာ။ ကဲ…လာ၊ ခင်ဗျားကို အင်ဂျင်စက်ခန်းဆီ လိုက်ပြမယ်"

ပီထရီက အလေသုံးဆယ် ပြောလိုက်သည်။

"ဘယ်လို သွားရမယ် ဆိုတာကိုပဲ ပြောခဲ့ပါ၊ ခင်ဗျားကတော့ ကုန်းပတ်ပေါ် ပြန်ဆင်းပြီး ဂက်စတာပို အကောင်တွေ ခြေသိပ်မရှုပ်သေးခင် အထုပ်ကြီးကိုပါ ယူပြီး အက်ဒဝပ်ကို သည်ခေါ်ခဲ့၊ တကယ်လို့ သည်ငတိတွေ သည်အပေါ် တက်လာပြီး တံခါးကို သော့ခတ်ထားတာ တွေ့သွားလျှင် ယုန်ထင်ကြောင်ထင် ဖြစ်နိုင်သလား"

"ဘာဖြစ်လို့ သူတို့က မယုံသင်္ကာဖြစ်ရမှာလဲ၊ သည်ငတိတွေ သည် သင်္ဘောပေါ် တက်လိုက်လာတာ တစ်ခါမှ မတွေ့ဖူးသေးဘူး"

သူတို့နှစ်ယောက်စလုံး အခန်းထဲမှ ကပျာကယာ ထွက်လိုက်ကြပြီး နောက် စင်္ကြံလမ်းအဆုံးတွင် ရှိသော အောက်ဘက် အထပ်သို့ ဆင်းနိုင်သည့် သံလှေကားကို ပီထရီအား ပြလိုက်သည်။



"အောက်ရောက်လျှင် ညာဘက်ချိုး၊ လမ်းတစ်ဝက်ကျလျှင် အင်ဂျင် စက်ခန်းထဲ ဝင်တဲ့အပေါက်ကို တွေ့ရလိမ့်မယ်၊ ကျုပ် ခင်ဗျားနဲ့ အတူတူလိုက်ခဲ့ ရမလား"

"မလိုက်နဲ့၊ အက်ဒဝပ်ကို သွားခေါ်ချေ။ ခင်ဗျားတို့နဲ့ အခန်းထဲမှာ ပြန်ဆုံမယ်၊ ကျုပ် လာလျှင် တံခါး လေးချက် ခေါက်မယ်"

ပီထရီသည် လှေကားမှ အောက်ဘက်သို့ သတိဝီရိယကြီးစွာဖြင့် ဆင်းသွားသည်။ လှေကား ခြေရင်းနားသို့ ရောက်သောအခါ ခဏရပ်လိုက်ပြီး ညာဘက်သို့ လှမ်းကြည့်လိုက်သည်။ ညာဘက်တွင် အတော်ကလေး ရှည်လျားသော စင်္ကြံလမ်းတစ်ခု ရှိနေသည်။ သို့သော် သည်စင်္ကြံလမ်းထဲတွင် လူရှင်းနေ သည်ဟု မဆိုနိုင်။ ခပ်လှမ်းလှမ်းတွင် ရိုင်ဖယ်သေနတ်ကိုင် အီတလီစစ်သား တစ်ယောက်သည် နံရံကိုမှီရင်း ကင်းစောင့်နေသည်။ ပီထရီသည် တွန့်ဆုတ် ဆုတ် လုပ်မနေဘဲ နောက်ဆုံး တစ်ထစ်ကို နင်းဆင်းလိုက်ပြီးနောက် အဆိုပါ စင်္ကြံလမ်းထဲသို့ လျှောက်ဝင်သွားသည်။ ထိုလမ်းကြားလေးထဲတွင် အသက်ရှူ နည်းနည်း ကျပ်သလိုလို ရှိသည်။ အင်ဂျင်စက်သံကလည်း သည်နေရာတွင် ပိုဆူသလိုလို ရှိသည်။ သူ့အနားသို့ ရောက်သောအခါ ထိုစစ်သားသည် ဘဲဥပုံ တံခါးပေါက်မှ အပြင်သို့ လှန်ဖွင့်ထားသော သံမဏိတံခါးရွက်ပေါ်တွင် မှီရပ်နေ ခြင်း ဖြစ်ကြောင်း တွေ့လိုက်ရသည်။ အင်ဂျင်စက်သံက ပိုကျယ်လောင်လာ သည်။ ပီထရီ ဖြတ်လျှောက်သွားသောအခါ ကင်းစောင့်နေသော စစ်သားသည် တစ်ချက်ကြည့်လိုက်ပြီး တစ်ဖက်သို့ ပြန်လှည့်သွားသည်။ ခုလိုအချိန်အခါ မျိုးတွင် ကင်းလာစောင့်နေရသဖြင့် ပျင်းရိငြီးငွေ့နေပုံရသည်။

ဘဲဥပုံတံခါးမှ အထဲဘက်သို့ ခဏမျှသာ လှမ်းကြည့်လိုက်ရသဖြင့် ပြည့်ပြည့်စုံစုံတော့ မမြင်လိုက်ရချေ။ တက်လိုက် ကျလိုက် ဖြစ်နေသော ပစ်စတင်ကြီးများ၊ တံခါးအတွင်းဘက်ရှိ စင်မြင့်ကလေးပေါ်တွင် ညစ်ထေး ပေရေနေသော အဖြူရောင် စွပ်ကျယ်လက်ပြတ်နှင့် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်၍ အလုပ်လုပ်နေကြသူများကိုသာ မြင်လိုက်ရသည်။ ပီထရီသည် အဆိုပါ အတွင်းစင်္ကြံလမ်းဆုံးအထိ ဆက်မလျှောက်တော့ဘဲ ညာဘက်ရှိ သံလှေကားတစ်ခုဖြင့် အပေါ် ပြန်တက်သွားရာ လူရှင်းနေသော အပေါ်ထပ် စင်္ကြံလမ်းထဲသို့ ပြန်ရောက်သွားသည်။ ပီထရီသည် ဘယ်ဘက်သို့ ချိုးကွေ့ လိုက်ပြီးနောက် သင်္ဘောပဲ့ပိုင်းဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် သင်္ဘောယိမ်းထိုးမှုမှာ ပိုများလာသလို ထင်ရသည်။ နောက်ထပ် လေမုန်တိုင်း ကျလာဦးမှာလားဟု တွေးရင်း တံခါးတစ်ချပ်ကို ဖွင့်၍ ပွဲပိုင်းရှိ ကုန်းပတ်ပေါ်သို့ ထွက်လိုက်သည်။ သူ့အောက်ဘက်ရှိ ကုန်းပတ်ပေါ်တွင် အစီအရီ ရပ်ထားသော ထရပ်ကား ခေါင်မိုးများကို မြင်လိုက်ရသည်။ သို့သော် လှေဦးပိုင်း၌ အနီရောင် မီးခွက်တစ်လုံး ထွန်းထားသော လှေကလေးတစ်စင်း ရေလက်ကြားထဲသို့ ခပ်မှန်မှန် မောင်းထွက်သွားသည့် ရှုခင်းကို သူက ပိုစိတ်ဝင်စားမိသည်။ သူတို့ ရေထဲခုန်ချသောအခါ အဆင်သင့် ဖြစ်နေအောင် ဂျိယာကိုမိုက အသင့်နေရာယူထားလေပြီ။ ပီထရီသည် သင်္ဘော၏ ညာဘက် ကုန်းပတ်အတိုင်း ဦးပိုင်းဆီသို့ ပြန်လျှောက်လာသည်။ သည်နေရာတစ်ဝိုက်တွင် သင်္ဘောလုံခြုံရေးအတွက် တာဝန်မဲ့ ပစ်စလက်ခတ် လုပ်ထားသည်ဟု အပြစ်ဆိုစရာကောင်းလောက်အောင် လူရှင်းလွန်းလှသည်။ အင်ဂျင်လို ပြောခဲ့သလိုပင် သည်သင်္ဘောပေါ်၌ အစောင့်အကြပ် နည်းလွန်းလှသည်။ သည်သင်္ဘောက အဓိကထား၍ ကာကွယ်မည့် အန္တရာယ်မှာ လေကြောင်းအန္တရာယ်သာ ဖြစ်ပြီး သင်္ဘောဦးပိုင်းနှင့် ပွဲပိုင်းတွင် ၂၀ မီလီမီတာ အမြောက်လေးလက်တွဲများကို တပ်ဆင်ထားသည်။ ပွဲစင်နောက်တွင်လည်း အမြောက်တစ်လက် နှစ်လက်စီ တပ်ထားသည်။

သူ စိတ်လက် ပေါ့ပေါ့ပါးပါး ရှိနေစဉ် တံခါးတစ်ချပ် ပွင့်လာပြီး အီတာလျံ စစ်သားတစ်ယောက် အပြင်ထွက်လာသည်။ ၎င်း၏ လက်နှိပ်ဓာတ်မီးရောင်က သူ့ကို စက္ကန့်ပေါင်းများစွာ ကြာအောင် မမြင်မကန်း ဖြစ်သွားစေသည်။ ပြီးမှ လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်လိုက်သည်။ ထိုစစ်သားက သူ့ကို မာရေကျောရေဖြင့် မေးလိုက်၏။

“မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ”

“ကျွန်တော် လှေကားများပြီး တက်လာမိတယ်နဲ့တူတယ်၊ ကျွန်တော် မီးရထားတွဲတွေ ထားတဲ့ ဂိုဒေါင်ဆီ ပြန်ချင်လို့ပါ”

“သည်အတိုင်း တည့်တည့်ဆက်လျှောက်သွား၊ ပြီးလျှင် လှေကားနဲ့ အောက်ပြန်ဆင်း”

ထိုစစ်သားသည် အခန်းထဲ ပြန်ဝင်ပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ ထိုအခန်းထဲမှ ဆေးလိပ်မီးခိုးနံ့နှင့် ဝိုင်အရက်နံ့များ အပြင်ဘက်သို့ ပျံ့လွင့်ထွက်ပေါ်လာသည်။ ပီထရီသည် ကုန်းပတ်အတိုင်း ခပ်သုတ်သုတ် လျှောက်သွားပြီး သင်္ဘော၏ ညာဘက်လှေကား ထိပ်သို့ ရောက်သောအခါ



အောက်ဘက်မှ လော်ရယ်နှင့် ဟာဒီတို့ အပေါ်တက်လာကြသဖြင့် သူက ရပ်စောင့်နေလိုက်ရသည်။ ပုပုဝဝ၊ မျက်နှာခပ်ဝိုင်းဝိုင်း၊ နှာခေါင်းပြားပြားနှင့် လူကရှေ့က လျှောက်လာရင်း ပီထရီကို ဦးထုပ်နှုတ်ခမ်းသားအောက်မှ တစ်ချက်ကြည့်ပြီး ဆက်လျှောက်သွားသည်။ သူသည် ပီထရီကို စိတ်မဝင်စားတော့သလို ကျော်လျှောက်သွားပြီးနောက် ရုတ်တရက် ရပ်တန့်လိုက်ပြီး “မင်း မှတ်ပုံတင်ပြစမ်း” ဟု ပြောလိုက်သည်။

တစ်ဖန် သူက ပီထရီ့တစ်ကိုယ်လုံးကို လက်နှိပ်ဓာတ်မီးဖြင့် ခြေဆုံးခေါင်းဆုံး ထိုးကြည့်နေသည်။ ပိန်ပိန်ရှည်ရှည် လူကမူ လက်ပိုက်ပြီး ရပ်နေသည်။ သူက “ဟာဒီ” ဟု ကင်ပွန်းတပ်ထားသော သည်ပုပုဝဝလူသည် လူတစ်ယောက်ကို အကြောင်းရိုက်ပြီး အငိုက်ဖမ်းတတ်သူပါကလား။ ပီထရီသည် ရင်ဘတ်ပေါ်ရှိ အင်္ကျီအိတ်ထဲမှ စာရွက်စာတမ်းများကို ဘယ်ဘက်လက်ဖြင့် နှိုက်ယူနေစဉ် ညာလက်ကို မော်ဇာသေနတ်နှင့် နီးသွားအောင် အောက်သို့ ချထားသည်။

ပုပုဝဝ ဂက်စတာပို အရာရှိက စာရွက်စာတမ်းများကို စစ်ဆေးနေစဉ် တမြုံ့မြုံ့ ဝါးရင်း သင်္ဘောကုန်းပတ်ပေါ်ရှိ လက်ရန်းတန်းပေါ်မှ ကျော်၍ အပြင်သို့ ငေးနေသော ပိန်ပိန်ရှည်ရှည် လူကို ပီထရီက အကဲခတ်လိုက်သည်။ သူ့မျက်လုံးများက အေးစက်မာကျောနေသလို သူ့မျက်နှာမှာ သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သည်လူနှစ်ယောက်သည် အတွဲညီလှသော လက်မရွံ့ လူသတ်သမားများပင်တည်း။

ဟာဒီသည် စကားတစ်ခွန်းမျှ မပြောဘဲ စာရွက်စာတမ်းများကို ပြန်ပေးရင်း ကုန်းပတ်အတိုင်း ဆက်လျှောက်သွားသည်။ သူ့နောက်မှ လော်ရယ်က ကပ်လိုက်သွားသည်။ ပီထရီက လှေကားအတိုင်း ပြေးဆင်းသွားစဉ် ကာရစ်ဒီ သင်္ဘောကြီးသည် ကမ်းမှ ခွာလုဆဲဆဲ ဖြစ်နေလေပြီ။ ဆိပ်ခံတံတားပေါ်မှ လူတစ်ယောက်သည် ချည်တိုင်မှ ကြိုးကြီးတစ်ချောင်းကို ဖြေပေးနေသည်။ သင်္ဘောကလည်း ယခင်ကထက် ပိုယိမ်းထိုးလာသည်။ ပီထရီသည် သင်္ဘောဘယ်ဘက်ဆီသို့ ဖြတ်လျှောက်သွားပြီးနောက် သင်္ဘောဘယ်ဘက်ရှိ လှေကားထိပ်မှနေ၍ သင်္ဘောပေါ်သို့ ရန်သူ့ဘက်မှ အစောင့်အကြပ်များ နောက်ထပ် တက်လာခြင်း ရှိ မရှိ သွားအကဲခတ်လိုက်သည်။

ဆိပ်ခံတံတားတွင် ချည်နှောင်ထားသော ကြိုးအားလုံးကို ဖြုတ်ပြီးလေပြီ။ အပေါ်သို့ ဦးထောင်နေသော သင်္ဘောဦးပိုင်းသည် အောက်သို့နိမ့်ကျသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သဘော်ကြီး စတင်လှုပ်ရှားစပြုသည်။ ဆိဂ်ခ်တံဟားနှင့် သဘော်ကိုယ်ထည်သည် တဖြည်းဖြည်း ကွာဟသွားသလို ကြားထဲ၌ ပေါ်လာသော ရေပြင်သည်လည်း တဖြည်းဖြည်း ငိုကျယ်ပြန့်လာသည်။ ပီထရီက ဂျိုယာကိုမို အနီးအနားတွင် ရှိ မရှိ လှမ်းကြည့်လိုက်သည်။ အနီရောင် မီးခွက်တစ်လုံးကို လှေဦးထိပ်တွင် ထွန်းညှိထားသော လှေတစ်စင်းသည် သဘော်၏ ဘယ်ဘက် မလှမ်းမကမ်းတွင် ရှိနေလေသည်။ သူ အခန်းထဲသို့ ပြန်ရောက်သောအခါ သဘော်ဆိပ်မှ နောက်ပြန်ဆုတ်၍ ထွက်သွားသော သဘော်ကြီးသည် ဒီဂရီ ၁၈၀ ကိုတိနောက်ပြန်လှည့်၍ အရှေ့မြောက်အရပ်တွင်ရှိသော ဂျိုယိုဗန်နီ ဆိပ်ကမ်းမြို့ဆီသို့ ဦးတည်နေခိုက် ဖြစ်သည်။

၃

သေးငယ်သော အခန်းကလေးထဲတွင် လူသုံးယောက် စုမိကြသောအခါ အဆောက်ကလေး ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်လာသည်။ ဂျွန်ဆန်က ညည်းညည်းညူညူ ပြောလိုက်သည်။

"ဒီအခန်းထဲမှာ နေရတာ ဟိုသောက်သေတ္တာထဲ ပြန်ရောက်နေသလိုပဲ၊ ကျုပ်တို့ အလုပ်က ဘယ်တော့ စရမှာလဲဗျ"

"အခုပဲပေါ့"

ပီထရီသည် ကျောပိုးအိတ်ထဲမှ ပစ္စည်းများကို အိပ်ရာပေါ်သို့ ဖြန့်တင်ရင်း ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။ ဂျွန်ဆန်နှင့် အင်ဂျလိုက လျှုဂါပစ္စတိုတစ်လက်စီနှင့် ကျည်ကပ်အပိုများကို ကောက်ယူလိုက်ကြစဉ် ပီထရီက ဖောက်ခွဲရေး ပစ္စည်းများကို ကမန်းကတန်း စစ်ဆေးလိုက်သည်။ ဖောက်ခွဲရေးပစ္စည်းမှာ ပူတင်းလို ခပ်ပျော့ပျော့ ဖြစ်ပြီး ဝါးကျည်တောက် ပုံသဏ္ဌာန်မျိုးဖြစ်သည်။ ပီထရီက ထိုဖောက်ခွဲရေးပစ္စည်းကို ကျောပိုးအိတ်ထဲသို့ သေသေသပ်သပ် ပြန်ထည့်လိုက်သည်။ ချိန်ကိုက်စနက်တံ လေးခုကိုလည်း ပီထရီက စေ့စေ့စပ်စပ် စစ်ဆေးလိုက်ပြီးနောက် သတင်းစာ စက္ကူဖြင့်ထုပ်ပြီး အိတ်ထဲသို့ သေသေသပ်သပ် ပြန်ထည့်လိုက်သည်။ ပီထရီက အင်ဂျလိုကို ပြောလိုက်သည်။

"ကျုပ် သည်ပစ္စည်းတွေကို ခုအချိန်ကစပြီး ချိုင်းအောက်မှာ ညှပ်ယူလာခဲ့မယ်၊ ဒါပေမဲ့ သည်ပစ္စည်းတွေက သိပ်လေးတယ်၊ သည်တော့ ကျုပ်တို့လူစု အင်ဂျင်စက်ခန်းထဲ သွားတဲ့အခါ ဗိုပီကို ဘယ်လို ရှင်းပြကြမလဲ"

အင်ဂျလိုက ချက်ချင်းပြန်အဖြေပေးသည်။



"ခင်ဗျားအလုပ်က ပန်းရန်ဆရာ၊ ဒါတွေက ပန်းရန်လုပ်တဲ့အခါမှာ သုံးတဲ့ ပစ္စည်းတွေ၊ ပြီးတော့ ခုလို ရှားရှားပါးပါး အချိန်မှာ သည်လိုကိရိယာမျိုးတွေကို ပြန်ဝယ်ဖို့ကလည်း မလွယ်၊ သည်တော့ သွားလေရာရာမှာ ယူသွားတာကို သူ နားလည်ပါလိမ့်မယ်၊ ဒါပေမဲ့ သည်လူက အတွင်းသိပ်များတဲ့လူ၊ သည်ပစ္စည်းတွေ ယူလာတာကိုတောင် သတိထားမိချင်မှ သတိထားမိမှာပါ"

အင်ဂျလိုသည် အချက်ပြ မီးကျည်သေနတ်ကို အိပ်ရာပေါ်မှ ကောက်ကိုင်လိုက်သည်။

"ဂျိုယာကိုမိုကို အချက်ပေးဖို့ သည်ပစ္စည်းဟာ မရှိမဖြစ် သိပ်အရေးကြီးတဲ့ ပစ္စည်းပဲ၊ ဒါပေမဲ့ ခုတစ်ပါတည်း ယူလာဖို့ကလည်း သိပ်ကြီးလွန်းနေတယ်၊ သည်တော့ လောလောဆယ်ဆယ် သည်မှာပဲ ထားခဲ့စေချင်တယ်"

ပီထရီက ပြန်ဖြေသည်။

"သဘောတူတယ်၊ သည်အခန်းဟာ အခြေစိုက်စခန်းအဖြစ် အသင့်လျော်ဆုံးပဲ၊ တကယ်လို့ ခုန်ချရမယ့် အချိန်ရောက်လာလျှင် အပြင်ကုန်းပတ်နဲ့လည်း နီးတယ်၊ အင်ဂျလို သည်သဘော်ဟာ ခရီးသည်တွေနဲ့ ပစ္စည်းတွေချပြီး ဂျိုယိုဗန်နီက ပြန်ခွာလာဖို့ အချိန် ဘယ်လောက်တောင် ကြာမလဲ"

"နာရီဝက်လောက်ပေါ့၊ ဒါပေမဲ့ အမြဲတမ်း ဘယ်အချိန်မှန်နိုင်ပါ့မလဲ"

"ဒါဆိုလျှင် ကြံသလို လုပ်ကြရမှာပေါ့လေ၊ သည်ပစ္စည်းတွေကို သွားဝှက်ထားဖို့ကလည်း အချိန်ဘယ်လောက်ကြာမလဲမှ မသိတာ"

ပီထရီသည် ကျောပိုးအိတ်ကို ကောက်ယူပြီး ချိုင်းကြားတွင် ဂရုတစိုက်ညှပ်လိုက်သည်။

"ဒါနဲ့ စကားမစပ်၊ အင်ဂျင်စက်ခန်းအဝင်ဝမှာ အီတာလျံ စစ်သားတစ်ယောက် စောင့်နေတာ တွေ့ခဲ့ရတယ်"

အင်ဂျလိုတစ်ယောက် ငိုင်ကျသွားသည်။

"အရင်တုန်းက သည်လိုတစ်ခါမှ မစောင့်ဖူးပါဘူးဗျာ။ ဒါပေမဲ့ ကျုပ်ရဲ့ ပြင်သစ် ဘရန်ဒီပုလင်းနဲ့ အနိုင်ယူနိုင်လိမ့်မယ် ထင်ပါရဲ့"

ပီထရီက ပြောလိုက်သည်။

"ကဲ…ကိုရင် ရှေ့ကသာ ကြွပေတော့၊ သည်အခန်းထဲက စုတ်စုတ်ပြတ်ပြတ် တောသားနှစ်ယောက် ထွက်လာတာကို တစ်ယောက်ယောက်က မြင်ရင် တစ်မျိုးတစ်မည် ထင်ကုန်ကြလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျလိုက မီးမှိတ်လိုက်သည်။ ထို့နောက် တံခါးဖွင့်ပြီး အပြင်စင်္ကြံလမ်းထဲသို့ ထွက်လိုက်ရာ ခပ်လှမ်းလှမ်းသို့ ရောက်နေပြီ ဖြစ်သော အက်စ်အက်စ် စစ်စုံထောက်တစ်ယောက်၏ ကျောပြင်ကို လှမ်းမြင်လိုက်ရသဖြင့် သူ့တစ်ကိုယ်လုံး အေးစက်သွားတော့သည်။ ထိုဂျာမန်သည် သဘော်ာပဲ့ပိုင်းရှိ ကုန်းပတ်ပေါ်သို့ ထွက်သွားပြီးနောက် တံခါးကို ပြန်ပိတ်လိုက်သည်။ အင်ဂျလိုသည် ထိုဂျာမန် ပြန်လာ မလာ ခဏစောင့်ကြည့်နေပြီးနောက် ကျန်လူများကို လက်ပြ၍ ခေါ်လိုက်သည်။ အားလုံး ထွက်လာပြီးကြသောအခါ သူက တံခါးကို ပြန်သော့ခတ်လိုက်ပြီး ရှေ့ဆုံးကပင် ခေါင်းဆောင်၍ ဆက်လျှောက်သွားသည်။

လှေကားခြေရင်းသို့ ရောက်သောအခါ သူက ခဏရပ်လိုက်ပြီး ပီထရီကို ပြုံးတုံးပြုံတဲဖြင့် မော့ကြည့်လိုက်သည်။

"ကင်းသမားလည်း မရှိပါလားဗျ"

ပီထရီကလည်း စင်္ကြံလမ်းထဲသို့ ခေါင်းပြူ၍ ကြည့်လိုက်သည်။ မှန်သည်။ စင်္ကြံလမ်းထဲတွင် တစ်ယောက်မျှ မရှိချေ။ ပီထရီက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ကဲ… သူ ပြန်မလာခင် ခပ်မြန်မြန် လာကြဗျာ"

အတွင်းစင်္ကြံလမ်းသည် ယခင်ကထက် ပိုရှည်လျားလာသည်ဟု ထင်ရသလို ပေါင်ခြောက်ဆယ်လေးသော ချိုင်းကြားထဲမှ အထုပ်ကလည်း ပေါင်ခြောက်ရာခန့် လေးလာသလို ခံစားနေရသည်။ ဤစင်္ကြံလမ်းထဲတွင် ပူလှအိုက်လှသလို အသက်ရှူမဝအောင် မွန်းကျပ်ကျပ် ဖြစ်နေသည်။ အင်ဂျင်စက်ခန်းထဲတွင် ဘယ်လိုဘယ်ပုံ ရှိနေမည်ကိုမူ ဘုရားသခင်ကသာ သိတော်မူပေလိမ့်မည်။ အင်ဂျလိုက လက်ပြ၍ တားလိုက်သောကြောင့် သူတို့အားလုံး ရပ်လိုက်ကြရသည်။

အင်ဂျလိုက အပေါက်ဝမှ လှမ်းအော်လိုက်သည်။

"ကျုပ် အင်ဂျင်နီယာချုပ် ဗိုပီနဲ့ တွေ့ချင်လို့ပါ"

အစောင့်စစ်သားသည် တံခါးပေါက်၏ အတွင်းဘက်တွင် ရှိသော စင်မြင့်ကလေးပေါ်တွင် ရှိနေသည်။ ထိုအစောင့်စစ်သားက မပြောချင် ပြောချင်ဖြင့် ပြောလိုက်သည်။

"သည်အခန်းထဲကို ဘယ်သူမှ မဝင်ရဘူး"

"ကျုပ်က အင်ဂျင်နီယာချုပ်ရဲ့ မိတ်ဆွေပါ"



"အင်ဂျင်စက်ခန်းထဲကို ဘယ်သူမှ မလာရဘူးလို့ အမိန့် ထုတ်ထားတယ်"

အစောင့်စစ်သားသည် စိတ်မပါ့တပါဖြင့် ရိုင်ဖယ်သေနတ်ကို မြှောက်လိုက်သည်။ အင်ဂျလိုသည် အောက်ဘက်ရှိ ဗိုပီကို လှမ်းမြင်လိုက်သဖြင့် အိတ်ထဲမှ အရက်ပုလင်းကို ထုတ်လိုက်ပြီး ခေါင်းပေါ်မှ ဝှေ့ယမ်းပြလိုက်သည်။ အင်ဂျင်နီယာချုပ် ဗိုပီသည် သူ ပြောတာကို ကြားအောင် စင်မြင့်ကလေးနားသို့ ချဉ်းကပ်လာပြီး အော်ပြောသည်။ သို့သော် စက်သံကြောင့် ထိုစစ်သားသည် တစ်ခွန်းမျှ သဲသဲကွဲကွဲ မကြားရချေ။ သို့သော် ဗိုပီက အင်ဂျလိုကို အောက်ဆင်းခွင့်ပြုဖို့ လက်ဟန် ခြေဟန်ဖြင့် ပြနေသည်။ ဤတွင် အစောင့်စစ်သားက သက်ပြင်းတစ်ချက် ချလိုက်ပြီး အင်ဂျလိုက နောက်နှစ်ယောက်ကိုပါ သူ့နောက် လိုက်ခဲ့ရန် ခေါ်လာသည်ကို ကြည့်နေလိုက်သည်။ သည်လူတွေကို အင်ဂျင်နီယာချုပ်က သိသားပဲလေ။ သူ စိတ်ပူစရာတော့ သိပ်လိုမည် မထင်ပါ။ တကယ်ကလည်း သူသည် အိပ်ရေးပျက်ထားသောကြောင့် မတ်တတ်ပင် ကောင်းကောင်း မရပ်နိုင်သည့် အနေအထားတွင် ရှိနေသည်။

အင်ဂျလိုက သံလှေကားကို မျက်နှာမူ၍ အောက်ဘက်သို့ ပြောင်းပြန်ဆင်းနေစဉ် ပီထရီသည် စင်မြင့်ကလေးပေါ် ရောက်လာသည်။ ပီထရီသည် လက်ရန်းသံတိုင်ကို ကိုင်ရင်း အောက်သို့ ငုံ့ကြည့်လိုက်ရာ တက်လိုက် ကျလိုက်ဖြစ်နေသော ပစ်စတင်ကြီးများကို မြင်နေရသည်။ လှေကားခြေရင်းသို့ ရောက်သွားပြီဖြစ်သော အင်ဂျလိုက သူ့ကို လက်ပြ၍ ခေါ်လိုက်ပြီး စက်ကြီးများဆီသို့ ဆက်လျှောက်သွားသည်။ ထိုအချိန်တွင် ဗိုပီသည် စက်ခန်းထဲမှ အလုပ်သမားတစ်ဦးနှင့် စကားပြောရင်း ခပ်လှမ်းလှမ်းတွင် သူတို့ကို ကျောခိုင်းလျက်သားရှိနေသည်။ ပီထရီသည် သူ့အထုပ်ကြီးကို ချိုင်းကြားတွင် ညှပ်ရင်း လှေကားမှ ဆင်းရန် နောက်ပြန်လှည့်လိုက်သည်။ ဤတွင် သူ့အဖို့ အလွန်ဆိုးရွားသော ထမင်းလုံးတစ္ဆေခြောက်မှုကြီး စတင် ဖြစ်ပွားခဲ့ရပါလေပြီ။

သူတို့ သုံးယောက်စလုံးတွင် ရှိသမျှ အားအင်များ ကုန်ခန်းနေကြလေပြီ။ သို့ရာတွင် ပီထရီကမူ ကျန်နှစ်ယောက်ထက် ပို၍ ဆိုးဆိုးရွားရွား ခံစားခဲ့ရသည်။ သူသည် နှစ်ဆယ့်လေးနာရီလုံးလုံး တစ်မှေးမျှ မအိပ်ခဲ့ရသည့်အပြင် နေပြင်းချိန်၌ ကားမောင်းခဲ့ရသည်သာမက ညမိုးချုပ်ချိန်က ရေခဲလှနှာတင်ကားကို ဆက်တိုက် မောင်းနှင်ခဲ့ရသည်။ တစ်ဖန် ပီထရီသည် အစားအသောက်ကိုလည်း ဝဝလင်လင် မစားခဲ့ရသည့်အပြင် တစ်ချိန်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကျိုးလန့်စာစား သဘောမျိုးဖြင့် နေခဲ့ရသည် ဖြစ်သောကြောင့် ယခု ပေနှစ်ဆယ်ရှိသော သံလှေကားပေါ်မှ အထုပ်ကို ချိုင်းကြားမှာ ပိုက်၍ ဆင်းရမည်ဆိုသောအခါ ပီထရီ၏ ရုပ်ခတ်ရော စိတ်ခတ်ပါ အညံ့ဆုံး အနေအထားတွင် ရှိနေလေသည်။

လှေကားပေါ်မှ စဆင်းသည်နှင့်တစ်ပြိုင်နက် ပီထရီတစ်ယောက် ဒုက္ခနှင့် လှလှကြီး တိုးမိလေပြီ။ အဘယ့်ကြောင့်ဆိုသော် အင်ဂျင်စက်ခန်းထဲမှ ပေါ်ထွက်လာသော အပူရှိန်က သူ့ကို ချက်ချင်း ချွေးပြန်လာစေသည့်အပြင် သူသည် ချွဲကျိကျိ ဖြစ်နေသော သံလှေကားထစ်များကို လက်တစ်ဖက်တည်းဖြင့်သာ ကိုင်၍ ဆင်းရတော့မည် ဖြစ်သည်။ အရေးထဲတွင် သူ့လက်ဖဝါးကလည်း ချွေးပြန်၍ ကပ်စီးစီး ဖြစ်နေပြန်သေးသည်။ တစ်ဖန် သူ့ချိုင်းကြားထဲတွင် ညှပ်ထားရသော အိတ်ကြီးကြောင့် နောက်တစ်ထစ်အတွက် ခြေထောက်ဘယ်နေရာ ချရမည်ကို အောက်သို့ ငုံ့ကြည့်၍လည်း မဖြစ်နိုင်ပြန်ချေ။ ထို့ကြောင့် ခြေထောက်ကို မမြင်မကန်းဖြင့် စမ်း၍အောက်သို့ ချနေရတော့သည်။ သူ လှေကား သုံးထစ်သာ ဆင်းရသေးချိန်တွင် သူ့တစ်ကိုယ်လုံး မှုးဝေလာပြီး မိုက်ခနဲ ဖြစ်သွားတော့သည်။ သူက သွားကို ကျစ်ကျစ်ပါအောင် အံကြိတ်ထားရင်း အငွေ့တထောင်းထောင်း ထအောင် ချွေးပြန်နေသော မျက်နှာနှင့် အပေါ်သို့ မော့ကြည့်လိုက်ရာ အပေါ်ရှိ စင်မြင့်ကလေးပေါ်မှ စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် ငုံ့ကြည့်နေသည့် ဂျွန်ဆန်ကို မြင်လိုက်ရသည်။ သည်လှေကားကို ဆင်းရတာ သူ့အတွက် ကြီးမားလှသော မဟာအခက်အခဲကြီးတစ်ခုပင်တည်း။

သူသည် ခဏနားလိုက်ပြီး တစ်ဝကြီး အသက်ရှူသွင်းလိုက်သည်။ သို့သော် လေထဲတွင် ရေနွေးငွေ့များ ပြည့်နှက်နေသောကြောင့် သူ့အတွက် ထူးခြားမလာသည့်အပြင် ပိုဆိုးရွားလာသလိုလို ခံစားလိုက်ရသောကြောင့် အာပဲဖြစ်ဖြစ် အောက်သို့ ခပ်မှန်မှန် ဆက်ဆင်းတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ပီထရီသည် ခေါင်းပေါ်၌ မြှောက်ထားရသော လက်တစ်ဖက်တည်းဖြင့်သာ ကိုယ်ကို ထိန်းထားရသည်ဖြစ်ရာ အောက်သို့ တစ်ထစ် ဆင်းလိုက်တိုင်း အပေါ်မှ သံလှေကားထစ်ကို လွှတ်လိုက်ရပြီး အောက်ဘက်ရှိ နောက်လှေကားတစ်ထစ်ကို ကမန်းကတန်း လှမ်းကိုင်နေရသည်။ ဤအချိန်ပိုင်းကလေးတွင် အောက်ဘက်ရှိ သံမဏိကြမ်းပြင်ပေါ်သို့ လက်ပြုတ်ပြီး လိမ့်ကျသွားနိုင်သောကြောင့် သူ့အတွက် အန္တရာယ်အများဆုံး ရှိနိုင်သည့် အချိန်ပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ချွေးစေးများ ပြန်နေသော သူ့လက်ချောင်းကလေးများ



သည် သံလှေကားထစ်ကို ကမန်းကတန်း ဆုပ်ကိုင်လိုက်တိုင်း လန့်စရာကောင်းလောက်အောင် ချောချောထွက်သွားသည်သာမက သူ့တစ်ကိုယ်လုံးကို ထိန်းထားရသောကြောင့် လက်ချောင်းကလေးများသည် မခံမရပ်နိုင်အောင် နာကျင်လျက်ရှိသောကြောင့် ဖြစ်သည်။

တစ်ခါ လက်ပြုတ်ကျမည့် ကိစ္စတစ်ခုတည်းကိုသာ တွေးပူနေရသည် မဟုတ်သေးပါ။ သူ့ခြေထောက် နှစ်ချောင်းစလုံးကလည်း ကြွက်သားစိုင်များ တောင့်တင်းနေသောကြောင့် ပျော့ပျော့ပျောင်းပျောင်းဖြင့် လိုသလို ကွေး၍ဆန့်၍ မရဘဲ တောင့်တောင့်တင်းတင်းကြီး ဖြစ်နေပြန်သည်။ နောက်လှေကားတစ်ထစ်သို့ ဆင်းလိုက်တိုင်း သူ့ကိုယ်အလေးချိန်ကို တောင့်ခံမထားနိုင်ဘဲ ဒူးခွေပြီး ညွတ်ကျသွားမလိုလို ဖြစ်ဖြစ်သွားသည်။ သူ့အတွက် တွေးပူစရာနောက်တစ်မျိုး ရှိသေးသည်။ သူ့ချိုင်းအောက်မှ အိတ်ကြီးသည် ခဲချောင်းကြီးများ အပြည့်အနှက် ထည့်ထားသလို မသယ်နိုင်တော့လောက်အောင် လေးလံလာသည်။ သည်လှေကားပေါ်မှ အောက်ရောက်အောင် ခပ်မြန်မြန် မဆင်းနိုင်ခဲ့သော် ထုံကျဉ်နေပြီ ဖြစ်သော သူ့လက်ထဲမှ လွှတ်ကျသွားတော့မှာ သေချာနေလေပြီ။

သူသည် ပင်ပင်ပန်းပန်း အားစိုက်ရင်း ခြေထောက်တစ်ချောင်းကို အောက်သို့ ချလိုက်သလို သံလှေကားထစ်ကို ကိုင်ထားသော ခေါင်းပေါ်မှ လက်ကို ကမန်းကတန်း လွှတ်ရင်း နောက်သံလှေကားတစ်ထစ်ကို ကမန်းကတန်း လှမ်းဆုပ်ကိုင်လိုက်ရသည်။ သူ့လက်ချောင်းကလေးများသည် ပထမတွင် သံလှေကားထစ်ကို မိအောင် မကိုင်နိုင်ဘဲ ချောထွက်သွားပြီးနောက် အရိုးခိုက်အောင် နာကျင်သည်အထိ အားစိုက်ပါမှ ဆုပ်ကိုင်သွားမိတော့သည်။ သူသည် နောက်သို့ လန်ကျမသွားအောင် ချိုင်းကြားတွင် ညှပ်ထားသည့် အိတ်ကြီးကို တံထောင်ဆစ်ဖြင့် အတင်းဖိထားရပြန်ရာ လက်မောင်းမှ ကြွက်တက်တော့မလိုလို ဖြစ်လာပြန်သည်။ ဤတွင် ခြေထောက်တစ်ဖက်ကို မမြင်မစမ်းဖြင့် အောက်သို့ ကမန်းကတန်း ချလိုက်ရပြန်၏။ မြတ်စွာဘုရား၊ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေလေပြီ။ သူ့ညာဘက်ခြေထောက်သည် တစ်ခုခုကို သွားနင်းလိုက်မိသည်။ သို့သော် သူအခု နင်းမိသော ပစ္စည်းသည် သူနင်းမိနေကျ သံလှေကားထစ်နှင့် မတူသောကြောင့် အသဲအူ ပြေးပြန်လန့်သွားမတတ် လန့်ထိတ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ ချက်ချင်း ပြန်သတိထားလိုက်မိသည်မှာ သူ့ညာခြေထောက်သည် သံမဏိကြမ်းပြင်ကို သွားနင်းမိပြီ ဆိုတာပင်တည်း။ သူ အောက်ရောက်သွားလေပြီ။

ပီထရီက အိတ်ကြီးကို လက်နှစ်ဖက်ဖြင့် ထိန်းကိုင်လိုက်စဉ် သူ့ခြေထောက်နှစ်ချောင်းစလုံးမှာ တဆတ်ဆတ် တုန်နေကြသည်။ သူက ဂျွန်ဆန်လှေကားပေါ်မှ ဆင်းလာသည်အထိ စောင့်နေလိုက်ပြီးနောက် သူ့ရှေ့မှ အလျင်သွားနှင့်ရန် လက်ပြလိုက်သည်။ ဂျွန်ဆန်သည် အင်ဂျင်စက်ကြီးများကြားမှ သတိကြီးစွာထား၍ ရှေ့တိုးသွားသည်။ တစ်ဖန် အင်ဂျင်စက်ခန်းထဲမှ စက်သံမှာ အလွန်မြည်ဟည်းနေသည်သာမက သံမဏိကြမ်းပြင်မှာလည်း အဆက်မပြတ်တုန်လှုပ်နေရာ ငြီးစီစီ ဖြစ်နေသော ဦးနှောက်ကို တူဖြင့် ထပ်ထုနေသလို ဒုက္ခပေးနေလေသည်။

ဂျွန်ဆန်သည် သံမဏိပြားများဖြင့် ဖုံးအုပ် ကာရံထားသော အင်ဂျင်စက်ကြီးတစ်လုံးဘေးမှ ကွေ့ပတ်လျှောက်သွားရာ အင်ဂျင်လိုနှင့် ရင်ဆိုင်ဝင်တိုးမိသည်။ ဤတွင် အင်ဂျလိုသည် စက်သံများကြားမှ သူပြောသည့် စကားကိုကြားအောင် အသံကုန်အော်ဟစ်ရင်း ညစ်ထေးပေရေနေသော စွပ်ကျယ်နှင့်အရောင်ခပ်ရင့်ရင့် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားသည့် အသက် လေးဆယ်ခန့်အရွယ် ခပ်ဝဝ လူကြီးတစ်ယောက်နှင့် မိတ်ဆက်ပေးလိုက်သည်။ အင်ဂျင်နီယာချုပ် ဗိုပီသည် အသားအရေ နီစပ်စပ်၊ လောဘရမ္မက် ကြီးမားသော မျက်လုံးများနှင့် နှုတ်ခမ်းမွေးစစရှိသူ ဖြစ်သည်။ အင်ဂျလိုက စကားရောဖောရောဖြင့် ပြောလိုက်သည်။

"ဒါ ကျုပ်ညီဝမ်းကွဲ ပေါလု၊ သည်ကောင်က ငယ်ငယ်ကလေးကတည်းက အင်ဂျင်နီယာ လုပ်ချင်တဲ့လူ၊ ဒါပေမဲ့ သူ ငယ်ငယ်တုန်းက ငွေရေးကြေးရေး ချို့တဲ့တော့..."

ချက်ချင်းလိုလိုပင် ဗိုပီကလည်း ကြွားတော့သည်။

"သည်နေရာကမှ သင်္ဘောကို တကယ်မောင်းတဲ့နေရာဗျ။ ပွဲစင်ပေါ်က လူတွေကတော့ ကာရစ်ဒီကို သူတို့ မောင်းနေကြတာလို့ ထင်နေကြတယ်။ ဒါပေမဲ့ ကျုပ်တို့ကမှ တကယ်လုပ်ကြရတာ၊ ဟောဟိုက ဒိုင်ခွက်ကိုကြည့်လိုက်လျှင်"

ပီထရီတစ်ယောက် ထောင့်ကွေ့တစ်ကွေ့မှ ပေါ်လာသည်နှင့် တစ်ပြိုင်နက် အင်ဂျလိုက မိတ်ဆက်ပေးပြန်သည်။



"သူကလည်း ကျုပ်ညီဝမ်းကွဲ ပိုင်ထရီ"

သို့သော် ဗိုပီက ကြည့်သည့်ဆိုရုံ တစ်ချက် လှမ်းကြည့်လိုက်ပြီး အင်ဂျင်နီယာချုပ် ဘဝတွင် တွေ့ရကြုံရတတ်သည့် လုပ်ငန်းခွင် အခက်အခဲများကို ဆက်ပြောသွားသည်။ ဂျွန်ဆန်ကတော့ ပီထရီ့ထံတွင် ဒိုင်းနမိုက် ထည့်သည့် အိတ်ကြီး ပါမလာတော့သည်ကို ချက်ချင်း သတိထားလိုက်မိသည်။ ထို့ကြောင့် ပီထရီသည် ထိုအိတ်ကြီးကို တစ်နေရာရာတွင် ဝှက်ထားခဲ့တာ ဖြစ်ရမည်။ ဤတွင် အင်ဂျလိုက ဘရန်ဒီပုလင်းကို ထုတ်ယူလိုက်သည်။ နောက်ပိုင်းတွင် ဗိုပီက သူတို့ ကျန်းမာရေးအတွက် ဆုမွန်ကောင်း တောင်းရင်း အရက် စသောက်တော့သည်။

ငင်းနောက် ဗိုပီတစ်ယောက် နောက်ဘက်သို့ ပြန်လှည့်ကြည့်နေစဉ် ပီထရီက ဂျွန်ဆန်ကို မျက်စပစ်ပြလိုက်သည်။ ဗိုပီက သူတို့ဘက်သို့ ပြန်လှည့်လာသောအခါ ပီထရီက ခေါင်းကိုက်ဟန်ဖြင့် ခေါင်းကို လက်ဖြင့် ကိုင်ထားသည်။ ဤတွင် ဂျွန်ဆန်က အော်ပြောလိုက်သည်။

"ပိုင်ထရီတစ်ယောက်တော့ လှိုင်းမူးနေပြီဗျို့၊ ဒါပေမဲ့ မကြာခင် သက်သာသွားမှာပါ"

ဗိုပီက စိတ်မဝင်စားဟန်ဖြင့် ပခုံးတစ်ချက်သာ တွန့်ပြလိုက်ပြီးနောက် သူ လုပ်ခဲ့ကိုင်ခဲ့ရသော လုပ်ငန်းကြီးများအကြောင်း အားရပါးရ ဆက်ရှင်းပြနေသည်။ တစ်ခါတစ်ရံတွင်မူ ကြားဖောက်၍ သူ့တပည့်များကို အော်ဟစ်ပြီး အမိန့်ပေးလိုက်သေးသည်။ ဂျွန်ဆန်သည် ဟိုကြည့် သည်ကြည့်ဖြင့် အင်ဂျင်စက်ခန်းထဲတွင် နောက်ထပ် အလုပ်သမား ခြောက်ယောက် ရှိနေသေးကြောင်း သတိထားလိုက်မိရာ စက်ခန်းတွင် သင်္ဘောသား တော်တော်ကလေး များနေသဖြင့် စိတ်ပူသွားသည်။ သည်လောက် လူများများကြားထဲတွင် ဒိုင်းနမိုက်များကို ခိုးကြောင်ခိုးဝှက်ဖြင့် ထောင်ချောက်ဆင်ရမည့်အလုပ်မှာ ပီထရီအဖို့ သိပ်လွယ်လိမ့်မည်ဟု သူ မထင်ချေ။ အထူးသဖြင့် အင်ဂျင်ဝင်ရိုးကြီးနားတွင် စက်သမားနှစ်ယောက် ရှိနေသည်။ ပီထရီက ဒိုင်းနမိုက်များကို ဝှက်ထားချင်သည့် နေရာတစ်နေရာမှာ အင်ဂျင်ဝင်ရိုးကြီးနားတွင် ဖြစ်ကြောင်း ဂျွန်ဆန်က ပြန်သတိရလာသောကြောင့် ဖြစ်သည်။ နောက်တစ်ခဏအကြာတွင် အကြောင်းနှစ်ချက်ကြောင့် သူ လန့်သွားရပြန်သည်။ ပထမတစ်ချက်မှာ ပီထရီတစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားခြင်းပင် ဖြစ်ပြီး ဒုတိယတစ်ချက်မှာ စင်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ကလေးပေါ်တွင် ရှိနေသော အစောင့် စစ်သားက အင်ဂျင်စက်ခန်းထဲသို့ ငုံ့ကြည့်နေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဂျွန်ဆန်တစ်ယောက် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ သို့သော် ဘာမှုမဖြစ်သလို တမင်ကလာ ဟန်ဆောင်ပြီး ဗိုပီနှင့် အင်ဂျလိုနောက်မှ တကောက်ကောက်လိုက်ရင်း အင်ဂျင်စက်ခန်းကို လျှောက်ကြည့်ကြသည်။ ဂျွန်ဆန်က လက်ပတ်နာရီကို လှန်ကြည့်လိုက်သည်။ ဂျိုယိုဗန်နီသို့ ရောက်ရန် ရှစ်မိနစ်သာ လိုတော့သည်။ သည်သင်္ဘောဆိပ်ကမ်း မကပ်မီ ပီထရီသည် ဒိုင်းနမိုက်များကို ခနေရာတကျ ဝှက်ထားခဲ့ပြီး အင်ဂျင်စက်ခန်းထဲမှ ပြန်ထွက်လာနိုင်တော့မည်ဟု သူ မထင်ချေ။ တစ်ဖန် စင်မြင့်ပေါ်ရှိ အစောင့်စစ်သားက ငုံ့ကြည့်နေသောကြောင့် ပီထရီ၏ လုပ်ရပ်ကို အချိန်မရွေး မြင်သွားနိုင်ဖွယ် ရှိသည်။ ရေငွေ့ငွေ့ လွှမ်းနေသော သည်အခန်းထဲတွင် ဂျွန်ဆန်တစ်ယောက် ချွေးသီးချွေးပေါက်များ တဒီးဒီး ကျနေရင်းကပင် အစောင့်စစ်သားကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ သူ့စိတ်ထဲကလည်း သည်လူ သည်နေရာက မြန်မြန်ထွက်သွားပါစေဟု ဆုတောင်းနေသည်။ အင်ဂျလိုကလည်း သဘောခပ်ကောင်းကောင်းဖြင့် အရက် ထပ်ယူစမ်းပါဦးဗျာဟု ပြောနေသလို ဗိုပီကလည်း အရက်ပုလင်းကို တတိယ အကြိမ် ထပ်ငှဲ့သောက်နေသည်။ ဗိုပီသည် သူ့အလုပ်တာဝန်များကို တပည့် တစ်ယောက်အား လွှဲထားပုံရသည်။

ဂျွန်ဆန်က စင်မြင့်ပေါ်သို့ နောက်တစ်ကြိမ် မော့ကြည့်လိုက်ရာ သူ့ ဆုတောင်း ပြည့်သွားလေပြီ။ စင်မြင့်ပေါ်တွင် အစောင့်စစ်သား မရှိတော့ပြီ တည်း။ ဗိုပီက ကြွားကြွားဝါဝါ ပြောလိုက်သည်။

"အင်ဂျလို... နောက်တစ်ခေါက်ကျလျှင် သိပ်အရေးကြီးတဲ့ ပစ္စည်း တွေကို ကျုပ်တို့က သယ်ပေးရမှာဗျ။ အဲဒီအခေါက်ပြီးလျှင် နောက်တစ်ခေါက် အဲဒီလို အခေါက်ခေါက်အခါခါ နာရီပေါင်းများစွာ ကြာအောင် သယ်ပေးရ မယ်၊ ဂျာမန် စစ်သားတွေပေါ့ဗျာ"

အင်ဂျလိုက အထင်သိပ်မကြီးလှသော လေသံဖြင့် ပြန်ပြောလိုက် သည်။

"တကယ်လားဗျ၊ ကျုပ်ကတော့ ဂျာမန်စစ်သားတွေဟာ သည်သင်္ဘော နှင့် အမြဲတမ်း သွားလာနေကြတယ်လို့ ထင်ထားတာ"

"ဒါပေမဲ့ အခုဟာက ဂျာမန်တင့်ကား ဒီဝီဇံတပ်ဗျ"



ဗိုပီသည် သူ စကားလွန်သွားသည်ကို သတိရသွားဟန်ဖြင့် ဆက် မပြောဘဲ ရပ်ပစ်လိုက်သည်။ ပြီးမှ -

"ခင်ဗျား ယူလာတဲ့ ကော့ညက်ကို တကယ်ကြိုက်တယ်ဗျာ၊ ကဲ ကြည့် ဟောဒီ ဒိုင်ခွက်ကဆိုလျှင်..."

ဂျွန်ဆန်သည် လက်ပိုက်နားထောင်ရင်း မျက်နှာအမူအရာ ပျက်မသွား အောင် ထိန်းထားလိုက်သည်။

ဂျာမန်တင့်ကား ဒီဝီဇံတပ်ဟု ဆိုသောကြောင့် အမှတ်-၂၉ ပန်ဇာ တင့်ကား ဒီဝီဇံတပ်သည် စစ်စလီကျွန်းသို့ ကူးလာမည့်ဆဲဆဲ ဖြစ်နေလေ ပြီ။ စစ်စလီကျွန်းပေါ်သို့ လေထီးစစ်သားများ ဆင်းလာကြသောကြောင့်သာ ကက်ဆလ်ရင်းက အမှတ်-၂၉ ပန်ဇာ တင့်ကား ဒီဝီဇံတပ်ကို ချက်ချင်း ကူးနိုင်းလိုက်ခြင်း ဖြစ်ရမည်။ တစ်ဖန် ကာရစ်ဒီ ကူးတို့သင်္ဘောကြီးကလည်း ဂျိုယိုဗန်နီတွင် အသင့်ရှိနေသော ဂျာမန်စစ်သားများကို သယ်ဆောင်ပေးရန် ကူးလာနေလေပြီ။ သင်္ဘောကြီး ပိုနေးသွားသည်ကို သိသိသာသာကြီး ခံစား လိုက်ရသလို အင်ဂျင်စက်ခန်းတွင်း မှ ဂလောင်ဂလင် မြည်သံများမှာလည်း ပိုကျယ်လာသည်။ တစ်ဖန် ပီထရီတစ်ယောက် ခုအချိန်အထိ သူ့လုပ်ငန်းကို စ,နိုင်ဦးမည် မဟုတ်ကြောင်း သူ သိလိုက်သည်။

ဗိုပီက အရက်တစ်ဝက်ခန့် ကျန်သေးသော ပုလင်းကို ပြန်ပေးလိုက် ရာ အင်ဂျလိုက လက်ခံယူလိုက်ပြီး အဖုံးကို ပိတ်၍ သူ့အိတ်ထဲ ပြန်ထည့် လိုက်သည်။ ဗိုပီက သူတို့ကို ပြန်စေလိုပြီဖြစ်ကြောင်း သူ သိလိုက်သည်။

အင်ဂျလိုက တရင်းတနှီး ပြောလိုက်သည်။

"ကျုပ်တို့လူစု ဂျိုဗန်နီမှာ ကားငှားလို့ မရလျှင် ခင်ဗျားသင်္ဘောနဲ့ ပြန်လိုက်ချင် လိုက်ရလိမ့်မယ်ဗျို့"

ဗိုပီက ခေါင်းကို တစ်ချက်ကုတ်ရင်း ပုလင်းထဲတွင် အရက် လက်ကျန် ရှိသေးကြောင်း စဉ်းစားမိဟန်ဖြင့် စိတ်ပျက်လက်ပျက် ပြန်ဖြေသည်။

"နောက်တစ်ခေါက်က စပြီး သည်သင်္ဘောပေါ်မှာ အရပ်သားတွေ မစီးရတော့ဘူး။ ဝမ်းနည်းပါတယ်ဗျာ"

သူက စကားကို ဖြတ်ပစ်လိုက်ပြီး အသံကျယ်ကြီးဖြင့် အမိန့်များ ဆက်ပေးနေသည်။ အင်ဂျလိုက စိတ်မသက်မသာဖြင့် ဂျွန်ဆန်ကို ပြန်လှည့် ကြည့်လိုက်ရာ ဂျွန်ဆန်က လှေကားဆီသို့ ဦးတည်လိုက်သည်။ သူက ပီထရီ၏ စိတ်ကူးစိတ်သန်းကို ရိပ်မိလိုက်သည်။ အခုလို သင်္ဘောစက်ခန်းထဲ၌

www.burmeseclassic.com

www.burmeseclassic.com



သဘော်သားများနှင့် ရှုပ်ထွေးနေစဉ် ဒိုင်းနမိုက်များကို သူ လိုချင်သလို ဝှက်၍ မရနိုင်။ သည်တော့ အင်ဂျင်စက်ခန်းထဲမှာပင် ပုန်းနေပြီး မက်ဆီနာသို့ မပြန်ခင် အင်ဂျင်စက်ခန်းထဲ၌ လူရှင်းသွားခိုက် လုပ်စရာရှိသည်တို့ကို လုပ်ရန် ရည်ရွယ်ကြောင်း သူ သိလိုက်သည်။ ပီထရီသည် လုပ်စရာရှိလျှင် သူ့ဘာသာ သူ ဆုံးဖြတ်ပြီး ဖွတ်လုပ်တတ်သူ ဖြစ်သည်။ ထို့ကြောင့် ပီထရီကို လိုက်ရှာမနေ တော့ဘဲ သံလှေကားမှ အပေါ်သို့ တက်သွားတော့သည်။ အင်ဂျလိုက သူ့နောက် က ပါလာသည်။ တစ်ခါ အစောင့်စစ်သားသည် အပေါက်ဝ၌ပင် ဆက်ရှိနေဦး မည်ဟုဆိုပါက ဒါကလည်း ပြဿနာ တစ်ခုပင်။ စက်ခန်းထဲသို့ လူ သုံးယောက် ဆင်းသွားသည်ကို မြင်လိုက်ပြီး နှစ်ယောက်တည်း ပြန်တက်လာသောကြောင့် ဖြစ်သည်။

ဂျွန်ဆန်သည် အပေါက်ဝရှိ ရေကာသံပြားကို ကျော်လွှားလိုက်ပြီး နောက် စကြံလမ်းထဲသို့ ပြန်ထွက်လိုက်ရာ နံရံကိုမှီရင်း မျက်စိမှိတ်ပြီး ရပ်နေ သော အစောင့်စစ်သားကို တွေ့လိုက်ရသည်။ သည်ငတိ မတ်တတ်ရပ်ရင်း အိပ်ပျော်နေပါကလား။ အင်ဂျလို စကြံလမ်းထဲသို့ ရောက်လာသောအခါ အစောင့်စစ်သားသည် လှုပ်ရှားလာပြီး မျက်စိကို ပြန်ဖွင့်ရင်း အိပ်ရာမှ နိုးလာ သည်။ ထို့နောက် ခပ်လှမ်းလှမ်းသို့ ရောက်နေပြီဖြစ်သော သူတို့နှစ်ယောက်ကို လှမ်းအော်မေးလိုက်သည်။

"နောက်တစ်ယောက်က ဘယ်မှာလဲ"

ဂျွန်ဆန်သည် သူ့ဆီကို ပြန်လျှောက်သွားပြီး သူ့ကို စူးစူးရဲရဲ ကြည့် လိုက်သည်။

"သူ ကျုပ်တို့ အလျင်တက်သွားတယ်လေဗျာ၊ ခင်ဗျား သူ့ကို တွေ့လိုက်မှာပေါ့"

"အား…ကျုပ် ပြန်သတိရလာပြီ၊ ဟုတ်တာပေါ့"

အစောင့်စစ်သားက ကမန်းကတန်း ညာပြောလိုက်သည်။ သူတို့ နှစ်ယောက်သည် လာလမ်းအတိုင်း အခန်းနံပါတ် (၃) ရှိရာသို့ ပြန်လာကြ သည်။ ဂျွန်ဆန်သည် အခန်းနံပါတ် (၃) ကို ကျော်သွားပြီး ဟာလာဟင်းလင်း ဖြစ်နေသော အပြင်ကုန်းပတ်ပေါ်မှ ပွဲစင်၏ မှောင်ရိပ်ကို ခိုရင်း အောက်သို့ ငုံ့ကြည့်လိုက်သည်။

ရထားတွဲများ ထားသည့်နေရာတွင် စီးနင်းလိုက်ပါလာကြသော အောက်ဘက် ကုန်းပတ်ပေါ်မှ ခရီးသည်များသည် ဂျီယိုဗန်နီ ဆိပ်ကမ်းသို့



ဆိုက်ကပ်သောအခါ သဘော်ပေါ်မှ ဆင်းနိုင်ရန် သဘော်ဦးပိုင်းတွင် စုစု ဝေးဝေး အဆင်သင့် ရှိနေကြသည်။ ကမ်းစပ်တွင်လည်း တစ်စုတစ်ဝေးတည်း ရှိနေသော ထရပ်ကားများ၊ ဓာတ်ဆီကားကြီးများ ညီညီညာညာ တန်းစီ၍ ရပ်စောင့်နေသော ပန်ဇာတင့်ကားတပ်မှ တပ်သားများ၊ ပြီးတော့ မီးရထား တစ်စီး စသည်တို့ကို မြင်လိုက်ရသည်။ ဂျွန်ဆန့်အတွက် စိတ်ဓာတ် ချောက်ချား ဖွယ်ရာ ကြောက်စရာ ရှုခင်းပင်တည်း။ အမှတ်-၂၉ ပန်ဇာတင့်ကားတပ်၏ တပ်ဦးသည် သဘော်ပေါ်သို့ တက်ရန် အသင့်ရှိနေလေပြီ။ သည်ရှုခင်းသည် စစ်စလီကျွန်းသို့ ဝင်တိုက်မည့် မဟာမိတ်တပ်ပေါင်းစု၏ ဗျူဟာအခမ်းအနား ရှုခင်းလည်း ဖြစ်နိုင်သည်။

သဘော်ကြီးသည် ဆိပ်ခံဇောတံတားကြီးနှင့် ညင်ညင်သာသာ ဝင် ဆောင့်လိုက်ချိန်တွင် သဘော်ကြီး ရွေ့လျားမသွားအောင် ချည်နှောင်ထားမည့် ကြိုးချွေကြီးများကို ဆိပ်ခံတံတားပေါ်သို့ ပစ်တင်လိုက်ကြသည်။ သဘော်ပေါ်က အဆင်းမြန်ကြမည် ဖြစ်သလို သဘော်ပေါ် တက်လာကြမည့် သူများကလည်း မြန်မြန်ဆန်ဆန် တက်လာကြမည်မှာ မလွဲချေ။ အင်ဂျလိုက သူ့ပခုံးပေါ်မှ ကျော်ပြောလိုက်သည်။

"ဒါဆိုလျှင် လုပ်ရကိုင်ရတာ ပိုခက်သွားတာပေါ့ဗျာ"

ဂျွန်ဆန်သည် နောက်ပြန်လှည့်လိုက်ပြီး အခန်းနံပါတ် (၃) ရှိရာသို့ ပြန်သွားသည်။ အခန်းထဲသို့ ရောက်မှ အခန်းတံခါးကို ပြန်ပိတ်ပြီး မီးဖွင့်လိုက် သည်။ ဂျွန်ဆန်ကလည်း ဒေါပွပွဖြင့် ပြန်ပြောလိုက်သည်။

"အင်ဂျင်ခန်းထဲမှာ စက်ဆရာတွေ ရှိနေတုန်း ဒိုင်းနမိုက်တွေကို ဘယ်လိုလုပ်ပြီး တပ်လို့ရမှာလဲဗျ"

အင်ဂျလိုက ပြန်ပြောပြန်သည်။

"သည်ငတိ (ဂျာမန်စစ်သား) တွေ အပေါ်ထပ်ကို တက်တက်လာ တတ်ကြတယ်၊ ကျုပ် အရင်တစ်ခေါက်တွေတုန်းကလည်း တွေ့ဖူးလှပြီ"

"ပီထရီ သည်ကို နာရီဝက်အတွင်း ပြန်ရောက်မလာလျှင် ကျုပ်တို့ သူ့ဆီ လိုက်သွားမှ ဖြစ်တော့မယ်။ ဒါပေမဲ့ သည်တစ်ခါ သွားလျှင် လွယ်မှာ မဟုတ်ဘူး"

ဂျွန်ဆန်သည် ကြေမွနေသော စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ် ကို ထုတ်ယူပြီးနောက် အသာပြန်ချထားလိုက်သည်။ သူ ဆေးလိပ်သောက်ချင်

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ တစ်ပိုင်းသေနေလေပြီ။ သို့သော် သည်အခန်းကျဉ်းကလေးထဲတွင် သူ မွန်းကျပ်နေလေပြီ။ ဂျွန်ဆန်က ဆက်ပြောပြန်သည်။

"မလွယ်မယ့် အကြောင်းတွေကတော့ အများကြီးပါပဲလေ။ သည်သင်္ဘောပေါ်မှာ လူတွေ ရှုပ်ယှက်ခတ်လောက်အောင် များလာတယ်၊ နောက်တစ်ချက်ကလည်း အရပ်သားတွေကို စီးခွင့်မပြုတော့ဘူးလို့ ဗိုပီ ပြောတာကို ကြားလိုက်တယ် မဟုတ်လား၊ သည်တော့ ကျုပ်တို့ကို တစ်ယောက်ယောက်က မြင်သွားတာနဲ့တစ်ပြိုင်နက် ဒုက္ခဖြစ်ပြီသာမှတ်၊ ပြီးတော့လည်း ဂျာမန်တွေက လုံခြုံရေးအတွက် စေ့စေ့စပ်စပ် စောင့်ကြ ကြပ်ကြတော့မှာ"

အင်ဂျလိုက ခပ်လျော့လျော့ ပြန်ပြောသည်။

"နောက်ထပ် ဘာများ ဖြည့်စွက်စရာ ရှိပါသေးသလဲ ခင်ဗျာ"

"လောလောဆယ်ဆယ်မှာတော့ ဒါလောက်ပါပဲ"

ဂျွန်ဆန်သည် ခေါင်းအုံးအောက်၌ ဝှက်ထားခဲ့သော လက်ကိုင်ပါသည့် လက်ပစ်ဗုံး သုံးလုံးကို ထုတ်ယူလိုက်ပြီး စောင်တစ်ထည်ဖြင့် တရိတသေ လိပ်ထားလိုက်သည်။ ဒါပေမဲ့ သူ အင်ဂျလိုကို ထုတ်မပြောခဲ့တာ တစ်ချက် ရှိသေးသည်။ ပီထရီသည် ဒိုင်းနမိုက်များကို 'ဆင်' ပြီဆိုသည်နှင့် တစ်ပြိုင်နက် ချိန်ကိုက်ကိရိယာများကိုပါ အသက်သွင်းခဲ့မှာ သေချာသည်။ တစ်ဖန် ဆိပ်ခံဘောတံတားဘေးတွင် ရပ်ထားသည့် မီးရထားသည် လက်နက်ခဲယမ်း မီးကျောက်များ ပါလာသော မီးရထားသာ ဖြစ်ရပေမည်။ ဂျာမန်တပ်မတော်သည် ကာရစ်ဒီသင်္ဘောကြီးကို ရေပေါ်တွင် ပေါ်နေသော လက်နက်တိုက်တစ်ခု အဖြစ် ဖန်တီးကြတော့မည်။

❏

နောက်ထပ် မိနစ်လေးဆယ် ကြာသည့်တိုင်အောင် အခန်းရှေ့ စင်္ကြံလမ်းထဲတွင် ခြေသံမစဲသောကြောင့် သူတို့နှစ်ဦး အခန်းထဲမှာပင် ပိတ်မိနေကြသည်။ မှောင်ထဲတွင် သူတို့နှစ်ဦး ထိုင်စောင့်နေရသည်မှာ နာရီပေါင်းများစွာ ကြာသည်ဟု ထင်ရသည်။ သူတို့ ထိုင်စောင့်နေခိုက် ဂျာမန်ဘာသာဖြင့် အော်ဟစ်အမိန့်ပေးသံများ၊ အခန်းရှေ့မှ ဖြတ်လျှောက်သွားသော ဂျာမန်စစ်သားများ၏ ဘွတ်ဖိနပ်သံများ၊ သင်္ဘောပေါ်သို့ တင်နေသော ရထားတွဲများ တစ်တွဲနှင့်တစ်တွဲ တိုးမိတိုက်မိ ခိုက်မိသံများကိုသာ ကြားနေရသည်။ အခန်းရှေ့မှ ဖြတ်လျှောက်သော ဖိနပ်သံသည် တဖြည်းဖြည်းနှင့် ပိုနည်းလာသည်။ သို့သော် တစ်စုံ



တစ်ယောက်သော ပုဂ္ဂိုလ်က အခန်းတံခါး လက်ကိုင်ကို လှည့်၍ အထဲသို့ တွန်းဖွင့်ကြည့်သည်မှာ တတိယအကြိမ်အထိ ရှိသွားလေပြီ။

သည်တစ်ခေါက်တွင် တံခါးကို လာတွန်းသူသည် ယခင်နှစ်ခေါက်ကထက် ဖွဲ့နဘဲ ပိုကြီးသည်။ သူသည် တံခါးရွက်ပေါ်မှ လက်ကိုင်ကို ဂျလောက်ဂျလောက် မြည်သည်အထိ လှည့်ဖွင့်နေသည်သာမက တံခါးရွက်ပေါ်တွင် သူ့ကိုယ်လုံးကြီးဖြင့် မှီထားပြီး အတင်းတွန်းဖွင့်နေသည်။ တံခါးပေါက်နှင့် မျက်နှာချင်းဆိုင် ဖြစ်အောင် အိပ်ရာပေါ်တွင် တစောင်းထိုင်နေသူ အင်ဂျလိုသည် ဓားမြှောင်ကို တံခါးပေါက်ဆီသို့ ရွယ်ထားရင်း မှောင်ထဲမှာပင် နှလုံးခုန်နှုန်း တဖြည်းဖြည်း ပိုမြန်လာသည်။ တကယ်ကလည်း သည်တံခါးသော့သည် အလွန်အမင်း ခိုင်ခံ့လှသည် မဟုတ်ချေ။ အားကောင်းကောင်းဖြင့် တွန်းဖွင့်နိုင်လျှင် ပွင့်သွားမည့်သဘော ရှိသည်။ သူနှင့် ယှဉ်ထိုင်နေသူ ဂျွန်ဆန်ကလည်း ဓားမြှောင်ကို ထုတ်ကိုင်ထားသည်။ ဤတစ်ချိန်တွင် သေနတ်ဖြင့် ပစ်လားခတ်လား ဖြစ်လာခဲ့သော် အင်ဂျင်စက်ခန်းထဲတွင် ပီထရီတစ်ယောက် ရှိနေသေးသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်လာပြီး အားလုံး ဒုက္ခဖြစ်ကုန်ကြလိမ့်မည်။

တံခါးလက်ကိုင်ကို လှည့်ပြီး ထပ်တွန်းပြန်သည်။ 'ပထမတန်းကမှ ခရီးသွားချင်တဲ့အကောင်၊ ပထမတန်းကမှ ခရီးသွားချင်လျှင် ဓားမြှောင်နဲ့ တွေ့ပြီး အုပ္ပေ့သွားရလိမ့်မယ်' ဟု ဂျွန်ဆန်က တွေးနေသည်။ ချက်ချင်းလိုလိုပင် တံခါးကို တွန်းဖွင့်နေသူသည် ဆက်မတွန်းတော့ဘဲ ဗြုန်းခနဲ ရပ်သွားသည်။ သူတို့နှစ်ယောက်သည် တဖြည်းဖြည်း ဝေးသွားသော ခြေသံကို နားထောင်ရင်း မှောင်ထဲတွင် ချွေးပြန်နေကြသည်။ စက္ကန့်အနည်းငယ်အကြာတွင် ကာရစ်ဒီသည် ဂျီယိုဗန်နီ ဆိပ်ခံဘောတံတားမှ နောက်ပြန်ထွက်ခွာစပြုသည်။

ဂျွန်ဆန်က ခြောက်ကပ်ကပ်အသံဖြင့် ပြောလိုက်သည်။

"ကဲ…အခု ကျုပ်တို့ သူ့ဆီ သွားကြရအောင်"

အင်ဂျလိုသည် မီးခလုတ်ကို မှောင်ထဲတွင် စမ်းတဝါးဝါးဖြင့် ရှာရင်း မီးဖွင့်လိုက်သည်။ အလင်းရောင်ဖြင့် ကျင့်သားမရသေးသောကြောင့် မျက်စိကျိန်းသွားသည်။

"ခင်ဗျားက သည်ဝတ်အစားတွေနဲ့သာဆိုလျှင် ကျုပ်နဲ့ လိုက်ခဲ့လို့ မလွယ်ဘူး၊ အန္တရာယ်ရှိတယ်၊ ဒီယူနီဖောင်းနဲ့သာဆိုလျှင် ကျုပ်ကိုတော့ မှတ်မိကြမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အင်ဂျလိုသည် မတ်တတ်ရပ်လိုက်ပြီး မျက်နှာသစ်သော ကြွေအင်တုံ ခွက်အပေါ်ရှိ မှန်ထဲတွင် သူ့ကိုယ်သူ ပြန်ကြည့်လိုက်သည်။ မကြာခင်က သူ ယူဝှက်ထားသော လက်ထောက်အင်ဂျင်နီယာဝတ်စုံသည် သူနှင့် အံဝင် ခွင်ကျ ဖြစ်နေသည်။ အမှန်ကို ဝန်ခံရလျှင် သူက သည်ဝတ်စုံကိုပင် ခပ်ကြိုက်ကြိုက် ဖြစ်နေသည်။ သူသည် ဂျွန်ဆန် လှမ်းပေးလိုက်သော ဦးထုပ်ကိုယူပြီး ခေါင်း ပေါ်တွင် ဆောင်းကြည့်လိုက်သည်။

"နည်းနည်းတော့ ငယ်တယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲလေ၊ ကုန်းပေါ်မှာဆိုလျှင် စာပို့လုလင်ကို ဘယ်သူကမှ သတိမထားမိကြသလို သင်္ဘောပေါ်မှာလည်း သင်္ဘောသား ဝတ်စုံနဲ့ဆိုလျှင် လူကြားထဲမှာ ပျောက်နေ မှာပါ၊ ကဲ... ကျုပ် အခြေအနေကို သွားအကဲခတ်လိုက်ဦးမယ်"

"ကောင်းပြီလေ...ဒါပေမဲ့ ငါးမိနစ်အတွင်း အရောက်ပြန်ခဲ့နော်၊ အင်ဂျင်စက်ခန်းထဲက ဒိုင်းနမိုက်တွေ ထမပေါက်ခင် ပီထရီကို သွားခေါ်ဖို့ လိုသေးတယ်"

အင်ဂျလိုက မီးခလုတ်ကို ပြန်ပိတ်ပြီး တံခါးသော့ကို ဖွင့်နေစဉ် ဂျွန်ဆန်က ဓားမြှောင်ကို ဘေးချထားလိုက်ပြီး လက်ကိုင်ပဝါကို ထုတ်၍ မျက်နှာနှင့် နဖူးကို ချွေးသုတ်နေသည်။ အင်ဂျလိုသည် အပေါက်ဝတွင် ခေါင်းပြူ၍ ဘယ် ညာ ကြည့်လိုက်ပြီး စင်္ကြံလမ်းထဲတွင် ရှင်းနေသည်ကို တွေ့ရသောကြောင့် အပြင်သို့ ထွက်လိုက်ပြီး တံခါးကို ဆွဲပိတ်လိုက်သည်။ ချက်ချင်းလိုလိုပင် ပွဲစင်အောက်ဆီမှ လျှောက်လာသော ပုကွကွ ဂက်စတာပို စစ်ပုလိပ်နှင့် ရင်ဆိုင်လိုက်ရတော့သည်။ ဂက်စတာပို စစ်ပုလိပ်က သူ့ကို စူးစူးစိုက်စိုက် လှမ်းကြည့်နေသည်။ အင်ဂျလိုကလည်း သူ သည်အခန်းထဲက ထွက်လာသည်ကို သည်ငတိ မြင်သွားကြောင်း ရိပ်မိလိုက်သလို မျက်မှောင် ကုတ်နေသော သည်ငတိ၏ မျက်နှာထားကို ကြည့်ရခြင်းဖြင့် မကြာမီ သူ့ကို မှတ်မိသွားလိမ့်မည် ဖြစ်ကြောင်း သူ ရိပ်မိလိုက်သည်။ သင်္ဘောသားဝတ်စုံ ကြောင့် သူ ခဏတော့ ဇဝေဇဝါ ဖြစ်သွားလိမ့်မည်။ သို့သော် နောက်ဆုံးတွင် သူ ပြန်မှတ်မိလာလိမ့်မည်ဟု အင်ဂျလိုက တထစ်ချ တွက်လိုက်သည်။ သို့သော် အခု သည်ငတိတွေ အဖော်မပါဘဲ သူတစ်ဦးတည်း ရှိနေသည်မှာ သိပ်ကံကောင်း သွားသည်။ ဂျာမန်စစ်သားက ခပ်ဆတ်ဆတ် မေးလိုက်သည်။

"မင်းကို ငါ စောစောတုန်းက သည်သင်္ဘောပေါ်မှာ မြင်ဖူးလိုက်ပါ တယ်၊ သည်အခန်းထဲမှာ ဘာတွေ ရှိသလဲ"



အင်ဂျလိုကလည်း မခိုးမခန့် ဖြေလိုက်သည်။

"ညစ်ပတ်နေတဲ့ စွပ်ကျယ်တွေနဲ့ ပေကျံနေတဲ့ အိပ်ရာခင်းတွေ ရှိ တယ်၊ ဒါပေမဲ့ ခင်ဗျားနဲ့ မဆိုင်ပါဘူးလေ"

သူက ဂျွန်ဆန် ကြားအောင် တမင်ကလာပင် အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။ ဂျာမန်စစ်သားသည် သူ့ကို တစ်ချက် ပြန်ကြည့်ပြီး မမှတ်မိ သေးဟန်ဖြင့် တံခါးလက်ကိုင်ကို ဆွဲလှည့်ပြီး တွန်းဖွင့်လိုက်သည်။ အခန်းထဲ တွင် ရှိနေသူ ဂျွန်ဆန်သည် ဓားမြှောင်ကို ရုတ်တရက် ရှာမတွေ့သဖြင့် ချက်ချင်းလိုလိုပင် တိုက်ကွက်ကို ပြောင်းလိုက်ရသည်။ တံခါး ပွင့်လာပြီး နောက် အခန်းထဲသို့ အလင်းရောင် ဝင်လာသောအခါ ဂျွန်ဆန်က ဂျာမန် စစ်သား၏ လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်ရင်း အခန်းထဲသို့ ဆွဲသွင်း လိုက်သည်။ အင်ဂျလိုကလည်း ဂျာမန် စစ်သားကို နောက်ဘက်မှ ပခုံးဖြင့် တွန်းတိုက်ရင်း အခန်းထဲ ရောက်အောင် အတင်းတွန်းပို့လိုက်သည်။ အင်ဂျလို သည် အခန်းထဲသို့ အတင်းတိုးဝှေ့၍ ဝင်လာပြီးနောက် တံခါးရွက်ကို ပြန်ပိတ် လိုက်ပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။ ထိုအချိန်တွင် ဂျွန်ဆန်သည် ဂျာမန် စစ်သားကို အိပ်စင်ပေါ်သို့ နောက်ပြန်လဲကျအောင် တွန်းချပြီး အပေါ်မှ ကိုယ် တစောင်း တက်ဖိထားရင်း ဂျာမန်စစ်သား၏ လည်ပင်းကို အတင်းဖိညှပ်နေ သည်။ သူ့လက်မနှစ်ချောင်းက ဇလုတ်ကို အတင်းအဓမ္မ ပြိုင်တူ ဖိညှစ်ထား သည်။

ရုတ်တရက် အငိုက်မိသွားသောကြောင့် ခံလိုက်ရသော ဂျာမန် စစ်သားသည် ဂျွန်ဆန့်မျက်နှာကို ဘယ်လက်သီးဖြင့် ပြန်ထိုးရင်း သူ့ညာလက် က အင်္ကျီ အတွင်းအိတ်ထဲသို့ နှိုက်ရန် ကြိုးပမ်းနေသည်။ အင်ဂျလိုသည် ဂျာမန်စစ်သား၏ ညာလက်ကို အတင်း ဆွဲထုတ်လိုက်ပြီးနောက် သူ့လက်ထဲ တွင် ပါလာသော လျူဂါသေနတ်ကို ကြမ်းကြမ်းရမ်းရမ်း ဆောင့်ဆွဲယူပစ်လိုက် သည်။ ထို့နောက် ဘယ်ဘက်လက်ကိုပါ လိုက်ထိန်းရပြန်သည်။ ဤအခန်းကလေး မှာ ကျဉ်းမြောင်းလှသောကြောင့် သတ်ရ ပုတ်ရသည်မှာ သိပ်မလွယ်ကူချေ။ ဂျွန်ဆန်က ရန်သူ၏ လည်ပင်းကို ဖျစ်ညှစ်ရန် ကြိုးပမ်းနေစဉ် အင်ဂျလိုက ရန်သူ၏ လက်နှစ်ဖက်ကို ဖမ်းထိန်းထားရသည်။

ပါးစပ် ဟထားသော ဂျာမန်စစ်သားက အော်ရန် ကြံသည်။ သို့သော် ဂျွန်ဆန်က ဇလုတ်ကို ဖိထားသောကြောင့် သူ့ခမျာ သဲသဲကွဲကွဲ မအော်နိုင်ချေ။ သူသေ ကိုယ်သေ အသက်လုပွဲကြီးကိုတော့ ဆက်လက်ကျင်းပနေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မသေ သေအောင်သတ်ဖို့ အတော်ကလေး ခဲယဉ်းသလို သည် ဂင်တိုတို ဂျာမန်စစ်သားကလည်း အတော်ကလေး ဗလကောင်းသူ ဖြစ်နေသည်။ ဂျာမန်စစ်သား၏ ဘယ်လက်သည် အင်ဂျလို ဆုပ်ကိုင်ထားရာမှ လွတ်ထွက်လာပြီးနောက် သူက လက်နှစ်ချောင်းဖြင့် ဂျွန်ဆန်၏ မျက်လုံး နှစ်လုံးကို ချိန်ထိုးလိုက်သည်။ ဤတွင် ဂျွန်ဆန်က ခေါင်းကို နောက်သို့ လှန်ပစ်လိုက်ပြီး လက်နှစ်ချောင်း၏ ရန်ကို ရှောင်ရင်း လည်ပင်းကို သဲသဲမဲမဲ ဆက်ညှစ်သည်။ အင်ဂျလိုကလည်း ဂျာမန်စစ်သား၏ ဘယ်လက်ကို ပြန်ဖမ်း လိုက်ရင်း ပြန်လွတ်မသွားအောင် အိပ်ရာပေါ်တွင် အတင်းဖိထားလိုက်သည်။

ဂျာမန်စစ်သား၏ ခြေထောက်နှစ်ချောင်းသည် အိပ်ရာပေါ်တွင် တဝုန်း ဝုန်းမြည်အောင် ဆောင့်ရင်း ရုန်းကန်နေသလို ဂျွန်ဆန်ကလည်း ကြောက်လန့် တကြား ထပ်ညှစ်နေသည်။ ထို့နောက် ရုန်းကန်နေသော ဂျာမန်စစ်သား၏ ခြေထောက်နှစ်ချောင်းမှာ တဖြည်းဖြည်းနှင့် နှေးလာပြီး နောက်ဆုံးတွင် ဇတ်ခနဲ ငြိမ်ကျသွားကာ ရုတ်တရက် ပျော့ခွေသွားတော့သည်။ ဂျွန်ဆန်သည် သေချာ အောင် ခဏစောင့်လိုက်ပြီးနောက် သူ့လက်ကို ပြန်ရုပ်လိုက်သည်။ ထို့နောက် ချွေးသီးချွေးပေါက်များ စီးကျနေသော သူ့နဖူးကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက် သည်။ သူ့လက်ကို ပြန်ရုပ်လိုက်သောအခါ လက်ဖမိုးပေါ်တွင် သွေးစသွေးန များ ကပ်ပါလာသည်။ နဖူးကို ဂျာမန်စစ်သား၏ လက်နှစ်ချောင်းဖြင့် ရှပ်ထိုး မိသောကြောင့် ရရှိသည့် ဒဏ်ရာက ထွက်နေသည့် သွေးများပင်တည်း။

"မလွယ်ပါလားဗျာ"

အင်ဂျလိုက ကမန်းကတန်း ပြောလိုက်သည်။

"သည်ငတိကို သည်အခန်းထဲက ထုတ်ပြီး ရေထဲ ပစ်ချမှ ဖြစ်မယ်၊ ကုန်းပတ်နှင့်လည်း သိပ်မဝေးပါဘူးလေ"

ဂျွန်ဆန်သည် ခဏမျှ စဉ်းစားလိုက်ပြီးနောက် ထိုအကြံဉာဏ်ကို ငြင်းလိုက်သည်။

"မဖြစ်ဘူး၊ အန္တရာယ် သိပ်များတယ်၊ တစ်ယောက်ယောက်နဲ့ ဝင်တိုးမိနိုင်တယ်၊ သူ့ကို သည်မှာပဲ ထားခဲ့၊ ခင်ဗျားက ခပ်မြန်မြန် အပြင်ထွက် ကြည့်၊ ဒါပေမဲ့ အထဲက သော့ပြန်ခတ်ထားလို့ရအောင် သော့ကို သည်မှာပဲ ထားခဲ့ဗျာ၊ ခင်ဗျား ပြန်လာလျှင် လေးချက် ခေါက်လိုက်…"

အင်ဂျလိုသည် အခန်းထဲမှ ထွက်လိုက်ရာ နောက်ဘက်မှ တံခါးကို သော့ပြန်ခတ်သံ ကြားလိုက်ရသည်။ ထို့နောက် လူရှင်းနေသော စင်္ကြံလမ်း



အတိုင်း ဖြည်းဖြည်းဆေးဆေးသာ လျှောက်သွားသည်။ ဂျွန်ဆန်က ခပ်မြန်မြန် သွားပါဟု လောဆော်လိုက်သော်လည်း ကမန်းကတန်း သုတ်သီးသုတ်ပျာ သွားတတ်သူများကို မျက်စိစပါးမွေးစူးတတ်ကြသည် မဟုတ်ပါလား။ သူသည် သံလှေကားပေါ်မှ ခြေသံခပ်လုံလုံဖြင့် ဆင်းလာခဲ့ပြီးနောက် အင်ဂျင်စက်ခန်း ရှေ့တွင် အစောင့် ရှိ မရှိ ချောင်းကြည့်လိုက်သည်။ အီတာလျံ အစောင့်စစ်သား မရှိတော့ပါ။ သူ့နေရာတွင် စက်သေနတ်ကို ပခုံးတွင် လွယ်ထားသော ဂျာမန် အစောင့် စစ်သားတစ်ယောက် ရောက်နေသည်။ ဂျွန်ဆန် ကြိုတင်နိမိတ်ဖတ်ခဲ့ သည့်အတိုင်း အခြေအနေကတော့ ပိုဆိုးရွားနေလေပြီ။

သံလှေကားထောင့်ကွယ်မှ အပြင်သို့ မထွက်သေးသော အင်ဂျလို သည် ဓားမြှောင်ကို ထုတ်ယူလိုက်ပြီးနောက် သဘော်သား ဦးထုပ်ထဲတွင် ဝှက်လိုက်ရင်း ပူသော အိုက်သောကြောင့် သူ့ကိုယ်သူ ယပ်ခတ်နေရဟန်ဖြင့် ဦးထုပ်ကို မျက်နှာရှေ့တွင် ခါယမ်းရင်း အစောင့်စစ်သားဆီသို့ လျှောက်သွား သည်။ သူသည် သင်္ဘောအရာရှိတစ်ဦး၏ ဟန်ပန်အမူအရာမျိုး ဖြစ်အောင် ခပ်မှန်မှန် လျှောက်သွားသည်။ သူ အစောင့်စစ်သားနှင့် ရင်ဆိုင်တိုးမိပြီး နောက်ပိုင်းတွင် အုတ်အော်သောင်းတင်း ဖြစ်တော့မည်မှာ မလွဲချေ။ မြန်ဖို့ လိုသည်။ တစ်ချက်တည်းနှင့် ကိစ္စချောဖို့ လိုသည်။

အစောင့်စစ်သားသည် သူ့ကို စိတ်မဝင်စားဟန်ဖြင့် စောင့်ကြည့်နေ သည်။ သင်္ဘောသားဝတ်စုံကြောင့် သူ့ကို သံသယမဖြစ်သည်မှာ သေချာသည်။ သို့သော် တံခါးအတွင်းဘက် စင်မြင့်ကလေးပေါ်တွင် အစောင့်စစ်သားတစ်ယောက် ထပ်ရှိနိုင်သေးသည်။ အင်ဂျလိုအပေါ် လုံးဝ သံသယမဝင်သော ဂျာမန်စစ်သား သည် စက်ခန်းထဲသို့ တစ်ချက် ပြန်လှည့်ကြည့်လိုက်ပြီးနောက် အင်ဂျလိုကို ပြန်လှည့်ကြည့်သည်။ အင်ဂျလိုသည် အစောင့်စစ်သားနှင့် ခပ်ခွာခွာ ရပ်ရင်း အီတာလျံဘာသာဖြင့် လှမ်းစကားပြောလိုက်သည်။

"အင်ဂျင်နီယာချုပ် ဗိုပီတစ်ယောက် အောက်မှာ ရှိနေတယ် မဟုတ် လား၊ မက်ဆီနာ ရောက်တဲ့အခါ သင်္ဘောကပ်ရမည့် ဆိပ်ကမ်း ပြောင်းသွား တာနဲ့ ပတ်သက်ပြီး သူ့ကို မေးစရာ တစ်ခွန်း နှစ်ခွန်း ရှိနေတယ်"

သူက သူ ပြောသည့် စကားများကို တမင်ကလာပင် မပီမသ ခပ်ဝါးဝါး ပြောလိုက်သည်။ သို့သော် သည်ဂျာမန်သည် အီတာလျံဘာသာကို တစ်လုံးမျှ နားမလည်ချေ။ ထိုဂျာမန်က သူ နားမလည်ကြောင်း လက်နှစ်ဖက် ကို ဖြန့်ကာ ပြလိုက်စဉ် အင်ဂျလိုက ဦးထုပ်ကို အောက်လွှတ်ချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ဖြင့် ထိုးလိုက်သည်။ ဓားမြှောင်သည် အစောင့်စစ်သား၏ ကိုယ်ထဲသို့ တစ်ဆုံး စိုက်ဝင်သွားရာ ဂျာမန်စစ်သားသည် အင့်ခနဲ တစ်ချက် ဖြစ်သွားပြီး နောက် လဲကျသွားသည်။ ဤတွင် အင်ဂျလိုက လဲပြိုကျသွားသော ဂျာမန်စစ်သား၏ ကိုယ်လုံးကြီးကို လှမ်းဆွဲရင်း စကြံလမ်းထဲသို့ ဆွဲထုတ်ရန် ကြိုးစားသည်။ သို့သော် သူ့ကိုယ်အလေးချိန်မှာ စီးလွန်းလှသဖြင့် သူ့ခြေထောက်နှစ်ချောင်းသည် အင်ဂျင်စက်ခန်းအဝရှိ ရေကာသံပြားနှင့် သွားတိုက်မိတော့သည်။ အင်ဂျလိုသည် သူ့ကိုယ်လုံးကြီးကို မနိုင်တနိုင်ဖြင့် ပခုံးပေါ် ဆွဲတင်ရင်း တံခါးအတွင်းဘက်ရှိ စင်မြင့်ကလေးပေါ်သို့ ဒယိမ်းဒယိုင် လှမ်းတင်လိုက်ပြီးနောက် စင်မြင့်ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက် သူ့ဓားမြှောင်ကို တအားကုန် ဆွဲထုတ်ယူလိုက်ရင်း စက်ခန်းထဲမှ အခြေအနေကို ငုံ့ကြည့်လိုက်သည်။ ဗိုပီသည် သူ့ကို ကျောခိုင်းရပ်ရင်း သဘော်ကြီးကို တစ်ရှော့ရှစ်ဆယ် ဒီဂရီတိတိ နောက်ပြန်လှည့်ရန် စီစဉ်ရင်း အလုပ်ရှုပ်နေခိုက် ဖြစ်သည်။

ပီထရီသည် အင်ဂျင်စက်ကြီးတစ်လုံး၏ နောက်တွင် ပုန်းနေရာမှ မတ်တတ်ထရပ်လိုက်ကာ လှေကားဆီသို့ ပြေးလာပြီးနောက် လှေကားပေါ်သို့ ကပျာကယာ ပြေးတက်လာသည်။ ပီထရီသည် စင်မြင့်ကလေးပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် ''ဒိုင်းနမိုက်အားလုံး နေရာတကျ ဝှက်ထားခဲ့ပြီးပြီ'' ဟု အမောတကော ပြောလိုက်သည်။ သူက ''သည်သဘော်ဆိပ်ကမ်းမှာ ဆိုက်တုန်းက အင်ဂျင်စက်ခန်းထဲက သဘော်သားတွေအားလုံး အပြင်ထွက်သွားကြတယ်၊ အခု ကျုပ် ဆင်လို့လည်းပြီးရော သူတို့အားလုံး ပြန်ရောက်လာကြတယ်'' ဟု ဆက်ပြောသည်။

ပီထရီသည် မျက်လုံး ပြောက်ပက် ချွေးတစိုစိုဖြင့် မောဟိုက်နေပုံရသည်။ အောက်ဘက်ရှိ စက်ခန်းထဲမှ အင်ဂျင်နီယာချုပ် ဗိုပီသည် နောက်သို့ လှည့်ကြည့်လိုက်ပြီးနောက် သူတို့ကို မြင်သွားသည်နှင့် တစ်ပြိုင်နက် ရုတ်တရက် အံ့ဩသွားဟန်ဖြင့် စကားပြောပြွန်ရှိရာသို့ လျှောက်သွား၏။ ဤတွင် ပီထရီက မော်ဇာပစ္စတိုဖြင့် သူ့ကို ထိုးချိန်လိုက်ရင်း ရှေ့ဆက်မသွားရန် သေနတ်ပြောင်းကို ယမ်းခါပြရင်း သတိပေးလိုက်သည်။ ဗိုပီသည် စကားပြောပြွန်နှင့် ခပ်လှမ်းလှမ်းတွင် မတ်တတ်ရပ်နေသလို စက်ခန်းထဲရှိ သဘော်သားအားလုံးက သူတို့ကို မော့ကြည့်နေကြသည်။ ပီထရီက တွေးလိုက်သည်။ 'တို့ သည်က ထွက်သွားတာနှင့် တစ်ပြိုင်နက် ဗိုပီက ပွဲစင်ဆီ လှမ်းအကြောင်းကြားတော့မှာပဲ' သူက အင်ဂျလိုကို ပြောလိုက်သည်။



''သူ့ကို လွှတ်လိုက်လေ''

အင်ဂျလိုသည် အလောင်းကောင်ကြီး ကိုင်ထားရာမှ လွှတ်ပစ်လိုက်ရာ ထိုအလောင်းကြီးသည် သူ့ဘာသာသူ လိမ့်သွားပြီး အောက်ဘက် ပေနှစ်ဆယ် အကွာတွင်ရှိသော စက်ခန်းကြမ်းပြင်ပေါ်သို့ လိမ့်ကျသွားသည်။ ပီထရီသည် စကြံလမ်းကြားထဲသို့ ထွက်ရင်း မေးပြောပြောလိုက်သည်။

''ကျုပ်တို့ မြန်မြန်လစ်ကြမှ ဖြစ်မယ်၊ အက်ဒဝပ်ကော ဘယ်မှာလဲ''

''အခန်းထဲမှာလေ''

''ခင်ဗျားက သဘော်သားဝတ်စုံနဲ့ဆိုတော့ ရှေ့က သွား၊ ပြဿနာဖြစ်မယ့်ပုံပေါ်လျှင် ဦးထုပ်ကို ချွတ်ပြပြီး ကျုပ်ကို သတိပေး''

အင်ဂျလိုသည် စကြံကြမ်းပြင်ပေါ်မှ ဦးထုပ်ကို ကောက်ယူပြီး ခေါင်းပေါ်တွင် ဆောင်းလိုက်သည်။ ထို့နောက် လှေကားဆီသို့ ခပ်မြန်မြန် လျှောက်သွားသည်။ သူသည် လှေကားပေါ်သို့ ခပ်ဖွဖွ ပြေးတက်သွားသလို ပီထရီကလည်း သူ့နောက်မှ ကပ်လာသည်။ လှေကားထိပ်သို့ ရောက်သောအခါ ခဏရပ်လိုက်ပြီး ဦးထုပ်ကို ချွတ်ရင်း ညာဘက်သို့ ချိုးကွေ့ခြင်း မရှိဘဲ မျက်နှာချင်းဆိုင်တွင်ရှိသော သံလှေကားမှတစ်ဆင့် အပေါ်ထပ်သို့ ဆက်တက်သွားသည်။ ပီထရီသည် အန္တရာယ်ရှိကြောင်း အထိမ်းအမှတ်ကို သတိထားလိုက်မိသဖြင့် စကြံလမ်းထဲတွင် တစ်ယောက်ယောက်တော့ ရှိနေပြီ ဖြစ်ကြောင်း သိလိုက်သည်။ ထို့ကြောင့် အသာချောင်းကြည့်လိုက်ရာ အခန်းနံပါတ် (၃) ရှေ့နားတွင် အက်စ်အက်စ်စစ်ပုလိပ် တစ်ယောက် ရှိနေကြောင်း တွေ့လိုက်ရသည်။ အဆိုပါ ဂျာမန်စစ်သားသည် ကြမ်းပေါ်တွင် ဒူးတစ်ဖက် ထောက်ရင်း ဖိနပ်ကြိုးကို ပြင်ချည်နေသောကြောင့် ပီထရီတစ်ယောက် စကြံလမ်းကို ဖျတ်ခနဲ ကူးလိုက်ပြီး အပေါ်ထပ်သို့ ထတက်သွားသည်ကိုပင် သတိမထားလိုက်မိချေ။

လှေကားထိပ်သို့ ရောက်သောအခါ အင်ဂျလိုသည် တံခါးတစ်ချပ်ကို တွန်းဖွင့်ပြီး အပြင်ကုန်းပတ်ပေါ်သို့ ထွက်လိုက်သည်။ သိပ်သိပ်သည်းသည်းရှိလှသော အမှောင်ထုနှင့် အရိုးခိုက်မတတ် အေးမြသော လေက ဆီးကြိုနှုတ်ဆက်လိုက်သည်။ လ,ဝင်ချိန်မှာ ညဆယ့်နှစ်နာရီခွဲ ဖြစ်ပြီး ရာနှုန်းပြည့် မှောင်မိုက်နေသည်။ သူသည် အမှောင်ထုထဲတွင် မျက်စိကျင့်သားရအောင်နှင့် နောက်မှလိုက်လာသော ပီထရီ မီလာအောင် ရပ်စောင့်နေသည်။ ထိုအချိန်တွင် ကာရာဗီ ကူးတို့သဘော်ကြီးသည် ဒီဂရီ တစ်ရှော့ရှစ်ဆယ်ပြည့်အောင် နောက်ပြန် လှည့်နေ

www.burmeseclassic.com

www.burmeseclassic.com



က်ဖြစ်ရာ အောက်ဘက်တွင် လှိုင်းလုံးကြီးများ ကြွထနေသည်။ အင်ဂျလိုက ပ်တိုးတိုး ပြောလိုက်သည်။

"ကျုပ်တို့ ဒီကုန်းပတ်အတိုင်း ဆက်သွားပြီး လှေကားတစ်ခုက င်းလိုက်လျှင် ပွဲစင်နားကို ရောက်သွားလိမ့်မယ်"

"ကဲ… မျက်စိကို ဖွင့် နားကို စွင့်ပြီး ရှေ့က သွား"

အင်ဂျလိုသည် သင်္ဘောဦးပိုင်းဆီသို့ လျှောက်သွားသည်။ အမှောင်ထု သိပ်သိပ်သည်းသည်း ရှိလှသဖြင့် ဖွင့်ထားသော တံခါး အပေါက်ဝတွင် နေသူတစ်ဦးကို ဖြတ်ကျော်သွားပြီးမှသာ မြင်လိုက်တော့သည်။ သူက သူ့ ထုပ်ချွတ်သည်ကို ပီထရီတစ်ယောက် မြင်ပါစေဟု ဘုရားတရင်း ဦးထုပ်ကို တ်ပြလိုက်သည်။ ထိုတံခါးပေါက်ဝတွင် ရပ်နေသူမှာ ပီထရီက လော်ရယ်ဟု င်ပွန်းတပ်ထားသော အရပ်ရှည်ရှည် ဂက်စတာပိုအရာရှိ ဖြစ်သည်။ သည် ကိသည့် ပျောက်နေသော ဟာဒီကို လိုက်ရှာနေဟန် တူသည်။

"ဟေ့လူ…ခဏနေဦး၊ သည်ကို ပြန်လာခဲ့စမ်း"

အီတာလျံဘာသာစကားဖြင့် လည်လည်ဝှတ်ဝှတ် ပြောလိုက်သော ကြောင့် အင်ဂျလိုတစ်ယောက် ခဏတော့ ကြောင်သွားသည်။ သို့သော် သူ ကြောင်သွားသည်မှာ တစ်ခဏမျှသာ။ အင်ဂျလိုသည် နောက်သို့ ချက်ချင်း နှလှည့်လိုက်ပြီး ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာသည်။ ဂတ်စတာပိုအရာရှိ ည် ယခု ကုန်းပတ်ပေါ်သို့ ထွက်လာလေပြီ။ အင်ဂျလိုက သူ့ဗိုက်ကို းမြှောင်ဖြင့် တအားထိုးစိုက်စဉ် ပီထရီကလည်း သူ့ကျောကို ဓားမြှောင်ဖြင့် က်လိုက်သည်။ ဂက်စတာပိုအရာရှိသည် အင့်ခနဲ တစ်ချက် အသံမြည်သွား ခွေကျသွားသည်။ ပီထရီက ကမန်းကတန်း ပြောလိုက်သည်။

"ခုအချိန်မှာ လက်ရာ ခြေရာ မပေါ်စေချင်သေးဘူး၊ သည်ငတိကို မြန်မြန် ရေထဲ ပစ်ချရအောင်"

သူတို့နှစ်ယောက်သည် အလောင်းကြီးကို သံလက်ရန်းတန်းပေါ်သို့ က်တင်လိုက်ပြီး အောက်ဘက်သို့ တွန်းချလိုက်သည်။ ရေထဲသို့ အလောင်း သွားသံသည် သင်္ဘောကို လှိုင်းလာပုတ်သည့် အသံလောက်သာ ကျယ် ည်။ အင်ဂျလိုက သံလက်ရန်းတန်းပေါ်မှ ကျော်ပြီး အောက်သို့ ငုံ့ကြည့်လိုက် ည်။ အမှောင်ထုလွှမ်းနေသော ပင်လယ်ပြင်ကလွဲ၍ ဘာကိုမျှ မမြင်ရချေ။ က သေွးအေးအေးဖြင့် ပြောလိုက်သည်။

"ဒီငတိ ငါးစာ ဖြစ်သွားမှာပါ"



အင်ဂျလိုသည် ကုန်းပတ်အတိုင်း ဆက်လျှောက်သွားသည်။ သည် အဖြစ်အပျက်ကလေးမှာ စက္ကန့်နှစ်ဆယ်ထက် ပိုမကြာချေ။

လှေကားထိပ်နားသို့ ရောက်သောအခါ အင်ဂျလိုသည် အရှိန်နှေးသွားပြီး နောက်ဆုံးတွင် ရပ်တန့်လိုက်သည်။ ပွဲစင်သေးနားရှိ အောက်ဘက်ကုန်းပတ်ပေါ်မှ ဂျာမန်လို စကားပြောသံများကို ကြားလိုက်ရ၍ ဖြစ်သည်။ သူသည် ခြေဖျားထောက်၍ ရှေ့တိုးလာပြီးနောက် လက်ရန်းသံတန်းပေါ်မှ ငုံ့ကြည့်လိုက်ရာ ဦးထုပ်ပျော့များကို ဆောင်းထားသော ဦးခေါင်းများကို ခပ်ဝါးဝါး မြင်နေရသည်။ ပွဲစင်အောက်တွင် အတင်းပြောရင်း အချိန်ဖြုန်းနေသူ ပန်ဇာတင့်ကား တပ်မှ တပ်သားခြောက်ဦးထက်မနည်း ရှိပေလိမ့်မည်။ အင်ဂျလိုသည် ပီထရီ ရပ်စောင့်နေသည့် နေရာသို့ ပြန်လာပြီး…

"ပွဲစင်အောက် တည့်တည့်မှာ ဂျာမန်စစ်သားတွေ ရှိနေတယ်၊ အခန်းနံပါတ် ၃ နဲ့ တော်တော်လေး နီးပုံရတယ်၊ ဒီလှေကားက ဆင်းလို့ မဖြစ်နိုင်တော့ဘူး"

"ဒါဖြင့် နောက်ဘက် ပြန်သွားရတော့မှာပေါ့၊ ဂျီယာကိုမိုကို ခင်ဗျားလည်း မြင်တယ် မဟုတ်လား၊ သူ ရှိနေသေးတာ ဘုရားမ,တာပဲဗျာ…"

သူတို့နောက်ဘက်သို့ ပြန်လှည့်လာစဉ် သူတို့ ညာဘက်ခပ်လှမ်းလှမ်းတွင် ပင်လယ်ထဲ၌ နိမ့်ချည်မြင့်ချည် ဖြစ်နေသော မီးနီတစ်လုံးကို လှမ်းမြင်နေကြရသည်။ ပင်လယ်ထဲတွင် အခြား အခြားသော တံငါလှေများလည်း ရှိနေကြရာ ထူးခြားသော မီးရောင်ကြောင့်သာ ခွဲခြားနိုင်ခြင်း ဖြစ်သည်။ အင်ဂျလိုသည် ရှေ့မှ ကြိုသွားပြီးနောက် သံလှေကားအတိုင်း အောက်ထပ်သို့ ပြန်ဆင်းသည်။ အတွင်းစင်္ကြံလမ်းထဲတွင် လူရှင်းနေကြောင်း တွေ့ရမှ စိတ်သက်သာရာ ရသွားသည်။ နောက်တွင် ကပ်ပါလာသော ပီထရီက "ပြေးတော့" ဟု လေသံဖြင့် ပြောလိုက်၏။ သူတို့နှစ်ယောက်စလုံး ပြိုင်တူပြေးကြသည်။ ပွဲစင်နှင့် နီးသော အခန်းနံပါတ် (၃) အနားသို့ ရောက်သောအခါ ရပ်လိုက်ကြပြီးနောက် တံခါးဆီသို့ ခပ်မှန်မှန် လျှောက်သွားကြသည်။

အင်ဂျလိုသည် သူ တံခါးခေါက်သံကို ပွဲစင်အောက်တွင် ရှိနေသော ဂျာမန်စစ်သားများ မကြားပါစေနှင့်ဟု ဆုတောင်းရင်း လက်ခေါက်ဖြင့် အသာ ခေါက်လိုက်သည်။ ချက်ချင်းလိုလိုပင် အထဲမှ သော့ဖွင့်၍ တံခါးပွင့်သွားပြီး ဓားမြှောင်ကို လက်ထဲတွင် အသင့်ကိုင်ထားသော အက်ဒဝပ်ဂျွန်ဆန်တစ်ယောက် တံခါးဝတွင် ပေါ်လာသည်။ အင်ဂျလိုသည် ဂျွန်ဆန်ကို အထဲသို့ ပြန်တွန်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ခေါင်းအုံးအောက်မှ မီးကျည်သေနတ်ကို ယူလိုက်သည်။ အိပ်ရာပေါ်တွင်ကား ဟာဒီတစ်ယောက် စန့်စန့်ကြီး ရှိနေသည်။ ဂျွန်ဆန်သည် အလောင်းကြီးကို ကျော်၍ လက်ပစ်ဗုံး သုံးလုံး ထည့်ထုပ်ထားသော စောင်ကို လှမ်းယူလိုက်သည်။ ပီထရီက နောက်သို့ တစ်ချက် ပြန်ကြည့်ရင်း သေနေသော ဂက်စတာပိုအရာရှိ၏ အလောင်းကို မြင်သောအခါ အချိန့်မဖြုန်းဘဲ တဲ့တိုးကြီး ပြောချလိုက်သည်။

"အက်ဒဝပ်ရေ၊ တို့အကြောင်း သိသွားကြပြီ၊ ဒီတော့ ပြဿနာတွေ တထွေးကြီးနဲ့ ရင်ဆိုင်ဖို့သာ ပြင်ပေတော့"

ပီထရီသည် အခန်းကလေးထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သစ်သားဖြင့် လုပ်ထားသော သေနတ်အိတ်ကို ခါးမှ ဖြုတ်ယူလိုက်ပြီး မော်ဇာပစ္စတိုခင်ဖြင့် ဆက်လိုက်ရာ အဝေးပစ် သေနတ်တစ်လက်အဖြစ် ပြောင်းလဲသွားလေပြီ၊ မြန်မြန်ပစ်လို့လည်း ရသွားလေပြီ။ ဂျွန်ဆန်သည် လက်ပစ်ဗုံးတစ်လုံးကို ထုတ်ယူထားလိုက်ပြီးနောက် ခါးပတ်ကြားထဲတွင် ထိုးထားလိုက်သည်။ ထို့နောက် အခန်းအပြင်ဘက်မှ ဘယ်ညာ လှမ်းကြည့်လိုက်ရင်း စင်္ကြံလမ်းအတိုင်း သင်္ဘော ပဲ့ပိုင်းဆီသို့ ပြေးသွားသည်။ သူတို့လူစုသည် အပေါ်ထပ်သို့ ရောက်အောင် သံလှေကားမှ ပြေးတက်ကြရမည် ဖြစ်ပြီး အပေါ်ထပ်ရောက်မှ အင်ဂျင်လိုက အချက်ပြ မီးကျည်သေနတ်ဖြင့် ပစ်၍ အောက်သို့ ခုန်ချကြရန် ဖြစ်သည်။

ပီထရီတစ်ယောက် လှေကားသို့ ရောက်ရန် လမ်းတစ်ဝက်ခန့် အလိုတွင် လှေကားပေါ်မှ ပစ္စတို ကိုယ်စီ ကိုင်ထားသော အက်စ်အက်စ် စစ်ပုလိပ်နှစ်ဦး ဆင်းလာကြသည်။ ပီထရီသည် ပြေးရင်းကပင် ခပ်တိုတို တစ်ချက်ဆွဲပစ်လိုက်ရာ သူ လှေကားခြေရင်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် နှစ်ယောက်စလုံး လှေကားပေါ်မှ အောက်ဘက်သို့ ထွေးခနဲ လိမ့်ကျလာကြသည်။ သူ ပထမ လှေကားထစ်ကို နင်းမိချိန်တွင် လှေကားထိပ်မှ တံခါး ပွင့်သွားပြီး နှစ်ယောက် ထပ်ပေါ်လာသည်။ သူက အပေါ်သို့ လှမ်းပစ်လိုက်သည်။ ထို့နောက် ခဏ နားလိုက်ပြီး အပေါ်က လူတွေကို သတိပေးသည့်အနေဖြင့် တစ်ချက် ထပ်ပစ်လိုက်ပြန်သည်။ တစ်ဖန် အပေါ်မှ လူတစ်ယောက် ထွက်လာပြန်သည်။ သူ့ကို ပီထရီက သေနတ်ဖြင့် လှမ်းချိန်လိုက်ရာ ထိုလူ ပြန်ဆုတ်ပြေးပြီး ပျောက်ကွယ်သွားသည်။ ထို့ကြောင့် သူက လှမ်းမပစ်တော့ချေ။

"မနိပ်ဘူးဟေ့"



ပီထရီသည် သူ့လူနှစ်ယောက်ကို သတိပေးရင်း လဲကျနေသော အက်စ်အက်စ် စစ်ပုလိပ်များ၏ အလောင်းများပေါ်မှ ခုန်ပျံကျော်လွှားရင်း သင်္ဘောပဲ့ပိုင်းဆီသို့ သုတ်ခြေတင် ပြေးတော့သည်။ အခြေအနေက တဖြည်းဖြည်း ပိုဆိုးရွားလာလေပြီ။ သူတို့အကြောင်း သင်္ဘောတစ်စင်းလုံး မသိခင် သင်္ဘောပေါ်မှ ခုန်ချသင့်ပေပြီ။ သူသည် စင်္ကြံလမ်းထိပ်သို့ ရောက်သောအခါ တံခါးကို သေနတ်ပြောင်းဖြင့် တွန်းဖွင့်လိုက်သည်။ ဤတွင် သူ့ညာဘက်ရှိ အပေါ်ထပ်ကုန်းပတ်ပေါ်မှ သူ့ဆီသို့ ပြေးလာနေသည့် ခြေသံများ ကြားလိုက်ရသည်။ အဲဒီဘက်က ခုန်ချရန် လုံးဝ မဖြစ်နိုင်တော့ချေ။ သူ ခုန်ချသည်နှင့် တစ်ပြိုင်နက် အပေါ်က ဆီးပစ်ကြတော့မည်မှာ သေချာသည်။ သည်တော့ သူ ဆက်ပြေးစရာ လမ်းတစ်လမ်းသာ ရှိတော့သည့်အတိုင်း လှေကားမှ ရထားတွဲကြီးများ ရှိရာ အောက်ထပ် ကုန်းပတ်ပေါ်သို့ ပြေးဆင်းသွားသည်။ သူ့နောက်မှ အင်ဂျလို လိုက်လာသည်။ ဂျွန်ဆန်ကတော့ နောက်ဆုံးက ဖြစ်သည်။

သူတို့ လူစု တံခါးနားသို့ ရောက်သောအခါ ဂျွန်ဆန်က နောက်ဘက်သို့ လှည့်ကြည့်သည်။ ဤတွင် သူတို့နှင့် ခပ်လှမ်းလှမ်း စင်္ကြံလမ်းထဲ၌ ရှိနေသော စစ်သားတစ်ယောက်က ရိုင်ဖယ်သေနတ်ဖြင့် ထိုးချိန်လိုက်သည်ကို မြင်လိုက်ရသည်။ စင်္ကြံလမ်းအတိုင်း ချိန်ပစ်ရမည်ဆိုပါက ပစ်မလွဲ ဖြစ်ပေတော့မည်။ စောင်ထုပ်ကို ချိုင်းကြားတွင် ညှပ်ထားသော ဂျွန်ဆန်သည် နောက်ဘက်သို့ ချာခနဲ လှည့်ရင်း လျူဂါနှင့် တစ်ချက် လှမ်းပစ်လိုက်သည်။ ဂျွန်ဆန်သည် ရွေ့လျားနေသော 'ပစ်မှတ်ရှင်' များကို ပစ်ခတ်ရာတွင် ဆုအကြိမ်ကြိမ် ရခဲ့ဖူးသူ ဖြစ်သည်။ သို့သော် ယခုကိစ္စတွင်မူ တည်ငြိမ်ပစ်မှတ်ကို သေနတ်သမားက ပြေးရင်းလွှားရင်း ပစ်လိုက်ရသဖြင့် သူ ခါတိုင်း ပစ်ရသည့် အနေအထားနှင့် ပြောင်းပြန် ဖြစ်နေသည်။ ဂျွန်ဆန်က တံခါးပေါက်ဆီသို့ ပြန်လှည့်လိုက်ချိန်တွင် ထိုစစ်သားသည် ခွေခနဲ လဲကျသွားသည်။ ဂျွန်ဆန်သည် တံခါးပေါက်မှ ပြေးထွက်လိုက်ပြီးနောက် တံခါးကို ပြန်ပိတ်လိုက်ချိန်တွင် ကျည်ဆန်တစ်တောင့်က တံခါးရွက်ကို လာမှန်သည်။ ဂျွန်ဆန်သည် တစ်ကြိမ်လျှင် လှေကား သုံးထစ်စီ ခုန်ဆင်းလာပြီးနောက် ကုန်းပတ်ပေါ်သို့ ရောက်သည့်အခါ ဘယ်ဆက်ပြေးရမည်မှန်း မသိအောင် ဖြစ်သွားသည်။ မီးရထားသံလမ်း သုံးခုစလုံး အပေါ်တွင် လက်နက်ခဲယမ်းမီးကျောက်များ ပါသော ရထားတွဲများ ရှိနေကြသည်။

"သည်ဘက်ကို လာဟေ့"

www.burmeseclassic.com

www.burmeseclassic.com



အလယ်သံလမ်းပေါ်ရှိ ရထားတွဲ တစ်တွဲနောက်မှ ပီထရီက လှမ်းခေါ်လိုက်သဖြင့် ဂျွန်ဆန်သည် သူတို့နောက်မှ လိုက်သွားရသည်။ တွဲကြားထဲမှ သွားရသဖြင့် ဘေးနှစ်ဖက်တွင် ရှိသော ရထားတွဲများကို ပခုံးနှစ်ဖက်ဖြင့် ဝင်ဝင်တိုးမိသည်။ ဤနေရာတွင် အပြာရောင် မီးလုံးများကိုသာ ထွန်းထားသဖြင့် ခပ်မှိန်မှိန် ဖြစ်နေသည်။

ရှေ့ဆုံးမှ သွားနေသော ပီထရီသည် မကြာခင်က ကျည်ကပ်အသစ်လဲထည့်ထားသော မော်ဇာပစ္စတိုကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ကိုင်ရင်း သူ့ရှေ့တွင် လှုပ်ရှားမှု ရှိ မရှိ ဂရုတစိုက် အကဲခတ်ရင်း သွားနေသည်။ သည်နေရာတွင် အစောင့်စစ်သား ရှိကို ရှိရမည်။ သူ့ကိုယ်ခန္ဓာထဲမှ ပင်ပန်း နွမ်းနယ်မှုများ ပျောက်ကွယ်သွားလေပြီ။ သူသည် ယခုအချိန်တွင် အကြားအမြင် အာရုံများ ရှင်သန်နိုးကြားနေသလို မှေးမှိန်သော အလင်းရောင်ထဲတွင် မျက်စိ ကျင့်သားရလာပြီ ဖြစ်သဖြင့် အချိန်မဖြုန်းဘဲ ခပ်မှန်မှန် ဆက်လျှောက်သွားသည်။ အပေါ်ဘက်ဆီမှ အော်ဟစ်နေသံများကို ကြားနေရသော်လည်း ဤနေရာတစ်ဝိုက်တွင်မူ သံသယ ဖြစ်စရာ ကောင်းလောက်အောင် ငြိမ်သက်နေသည်။ သင်္ဘောကြီး၏ နံဘေးကို လှိုင်းကလေးများ လာရောက်ပုတ်ခတ်မိသံကိုပင် ကြားနေရသည်။ သူတို့သည် သင်္ဘောကြီး၏ အတွင်းပိုင်းထဲသို့ နက်နက်ရှိုင်းရှိုင်း ရောက်ရှိနေသည်။ သည်နေရာသို့ ထွက်ပြေးမှာ မဟုတ်ဟု ရှာဖွေရေးအဖွဲ့များက ထင်စရာ ကောင်းလှသည်။ ထို့ကြောင့် လွတ်လမ်းရှိနိုင်သည်။

ပီထရီသည် တံခါးရှက်တစ်ချပ် တစ်ဝက်တစ်ပျက် ပွင့်နေသော ရထားတွဲတစ်တွဲကို ကျော်ဖြတ်လိုက်ချိန်တွင် တွဲနှစ်တွဲအကြားမှ စစ်သားတစ်ယောက် ဖြုန်းခနဲ ပေါ်လာပြီး သူ့ကို ဂျာမန်ဘာသာဖြင့် လှမ်းပြောလိုက်သည်။ ပီထရီသည် ဤနေရာတွင် ပြဿနာ မဖြစ်လိုချေ။ အသံလည်း မထွက်စေချင်။ ထို့ကြောင့် အဆိုပါ စစ်သားက အူကြောင်ကြောင်ဖြင့် သူ့ကို ပြန်ကြည့်နေချိန်တွင် သူက သေနတ်ပြောင်းဖြင့် ထိုစစ်သား၏ ခေါင်းကို တအားရိုက်ထည့်လိုက်သည်။ သူ့ရိုက်ချက်မှာ ပြင်းထန်လှသောကြောင့် သူ့လက်များပင် ကျဉ်တက်သွားရသလို ထိုစစ်သားသည် တစ်ခွန်းမျှ မအော်နိုင်ဘဲ ခွေခနဲ လဲကျသွားသည်။ နောက်ထပ် ရထားတွဲ သုံးတွဲကို ကျော်ပြီးချိန်တွင် သင်္ဘောဦးပိုင်းနှင့် ပိုနီးလာသလို ဂျာမန်ဘာသာဖြင့် အမိန့်ပေးသံကိုသာမက လှေကားတစ်ခုပေါ်မှ



ဆင်းလာသည့် ခြေသံများကို ကြားလိုက်ရသောကြောင့် ရပ်တန့်လိုက်လေသည်။

"ဟန်...သည်တွဲကြားတွေထဲကို မင်းလူတွေနဲ့ သေသေချာချာ လိုက်ကြည့်စမ်း၊ ပြီးတော့ တွဲခေါင်မိုးပေါ်ကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်"

ပီထရီသည် နောက်မှ လိုက်လာသူ နှစ်ဦးကို နောက်ဘက် လာလမ်းအတိုင်း ပြန်သွားရန် လက်ဖြင့် ပြန်တွန်းရင်း ပြန်ဆုတ်ခိုင်းလိုက်သည်။ တံခါး ပွင့်နေသော ရထားတွဲဆီသို့ ရောက်သောအခါ သူက တွဲပေါ်တက်ရန် လက်ပြလိုက်သည်။ ဤတွင် တွဲပေါ်သို့ အလောင်းကြီးကို မ,တင်ရင်း အသံမကြားအောင် တက်လိုက်ကြသည်။ သူက နောက်ဆုံးမှ တက်လိုက်လာသည်။ ရထားတွဲကလေးမှာ ကျဉ်းမြောင်းလှသည်။ ဤတွင် တံခါးကို ပြန်ပိတ်ရန်ကိစ္စမှာ ပြဿနာကြီးတစ်ရပ် ဖြစ်လာသည်။ သူက တံခါးကို တစ်လက်မပြီး တစ်လက်မ တွန်းပိတ်နေချိန်တွင် သူ့နှလုံးခုန်သံမှာ ကျယ်လောင်လှသဖြင့် ကျန်လူနှစ်ယောက်ကပင် ကြားရလိမ့်မည်ဟု သူ ထင်သည်။ သို့သော် သူကြားနေရသည့် အသံမှာ ပန်ဇာတင့်ကားတပ်မှ စစ်သားများ၏ ခြေသံသာ ဖြစ်သည်။ မီးရထားတွဲတံခါးသည် ဆီထည့်ထားသောကြောင့် ပတ္တာများမှ အသံ လုံးဝမထွက်ဘဲ တံခါးပိတ်သွားသည်။ ဂျာမန်တို့၏ သေသပ်မှု စည်းကမ်းရှိမှုတို့ကိုပင် ကျေးဇူးတင်သင့်သည်။

တွဲတံခါး ပိတ်သွားသောအခါ ပီထရီသည် လက်နှိပ်ဓာတ်မီး အကူအညီဖြင့် ကလန့်ချလိုက်ပြီး ရထားတွဲ၏ လေးပုံ သုံးပုံခန့်အထိ နေရာယူထားသော သေတ္တာများကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ သေတ္တာတစ်လုံးပေါ်တွင် ၇ ဒသမ ၅ စင်တီမီတာ၊ အလ်ကော ၇၀၊ ပီကေ ၄၁ ဆိုသော အမှတ်အသားကို တွေ့လိုက်ရသည်။ သည်ရထားသည် ခဲယမ်းမီးကျောက်များ ပါသော ရထား ဖြစ်သည်မှာ သိပ်သေချာသွားလေပြီ။

ဂျွန်ဆန်က မှောင်ထဲမှ ခပ်တိုးတိုး မေးလိုက်သည်။

"ဘယ်လောက်တောင် ကြာမယ်လို့ ထင်သလဲဟင်"

သူ့ကို ဘယ်သူကမျှ အဖြေပြန်မပေးပါ။ ဘယ်သူမျှလည်း သိကြသည် မဟုတ်ပါ။ သူတို့လူစုသည် ရထားတွဲတစ်တွဲစီမှ တံခါးလက်ကိုင်များကို လှည့်ကြည့်ရင်း လိုက်လံရှာဖွေနေသူများ၏ ဖိနပ်သံများကို ခပ်အုပ်အုပ် ကြားနေရင်းကပင် စောင့်နေကြရတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



သူတို့လူစု ရှာကြဖွေကြသည်မှာ ပီထရီ ထင်ထားသည်ထက်ပင် ပိုမြန်နေသည်။ လိုက်ရှာနေသော လူစုခပ်လှမ်းလှမ်းသို့ ရောက်ပြီဟု ထင်သော အခါ ပီထရီသည် တံခါးရွက်ကို လက်မအနည်းငယ် ဖွင့်လိုက်ပြီးနောက် နားစွင့်ထောင်လိုက်သည်။ သင်္ဘောကို တဗတ်ဗတ် လာရောက် ရိုက်ခတ်နေသော ရေသံများအပေါ်မှ ခပ်တိုးတိုး အသံများကိုသာ ကြားနေရသည်။ သူ ရှိထားတွဲပေါ်တွင် ဆက်မနေချင်တော့ပါ။ ဒိုင်းနမိုက်များကိုလည်း ခုအချိန်က စ၍ စတ္တန်ပိုင်းအတွင်း ထပေါက်ကွဲရန် သူ အသက်သွင်းထားခဲ့သည်။ သူသည် ကုန်းပတ်ပေါ်သို့ ပြန်ခုန်ချလိုက်ပြီး ဝဲယာသို့ လှမ်းကြည့်သည်။ သူဘာကိုမျှ မမြင်ရပါ။ သူက ကျန်လူနှစ်ယောက်ကို လက်ပြ၍ လှမ်းခေါ်လိုက်ပြီး သင်္ဘော ရှေ့ပိုင်းဆီသို့ ဆက်လျှောက်သွားသည်။ သည်နေရာတစ်ဝိုက်ကို မကြာသေးမီ ကပင် ရှာဖွေသွားကြပြီ ဖြစ်သဖြင့် အခိုက်အတန့်တွင် စိတ်ချလက်ချ နေနိုင် ဖွယ် ရှိသည်။

သင်္ဘောဦးပိုင်းတွင် တစ်စီးနှင့် တစ်စီး နီးနီးကပ်ကပ် ရပ်ထားသော ဓာတ်ဆီတင်ကားကြီးများ ရှိနေသည်။ သူသည် သင်္ဘော ဘယ်ဘက်ရှိ သံလှေကားမှ အပေါ်ဘက်သို့ တထစ်ချင်း ဖြည်းညင်းစွာ တက်ခဲ့သည်။ သူ ပွဲစင်အောက်သို့ ရောက်သည့်အခါ သင်္ဘောဘယ်ဘက် ခပ်လှမ်းလှမ်း ပင်လယ် ထဲတွင် ယိမ်းထိုး လှုပ်ရှားနေသော မီးနီတစ်လုံးကို လှမ်းမြင်လိုက်ရသည်။ ကူးတို့သင်္ဘောကြီးသည် စစ်စလီကျွန်းနှင့် တဖြည်းဖြည်း နီးလာသည့်တိုင်အောင် ဂျိုယာကိုမိုကတော့ မလှမ်းမကမ်းမှ သင်္ဘောကြီးနှင့် ယှဉ်၍ လိုက်လာနေဆဲပင်။ သူ အပေါ်ဘက် ကုန်းပတ်ပေါ်သို့ ရောက်လာသည့်အခါ နောက်နှစ်ယောက် လည်း ရောက်လာကြသည်။ သူက မှောင်မည်းနေသော ကုန်းပတ်တစ်လျှောက် လှမ်းကြည့်လိုက်သည်။ မည်းမည်း အရိပ်တစ်ခုကို ဖြတ်ခနဲ မြင်လိုက်ရလေ သလား။ ဒါမှမဟုတ် သူ သွေးလေချောက်ချားပြီး အမြင်မှားနေတာများလား သူက ခပ်တိုးတိုး ပြောလိုက်သည်။

"အချက်ပြ မီးကျည်ပစ်လိုက်တော့"

အင်ဂျလိုသည် သူ့ကို ခေါင်းသို့ တွန်းဖယ်လိုက်ပြီးနောက် သံလက်ရန်း တန်းဆီ အရောက်သွားသည်။ ထို့နောက် အချက်ပြ မီးကျည်သေနတ်ကို ခေါင်းပေါ်၌ မြှောက်ရင်း ထောင်ပစ်လိုက်သည်။ ပင်လယ်ရေလက်ကြားပေါ် တွင် အစိမ်းရောင် မီးရောင်တန်းတစ်ခု ပေါ်ထွက်လာပြီး ဒိုင်းခနဲ ပေါက်ကွဲသွား



ရာ စူးရှလင်းထိန်သော အလင်းရောင်များ ဖြာထွက်ကျလာသည်။ ပီထရီက ကမန်းကတန်း အော်ပြောလိုက်သည်။

"ကဲ… ခင်ဗျားတို့ နှစ်ယောက်စလုံး ခုန်ချလိုက်ပေတော့၊ ဟို မီးနီ ရှိရာကို မှန်းပြီး ကူးကြ"

ရိုင်ဖယ်သေနတ်ကို လက်နှစ်ဖက်ဖြင့် စုံကိုင်ထားသော ဂျာမန် စစ်သားတစ်ယောက်သည် ထောင့်ချိုးတစ်ခွေ့မှ ပေါ်ထွက်လာသည်။ သူသည် ခြေထောက်နှစ်ဖက်ကို ရှေ့နောက် ခပ်ချဲ့ချဲ့ ရပ်ရင်း တစ်ပြိုင်နက်တည်းမှာပင် သေနတ်ဖြင့် ထိုးချိန်လိုက်သည်။ ပီထရီက မော်ဇာပစ္စတိုဖြင့် ခပ်တိုတို တစ်ချက် ဆွဲပြီး ပြန်ပစ်လိုက်ရာ ဂျာမန်စစ်သားသည် ခွေခနဲ လဲကျသွားသည်။ ထိုအခိုက် တွင် အင်ဂျလိုသည် သံလက်ရန်းတန်းကို ကျော်လွှားပြီး ခုန်ချသွားသည်။

ကမ္ဘာပျက်သလို ဆူညံသွားလေပြီ။

ဂျွန်ဆန်သည် ချိုင်းကြားမှ အထုပ်ကို ကုန်းပတ်ပေါ်တွင် ချ၍ ဆွဲဖြေလိုက်စဉ် ပင်လယ်ပြင်ဆီမှ သင်္ဘောဆီသို့ အရှိန်မြှင့်၍ မောင်းကပ်လာ သော စက်သံတစ်သံကို ကြားလိုက်ရသည်။

"ရော့… ဒါ လက်ပစ်ဗုံးတွေ"

"မင်းဘာသာ မင်း ခုန်ချစမ်းပါကွာ"

ပီထရီက ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်စဉ် ဂျွန်ဆန်သည် သံလက် ရန်းတန်းပေါ်မှ ခုန်ချရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်မှာပင် ကျည်ဆန် အမြောက်အမြားသည် သူ့နံဘေး ပတ်ဝန်းကျင်သို့ လာထိမှန်ကြသလို ကျည် ဆန် မှန်သောကြောင့် ပဲ့ထွက်လာသော သစ်သားစ တစ်စက ဂျွန်ဆန်၏ နဖူးကို စုတ်ပြဲသွားအောင် လာမှန်တော့သည်။ ဂျွန်ဆန်တစ်ယောက် သံ လက်ရန်းတန်းပေါ်မှ ခုန်ချလိုက်ချိန်တွင် ပီထရီသည် ကျည်ဆန်လာရာ အရပ် ဖြစ်သော ကုန်းပတ်ဆီသို့ စက်သေနတ်ကို ဘယ်ညာ အနည်းငယ် ယိမ်းရင်း ကျည်ဆန် အတော်များများ ကုန်အောင် အကြာကြီး ဆွဲပစ်ထည့်လိုက်သည်။ သူက ကျည်ကပ်အသစ်ကို လဲလှယ်နေစဉ် ကုန်းပတ်ပေါ်သို့ လဲပြိုကျသွား သံများကို ကြားလိုက်ရသည်ဟု ထင်လိုက်မိသည်။ သေနတ်သံများလည်း စဲသွားကြလေပြီ။ ထို့နောက် သူသည် ဂျွန်ဆန် ထားခဲ့သော လက်ပစ်ဗုံးများထဲမှ တစ်လုံးကို ကောက်ကိုင်လိုက်သည်။ ထို့နောက် ပွဲစင်အောက်ဘက်ဆီသို့ သွားပြီး အတွင်းစကြံလမ်းအတိုင်း ခပ်လှမ်းလှမ်းအထိ ရောက်အောင် တအား

www.burmeseclassic.com

www.burmeseclassic.com



ကုန် ပစ်ပေါက်လိုက်သည်။ အခိုက်အတန့်တွင်တော့ သည်ဘက်ဆီမှ တော်တော်လေး စိတ်ချလောက်ပေပြီ။

ပင်လယ်ပြင်ဆီမှ စက်ရှိန်မြင့်၍ လာနေသော စက်သံသည် ယခုအချိန်တွင် တအားမြည်နေလေပြီ။ မီးမောင်းကြီးတစ်ခုသည် သူ့ကို စက္ကန့်ဝက်ခန့် မမြင်မကန်း ဖြစ်သွားစေပြီး ထိုမီးမောင်းကြီးသည် ပင်လယ်ရေမျက်နှာပြင်ပေါ်သို့ ရောက်ရှိသွားသည်။ အီးဘုတ်ဟု ခေါ်သော ရေယာဉ်ငယ်တစ်စင်းသည် ထူးထူးဆန်းဆန်း ပစ်လိုက်သော အချက်ပြမီးကျည်ကြောင့် သင်္ဘောကြီးဆီသို့ ရောက်လာခြင်း ဖြစ်ပြီး ကာရစ်ဒီနှင့် ယှဉ်လျက်သား ရှိနေသည်။ ထိုရေယာဉ်သည် ကာရစ်ဒီနှင့် နီးနီးကပ်ကပ် ရှိနေပြီး ရေထဲတွင် မီးမောင်းကြီးဖြင့် ထိုးရှာနေရာ အင်ဂျလို၏ ဦးခေါင်းကို ထိုးမိပြီးနောက် ကျော်ထွက်သွားသည်။ ထို့နောက် အင်ဂျလိုကို လွတ်မသွားအောင် မီးမောင်းကြီးဖြင့် ပြန်ထိုးထားရင်း သေနတ်ပစ်သမား အဆင်သင့် ရှိနေသော စက်သေနတ်မှ ကျည်ဆန်များ တစ်ပြုံတစ်ထွေးကြီး ထွက်လာသည်။

အင်ဂျလိုသည် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီးနောက် ရေထဲသို့ ငုပ်သွားသည်။ ထိုအခိုက်တွင် ပီထရီသည် သံလက်ရန်းနားသို့ ပြေးလာပြီး အကွာအဝေးကို မှန်းလိုက်ပြီးနောက် လက်ပစ်ဗုံးကို ပစ်ချရင်း ဂျွန်ဆန် ထားခဲ့သော နောက်ဆုံး လက်ပစ်ဗုံး၏ ဘေးနား ကုန်းပတ်ပေါ်တွင် ဝပ်ချလိုက်သည်။ အောက်တွင် ဘာဖြစ်သွားသည်ကို သူ မမြင်လိုက်ပါ။ သို့သော် လက်ပစ်ဗုံးသည် ရေယာဉ်ပေါ်သို့ တည့်တည့်ကျသွားပြီး သင်္ဘောသားများက ဘာမှန်းညာမှန်း မသိလိုက်ခင် ထပေါက်ကွဲတော့သည်။ ထိုပေါက်ကွဲမှုသည် လောင်စာဆီများနှင့် ချက်ချင်း သွားတွေ့ပြီး ရေယာဉ်တစ်စင်းလုံး အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် အုန်းခနဲ မြည်ဟည်းပြီး ပေါက်ကွဲသွားသည်။ ဤတွင် မီးတောက်မီးလျှံများသည် အပေါ်သို့ ဝေါခနဲ ထိုးတက်လာသလို လွင့်စဉ် ပျံတက်လာသော အပျက်အစီး အစအနများသည် ကုန်းပတ်ပေါ်တွင် ပြန့်ကျဲသွားသည်။ ပီထရီ၏ ဖက်ပိုးတွင်လည်း ပူခနဲ ဖြစ်သွားသည်။ ထို့နောက် အသံဗလံများ ပြန်ငြိမ်ကျသွားရာ အောက်ထပ်မှ ဘယ်ဘက် လှေကားအတိုင်း အပေါ်သို့ ပြေးတက်လာနေကြသည့် ဖိနပ်သံများကိုပင် ပြန်ကြားနိုင်လေပြီ။

ပီထရီသည် မှောက်လျက် အနေအထားကပင် လှေကားထိပ်ဝ၌ လှုပ်လှုပ်ရွရွ ဖြစ်နေသော ပုံပန်းသဏ္ဌာန်တို့ကို လှမ်းကြည့်ရင်း နောက်ဆုံး ကျန်နေသော လက်ပစ်ဗုံးဖြင့် လှမ်းပစ်လိုက်သည်။ သူက မျက်နှာကို ကုန်းပတ်



ပေါ်၌ ပြန်မှောက်လိုက်ချိန်တွင် ဗုံးကွဲသံ ပေါ်ထွက်လာသည်။ သူ ပြန်မော့ကြည့်လိုက်သောအခါ လှေကားထိပ်တွင် ရှင်းရှင်းလင်းလင်း ဖြစ်နေသလို ယမ်းခိုးနံ့များက သူ့နှာခေါင်းထဲသို့ တိုးဝင်လာသည်။ သူသည် မတ်တတ်ပြန်ရပ်လိုက်ရင်း မော်ဇာသေနတ်မှ ကျည်တစ်ကပ် ကုန်သည်အထိ ကုန်းပတ်တစ်လျှောက်ကို ဆက်တိုက် ဖော့ယမ်းဆွဲပစ်လိုက်သည်။ သူ သံလက်ရန်းတန်းပေါ်မှ ခုန်ချစဉ် အန္တရာယ် မရှိအောင် သည်ကုန်းပတ်ပေါ်တွင် လူရှင်းနေမှ ဖြစ်မည်။ သူသည် သံလက်ရန်းတန်းပေါ်သို့ တက်လိုက်ပြီး သံလက်ရန်းတန်းကို တွန်း၍ ရေထဲသို့ ခုန်ချလိုက်သည်။ ညအမှောင်ထုနှင့် ပင်လယ်ရေပြင်ကြီးက သူ့ကို ဆီးကြိုနေသည်။ ဗွမ်းခနဲ မြည်သွားပြီးနောက် ပင်လယ်ရေပြင်နှင့် ဝင်ဆောင့်မိချိန်တွင် သင်္ဘော ဘေးဘက်ရှိ စက်ဝိုင်းသဏ္ဌာန် ရေယက်ကြီးနှင့် လွတ်အောင် ပီထရီတစ်ယောက် အစွမ်းကုန် ကူးခတ်နေရလေပြီ။

ရေပြင်နှင့် ဝုန်းခနဲ ဆောင့်မိသောကြောင့် သွေးလန့်သွားရသလို ပင်လယ်ရေကလည်း သူ ထင်ထားသည်ထက်ပင် အဆမတန် ပိုအေးနေသည်။ တစ်ဖန် ဘွတ်ဖိနပ်ကြီးနှင့် ရေကူးရတာကလည်း သူ့အဖို့ မစားသာလှချေ။ ညကလည်း အတော်မှောင်သည်။ ရာနှုန်းပြည့် မှောင်မိုက်နေသည်။ သူသည် ကြီးမားသော လှိုင်းလုံးကြီးများအကြားတွင် တအားကုန် ကူးခတ်နေရသည်။ တစ်ကြိမ်တွင် သေနတ်သံများကို ကြားရသည်ဟု ထင်သောကြောင့် နောက်လှည့်ကြည့်လိုက်ရာ စစ်စလီဇျွန်းဆီသို့ အမြန်ဆုံး အရှိန်နှုန်းဖြင့် မောင်းနှင်သွားသော သင်္ဘောကြီး၏ ပဲ့ပိုင်းကိုသာ မြင်ရတော့သည်။ သင်္ဘောကြီးသည် သူ့ကို သေနတ်ဖြင့် လှမ်းပစ်၍ မမှီနိုင်သော နေရာသို့ ရောက်သွားလေပြီ။

သူသည် မီးလုံးနီနီကလေးကိုတော့ လှမ်းမြင်နေရသည်။ သို့သော်သည်မီးလုံးနီနီကလေးသည် နေရာရွှေ့ရွှေ့ သွားပုံရသဖြင့် ဂျီယာကိုမိုက သူ့ကို လိုက်မရှာပါစေနှင့်ဟု ဘုရားတရင်း ဆုတောင်းနေမိသည်။ တကယ်ကတော့ ဂျီယာကိုမိုတစ်ယောက် ဘာမှုလုပ်ဖို့ မလိုချေ။ သူ ရှိနေသည့် နေရာကပင် စောင့်နေရုံသာ လိုသည်။ သူတို့ကသာ လှေဆီသို့ အရောက် ကူးခတ်ကြရမည်။ လှေဆီသို့ ရောက်ရန် ကံကလည်း ကောင်းပါမှ၊ အားကလည်း ကုန်ခမ်းမသွားပါမှ ဖြစ်နိုင်ပေလိမ့်မည်။

လှိုင်းလုံးကြီးများက သူ့မျက်နှာကို ဝင်တိုးကြသည်။ သူ့ကိုယ်လုံးအောက်မှ ဝင်ဆောင့်ကြသည်။ ဤတွင် သူ့ခေါင်းထဲ၌ ထူးဆန်းသော ခံစားမှုတစ်ရပ် ပေါ်ပေါက်လာသည်။ သူဘေးပတ်ပတ်လည်တွင် ရှိနေသော ရေလှိုင်း

www.burmeseclassic.com

www.burmeseclassic.com



များသည် ချာချာလည်နေကြပြီး ဝဲကတော့ထိုးသလို ဖြစ်လာကြသည်ဟု သူ ထင်သည်။ သူက ဒါကို အမြင်မှား အထင်မှား ဖြစ်မှုတစ်ရပ်သာဟု ထင်လိုက်သည်။ သို့သော် သူ အမြင်မှားနေခြင်း မဟုတ်ပါ။ ပီထရီသည် ခြေကုန်လက်ပန်းကျပြီး မေ့မြောသွားတော့မည့်ဆဲဆဲတွင် ရှိနေလေပြီ။

မှန်မှန် ခုတ်မောင်းနေသော ကာရစ်ဒီ၏ စက်သံကိုပင် သူ မကြားရတော့ပြီ။ သူ့နားထဲတွင် တဖြတ်ဖြတ်မြည်နေသော ရေသံများကိုသာ ကြားနေရသည်။ သူသည် မလှုပ်ချင် မရှားချင်လောက်အောင် ဖြစ်နေသော ခြေထောက်နှင့် လက်များကို မှန်မှန် လှုပ်ရှားရင်း ယခုအခါ တည်တည်ငြိမ်ငြိမ် ရှိနေပြီဟု သူ ထင်သော မီးလုံးနီနီကလေးဆီသို့ ကြိုးစားပမ်းစား ဆက်ကူးနေသည်။ ယခု သူ့တစ်ကိုယ်လုံးရှိ အဝတ်အစားများ၊ ဘွတ်ဖိနပ်များထဲသို့ ရေစိမ့်ဝင်သွားပြီဖြစ်ရာ ရေစိုနေသော အဝတ်များက သူ့ကို ရေထဲသို့ ဆွဲနှစ်နေသလို ဖြစ်လာသည်။ သူသည် မီးလုံးနီနီကလေးဆီသို့ ခက်ခက်ခဲခဲ နှေးနှေးကွေးကွေးဖြင့် ပိုပို နီးလာသည်။ ထိုအခိုက်မှာပင် သူ့ခေါင်းထဲ၌ တရိပ်ရိပ်နှင့် ပိမ့်မူးလာသလို အင်အားကောင်းလှသော ရေစီးကြောင်းကြီးတစ်ခုက အားအင်ကုန်ခန်းနေသော သူ့ကိုယ်လုံးကြီးကို မီးလုံးနီနီကလေးနှင့် ဝေးသွားအောင် စုပ်ဆွဲနေသည်ကို ခံစားလိုက်ရသည်။

ဤတွင် ပီထရီသည် သူ နောက်ဆုံး ရင်ဆိုင်နေရသည့် မဟာရန်သူ ရေစီးကြောင်းကြီးကို အစွမ်းကုန် ခုခံတော်လှန်လိုက်သည်။ ပီထရီသည် အေးမြသော လေကို တစ်ဝကြီး ရှူသွင်းလိုက်ပြီးနောက် ရှိသမျှ အင်အားများကို ပြန်စုစည်းရင်း ရေစီးကြောင်းထဲမှ လွတ်အောင် အတင်းကူးခတ်ပြီး ထွက်လိုက်သည်။ ထိုအခိုက်မှာပင် သူ့ပခုံးကို တစ်ခုခုက လာခြစ်လိုက်သည်ကို ခံစားလိုက်ရသည်။ လှေပေါ်တွင် သုံးလေ့သုံးထရှိသော သံကောက်ကြီးနှင့် ရွဲရွဲစိုနေသော သူ့အဝတ်အစားများကို ထိုးဖောက်ချိတ်ဆွဲလိုက်သဖြင့် အဝတ်အစားများ အောက်ရှိ အသားကို လာခြစ်မိခြင်း ဖြစ်သည်။ အကယ်၍သာ ဤအဝတ်အစားများသည် ခြောက်သွေ့နေခဲ့သော် သံကောက်၏ ဒဏ်ကို မခံနိုင်ဘဲ စုတ်ပြတ်ပြီး လွတ်ထွက်သွားမည်မှာ သေချာသည်။

ဂျီယာကိုမိုလက်ထဲရှိ သံကောက်ကြီးက သူ့ကို တဖြည်းဖြည်းနှင့် ဆွဲယူနေသည်။ ထို့နောက် လက်လေးချောင်းက သူ့ကိုယ်လုံးကြီးကို ဆွဲမလိုက်ပြီး အင်ဂျင်လိုနှင့် ဂျွန်ဆန်က သူ့အား လှေဝမ်းထဲတွင် ချထားပေးလိုက်သည်။ ဂျွန်ဆန်က စိုးရိမ်တကြီး မေးလိုက်သည်။



"ခင်ဗျား နေကောင်းရဲ့လား"

"ကောင်းတယ်"

ပီထရီသည် အသက်ရှူမှန်အောင် ခဏနားရင်း သူ့ကို စိုက်ကြည့်နေကြသည့် မျက်ခွက်များ၊ လှေဦးမှ မီးခွက်နီနီနှင့် ကောင်းကင်ပေါ်မှ ကြယ်ကလေးများတို့ကို မော့ကြည့်နေသည်။ သူ မေ့မြောသွားချင်သလိုလို ပြန်ခံစားရပြန်လေပြီ။

"ငါ့ကို ဆွဲထူပေးစမ်းပါ"

ကျန်လူများက သူ့ကို ဆွဲထူပေးလိုက်ပြီး ရွက်တိုင်ခြေရင်းတွင် မှီထိုင်နိုင်အောင် စီစဉ်ပေးကြသည်။ ဂျီယာကိုမိုကို "ကျေးဇူးတင်ပါတယ်" ဟု ပြောလိုက်မိသည်။ ပြောပြီးကာမှ သည်လူကို နားလည်း မကြား၊ စကားလည်း မပြောနိုင် ဆိုတာကို ပြန်သတိရလာသည်။ ဤကျွန်းသားကြီးသည် ပုပုဝဝနှင့် ဗိုက်အလွန်ရွဲသူ ဖြစ်သည်။ ယခု သည်ကျွန်းသားကြီးက နှစ်လုံးပြူးသေနတ်ကို ကောက်ကိုင်ပြီး မီးခွက်နီနီကလေးကို လက်ညှိုးထိုးပြရင်း သူတို့အားလုံးကို ခေါင်းငုံ့ပေးကြရန် လက်ဟန် ခြေဟန်ဖြင့် ပြလိုက်သည်။ ဂျီယာကိုမိုက သေနတ်ဖြင့် ချိန်နေစဉ် သူတို့သုံးယောက်စလုံး ခေါင်းချင်းဆိုင်ပြီး ပုနေကြသည်။ ဒိုင်းခနဲ မြည်သံနောက်တွင် မီးခွက်ကွဲသွားပြီး မှန်စမှန်နများသည် လှေထဲသို့ ဖွာခနဲ ကျလာကြသည်။ ယခု ဂျီယာကိုမိုက သူတို့လှေကို လိုက်မရှာနိုင်အောင် နောက်ဆုံး ကျန်နေသော သက်သေခံပစ္စည်းကို အထိရောက်ဆုံးနည်းဖြင့် ဖျက်ဆီးပစ်လိုက်လေပြီ။

လှေနောက်ဘက်ရှိ ပဲ့ချိတ်စက်နားတွင် ရှိနေသူ ဂျွန်ဆန်က အသံအက်ကွဲကွဲဖြင့် အော်မေးလိုက်သည်။

"ဒိုင်းနမိုက်တွေကို ခင်ဗျား စိတ်တိုင်းကျ နေရာတွေမှာ ထားခဲ့ရသလား"

ပီထရီက ပြန်ဖြေသည်။

"အားလုံးကို ထားသင့်တဲ့ နေရာတွေမှာ ထားခဲ့ပါတယ်။ ဆယ်ပေါင်စီ လေးတဲ့ ဒိုင်းနမိုက်နှစ်ခုကို ရေယက်ဝင်ရိုးကို အပေါ်က အုပ်ထားတဲ့ ပြွန်ကြီးထဲမှာ ထည့်ထားခဲ့တယ်၊ ပေါင်လေးဆယ် လေးတဲ့ ဒိုင်းနမိုက်ကြီးကိုတော့ သင်္ဘော ဘယ်ဘက်မှာရှိတဲ့ အမဲဆီပုံးကြီးထဲမှာ ထည့်ဝှက်ထားခဲ့တယ်"

"တစ်ပြိုင်နက်တည်း ထပေါက်ကြမှာလား"

www.burmeseclassic.com

www.burmeseclassic.com



“တစ်ပြိုင်နက်တည်း ထပေါက်အောင် လုပ်ခဲ့တာပဲ။ ဒါပေမဲ့ တစ်ခုနဲ့ တစ်ခုကြားမှာ စက္ကန့်သုံးဆယ်၊ စက္ကန့်လေးဆယ်လောက်တော့ ကွာချင် ကွာလိမ့်မယ်”

ဖိနပ် မပါ ဗလာခြေဖဝါးကို ကြိုးခွေကြီးပေါ်တွင် တင်ရင်း ထိုင်နေသော ဂျွန်ဆန်က သွေးထွက်နေသော သူ့နဖူးကို ဂျီယာကိုမို လှမ်းပေးသော အဝတ်စဖြင့် တို့ရင်း မေးလိုက်သည်။

“ဘယ်လို ဆက်ဖြစ်လာမှာလဲ”

“စိတ်အထင် ပြောရလျှင် စက္ကန့်သုံးဆယ်အတွင်း အင်ဂျင်စက်ခန်း တစ်ခုလုံး ရေလျှံသွားလိမ့်မယ်၊ တစ်မိနစ်အတွင်း နောက်ထပ် အခန်းတစ်ခန်း ရေပြည့်သွားလိမ့်မယ်၊ သင်္ဘောတစ်စင်းလုံးကတော့ ပထမဦးဆုံး ဒိုင်းနမိုက် ထပေါက်ပြီး ငါးမိနစ်အတွင်းမှာ နစ်မြုပ်သွားလိမ့်မယ်”

ဂျွန်ဆန်က ဝင်ပြောလိုက်သည်။

“ဂျာမန်စစ်သားတွေက အင်ဂျင်စက်ခန်း တစ်ခုလုံးကို တရစပ် လိုက်ရှာနေကြမှာ မဟုတ်လား”

“ဟုတ်တယ်၊ ရှာကြမှာပဲ၊ ဒါပေမဲ့ ဒိုင်းနမိုက်တွေ ခုအချိန်ထက် စောပြီး ထပေါက်လိမ့်မယ်လို့ ထင်ထားတာ၊ နောက်တစ်ချက်ကလည်း အင်ဂျင်စက်ခန်းဆိုတာ ရှာရ သိပ်ခက်တဲ့ နေရာကွ”

ဂျီယာကိုမိုသည် လှေပဲ့ပိုင်းဆီသို့ ကူးသွားပြီး ဂျွန်ဆန်ကို နေရာဖယ်ပေးရန် လက်ဟန် ခြေဟန် ပြလိုက်သည်။ ဂျီယာကိုမိုသည် ပဲ့ချိတ်စက်ပေါ်သို့ ကိုယ်ကို ကိုင်းရင်း စက်နှိုးသည့် ကြိုးကို ဆောင့်ဆွဲလိုက်ရာ စက်နိုးသွားသည်။ ဤတွင် ပီထရီက နောက်ဘက်သို့ စိုးရိမ်တကြီး လှည့်ကြည့်လိုက်သည်။ သူတို့နှင့် နီးနီးနားနားတွင် မည်သည့် ရေယာဉ်မျှ မရှိချေ။ သို့သော် သည်ရေလက်ကြားထဲတွင် ဂျာမန် (အီးဘုတ်) စစ်ရေယာဉ်များ သဲသဲလှုပ်အောင် ရှိနေကြသဖြင့် သင်္ဘောကြီးပေါ်မှ ပေါက်ကွဲမှုများ ဖြစ်ပေါ်လာသည့်အခါ အာရုံပြောင်းသွားလိမ့်မည်ဟု သူ မျှော်လင့်ထားသည်။

ပဲ့ချိတ်စက်မော်တာသည် တဖြည်းဖြည်း အရှိန်ရလာပြီး တောင်ဘက်ရူးရူးအရပ်၌ ရှိနေသော မော်လ်တာကျွန်းဆီသို့ ပဲ့ချိတ်လှေက ဦးတည်သွားနေစဉ် ကာရစ်ဒီသင်္ဘောကြီး ပျောက်ကွယ်သွားရာ အရပ်ဆီသို့ မျက်စိလေးစုံက လှမ်းကြည့်နေကြသည်။ သူတို့ စိုက်ကြည့်နေခိုက်မှာပင် အလွန်ကြီးမားလှသော ဗုံကြီးတစ်လုံးကို တအားကုန် ခေါက်လိုက်သည့်အလား အုန်းခနဲ မြည်ပြီး



ပေါက်ကွဲသံကြီးတစ်ချက် ပထမဦးဆုံးအကြိမ် စတင် ပေါ်ထွက်လာသည်။ ယခု ပေါက်ကွဲချိန်တွင် လျှပ်ပြက်သလို မီးရောင်များ ပေါ်ထွက်လာခြင်း မရှိသလို မီးခိုးများ လုံးဝအူထွက်လာခြင်း မရှိသည်ကို သင်္ဘောကြီးနားသို့ ဝိုင်းကပ်လာသော (အီးဘုတ်) စစ်ရေယာဉ်သုံးစင်းက လှမ်းထိုးလိုက်ကြသော မီးမောင်းကြီးများကြောင့် မြင်လိုက်ကြရသည်။ ဤပေါက်ကွဲမှုကြောင့် သင်္ဘောကြီး၏ ခုတ်မောင်းမှုကို လုံးဝ မထိခိုက်သလို ထင်လိုက်ရသည်။ သို့သော် သင်္ဘောကြီးကို ဘေးတိုက် မြင်နေရရာမှ တဖြည်းဖြည်းနှင့် လှည့်ထွက်သွားသည်ကို ပီထရီက သတိပြုလိုက်မိသည်။ သူက အော်ပြောလိုက်သည်။

“သင်္ဘောကြီး လမ်းကြောင်း ပြောင်းသွားပြီဗျို့”

အင်ဂျူလိုက ပြောလိုက်သည်။

“ပါရာဒီဆို ပင်လယ်ဆီကို သွားနေတာဗျ”

ပီထရီက သဲသဲကွဲကွဲ မြင်ရအောင် မျက်တောင် တဖျပ်ဖျပ် ခတ်ရင်း ထပ်ကြည့်လိုက်သည်။ ပြီးမှ -

“သည်သင်္ဘော တက်မကြီး ပျက်စီးသွားတာ နောက်တစ်ခု ထပေါက်လျှင် မြုပ်သွားလိမ့်မယ်”

ဂျာမန် အီးဘုတ်များသည် ပဲ့ကိုင်ထိန်းသိမ်း၍ မရတော့လောက်အောင် တက်မကြီး ပျက်စီး ချွတ်ယွင်းသွားသောကြောင့် လှည့်ထွက်သွားသော ကူးတို့သင်္ဘောကြီးကို မီးမောင်းကြီးများဖြင့် ဝိုင်းထိုးထားရင်း သင်္ဘောကြီးဆီသို့ မောင်းနှင်လာနေကြသည်။ ပေါင်လေးဆယ် လေးသော ဒိုင်းနမိုက်က နောက်တစ်ကြိမ် ထပေါက်သည်။ ဤတစ်ကြိမ် ပေါက်ကွဲသံမှာ ပြင်းထန်လှသဖြင့် ပထမ ပေါက်ကွဲသံမှာ တံခါးခေါက်သံလောက်သာ ရှိတော့သည်။ ထိုပေါက်ကွဲသံကြီးသည် ပင်လယ်ရေပြင်ပေါ်မှတစ်ဆင့် မက်ဆီနာနှင့် ဂျီယိုဗန်နီမြို့များရှိ တောင်တန်းကြီးများအထိ ရောက်ရှိသွားသည်သာမက ရေလက်ကြားတစ်ခုလုံးတွင် ရှိနေသော ခြောက်လက်မ အမြောက်ကြီးအားလုံးကို ပြိုင်တူ ပစ်လိုက်သလို မြည်ဟည်းသွားသည်။

စက္ကန့်အနည်းငယ် ကြာသောအခါ နီနက်စောစော မိုးသောက်ရောင်ခြည် လာချိန်ထက်ပင် ပိုလင်းသော အလင်းရောင်များ တစ်ခုပြီးတစ်ခု ပြိုးခနဲ ပြက်ခနဲ ဆက်တိုက် ဖြစ်ပေါ်လာသည်။

ပဲ့ပိုင်းတွင် ရှိနေသော ဂျွန်ဆန်က တအံ့တသြ လှမ်းကြည့်နေသည်။ လက်နက်ခဲယမ်းမီးကျောက်များ ပါသော ရထားကြီး တစ်စင်းလုံး ထပေါက်ကွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေတော့မည်။ နောက်တစ်ကြိမ် ထပေါက်ကွဲသောအခါ ထိုပေါက်ကွဲမှု၏ အရှိန်အဟုန်ကို သူတို့ကိုယ်တိုင်ပင် ခံစားလိုက်ရသည့်အပြင် နောက်ထပ် နှစ်ကြိမ် ဆက်တိုက် ပေါက်ကွဲပြီးနောက် သင်္ဘောကြီးကို မီးစွဲလောင်လေတော့သည်။ ထိုမီးတောက်မီးလျှံကြီးများမှာ အလွန်ကြီးမားသည့်အပြင် ညစ်ထေးထေး ဖြစ်နေသော ပင်လယ်ရေပြင်တစ်ခုလုံးကို မီးရှိန်ဟပ်ပြီး ရဲရဲနီနေစေသည်။ ၄င်းနောက် မီးတောင်အငယ်စားလေးတစ်ခု ထပေါက်ကွဲသလို အလွန်ပြင်းထန်စွာ တစ်ကြိမ် ထပေါက်ကွဲပြန်သည်။ မီးတောက်မီးလျှံကြီးများသည် လေထဲတွင် တယိမ်းယိမ်းတယိုင်ယိုင် ဖြစ်နေသလို မီးခိုးလုံး မည်းမည်းကြီးများပါ ပေါ်ထွက်လာသည်။ မကြာမီ ဓာတ်ဆီများသည် ကုန်းပတ်ပေါ်သို့ စီးကျလာရာ အဆိုပါ ဓာတ်ဆီကြောင့် သင်္ဘောပေါ်တွင် ရှိနေသော လူများ၊ စက်ပစ္စည်းများကိုပါ မီးဟုန်းဟုန်းစွဲပြီး လောင်ကျွမ်းတော့သည်။ တစ်ဖန် ရေထဲသို့ စီးကျနေသော ဓာတ်ဆီများကြောင့် သင်္ဘောကြီး၏ ဘေးပတ်ပတ်လည်ရှိ ပင်လယ်ပြင်ကြီးပါ မီးတဟုန်းဟုန်း ထအောင် လောင်နေလေသည်။ သင်္ဘောကြီး၏ ဘေးပတ်ပတ်လည်တွင်လည်း ဂျာမန် (အီးဘုတ်) စစ်ရေယာဉ်ကလေးများသည် ကသောင်းကနင်း ဖြစ်နေသော ပုရွက်ဆိတ်ကလေးများလို လှုပ်လာဆန်ခတ် မောင်းနှင်ကြသည်။ ကယ်သူမဲ့နေသော သင်္ဘောကြီးအနားသို့လည်း သိပ်မကပ်ရဲကြချေ။

သင်္ဘောကုန်းပတ်ပေါ်တွင် တစ်တွဲနှင့်တစ်တွဲ နီးနီးကပ်ကပ် ရပ်ထားသော ခဲယမ်းမီးကျောက်များပါသည့် ရထားတွဲများ စတင်ပေါက်ကွဲသောအခါ ပေါက်ကွဲသံများသည် အဆက်မပြတ် ဆက်တိုက် ထွက်ပေါ်လာကြသလို အပျက်အစီး အပိုင်းအစများသည် နေရာအရပ်ရပ်ဆီသို့ လွင့်စဉ်ပြီး ရောက်လာကြသည်။ ထိုအချိန်တွင် သင်္ဘောကြီး၏ ကိုယ်ထည်အထက်ပိုင်းသည် အတော်ကလေး ပျက်စီးချို့ယွင်းနေလေပြီ။ ပြိုကျသွားသော ပဲ့စင်၊ ယခုအချိန်အထိ မယိုင်မလဲဘဲ တည်ရှိနေသေးသော ခေါင်းတိုင်၊ ဓာတ်ဆီတင်ကားကြီး တစ်စီး၏ ကောက်ကြောင်းအရိပ်မည်း စသည်တို့ကို ရဲရဲနီနေသော အလင်းရောင်တွင် အမည်းရောင် မီးခိုးနောက်ခံဖြင့် ထင်ထင်ရှားရှား မြင်နေရသည်။

ဓာတ်ဆီတင်ကားကြီးသည် ထပေါက်ကွဲပြီး ပျောက်ကွယ်သွားသည်။ တစ်ဖန် ပဲ့စင်နှင့် မီးခိုးခေါင်းတိုင်တို့ကို မီးစွယ် မီးလျှံများက ဝါးမျိုနေစဉ် တဖြည်းဖြည်းဖြင့် လဲပြိုသွားကြသည်။ နောက်တစ်ကြိမ် ထပေါက်ကွဲသောအခါ ပြင်းထန်လှသော အဟုန်ရှိန်ကြောင့် ဖွေးဖွေးဖြူနေသော အပျက်အစီး အပိုင်းအစများသည် ကောင်းကင်ယံသို့ မြင့်မြင့်မားမား လွင့်စဉ် ပျံတက်သွားကြပြီးနောက်



အနီးအနားတွင် ကင်းလှည့်နေကြသော အီးဘုတ်များပေါ်သို့ ကျလာကြရာ အီးဘုတ်များသည် ထိုနေရာမှ ကြောက်လန့်တကြား ခွာပြေးကြတော့၏။ ထို့နောက် သံကိုယ်ထည်ကြီးတစ်ခုလုံး ရဲရဲနီနေသော သင်္ဘောကြီးသည် ပဲ့ပိုင်းမှစ၍ ဖင်ထိုင် နစ်လေရာ ဦးပိုင်းသည် ကောင်းကင်ယံဆီသို့ မတ်မတ်ကြီး ထောင်သွားပြီးနောက် ရေထဲသို့ တဖြည်းဖြည်းဖြင့် နစ်မြုပ်သွားတော့သည်။ သူတို့ ရှိနေရာနှင့် အလွန်ဝေးသည့်တိုင်အောင် သင်္ဘောကြီး နစ်သွားသောအခါ အလွန်တရာ ပူပြင်းသော သံထည်ပစ္စည်းတစ်ခုကို ရေထဲသို့ နှစ်လိုက်သောအခါ ဖြစ်ပေါ်လာသည့် တရှဲရှဲ မြည်သံမျိုးကိုပင် ကြားလိုက်ရသည်ဟု ပီထရီက ထင်လိုက်သည်။

သူတို့ မြင်လိုက်ရသော ရှုခင်းကြောင့် ဘယ်သူမျှ စကားမပြောနိုင်ဘဲ ငြိမ်ကျငေးငိုင်သွားကြသည်။ ထို့နောက်မှ ပီထရီသည် ထိုင်ရာမှ ထပြီး အလှည့်ကျ ကင်းစောင့်ရန် လှေဦးပိုင်းဆီသို့ ထွက်သွားသည်။ နောက်တစ်နာရီအကြာတွင် ဂျွန်ဆန်က လှေဦးပိုင်းသို့ ကူးသွားရာ လှေဦးပိုင်းတွင် ခွေခွေကလေး အိပ်ပျော်နေသော ပီထရီကို တွေ့လိုက်ရသည်။ သူက အပျော်အပြက် ပြုံးရင်း အင်ဂျလိုကို ပြောလိုက်သည်။

"သည်ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ် သူ့ကို ခွင့်မလွှတ်နိုင်ဘူး၊ သည်လူ ကင်းစောင့်တုန်း အိပ်ပျော်နေတာကို လက်ပူးလက်ကြပ် တွေ့နေရပြီလေ"

နောက်တစ်နေ့ နံနက်ခင်းတွင် အရှေ့ဘက်မှ နေမင်းကြီး ထွက်ပြူလာသောအခါ သူတို့၏ လှေကလေးသည် ကမ်းမမြင် လမ်းမမြင် ရေပြင်ကျယ်ကြီးထဲ၌ ဓာတ်ဆီကုန်ပြီး မျောပါနေသည်။ ထိုအချိန်တွင် ဂျွန်ဆန်နှင့် ဂျိယာကိုမိုတို့ နှစ်ဦးသာ အိပ်ရာက နိုးနေသည်။ ဂျွန်ဆန်သည် ရွက်တိုင်ထိပ်ဖျားသို့ တက်သွားပြီးနောက် ရွက်တိုင်ထိပ်ကို တွယ်ဖက်ထားရင်း သူ့ရှပ်အင်္ကျီဖြင့် ကြောက်ကြောက် လန့်လန့် ဝှေ့ယမ်းပြနေသည်။ အမေရိကန်အလံကို လွှင့်ထူထားသော အမေရိကန် ရေတပ်မှ (ပီတီဘုတ်) စစ်ရေယာဉ်တစ်စင်းသည် သူတို့လှေဆီသို့ ဦးတည်လာနေပြီး ထိုရေယာဉ်ကပင် သူတို့ကို မော်လ်တာကျွန်းသို့ သယ်ဆောင်သွားသည်။

မဟာမိတ် တပ်ပေါင်းစုသည် စစ်စလီကျွန်းပေါ်သို့ တက်မတိုက်ခင် ပင်လယ်ကမ်းခြေတစ်ဝိုက်မှ စတင်လူစုပြီးမှ ကျွန်းပေါ်သို့ တက်တိုက်ခဲ့ရာ တစ်ကျွန်းလုံးကို သုံးဆယ့်သုံးရက်တည်းဖြင့် အနိုင်ယူ သိမ်းပိုက်နိုင်ခဲ့လေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# အဆုံး၏ နိဂုံး

တစ်ခါတစ်ရံတွင် နောက်ပိုင်းကာလ၌ ဖြစ်ပွားသည့် ကိစ္စရပ်များက ပိုအရေးပါတတ်သည်။ ပိုထူးခြားတတ်သည်။

အာဖရိကရှိ မဟာမိတ်တပ်ပေါင်းစု မဟာဌာနချုပ်သို့ မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း ရေးသားတင်ပြခဲ့သော ပီထရီ၏ အစီရင်ခံစာကြောင့် စစ်စလီကျွန်းကို မဟာမိတ်တပ်ပေါင်းစုက ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ပြီးစီးသွားသောအခါ ဒွန်ဗီတိုဆဲလ်ဗားသည်လည်း ဆုတော် လာဘ်တော်များကို ရရှိခဲ့လေသည်။

သူသည် ပလာမိုမြို့တော်ဝန်အဖြစ် ခန့်အပ်ခြင်း မခံရပါ။ သို့သော် မဟာမိတ်တပ်ပေါင်းစု၏ စစ်အုပ်ချုပ်ရေးအဖွဲ့တွင် မြို့တော်ဝန်ထက် ပို၍ ဩဇာအာဏာရှိသော ရာထူးတစ်ခု၌ ခန့်ထားခြင်း ခံရသည်။ ဆဲလ်ဗားသည် သူ့ရာထူး အရှိန်အဝါကို အသုံးပြု၍ သူ့ဩဇာ အာဏာတက်အောင် ကြိုးပမ်းသလို တစ်ဖက်ကလည်း မှောင်ခိုဈေးတွင် ချရောင်းရန်အတွက် မဟာမိတ်တပ်ပေါင်းစု၏ ရိက္ခာ ဂိုဒေါင်များကို လူစုလူဝေးဖြင့် စနစ်တကျ လုယူခိုးဝှက်လျက် ရှိသည်။ မှောင်ခိုရောဂါသည် အစပထမတွင် စစ်စလီကျွန်းကို နှိပ်စက်ခဲ့သည်။ ထို့နောက် အီတလီ ပြည်မကြီးကိုပါ ကူးစက်သွားသည်။

တစ်ခုက စ တစ်ရာဟု ဆိုရပေလိမ့်မည်။ ဆဲလ်ဗားသည် မှောင်ခိုဈေးကွက်ကို 'ကစား' ရာမှ ရလာသော အလွန်များပြားလှသည့် အမြတ်အစွန်းများနှင့် နိုင်ငံရေးလောကတွင် ဩဇာအာဏာ ပိုရှိအောင် ဖန်တီးယူသည်။



ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးသွားသောအခါ နေပဲလ်တွင် ရှိသော မာဖီးယားအုပ်စု၊ မာဆေးလ်ရှိ မြေအောက်လူဆိုးဂိုဏ်း၊ နယူးရော့ မာဖီးယားလောကကို ချုပ်ကိုင်ထားသော အလွန်တန်ခိုးထွားသည့် မိသားစုကြီး ငါးစုတို့နှင့် အဆက်အသွယ် ရရှိသွားသည်။ သူသည် နိုင်ငံတကာ မာဖီးယားအုပ်စုကို ပြန်လည်တည်ထောင်နိုင်လေပြီ။

တဖြည်းဖြည်းဖြင့် ဒုစရိုက်လုပ်ငန်း လုပ်ကွက်များကို တိုးချဲ့လာရာ ကမ္ဘာတစ်ခြမ်းလုံးကိုပင် လွှမ်းမိုးခြယ်လှယ်နိုင်သည်အထိ ဖြစ်လာသည်။ သူတို့လုပ်ငန်းများမှာ ပြည့်တန်ဆာလုပ်ငန်း၊ ငွေကို အမျိုးမျိုး ခြယ်လှယ်ကစားသည့်လုပ်ငန်း၊ မူးယစ်ဆေးဝါး ဖောက်ကား ရောင်းဝယ်ရေးလုပ်ငန်း စသည်တို့ပင်တည်း။

နောင်နှစ်ပေါင်းများစွာ ကြာသောအခါ အနောက်နိုင်ငံများ မျက်လုံးပြူးသွားစေသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရေး လုပ်ငန်းကြီးကို ဦးဆောင်ညွှန်ကြားမှု ပေးနေသည့် အဖွဲ့မှာ ထိုစဉ်က ဆဲလ်ဗား ပြုစုပျိုးထောင်ခဲ့သည့် လူဆိုးဂိုဏ်းကြီးပင်တည်း။ သည်လိုသည့်ပုံ ဖြစ်လာရသည်မှာလည်း ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်ပေါင်းစုက စစ်စလီကျွန်းမှ မာဖီးယားအဖွဲ့ကို အကူအညီ တောင်းခဲ့ရာမှ ရရှိလာသော ရလဒ်ပင်တည်း။ တစ်နည်းဆိုရသော် တဖြည်းဖြည်းဖြင့် ကျယ်ပြန့်လာပြီး နောက်ဆုံးတွင် ကမ္ဘာတစ်ခြမ်းလုံးကို ရုံးခို တိုက်ခိုက်နေသော အဖွဲ့သည် ၁၉၄၃ ခုနှစ် ဇူလိုင်လလောက်က မွေးဖွားသန္ဓေစင်ခဲ့သည်ဟု ဆိုရပါမည်။

ဒွန်ဗီတိုဆဲလ်ဗား သေရပုံကလည်း သံဝေဂရစရာပင်။ သူသည် ကြောက်စရာကောင်းလှသော လူပါရာ ခဲဆိပ်သင့် ရောဂါဖြင့်ပင် ကွယ်လွန်ခဲ့ရရှာသည်။ သူသည် အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်သော်လည်း ရုပ်အင်္ဂါလက်တိုကလေးနှင့်ပင် ခရီးသွားနေလေ့ ရှိသည်။ ကမ္ဘာလောကကြီးကို ထူထဲလှသော ကျွဲကော်ကိုင်း မျက်မှန်ကြီးနောက်မှ စူးစူးစိုက်စိုက် ကြည့်နေလေ့ရှိသည်။

ပူပြင်းလှသော ဇူလိုင်လ၏ တစ်နံနက်ခင်းတွင် သူသည် ပလာမိုမြို့ရှိ ဟိုတယ်တစ်ခုထဲမှ အပြင်သို့ ထွက်လာရာ ခါတိုင်းလို မော်တော်ကားက သူ့ကို အဆင်သင့် စောင့်မနေကြောင်း တွေ့လိုက်ရသည်။ လွန်ခဲ့သည့် ဆယ်နှစ်လောက်ကသာဆိုလျှင် သူသည် သည်ကိစ္စကို ချက်ချင်း သံသယ ဝင်တော့မည်မှာ မလွဲချေ။ သို့သော် သူသည် စကိုပါနာ ဘူတာရုံတွင် မီးထိုးသမား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဓားမြှောင်ဖြင့် သွေးအေးအေး ထိုးသတ်ခဲ့သော မာဖီးယား လူဆိုးကြီး မဟုတ်တော့လေပြီ။ ထို့ကြောင့် သည်မော်တော်ကား ဘာများ ဖြစ်နေသလဲဟု တွေးရင်း တောရင်း လူသွားစင်္ကြံပေါ်တွင် ဟိုလျှောက် သည် လျှောက် လုပ်နေသည်။ ထိုအခိုက်တွင် ကားတစ်စီး ရောက်လာသည်။

အပြင်းမောင်းနှင်လာသော ထိုကားပေါ်တွင် နေကာမျက်မှန် ကိုယ်စီ ဖြင့် လူရွယ် လေးဦး ပါလာသည်။ ထိုကားသည် သူ့ဘေးနားမှ ဖြတ်မောင်းသွား စဉ် သူ့ကို ပြောင်းတိုသေနတ်ဖြင့် အနှားကပ်ပြီး ပစ်သွားကြသည်။ သူ လူသွား စင်္ကြံလမ်းပေါ်သို့ လဲကျသွားသောအခါ လာရောက် ကူညီမည့်သူ တစ်ဦးမျှ မရှိချေ။

ဒွန်ဗီတိုဆဲလ်ဗားသည် အရေးပါ အရာရောက်သူတစ်ဦး မဟုတ်တော့ လေပြီ။

❑ ❑ ❑

စာပြီးနေ့(၂၂-၁၁-၇၇)
မောင်မြင့်ကြွယ်